www.burmeseclassic.com

# နှင်းငွေ့လှိုင်

အချစ်ရှိနေရင်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ပုံနှိပ်ခြင်း - ပထမအကြိမ်
- ၁၉၉၅၊ ဩဂုတ်လ
စာအုပ်ချုပ် - ပပစိုး
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးပန်းချီ - မောင်မောင်သိုက်
စာမူခွင့်ပြုချက် - ၂၇၈/၉၅(၅)
မျက်နှာဖုံးခွင့်ပြုချက် - ၃၇၃/၉၅(၇)
တန်ဖိုး - ၃၀ ကျပ်

BURMESE CLASSIC

၄

# နှင်းငွေးလှိုင်

# အချစ်ရှိနေရင်

www.burmeseclassic.com

www.burmeseclassic.com

# နှင်းငွေးလှိုင်

အချစ်ရှိနေရင်

www.burmeseclassic.com

www.burmeseclassic.com

အနှစ်သာရဓာတ်ပေါင်းပါသော ဆေးဝါးများ ... (left box:)

အနန္တောအနန္တငါးပါးအပါအဝင် မိဘနှစ်ပါးနှင့် ကျေးဇူးရှင် အပေါင်း၏ ကျေးဇူးဂုဏ်ကို အစဉ်အမြဲ ပြန်လည်ပေးဆပ်နိုင်သည့်ကိုယ် ဖြစ်ရပါလို၏။

ဤဝတ္ထု၊ အမည်၊ ဇာတ်လမ်း၊ ဇာတ်ကောင်များ သည် မည်သူ့ကိုမျှ မရည်ရွယ်ပါ။ စိတ်ကူးယဉ် ဖြစ် ပါသည်။ တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါ။

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကျန်းမာပြီး
လိုရာဆန္ဒနှင့် ပြည့်နိုင်ကြပါစေ။

နှင်းနွေးလှိုင်

# အခန်း ( ၁ )



တောင်ပေါ်ဒေသမို့လား မသိ။ ညနေစောင်းသည် ဆိုရုံမျှနှင့် အအေးဓာတ်က သိသာစွာ ပိုမိုအေးစိမ့်လာသည်။

သီတဂူခြံကြီး ထောင့်စွန်းရှိ ခုံတန်းဝင်လေးပေါ်မှာထိုင်ကာ လမ်းပေါ်မှာ ဥဒဟိုသွားလာလှုပ်ရှားနေကြသော လူများ ကားများကို ငေးကြည့်ကာ ကျောက်ရုပ်တစ်ရုပ်အလွှား တွေဝေ ငေးမှိုင်ကာ ငြိမ်သက်နေသူက မိန်းမလှလေးတစ် ယောက်။

ပတ်ဝန်းကျင်တစ်ခုလုံး၏ သိသာလှန်ကဲစွာ လွှမ်းခြုံလာသော အအေးဓာတ်ကို သတိပြုမိခံစားမိပုံမရ။

ခုံတန်းဝင်ပြာပြာလေးပေါ်မှာပဲ ကျောက်ချထားသော ကော်ပတ်ရုပ်လေး တစ်ခုအလား ငြိမ်သက်စွာ မတုန်မလှုပ်ထိုင်ရင်း ရီဝေ ဆွေးမြည့်ရိပ်များ စွန်းထင်းနေသော မျက်ဝန်းအစုံက ရှေ့တူရူသို့ငေးမြဲငေးနေလေ၏။

ပြစ်မျိုးမွဲမထင် အလှစုံနေသော ချစ်စဖွယ်မျက်နှာ နုနုလေးကလည်း ကြည်လင်နေရမည့်အစား သောကရိပ် တို့ဖြင့် မှိုင်းညို့နေခဲ့လေသည်။

သူကတော့ ရှန်ပွင့်ဦး....

သီတဂူအိမ်၏ ငွေလမင်းဟု ခေါ်ရမည့် သီတဂူစံအိမ်

www.burmeseclassic.com



၏ အရှင်သခင် ဦးခေါက်ဦး၊ ဒေါ်စောခင်သွဲ့တို့၏ ရှုမငြီးသည့် တစ်ဦးတည်းသော ချစ်သမီးလေး ဇွန်ပွင့်ဦး ရယ်ပါ။

အချိန်တိုင်းမှာ လိုလို ချစ်စဖွယ် အသံဂီတာလေးများ၊ ပေါ့ပေါ့ဖျတ်လတ်သော လှုပ်ရှားမှုလေးများ၊ နုနုလေးဆန်သော အပြုအမူလေးများဖြင့် သီတာဂူကို စိုးမိုးထားတတ်လေသော ဇွန်ပွင့်ဦး၊ အစဉ်အမြဲ ရွှင်ချိုသွက်လက်နေတတ်လေသော ဇွန်ပွင့်ဦး။

အခုများကျတော့ ဟိုယခင်အချိန်များနှင့် ခြားနားစွာ ပျော်ရွှင်ဟန်များ ဆိတ်သုဉ်းပြီး မျက်နှာနုနုလေးမှာ စိတ်သောကများပါဒများက မတန်တဆ ဖိစီးနှိပ်စက်ဟန်ပေါ်လွင်နေသည်မို့ တစ်ချိန်လုံး အရိပ်အကဲ ကြည့်နေသော ဒေါ်နန်းမြ တစ်ကိုယ်တည်း ပင့်သက်ရှိုက်လိုက်မိလေ၏။

သီတာဂူ၏ အပြောင်းအလဲများက ဇွန်ပွင့်ဦး အတွက် စိတ်သောက ဖြစ်စေခဲ့ပြီပဲလေ။

ဒါကြောင့်လည်း ခေါင်းကို အတွင်း ခါယမ်းလိုက်ရင်း သမီးငယ်ကို ကြင်နာစွာ ခေါ်မိသည်။

"သမီး…ဇွန်"

ခေါ်သံနောက်မှ ရုတ်တရက် ထွက်ပေါ်လာ၍သလားမသိ၊ ဇွန်ပွင့်၏ ခန္ဓာကိုယ်လေး သတိအနေအထားဖြင့် ဆတ်ခနဲ မတ်သွားပြီး ချက်ချင်း မထူးသေးဘဲ နောက်သို့ လှည့်ကြည့်လာသည်။



"ဩော်…မေနန်း"

ဒေါ်နန်းမြကို တွေ့ရလေမှ စိတ်အေးသွားသလို သက်ပြင်း တစ်ချက် ရှိုက်လိုက်ရင်း ဇွန်ပွင့်ဦး၏ နှုတ်ဖျားမှ စကားသံတိုးတိုးလေး ထွက်ပေါ်လာ၏။

"ဘလူ ပြန်လာပြီလားဟင် မေနန်း"

"ကိုကြီးလူ ပြန်မလာသေးဘူးလေ သမီးရဲ့၊ ပွဲရုံမှာပဲ ရှိနေမှာပေါ့၊ ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူး၊ မေနန်းရယ်၊ ပြန်လာပြီလားလို့ မေးကြည့်တာပါ"

"သမီး ဘလူကတော့ ထုံးစံအတိုင်း အလုပ်တွေ ရှုပ်နေမှာပါလေ"

ဒေါ်နန်းမြ စကားကြောင့် ဇွန်ပွင့် မျက်နှာလေး ညှိုးနွမ်းနေသည့်ကြားက ချက်ချင်းပဲ ခေါင်းညိတ်ပြမိသည်။

ဟုတ်ပါသည်လေ

ဒက်ဒီ ကိုယ်စား လက်ဖက်ခြံများနှင့် ပွဲရုံလုပ်ငန်းများ ဖိဖိစီးစီး ဦးဆောင် လုပ်ကိုင်ပေးနေရသူပေပဲ။

အိမ်မှာထက် ပွဲရုံမှာသာ အနေများသူပီပီ ခုချိန်လောက်ဆိုလည်း ပွဲရုံမှာပဲ ဘာလုပ်တစ်ခုခုက အလုပ်ရှုပ်နေဆဲ ရှိလိမ့်မည်ပေါ့။

မာမီဆုံးပြီး ဆိုကတည်းက ခြံတွေ၊ လုပ်ငန်းတွေ မှန်သမျှ ဒက်ဒီလုံးဝလှည့်မကြည့်တော့ဘဲ ဖြစ်သလို ပစ်ထားတာ ကြာတောင် ကြာခဲ့ပြီပဲလေ။

ဘလူသာ သီတာဂူမှာ ရှိမနေလျှင် သည်လုပ်ငန်းတွေ

www.burmeseclassic.com

မှန်သမျှ ဒက်ဒီ အပြတ်ရောင်းချ ပစ်လိုမည်လားတောင် မသိပါ။

လောလောဆယ် ဒက်ဒီ အာရုံထဲမှာ အစဉ်အမြဲ ငြိတွယ်နေသော အမိ်ကာ အကြောင်းအရာက စီးပွားရေး လုပ်ငန်းမဟုတ်တော့။

သမီး၊ အရွယ်သာသာ ဇနီးငယ်မဥမ္မာအနားမှာ အချိန်ပြည့် ချော့မြှူနေနိုင်ဖို့သာ အမိက ဖြစ်နေပေပြီ။

ဇွန်ပွင့်အတွက် အားကိုးစရာရယ်လို့ ဘလူနှင့်မေနန်း သီတဂူမှာ မားမားမတ်မတ် ရှိနေသေး၍သာ တော်တော့၏။

မရှိမျှားမရှိလျှင် သီတဂူမှာ ဇွန်ပွင့်ဦး ဆက်နေနိုင်ဖို့ လွယ်မည်မထင်ပါ။

အားကိုး အားထားရာ ဖခင် အရင်းခေါက်ခေါက် ဖြစ်သော ဒက်ဒီက ဇွန်ပွင့်ကို လျစ်လျူရှုထားပြီ မဟုတ်ပါလား။

မာမီ့ဘက်က ဆွေမျိုး နီးစပ်တော်သည် ဆိုရုံမျှ တော်သော ဘလူနှင့်မေနန်းတို့ မောင်နှမကတော့ ဇွန်ပွင့် မာမီဒေါ်စောခင်သွဲ့ ငယ်စဉ်ကတည်းက သီတဂူစံအိမ်မှာ အတူနေထိုင် ကြီးပြင်းလာခဲ့သူပီပီ ဇွန်ပွင့်ဦးတို့သားအမိကို သားသမီးရင်းသဖွယ် ငုံ့ကြည့်မဟဘ် ချစ်ခင်နိုင်လွန်းသူများ ဖြစ်ကြ၏။

နှစ်ဦးစလုံး အိမ်ထောင်ဖက် မရှာသော လူပျိုကြီး၊ အပျိုကြီးများမို့ သူတို့နှစ်ဦး၏ တစ်ခုတည်းသော ငယ်တာစရာ သံယောဇဉ်သည် ဇွန်ပွင့်ဦးသာလျှင်ဖြစ်၏။



အခုလည်း ဇွန်ပွင့်ဦးက စကားမဆက်နိုင်တော့ဘဲဒန်းစင်ပေါ်တွင် မတုန်မလှုပ်ထိုင်ရင်း ငြိမ်သက်စွာ တွေဝေမြဲ တွေဝေနေ၍လားမသိ။

ဒေါ်နန်းမြကဇွန်ပွင့် မျက်နှာလေးကို အချိုအကဲကြည့်ရင်း လက်ဖျားလေးများကိုဆွဲယူကာ စိတ်ပူပင်စွာ စိုးရိမ်စကား ဆိုလာလေသည်။

"အပြင်မှာ အေးလှပြီ သမီးရယ်၊ အိမ်ထဲဝင်ပါတော့လား၊ တော်ကြာ ဖျားနေမှဖြင့်"

"ဟင့်အင်း.../ မေနန်း၊ သမီး အိမ်ထဲမဝင်ချင်ဘူး၊ အပြင်မှာ ဘယ်လောက် အေးအေး၊ ဇွန်ပွင့် ရင်ထဲမှာ ပူလောင်နေတယ် မေနန်းရဲ့"

"ကြည့်...ခက်တာပဲ သမီးရယ်၊ သမီးလေးက လိမ္မာသားနဲ့ မေနန်းစကား နားထောင်စမ်းပါ၊ အပြင်မှာ ဒီလိုတစ်ချိန်လုံး ထိုင်နေလို့ ဘယ်ဖြစ်မလဲ သမီးရဲ့၊ နှင်းတွေကလဲ ကျပါသိနဲ့၊ လာနော်သမီး၊ အိမ်ထဲ သွားရအောင်"

မေနန်းက ချော့မော့ပြောရင်း ဇွတ်ဆွဲထူနေ၍ ဇွန်ပွင့် ခေါင်းခါမိသည်။

"ဇွန်ပွင့် အိမ်ထဲမဝင်ချင်ဘူး မေနန်း၊ အိမ်ထဲမှာနေရတာ မျက်စိရော နားရော နောက်လို့ ဇွန်ပွင့် ဒီမှာ တမင်လာထိုင်နေတာပါ၊ ဖျားတော့လဲ ဖျားပစေပေါ့

www.burmeseclassic.com



မေနှင်းရှယ်၊ ဘာဖြစ်သေးလဲ၊ ပူပန်သင့်တဲ့ ဒက်ဒီက တောင် လျစ်လျူရှုထားသေးတာပဲ''

''အြော်...သမီးရယ် ခက်ပါလား၊ ဒါကိုပဲ စိတ်ထဲမှာ အမြဲတွေးနေတာကိုး''

''တွေးနေတာမဟုတ်ဘူး မေနှင်း၊ အပြင်မှာတကယ်ရင်ဆိုင်နေရတာ ဇွန်ပွင့်သိတာပေါ့၊ အိမ်ထဲဝင်သွားလဲ အလကားပဲ၊ ဒက်ဒီက ဇွန်ပွင့်ကို အမေ့ရိုက်ဖို့ သတိရမှာတောင် မဟုတ်ဘူး၊ သူ့ မိန်းမအငယ်လေးနားမှာပဲ ကပ်နေမှာ သေချာတယ်၊ ဒါကြောင့် ဇွန်ပွင့် အိမ်ထဲမဝင်ချင်တာ၊ ဒီမှာခဏနေဦးမယ်၊ နော်...မေနှင်း''

သည်လိုကျတော့လည်း ဇွန်ပွင့်ဦး ပြောသမျှတွေက အပြင်မှာ တကယ်ရင်ဆိုင် ကြုံတွေ့နေရသော ဟုတ်တိုင်းမှန်ရာတွေချည်း ဖြစ်နေသဖြင့် ဒေါ်နှင်းမြ စကားက မထွက်သာတော့။

စိတ်မချက်သောဖြင့် ဘက်ပြင်းတစ်ချက် မှုတ်ထုတ်ရင်း ဇွန်ပွင့်ဘေးနားမှာ သူပါ ရောကာ ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။

ဇွန်ပွင့်ရင်ထဲမှာ ဘယ်လို ခံစားနေရသည် ဆိုတာ ဒေါ်နှင်းမြ သိမြင်နားလည်နိုင်သည်ပဲ မဟုတ်လား။

မယုံနိုင်စရာကောင်းသော သိက္ခာ၏ အလှည့်အပြောင်းများက ဇွန်ပွင့် ဘာကို မုန်းတီးတတ်ခဲ့ပြီပဲ။

မိဘတို့က လူကြီးတွေမို့ စိတ်ကို ဖြေတွေးနိုင်ပေမယ့် ဇွန်ပွင့်ဦးကျတော့ ငယ်ရွယ်သေးသူ ပီပီ ရုတ်တရက်



အပြောင်းအလဲတွေအတွက် ဝမ်းနည်းအားငယ်ရှာ လိမ့်မည်ပေါ့။

ဘယ်မှာ အလွယ်တကူ စိတ်ကို ဖြေသိမ့်နိုင်ပါမည်လဲ။

ဒေါ်နှင်းမြ ကိုယ်တိုင်ပါ ဇွန်ပွင့် နည်းတူ ငိုင်တွေသွားရ၍ နှစ်ဦးသား ကောင်းပဆို ဖြစ်ကြတော့။

တကယ်တမ်းကျတော့ ဇွန်ပွင့် တစ်ဦးတည်း သည်ခန်းစင်မှာ အေးအေးဆေးဆေး လာထိုင်နေမိခြင်းက ဒက်ဒီကို ရှောင်ကြဉ်ချင်တာ သက်သက်ထက် ချစ်လှစွာသော မာမီ ဒေါ်စောခင်သွဲ့၏အကြောင်းလေးများကို အလွမ်းပြေ ပြန်တွေးလို့သည့် စိတ်ကြောင့်လည်း ပါပါသည်လေ။

ဘာလိုလိုနှင့် မာမီဆုံးတာ ရှစ်လပင် ပြည့်ပေတော့မည်။ ဇွန်ပွင့်ကတော့ ယနေ့ထက်တိုင် မေ့မရသေး။

အချိန်တိုင်းမှာ တသ လာတိုင်းစိတ်၊ အောက်မေ့လွမ်းဆွတ်စိတ်နှင့်အတူ တမ်းတနေမိဆဲ မျက်ရည်ဝေရဆဲပါတည်း။

ချစ်သော မာမီ ဇွန်ပွင့်အနားမှာ မရှိနိုင်တော့ပြီဆိုသည့်အတွေးကလည်း အခါမလပ် ခါးသီးစွာ နှိပ်စက်နေကြ၍...

မေနှင်းရယ်... ဇွန်ပွင့်တော့ကွာ၊ မာမီ့ကိုပဲ လွမ်းနေသတဲ့နေ့တာပဲ၊ မာမီ တင်ယောက်တည်း သေသွားမယ့်အစား သမီးပါ ရှုပြီး နှစ်ယောက်လုံး သေသွားရင် ကောင်းမှာနော်၊ အဲဒါဆို ဇွန်ပွင့်တစ်ယောက်တည်း

www.burmeseclassic.com

www.burmeseclassic.com

အားငယ်ရ၊ စိတ်ညစ်ရမှာလဲ မဟုတ်တော့ဘူး၊ အခုကျတော့...''

ပြောရင်းမှ အသံက ဆို့နစ်တိမ်ဝင်သွား၍ ဇွန်ပွင့်ဦး စကား မဆက်နိုင်တော့။

ရှေ့တူရူသို့ ငေးစိုက်နေသော မျက်ဝန်းအိမ်မှာလည်း ဝမ်းနည်းကြေကွဲစိတ်ကြောင့် မျက်ရည်များ ချက်ချင်း ဝိုင်းလည်လာရသည့်မို့....

''သမီးရယ်....

ရီဝေသော မျက်ဝန်းအစုံဖြင့် စကားကို တစ်လုံးချင်း ပြောပြနေသော ဇွန်ပွင့်ဦးကို ကြည့်ရင်း ဒေါ်နန်းမြ ရင်မှာ စိတ်မကောင်းခြင်း ကြီးစွာ ဖြစ်ရလေသည်။

ဒါကြောင့်လည်း ဇွန်ပွင့် ကိုယ်လေးကို ကြင်နာစွာ ထွေးပွေ့ရင်း နှစ်သိမ့်စကား ဆိုဖြစ်သွား၏။

''သမီးလေးရယ် ဘာဖြစ်လို့များ ကုန်လွန်ခဲ့တဲ့ အတိတ်ကို ထပ်တလဲလဲ ပြန်တွေးနေရတာလဲ၊ ကိုယ့်စိတ်ကို မညှဉ်းဆဲစမ်းပါနဲ့၊ မေနန်းပြောတာ နားထောင်စမ်းပါ၊ ဝမ်းနည်းတာကတော့ ဝမ်းနည်းတာပေါ့၊ ဒါပေမယ့်လဲ သေခြင်းတရားကို ဘုရားသော်မှ မလွန်ဆန်နိုင်ခဲ့တာပဲကွယ်၊ သမီးမာမီအတွက် ကုသိုလ်ကောင်းမှု ပြုရင်းနဲ့ပဲ မေနန်းတို့ ဖြေသိမ့်နိုင်အောင် ကြိုးစားရမှာပေါ့....

''သမီးရဲ့ မာမီ အစောကို မေနန်းရင်နဲ့ လွယ်ပြီးမွေးခဲ့ရတာ မဟုတ်ပေမယ့် အစောဟာ မေနန်းလက်ပေါ်



မှာ ကြီးပြင်းလာခဲ့တဲ့ကလေး၊ မေနန်းကိုယ်တိုင် ချိုပိုးထိန်းကျောင်းလာခဲ့ရတဲ့ ကလေးတစ်ယောက်ပါ၊ ရင်နဲ့မလွယ် သားမမည် ဆိုပေမယ့် မေနန်း အတွက်တော့ အစောဟာ မေနန်းသမီးပါပဲလေ၊ မဇွန်ကျတော့ မေနန်းရဲ့မြေးပေါ့၊ ဒီသမီးလဲ ဘာထူးလို့လဲ၊ အူဝဲဆိုကတည်းက မေနန်းလက်ပေါ်မှာ ကြီးလာခဲ့တာပဲ....

''အင်း....သားသမီးအချစ်၊ မြေးအနှစ်တဲ့ သမီး၊ ဒီစကားသိပ်မှန်တာပဲ၊ အခု မေနန်းအသက်ခြောက်ဆယ် ပြည့်တော့မယ်၊ ဒါပေမယ့် မေနန်း မသေနိုင်သေး၊ မသေချင်သေးဘူး၊ ငါ့သမီးလေးမဇွန်ကိုပြုစုပျိုးထောင်ဖို့၊ စောင့်ရှောက်ကာကွယ်ပေးဖို့ မေနန်း အသက်ရှင်နေဦးမှာပါ သမီးရယ်၊ အစောမရှိပေမယ့် သမီးလေး ဘာမှ အားမငယ်ပါနဲ့၊ မေနန်းရော ဘလူးရော သမီးဘဝထဲမှာ မားမားမတ်မတ်ရှိနေဦးမှာပါ....

ကဲလာ၊ ထတော့နော် သမီး၊ အပြင်မှာ အေးလှပြီ၊ သမီးလက်ဖျားလေးတွေလဲအေးစက်နေပြီ၊ သမီးက လိမ္မာပါတယ်၊ မေနန်း စကား နားထောင်နော်''

ဒေါ်နန်းမြက ချော့မော့ နှစ်သိမ့်ရင်းမှ ဇွန်ပွင့်ဦး ကိုယ်လေးကို ပြောပြောဆိုဆို ဆွဲထူလိုက်သဖြင့် ဇွန်ပွင့် မထချင်သေးသော်လည်း မေနန်းကိုမလွန်ဆန်ချင်တော့၍ နေရာမှ ထရပ်လိုက်ရ၏။

အခန်းထဲ ရောက်ရင် နွားနို့ ပူပူလေး တစ်ခွက် သောက်လိုက်ဦးနော်၊ မေနန်းလာပို့ပေးမယ်၊ နှင်းစိုနေ

www.burmeseclassic.com

www.burmeseclassic.com



တဲ့ အဝတ်အစားတွေလဲ လဲပစ်လိုက်ဦး၊ တော်ကြာ အအေး မိနေဦးမယ်၊ ဆွယ်တာလဲ ဖယ်ဂဝတ်ထားဦး''

စိတ်ပူပန်စွာ သတိပေးနေရှာသည်။ ဇွန်ပွင့် ခေါင်းညိတ် လိုက်ရသည်။

''ကဲ မေနန်းလဲ အလုပ်လေးတွေ လက်စသတ်လိုက် ဦးမယ်၊ ပြီးမှ သမီးဆီလာခဲ့မယ်၊ ဟုတ်သား''

ဇွန်ပွင့် အိမ်ထဲဝင်ရန် ခြေလှမ်း ပြင်လိုက်သည်မို့ ဒေါ်နန်းမြ စိတ်ချသက်ချ ဖြစ်သွားသည်သာ မသိ။

ဝဖိုင့်ဖိုင့် ခန္ဓာကိုယ်ကို တလှုပ်လှုပ် သယ်ဆောင်ရင်း အိမ်နောက်ဘက် ပက်ကာမီးဖိုထဲ ပြန်ဝင် သွားလေသည်။

ဇွန်ပွင့်အိမ်ဘက်ဆီသို့ တစ်ချက် လှမ်းကြည့်လိုက်ရင်း နေရာတွင် ပြန့်ထိုင်မည်လုပ်ပြီးမှ ဝေ့ယမ်း တိုက်ခတ်လာ သော လေအေးနှင့်အတူချမ်းစိမ့်သွားသော မိမိတစ်ကိုယ် လုံး နှင်းစိုနေသော သတိပြုမိသွားသဖြင့် ပြန်မထိုင် ဖြစ် တော့။ အိမ်ဘက်ဆီသို့ပဲ ခြေလှမ်းများကို ဦးတည် လိုက်ရ သည်။ အခန်းမှောင်လှမ်း ပြေပြီမို့ အိမ်ထဲမှာတော့ မီးရောင် များနှင့် လင်းလက်နေပေပြီ။

အမှောင်ထဲမှာ ထီးထီးမားမား တစ်ကိုယ်တည်း ရပ် တည်နေသူဆိုလို့ ဇွန်ပွင့် တစ်ဦးတစ်ယောက်တည်းသာ ရှိ သည်ပဲလေ။ အထီးကျန်အတွေးများနှင့် အိမ်ထဲသို့ မလှမ်း ချင် လှမ်းချင် လှမ်းဝင်လာသော ဇွန်ပွင့်ဦးတစ်ယောက် မိမိအခန်းဆီသို့သွားရန် ဧည့်ခန်းဆီမှ ဖြတ်အလျှောက်မှာ တော့....



''ဟင်''

မျှော်လင့်မထားသော မြင်ကွင်းကြောင့် မျက်ဝန်း လေးများ ဝိုင်းဖိုင်းလည်ပြီး လျှောက်လက်စ ခြေလှမ်း များပါ တုံ့သွားရ၏။

ဧည့်ခန်းရှိ ဆိုဖာဆက်တီပေါ်တွင် အခန့်သားထိုင်ပြီး ချစ်ဇနီးငယ်လေး မဥမ္မာကို ဇွန်ပွင့် မီးခင် ဝတ်ဆင်ခဲ့ဖူး သော ပတ္တမြားလက်ဝတ် တစ်ဆင်စာ ဝတ်ဆင်ပေးနေ သော ဖခင်ဖြစ်သူ ဦးကျော်ဦး။

အရည်အသွေး ကောင်းလှန်းသော ပတ္တမြားတာ ကွက်လေးများ မီးရောင်အောက်မှာ ဖိတ်ဖိတ် လက်မျှ နှိုရဲနေသည်နှင့်အပြိုင်၊ ကြည်နူးပီတိ အပြုံးပန်း လှိုင်နေ သော မဥမ္မာ၏ မျက်နှာ

ညှတ်တတ်တာတတ် ခရာတတ်သော သမီးအရွယ် ဇနီး ငယ်ကိုအခုမှ မိုးမမြင်လေမမြင် ချစ်ကြင်နာစွာအယုအယ နမ်းရှိုက်နေသော ဖခင်၏ အပြုအမူများနှင့်ဧည့်ခန်းကြီး မှာ အရှက်ကင်းမဲ့စွာ ဖခင်ဖြစ်သူ၏လည်ပင်းကိုဖက်ထားလေး ခိုကာ ချစ်တုံ့ပြန်နေသော မဥမ္မာ၏ ကလက်တက်တက် အမူအရာများ....

တိုက်တိုက်ဆိုင်ဆိုင် ရုတ်တရက်ကြီးမြင်ခွင့်ရလိုက်သော သည်မြင်ကွင်းက ဇွန်ပွင့်မျက်ဝန်းအိမ်မှာ မြင်ရချက် လုံးဝ မသက်သာ။

ဖြစ်နိုင်လျှင် သည်နေရာမှ အဝေးဆုံးနေရာသို့ အပြီး အပိုင်မပြန်းထွက်သွားလိုစိတ်ပင် ပေါ်လာမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ရက်စက်လိုက်တာ၊ ဒက်ဒီ သိပ်ရက်စက်တယ်"

သည်စကားသံကလည်း ဇွန်ပွင့်ရင်နှင့်အမျှ ပဲ့တင်ထပ်မြည်ဟည်းနေ၏။ ချစ်လှစွာသော မိခင်ဖြစ်သူ မျက်ကွယ်ပြုသွား၍ မိမိမှာ နေ့စဉ်နှင့်အမျှ ပူဆွေးသောကရောက်လို့ပင် မပြေပျောက်နိုင်သေး။

ဖခင်ဖြစ်သူကတော့ မာမီ့ကို မေ့ထားနိုင်ခဲ့ပေပြီ။

မာမီ့ကို သတိရဖို့ အောက်မေ့ဖို့ထက် သမီးထက် အသက်ငါးနှစ် ခြောက်နှစ်သာကြီးသော နောက်ဇနီးငယ်လေး ပျော်ရွှင်အောင် ကြင်နာယုယနိုင်ဖို့က အဓိကဖြစ်နေပြီမို့ ဇွန်ပွင့်ရင်မှာဝမ်းနည်းခြင်းနှင့်အတူ မျက်ရည်များကပါ ထိန်းမနိုင် သိမ်းမရ လျှံကျလာသည်။

သည်မြင်ကွင်းကို ကြာရှည်ဆက်ပြီး မမြင်ရဲ မကြည့်ရဲတော့ပြီမို့လည်း မျက်ရည်များကို မျက်တောင်တဖျတ်ဖျတ် ခတ်ကာ ဖယ်ထုတ်ရင်း ကျောခိုင်း၍လှည့်အထွက်....

"ဟော . သမီး အခုမှ အပြင်က ပြန်လာတာလား၊ ဖျားနေဦးမယ်လေ၊ အပြင်မှာ အေးလှပြီပဲ"

အခုမှ ဇွန်ပွင့်ကိုမြင်သွားဟန်တူသော ဖခင်ထံမှစကားသံ ထွက်ပေါ်လာ၍....

"ရပါတယ် ဒက်ဒီ"

ဇွန်ပွင့် စကားတစ်ခွန်းသာဆိုပြီး ဧည့်ခန်းကို ဖြတ်လျှောက်ကာ မိမိအခန်းဆီသို့သွားရန် ပြင်လိုက်သည်။

ဖခင်ဖြစ်သူကိုမျက်နှာချင်းမဆိုင်လိုတော့ပြီမို့ စကားနှစ်နှစ်ခြိုက်ခြိုက် ပြောလိုစိတ်လည်းမရှိတော့။



ဦးကျော်ဦးကတော့ သမီးဖြစ်သူရဲ့ ရင်ထဲမှ ဝေဒနာကို နားလည် သတိပြုမိပုံမရသည်မို့ ရယ်ရယ်မောမောနှင့်ပဲ ဇွန်ပွင့်ဦးကို ကလေးတစ်ယောက် စသလို စနေလေ၏။

"ဟား....ဟား....ဟား၊ ဒါက ဘယ်လို ဖြစ်သွားတာလဲကွ၊ ခါတိုင်း သာလိကာရှုံးတဲ့ သမီး၊ ခုတော့လဲ စကားမတွေ ဘာတွေ ချွန်ချွန်မပြောတော့ပါလား၊ ဖအေအနား မကပ်တော့ပါလားကွ၊ ဟေ....ဘာလဲ ဒက်ဒီ့ကို စိတ်ကောက်နေတယ်၊ ဟုတ်လား"

"ပြောလေ သမီး"

ဇွန်ပွင့်ကိုလည်း လှမ်းမေးနေ၍ ဇွန်ပွင့်နေရာမှာတင် တွေတွေကြီး ငြိမ်ရပ်နေမိသည်။

ဒက်ဒီ့ မေးခွန်းကို တုံ့ပြန်မဖြေဖြစ်ပါ။

ဖြေစရာလိုသည့် မေးခွန်းပေမို့ ဖြေလည်းမဖြေချင်။

သည့်မေးခွန်းရဲ့ အဖြေကို ဒက်ဒီကိုယ်တိုင်သိနားလည်ထားပြီးသားပဲလေ။ ဖြေစရာကော လိုပါဦးမည်လား။

အခုလို အချိန်မျိုးမှာ ဇွန်ပွင့်ရင်ထဲက ဘယ်လိုခံစားနေရမယ်ဆိုတာ ဒက်ဒီသာ အသိနိုင်ဆုံး၊ နားလည်နိုင်ဆုံးပေပဲ။

သိသိကြီးနှင့် မေးနေသည်ဆိုတော့....

ကိုယ့်အတွေးနှင့်ကိုယ် ဒက်ဒီ့ကိုစောင်းနှပ်စိတ်၊ မာမီ့ကိုယ်စား ခံပြင်းစိတ်များကြောင့် ဇွန်ပွင့် ငြိမ်နေဆဲ။

"ဇွန်ပွင့် မင်းကို ကိုကိုကြီး မေးနေတယ်၊ ဖြေပါဦးလေ"

www.burmeseclassic.com

www.burmeseclassic.com



အရိပ်အကဲ စောင့်ကြည့်နေဟန်တူသော မဥမ္မာထံမှ စကားသံ ထွက်ပေါ်လာ၍ ဇွန်ပွင့်မျက်နှာလေး ဆတ်ခနဲ မော့လာပြီး တင်းမာသွားရသလို မျက်ခုံးများ မှာလည်း ခံ့ထန် မုန်းတီးရိပ်များ ဖြတ်သန်းသွားရ၏။

ဇွန်ပွင့်ဦးလေ၊ သိတယ်မဟုတ်လား။ သူများမှမဟုတ်တာ။ မှန်တယ်ထင်တာကို လုပ်ရမှ ကျေနပ်တတ်တဲ့ ဇွန်ပွင့်ဦးပဲ။

မဆိုင်သူ ကြားကဝင်ပြောသလိုကတော့ မိုးခိုပြောတောင် ဇွန်ပွင့်တို့က နည်းနည်းလေးမှ အရေးမစိုက်။

အခုလည်း မဥမ္မာက ဖခင်ကိုယ်စား အမိန့်ပေးသလို ဝင်ပြောလာသည်မို့ ဖခင်ဖြစ်သူ၏အမေးကို လုံးဝမဖြေ။

သူနှင့်မဆိုင်သလို ဘာမှမပတ်သက်သလိုနေမြဲအတိုင်း ငြိမ်နေလိုက်သည်။ တုတ်တုတ်မျှင် မလှုပ်။

ကိုယ့်စိတ်နှင့်ကိုယ့်ကိုယ်၊ ကိုယ်သာဖြေချင်မှ ဖြေမည်ပေါ့။ ဘယ်သူအမိန့်ပေးတာမှ မနာခံတတ်တဲ့ ဇွန်ပွင့်ဦးလေ။

ဒက်ဒီကတော့ ဇွန်ပွင့် အထာကို နောကျေနေအောင် သိထားပြီးသူမို့ စကားမဆက်ဘဲ သမီးဖြစ်သူမျက်နှာကို အဖြေသိနိုး ပေးနိုး ငေးစိုက်ကြည့်နေသည်။

ဇွန်ပွင့်မဖြေ။ ရန်လိုနေသော မျက် ဝန်း များ ကို မဥမ္မာဆီသို့သာ လွှဲပြောင်းပို့ရင်း ငြိမ်မြဲ ငြိမ်နေသည်။

"သီဇာဂူမှာ ဒက်ဒီက လွှဲရင် ဇွန်ပွင့်ဦးကို ဘယ်လိုလူမှ အမိန့်ဩဇာပေးလို့ မရဘူးဆိုတာ ရှင်သိဖို့ကောင်းတယ် မဥမ္မာ"



ဟု ပျစ်ပျစ်နှစ်နှစ် ပြောချပစ်လိုက်ချင်သော စကား များကိုလည်း မိမိကို စူးစိုက် ကြည့်နေသော ဒက်ဒီ့ မျက်နှာကြောင့် မပြောဖြစ်အောင် မနည်းကြိုးစားနေရ သည်။

ဒါပေမယ့်လည်း မဥမ္မာကို မုန်းတီးလှန်းစွာ ရင်ဆိုင် ကြည့်လိုက်သော ဇွန်ပွင့် မျက်ဝန်းများက မီးဝင်းဝင်း တောက်နေကြ၍သားမသိ။

မဥမ္မာက ဇွန်ပွင့်၏ မျက်ဝန်းရူးရူးများကို ရှောင်ရှား ရန် မျက်နှာလွှဲလိုက်ရင်းမှ....

"ကိုကိုကြီးသမီးက ဥမ္မာ့ဆိုရင် အဖက် မတန်သလိုပဲ နော်၊ ဥမ္မာက စေတနာနဲ့ ကြားကဝင်ပြောမိတာပါကိုကို ကြီးရယ်၊ စေတနာ သက်သက်နဲ့ပါ၊ ဆရာ လုပ်ချင်လို့ မဟုတ်ပါဘူး....

"အခုကျတော့ စေတနာက ဝေဒနာဖြစ်နေရပြီ၊ ဒါ ကြောင့်လဲ မောင်လေးက သီဇာဂူမှာ လိုက်မနေချင်ဘူးလို့ ပြောတာ နေမှာ၊ ဒီမှာ လိုက်နေရတာ သိပ် မျက်နှာငယ် တာပဲ ...

"ဒီအိမ်မှာ ကိုကိုကြီးက လွဲရင် ဥမ္မာတို့ မောင်နှမကို လူလိုသူလို ဆက်ဆံမယ့်သူ တစ်ယောက်မှ မရှိဘူး ကိုကို ကြီးရဲ၊ ဥမ္မာ တကယ် ဝမ်းနည်းတယ် သိသား"

ဥမ္မာက သူ့စကားဆုံးသည်နှင့် ဇွန်ပွင့်ကို တစ်ချက် လှမ်းကြည့်လိုက်ပြီး ဦးကျော်ဦးကို ဖက်ကာ အလွမ်းပုံစွာ ငိုချလိုက်သဖြင့်....

www.burmeseclassic.com

www.burmeseclassic.com



"ဉမ္မာကလဲကွာ"

ဦးကျော်ဦး ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ ပျာယာခတ်သွားရ၏။

သမီးအရွယ် ဇနီးငယ်လေး၏ မျက်ရည်စ များကို မမြင်ရက်သလို တယုတယ ချော့မော့စကား လည်း ဆို၏။

အနားမှာ ရပ်လျက်သားရှိနေသော ဇွန်ပွင့်ကိုလည်း သတိပြုမိပုံ မတူတော့။

"ဉမ္မာက ကိုကိုကြီးရဲ့ တရားဝင် ဇနီးပဲ ဉမ္မာရယ်၊ ဒီအိမ်မှာနေရတာ ဘာမျက်နှာငယ်စရာ ရှိလဲ၊ ဒါ ဉမ္မာ့အိမ်ပဲ၊ ဉမ္မာ့စိတ်တိုင်းကျ နေချင်သလိုနေပေါ့၊ ပျော်သလိုနေပေါ့"

"ဒါက ကိုကိုကြီးရဲ့ တစ်ဖက်သတ်အမြင်ပဲ ကိုကိုကြီးရဲ့၊ ဒီအိမ်မှာ ကိုကိုကြီးမရှိရင် ဉမ္မာဘယ်လောက်မျက်နှာငယ်ရတယ် ဆိုတာ ကျတော့ ကိုကိုကြီးသိမှမသိဘဲ"

ဆက်လက် ပျံ့လွင့်လာသော မလိုတမာ လုပ်ကြံစကားတွေနှင့် အတူ ဖခင်ဖြစ်သူ အရွယ် လင်သည်ကို လိုသည်ထက်ပိုကဲစွာ ချွဲနေသော မဉမ္မာကို တစ်လှည့်....

မယားငယ်ငယ်လေး၏ မျက်ရည်စ မြင်ရုံရလေးနှင့် ပျာပျာသလဲ ဖြစ်သွားရသော ဖခင်၏ အပြုအမူတို့ကို တစ်လှည့်ကြည့်ရင်း ရင်မှာ ပေါက်ကွဲသွားရ၏...

"တောက်...."

ဇွန်ပွင့် ကိုယ့်စိတ်ကိုယ် ထိန်းသိမ်းနိုင်စွမ်း မရှိတော့။

တောက်တစ်ချက် ပြင်းထန်စွာ ခေါက်မိ ထွက်သွားရ



သလို ယူကျုံးမရစိတ်၊ ဒေါသစိတ်များကလည်း ရင်နှင့်အပြည့် လျှံတက်လာသည်။

မိမိရှေ့မှာ ပြောင်ပြောင် တင်းတင်း ကုန်းချောစကား ဆိုနေသော မဉမ္မာ၏ အပြုအမူ များကလည်း ခံနိုင်သည့် အတိုင်းအတာထက် ပိုမို ကျော်လွန်လာခဲ့ပြီမို့ ဇွန်ပွင့် မဉမ္မာ မျက်နှာကို ခဲ ခဲ ကြည့်ကာ ရန်သူ စစ်ဗိုလ်ရာဂ လို ခုခံဆိုင် ရပ်ပစ်လိုက်မိသည်

မျက်ဝန်းချွန်းသော မီးဝင်းဝင်း တောက်သည်ဟုတ်။ ဇွန်ပွင့် တစ်ကိုယ်လုံးလည်း ဒေါသစိတ် အဟုန်ကြောင့် နတ်ကျသလို တုန်ယင်နေပေပြီ။

"ဒီမှာ မဉမ္မာ မာမီနဲ့ နေသွားခဲ့ခဲ့တဲ့ ကျွန်မကို ရှင်ကိုယ်တိုင် ဖက်ဒီနဲ့ ရှင်ခွဲခွဲနဲ့ပြီးပြီ၊ ရှင်ကျေနပ်ဖို့ ကောင်းပြီ သိရဲ့လား၊ မောက်တန်းစား ဆန့်ဆန့် မဟုတ်မနုန်စကားတွေနဲ့ လုပ်ကြံ အတွန်းအတိုက် လုပ်ဖို့ မကောင်းပါဘူး"

"ငါ ဘာပြောလို့လဲ၊ ဘာတွန်းတိုက်လို့လဲ၊ ဟုတ်တိုင်းမှန်ရာတွေ ပြောပြတာပဲ၊ ဒီအိမ်မှာ အိမ်ဖော် အတွားကြီးကအစ ငါ့သိုရင် မတူမတန်သလို ရှောင်ဖယ် ရှောင်ဖယ်နဲ့၊ အမြင်ကတ်ချင်လို ကားယူစီးမိတာကအစ အဲဒါ မနွံကောင်း၊ အစောကိုယ်တိုင် ဘာ့သမီး စိတ်တိုင်းကျ ဝယ်ပေးတာလေ၊ မေ့နံဆီ ခွင့်တောင်းဦး၊ ဘာညာနဲ့ နေရာတကာ ဒီအဒေါ်ဆိုတာကို ပါးစပ်ဖျားက မချတမ်း လိုက်ကန့်ကွက်နေတာ၊ အဲဒါကို ငါက ငြိမ်နေရမှာလား"

www.burmeseclassic.com

www.burmeseclassic.com



''ငြိမ်းသင့်ရင် ငြိမ်းနေပေါ့၊ မေနန်း ပြောတာလဲ ဟုတ်တိုင်းမှန်ရောပဲ၊ အစောဆိုတဲ့ ခေါင်းစောင်းသွဲ့က ဒီ သီဟဂူစံအိမ်ကြီးရဲ့ ထာဝရ အရှင်သခင်ပဲဆိုတာ ရှင်မသိ ဘူးလော''

''အခုအချိန်မှာ အဲဒီ အစောဆိုတာကစောပြီပဲ၊ နှင့် အဖေ မယားက ငါဖြစ်နေပြီကွဲ၊ နှင်းနည်းပါး ပါး လောက်တော့ ငါ့အပေါ် အလိုက်သိဦးမှပေါ့၊ နေရာ တိုင်းမှာ တစောစောတည်း စောချင်နေလို့ ရမလား''

''တော်ကြစမ်း၊ တော်ကြစမ်း''

မဥမ္မာ နှုတ်မှ ထွက်ပေါ်လာသော စကားများက ကြမ်းတမ်းရှင့်သီးသည်အက် ရင့်သီးရုံမျှမက မိခင်ဖြစ်သူ ကိုလည်း တိုက်ရိုက်ထိပါးလာ၍ ခက်ခဲဒီ ဟန့်တားသည့် ကြားမှ ဇွန်ပွင့်ခွန်းတုံ့ပြန်မိသည်။

''နိပ်ကွတ်နှစ်ဟာနှစ်ပဲ မဥမ္မာ၊ ဘယ်တော့မှ တစ်ဖြစ် ချင်လို့ မရဘူး၊ တမလွန်က မာမီ့ကိုလဲ ရှင်ထိခိုက်မပြော ပါနဲ့၊ တခြားဟာသာ သည်းခံချင် သည်းခံမယ်၊ မာမီနဲ့ ပတ်သက်လာရင်တော့ ဘယ်သူ့ကိုမှ ဇွန်ပွင့် ခွင့်မလွှတ်နိုင် ဘူးဆိုတာ ရှင်သိထား၊ အသက်ချင်း လဲရရဲ့ အကြောင်း မဟုတ်ဘူး၊ မာမီ့နေရာမှာ ဇွန်ပွင့် တခြား ဘယ်သူ့ ကိုမှ အစားမထိုးနိုင်ဘူး သိရဲ့လား''

''အောင်မယ်လေး၊ ရှက်လိုက်တာနော်၊ ကိုကိုကြီး သမီးက ဥမ္မာ့ကို လင်ခိုးမလို့ စွပ်စွဲနေပြီ၊ ကိုကိုကြီးကို ချစ်မိလို့ ဥမ္မာမျက်နှာငယ်နေရပြီ ကိုကိုကြီးရဲ့၊ ဒီလောက်



တောင် အပြောခံနေရတော့ ဥမ္မာဒီမှာလဲ မနေချင်တော့ ပါဘူး၊ ဥမ္မာသေချင်တယ်''

ဇွန်ပွင့်စကားများကြောင့် အရိုက်ထိသလို ဖြစ်သွားရဲ့ သော မဥမ္မာတစ်ယောက် ဦးကျော်ဦး၏လက်မောင်းကို ဖက်တွယ်ရင်း ပြောပြောငိုငို ငိုချလိုက်သဖြင့် ဥမ္မာ၏ အငိုမျက်နှာကိုကြည့်ရင်း ဦးကျော်ဦး ရင်မှာ အယည်း ဆတ်ဆတ်ခါမျှ ယိုခိုက်သွားရ၏။

''ဥမ္မာကလဲကွယ်၊ ကိုကိုကြီး ပြောတဲ့စကားကို နား ထောင်စမ်းပါ၊ ကိုကိုကြီးတစ်ယောက်လုံး ရှိနေလျက် သားနဲ့ ဘာဖြစ်လို့ အားငယ်နေရတာလဲ၊ ကလေးပြော တာတွေကို ထွေမယူးမ်းပါနဲ့၊ ဒီအိမ်ဟာ ကိုကိုကြီးအိမ်၊ ဥမ္မာ့အိမ်ပဲ၊ နောက်ဆို ဥမ္မာစိတ်တိုင်းကျ ဖြစ်အောင် စီစဉ်ပေးဖို့ ခေါ်နန်းမြကိုလဲ ကိုကိုကြီး ပြောထားလိုက် ပါ့မယ်''

''ဘာ....ကလေး ဟုတ်လား၊ ဒီအရွယ်လား ကလေး၊ ကိုကိုကြီးသမီးအရွယ်က ကလေးလားလို့၊ ဥမ္မာသိပါပြီ၊ ကိုကိုကြီးလဲ သမီးနဲ့ယှဉ်းတော့ ဥမ္မာကိုပဲ နှိမ်တာပါပဲ၊ တော်ပြီ၊ တော်ပြီ၊ ဥမ္မာကိုကိုကြီးကို ယူမိတာမှားတယ်''

''ဟာကွာ....ဥမ္မာကလဲ''

''ဥမ္မာကလဲ လုပ်မနေနဲ့၊ တကယ်ပြောတာ၊ ဥမ္မာ ဒီအိမ်မှာ ဆက်မနေနိုင်တော့ဘူး၊ ဥမ္မာဆင်းမယ်၊ ဖယ် ဖေး၊ ကိုကိုကြီးဘာသာ ကိုကိုကြီးချစ်တဲ့သမီးနဲ့ နေခဲ့ သိလား

www.burmeseclassic.com

www.burmeseclassic.com



မဥမ္မာက ဦးကျော်ဦး ချော့မော့ ဖျောင်းဖျသည့်ကြားမှ ပြောလေကဲသေ ရန်ဘွတ်ချင်း ဦးကျော်ဦးရင်ခွင်ထဲမှ အတင်းရုန်းထွက်နေပါဖြင့် ဇွန်ပွင့်မျက်နှာလေးနကို နေသက် ပိုမဲ့သွားရ၏။

“ဟွန်း… အဲဒီလို အသိတွေ ရှိနေလျက်သားနဲ့များ အရင်တုန်းကတော့ ဘာဖြစ်လို့ ဆရှက်ကင်းမဲ့စွာ ဒီအိမ်ပေါ်တက်လာသေးသလဲ”

“ဘာ၊ ငါက မျက်နှာပြောင်တိုက်ပြီးတက်လာတယ်၊ ဟုတ်လား၊ ငါတက်ချင်လို့ တက်လာတာ မဟုတ်ဘူးဟဲ့၊ နင့်အဖေဖိတ်ခေါ်လို့ တက်လာခဲ့တာ”

“ဒက်ဒီဖိတ်ခေါ်လဲ ရှင်တက်လာချင်စိတ်မရှိရင် ရောက်မလာနိုင်ပါဘူး၊ ရှင့်ကိုယ်က မခေါ်ခင်ကတည်းက တက်ချင်နေတာ မဟုတ်ဘူးလား”

“ဘာ… ဘာပြောတယ်”

မဥမ္မာက ဦးကျော်ဦးရင်ခွင်တွင်းမှ ရုန်းကန်ထရင်း ဇွန်ပွင့်ကိုရိုက်ရန် လက်ရွယ်သဖြင့် ဇွန်ပွင့် ဒေါသပေါက်ကွဲစွာ စိန်ခေါ်မိသည်။

“ကြည့်… ရှင်က ဇွန်ပွင့်ကို ကိုယ်ထိလက်ရောက်ချိုက်ချင်သေးတယ်ပေါ့၊ သတ္တိရှိရင် လာလေ၊ ဒက်ဒီ သွတ်ပေးလိုက်ပါ၊ ဒက်ဒီ မယားငယ်ကဲ မာမီ လက်များနဲ့ မထိဖူးတဲ့ ဇွန်ပွင့်ကို ရိုက်ချင်လို့တဲ့၊ သာခဲ့ဒား ရှင့်ကို အသေသတ်ပြီးမှ ဇွန်ပွင့် ကြိုးစင်တက်မယ်သိလား၊ ဇွန်ပွင့်



က ဘယ်လို ဇွန်ပွင့်ဆိုတာ တမလွန်အထိ ရှင် အနုသာ ကောင်းကောင်းသိသွားစေရမယ်”

“ခုတော့စမ်း ဇွန်ပွင့်၊ နင် ဘယ်လိုဖြစ်နေတာလဲ၊ အလိုလိုက်ထားသမျှ ဆိုးဂေါ်ဇေကား လုပ်နေတာပေါ့ကွာ၊ ဟုတ်လား၊ ဥမ္မာက စေတနာနဲ့ဝင်ပြောတာကို နင်က ဘာဖြစ်လို့ ပြဿနာလုပ်ပြီး ဒီလောက် ရိုင်းရိုင်း ပျပျ ဆက်ဆံနေရတာလဲ”

“ဟင်….”

မဥမ္မာကိုရင်ခွင်ကြားမှာ နှစ်သိမ့်ရင်း ဇွန်ပွင့်ကိုဒေါသတကြီးအော်လာမှုသာ ဖခင်ဖြစ်သူ၏ စကားသံ ထန်ထန်ကြောင့် ဇွန်ပွင့် အံ့သြတကြီးလေး မော့ကြည့်မိသည်။

ရုတ်တရက်ကြီးမို့ ဒက်ဒီ နှုတ်ဖျားမှ ထွက်ပေါ်လာသောစကားဟု လုံးဝ မထင်မိ။

ဒါပေမယ့်လည်း မထင်မိသည့်ကြားက ဒက်ဒီ၏ မုန်တိုင်းထန်သောစကားများကို ဇွန်ပွင့်တကယ်ပဲ ရင်ဆိုင်ကြားလိုက်ရပါပြီလေ။

“ငါ မေးနေတာ နင် မကြားဘူးလား ဇွန်ပွင့်၊ ဥမ္မာ့အပေါ် ဘာဖြစ်လို့ ဒီလောက်ရိုင်းနေရတာလဲလို့ မေးနေတာ ပြောလေ၊ ဒီအိမ်မှာ အိမ်ထောင်ဦးစီး ငါ တစ်ယောက်လုံး ရှိသေးတယ်ဆိုတာ သတိရသေးရဲ့လား”

“အို… ဇွန်ပွင့်က ရိုင်းတယ်၊ ရိုင်းတယ်တဲ့လား”

ချစ်လှစွာသော ဒက်ဒီ၏ မျက်နှာက ဇွန်ပွင့်ဦး၏ သက်တမ်းတစ်လျှောက်မှာ တစ်ကြိမ်တစ်ခါမျှမကြုံဖူးထူးထူး

www.burmeseclassic.com



ကဲကဲ တင်းမာခက်ထန်လှန်းနေသလို နှုတ်ဖျားမှ ထွက်ပေါ်လာသော စကားလုံးတိုင်းကလည်း ပြင်းထန်လှန်းနေ၍ ဇွန်ပွင့် နှုတ်ခမ်းလေးကို ယောင်ယမ်း ကိုက်လိုက်မိသည်။

မျက်ဝန်းမှာလည်း မျက်ရည်များ အဆက်မပြတ် စီးဆင်းလာသည်မို့ ဇွန်ပွင့် တွေတွေကြီးရပ်ရင်း မျက်ဝန်းများကို အားလျော့စွာ ပိတ်ချလိုက်ပါသည်။

သမီးအရွယ် ဇနီးငယ်၏ မျက်ရည်ကြားမှာ အရည်ပျော်ပြီး 'ဟဲ့' ဟူပင် တစ်ခွန်း မဆိုဖူးသော ချစ်သမီးငယ်အပေါ် ဒက်ဒီ ဒေါသဖြင့် မအော်ဖူးအော်ငေါက်လေပြီ ဘကား။

ဆူဆူညံညံ အသံကြားသဖြင့် ဧည့်ခန်းထဲ အပြေးအလွှားဝင်ရောက်လာသော ဒေါ်နန်းမြလည်း ဦးကျော်ဦးစကားကြောင့် ဇွန်ပွင့် ရှိရာသို့ ရှေ့ဆက် မတိုးသာတော့..

စိတ်မကောင်းခြင်းကြီးစွာဖြင့် မြင်ကွင်းကိုခေတ္တစိုက်ကြည့်ပြီး အပြင်သို့ ပြန်ထွက်သွားရှာ၏။

"သိတဂူမှာနေရင် ဘယ်သူမဆို ငါ့စကားကို နားထောင်ရမှာပဲ၊ အားလုံး သင့်သင့်မြတ်မြတ်နေတာပဲ ငါမြင်ချင်တယ်၊ ဥမ္မာတို့မောင်နှမလဲ ဒီအိမ်သား စာရင်းဝင်ပဲ၊ နောက်ကို ကောင်းကောင်း မှန်မှန် ဆက်ဆံပါ၊ ဒီအိမ်မှာ ငါတစ်ယောက်လုံးလူကြီးရှိသေးတယ်၊ ကြားရဲ့လား ဇွန်ပွင့်"



"ပြောလေ၊ ငါ့ပြောတာ ကြားရဲ့လား"

ဇွန်ပွင့် ခေါင်းလည်းမညိတ်၊ ခေါင်းလည်း မခါဘဲ ပေကတ်ရပ်နေ၍လားမသိ။ ဦးကျော်ဦး ပို၍ဒေါသထွက်လာဟန်တူသည်။

သမီးဖြစ်သူကို ငုံ့ဆွဲဆောင့်လိုက်ရင်း....

"ဟေ့....ငါမေးနေတယ်လေ ဇွန်ပွင့်၊ ငါပြောတာ ကြားရဲ့လားလို့...."

ဇွန်ပွင့်မဖြေ။ လုံးဝ မဖြေ။ သူ့ကို မေးနေတာ မဟုတ်သည့် အလား၊ မထုံတက်သေး ပေကတ်ကတ်နှင့် အရှေ့တိုက် နေ၍....

"နင်က ငါ့ကို ခြေရာချင်းတူလို့ အာခံတာပေါ့လေ ဟုတ်လား၊ ဒါလောက်တောင် ဖြစ်လှတာ ကဲကွာ... ကဲကွာ"

ဦးကျော်ဦး၏ လက်တစ်ဖက်က မမျှော်လင့်ဘဲ ဇွန်ပွင့်ဦး၏ ပါးပေါ်သို့ အရှိန်ပြင်းစွာ ကျရောက်လာ၍ ဇွန်ပွင့် ယိုင်ထွက်သွားရ၏။

"ငါ့ကို အရွဲ့တိုက်ဦး၊ အာခံဦး"

ပါးစပ်က ပြောလည်းပြော၊ လက်ကလည်း ဆင့်ကဲဆင့်ကဲ ကျရောက်လာ၍....

"တော်တော့ မောင်ကျော် မင်းလွန်မယ်၊ မင်းလွန်မယ်နော်၊ သမီးကို တအားမရိုက်နဲ့"

မကြည့်ရက်တော့သော ဒေါ်နန်းမြက ဦးကျော်ဦးကို ဇွတ်အတင်း ဝင်ဆွဲရင်းမှ တားမြစ်သလို ဆိုရင်း ဇွန်ပွင့် ရှေ့မှ ဝင်ကာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ ကိုကိုကြီးရယ် တော်ပါတော့၊ တော်ကြာ ကိုကိုကြီး သမီးက ဥမ္မာ့ကြောင့် သူ့အဆူခံရ၊ အရိုက်ခံရတယ် ဆိုပြီး ဥမ္မာတို့ မောင်နှမကို ပိုမုန်းနေပါဦးမယ်၊ ကျော်ကလဲ ခြံထဲမှာပဲ နေမှာပါ၊ သီဘာကူကိုလာမနေပါဘူးတဲ့"

မဥမ္မာက ဦးကျော်ဦး လက်မောင်းတစ်ဖက်ကို ဆွဲဖက်ရင်း ဖျောင်းဖျသလို ဆိုလာသဖြင့် ဦးကျော်ဦး က ခေါင်းခါ၏။

"မလိုပါဘူးကွာ၊ သူလဲ မိသားစုဝင်ပဲ ဥစ္စာ၊ ဒီမှာ အတူ လာနေရမှာပေါ့"

အမှတ်ယူပြုံးရင်း ယူနေသော မဥမ္မာကို ဇွန်ပွင့်မှုန်တီး လွန်းစွာ စိုက်ကြည့်လိုက်ပြီး နှုတ်ခမ်းကို ပြတ်လုမတတ် တင်းကျပ်စွာ ကိုက်မိချိန်မှာတော့....

"အာ့...."

နှုတ်ခမ်းဆီမှ ပူခနဲဖြစ်သွားပြီး သွေးများ ဖြာကျလာ၍ နှုတ်ခမ်းပေါက်သွားပြီမှန်း သိလိုက်ရ၏။

ဒါပေမယ့်လည်း ဇွန်ပွင့် နှုတ်ခမ်းကို ကိုက်ထားရာမှ မလွှတ်မိပါ။

ယခုအချိန်မှာ နှုတ်ခမ်းမှ ဒဏ်ရာထက် ဒက်ဒီနှင့်မဥမ္မာ အပေါ် နာကြည်းစိတ်က ပိုပြင်းထန်နေ၊ နာနေသည်ပဲ လေ။

မဥမ္မာကတော့ အောင်နိုင်သူပီပီ ကြွာမူပါပါ မျက်



လုံးလေးများ ထောင့်ကပ်၍ ပြုံးရွှင်စွာ ညုနေ ခရာနေ တာနေဆဲ။

"နော်...ကိုကိုကြီးနော်၊ ဥမ္မာလဲ တစ်ခါတလေခြံထဲ မှာပဲ သွားနေပါ့မယ်"

"ဘယ်ဟုတ်မလဲ ဥမ္မာရဲ့၊ ဒါ ဥမ္မာ့အိမ်ပဲ ဥစ္စာ၊ ဘယ်မှာမှ သွားနေစရာ မလိုပါဘူး၊ လင်ရှိတဲ့နေရာမှာပဲ မယား နေရမှာပေါ့၊ မောင်ထွန်းကျော်ကိုလဲ ဒီမှာလာနေဖို့ ကိုကိုကြီး ပြောလိုက်ပါ့မယ်၊ ဒီမောင်နှမ နှစ်ယောက်တည်း ရှိတာပဲ၊ အစ်မရှိတဲ့အိမ်မှာ မောင်လဲ လာနေချင်မှာပေါ့၊ သမီးမိုက်ကြောင့် အိမ်လာမနေဘူးဆိုရင် ကိုကိုကြီး စိတ်ကောင်းနိုင်ပါ့မလား"

"အို...ကိုကိုကြီးရယ်၊ ဥမ္မာပျော်လိုက်တာ၊ ဒါကြောင့် ကိုကိုကြီးကို ဥမ္မာ အားကိုးတာ၊ ချစ်တာ သိလား"

ဇနီးသည်၏ အချွဲအဘာ ကြားမှာ ဒက်ဒီ့မျက်နှာက ဟန်မဆောင်နိုင်လောက်အောင် ပြုံးပန်း တဝေဝေ ဖြစ်နေ၍....

"ဩော်....မာမီ သေတာခဲတောင် နှစ်မကျူးသေးဘူး၊ ဒက်ဒီကတော့ မိုးမမြင် လေမမြင် ပြုံးပျော် နေပါရောလား"

ဇွန်ပွင့်ရင်မှာ မိခင်အတွက် ဝမ်းနည်းစိတ်၊ မခံချင်စိတ်၊ နာကြည်းစိတ်များက ရင်နှင့်မဆံ့ ပွင့်အံ ထွက်လာရသည်မို့ နားနှစ်ဖက်ကို တင်းကျပ်စွာ ပိတ်လိုက်ရင်း ဧည့်ခန်းထဲမှ ကမူးရှူးထိုး ပြေးထွက် လာခဲ့မိတော့၏။

www.burmeseclassic.com



မျက်ရည်စများ အိုင်ထွန်းနေသော ဇွန်ပွင့်၏မျက်ဝန်း အိမ်ထဲမှာတော့ တမလွန်ရောက် ချစ်လှစွာသော မာမီ၏ သနားစဖွယ်မျက်နှာလေးက ဝဲဝဲတလည်လည်ရယ်ပါ။

* * *

## အခန်း (၂)

''တောက်''

ပြင်းထန်စွာ တောက်တစ်ချက် ခေါက်ရင်း ဇွန်ပွင့် မှန်တင်ခုံရှေ့မှ ထရပ်လိုက်မိသည်။

ရင်ထဲမှာ မာမီ့အတွက် ခံစားရမှုများ၊ ခံပြင်းမှုများ၊ ဒက်ဒီ့ကို မကျေနပ်မှုများက၊ ရင်နှင့်မဆံ့တော့သလိုပါပဲ။

ဖြစ်များဖြစ်နိုင်လျှင် တမလွန်မှ မာမီကို တိုင်တည်ပြီး ဒက်ဒီ၏မယုံနိုင်စရာ ကောင်းလောက်အောင်ပြောင်းလဲနေသော အပြုအမူများအားလုံး မျက်ဝါး ထင်ထင် ပြလိုက်ချင်ပါ၏။

လင်ယောကျ်ားအပေါ် ယုံကြည်လွန်းသော၊ ဒက်ဒီ့အပေါ် ချစ်ရှာလွန်းသော မာမီကတော့ ဒါတွေသိလျှင်လည်း 'သမီးရယ်....ဒက်ဒီ့ကို ခွင့်လွှတ်လိုက်ပါ' ဟု ကြံဖန် ခွင့်လွှတ်စိတ် မွေးပြီးဖျောင်းဖျဦးမည်လား မပြောတတ်ပါ။



ဇွန်ပွင့်ကတော့ လုံးဝခွင့်မလွှတ်နိုင်။ ခွင့်လည်း ခွင့်မလွှတ်ချင်။

တစ်သက်လုံး လက်ဖျားနှင့်တောင် မထိခဲ့ဖူးသော မိမိပါးကို မယားငယ်နှင့် မတည့်သည့် ပြစ်ချက်ကြောင့် ရက်ရက်စက်စက် ရိုက်ရက်သော ဒက်ဒီကို ဇွန်ပွင့် စိတ်နာမိပါသည်။

ငေးရင်းမှပင် ဇွန်ပွင့်လက်များက ယောင်ယမ်း၍ ပါးမို့လေးများကို စမ်း မိ လျက် သား ဖြစ်သွား ရ၏။ မျက်ဝန်းများက ကြည့်မှန်ဆီသို့ ရောက်သွားရသည်။

ရင်ထဲမှ ကျဉ်ခနဲအောင် နာသည့် အဖြစ်လေ။

ကြည့်မှန်ထဲမှာတော့ ဇွန်ပွင့်၏ မျက်ဝန်း လက်လက်များနှင့်အပြစ်ကင်းစင်သော မျက်နှာမွဲမွဲလေးက တစ်မျိုး ချစ်စရာကောင်းနေသလို ကရုဏာသက်စဖွယ်လည်း ဖြစ်နေ၏။

ရှမ်းသွေးနှောသူမို့၊ ဖြူဝင်းမိုပြည်သော အသား၊ ဖောင်းမို့သော မျက်ခွံအောက်မှ မျက်ဝန်းနက် တစ်စုံနှင့် မျက်တောင်ကော့ကြီးများ။

မဟာဆန်သော နဖူးပြင်ထက်မှ ဆံယဉ်နုလေးများနှင့် ဆံတံခွန် ချွန်ချွန်လေးက ထူးခြား၍ ချစ်စဖွယ်ကောင်းလွန်းနေသလို၊ စင်း၍လိုက်ကာထင်ရှားသောနှာတံ၊ သေသပ်လှပသည့် နှုတ်ခမ်း ထူထူလေးများ။

ပန်းရောင်သွေး ထနေသော ပါးမို့မို့ လေးများဖြင့် စုပေါင်းထားလေသည့် မျက်နှာဖူးဖူးလေးလေး ဇွန်ပွင့်ဦး

www.burmeseclassic.com

www.burmeseclassic.com



၏ အလှကို ဘယ်သူနှင့်မှ မတူရလေအောင် စည်းခြားပေး ထားသကဲ့သို့ပါ။

ပိုးတွန့်ဘလောက်အင်္ကျီ စိမ်းပြာရောင်တောက်တောက် လေးအောက်မှ ဇွန်ပွင့်၏ ခန္ဓာကိုယ် ဖွဲ့စည်းပုံကလည်း ခါး၊ တင်၊ ရင်စားလုံး အပြစ်ပြောစရာ မရှိအောင် အသက်ရှူမှားဖွယ် အထိ။

နက်မှောင်၍ ပိုးသားနှယ် ပြောင်လက်နေသော ဆံပင် ရှည်ကြီးများကလည်း ဇွန်ပွင့်၏ ခြေဖမိုးထက်မှာ ဖရိုဖရဲ ဝဲကျနေသည်မို့ ဇွန်ပွင့်အလှက မြင်ရသူတိုင်း၏ ရင်ကို လှုပ်ခါစေသော နတ်သမီးမယ်၏အလှအသား။ တကယ့်ကို ချစ်စဖွယ်၊ နုနုနယ်နယ်နှင့် တင့်တယ်လွန်းလှ၏။

သည်သို့သော အလှပိုင်ရှင်မိန်းကလေးမှာမှ စိတ်သောက များက ခွဲခြားမရအောင် ဒွန်တွဲနေသည်ဆိုလျှင် ကြားရ သူတော့ ယုံမှယုံနိုင်ပါ့မလား မသိ။

ဇွန်ပွင့်ကတော့ အချိန်တိုင်းမှာ တကယ်ပဲ စိတ်ညစ် နေရသည်။

မာမီမျက်ကွယ်ပြုပြီ ဆိုကတည်းက အပျော်ဆိုတာ ဇွန်ပွင့်ဘဝထဲမှာ လုံးဝ မရှိတော့။

မာမီနှင့်အတူ ဇွန်ပွင့်၏ အပျော်စိတ်များ အားလုံး ဆိတ်သုဉ်းသွားခဲ့ရပါပြီ။

အခုလည်း ဘာရယ်မဟုတ်။ ဆံပင်ရှည်ကြီးများကို ဖြီးသင်ရင်းမှ ချစ်လှစွာသော မာမီ့ကို ဖျတ်ခနဲ သွား



သတိရမိတော့ မာမီ့ကို သတိရ တမ်းတစိတ်နှင့်အတူ မျက်ရည်များက မျက်ဝန်းအိမ်မှာ ဝေသီလာရပြန်သည်။

သည်ဆံပင်ရှည်ကြီးများကို ဇွန်ပွင့်နည်းတူ မာမီ ကလည်း အမြတ်တနိုး တန်ဖိုးထား ချစ်ခဲ့သည်ပဲ။

ဇွန်ပွင့် ခေါင်းလျှော်ပြီးစ ဖြန့်ချထားသည့်အခါများ ဆိုလျှင်….

“မာမီ့ သမီးရဲ့ မျက်နှာနုနုလေးနဲ့ ဟောဒီဆံပင်ရှည် ကြီးတွေ သိပ်လှတာပဲ သမီးရယ် မာမီချစ်လိုက်တာ”

ဟု မာမီ တဖွဖွ ပြောတတ်မြဲ ဖြစ်သလို ဇွန်ပွင့်၏ နဖူးလေးကို ချစ်စနိုး ငုံနမ်းကာ ဆံ ပင် လေး များ ကို လက်ဖြင့် ဖွဖွကိုင်ကာ သပ်တင်ပေးတတ်မြဲ။

ဇွန်ပွင့် ဆံပင်များကို မာမီကိုယ်တိုင် တစ်ပတ်နှစ်ခါ ခေါင်းလျှော်၍ တယုတယ ရှင်းလင်းပေးမြဲ၊ အုန်းဆီ ထည့်ပေးမြဲ မဟုတ်ပါလား။

အခုများကျတော့….

“ဟင်း….”

အတွေးများဆို ဆုံးအောင် ဆက်မတွေးရဲတော့သည် သက်ပြင်းရှည်ကြီး တစ်ခုကိုသာ ဇွန်ပွင့် ကျိတ်၍ ရှိုက်လိုက်မိသည်။

အခြေအနေ အားလုံးက ပြောင်းလဲခဲ့ပြီပဲလေ။

ဇွန်ပွင့်ဘဝလေးကို နွေးထွေးသော ယုယမှုများနှင့် အကြင်နာ မေတ္တာ ပေးရှမ်းနေကျ အကြင်နာရှင်ပန်းက

www.burmeseclassic.com

www.burmeseclassic.com



မာမီနှင့်အတူ ထ်ာဝရ ပျောက်ကွယ်သွားခဲ့တာ ကြာ တောင်ကြာခဲ့ပြီပဲ။

သီဘာဂူမှာ ဘာလူနှင့်မေနန်းကလွဲလျှင် ဇွန်ပွင့်ကိုချစ်ခင်ကြင်နာစွာ ဆက်ဆံမည့်သူ ဂရုစိုက်မည့်သူ မရှိတော့ပါ။

ဟိုယခင်က ဇွန်ပွင့်ရင်ကို အေးငြိမ်း ချမ်းမြေ့စေခဲ့သော ပျော်ရွှင်ဖွယ် ရိပ်မြုံသီဘဂူကသည်း ပူလောင်မှုများ၊ ဗိတ်သောကများဖုံးလွှမ်းနေသော သောကစံအိမ်ကြီးဖြစ်လို့နေပေပြီ။

ဇွန်ပွင့်၏ တင်ဦးတည်းသော ဆွေမျိုး အရင်းအချာဖြစ်သည့် ဖခင်ဖြစ်သူ ဒက်ဒီကလည်း သမီးထက် ပိုချစ်မြတ်နိုးရမည့်အချစ်သစ်နှင့်တွေ့နေလေပြီမို့ သည်အိမ်ကြီးမှာ ဇွန်ပွင့် ဘယ်သို့မှ မပျော်ပိုက်တော့။

အချိန့်ရှိသရွေ့ အားငယ်သော အတွေးများဖြင့်သာ မှုန်းကျုပ်နေ့ယည်။

အခုလည်း အိမ်မှာ ဒက်ဒီကော မဥမ္မာရော နှစ်ဦးစလုံး ရှိကြ၍ ဇွန်ပွင့်တစ်ကိုယ်တည်း ရောက်တတ်ရာရာ အတွေးများနှင့် တွေဝေ ငေးမောနေဆဲ။

''ဟော...သမီးလေး ခေါင်းလျှော်ပြီးတာ ကြာပြီ၊ အခုထိ ဆံပင်မရှင်းရသေးဘူးလား''

အခုထိ ဆံပင်များကို ရေပင်အောင် မသုတ်သေးဘဲ တိုင်ေနသော ဇွန်ပွင့်ကိုတွေ့လိုက်ရ၍ ဒေါ်နန်းမြ အခန်းတွင်းသို့ ဝင်လာပြီး ဆံပင်များကို ရေစင်အောင် သုတ်ပေးလေသည်။



''ကြည့်စမ်းပါဦးကော်၊ တကတဲ ရေစက်လက်ကြီးကိုများ မသုတ်ဘဲ ထိုင်နေလိုက်တာ၊ အအေးမိတော့မှာပဲ ပေးပေး မေနန်းကိုဘီးပေး၊ ဆံပင်ရှင်းပြီး အုန်းဆီပါ တစ်ခါတည်း ထည့်လိုက်မယ် ဟုတ်သား''

ဆံပင်ရှည်ကြီးကို ဖိတ်ရှည် လက်ရှည် ရှင်းပေးရင်းမှ တစ်ဆက်တည်း မေနန်းက အုန်းဆီပါ ထည့်ပေးနေ၍ ဇွန်ပွင့် ငြိမ်နေလိုက်ရသည်။

မေနန်းကတော့ ဇွန်ပွင့်ဆံပင်ရှည်ကြီးများကို တယုတယ ကိုင်တွယ်ရင်း သဘောတကျကျဖြစ်၍ မဆုံး။

''မိန်းမတို့ဘုန်း ဆံသုံးဘဲ၊ ကောင်းလိုက်တဲ့ ဆံပင်တွေ သမီးရယ်၊ ဆံထုံးနုနုကလေးနဲ့ နွယ်နေတာကိုက တစ်မျိုးကျက်သရေရှိနေတာ၊ ဆံပင်၏ကောင်းခြင်းကလဲ မိန်းကလေးအတွက် အလှဘစ်ပါးပဲ သမီးရဲ့၊ မေနန်းသာ ယောကျ်ားလေးဆိုရင်တော့ သမီးကိုမြင်တာနဲ့ တစ်ခါတည်း ခိုးပြေးချင်အောင် တအားကြိုက်သွားမှာပဲတော်၊ တကယ်ပါပဲ၊ ကြည့်လေလှလေနဲ့ငါ့သမီးက သိပ်လှတာ''

အားမလိုအားမရ စကား ဆိုနေ၍လည်း ဇွန်ပွင့် အလန့်ယကြား ခေါင်းခါမိသည်။

''တော်ပါပြီ မေနန်းရယ်၊ မေနန်းနဲ့ ဘာလူနဲ့ပဲ သမီး ပျော်ပျော်နေပါရစေ၊ ဘယ်ယောကျ်ား ကြိုက်တာမှလဲ မပါနဲ့စေနဲ့၊တစ်ချိုကွယ် တစ်မယ်မေ့ဆိုတဲ့စကားကြီးကို ကြောက်ပါဘယ်၊ ဒက်ဒီကိုပဲ ကြည့်ပါလား၊ မာမီဆုံးလို့

www.burmeseclassic.com



ဇွန်ပွင့်တို့တောင် မျက်ရည်မခြောက်သေးဘူး၊ သူကတော့ အချစ်သွင်နဲ့ ပျော်နေပြီ....

"ဇွန်ပွင့်ကတော့ တွေးမိတိုင်း မာမီ့ကိုပဲ သိပ်သနားတယ် မေနန်းရယ်"

"စိတ်မကောင်းစရာတွေချည်း အမြဲတွေးမနေပါနဲ့လား သမီးရယ်၊ ဖြစ်ခဲ့ပြီးသမျှအပေါ် မေတ္တာစိတ်နဲ့ ခွင့်လွှတ်နိုင်ဖို့ပဲ ကြိုးစားစမ်းပါ၊ ငါ့သမီးလေး စိတ်အေးချမ်းလာပါလိမ့်မယ်"

ပြောရင်းမှ မျက်နှာညိုသွားသောဇွန်ပွင့်ကို မေနန်းကတော့ ချော့မော့နှစ်သိမ့်ရင်းမှ နောက်ဇနီးအပေါ် ခွင့်လွှတ်စိတ်မွေးနိုင်အောင်ကြိုးစားဖို့ပဲ တိုက်တွန်းရှာ၏။

ဇွန်ပွင့်ကတော့ ခွင့်မလွှတ်နိုင်ပါ။ အံကိုသာတင်းတင်းကိုက်ရင်း ခေါင်းကို အတင်ခါယမ်းနေမိသည်။

ဇွန်ပွင့်၏ဘဝတစ်လျှောက် နေထိုင်ကြီးပြင်းခဲ့ရသော သည်မိသားစု ပတ်ဝန်းကျင်၏ရှုပ်ထွေးရက် အပြောင်းအလဲဒဏ်ကို ဇွန်ပွင့် ခါးစည်းခံနိုင်စွမ်း မရှိပါသေး။

ရက်စက်လှန်းသော ဒက်ဒီ့ကိုလည်း ရင်ထဲမှာနင့်နေအောင် နာကြည်းမိသည်မို့ မျက်နှာလေးကို ဆတ်ခနဲ မော့ပစ်လိုက်မိသည်။

"ဇွန်ပွင့်ကတော့ ဘယ်တော့မှခွင့်မလွှတ်ဘူးမေနန်း၊ မေတ္တာစိတ်ထားနိုင်ရင် အေးချမ်းမှု ရနိုင်တယ်ဆိုတာ သိပေမယ့် ဇွန်ပွင့်တစ်ကိုယ်လုံး စိတ်ဒေါသနဲ့ ထာဝစဉ် လောင်မြိုက်ချင်လောင်မြိုက်နေပါစေတော့၊ ပူလောင်တဲ့ဒဏ်ကိုပဲ အားတင်းပြီး ခံလိုက်မယ်၊ ဒက်ဒီနဲ့ ဒီမိန်းမယုတ်ကိုတော့ ဘယ်တော့မှ ခွင့်မလွှတ်ဘူး၊ ဒက်ဒီကိုလဲ မုန်းတယ်၊ သိပ်မုန်းတယ်၊ သိလား"



ရင်ထဲမှာ ခံစားရလွန်း၍ စကားကိုပင် ပြောသင့် မပြောသင့် ချင့်ချိန်စဉ်းစားမနေတော့ဘဲ ဇွန်ပွင့် ပြောချင်ရာကိုသာ ဇွတ်ပြောချပစ်လိုက်သဖြင့် မေနန်းမျက်လုံးပြူးသွားရှာ၏။

"ဟဲ့...ကြည့်စမ်း၊ ဘယ်လိုပြောလိုက်တာလဲ ကလေးရယ်၊ ငရဲတွေဘာတွေကြီးကုန်တော့မှာပဲ၊ ကိုယ့်အဖေကို ဒီလိုမျိုး မပြောရဘူးလေ၊ ပြန်ကန်တော့လိုက် သမီး၊ ခု ပြန်ကန်တော့လိုက်...."

"သွားလေ၊ ဘုရားခန်းမှာ သွားကန်တော့ချေ၊ မွေးကျေးဇူးရှင် အနန္တငါးပါး ဂိုဏ်းဝင် ဖခင်ကို မပြစ်မှားတော့ သမီးရယ်၊ ငါ့သမီးလေးဟာ အလိမ္မာလေးပါ၊ သိလျက်သားနဲ့ ဇွတ်တိုး မမိုက်ချင်ပါနဲ့ကွယ်"

ဒေါ်နန်းမြကြာ ပျာပျာသလဲ ဟန့်တားမှုင်း၊ ဘုရားခန်းသို့ ဇွတ်တွန်းပို့နေ၍ ဇွန်ပွင့် နေရာမှ ထလိုက်ရသည်။ သည်လိုကျတော့လည်း ဇွန်ပွင့် သူ့အမှားကို သူသိသဖြင့် ဇွတ်မနေကတော့ပြီး အရှုံးမတိုက်ပါ။

အသာတကြည်ပဲ နေရာမှထကာ ဘုရားဝတ်ပြုရင်း ပင်ပြစ်မိသူကို ဖျစ်ဆက်တည်း ကန်တော့၍ မိုက်မှားမိသော အပြစ်အတွက်ချက်ချင်း ပြန်တောင်းပန်လေသည်။

www.burmeseclassic.com

ဘုရားခန်းမှအထွက် နားနေခန်း အဝင်ဝတွင် ချိတ်ထားသော ဓာတ်ပုံထဲမှ ဒက်ဒီနှင့် မာမီကသည်း သမီးဖြစ်သူကို ခွင့်လွှတ်သည့် ဟန်ပြုံးပြုံးကြီး စိုက်ကြည့်နေသလိုမို့ ဇွန်ပွင့် မျက်နှာလေး ပြုံးယောင်ယောင် ဖြစ်သွားရသည်။

ဒါပေမယ့်လည်း မကြာလိုက်ပါ။ ဇွန်ပွင့် မျက်နှာလေးက ချက်ချင်းပဲ ပြန်မှဲ့သွားရ၏။

တကယ်တမ်း ဇွန်ပွင့် ကန်တော့နေသည့် ဒက်ဒီနှင့်မာမီ၊ ဇွန်ပွင့်ကို ချစ်မြတ်နိုးစွာ ပြုံး၍ စိုက်ကြည့်နေသော ဒက်ဒီနှင့် မာမီကပြင်ပမှ သက်ရှိထင်ရှား လူသားအစစ်မှ မဟုတ်ပေဘဲလေ။

ဓာတ်ပုံကြီးထဲမှ သက်မဲ့ရုပ်ဝတ္ထုသက်သက်မိဘ နှစ်ပါးပေပဲ။

ရင်ထဲမှာ ဆောက်တည်ရာ မရသလို ဖြစ်လာသည်မို့ ဇွန်ပွင့် ဘုရားခန်းထဲ ပြန်ဝင်ရင်း၊ ဘုရားစင် ရှေ့မှာ ကျုံ့ကျုံ့လေးထိုင်၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဖြစ်ပျက်၊ ချုပ်ငြိမ်း၊ လက္ခဏာတရားသုံးပါးကို ထပ်တလဲလဲ ဆင်ခြင်ရင်း စိတ်ကိုမပျံ့လွင့်ရအောင် ပုတီးစိပ်နေမိသည်။

ဒီချိန်မှာ ဘုရားရိပ်၊ တရားရိပ်မှ တစ်ပါး ဇွန်ပွင့် အားကိုးအားထားပြုရာ နားခိုရာ အခြား မရှိနိုင်တော့ပါပြီလေ။

ဝေနေယျ သတ္တဝါ အပေါင်း၏ မှီခို အားထားရာ မဟာကရုဏာသခင်ရှင်တော်မြတ်ဘုရား၏ တရားရိပ်သည်



သာ ထာဝစဉ် ပူလောင်နေသော ဇွန်ပွင့်ဦး၏ စိတ်သောကဝေဒနာများကို အေးချမ်းအောင် ဖြေသိမ့်ပေးနိုင်တော့မည်တကား။

* * *

## အခန်း (၃)

"အား...ပါး၊ မွှေးလိုက်တာ"

ပြတင်းတံခါးအဖွင့်မှာ အလုအယက် ဝင်ရောက်လာသော လေနုအေးက သင်းပျံ့သော မွှေးရနံ့ကို သယ်ဆောင်လာ၍ ဇွန်ပွင့်ဦး၏ မျက်ဝန်းများက ချက်ချင်းလိုလိုပင် ခြံထောင့်ရှိ ဇွန်ပန်းရုံကြီးများ ရှိရာသို့ ရောက်ရှိသွားရ၏။

"အို... ကြည့်စမ်း၊ ဇွန်ပန်းတွေ ပွင့်နေပြီပဲ"

ဇွန်ပန်းဖြူဖြူလေးများ ဖွေးဖွေး လှုပ်အောင်ပွင့်နေသော ဇွန်ပန်းရုံကြီးကို တွေ့လိုက်ရ၍လည်း ဇွန်ပွင့် မျက်နှာလေးမှာ ရွှင်ပြုံးခြင်း အရိပ်များ ရိတ်ခတ်လာသည်။

ဘုရားပန်းတင်လိုသည့် ဆန္ဒကြောင့် မေနန်းရှိရာမီးဖိုထဲသို့ မသွားဖြစ်တော့။

ပလတ်စတစ်ပန်းခြင်းလေးကို ဆွဲယူလိုက်ပြီး ပန်းရုံရှိရာသို့ ဇွန်ပွင့်တစ်ဦးတည်းပဲ ဆင်းလာခဲ့သည်။

www.burmeseclassic.com



ဒက်ဒီ အခန်းတံခါးကတော့ပိတ်သွားဆဲပဲ ရှိနေသည်မို့ ဒက်ဒီအိပ်ရာမှ နိုးသေးဟန်မတူ။

မဥမ္မာတို့ မောင်နှမအရိပ်အယောင်ကိုလည်း မတွေ့ရသည်မို့ ဇွန်ပွင့် စိတ်အေး လက်အေးပဲ ဇွန်ပန်းပွင့်လေးများ ခြွေခူးနေမိ၏။

သူတို့နှင့်မျက်နှာချင်းဆိုင်မိမှာစိုး၍ ရှောင်ရှားနေရတာကိုက ဇွန်ပွင့်အတွက် အလုပ်ပိုတစ်ခု ဖြစ်မှန်းမသိဖြစ်ခဲ့တာကြာခဲ့ပြီ။

ဘာရယ် မဟုတ်ပေမယ့် ဇွန်ပွင့် သူတို့မောင်နှမ နှစ်ယောက်စလုံးကိုခါးခါးသီးသီး မုန်းတီးမိသည်။ လုံးဝ မျက်နှာချင်းမဆိုင်ချင်။

ဒက်ဒီ မျက်နှာသာပေးလွန်းသဖြင့် သီဟဂူမှာ ဘုရင်တစ်ဆူလို မင်းမူချင်တိုင်း မင်းမူစ ပြုလာသော သူတို့နှစ်ယောက်၏အပြုအမူ အနေအထိုင်များကိုလည်း လုံးဝ ကြည့်မရ။

ဇွန်ပွင့်ရင်ထဲမှာ သီဟဂူ၏ အိမ်သခင်အဖြစ် ထာဝစဉ်ကြီးစိုးနေသူက မာမီဒေါ်ခင်စောသွဲ့ တစ်ဦးတည်းသာ မဟုတ်ပါလား။

သေသောသူကြာလျှင် မေ့ဆိုသည့် စကား က လည်း ဇွန်ပွင့်ဦးအတွက်တော့ မမှန်ကန်နိုင်ပြီလားမသိပါ။

ဇွန်ပွင့် မာမီ့ကို နေ့တိုင်းသတိရနေ အောက်မေ့နေမိသည်မို့ တစ်ကိုယ်တည်း ပန်းခူးရင်း အတွေးတို့က လျှောက်တတ်ရာရာ ပြန့်ကျဲနေသည်။



"ဟော.... ဇွန်ပွင့်"

"ဟား.... ရှာလိုက်ရတာကွာ၊ ငါ့ ဖက် ရည် လာ မသောက်လို့ ဘယ်များသွားသလဲလို့၊ လက်စသတ်တော့ ဇွန်ပွင့်က ဒီမှာ ပန်းလာခူးနေတာကိုး၊ တစ် ယောက်တည်းဆို အကြာကြီးခူးနေရမှာပေါ့ကွ၊ တို့ပါကူခူးပေးမယ်လေ"

နောက်ဘက်ဆီမှ ရုတ်တရက်ထွက်ပေါ်လာသောအသံကြောင့် ဇွန်ပွင့်မျက်နှာလေး နောက်ဘက်သို့ လှည့်ကြည့်မိလျက်သားဖြစ်သွားရသည်။

"ဘယ်လိုလဲ ဇွန်ပွင့်၊ တို့ ကူခူးပေးရမလား"

ဒက်ဒီ၏ကောင်းမှုကြောင့် ဆိုင်းမပါ ဗုံမပါ အိမ်ပေါ်သို့ ဗြုန်းစားကြီး အခန့်သား ရောက်ရှိလာသော မိထွေးတော် မဥမ္မာ၏မောင် ထွန်းကျော်က ဇွန်ပွင့်ကို ပြုံးပြုံးကြီးစိုက်ကြည့်ရင်း တရင်းတနှီး စကားဆိုနေ၍ ဇွန်ပွင့်မျက်နှာလေး ရုတ်ခြည်း တင်းမာခက်ထန်သွားရသလို ခန္ဓာကိုယ်ကလည်း နေရာမှ ဆက်ခနဲ ထရပ်ပြီး ဖြစ်သွား၍ ခူးလက်စ ပန်းခြင်းကိုဆွဲယူကာ အိမ်ဘက်သို့ပြန်ဖို့ ခြေလှမ်းပြင်လိုက်မိသည်။

သည့်လိုလူသို့ ဇွန်ပွင့်ဘယ်နည်းနဲ့မှ အရေးတယူစကားပြောလိုစိတ်မရှိ၊ ရိုင်းတယ်ပြောပြော ယဉ်တယ်ပြောပြော ရှောင်ကြဉ်တာသာ အကောင်းဆုံးမို့ နေရာမှ လှည့်အထွက်....

"ဟေ့...."

www.burmeseclassic.com

www.burmeseclassic.com



"နေဦးလေ"

ထွန်းကျော်၏ လက်တစ်ဖက်က ဇွန်ပွင့်၏ ပန်းခြင်းကိုင်ထားသောလက်ကို ရဲတင်းစွာ ဖမ်းဆုပ်လာသဖြင့်....

"ဒါလောက်တောင် ဖြစ်လှတာ...."

ဇွန်ပွင့်၏ ကျန်လက်တစ်ဖက်က ဒေါသနှင့်အတူ ထွန်းကျော်၏မျက်နှာဆီသို့ ရှော်ခြည်း မြောက်တက်သွားရ၏။

ဒေါသစိတ်ကြောင့် လူတစ်ကိုယ်လုံးလည်း တုန်ယင်လာသည်။

"ဟာ... ဒီလိုမလုပ်နဲ့လေ"

ထွန်းကျော်ကလည်း ဇွန်ပွင့် ဒေါသတကြီးဖြစ်သွားမှန်းရိပ်မိသွား၍လားမသိ။ ကိုယ်ကိုရို့ကာ နောက်ဆုတ်လိုက်ပြီး ချက်ချင်းပဲ ရယ်သွမ်းသွေးကာ ဇွန်ပွင့်လက်ဘလေးကို ကမန်းကတန်း ပြန်လွှတ်ပေးလိုက်သည်။

ဇွန်ပွင့်မျက်နှာလေးက ဒေါသရှိန်ကြောင့် ရွာတော့မည့် မိုးလို ညို့မှိုင်း နေရုံသာမက မျက်ဝန်းများကလည်း စူးရှတောက်ပစွာ ထွန်းကျော် တစ်ကိုယ်လုံး အစိမ်းလိုက် ဝါးစားတော့မည့် အလား စူးစိုက်ကြည့်နေသဖြင့် ထွန်းကျော် နေတတ်ပုံမရတော့။

တစ်ချက် ရယ်လိုက်ရင်း လေပြည်သွေးစကားဆို၏။

"အဟင်း....ဇွန်ပွင့်ကလဲကွာ ဒေါသကြီးလိုက်တာ၊ တို့က တစ်အိမ်တည်းနေတဲ့သူ အချင်းချင်းမို့ ရင်းနှီးလိုစိတ်နဲ့ ပန်းကူခူးပေးမယ် ပြောတာပါ၊ တို့စကားထဲ



မှာ ဒေါသထွက်စရာ ဘာပါနေလို့လဲ၊ အစ်ကိုကြီးကလဲ ဇွန်ပွင့်ကို သင့်သင့်မြတ်မြတ်နေဖို့ ပြောထားပြီးသား ဆိုလို့ပါကွ၊ လက်ကိုင် မိတာလောက်လေးနဲ့တော့ ဒီလောက် ဒေါသမကြီးသင့်ပါဘူး၊ ဘာလဲ တို့က ဇွန်ပွင့်နဲ့ အဖက်မတန်လို့လား"

"ဘာ...."

"ဟာ....လန့်လိုက်တာကွာ"

မုန်းတီးလွန်းစွာ စိုက်ကြည့်ရင်း ဆောင့်အော်လိုက်သော ဇွန်ပွင့်အသံက တော်တော်လေး ကျယ်သွားသဖြင့် ထွန်းကျော် တကယ် လန့်သွားပုံရသည်။

ဇွန်ပွင့်ကိုသည်း တအံ့တသြ မော့ကြည့်နေ၍....

"ဒီမှာ၊ နောက်ကို ငါ့အသားထိဖို့ ဘယ်တော့မှ မကြိုးစားနဲ့၊ ငါက နင့်အစ်မလို လူပေါင်းစုံကို လက်သင့်ခံ မျက်နှာချိုသွေးတဲ့ အမျိုးအစားထဲက မဟုတ်ဘူး သိရဲ့လား၊ ဒူးနေရာဒူး၊ တော်နေရာတော်၊ ကိုယ့်နေရာကိုယ် သိတတ်ပါ၊ ငါ့ကို လာကူညီရအောင်လဲ ငါက ခြေလက်မဲ့နေတဲ့ ဒုက္ခသည် မဟုတ်ဘူး၊ ဘာမှ လာကူညီနေစရာ မလိုဘူး၊ ဒါ ငါ့အိမ် ငါနေချင်သလိုနေမယ်၊ ဘယ်သူ ဘာပြောပြော ငါနားထောင်ချင်မှ ထောင်မယ်၊ အမိက ငါ့ကို လာမနှောင့်ယှက်ဖို့ပဲ"

ဇွန်ပွင့် ဒေါသဖြင့် ဆက်တိုက် ပြောချပစ်လိုက်ပြီး နေရာမှ လှည့်အထွက်၊ တစ်ကိုယ်လုံးရှိ ပစ္စည်းမှန်သမျှကို ရိုးတည်ထက် ပိုမို လှုပ်ခါ၍ ကန့်ကလျ လမ်းလျှောက်

www.burmeseclassic.com

www.burmeseclassic.com



လာသော မဥမ္မာနှင့် တန်းတိုးနေ၍ ဇွန်ပွင့်မျက်နှာလေး က နဂိုနေထက် ပိုကင်းမာပြီး အရှားမှ ခြေသံပြင်းပြင်း နှင့် ဖြတ်လျှောက်သွားလေတော့သည်။

ထွန်းကျော် ပခုံးတွန့်ရင်း ခေါင်းခါခန့် ရယ်ကျန်ခဲ့ သဖြင့်....

"ဘာဖြစ်နေတာလဲ ကျော်"

ထွန်းကျော်ကို တစ်လှည့်၊ ခြေသံပြင်းပြင်းနှင့် လှည့် ထွက်သွားသော ဇွန်ပွင့်ကို တစ်လှည့် လိုက်ကြည့် ရင်း မဥမ္မာက ဘာမှ နားမလည်ဟန်နှင့် စူးစမ်းသလို မေး လာသည်။

"ပြောလေ ကျော်ရဲ့ ဟိုဟာမလေးနဲ့ ဘာဖြစ်နေ တာလဲလို့"

"အဟင်း...ဘာဖြစ်ရမှာလဲ ဥမ္မရဲ့၊ မမသမီးက ကျွန်တော့်ကို ပညာပေးနေတာလေ၊ ကိုယ့်နေရာကိုယ်သိ ပါဦး နေရာဦး၊ တော်နေရာနေတော် နေပါတဲ့"

"အောင်မယ် ကြည့်စမ်း၊ သူကများ တစ်နေ့ကုန် ထိုင်ကြည့်လို့ နှစ်ပြားတောင် မတန်ဘဲ သူကများ ပြော တယ်ရှိသေး၊ ကျော်က ဘာမှ ပြန်မပြောလိုက်ဘူးလား"

ထွန်းကျော် ခေါင်းယမ်းပြမိ၍လား မသိ။ မဥမ္မာက ဇွန်ပွင့်ရှိရာဆီသို့ လှမ်းမျှော်ကြည့်ရင်း မျက်နှာလေး ရှုံ့မဲ့ကာ ဒေါသတကြီး ဖြစ်နေ၏။

"အလကား နေရင်း ထိုင်ရင်း သွေးနားထင်ရောက် နေတဲ့ ဟာမလေး ကျော်ရဲ့၊ ငါနဲ့ ဘာမှမပတ်သက်လို့



သာ ဒီအတိုင်း ကြည့်နေတာ သိလား၊ ပတ်သက်မှု ပတ်သက်ခဲ့င်လေ၊ ကျော်ပြောသလို သမီးသာဆိုရင် ဟွန်း ဟောဒီလို ဟောဒီလို ဖိခြေသတ်ပစ်ကယ်၊ သင်း လူပါး ဝ တာကိုလဲ ကိုကို ကြီးလာမှ ပြန်ကိုင်ရဦးမယ်" ရင်

မဥမ္မာက မြေပြင်ကို ဖနှောင့်နှင့် ဖိခြပြမှုင်း အား မရကြသလို မျက်နှာလေး မှုန်ကာ နှုတ်ခမ်းရှုနေသဖြင့် မဥမ္မာ၏ ကန္တကလျ အမူအရာကို စိုက်ကြည့်ရင်း ထွန်း ကျော်က သဘောကျစွာ တဟားဟား အော်ရယ်လေ သည်။

"ကျော်နော် ကြည့်ပါသား၊ သူများက သူ့အတွက် မချင်ဖြစ်နေတာကို အားခြောက်ဘိုက် အော်ရယ်နေပြန်ပြီ၊ ဒါရယ်စရာလား"

ဥမ္မာ မျက်နှုတ်ကလေး ထောင့်ကပ်ပြီး ညုတုတုး ခရာတာတာခွဲလေ၊ ထွန်းကျော်ပို၍ မချင့်မရဲ ဖြစ်လေမို့ ပါးမို့မို့ကို ဆွဲဖျစ်လိုက်ချိန်မှာတော ဥမ္မာ၏ ခန္ဓာကိုယ် လေးက ထွန်းကျော် ဘက်သို့ ယိမ်းယိုင် သွားသဖြင့် လူချင်းက လိုသည်ထက် ပိုမိုပူးကပ်သွားနေ၏။

"ကျော်နော်....၊ ဆိုးတယ်ကွယ်"

"ဘယ်သူလဲ ဆိုးတာ"

"ဒို...."

တစ်ယောက်ကိုတစ်ယောက် အပြုံးချင်းမှိုင် ကြည့်ရှုး နေကြ၍ ထွန်းကျော်နှင့်မဥမ္မာ ပတ်ဝန်းကျင်ကို ခဏတွမှ မေ့သွားမှုသော်လည်း ပလူးပလဲ မြင်ကွင်းကို အမှတ်

www.burmeseclassic.com

www.burmeseclassic.com



မထင် လှမ်းကြည့်ရင်းမှ မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရသော ဇွန်ပွင့်ဦးခမျှာမှာတော့ အံ့ဩလွန်း၍ ပါးစပ်နှုတ်ဟောင်းလောင်းလေး ဖြစ်သွားရပါတဲ့။

ဘယ်လိုပါလိမ့်။

တစ်ဆက်တည်းမှာပင် မေနန်းကို အသိပေးလိုစိတ်ဝင်လာ၍လည်း မေနန်းရှိရာ မီးဖိုထဲသို့ အမောတကော ပြေးဝင်မိသည်။

"မေနန်းရေ.. မေနန်း"

"မဥမ္မာနဲ့ ထွန်းကျော်ဆိုတဲ့ လူလေ....ဟို....ဟို"

ပြေးတက် လာတုန်းကတော့ မေနန်းကို ပြောချင်လွန်း၍ မေနန်းဆီအရောက် အမောတကော ပြေးလာမိခြင်း ဖြစ်သော်လည်း တကယ်ပြောမည်ဆိုသည့် အခါကျတော့ နှုတ်ဖျားက ရှောရှောရှူရှူမထွက်။

"ဟို....ဟို... ဟိုလေ၊ မဥမ္မာနဲ့ ထွန်းကျော်"

ဟို....ဟိုနှင့် တစ်ဟိုတည်းဟိုပြီး နှုတ်တွန့်ကာ ပြောမထွက် ဖြစ်နေ၍ မေနန်းက ဇွန်ပွင့် ပျာယာခတ်နေပုံကို ကြည့်ပြီး ပြုံးပြုံးကြီး ခေါင်းညိတ်လေသည်။

"သမီး ပြောချင်တာက မောင်ထွန်းကျော်နဲ့ ဥမ္မာ အနေအထိုင် မတတ်ဘူး၊ မောင်နှမလဲ မပြောသေးရဲ့၊ နေတာ ထိုင်တာကျတော့ ရင်းနှီးလွန်း၊ ပက်စက်လွန်းလိုက်တာ၊ တစ်ယောက်ကိုတစ်ယောက် လူမြင်ကွင်းမှာတောင် ဖက်လား၊ နမ်းလားနဲ့လို့ ပြောချင်တာ မဟုတ်လား"



"ဟင်....ဒါတွေ မေနန်း ဘယ်လိုလုပ်သိ"

ဇွန်ပွင့် ပြောချင်ပေမယ့် ပြောမထွက် ဖြစ်နေခဲ့သော စကားများကို ကြိုသိနေသလို ဒေါ်နန်းမြက ဦးဆောင်ပြောလိုက်သဖြင့် ဇွန်ပွင့်ပို၍ တအံ့တဩလေး ဖြစ်သွားရသည်။

"ပြောပါ မေနန်းရဲ့၊ ဇွန်ပွင့်တောင် ပြောမပြရသေးဘူး၊ မေနန်းက ဘာဖြစ်လို့ ကြိုသိနေတာလဲဟင်"

"ဩော်....သမီးရယ်၊ သမီးကသာ ခုမှ ဒီမြင်ကွင်းကို တွေ့ရလို့ အံ့ဩနေတာ မဟုတ်လား၊ မေနန်းအတွက်ကတော့ သူတို့မောင်နှမ ဒီတိုက်ပေါ် ရောက်လာပါပြီဆိုကတည်းက မကြာခဏ မြင်တွေ့နေရတဲ့ မြင်ကွင်းမို့ ရိုးလို့တောင်နေပြီလေ၊ ဘယ်ဆန်းတော့မလဲ"

"ဟင်....ဒါနဲ့များ၊ ပြောတော့လဲ မောင်နှမဆို မေနန်းရဲ့၊ မောင်နှမအချင်းချင်း ဒီလိုပုံစံကြီးနဲ့ ပလူးပလဲ နေပါမလား၊ ဇွန်ပွင့်တော့ ယုံတောင်မယုံချင်ဘူး"

"တို့မယုံလဲ ယုံတဲ့လူက ယုံနေတာပဲအေ၊ ဘာတတ်နိုင်မှာလဲ"

"အင်းနော်....ဒါကြောင့် ဒီနှစ်ယောက်စလုံး ရောင့်တက်လာတာနေမှာ၊ ခုတောင် ထွန်းကျော်ဆိုတဲ့ကောင် သမီးလက်ကို ဆွဲသွားရမ်းလားလုပ်လို့ သမီးပါးလှမ်းတီးလေးတယ်၊ အခုရှောင်မြန်သွားလို့သာပေါ့၊ ဟွန်း....မို့ဆို ပွဲကြီးပွဲကောင်းပဲ"

"ဘာရယ်....သမီးကို ဒီကောင်က ရိသဲ့သဲ့လုပ်တယ်

www.burmeseclassic.com



ဟုတ်လား၊ ရော့ရော့ ခေခေါ်၊ ဘာမဲရှိနှယ် ဟင်းအိုးမှ အားမနာ၊ သမီးကလဲ မောင်မောင်ကတော့ မနန်းကို လွမ်းခေါ်လိုက်တာ မဟုတ်ဘူး၊ နောက်ဆိုရင် ဒီကောင် ရှိနေရင် သမီး ဘယ်သွားသွား၊ မနန်းကို လွမ်းခေါ် ကြားလား၊ တစ်ယောက်တည်း မသွားနဲ့၊ ကိုကြီးလူကို လဲ ခြိမ်းချောက်ချည်း အချိန်မကုန်ဖို့ ပြောဦးမှပါပဲ''

မနန်းက ပြောရင်းမှ သူ့ဘာသာသူ စိတ်ပူပန်ဖွဲ့ အစီအစဉ်တွေ ချမှတ်ပြီး ဇွန်ပွင့်ကို တစ်ယောက်တည်း ဘယ်မှမသွားဖို့ ပြောနေ၍ ဇွန်ပွင့် ခေါင်းညိတ်လိုက် ရသည်။

''မောင်ကျော်ဦးကလဲ မောင်ကျော်ဦးပါပဲတော်၊ ကိုယ့်သမီး အမျိုးအနွယ်လေးကိုတော့ ဂရုစိုက်ရကောင်း မှန်းမသိဘူး၊ ဘယ်ကကသကလွင့်မှန်းမသိတဲ့ မယားငယ် လေး မြေရှင်းမှာပဲ အောင်သွားမချိုတဲ့ နွားပြာကြီးလို ဝပ်စင်းနေတယ်၊ မောင်တော်ဘယ်ဆိုတဲ့ အကောင်ကလဲ မျက်နှာရှူး၊ နှာဘူး၊ ငါနှယ်နော် ပြောမပြောချင်ဘူး၊ အလကား အကျပ်မရှိတဲ့ကြမ်း ပရမ်းပတာတွေ''

ပြောရင်းပြောရင်းမှ မနန်း ဒေါသထွက်လာသည် လား မသိ။ စကားလုံးကကြမ်းတမ်းလာသလို ဖြူသော အသားကလည်း ဒေါသကြောင့် နီမြန်းလာလေသည်။

တကယ်တော့လည်း မနန်းပြောမယ်ဆိုပြောချင်စရာ ပါပဲကလား။ အခုကိုယ်တိုင်က ဇွန်ပွင့်ဦးကို သမီး အပျို



ရယ်လို့ ဂရုစိုက်ဖို့ဆိုတာဝေးလို့ တစ်နေ့ကုန်လို့ တစ်ခါ လေး မျက်နှာချင်းဆိုင်ဖို့တောင် အနိုင်နိုင်။

ငါးပိဆို ဖုတ်ပြီးသား၊ ငါးခြောက်ဆိုကင်ပြီးသားပါ ဆိုတဲ့ ဘဝမျိုးနှင့် မယားငယ်လေး မဥမ္မာ မြေရှင်းမှာ ဝပ်စင်းနေသည်ပဲ။

သည်တော့ အကျပ်မရှိတဲ့ကြမ်း ပရမ်းပတာဖြစ်တော့ မည်ပေါ့။ ဖခင်ဖြစ်သူနည်းတူ သမီးဖြစ်သော မိမိကိုပါ သူတို့ ခြယ်လှယ်ချင်ကြလိမ့်မည်ပေါ့။

သည်အကြောင်းတွေ ဒက်ဒီ့ကို သွားတိုင် လည်း အကြောင်းက ထူးမည်မထင်။ မဥမ္မာ တစ်ချက်ခွဲရုံမျှနှင့် ဒက်ဒီက ပျော့ပြီးသားမို့ ဘာဆိုဘာမှ အရာထင်မည် မဟုတ်။

သည်တော့ ဇွန်ပွင့် ဘာလုပ်ရမည်နည်း။

ကိုယ့်နည်းကိုယ့်ဟန်နှင့် တတ်နိုင်သလောက် တုံ့ပြန် လျှင် ကောင်းမလား။ လက်ပိုက်ကြည့်နေရမလား။

အခက်....ဆိုမှ တကယ့်ကို အခက်ပါ။

ဖခင်ဖြစ်သူ နေမြင့်လေ၊ အရှုးရင့်လေ ဖြစ်ရပ်ကြောင့် သိတာမှာ ဘာမှမသက်ဆိုင်သော လူစိမ်းတွေက တက် လောက် ခြယ်လှယ်စိုးမိုးနေကြလေပြီ။

''ဟူး....''

နောက်တော့လည်း အဖြေရှာလို့မရတိုင်း [illegible] မောနှင့် တင်းကျပ်လာ [illegible] ယပ်တလဲလဲ မှုတ်ထုတ်မိ၏။

www.burmeseclassic.com



ထိုစဉ်....

"တ်....တီ....တီ"

"ဟော...."

ဟွန်းထိုးပေး၍ဝင်လာသော ဖော်ဖြစ်သူ၏ကား အိမ်ရှေ့ ထိုးရပ်လိုက်တာတွေ့ လိုက်ရသဖြင့် ဇွန်ပွင့်ဦးသည် စိမ်းမှ ရုတ်ခနဲ ထကာ သူ့အခန်းဆီသို့ တင်ချိုးတည်း လစ်ပြေးလေတော့သည်။

နောက်သို့ လုံးဝ လှည့်မကြည့်။

မိမိပြန်လာတာ တွေ့ရလေမှ အပြေးတစ်ပိုင်း ထွက်သွားသော သမီးနောက်ကျောကို လှမ်းမြင်လိုက်ရသော ဦးကျော်ဦးမျက်နှာမှာ သမီးဖြစ်သူ၏ အပြုအမူကြောင့် ချက်ချင်းပဲ အလိုမကျစွာ မျက်မှောင်ကုတ်သွားမှ၏။

ချစ်လှစွာသော သမီးငယ်က ခါတိုင်းလို အပြေးအလွှား လာကြိုဖော်မရသည့်အပြင် မိမိ ပြန်လာတာတွေ့မှ ကမူးရှူးထိုး အပြေးတစ်ပိုင်းကျောခိုင်းထွက်သွားသည် မဟုတ်ပါလား။

"ဒေါ်နန်း"

ဦးကျော်ဦး၏ အသံကမာဆတ်ဆတ်ဖျင်းထွက်လာ၍လားမသိ။ ဒေါ်နန်းမြ မီးဖိုထဲမှ ကမန်းကတန်း ထွက်လာသည်။

"ဘာလဲ....မောင်ကျော်ဦး"

"ဇွန်ပွင့်ကိုသွားခေါ်ပါ ဒေါ်နန်း၊ ဖေအေတစ်ယောက်လုံး အလုပ်က မောမောပန်းပန်းပြန်လာတာကို အလိုက်တသိ လာကြိုဖို့ကောင်းတယ်"

ဦးကျော်ဦး၏ ဒေါသစကားကြောင့် ဒေါ်နန်းမြ ချက်ချင်းပဲ မျက်နှာပျက်သွားရသည်။

အဲဒါမှ ဒုက္ခ။

ဇွန်ပွင့်က စိုးကြီးမှုကြီး။ ဟဲ့တစ်ခွန်းပင် မခေါ်ခဲ့ဖူးသော ဖခင်က ကိုယ်ထိ လက်ရောက် ရိုက်နှက်ထားသဖြင့် ချစ်လှစွာသော ဖခင်ကို မုန်းသည်။ နာကြည်းသည်။ မျက်နှာချင်း မဆိုင်ချင်တဲ့။

ယခု ဖခင်ဖြစ်သူက ဟိုယခင်လို လာကြိုဖော်မရသဖြင့် သွားခေါ်ခိုင်းနေလေပြီ။

မိမိ ဘာလုပ်ရမည်နည်း။

ဇွန်ပွင့်ဦးကတော့ ဘယ်လိုခေါ်ခေါ် လာမည်မထင်။ ကလေးဘဝ ကတည်းက မိမိလက်ပေါ်မှာ ကြီးပြင်းလာခဲ့သူမို့ သည်ကလေးမစိတ်ကို မိမိသာ အသိဆုံး။

ဘာမဟုတ်သည့် ပြဿနာနှင့် ဖခင်နှင့်သမီးကြားမှာ အမုန်းပွားကြ၊ အချင်းများကြပေဦးမည်မို့ ဒေါ်နန်းမြ ခေါင်းကို ပြည်းညင်းစွာ ခါယမ်းလိုက်မိသည်။

"ဇွန်ပွင့်ကို သွားခေါ်လဲ လာမှာ မဟုတ်ဘူး မောင်ကျော်ဦး၊ မင်းရက်ရက်စက်စက် ရိုက်ထားတာကို သူ မျက်ရည် ဝမ်းနည်းနေရှာတာ၊ ဒီကြားထဲ မင်း ယောက်ျား လဲ ရှိသဲ့သဲ့လုပ်လိုက်တဲ့၊ သူ့မာမီမရှိလို့၊ မင်းဂရုစိုက်မှ အားကိုးရမဲ့ ဖြစ်ရတယ်ဆိုပြီး ငိုပွဲဆင်နေလေရဲ့"

www.burmeseclassic.com



“ဘာဖြစ်တယ်၊ အားကိုးရာမဲ့တယ် ဟုတ်လား”

“ဟုတ်တယ်လေ၊ သူ့မာမီရှိရင် သူဒီလို နေရမှာ မဟုတ်ဘူးတဲ့၊ ခုတော့ ဖေဖေက ဂရုမစိုက်တဲ့အပြင် ရက်ရက်စက်စက် ရိုက်တယ်၊ နှိမ်တယ်ဆိုပြီး...”

“တော်ဗျာ”

သည်လိုကျတော့လည်း စိတ်ကောင်းဝင်နေချိန်မို့ ဦးကျော်ဦး သမီးငယ်အပေါ် ဒေါသကြီးဖြစ်နေရာမှ ချက်ချင်းပဲ ခေါင်းငိုက်စိုက်ကျသွားရှာ၏။

ချစ်လှစွာသော သမီးငယ်က မိမိအပေါ် နားလည်မှုလွဲမှားနေလေပြီပဲ။

တစ်ဖက်သတ် အထင်နှင့် သူ့ကိုယ်သူ မိခင်မရှိ၍ ဖခင်ဂရုမစိုက်၍ အားကိုးရာမဲ့သည်တဲ့။

မိမိကလည်း မိမိပါပဲလေ။

ဟိုနေ့က ဒေါသစိတ်ကြောင့် မဆင်ခြင်နိုင်ဘဲ သမီးငယ်ကို မညှာမတာ ရိုက်နှက်ခဲ့မိသည် မဟုတ်ပါလား။

သည်တော့ သမီးလေး စိတ်ဆိုးလိမ့်မည်ပေါ့။

မိခင်မရှိ၍ သည်လို နှိပ်စက်ခံရသည်ဟု ဝမ်းပန်းတနည်း ဖြစ်ရှာလိမ့်မည်ပေါ့။

အားလုံး မိမိ၏ အမှားချည်းပါပဲ။

တွေးရင်းတွေးရင်း သမီးလေးအပေါ် သနားကရုဏာစိတ်များ ဝင်ရောက်လာ၍ ဦးကျော်ဦးမျက်နှာ ညှိုးမှိုင်းသွားရ၏။

“ကျွန်တော် မှားသွားတယ် ဒေါ်နန်းရယ်၊ သိပ်ကို



မှားသွားပြီ၊ သမီးကို ချော့မော့ရမယ့်အစား ရက်ရက်စက်စက် ရိုက်ခဲ့မိတယ်၊ နဂိုကတည်းကမှ ဥမ္မာနဲ့ သဘောမတူရတဲ့အထဲ၊ ကျွန်တော်က အခုလို ရိုက်မိတော့ သမီးလေး ကျွန်တော့်ကို ပိုစိတ်နာသွားမှာပေါ့နော်”

“သိပ်ဟုတ်တာပေါ့ကွယ်၊ ပြောလက်စမို့ ပြောလိုက်ရဦးမယ်၊ မင်းမိန်းမနဲ့ ယောက်ဖကိုလဲ အနေအထိုင် ဆင်ခြင်ခိုင်းပါဦး၊ မောင်နှမဆိုပေမယ့် ငါတို့ရှေ့မှာနေတဲ့ အနေအထိုင်က မြန်မာ့မျက်စိနဲ့ အမြင်မတော်တော့ဘူး၊ မင်းက/အပြင်ထွက်နေသူမို့ အကြောင်းမဟုတ်ပေမယ့် ကျုပ်တို့ကျတော့ နေ့စဉ်နှင့် အမြဲ ရင်ဆိုင်နေရတာ ရှက်လှပြီ....

“ကွယ်ရာပြောတာမို့ အတင်းလို့ မထင်နဲ့၊ အမှန်တရားမို့ ပြောတာ၊ ကုန်းတိုက်တယ် ထင်ရင်လဲ အချိန်မရွေး ဖြေရှင်းနိုင်တယ်၊ ဘယ့်နှယ်တော် မောင်နှမတဲ့.... တစ်ယောက်ကို တစ်ယောက် ဖက်လားနမ်းလား တို့လား ဆိတ်လားနဲ့၊ ကြုံ ကြုံဖူးပါဘူး၊ ကျား မ ကိုက်တာ ကံကောင်း”

မထူးတော့ပြီမို့၊ ဇွန်ပွင့် အကြောင်း ပြောရင်းမှ တစ်ဆက်တည်း ဒေါ်နန်းမြက မဥမ္မာတို့ အကြောင်းကိုပါ ဖွင့်တိုင်လေး ပြောပြလိုက်၍ နားစိုက်ထောင်နေသော ဦးကျော်ဦး မျက်နှာကြီးက မှုန်မှိုင်းနေရာမှ ဒေါသကြောင့် ခက်ထန်ရိပ်များ လွှမ်းမိုးလာလေသည်။

www.burmeseclassic.com



သူ့ဇနီးငယ် အားနာဆိုင်နှိမ်မသာကိမှုအတွက် ရှက်စိတ် ဝင်သွားသည့်သွား မပြောတော့ပါ။

"အခု ဦးမွှန့် မောင်ကျော်ဘယ်မှာလဲ ဒေါ်နန်း"

မညွှာနှင့် ထွန်းကျော် ရှိမရှိ ကိုလည်း မေးနေ၍ ဒေါ်နန်းမြ ခေါင်းခါ လိုက်သည်။

"ဘယ်သိမှာလဲ မောင်၊ မိုးလင်းပြတည်းက ကား တစ်စီးနဲ့ နေရာအနှံ့ လျှောက်ပတ်နေတဲ့ သူတွေကို ကစ်ခနေကုန် အိမ်ထဲမှာ နေတဲ့သူက ဘယ်လို လုပ်ပြီး ဘယ်နေရာမှာ ရှိတယ်ဆိုတာ အတပ် ပြောပြနိုင်မှာလဲ၊ နေ့ဘက်က တစ်ကောက်ကောက် လိုက်ကြည့်နေမှပဲသိနိုင်တော့မပေါ့"

ဒေါ်နန်းမြ၏ စကားက သူ့အကြောင်းပြချက်နှင့်သူ ဟုတ်မှန်နေ၍ ဦးကျော်ဦး စကား မဆက်တော့၊

နေရာမှ ဆတ်ခနဲ ထရပ်ကာ ကားဆီသို့ ခြေသံ ပြင်းပြင်း နင်း၍ ပြန်ဆင်းသွားလေတော့သည်။

နောက်မှ ဘာတွေပဲ ဖြစ်လာလာ၊ ဘယ်လိုပဲ ဖြေရှင်းရ ဖြေရှင်းရ၊ လောလောဆယ် အမှန်ကျူးတွေကို အားပါးတရ ပြောပြလိုက်ရ၍ ဒေါ်နန်းမြ မျက်နှာကတော့ ကြည်နူးပီတိဖြင့် ပြုံးလို့ နေပါတော့။

သမီးအရွယ် ဇနီးငယ်ကိုမှ မက်မောမိသူ ဦးကျော်ဦးကတော့ မိမိ အသက် အရွယ် နှင့် ကိုက် သိက္ခာ ကို ပင် မထောက်ထားနိုင်အောင် မှ စိတ်မှန်ကာ ဒေါသထွက်လာသပါး ထလိုက်သွားရပြီ။

"ဪ... ဒုက္ခ ဒုက္ခ"



ဒေါ်နန်းမြ တရားကျစွာ ခေါင်းတဆတ်ဆတ် ညိတ်မိသည်။

မိမိတို့နှင့်စာဂုဏ် တမလွန်မှာ ထာဝရ အနားယူသွားပြီဖြစ်သော အဖေ၏ ဘဝကမှ ပိုမို ငြိမ်းချမ်းသာယာမှု ရှိသေး၏။

သက်ရှိ လူ့လောကမှာ နေထိုင်လှုပ်ရှားကျန်ရစ်သော မိမိတို့တစ်တွေမှာတော့ နေ့စဉ်နှင့်အမျှ လူတစ်စု ပူမှုရယ် ဆယ်ကုဋေအဖြစ်မျိုးနှင့်ပါတကား။

* *

## အခန်း ( ၄ )

ဘာလိုလိုနှင့် ခက်ဇီနှင့် ဇွန်ပွင့်တို့ စကား မပြော၊ မျက်နှာချင်းမဆိုင်ဘဲ ရှောင်နေခဲ့တာ နှစ်လကျော်၊ သုံးလနီးပါးမျှ ရှိခဲ့ပေပြီ။

မိထွေးတော် မညွှာက ခက်ဇီ့ကို ချော့မော့၍ ဘယ်လို ရှေ့နားတော်သွင်း ချိုင်းဆက်သထားသည် မသိ။

ဇွန်ပွင့် စိတ်ကောက်နေမှန်းသိလျက်နှင့်ခက်ဇီကလုံးဝ ပြန်မချော့။

ဇွန်ပွင့်ကို ချော့မလိုလို အကြင်နာ အရိပ်အယောင်ပြပြီးမှ ပြန်မချော့တော့ဘဲ ဆက်ဆံရေးက ပိုမိုတင်းမာ ခက်ထန်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇွန်ပွင့်ကလည်း ထုံးစံအတိုင်း အရွဲ့တိုက်ပြန်။ ပေကတ်ကတ်နှင့် အတိုက်အခံ လုပ်မြဲ။ နည်းနည်းလေးမှ မလျှော့။

မဥမ္မာနှင့် ထွန်းကျော်ကတော့ ခုတလော သူတို့အပြစ်နှင့်သူတို့ လိပ်ပြာမလုံဖြစ်နေ၍သား မပြောတတ်။ တော်တော် ခြေငြိမ်ပြီး ဒက်ဒီ့စိတ်တိုင်းကျဖြစ်အောင်အကြိုက်ဆောင် မျက်နှာချိုသွေး ဆက်ဆံနေတာ ပျော့သည်ဟု မေနန်းက ပြောသည်။

ဇွန်ပွင့်ကတော့ ထိုနှစ်ယောက်ကိုကြည့်လည်းမကြည့်။ သတိလည်းမထားမိ။ တစ်အိမ်တည်းမှာ အတူရှိနေသည်ဟုပင် မအောက်မေ့မိပါ။

ဇွန်ပွင့်အိမ်နောက်ဘက် တံခါးဖွင့်ပြီး နားအေး ပါးအေးရှိရာ ခြံထဲမှ ဒန်းစင်ဆီသို့ ထွက်လာခဲ့မိသည်။

ခါတိုင်း သီဟာ့ခြံကြီးတစ်ခုလုံး ဇွန်ပွင့်ခြေရာ ထပ်နေလောက်အောင် လွှတ်လွှတ်လပ်လပ် ရှင်မြူးနိုင်ခဲ့သမျှ အခုကျတော့ သီဟာ့မှာ ဇွန်ပွင့်အတွက် ပျော်ရွှင်စရာနေရာက ကျဉ်းမြောင်းလွန်းနေလေပြီ။

ချစ်သော မာမီ သေဆုံးသွားချိန်က သီဟာ၏ကြီးမားသောဆုံးရှုံးမှုကို သာမက ဇွန်ပွင့်၏ဘဝလေး တစ်ခုလုံး ကြွေလွင့် ပျက်စီးသွားအောင်ပါ ဖန်တီး ပေးခဲ့ပြီပဲလေ။

''ဟင်....''

ဇွန်ပွင့်ဦး၏ အတွေးပင် မဆုံးသေး။ ထိုင်နေသော



ဒန်းစင်လေး ပိုမို လှုပ်ခါသွားရသဖြင့် ဒန်းစင်ထိပ်မှ သံကြိုးကွင်းဆီသို့ ဇွန်ပွင့်မော့ကြည့်....

''အိုး....''

ထင်မှတ်မထားတဲ့ ထွန်းကျော်၏ စပ်ဖြဲဖြဲ ပြတီတီ မျက်နှာကြီးကို တွေ့လိုက်ရ၍ ဇွန်ပွင့်ဒန်းစင်ပေါ်မှ ချက်ချင်း ခုန်ဆင်းပစ်လိုက်မိသည်။

''ဒါ ဘာလုပ်တာလဲ''

ခါးထောက်ရင်း သူ့ကို စူးစူးဝါးဝါး ကြည့်ကာ ရင်ဆိုင်မေးလိုက်သည်။

''ဟား....ဟား....ဟား.... ဇွန်ပွင့်ကတော့ ကွာ....၊ တကယ့်ကိုစံပဲ၊ တို့ကိုများ သရဲသဘက် ကျနေရော၊ မြင်လိုက်တာနဲ့ ရန်လိုတော့တာပဲနော်၊ ဘာလဲ.... တို့ရုပ်က သရဲရုပ်ပေါက်နေလို့လား''

''ဘာရုပ်ပေါက်ပေါက်၊ ငါ့ကို လာမနှောင့်ယှက်ပါနဲ့လို့ နင့်ကို ဘယ်နှစ်ခါ ပြောရမှာလဲ၊ လူဆိုတာ ကိုယ့်အဆင့်အတန်း ကိုယ်နားလည်ရတယ်ဟဲ့''

''အဟင်း....ဇွန်ပွင့်ကလဲကွာ၊ ဒေါသချည်းပဲ၊ တို့ကိုများ ကိုယ့်အဆင့်အတန်း ကိုယ်နားလည်ပါတဲ့လူပါ၊ ကိုယ့်အဆင့်အတန်း ကိုယ်နားလည်လို့ ဒီလို လာဆက်ဆံတာပေါ့ကွ၊ နို့မို့ဆို မာနခဲ မင်းသမီး အနားကို ဒီ မင်းသား ဘယ်ကပ်ရဲပါ့မလဲ....

''နှစ်ပြည်ထောင် ရွှေသမ်း ငွေလမ်းပေါက်တဲ့အခါ နေနဲ့ အစ်ကိုကြီးက ခင်ဗျားလေးနဲ့ တို့ကို စုလျားရစ်ပတ်....''

www.burmeseclassic.com

www.burmeseclassic.com



စကားမဆုံးခင် ဇွန်ပွင့်ဦး၏ လက်ဝါးက ရုတ်တရက် မြောက်တက်သွားပြီး ထွန်းကျော် ပါးပေါ်သို့ အရှိန်ပြင်းစွာ ကျရောက်သွားသည်။

"အဲဒါ မှတ်ထား၊ လူပါးဝဦး"

"ဟင်... မင်း မင်း... ငါ့ကို ပါးရိုက်တယ်ပေါ့လေ"

ဒေါသအရှိန်ကြောင့် ထွန်းကျော် စကားမဆက်နိုင်တော့။ သာမဟုတ်သည့် ဒေါင်မလေးနဲ့ကျမှ မိမိအလစ် အရိုက် ပါးရိုက်ခံပြီးဆိုသည့်အသိက ရင်မှာ အရှိန်အဟုန်နှင့် ဝင်ဆောင့်လေပြီမို့ ဘာညာမစဉ်းစားတော့ဘဲ...

"ကဲ... ဟာ"

ဇွန်ပွင့်ကိုယ်လုံးကို ရုတ်တရက် ဆွဲဖက်ကာ မြေပြင်ပေါ် တွန်းလှဲပစ်လိုက်မိသည်။

ဇွန်ပွင့်ချက်ချင်းပဲ ကိုယ်ကို တစ်ပတ်လှိမ့်ကာ လူးလဲထရင်း မေနန်းကို အော်ခေါ်မိသည်။

"မေနန်း"

အော်သံ မဆုံးခင် ထွန်းကျော်က နှုတ်ခမ်းများကို အတင်းလှမ်းပိတ်လာသည်။

"ဟေ့... ခွေး တိရစ္ဆာန်၊ ငါ့သမီးကို အခု လွှတ်လိုက်စမ်း..."

ဓားသွားစဉ်းသော ဓားမကိုင်ပြီး အနားရောက်လာသော ဒေါ်နန်းမြကြောင့် ဇွန်ပွင့်အားတက်ပြီး သူ့လက်ထဲမှ ဆောင့်ရုန်းထွက်လိုက်မိသည်။

တစ်ချိန်တည်းမှာလိုပင် ဘယ်အချိန်က အနားရောက်



လာမှန်းမသိသော ဦးစိုင်းလူက အင်္ကျီလည်ကုပ်မှ စုကိုင်ပြီး ထိုးချလိုက်သဖြင့် ထွန်းကျော် လွင့်ထွက် သွားလေသည်။

ဒေါ်နန်းမြကလည်း ဓား ဝင့်ဝင့်နှင့် ခုတ်မည် တကဲကဲ လုပ်နေသဖြင့် ထွန်းကျော် ဆက်မနေရဲတော့ဘဲ နေရာမှ လစ်ကာ တစ်ချိုးတည်း ထွက်သွားတော့သည်။

"သမီးရယ်... ကံကြီးပေလို့သာပေါ့"

ဇွန်ပွင့် ခုမှ အားနှင့်ပါကြား ငိုချလိုက်မိသဖြင့် မေနန်းက ပွေ့ဖက်ရင်း ချော့မော့နှစ်သိမ့်ရလေသည်။

"တော်တော်ပါ သမီးရယ်၊ မေနန်းလဲ သမီးအသံ ကြားကြားချင်း ပြေးထွက်လာတာပါ၊ မေနန်း မရောက်သေးသရွေ့ ငါ့သမီး မှဲ့တစ်ပေါက်တောင် မစွန်းစေရပါဘူး၊ မိန်းမသား ဓားပေမယ့် ယောကျ်ားဇက်ကိုတော့ ပြတ်အောင် ဖြတ်နိုင်ပါသေးတယ်"

ဦးလူကတော့ ဒေမးကြောကြီးများ တင်းခနေအောင် အံကြိတ်ပြီး ခံပြင်းစိတ်ကြောင့် တက်ဘခေါက်ခေါက် ဖြစ်နေရှာ၏။

"တောက်... သားခရေပေါ်အိပ် သွားရေနားစား၊ ပက်စက်လိုက်တဲ့ အကြံကွာ၊ အသုံးမကျတဲ့ ဖအေ လုပ်ပုံကြောင့် ဒုက္ခတွေ များကုန်တော့မှာပဲ၊ တော်သေးတာပေါ့၊ ငါ ချက်ချင်း ရောက်လာလို့"

"ကဲ ကဲ... နန်းမြ၊ သမီးကို အိမ်ထဲ ခေါ်သွားစမ်း၊ သမီး လန့်သွားတယ် ထင်တယ်၊ ရေနွေးတစ်ခွက်လောက် တိုက်လိုက်ဦး၊ ငါခုချက်ချင်း ပြန်လာခဲ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းမှ ဘာကို အရေးတကြီး သတိရသွားသည် မသိ။ ဦးစိုင်းလူ ဂျင်ကာစားပေါ်တက်ကာ ကတိုက်ကရိုက် ပြန်ထွက်သွား၏။

“လာ....သမီး....အိမ်ထဲသွားမယ်၊ သွင်းတော့လား၊ နေပဦး၊ မောင်ကျော်ဦးလာမှ အသေအချာကို တိုင်မယ်”

ဇွန်ပွင့် မျက်နှာလေး ချက်ချင်းပဲ မချိတင်ကဲ မဲ့သွား၏။

“အဟင်း....ဒက်ဒီ ကို သွားတိုင်လို့ ရယ်စရာကြီးဖြစ်နေမှာပေါ့ မေနန်းရယ်၊ ဒီကိစ္စ ဒက်ဒီကိုယ်တိုင် သဘောတူလို့ စီမံထားတဲ့ ကိစ္စတွေပဲ၊ မျက်နှာ ရှုံးကိုယ် တိုင် ပြောသွားတာကော၊ ဒက်ဒီက သူနဲ့ ဇွန်ပွင့်ကို သဘောတူထားတယ်တဲ့၊ ဟွန်း.... ဝေးသေး၊ ဇွန်ပွင့်ကို အဲဒီ အကောင်နဲ့ ဇွတ်ပေးစားကြည့်ပါလား၊ ကိုယ့်ဘာသာ ကိုယ် သတ်သေပစ်လိုက်မယ်၊ သိလား”

“အလိုလေး....ဘုရားရေ၊ မောင်ကျော်ဦးကဒီကောင်နဲ့သမီးကို သဘောတူတယ်လို့ ပြောတယ်တဲ့လား၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ကယ်တော်မူပါ၊ ဒုက္ခတော့ များကုန်တော့မှာပဲ”

ဒေါ်နန်းမြဘစ်ယောက် ရင်ဘတ်ကိုစုံဖိပြီး မျက်လုံးပြူး မျက်ဆံပြူးဖြစ်သွားရလေတော့သည်။

ဇွန်ပွင့်ကတော့ နှုတ်ခမ်းကလေးတွန့်ကာမဲ့ချင်း သူ့စကားကို ဆက်ဖြစ်အောင်ဆက်နေသည်။



“အဟင်း....အဲဒါကြောင့် မေနန်းကိုပြောတာပေါ့၊ ဒက်ဒီ ကို သွားတိုင်ဖို့ စိတ်မကူးနဲ့တော့လို့၊ ဇွန်ပွင့်တော့လေ ဖြစ်နိုင်ရင် သေတောင်သေပစ်လိုက်ချင်ပါပြီ မေနန်းရယ်၊ တကယ်ပါ၊ အိမ်မှာ နေရတာကြာလေ စိတ်ပျက်လေ ဖြစ်လာပြီ”

“အိုအေ....မဟုတ်တာ၊ ဘာမဟုတ်တဲ့ အကောင်တွေ ကောင်မတွေအတွက်နဲ့များ ကိုယ့်အသက်ကိုယ် ရန်မူစရာမလိုပါဘူးအော်၊ သူမှာဒေဝ နတ်ကောင်းနတ်မြတ်တွေကလဲ ယုတ်မာသူကို ဒီလိုတစ်သက်လုံး ကြည့်မနေပါဘူး၊ အပြစ်ပေးမှာပါ၊ မေနန်းတို့လဲသမီးအတွက်အဆင်ပြေနိုင်မယ့် တခြား နည်းလမ်းတစ်ခု ရှာဖွေမှာပေါ့ သမီးရဲ့၊ ဘာအားငယ်စရာရှိလဲ”

မေနန်းက လူကြီးပီပီ ဇွန်ပွင့်၏ အားငယ်စကားကို လက်မခံဘဲ တွေးတွေးဆဆ စကားဆိုသည်။

ဇွန်ပွင့်နှင့် မေနန်းအိမ်ထဲ ဝင်လိုက်ချိန်မှာတော့ ဧည့်ခန်းမှ ဆိုဖာဆက်တီတွင် မညမ္မာက အကျအန ထိုင်ကာ ဝတ္ထုတစ်အုပ်ကို စိမ်ပြေနပြေ ဖတ်နေလေသည်။

သူ့ပုံစံက တကယ့်စည်းစိမ်ရှင်၊ အိမ်ကြီးရှင် သခင်မတစ်ယောက်၏အမူအရာ ဟန်ပန်မျိုးရယ်ပါ။

ဇွန်ပွင့်ရှေ့တွင်တမင်ဒနုပြနေသောပုံစံက၊ဘယ်လောက်တောင် မခံချင်စရာကောင်းလိုက်ပါသနည်း။

မေနန်းက ဇွန်ပွင့်နောက်မှ လိုက်လာရင်း မညမ္မာ၏ မထီမဲ့မြင်ဟန်ကို တစ်ချက် လှမ်းကြည့်ကာ အားမလို

www.burmeseclassic.com



အားမရ ဒေါပွနေ၍ ဇွန်ပွင့်ကပဲ တီးတိုး ဖျောင်းဖျရသည်။

ဇွန်ပွင့်အခန်းသို့ ရောက်လာချိန်မှာတော့ ချစ်လှစွာသော မာမီ ဒေါ်စောခင်သွဲ၏ ခေတ်ပုံကြီးက ချစ်သမီးငယ်ကို အပြုံးပန်းဝေလျက် စောင့်ကြိုနေ၏။

* * *

## အခန်း ( ၅ )

သည်နေ့ ကျောက်မဲဈေးနေ့မို့ ဈေးဝယ်လိုက်ရန် ဆွဲခြင်းယူကာ မေနန်းရှိရာသို့ လျှောက်လာခဲ့သည်။

ရခိုင်အချိတ်လုံချည်အပြာနုရောင်နှင့် အိမ်နေရင်းဝတ်သောအလေ့ာက်(စ်)အကျီသက်မှယုန်မွေးဆွယ်တာအနက်ရောင်ထပ်ဝတ်ထားသော ဇွန်ပွင့်ကိုကြည့်၍ မေနန်းက အဝတ်အစားလဲချန်ပြောသောအခါ ဇွန်ပွင့် မခေါင်းခါလိုက်သည်။

"ဪ....ကား ယူခဲ့ဦးမလားသမီး"

တောရုံဘန်ရှိအဝတ်အစားနှင့်ပင် အိမ်ထွေးနေရအောင်လှသော ဇွန်ပွင့်ကို သဘောတကျစိုက်ကြည့်ရင်းကားရုံနားရောက်တော့ မေနန်းက ဇွန်ပွင့်လက်ကိုဆုပ်ကိုင်၍ မေးလာပြန်သဖြင့် ဇွန်ပွင့် ခေါင်းခါရပြန်သည်။



"ဈေးထဲ ရောက်လာတော့ ထုံးစံအတိုင်း အဲဒီဖော်လိုက်လာရုံ သက်သက်မို့ ဇွန်ပွင့် ဘာမှမဝယ်ဖြစ်။

မေနန်း ဈေးဝယ်ရာနောက်ကိုသာ ဈေးခြင်းကိုင်ပြီး တစ်ကောက်ကောက် လျှောက်လိုက်နေမိသည်။

လိုအပ်သော ပစ္စည်းများစုံသင်၍ ဈေးမှ အထွက်....

"ဟော...."

တစ်စုံတစ်ယောက်က ဇွန်ပွင့်ကို လှမ်းဆုပ်ကိုင် လာ၍ ဇွန်ပွင့်အလန့်တကြား လှည့်ကြည့်လိုက်မိသည်။

"ဪ....နန်းမို့"

ဇွန်ပွင့်တို့ လက်ဖက်ခြံထဲမှ လုပ်သား စိုင်းအောင်၏ ညီမလေးဖြစ်သူကို တွေ့လိုက်ရ၍ ဇွန်ပွင့် ပြုံးပြမိတော့ နန်းမိုက ဘာအရေးကြီးသည် မသိ....

"မမနဲ့ကြီးနန်း ဈေးဝယ်ပြီးရင် နန်းမိုနဲ့ ဟိုနားမှာ သွားစကားပြောရအောင်နော်"

ဇွန်ပွင့် လက်ထဲမှ ဈေးခြင်းကို ဆွဲယူရင်း ဈေးဆောင့် လူရှင်းရာဘက်ဆီသို့ မျက်လုံး ဝေ့ပြနေသဖြင့် ဇွန်ပွင့် ဝေးကြောင်နေဆဲ....

"လာပါ....မမရဲ့"

နန်းမိုက ဇွတ်ဆွဲခေါ်နေသဖြင့် ဇွန်ပွင့်ကော ဒေါ်နန်းမြပါ ဘာမသိဘာမသိနှင့် သူခေါ်ရာနောက်လိုက်သွားရသည်။

လူရှင်းသည့်နေရာ ရောက်တော့မှ နန်းမိုက အိုးတိုးလေး စကားဆိုလာသည်။

www.burmeseclassic.com

www.burmeseclassic.com

''မမတို့ ဈေးထဲ ဝင်လာကတည်းက နန်းမို့ စောင့်ကြည့်နေတာ မမရဲ့၊ ဒီနေ့ ဈေးနေ့ဆိုတော့ ဈေးဝယ်လာချင်လာမှာ ဆိုပြီး အစောကြီးကတည်းကလာစောင့်နေတာလေ၊ နန်းမို့ မောတွေး မှန်သွားပြီ''

''နန်းမို့ရယ်.... အိမ်မှာ မမ အမြဲရှိနေတာပဲ ဉစ္စာ၊ သီတဂူကို လာခဲ့ရင် ပြီးရော''

''အမယ်လေး....လေး... မလုပ်ပါနဲ့နော်''

နန်းမို့ ပုံစံက ခါတိုင်းနှင့်မတူဘဲ တစ်မျိုးဖြစ်နေသည်။

''ရော်....ဒီကလေးမ...ဘယ်လိုဖြစ်နေတာလဲ၊ ခါတိုင်းလဲ အိမ်ကို လာနေကျပဲဟာ''

''အဟင်း....အရင်က လာနေကျသီတဂူနဲ့ အခုသီတဂူက တူမှ မတူတော့တာပဲ မမရဲ့၊ ဆရာကြီး ကတော်လေးရဲ့ မျက်နှာက တလောကလုံးကိုသူတစ်ယောက်တည်းတာဝန်ယူ လုပ်ကျွေးနေရသလို တင်းထားတာပဲဉစ္စာ၊ နန်းမို့ မလှာရဲပါဘူး''

''ကဲ....ဒါဖြင့်....နန်းမို့ ပြောမယ်ဆိုတာ ဘာလဲ၊ ပြောလေ''

''အခု နန်းမို့တို့ခြံထဲမှာ မနေတော့ဘူး၊ ရွာပြန်နေကြတယ် မမရဲ့၊ ကိုကြီးစိုင်းအောင် တစ်ယောက်တည်းပဲ ခြံထဲမှာ နေခဲ့တာ အဲဒါ''

''အို... နန်းမို့တို့ ရွာပြန်နေတယ်ဟုတ်လား၊ ခြံထဲမှာ ဘာဖြစ်လို့ မနေတော့တာလဲ၊ ဒက်ဒီက ပြောင်းခိုင်းလို့လားဟင်''



''ဆရာကြီးကတော့ မပြောင်းခိုင်းပါဘူး မမရယ်၊ ဆရာကြီး ယောက်ဖက ခြံထဲလာတိုင်းနန်းမို့ကို ရိသဲ့သဲ့နဲ့ ဆွဲလား၊ ရမ်းလားလုပ်လို့ကိုကြီးစိုင်းအောင်က တမင်ရွာပြန်နေခိုင်းတာပါ''

''အို....ဖြစ်ရလေ၊ ဒီအယုတ်တမာကောင်နဲ့ လွတ်တဲ့နေရာကို မရှိနိုင်တော့ပါလားနော်၊ ဒုက္ခပါပဲ''

ဇွန်ပွင့် စိတ်ပျက်လက်ပျက်လေး ညည်းကွား လိုက်မိသည်။

''အင်း.... ကြည့်ပြီးတော့သာ လွတ်အောင်ရှောင်နန်းမို့ရေ၊ အဲဒီ တကောင်ရူးက လွယ်တာ မဟုတ်ဘူး၊ ယောက်ဖရှိန်တက်ပြီး ရမ်းချင်တိုင်း ရမ်းနေတဲ့ကောင်''

''ဟုတ်ကဲ့... ကြီးနန်း''

ဒေါ်နန်းမြကပါ နားထောင်ရင်းကြားမှ မနေနိုင်၊ မထိုင်နိုင် ဝင်သတိပေးလာ၍ နန်းမို့က တလေးတစား ခေါင်းညိတ်၏။

တကယ်တော့ နန်းမို့အသက်ဆယ့်ခြောက်နှစ်လောက်ပဲ ရှိဦးမည် ထင်ပါသည်။

သူနှင့်တလျှင် ကလေးသာသာဆိုမှတကယ့်ကိုကလေးသာ သာရယ်ပါ။

ခဏကြာမှ နန်းမို့က ဟိုသည်တစ်ချက် လှမ်းကြည့်လိုက်ပြီး တိုးတိုးလေး ပြောလာသည်။

''ကိုကြီး စိုင်းအောင်က ပြောတယ်မမ၊ ဆရာကြီးတဖော်နဲ့ ကိုထွန်းကျော်ဟာ မောင်နှမအရင်း မဟုတ်ဘူး

www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်တဲ့၊ ဆရာကြီးကို ဘာသဘောနဲ့လှည့်စားထားသလဲတော့ မသိဘူး၊ ကိုထွန်းကျော်ဆီကို မဥမ္မာ လာလာအိပ်တာ သုံးလေးခါလောက်ရှိနေပြီတဲ့၊ စောစောပိုင်းကတော့ ကိုကြီးလဲ သတိမထားမိပါဘူး၊ နောက်မှ ဆရာကြီးမရှိတဲ့ညတိုင်း မဥမ္မာ လာ လာအိပ်တယ်လို့ သတိထားမိသွားတာ၊ လွန်ခဲ့တဲ့ ငါးရက်နေ့ညတုန်းက ပေါ့ ကိုကြီးတစ်ယောက်တည်း ခြံထဲမှာလှည့်ပတ်ကြည့်နေတုန်း ကိုထွန်းကျော်တဲထဲက စကားအချီအချပြောသံတွေကြားရလို့ ရပ်ပြီးနားထောင်မိတာ”

“အင်း…အင်း၊ ဘာတဲ့လဲ ပြောပါဦး”

ဒေါ်နန်းမြက သိလိုဇောကြီးစွာဖြင့် ဝင်မေးလာသည်မို့ နန်းမိုက ဆက်ပြောသည်။

“ကိုထွန်းကျော်က မီးခံသေတ္တာသော့ အပ်ပြီလားလို့ မေးတယ်တဲ့”

“အဲဒီတော့ ဟိုဟာမက ဘာပြန်ပြောလဲ”

‘မဥမ္မာက လေးလောဆယ်တော့ သူ့ သိမ်းပဲ သော့ကိုင်နေတယ်၊ ဒါပေမယ့် မပူပါနဲ့ ငါ အဘိုးကြီးကို ချော့မော့ပြီး အပိုင်ကိုင်လို့ရပါတယ်၊ အဲဒီကိစ္စအဆင်ပြေပါလိမ့်မယ်၊ မင်းမကော ဇွန်ပွင့်ကို နယ်ထိအပိုင်မကြံနိုင်သေးဘူးလား၊ ကောင်မလေးကိုနှင့် ငါ့ကိုပစ်ပြီးမယ်တော့ မကြံနဲ့နော်၊ ပေးထားတဲ့ကတိအတိုင်း ပစ္စည်းတွေရရင် ကန့်လုပ်ခဲ့ဖို့မမေ့နဲ့၊ မရေရာခွင်ထက် ပိုစွဲနေပါပြီ ဆိုရင်တော့ မင်းနဲ့ငါ တွေ့မယ်လို့ ပြောတယ်တဲ့…



“အဲဒါ မမှုံသိမှုဖြစ်မှာ၊ သွားပြောချေဆိုလို့ အမေ ဘာလဲ မယ်တို့မိသားစုရဲ့ကျေးဇူးတွေ တို့အပေါ်မှာအများကြီး ရှိတယ်၊ မြန်မြန် သွားပြောချေဆိုလို့ နန်းမို့လာပြောတာ၊ ဆရာကြီးကိုတော့ မမကပဲ သင့်သလိုကြည့်ပြီး သတိပေးပါနော်၊ ကိုကြီး ပြောတာလို့တော့ ပြန်မပြောလိုက်ပါနဲ့ မမနော်”

နန်းမိုက သူ့စကားဆုံးသည်နှင့် နှုတ်ခမ်းလေးကိုက်ပြီး အလိုမကျစွာ နားထောင်နေသော ဇွန်ပွင့်ဦးကို တောင်းပန်သလို ပြောနေ၏…

“စိတ်ချပါ နန်းမိုရယ်၊ နန်းမိုတို့ မိသားစုကို ဘာမှ ထိခိုက်စေရပါဘူး၊ လာပြောတဲ့အတွက်လဲ ကျေးဇူးအများကြီးတင်ပါတယ်၊ ကျေးဇူးတရားကိုပြုသူကအလွယ်တကူပြုနိုင်ကြပေမယ့် ဆပ်သူကျတော့ ဆပ်နိုင်ခဲတာခြင်းပဲ၊ ညီမတို့ မိသားစုရဲ့ ကျေးဇူးတရားကို မမ တစ်သက်လုံး အတိုင်း အောက်မေ့နေမှာပါ၊ ဒေါ်ကြီးနဲ့ စိုင်းအောင် ကိုပါ ပြန်ပြောပြလိုက်နော်”

နန်းမို ... လေးကိုဆုပ်ကိုင်ရင်း ဇွန်ပွင့် လှိုက်လှဲစွာ ကျေးဇူးတင်စကား ဆိုမိသည်။

“ဒါဆို နန်းမိုသွားတော့မယ်နော် မမ”

“အေး…အေး… ကောင်းပါပြီ ညီမလေးရယ်”

နှုတ်ဆက်စကားဆုံးသည်နှင့် ... တစ်ပိုင်း ထွက်ခွာသွားသော နန်းမို့ကို ... ကြည့်လိုက်ရင်း လူသုံးကွယ်သွားလေမှ ဇွန်ပွင့်ခြေ

www.burmeseclassic.com



လှမ်းများကို သိတင်္ဂူအပြန်လမ်းဆီသို့ ဦးတည်လိုက်ရ၏။

ဇွန်ပွင့်ရင်မှာ ဒေါ်သစိတ်တို့ဖြင့် ဆောက်တည်ရာမရ လှုပ်ရှားနေ၏။

"သမီး....မဇွန်"

"ရှင်....မေနှန်း"

"သူတို့ မောင်နှမနဲ့ တွေ့ရင် သမီးဟန် မပျက်စေနဲ့နော်၊ ဟန်ကိုယ့်ဖို့တဲ့ သမီးရဲ့မိုးခံသေတ္တာထဲက အစော လက်ဝတ်လက်စားတွေကော ယူသိမ်းထားပြီးပြီလား"

"ဟင့်အင်း....မာမီ့ ပစ္စည်းတွေ တစ်ခုမှ သမီးဆီမှာ မရှိဘူး၊ အားလုံး မိုးခံသေတ္တာထဲမှာ ချည်းပဲ"

"အေး....ဒါဆိုရင် အိမ်ပြန်ရောက်ရောက်ချင်း ဟို ကောင်မလစ်တာနဲ့ အစောပစ္စည်းတွေ အကုန်လုံး သမီး ယူပြီး လိုခြုံတဲ့ တခြားတစ်နေရာမှာ ရွှေ့သိမ်းလိုက်တော့ လက်နှေးနေလို့ မဖြစ်တော့ဘူး၊ ကြွေးလားသမီး၊ ညည်း ဒက်ဒီ ပြန်လာတဲ့ အထိ စောင့်လို့ မဖြစ်တော့ဘူး"

အခြေအနေက ရှုပ်သည်ထက် ရှုပ်လာလေပြီတည်း။

အိမ်ပြန်ရောက်ချိန်မှာတော့ မဥမ္မာနှင့် ကိုတွန်းကျော် ကို ဧည့်ခန်းထဲတွင် အဆင်သင့် တွေ့လိုက်ရသည်။

"ဇွန်ပွင့်ဈေးသွားဝယ်တာ ဥမ္မာတော့်င် မသိလိုက် ဘူး၊ အစောကြီးထွက်သွားတယ်ထင်တယ်၊ တော်သေး တာပေါ့၊ အချိန်မီ ပြန်လာလို့ ဥမ္မာတို့တော့ မနက်စာ စတ်ပြီ ထင်နေတာ၊ ဒေါ်နှန်းမြရော ဇွန်ပွင့်ပါ တစ် ယောက်မှ မရှိလို့လေ၊ အဟင်း....ဟင်း....ဟင်း"



မဥမ္မာက ခန္ဓာကိုယ်တစ်ခုလုံးကို လှုပ်ခါရယ်မောရင်း ဇွန်ပွင့်ဦးကို ရှေ့သလို ပြောလိုက်သေးသည်၊ ဇွန်ပွင့်ဦး က မရယ်ဘဲ မျက်မှောင်လေးကုတ်ကာခပ်တည်တည်လေး ဖြစ်၍ စကားလမ်းကြောင်းက ချက်ချင်းပဲ ဒေါ်နှန်း မြထံသို့ လှည့်ပြောင်းသွား၏။

"ဒေါ်နှန်းမြ ဥမ္မာနဲ့ ကျော်ဖို့ ကော်ဖီနဲ့ မုန့်လုပ် ပေးပါဦး၊ တစ်မနက်ခင်းလုံး ဘာမှမစားရသေးဘူး"

"ကျော်....ရော၊ ကော်ဖီပဲ သောက်မယ် မဟုတ် လား၊ ကြိုက်တာ ပြောလိုက်လေ၊ ဒေါ်နှန်းမြ စီစဉ်ပေး လိမ့်မယ်"

ရောက်ရောက်ချင်း အမောမှ မပြေသေး၊ ဆီး၍ပြော လိုက်သော မဥမ္မာ၏ မတော်တရော် အမူအရာနှင့် အိမ် ရှင်မလေသံကနေသာထဲသို့ ခါးသိုးစွာ ဝင်ရောက်သွားရ၍ ဒေါသနှင့်အတူ ဇွန်ပွင့် ကိုယ်လေးဆတ်ခနဲ မတ်သွားရ တော့ ဒေါ်နှန်းမြက ဇွန်ပွင့်ကိုယ်လေးကို အခန်းဆီသို့ ဆွဲခေါ်ရင်း တိုးတိုးသာ ဆိုလာသည်။

"မအားအားဆေးဆေး နားနေစမ်းပါ သမီးရယ်၊ ဘာမဟုတ်တဲ့နဲ့ ပြဿနာ အတက်မခံချင်စမ်းပါနဲ့၊ ကိုယ့်အခန်းထဲ ကိုယ်ဘာဖတ်ချင်ဖတ်၊ အိပ်ချင်အိပ်၊ ငြိမ်နေစမ်းပါ၊ မေနှန်းမီးဖိုထဲဝင်လိုင်ဦးမယ် ဟုတ်သား"

မေနှန်း၏ အလိုကျအတိုင်း အခန်းထဲဝင်ပြီး တံခါး ချက်ချလိုက်ကာ ခုတင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချ လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



စာကြည့်စားပွဲပေါ်မှ မာမီ၏ ဓာတ်ပုံလေးကို အကြောင်းမဲ့ တစ်ချက်လှမ်းကြည့်လိုက်မိပြီး သက်ပြင်း တစ်ချက်ကိုလည်း အလေးပင်စွာ မှုတ်ထုတ်လိုက်မိ၏။

နေ့ရာတကာမှာ စိတ်ညစ်ညူးခြင်းများ၊ ရှုပ်ထွေးခြင်းများ အလိုမကျခြင်းများသာ လွှမ်းမိုးနေသည်ဟု ထင်မိ၏။

နန်းမို့ထံမှ မမျှော်လင့်ဘဲ ကြားသိရသော အကြောင်းအရာ အချက်အလက်တွေကလည်း နက်နက်နဲနဲ စဉ်းစားတွေးခေါ်ရသော အချက်အလက်များ ဖြစ်နေသည်မို့ တွေဝေနေဆဲ....

“ဇွန်ပွင့်....”

“ဇွန်ပွင့်....”

တံခါးခေါက်သံနှင့်အတူ အပြင်ဘက်ဆီမှ ထွန်းကျော်၏ အသံက နားထဲ ဝင်ရောက်လာ၍ ဇွန်ပွင့် ဒေါသဖြစ်စွာ နားနှစ်ဖက်စလုံးကို ပိတ်လိုက်မိသည်။

“ဟိတ်....တံခါးဖွင့်ပါဦးကွ၊ ဘယ်နှယ် မနက်ခင်းကြီးကို အခန်းတံခါး ပိတ်နေရတယ်လို့ပဲ၊ တို့က ကိုက်မစားပါဘူးကွ”

ဇွန်ပွင့်ဟာမင်ငြိမ်ခံနေမှန်း သိ၍လားမသိ၊ စကားသံက ဆက်လက် ထွက်ပေါ်လာသည်။

“လာပါ ဇွန်ပွင့်ရဲ့၊ တို့ဇွန်ပွင့်နဲ့ စကားပြောချင်လွန်းလို့ ခုထိ မြို့ထဲမသွားသေးဘဲ စောင့်နေတာပါ၊ ခဏလေး အပြင်ထွက်ခဲ့ပါဦး”



“ဟုတ်သားပဲ ဇွန်ပွင့်ရဲ့၊ ကျော်တို့များ တစ်မနက်ခင်းလုံး စောင့်နေရတာပါ၊ စကားပြောမှအောင် အပြင်ထွက်ခဲ့ပါဦးလား”

ထွန်းကျော်နှင့် မဥမ္မာ၏ စကားသံများက မကြားချင်၍ နားပိတ်ထားသည့်ကြားမှ အတိုင်းသားကြားနေရသဖြင့် ဇွန်ပွင့်ခံပြင်းစွာ ဒေါက်တစ်ချက် ခေါက်လိုက်မိသည်။

“လာပါ ဇွန်ပွင့်ရဲ့၊ ခဏလေးပါ၊ တိုင်ပင်စရာရှိလို့ ခဏလေးထွက်ခဲ့ပါ”

ထွန်းကျော်ကလည်း ဇွတ်ခေါ် နေသဖြင့် ဇွန်ပွင့်သည်းမခံချင်တော့။ ဒေါသဖြစ်စွာ အော်ပစ်လိုက်မိသည်။

“ရှင်တို့ ဘယ်လိုလူတွေလဲ၊ ကိုယ့်ဘာသာကိုယ် အေးအေး ဆေးဆေး နေချင်လို့ အခန်းတံခါးပိတ်ထားလဲ မရဘူး၊ လိုက်နှောင့်ယှက်နေတာပဲ”

“နှောင့်ယှက်တာ မဟုတ်ပါဘူး ဇွန်ပွင့်ရာ၊ ပြောစရာစကားရှိလို့ပါ၊ ခဏလေး အပြင်ထွက်စကား ပြောရမှာများ ဘာပင်ပန်းလို့လဲ”

“မပင်ပန်းလဲ မောလို့ နားနေတာ၊ ဘယ်သူနဲ့မှ စကားမပြောအားဘူး၊ ပြောစရာ စကားလဲ မရှိဘူး၊ ခေါင်းကိုက်တယ်”

“ဟာကွာ.... ဇီဇလာက်ကြီးလဲ မရိုင်းပါနဲ့၊ ခုနကတင် အကောင်းကြီးဥစ္စာ၊ ခုမှ ကောက်ရသလို ခေါင်းကိုက်သွားတာ မကောင်းပါဘူး”

www.burmeseclassic.com

www.burmeseclassic.com



စကားကို အချေအတင် ပြောနေရသဖြင့် ဇွန်ပွင့် သည်းမခံချင်တော့....

''ရှင့်ဘာသာ ရှင်ထင်ချင်သလိုရှင်ထင်၊ လာမနှောင့်ယှက်မှင် ပြီးရောပဲ''

စကားအပြတ် ပြောချပစ်လိုက်တော့ ထွန်းကျော်က တံခါးပေါင်ကို မှီ၍ရပ်နေရင်းမှ ပခုံးတွန့်ပြီး မရယ်ချင့် ရယ်ချင် ရယ်လေသည်။

''အဟင်း....ဟင်း....ဒါဆိုလဲ ပြီးတာပါပဲဗျာ၊ ဇွန်ပွင့် မကြိုက်ဘူးဆိုလဲ တို့ကပဲ အလျှော့ပေးရတော့မှာပေါ့၊ မနက်ခင်းကြီး တစ်ယောက်တည်း အခန်းတံခါးပိတ်နေတယ်၊ အဖော်မရှိလို့ ပြောမိတာပါ''

''အို....သိတဲ့ဟာ ကျွန်မအိမ်ပဲ၊ ကိုယ့်အိမ်ကိုယ် တယ်လိုနေနေပေါ့၊ ရှင့်အပူလား၊ မနက်ခင်းဖြစ်ဖြစ် ညနေခင်းဖြစ်ဖြစ်၊ အခန်းတံခါး ဖွင့်နေနေ၊ ပိတ်နေနေ ရှင့်အပူ ဘာစ်ပြားသားမှ မပါပါဘူး''

''အခုမပါလဲ နောက်တော့ ပါလာမှာပေါ့ဗျာ''

''ဘာပြောတယ်၊ ဘာ....''

ဇွန်ပွင့် ဒေါသဖြစ်လွန်းစွာ အခန်းတံခါးဆီသို့ အနားမှ တွေ့ရာပစ္စည်းများနှင့် ကောက်၍ ပေါက်မိ၍ ဝုန်းဒိုင်းကြဲနေဆဲ....

''ကဲ....မောင်ထွန်းကျော်၊ ဇွန်ပွင့် မင်းကို စကားမပြောချင်ဘူးလို့ ပြောပြီးပြီပဲ၊ သာဖြစ်လို့ ဇွတ်အတင်း စကားတွေ လာပြောနေရတာလဲကွယ့်''



ဆူဆူညံညံ အသံများကြောင့် အိမ်ရှေ့ ပြန်ရောက်လာဟန်တူသော မေနန်း၏ အသံက အခန်းထဲသို့စူးရှစွာ ဝင်ရောက်လာသည်။

''သူ့ဘာသာသူ နေတတ်သလို နေတာကို မင်းလိုက်မနှောင့်ယှက်ပါနဲ့''

''ကျုပ်ဘာသာ စကားပြောတာ ခင်ဗျားနဲ့ မဆိုင်ပါဘူး၊ ခင်ဗျား ဘာမှ ဝင် ပြော နေ စ ရာ မ လို ဘူး ဒေါ်နန်းမြ''

''လိုတာပေါ့ကွယ်၊ ဘာလို့ မလိုရမှာလဲ၊ ဇွန်ပွင့် အမေ လက်ထက်ကတည်းက ဇွန်ပွင့်ဟာ ငါ့လက်ပေါ်မှာ ကြီးလာတဲ့ကလေးပဲ၊ မောင်ကျော်ဦးကလဲ့ရင် ဇွန်ပွင့်နဲ့ ပတ်သက်လို့ ငါ့မှာ တာဝန်အရှိဆုံးပဲ ဆိုတာကို မင်းသိဖို့ နားလည်ဖို့ ကောင်းတယ်''

''မလိုပါဘူးဗျာ၊ '' သူ့အဖေကတောင် ကျေကျေနပ်နပ် ခွင့်ပေးပြီးသားကိစ္စကို ခင်ဗျား ကန့်လန့် ကန့်သန့် ဝင်မပါချင်စမ်းပါနဲ့၊ အိမ်ဖော်က အိမ်ဖော်ပီပီ အိမ်ဖော် နေရာမှာပဲ နေစမ်းပါ''

''အင်းလေ....သိတဲ့မှာ ထမင်းချက်ကအစ အလာ့ကြီး၊ ကိုကိုကြီး မျက်နှာသာပေးမှန်းသိလို့ နေရာတကာ ဝင်ပါချင်နေတာ၊ ဒီမှာ ဒေါ်နန်းမြ ရှင့်နေရာရှင် သိစမ်းပါ၊ ဥမ္မာတို့ ကိုယ်ရေး ကိုယ်တာ ကိစ္စထဲ ရှင်ဝင်ရှုပ်စရာ မလိုဘူး သိရဲ့လား''

ဥမ္မာကပါ စကားဝိုင်းထဲသို့ အချေအတင် ဝင်ပြော

www.burmeseclassic.com



လာသဖြင့် ဒေါ်နန်းမြ ခါးသောက်ရပ်ရှင်း ခပ်ဘင်း တင်းပဲ တုံ့ပြန်၏။

"အေး…ဟုတ်တယ်၊ ငါက သိဘုရ့ဲ ထမင်းချက် ပါပဲ၊ ဒါပေမယ့် ဇွန်ပွင့်နဲ့ ပတ်သက်လာလို့က တော့ သည်းခံလိမ့်မယ် မထင်နဲ့ဟေ့၊ ထမင်းချက်တဲ့ လက်နဲ့ လူလဲ သတ်ရဲတယ်၊ ငါ့ခါးက ဓားမရွေးဘူးဆိုဘာ ညည်းတို့ သိဘွားကြ"

သည်လိုကျတော့ ဒေါ်နန်းမြ စကားများက သူတို့ နှစ်ဦးစလုံးကို တိုက်ရိုက်ချည်ရွယ်သည်မို့ ဥမ္မာနှင့် ထွန်းကျော်ပါ မျက်စိချက်နှာ ပျက်သွားကြလေသည်။ ဒါပေမယ့်လည်း ဥမ္မာက အလွယ်ထကူ အလျှော့မပေး။

"ဒီမှာ ဒေါ်နန်းမြရဲ့၊ ရှင်က လူစွမ်းကောင်းလုပ်ပြီး ဥမ္မာနဲ့ ကျော်ကို ရန်တွေ့နေစရာ မလိုပါဘူး၊ သူ့အဖေ ကိုယ်တိုင်က ကျော့်ကို သဘောကျလွန်းလို့ သူ့သမီးနဲ့ လက်ထပ်ပေးဖို့ သဘောတူပြီး ပြီရှင့် သိရဲ့လား၊ ဒီက စေတနာနဲ့ လူသယ်ချင်း တိုင်ပင်ဘေးနိုင် တိုင်ပင်ရအောင် လို့ ခေါ်နေတာ၊ နေရာတကာ ရှုပ်ဝင်မပါချင်စမ်းပါနဲ့၊ နောက်ဆိုရင် ဇွန်ပွင့်ရဲ့ အုပ်ထိန်းသူက ကျော်ပဲ ဖြစ် တော့မှာ"

"ဒါသတော့ ညည်းအပြောကိုဟေ့၊ ငါက သူများ ပြောတိုင်း ယုံနေရမှာလား၊ မောင်ကျော်ဦး ကိုယ်တိုင် သဘောတူသွားတယ်ပြောလဲ ဒီကိစ္စက ဘာယက်ရှင်



ဇွန်ပွင့်ကိုယ်တိုင် သဘောတူ ခေါင်းညိတ်ထားတဲ့ ကိစ္စမှ မဟုတ်ဘဲ အာရုံစိုက်စရာ မလိုပါဘူး"

"အဲဒါဆိုရင်လဲ ရှင်ထမင်းဝအောင်စားထားပေါ့၊ ကိုကိုကြီးပြန်လာရင်၊ အထုပ်အပိုးဆွဲပြီး ခေါင်းနဲ့ ဆင်း ရအောင် ရှင့်ပြောသမျှ အားလုံး ကိုကိုကြီးကို ပြန်တိုင် မယ် သိရဲ့လား"

"အဟုတ်း ဟင်း ဆောက်ဖြစ်ရင်တော့ ကျောင်း ဒကာပေါ့အေ၊ မိနန်းမြတို့က မလွှမ်းပါဘူး စောင့် ကြည့်ပါဦး"

ဒေါ်နန်းမြက စကားဆုံးခင် အိဖိုင့်သော ကိုယ် ခန္ဓာကို တလှုပ်လှုပ် သယ်ဆောင်၍ မီးဖိုထဲ ပြန်ဝင်သွား သဖြင့် ဥမ္မာနှင့် ထွန်းကျော် တစ်ဦးမျက်နှာ တစ်ဦး လှမ်းကြည့်ရင်း မချင့်မရဲ ဖြစ်ကျန်ရစ်ခဲ့ရလေသည်။

မီးဖိုထဲအထိ လိုက်သွားဖို့ ကျတော့လည်း စိတ်မရဲ။ ပြောသည့်အတိုင်း လုပ်တတ်သော ဒေါ်နန်းမြ လက်ထဲ မှာ သားလှီးဓားက အသည်းယားစရာ ဖြစ်နေသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

အခုတလော ဗိုက်ညစ်ညစ်နှင့် ဇွန်ပွင့် ဘယ်ကိုမှမသွား ဖြစ်။ ယုတ်စွအဆုံး ကျောင်းနေဖက် သူငယ်ချင်းတွေဆီကိုတောင် သွားမလည်ဖြစ်။

နေ့ရှိသရွေ့ အခန်းအောင်းပြီး စိတ်ထည်ငြိမ်အောင် ဘုရားစာတွေပဲ ဖတ်နေမိသည်။

ဘုရားဖက်တော့အသက်ရှည်၊ တရားဖက်တော့အမျက်ပြေ၊ သံဃာဖက်တော့ အခက်ပြေဆိုသည့်စကားကလည်း မှန်ကန်လွန်းလှပေ၏။

တရားနှင့်စိတ်ဖြေဖျောက်လေမှပူလောင်ခြောက်သွေ့နေသော ရင်မှာ အေးမြငြိမ်းချမ်းမှု ရလာသလို၊ တည်ငြိမ်မှုရလာသလို ခံစားရလေသည်။

တိုက်ဆိုင်စွာခံစားလာရလေမှ အမှန်တရားကို သိမြင်လက်ခံလာရသလိုဇာတနာသုံးပါး၏ဂုဏ်ကျေးဇူးကိုလည်း ပိုမိုနားလည်လာရလေပြီ။

ဇွန်ပွင့်၏တွေဝေလွင့်ပါးနေသော စိတ်အစဉ်က ဗုဒ္ဓရှင်တော်ဘုရား၏တရားကို ကြည်ညို မြတ်နိုးစွာ ထပ်တလဲလဲရွတ်ဖတ်ဆင်ခြင်ခြင်းဖြင့်တည်ကြည်ငြိမ်သက်သော အဖြစ်သို့ ရောက်ရှိလာရလေပြီမို့ အဘိဓာသုတ်ကို ထပ်တလဲလဲ ရွတ်ဖတ်ဆင်ခြင်ပွားများနေဆဲ....

''ဒေါက်–ဒေါက်–ဒေါက်''

''သမီး....သမီး၊ မေငွန်''



''တံခါး ခေါက်သံနှင့်အတူ မေနန်း ခေါ်သံကပါ ထွက်ပေါ်လာသဖြင့်...

''လာပြီ....မေနန်း''

ဇွန်ပွင့် ဒရင်းဘက်ပေါ်မှ လူးလဲထပြီး တံခါး ဖွင့်ပေးလိုက်ရသည်။

မေနန်းက အခန်းထဲရောက်သည်နှင့် ဇွန်ပွင့် လက်ကလေးကို ဆုပ်ကိုင်ပြီး နှစ်ကိုယ်ကြားခပ်တိုးတိုးပြောလာသည်။

''ဟိုမောင်နှမ မြို့ထဲထွက်သွားကြပြီး သမီး၊ အချိန်ရှိတုန်း လုပ်စရာရှိတာ လုပ်ရအောင်လို့လာပြောတာ၊ မီးခံသေတ္တာထဲက အစေပစ္စည်းတွေ သမီးယူသိမ်းမယ်ဆို''

''ကြော်....ဟုတ်ပါရဲ့၊ သမီး မေ့နေတယ်''

ဇွန်ပွင့် ပြောပြောဆိုဆို ခေါင်းအုံးအောက်မှ သော့တွဲတစ်ခုကို နှိုက်ထုတ်လိုက်ရင်း ဒက်ဒီ အခန်းသို့သွားရန် ပြင်ပြီးမှ တစ်စုံတစ်ခုကို သတိရသွား၍ တုံ့ခနဲ ရပ်ကာ တွေဝေသွားရသည်။

ခဏကြာမှ....

''ဖြစ်ပါ့မလား မေနန်းရယ်၊ ဒက်ဒီ သိသွားရင် ဇွန်ပွင့် သက်သာမှာမဟုတ်ဘူး၊ မိုးမီးလောင် ကုန်လိမ့်မယ်''

''ဖြစ်ပါတယ်အေ၊ ဘာလို့ မဖြစ်ရမှာလဲ၊ ကိုယ့်အမေပစ္စည်း ကိုယ်သိမ်းတာပဲ၊ သူများပစ္စည်း ခိုးတာမှမဟုတ်တာ၊ ဘာကြောက်စရာရှိလို့လဲ၊ သမီး ဘာလုပ်လဲ ညာနေခင်း

www.burmeseclassic.com



ပြန်လာလိမ့်မယ်၊ သွားသွား မြန်မြန် သွားသိမ်းလေ၊ တော်ကြာ ပြန်လာလို့ မြေရှင်းရင် အလုပ် ပိုရှုပ်နေဦးမယ်"

မေနှင်းက အဟင်းတွန်းလွှတ်နေသဖြင့် ဇွန်ပွင့် တွေဝေမနေအားတော့။ ဒက်ဒီ့အခန်းထဲသို့ လှစ်ခနဲ ပြေးဝင်လိုက်သည်။

မီးခံသေတ္တာကိုဖွင့်ရင်း မဝင်တာ ကြာပြီ ဖြစ်သော ဒက်ဒီ့အိပ်ခန်းကိုလည်း၊ ဟိုသည်မျက်လုံးဝင့်ကြည့်လိုက်သည်။

မာမီရှိစဉ်က အငြိမ်အမြဲ သပ်ရပ် သန့်ရှင်းနေသော အိပ်ခန်း။

နေချင့်စဖွယ် ရှိလှသော သည့်အိပ်ခန်း ကလေးက ခုများကျတော့ တုံးနေရာတချို့ သည်နေရာတချို့၊ အဝတ်ဟောင်းများဖရိုဖရဲ၊ အိပ်ရာခင်း ဖရိုဖရဲဖြင့် ရှုပ်ပွကာ စိတ်ညစ်ညူးဖွယ်အတိ ဖြစ်နေသည်။

မာမီ၏ ချစ်ခြင်းမေတ္တာဖြင့် အငြိမ်အမြဲ နွေးထွေးကာ အေးချမ်းနေသော သည့်အိပ်ခန်းလေး အခု တော့ ဇွန်ပွင့်ကို ယခင်ကလို စိတ်အေးချမ်းမှု ပေးနိုင်စွမ်း မရှိတော့။

ကြည့်မနေပါနဲ့ ဇွန်ပွင့်ဦးရယ်။

သခင်မအသစ်ရဲ့လက်ထဲမှာ သခင်မအဟောင်း ယုယခဲ့သမျှဘဝလေး ရေစုန်မျောသွားရပါပြီဟု ညည်းငယ်စွာ ပြောပြနေသယောင်ယောင်မို့ ....



ဇွန်ပွင့် ခေါင်းကိုညင်သာစွာခါယမ်းလိုက်ရင်း စိတ်အာရုံကို မီးခံသေတ္တာဆီသို့ ပြန်လည်စူးစိုက်လိုက်ရသည်။

"အလို... မြတ်စွာဘုရားရေ၊ ကုန်ပြီ ပေါ့သိ"

ဇွန်ပွင့် အလန့်တကြားလေး ရေရွတ်ကာ စာရွက်စာတမ်းများကို ဖယ်ထုတ်လိုက်ပြီး ထားနေကျနေရာမှာ မတွေ့ရသော ယွန်းဘူးကလေးကိုလည်း ပျာပျာသလဲ ရှာမိသည်။

"ဩော်... ဒက်ဒီက ဒီနေရာကို ပြောင်းထားတာကိုး၊ တော်ပါသေးရဲ့၊ မျက်စိကို ပြာသွားတာပဲ"

ခြံနှင့် အရောင်းအဝယ်စာချုပ်များ ထည့်ထားသော ကော်ထူဘူးကြီးအောက်တွင် ဇွန်ပွင့်ရှာနေသောယွန်းဘူး ပြားလေးကို အခုံသား တွေ့လိုက်ရသဖြင့် ဇွန်ပွင့် ပင့်သက်ကို ကျိတ်ချလိုက်သည်။

ယွန်းဘူးလေးထဲမှာတော့ မာမီ၏ စိန်ခြယ်လက်ဝတ် ရတနာများက တဖျတ်ဖျတ် တောက်ပ လင်းလက်နေသည်။

ထိုစဉ် အိမ်ရှေ့မှ စကားပြောသံသဲ့သဲ့ သို့သို့ ကြားလိုက်ရသဖြင့် ဇွန်ပွင့် စာရွက်စာတမ်းများကို ဖယ်ကြည့်ချိန်မရတော့။

မီးခံသေတ္တာ တံခါးကို သေချာစွာ ဂရုစိုက်၍ ပြန်ပိတ်လိုက်ပြီး၊ ယွန်းဘူးလေး ကို ဆွဲကာ ကြား ထိုးသွင်းကာ မိမိအခန်းဆီသို့ ဒရောသောပါး ပြန်ပြေးတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိစီရီထဲခွာ သေချာသိမ်းပြီးမှပဲ အသက်ဝဝ ရှူမိတော့သည်။

ဒက်ဒီနှင့် ရင်ဆိုင်ဖြေရှင်းရမည့် အရေးကိုသာ ကြိုတွေးရင်း စိတ်လေးနေသဖြင့် ခုတင်ပေါ်မှာပဲ ခပ်ငူငူလေး ထိုင်နေမိသည်။

မဥမ္မာတို့နှင့်လည်း မျက်နှာချင်းမဆိုင်လို။ ဆိုင်မိလျှင် မိမိသာ ဒေါသဖြစ်၍ စိတ်ညစ်ရပေဦးမည်။

အတွေးများနှင့် ယောက်ယက်ခတ်နေသည်မို့ တစ်ယောက်တည်း ငေးငိုင်နေမိဆဲ....

"သမီးရေ...မဇွန်၊ ဒီမှာ ဘလူ ပြန်လာပြီဟေ့"

မေနန်း အသံကြောင့် ဇွန်ပွင့် ကိုယ်လေး မတ်သွားပြီး ဝမ်းသာအားရ ဖြစ်သွားရသည်။ တစ်ဆက်တည်းမှာပင် အခန်းဖြင့်သို့လည်း အပြေးတစ်ပိုင်းပြေးထွက်မိသည်။

"ဟော...လာလာ သမီး"

ဧည့်ခန်းထဲရောက်တော့ ဘလူက ပြုံးရွှင်စွာရယ်မောရင်း အဆင်သင့် စောင့်နေလေ၏။

"ဘလူ ဒီဘက်ခေါက် ရန်ကုန် သွားသာကလဲ ကြာလိုက်တာ"

ဘလူ နံ... ဝင်ထိုင်ရင်း လက်မောင်းကိုဖက်တွယ်ကာ ဇွန်ပွင့် ... သလိုလေး ဆိုလိုက်မိတော့...

"... ရှိနေလို့ နည်းနည်း ကြာ သွား တာ သမီးရဲ့၊ ... တော့ဒီမှာ သမီး ကြိုက်တဲ့ ပုလဲ နံ့ကထိုင်



တွေလေ၊ မုန့်ပုံးနဲ့အပြည့် ဝယ်လာတယ်၊ အများကြီးပဲ၊ ငါ့သမီး ကြိုက်သလောက် စားပေတော့ဗျာ"

ဘလူက ကွမ်းစားလွန်း၍ မည်းချိတ်နေသော သွားများကို ဖွင့်ဟ ရယ်မောရင်း မုန့်ပုံးကို နှုတ်ခမ်း စူနေသော ဇွန်ပွင့်လက်ထဲ ထည့်ပေးလိုက်၍ ဇွန်ပွင့် မျက်နှာလေး ချက်ချင်း ပြုံးရွှင်သွားရလေသည်။

"အာ...မုန့်တွေ အများကြီးပဲ၊ ပျော်စရာကြီး"

"အဲဒီလို သူကြိုက်တဲ့မုန့်စားပြီး အဘကို ချွဲနေရင် မဇွန်တို့က ကျေနပ်ပါ့တော်"

ဘလူ လက်မောင်းကို ဖက်တွယ်ရင်းမှ နံ့ကထိုင်ယူစားနေသော ဇွန်ပွင့်ပါးလေးကို မေနန်းက ချစ်စနိုးဆွဲလိမ်ရင်း စနေ၍လည်း ဇွန်ပွင့် မျက်နှာလေး ပို၍ပြုံးယောင်ယောင် ဖြစ်သွားရသည်။

"အဟင်း... မေနန်းကလဲ သမီးမှာ ချစ်စရာ ဆိုလို့ ဘလူနဲ့ မေနန်း နှစ်ယောက်တည်းပဲ ရှိတဲ့ ဥစ္စာ၊ ချွဲတာ မဟုတ်ပါဘူးနော်"

"နော်....ဘလူ"

"အေး....ဟုတ်တယ်"

"အမယ်လေးဟဲ့....လိုက်လဲလိုက်တဲ့ မြေးအဘိုးတော်၊ အတိုင်အဖောက်လဲ ညီပါ့၊ ဟိုက စစ်ကူတောင်းလို့မှမဆုံးသေးဘူး၊ ဒီက ထောက်ခံပြီးသားဖြစ်နေပြီ"

"အင်းပေါ့၊ မေနန်းကလဲ ဘလူက သမီးဘက်ကပဲ ဥစ္စာ"

www.burmeseclassic.com

နှစ်ခြိုက်စွာ ရယ်မောရင်း ကလေး တစ်ယောက်လို ကြည်ရွှင်နေသော ဇွန်ပွင့်၏ မျက်နှာ လှလှ ကလေးက သောကရိပ်များ ကင်းစင်ကာ ချစ်စဖွယ်ဖြစ်နေရသည်မို့ အမှတ်တမဲ့ ငေးကြည့်နေသော ဦးစိုးလူက ခဏကြာမှ သက်ပြင်းတစ်ချက် ရှိုက်လိုက်ရင်း စကားစလာ၏။

မျက်နှာမှာလည်း ချက်ချင်း စိတ်မချမ်းမြေ့မှုကြောင့် မှိုင်းညို့သွားရ၏။

"သမီး....မဇွန်"

"ရှင်....ဘလူ"

ရုတ်တရက်ကြီး ပြောင်းလဲသွားသော ဘလူ၏အမူအမူကြောင့် ဇွန်ပွင့်အလန့်တကြားလေး ထူးချင်း မော့ကြည့်လိုက်မိတော့၏။

"သမီးလေး... ဘလူပြောတဲ့ စကားကို သေချာ နားထောင်နော်၊ သမီးလေး ရှေ့ရေးအတွက် ဘလူတို့ တစ်ခုခုကို အတိအကျ ဆုံးဖြတ်ရမယ့် အချိန်ရောက်နေပြီကွယ့်၊ ငါ့သမီးကို ဘလူနဲ့ မေနန်း ဘယ်လောက်ပဲ ချစ်ချစ်၊ ဘလူတို့က ဆိုင်ရုံသာဆိုင်ပြီး မပိုင်တဲ့သူတွေ၊ ပိုင်တဲ့သူရဲ့ လက်ထဲမှာ သမီးဘဝလေး ရေတိမ်နစ်မယ့် အရေးကို ကျတော့လဲ ဘလူတို့ လက်ပိုက်ကြည့်မနေနိုင်လို့၊ ဘလူအစီအစဉ် တစ်ခုလုပ်လာခဲ့ပြီ၊ ငါ့သမီးကို မောင်ကျော်ဦး ပြန်မလာခင် ရန်ကုန်ပို့ပေးမလို့"

"ရှင်....သမီးကို ရန်ကုန်ပို့မယ်၊ သမီးရန်ကုန်သွားနေရမယ်၊ ဟုတ်လား ဘလူ"



"ဟုတ်တယ်သမီး၊ ဘလူအားလုံး စီစဉ် လာခဲ့ပြီ၊ ဒီတစ်ခေါက် ရန်ကုန်မှာ ကြာနေတာကလဲ ဒီကိစ္စကြောင့်ပဲ၊ သမီးဒီမှာနေရင် တစ်နေ့မဟုတ်တစ်နေ့ ပြဿနာတွေ ပိုရှုပ်လာမှာ၊ သမီးအတွက်လဲ ရန်များလာနိုင်တယ်လေ၊ ဒါကြောင့် ဦးဖေသက်တို့ မိုနာတို့ဆီကို ပို့ဖို့ဆုံးဖြတ်လိုက်ရတာ"

မိမိနှင့် ရင်းနှီး ကျွမ်းဝင်မှုမရှိသော နာမည်များ ပါလာသဖြင့် ဘလူ၏ ပြောစကားကို ဇွန်ပွင့်ပို၍ စိတ်ပါဝင်စားစွာ နားစိုက်ထောင်မိသည်။

"ဦးဖေသက်ဆိုတာက သမီးရဲ့ အမွေထိန်းရှေ့နေကြီးပေါ့၊ မိုနာက ဦးဖေသက်ရဲ့ဇနီး၊ သမီးမာမီအစောနဲ့ဆို အချစ်ဆုံး သူငယ်ချင်းတွေပေါ့၊ အစော ရှိတုန်းက ရန်ကုန်ဆင်းရင် မိုနာတို့အိမ်မှာပဲ အနေများတာ၊ သမီးက ငယ်သေးလို့ သာ မမှတ်မိတာနေမှာ၊ သူတို့မိသားစုက သမီးကို သိပ်ချစ်ကြတာကွယ့်၊ မိုနာ့သမီး မေခင်ဆိုရင် သမီးကို ငယ်ငယ်တုန်းက မနိုင်ဘဲ အသာပွေ့ချီလို့ ချော်လဲတာ ဒူးမှာနှစ်ချက်တောင် ချုပ်ရတယ်၊ ညီမလေးချင်း မိုးမွှန်နေအောင် ချစ်တာ သမီးရဲ့၊ မေခင်က သမီးထက်ကြီးလှရင် ငါးနှစ်ခြောက်နှစ်ပေါ့"

ဘလူ၏စကားကိုနားထောင်ရင်းမှ ငယ်ငယ်က ဖြစ်ရပ်များကို ခပ်ရေးရေး ပြန်မြင်လာသလို ခံစားရ….

www.burmeseclassic.com



“အင်း.... ဟုတ်မယ်နော်၊ သမီး ငယ်ငယ်တုန်းက ရန်ကုန်သွားတိုင်း အမြဲလိုက်ရတာ၊ အစ်မ တစ်ယောက်နဲ့ ကစားရတာကိုလဲ မှတ်မိသလိုလိုပဲ၊ သမီးကြီး လာတော့ မာမီက ကျောင်းတက်ပျက်မှာစိုးထယ် ဆိုပြီး ရန်ကုန် သွားရင် မခေါ်တော့ဘူးလေ”

ဇွန်ပွင့်က မျက်မှောင်လေးတွန့်ရင်း တွေးတွေးဆဆ ပြောတော့ ဘလူက ပြုံး၍ ခေါင်းညိတ်လေသည်။

“မိုနာတို့ မောင်တို့ကတော့ သမီးကို ခုထိမမေ့ကြ သေးဘူးကွယ့်၊ ဘလူ ရန်ကုန်သွားတိုင်း သမီးလေးကို အလည်ခေါ်လာပါလို့ ခဏခဏမှာတာ၊ အခုမောင်ကျော် ဦး ဥမ္မာနဲ့ လက်ထပ်လိုက်ဘာ၊ ဥမ္မာရဲ့မောင်ကာ ငါ့သမီး ကို ရိသဲ့သဲ့လုပ်တာတွေ ဘလူကပြောပြတော့ အားလုံး က မခံမရပ်နိုင်ဖြစ်ပြီး သမီးကို သူတို့အိမ် ပို့ထားပါလို့ ဇွတ်ပြောကြတယ်လေ၊ မောင်ကျော်ဦး ကိုလဲ အရမ်း စိတ်ဆိုးကြတယ်၊ အဲဒါ ခရီးရောက်မဆိုက် ပြောသင့် မပြောသင့် စဉ်းစားနေတုန်း နန်းမြက ဈေးထဲမှာ နန်းမိုလာ ပြောတာတွေ၊ ဥမ္မာတို့နဲ့ စကားများတာ တွေ လာပြောပြလို့ ဘလူ အခုပဲတစ်ထိုင်တည်းနဲ့ဆုံးဖြတ် ချက် ချလိုက်ဘာ၊ အခုကတော့ သမီးကိုမခွဲနိုင်လို့ ရန်ကုန် ပို့သင့်မပို့သင့်စဉ်းစားဦးမလို့ပဲ၊ ခုတော့ မစဉ်းစားတော့ ဘူး သမီးရယ်၊ အဲဒါ ငါ့သမီးသိမ်းစရာရှိတာတွေ အဆင် သင့် ဖြစ်အောင် သိမ်းထားတော့၊ မောင်ကျော်ဦးနဲ့ ဟိုမောင်နှမကို အသိပေးလို့ မဖြစ်ဘူး၊ မောင်ကျော်ဦး



မန္တလေးက ပြန်မလာခင် မနက်ဖြန်မနက်စောစော တို့ မြေးအဘိုး ရန်ကုန် ပြန်ဆင်းကြတာပေါ့၊ ဟုတ်လား”

ဘလူက စကားရှည်ကြီးကို တစ်ဆက်တည်း ပြောချ လိုက်ပြီးမှ မောသွားသလို နားနေ၍....

“သမီးမဇွန်နဲ့အတူ ကျုပ်ပါလိုက်သွားလို့ မဖြစ်ဘူး လား ကိုကြီးလူရဲ့”

တစ်ချိန်လုံး ငြိမ်၍ နားထောင်နေသော ဒေါ်နန်းမြ က ဝင်မေးလာသဖြင့် ဦးစိုင်းလူက ချက်ချင်းခေါင်းခါ ၏။

“နင်လိုက်သွားလို့ ဘယ်ဖြစ်မလဲ နန်းမြရဲ့၊ နင်ရော မဇွန်ပါ နှစ်ယောက်စလုံး ပျောက်သွားရင် မောင်ကျော် ဦးက ဘယ်သူ့စနက် ဆိုတာ တန်းသိသွားမှာပေါ့ဟ၊ နင် ဒီမှာ ဟန်မပျက် ဆက်နေမှ ဖြစ်မှာ၊ သိတဂူမှာ တို့ နှစ် ယောက်စလုံး မရှိလို့ မဖြစ်ဘူး”

“အင်း....ကျုပ်တော့ ကိုကြီးလူ ပြောလို့သာ နေရ မှာ၊ နေချင်စိတ် ကတော့ တစ်စက်ကလေးမှ မရှိတာ အမှန်ပဲ၊ ဖြစ်နိုင်ရင် ကျုပ် သမီးနောက်ပဲ ကျုပ် လိုက် ချင်တယ်”

“ငါကလဲ အရောင်းအဝယ်ကိစ္စ၊ ခြံကိစ္စ၊ ပွဲရုံကိစ္စတွေ နဲ့ လုံးချာလိုက်နေတော့ သမီးကို ပြန်မကြည့် အားဘူး လေ နန်းမြရယ်၊ ပစ်ထားသလို ဖြစ်နေလို့ ဟိုကောင် အတင့်ရဲဘာနေမှာပေါ့၊ မောင်ကျော်ဦး ကျတော့လဲ သမီးပျိုလေးကို ဂရုစိုက်ဖို့ထက် မယားငယ်ငယ်လေးရဲ့

www.burmeseclassic.com

www.burmeseclassic.com

ခြေရင်းမှာပဲ ဝပ်စင်းနေလေတော့ ဆင်း.... ခက်လှ သကွာ၊ သမီးကို ရန်ကုန်ပို့ပြီးရင်တော့ အားလုံး အဆင် ပြေတန် ကောင်းပါရဲ့

ဦးဝိုင်းလူက အကျိုးသင့်အကြောင်းသင့်ပြော ပြနေ၍ ဒေါ်နှန်းမြ ခေါင်းညိတ်လိုက်ပေမယ့် မျက်နှာကတော့ သိပ်မကောင်းလှ။

"ကဲ...ဘာလူလဲ ပွဲရုံသွားလိုက်ဦးမယ်၊ အလုပ်ကိစ္စ လေးတွေ မပြတ်သေးဘူး၊ သမီးရော လိုက်ဦးမလား"

"ဟင့်အင်း...ဘာလူ၊ သမီး နေနှန်းနဲ့ပဲ နေခဲ့မယ်၊ ပစ္စည်းတွေ သိမ်းစရာရှိတာ သိမ်းဦးမယ်လေ"

"အြော်...အေးအေး၊ အဲဒါဆိုရင် ဘာလူ သွားမယ် နော်"

မကြာတော့သည့် အချိန်ကာလတွင် ဇွန်ပွင့်ဦးဆိုသည့် မိန်းမလှလေး တစ်ယောက်၊ သည် သီတဂူ အိမ်ကြီး နှင့် ဝေးသည်ထက် ဝေးရဦးတော့မည်ပ...ည်း။

* *

အခန်း ( ၃ )

ပတ်ဝန်းကျင် တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည် မို့ သီတဂူစံအိမ် တစ်ခုလုံး သစ်ရွက်ခက်သံ၊ လေတိုးသံမှ တစ်ပါး အခြား ဘာသံမှ မကြားရလောက်အောင်



နှင်းထုထဲမှာ ချမ်းအေးမှုဒဏ်ကို ကြံ့ကြံ့ခံ ရပ်တည်ရင်း တိတ်ဆိတ် ငြိမ်သက်လို့နေသည်။

ဇွန်ပွင့်လက်ဖျားလေးများဖြင့် ထိုကျဉ် အေးစက်လှာ ရပြီမို့ ဇွန်ပွင့် ခေါင်းစွပ်အွယ်တာထက်မှ သိုးမွေးဆွယ် တာ တစ်ဘည် ထပ်ဝတ်နှင်၊ ညော်ခန်း၊ ဆီသို့ မျက်လုံးလေး ဝင့်ကြည့်လိုက်သည်။

မဥမ္မာတို့ မောင်နှမ နှစ်ယောက်စလုံး အပြင်မှ ပြန် ရောက်ကြသေးဟန် မတူပါ။

နေထွက်မှ နေဝင်သည့်တိုင် အိပ်မက်ပ်ဘဲ မနားတမ်း လျှောက်လည်လေ့တိုင်း ဇွန်ပွင့်၏ အက်ဆန်းဝမ်းတွမ်တီး ဝိုင် ကားဝါလေးက အမြဲ မနားတမ်း စီးတော်ယာဉ် အဖြစ် အသုံးတော် ခံနေရမြဲဖြစ်သည်မို့ လည်းကြာတော့ ဇွန်ပွင့် ငြိုငြင်လာသည်။

မဥမ္မာ ဖော်ပြန်ခနေသမျှ ဒက်ဒီ သိသင့်သလောက် သိပုံရပါလျက် အခြေအနေ ဘာမှ ထူးခြားမလာတာ ဇနီးသည်ကို ဆုံးမပဲ့ပြင်ခြင်း မရှိဘဲ ခွင့်လွှတ်ထားနိုင် တာတွေအတွက်လည်း ဇွန်ပွင့် အံ့သြ၍ မဆုံး။

ရင်မှ သည်းခံစိတ်တို့ နေရာတွင် မခံချင်စိတ်၊ ခံပြင်း စိတ်၊ ဒေါသစိတ်များက အစားထိုး ဝင်ရောက်လာကြ သည်။

မာမီ ကျွန်းမာရေး ချို့တဲ့လာသည့် အချိန်မှစ၍ ဇနီးသည်အပေါ် နားလည်ခွင့်လွှတ်မှု မရှိခဲ့သော ဒက်ဒီ။

www.burmeseclassic.com

www.burmeseclassic.com

မာမီ့အပေါ် ခါတိုင်းလို သည်းခံလိုက်လျောမှုပင် မပြုနိုင်ဘဲ အစဉ်လို ဒေါသတကြီး အကြောင်းမရှိ အကြောင်းရှာ၊ အပြစ်ရှာ ရန်လိုနေတတ်သော ဒက်ဒီ။

မာမီ့အပေါ် တစ်ဖက်သတ် အနိုင်ယူတတ်ခဲ့လေသော ဒက်ဒီ။

ကျန်းမာရေး ချို့တဲ့သည်နှင့်အမျှ ချစ်ခြင်း မေတ္တာ အကြင်နာပါ ချို့တဲ့ခဲ့ရရှာသော မာမီ။

လင်ကိုချစ်သော ခွင့်လွှတ် သည်းခံတတ်သော အပြစ်မဲ့လေသော မာမီ၏အပေါ် နှိမ့်နှိမ့်ချချ ရက်စက်နိုင်ခဲ့သမျှ မိန်းမလည်း မဉ္စူ၏ ခွင့်မလွှတ်အပ်သော အပြစ်ပေါ်မှာကျတော့ နားမလည်နိုင်လောက်အောင် ဒက်ဒီက ကြည်ဖြူလွန်း သဘောကောင်းလွန်းနေပြန်သည်။

"နန်းမို့ လာပြော သလို သာဆို ရင် တော့ သူတို့ မောင်နှမအရင်း မဟုတ်ဘာ သေချာတယ်၊ ဒက်ဒီ ကို ဘာသဘောများ လိမ်လည်လှည့်စား နေကြပါလိမ့်၊ တစ်ခုခုတော့ တစ်ခုခုပဲ"

မာမီရှိစဉ်က စီးပွားရေးကို သည်လောက် ဖိဖိစီးစီး မလုံးပမ်းခဲ့ဖူးသော ဒက်ဒီ၊

အစဉ်အမြဲလိုလို လုပ်ငန်းမှန်သမျှ ကိုဘလူနဲ့သာ လွှဲအပ်ကာ မျက်နှာလွှဲနေတတ်သော ဒက်ဒီက အခုတော့ ဟိုယခင်ကလို မဟုတ်တော့ပြီ။

အိမ်မှာ ကပ်သည်ဟုပင် မရှိ။ အလုပ်ကိစ္စဖြင့် မန္တလေးသို့ မကြာခဏ ဆင်းနေ၏။



တစ်ပတ်မှာ ခုနစ်ရက်ရှိသည့်အနက် ဒက်ဒီ အိမ်မှာ နေတာ နှစ်ရက်လောက်သာရှိပြီး ကျန် ငါးရက်လောက်က ခရီးထွက်နေ၍ အချိန်ကုန်နေတတ်သည်မို့ မဉ္စူတို့ လွှတ်လပ်ချင်တိုင်း လွှတ်လပ်ဖို့ အခွင့်အလမ်းကလည်း အပြည့်အဝ ရနေသည်။

"အို...ဒါတွေတွေးနေလို့ အပိုပါပဲလေ၊ ဒက်ဒီက တောင် သူ့မယား သူကြည်ဖြူလို့ ခွင့်လွှတ်ထားနိုင်သေးတာပဲ၊ ငါဘာမှ ဝင်ပူနေစရာမလိုပါဘူး၊ အလကား ခေါင်းရှုပ်စရာတွေ..."

တွေးရင်းမှ ခေါင်းရှုပ်လာ၍ ဇွန်ပွင့်ခေါင်းလေးကို ဒေါသဖြစ်စွာ ခါယမ်းခါ၍ အတွေးများကို နှင်ထုတ်၍ ပစ္စည်းသိမ်းဖို့ ပြင်ရသည်။

လိုအပ်သလောက်သာ ယူသွားဖို့ဆုံးဖြတ်ထားသည်မို့ ပထမဦးစွာ မာမီနှင့်ပတ်သက်သည့် ပစ္စည်းများကို သေတ္တာ တစ်လုံးဖြင့် သတ်သတ်ထည့်ပိတ် လိုက်သည်။

ပြီးမှ ဗီရိုဖွင့်လိုက်ပြီး အထဲမှ အဝတ်အစားများနှင့် မှတ်ပုံတင်၊ ကားလိုင်စင်၊ ချက်စာအုပ်၊ မိသားစုဓာတ်ပုံများ ထည့်ထားသော စာအုပ်များကို စုစည်းထုတ်လိုက်ပြီး ခရီးဆောင် ဆုတ်ကေ့စ်ကြီးထဲသို့ ပြောင်းထည့်လိုက်သည်။

မာမီ၏ လက်ဝတ်ရတနာများအပြင် ဇွန်ပွင့်ဘွဲ့ယူလျှင် ဝတ်ရန်ဆိုပြီး မာမီ လုပ်ပေးထားသော စိန်တစ်ဆစ်၊ မြတစ်ဆစ် တွဲခတ်ထားသည့် မြတစ်ဆင်စာနှင့် သယ်ရှစ်နှစ်

www.burmeseclassic.com

www.burmeseclassic.com



ဖြောက် မွေးနေ့တွင် ဒက်ဒီပေးခဲ့သော ပုလဲတစ်ဆင်စာ ကိုပါ တစ်ခါတည်း ထည့်ယူရင်း တစ်ဆက်တည်းအမနန်း သေတ္တာဖွင့်၍ မနန်း၏အင်္ကျီနှစ်ထည်ကိုပါယူ၍ ဇွန်ပွင့် သေတ္တာထဲသို့ ထည့်လိုက်သည်။

လောလောဆယ် လက်ထဲမှာ ငွေသား တစ်ထောင် ကျော်သာ ရှိသည်မို့ ဇွန်ပွင့်ခေတ္တမျှတွေတွေလေးစဉ်းစား ရင်း ငြိမ်နေမိသည်။

ခဏ ကြာမှ....

“အို....ငွေများများမရှိလဲ ကိစ္စမရှိပါဘူး၊ ဟိုကျမှ သင့်သလို မီးစင်ကြည့်ကရုံပဲပေါ့”

ကိုယ့်အတွေးနှင့် ကိုယ်ဖြေသိမ့်ရင်း ဇွန်ပွင့် ကျေနပ် သွားသလို ခေါင်းကလေး ဆတ်ကာ ဗီရိုအံခါး ပြန်ပိတ် လိုက်သည်။

မာမီရှိစဉ်ကတည်းက ဇွန်ပွင့်နာမည်ဖြင့် မာမီစုပေးထား သောငွေ ဘဏ်၌ နှစ်သိန်းကျော်ကျော်ရှိနေသေးသည်ပဲ။

လိုအပ်လျှင် ထုတ်သုံးရုံပဲပေါ့။

ကားလိုင်စင်ကိုသာ ယူလာခဲ့သော်လည်း ကားကို တော့ ထားခဲ့ရမည့်အဖြစ်မို့ ဇွန်ပွင့် ရင်မှာ ကျဉ်သွား ရသည်။

ဘာကြယ်ကော့ လက်ရှိ အိမ်၌စီးနေသော ဒတ်ဆန်း ဝမ်းတွမ်တီးဝိုင် ကားဝေါက်လေးက ဇွန်ပွင့် တက္ကသိုလ် ပထမနှစ် စ တက်စဉ်ကတည်းက အသွားအလာအဆင်ပြေ အောင်ဆိုပြီး မာမီကိုယ်တိုင် ရန်ကုန်ဆင်းဝယ်ပေးထား သော ကားကလေးပါ။

ဇွန်ပွင့်ဦး နာမည်နှင့် ကားလေးပါ။

ခုတော့...ဒက်ဒီအမိန့်အရ မဥမ္မာ၏ စီးတော်ယာဉ် ဖြစ်နေရပေပြီ။

“မာမီရယ်....”

ဇွန်ပွင့်တမ်းတမ်းတတလေးခေါ်မိရင်း ခုတင်ခေါင်း ရင်းရှိစားပွဲပေါ်မှ မာမီ့ဓာတ်ပုံမှန်ဘောင်လေးကိုယူကာ ရင်မှာ အသာအယာ အပ်ထားမိပါသည်။

မေတ္တာဓာတ်၏ ထူးခြားသော ထန်ခိုးအာနိသင်ပေ လား မသိ။ မာမီ၏ဓာတ်ပုံလေးကို ရင်ခွင်မှာ အပ်ထား မိသည့်အခိုက်အတန့်လေးမှာပင် သက်ရှိထင်ရှား မာမီ့ ရင်ခွင်တွင် ခိုလှုံနေရသည့်အလား ဇွန်ပွင့်ရင်မှာ နွေးနွေး ထွေးထွေးနှင့် ကြည်နူးချမ်းမြေ့လာသလို ခံစားရသည်။

ဇွန်ပွင့် မိခင်၏ ဓာတ်ပုံလေးကို ရင်မှာ အတန်ကြာ အပ်ထားပြီးမှ သေတ္တာထဲသို့ တရိုတသေလေးထည့် သိမ်း လိုက်သည်။

မာမီ့သေတ္တာနှင့် အခြားအသုံးအဆောင်ပစ္စည်းများ ကိုတော့ တစ်ခါတည်း ယူသွားရန်မဖြစ်နိုင်သေးသည်မို့ သီးခြား သော့ခတ် သိမ်းဆည်းလိုက်သည်။

“မေနန်းပဲ အပ်ခဲ့မှာပဲ နောက် အဆင်ပြေတော့မှ ကို ပြန်ယူပေးပါလို့ ပြောရမယ်”

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးဖြင့် စီစဉ်၍ သေတ္တာကို ခုတင်အောက် ထိုးသွင်းလိုက်ရင်း ပစ္စည်းအားလုံး သိမ်းဆည်းပြီး ချိန်မှာတော့ စိတ်မောလူမော ဖြစ်သွားရသဖြင့် ဇွန်ပွင့် ခုတင်ပေါ် လှဲအိပ်ချလိုက်မိသည်။

လှဲအိပ်လိုက်သည် ဆိုပေမယ့်လည်း အမော ဖြေ ရုံသက်သက်ဖို့ အိပ်ပျော်သွားသည်တော့ မဟုတ်ပါ။

ဟိုသည် လူးလိမ့်ရင်း အတွေးများနှင့် စိတ်အစဉ်အအဝေးသို့ ပျံ့လွင့်နေဆဲ....

''သမီးရေ အိပ်နေလား၊ တံခါးဖွင့်ပါဦး''

မေနှန်း အသံကြောင့် ဇွန်ပွင့် အိပ်ရာထက်မှ လူးလဲထပြီး တံခါးဆွဲဖွင့်လိုက်ရသည်။

''ဘလူ ရောက်နေပြီ သမီး၊ သမီးပစ္စည်းတွေကြိုတင်သယ်ထားနှင့်ရအောင်လို့တဲ့၊ ဟိုမောင်နှမတော့ ခဏပြန်လာပြီး စားသောက်ပြီးတာနဲ့ ပြန် ထွက် သွား ကြလေရဲ့''

ဒေါ်နှန်းမြ စကားပင်မဆုံးသေး။ အခန်းတွင်းသို့ ဦးစိုင်းလူ ဝင်ရောက်လာ၏။

''ကဲ...သမီး၊ ပစ္စည်းတွေပေး၊ အားလုံးအသင့်ပဲမဟုတ်လား၊ ဟိုနှစ်ယောက် ပြန်မရောက်ခင် ခွန်ပုန်းအိမ်ကို အရင်ပို့ထားနှင့်ရအောင်လို့၊ သူတို့ ရိပ်မိသွားလို့ မဖြစ်ဘူး၊ တို့အကြံတွေ ပျက်ကုန်လိမ့်မယ်၊ အိမ်ကထွက်သွားတယ်ဆိုတဲ့ သဘောမျိုး စာတစ်စောင် ရေးထားခဲ့ဦး၊ ကြားလား သမီး''



''ဟုတ်ကဲ့ ဘလူ''

ဇွန်ပွင့် ခေါင်းညိတ်လိုက်သည်။

''ယူမယ့် ပစ္စည်းတွေ ပေးလိုက်လေ သမီး''

''ဒီမှာလေ မေနှန်းရဲ့''

ဇွန်ပွင့်က ခုတင်အောက်မှ သေတ္တာ တစ်ခုတည်းကိုသာ ဆွဲထုတ်ပေးလိုက်သဖြင့်....

''ဟဲ့....သေတ္တာတစ်လုံးတည်းပဲလား သမီးရဲ့၊ ကျန်တာတွေကော''

''နှန်းမြကလဲဟာ၊ ကျန်တာတွေက အရေးမကြီးပါဘူး၊ နောက်မှ သယ်သွားရင် ဟိုကောင်တွေနဲ့ မောင်ကျော်ဦးကို ရှင်းရခက်နေမှာပေါ့ဟ၊ အိမ်က ထွက်ပြေးတယ် ဆိုတာ ဘယ်ယုတ္တိရှိနိုင်ပါတော့မလဲ''

''အင်းနော်....ဟုတ်ပါရဲ့၊ အဲဒါတွေကို သတိမထားမိဘူး ဟုတ်ပါရဲ့''

ဦးစိုင်းလူက တွေးတွေးဆဆ ဝင်ပြောလေမှ ဒေါ်နှန်းမြက သဘောပေါက်သွားပုံရသည်။

ခေါင်းတဆတ်ဆတ် ညိတ်ရင်းမှ တစ်ဆက်တည်း...

''သမီး လက်ဝတ်လက်စားတွေကောပါရဲ့လား၊ ပြန်စစ်ဦး၊ အရေးပစ္စည်းတွေလဲ တစ်ခါတည်းယူသွားနော်၊ အဖိုးတန်တာ ဘာတစ်ခုမှ ဒီမှာ မထားခဲ့နဲ့၊ ဟိုရောက်ချင်လဲ သေချာ ဂရုစိုက်သိမ်းဦးနော် သမီး''

www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်ဘကြီး မှာကြားနေ၍ ဇွန်ပွင့် ခေါင်းညိတ်လိုက်ရသည်။

"ဟုတ်ကဲ့...စိတ်ချပါ မေနှင်း၊ သို့မီး အကုန်လုံး ယူသွားပါတယ်၊ သေချာလဲ ဂရုစိုက်ပါ့မယ်"

"အေးအေး...အကုန်ယူသွား သွား၊ နို့မို့ဆို သမီး ဒက်ဒီက ယုံရတာ မဟုတ်ဘူး၊ သူ့ဟာမလေး လက်ထဲ အကုန် ပုံအပ်မှာ သေချာတယ်၊ ကြုံ ကြုံဖူးပေါင်တော်၊ ဖအေတဲ့၊ မယားတစ်ယောက်သာ ဂရုစိုက်နေတာ၊ သမီးရင်းကို ကျတော့ ပစ်ထားပြီး"

"နှင်းမြကလဲဟာ၊ ကလေးစိတ်ကောင်းဖြစ်အောင် ဟာတွေ လျှောက်ပြောနေပြန်ပြီလဲ"

ဘလူက ဇွန်ပွင့်၏ အာဝတ်သေတ္တာဆူဂက(စ်)ကြီးကို ဆွဲယူလိုက်ရင်းမှ အလိုမတူသလို ဟန်ဘား လိုက်၍လာသားမသိ၊ မေနှင်း စကားမဆက်တော့။

"နှင်းမြ၊ ပစ္စည်းတွေ ငါသယ်သွားမယ်၊ မနက်သုံးနာရီလောက်မှ သမီးကိုခေါ်ပြီး ခွန်ပန်းဘိမ် လိုက်လာခဲ့၊ ကဲ...ငါသွားမယ်"

ဘလူ ဂျစ်ကားလေး စက်နှိုးပြီး ထွက်ခွာသွားပြီး ဟိုအဝေးကို ရောက်ရှိ သွားချိန်မှာတော့ မျက်စိတဆုံး တမေ့တမောလိုက်ကြည့်နေသော ဇွန်ပွင့်၏မျက်ဝန်းအိမ်တွင် မျက်ရည်များ ဝေသီချစ်ဝိုင်းနေလေပြီ။

မြင်ကွင်းက တစ်စထက်တစ်စ ပိုမို မှုန်ဝါးလာရသည်



မို့ မျက်ဝန်းများကိုပိတ်ချလိုက်တော့ မျက်ရည်များက ပါးပြင်ကျက်သို့ အဆက်မပြတ်စီးဆင်းလာလေ၏။

မနက်ဖြန့်ဆိုလျှင် မိမိတစ်သက်လုံး နေထိုင်ကြီးပြင်းလာခဲ့ရာ သည်သီဟဂူစံအိမ်ကြီးကိုကျောခိုင်းထွက်ခွာသွားရတော့မည်ဆိုသည့်အသိကရင်ကို အပြင်းအထန်နှိပ်စက်နေသလိုပါ။

မေနှင်းကတော့ သူ့ကိုယ်တိုင်မျက်ရည်ဝဲ့ပြီး မျက်နှာညိုးငယ်နေသည့်ကြားမှ ဇွန်ပွင့် နဖူးဆံဖလေးများကို ချစ်ခင်နိုးသပ်ပင်ကာကြိုးစားချော့မော့နှစ်သိမ့်ခဲ့လေသည်။

"မငိုပါနဲ့ သမီးရယ်၊ ခေါင်းကိုက် နေပါဦးမယ်၊ မေနှင်းတို့နဲ့အပြီးခွဲရတာမှမဟုတ်တာ၊ အခြေအနေကြည့်ပြီး သမီးဆီကို မကြာမကြာ လာတွေ့မှာပါ၊ ကျုပ်သခင်းကိုအကြာကြီးမခွဲနိုင်ပါဘူးတော်၊ ခွဲရလှခဏပါ..."

"ကဲပါ သမီးရယ်၊ ငမ်းနည်းစရာတွေ တွေးမနေပါနဲ့တော့၊ နောက်ဆိုရင် ပျော်စရာတွေချည်းပဲ ကြုံတွေ့ရတော့မှာပါ၊ ရန်ကုန်အိမ်ရောက်ရင် သမီး ပျော်မှာပါကွယ်၊ လိမ္မာတဲ့သမီးလေးမို့ အစစ ကံကောင်းအောင် ဖြတ်စွာဘုရားက စောင့်ရှောက်ပါလိမ့်မယ်၊ ကုသိုလ်ကံကလဲ ဒီလောက်ပါတော့ ငါ့သမီးကို မျက်နှာသာ ပေးပါလိမ့်မယ်..."

"သမီးလေး မနက် အစောကြီး ထရဦးမှာနော်၊ ...ညည်းက အိပ်ရေးဝအောင် အိပ်ချင် အိပ်လိုက်ပါဦးသား၊ တော်ကြာ အိပ်ရေးပျက်နေဦးမယ်မေနှင်းလဲ

www.burmeseclassic.com

www.burmeseclassic.com



အလုပ်တွေ လက်စသတ်လိုက်ဦးမယ်ဟုတ်လား၊ခဏနေမှ ပြန်လာခဲ့မယ်''

မေနန်းရွှေမှာမို့ ဇွန်ပွင့် ခေါင်းကို အသာညိတ်ပြ လိုက်မိပေမယ့် မေနန်း ကွယ်သည်နှင့် စိတ်မထိန်းနိုင် သည်မို့ စိတ်လွှတ်ကိုယ်လွှတ် ငိုချပစ်လိုက်မိ၏။

အားငယ်စိတ်ကြောင့် စိတ်အစဉ်ကလည်း ဦးတည်ရာ မရှိ။ ဟိုသည် ပျံ့လွင့်နေမိ၏။

ရင်ထဲမှာ ဝမ်းနည်း ကြေကွဲရလေတိုင်း မာမီ့ကို တမ်းတ တိုင်တည်မိသည့် အကြိမ်ပေါင်းကလည်း မရေ တွက်နိုင်တော့။

ငေးလိုက်၊ တွေးလိုက်၊ ငိုလိုက်နှင့် ဘော်တော်ကြီး ကြာမှ မျက်ဝန်းများက လေးလံလာပြီး မွေးမိန်စင်းကျ လာ၍ ကလေး တစ်ယောက်လို အိပ်မောကျသွားလေ တော့သည်။

ဒေါ်နန်းမြ အခန်းတွင်းသို့ ပြန်ရောက် လာချိန်မှာ တော့ ဇွန်ပွင့်ဦး နှစ်ခြိုက်စွာ အိပ်ပျော်နေလေပြီ။

''သနားလိုက်ပါဘိသမီးလေးရယ်၊ ခါတိုင်းနှစ်တွေ လိုကျောင်းပြန်ဖွင့်လို့ ပြန်သွားရတာမျိုးဆိုရင် ဘယ် လောက်ကောင်းလိုက်မလဲ၊ အခုကျတော့ ဘယ်တော့မှ ငါ့သမီးနဲ့အတူ ပြန်နေရမယ်ဆိုတာ အတပ် မသိနိုင်တဲ့ ခွဲခွာခြင်းမျိုးပါလားကွယ်''

* * *

အခန်း (၈)

ဇွန်ပွင့်တစ်ရေးနိုးလာတော့ ညဆယ်နာရီ ကျော်နေ ပေပြီ။ ဇွန်ပွင့်၏ တစ်ဖက် ဘေးခုတင်ပေါ်မှ မေနန်း ကတော့ အသက်မှန်မှန်ရှူကာ အိပ်မောကျနေ၏။

သူများတွေ အိပ်ကောင်းနေချိန် ဖြစ်ပေမယ့် ဇွန်ပွင့် မျက်လုံးကြောင်သွားရပြီမို့ ဆက်အိပ်လို့မရတော့။

တလူးလူး တလိမ့်လိမ့်ရှိနေဆဲ အာခေါင်ခြောက်သလို ဖြစ်လာရ၍ ရေသောက်ရန် အိပ်ရာမှ လူးလဲထလိုက်မိ သည်။

ဒါပေမယ့် ဇွန်ပွင့်၏ ခြေလှမ်းများက ရေတကောင်း ရှိရာသို့ မရောက်လိုက်ပါ။

အခန်းပြင်မှ ပျံ့လွင့်လာသော တီးတိုးစကား ပြော သံများကြောင့် လမ်းခုလတ်မှာတင် ရပ်တန့်သွားရ၏။

ဇွန်ပွင့်တို့ အိမ်က တစ်ထပ်တိုက်ဖလေး ဖြစ်သည်မို့ အခန်းများကို အလယ်မှ ညှော်ခန်းမကြီးအား ပတ်ခြာ သည့်၍ ဖွဲ့စည်းထားသော်လည်း လူခြေတိတ်ဆိတ်ချိန်မို့ အားမယ်။ အသံများကို ပြတ်ပြတ်သားသားကြားနေရ သည်။

ပျံ့လွင့်လာသော အသံများက ခေါင်းရင်းဘက်ရှိ ဒေါ်ဒီ၏ အိပ်ခန်းဘက်ဆီကမို့ မေနန်းကို အသာလှုပ်နိုး

www.burmeseclassic.com



ရင်းမှ တစ်ဆက်တည်း ဇွန်ပွင့်ပို၍ စိတ်ဝင်စားစွာ နားစိုက်ထောင်ခဲ့သည်။

"ကျော်ရယ်....၊ မလာပါနဲ့လို့ ဘယ်နှစ်ခါ ပြောရမှာလဲ"

"ဘာဖြစ်လို့လဲမမရဲ့၊ ဘယ်သူမှမရှိဘူး မဟုတ်လား"

"ဘယ်သူမှမရှိလဲ ဇွန်ပွင့်နဲ့အဘွားကြီး ရှိသေးတယ်လေ၊ တော်ကြာ ရိပ်မိကုန်ဦးမယ်၊ နေ့လယ်ကပြောတော့ ဒီနေ့ခြံထဲမှာပဲ အိပ်မယ်ဆို၊ အခုဘာဖြစ်လို့ လိုက်လာရတာလဲ"

"လွမ်းလို့ပေါ့...မမရဲ့၊ ခြံထဲမှာ တစ်ယောက်တည်း အိပ်ရတာ သိပ်ပျင်းတာပဲ၊ မမနားမှာပဲ နေချင်တယ်"

"တော်စမ်းပါ ကျော်ရယ်၊ မသိမျှားမသိရင် ခက်မယ်၊ မမနားမှာ နှစ်ယောက်တည်း နေရတာပျော်တယ်၊ စိတ်ချမ်းမြေ့တယ်နဲ့ ဒါ့ကိုညာညာခဲ့ပြီး ဟိုကောင်မလေးကို လာလာကြည့်နေတာ မဟုတ်လား"

"အဟင်း...မမကလဲ၊ အဲဒါ စိမ်းကိန်းရဲ့ မိန်းဖြစ်နေလို့သာ ရအောင်ဖန်တီးရမှာ၊ မမလောက်တော့ မချစ်ပါဘူးဗျ၊ ကျွန်တော့်ဘက်က မမတစ်ယောက်လုံးကို သူများရင်ခွင်ထဲ ထည့်ထားရတာလဲ ထည့်တွက်ပါဦး"

"ဒါပေမယ့် ကြိုတော့ ပြောထား လိုက်ပါရဲ့နော်၊ ဇွန်ပန်းလေးက ပိုမွှေးတယ်ဆိုပြီး ဦးမှာ့ကို ပစ်သွားတာမျိုးတော့ မရဘူးဆရာ၊ သိရဲ့လား"



"သိပါတယ်ဗျာ၊ စိတ်ချစမ်းပါ၊ ဒီကောင်က မမမှ မမပါ၊ မမကလွဲချင် ဖွဲ့နွဲ့ဆန့်ကွဲ၊ ဘယ်မိန်းမကိုမှ မချစ်ဘူး၊ စိတ်ချ"

"အို....ကျော်....ဟိတ်"

တိုးတိတ်စွာ ရယ်မောလိုက်သော အသံများ ရှေ့ဆင့်နောက်ဆင့် ထွက်ပေါ် လာပြီး နောက် ထစ်အိမ် လုံးပြန်လည်တိတ်ဆိတ်သွား၍ ဘာသံမှ ဆက်မကြားရတော့။

နှုတ်ခမ်းကို ဖြတ်လုမတတ် ကိုက်ထားသော ဇွန်ပွင့်ဦး တစ်ကိုယ်လုံးမှာတော့ ဒေါသဖြင့် တုန်ယင်နေလေပြီ။

ထိုစဉ် မေနှန်း၏ သက်ထစ်ဖက်က ခေါင်းပေါ်သို့ ညင်သာစွာ ကျရောက်လာသည်။

"စိတ်ကို လျှော့လိုက် သမီး မေနှန်း အားလုံး ကြားပါတယ်၊ မေနှန်းတို့က ဗုဒ္ဓဘာသာဝင်တွေလေ၊ ရန်ကိုရန်ချင်း မတုံ့နှင်းဖို့ မြတ်စွာဘုရားက ဟောကြားဆုံးမထားတယ် မဟုတ်လား၊ မေတ္တာစိတ်ကိုသာမွေးဖို့ ကြိုးစားပါ သမီးရယ်၊ သူတို့ရဲ့ အကုသိုလ်စိတ်က သူတို့ကိုတုံ့ခဲ့သာ အကျိုးပြန်ပေးပါလိမ့်မယ်၊ သမီးလေး ပြန်အိပ်လိုက်ပါဦးလေ၊ မနက်ကိုလဲ အစောကြီး ထရဦးမှာမဟုတ်လား"

မေနှန်းက ဇွန်ပွင့်၏ ဒေါသကို တရားနှင့်ဖြေသိမ့်နိုင်ရင်း ပြန်အိပ်ဖို့ ပြောနေ၍ ဇွန်ပွင့် ခေါင်းညိတ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုတွေး သည်တွေးနှင့် လျှောက်တွေးရင်း အချိန်တွေသာ ကုန်လွန်လာသည်။ ဘယ်လိုမှ ဆက်အိပ်၍ မရတော့ပြီမို့ ဇွန်ပွင့် အိပ်ရာမှ လူးလဲထလိုက်မိသည်။

မျက်နှာသစ်၊ ကိုယ်လက်သန့်စင်၊ အဝတ်အစားလဲပြီးချိန်မှာတော့ လက်ကဲ နာရီလက်တံက မနက်ခုနစ်နာရီခွဲဆီသို့ ညွှန်ပြနေပြီမို့ ဇွန်ပွင့် မေနှန်းကို အသာအယာ လှုပ်နှိုးရသည်။

"မေနှန်း....မေနှန်း သမီး အဆင်သင့်ဖြစ်ပြီနော်"

"ဪ...အေး....အေး"

မေနှန်းကအ အိပ်ဆတ်သူပီပီချက်ချင်း အိပ်ရာမှထ၍ မျက်နှာသစ်ပြီးသည်နှင့် အိမ်ပြင်ထွက်ဖို့ အဆင်သင့် ဖြစ်နေလေပြီ။

"ကဲ...လာ သွားကြစို့ သမီး၊ အခန်းကို အပြင်က သော့ခတ်ထားခဲ့"

ဇွန်ပွင့် မေနှန်း ပြောသည့်အတိုင်း အခန်းကို အပြင်က သော့ခတ်၍ မေနှန်းလက်ကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်။

မဥမ္မာတို့များ နိုးသေးမလား အတွေးနှင့် ဟိုသည် မျက်လုံးဝေ့ကြည့်ကာ အသံဗလံတွေလည်း နားစွင့်ကြည့်မိ၏။

ဘာဆို ဘာသံမှ မကြားရပါ။ မဥမ္မာတို့ နှစ်ယောက်လုံး နိုးဟန်မရှိ၊ အခြေအနေ ဘာမှ မထူးခြားတာ



သေချာလေမှ ခြေလှမ်းများကို သိတကူခြံအပြင်ဘက်ဆီသို့ ဦးတည်လိုက်သည်။

စံအိမ်အပြင်ဘက် ထွက်လိုက်သည်နှင့် နှင်းမြူများက မိုးသီး မိုးပေါက်များအလား တဖွဲဖွဲ ကျဆင်းလာသည်။

တစ်သက်လုံး မိမိ နေထိုင်ကြီးပြင်းလာခဲ့ရာ အေးရိပ်မြုံလေးနှင့် ထားခဲ့ရ ဝေးရပြီဆိုတဲ့အသိက ဇွန်ပွင့်ရင်ကို ပူပြင်းလေးကျမ်းစေလွန်းလှပါ၏။

ဘကြီးနှန်းပန်းအိမ်ရောက်တော့ ဘလူက အဆင်သင့် ဖြစ်နေပြီ။

"မေနှန်း ဇွန်ပွင့် မေနှန်း အင်္ကျီနှစ်ထည် ထည့်ယူသွားတယ်နော်"

"ဘာလုပ်မလို့လဲ သမီးရဲ့"

ဇွန်ပွင့် အခုမှ သတိတရ ပြောလိုက်မိတော့ မေနှန်းက ချက်ချင်းပဲ နားမလည်နိုင်သလို ပြန်မေးလာသည်။

"ဪ...လှူမယ် ရင်ကြည့်ဖို့ပေါ့ မေနှန်းရယ်"

ဇွန်ပွင့် စကားက စိတ်ထိခိုက်မှု ဖြစ်သွားစေသလား သိ၊ မေနှန်းမျက်နှာ ရုတ်ခြည်း ညှိုးကျသွား၏။

ဇွန်ပွင့် ပုဆစ်တုပ်၍ထိုင်လိုက်ပြီး ယိုခြင်းငါးပါးနှင့် သစ္စာ ကန်တော့လိုက်တော့သည်။ မျက်ရည်စများကို [illegible]လက်နှင့်ပင် သုတ်လိုက်ရင်း မေနှန်းက တုန်ခါနေသော အသံဖြင့် ဆုပေးလေသည်။

"အေးကွယ်...မေနှန်းသမီးလေးသွားလေရာ ဘေးကင်းပြီး စိတ်ရောကိုယ်ပါ ချမ်းသာပါစေ"

www.burmeseclassic.com

www.burmeseclassic.com



မေနန်းကို ဖက်ပြီး ရှိုက်ကြီးတငင် ငိုချပစ်လိုက်မိ၍ မေနန်း၏ ရှိုက်သံကလည်း ပို၍ ကျယ်လောင်လာလေသည်။

"နန်းမြကလဲဟာ သွားခါနီးကျမှလေး စိတ်မကောင်းအောင် ငိုနေပြန်ပြီ၊ ခဏလေးခွဲရမယ့်ဥစ္စာ။ မငိုပါနဲ့၊ အိမ်ပြန်ရောက်လို့ နင် ငိုထားတဲ့မျက်နှာ တွေ့သွားရင် ဟိုကောင်တွေက ဘယ်လိုထင်မလဲ၊ ပိုအသက်သာ ဖြစ်သွားမှာပေါ့....

"ငါပြန်မလာခင် အခြေအနေကိုလဲ ကြည့်ထိန်းထားဦးနော်၊ ငါမကြာပါဘူး၊ သမီးကိုထွေးပြီးတာနဲ့ ချက်ချင်းပြန်လာခဲ့မယ်ကြားလား၊ သွား....သွား နင် အိမ်ပြန်နှင့်တော့၊ နေမြင့်သွားရင် ဟိုကောင်တွေနဲ့ တိုးနေဦးမယ်"

ဘလူက အကျိုးအကြောင်း ဖျောင်းဖျပြောဆိုပြီး ဇွတ်ပြန်ခိုင်းလေမှ မေနန်းခမျာ ခေါင်းညိတ်ပြီး မပြန်ချင့် ပြန်ချင် ပြန်သွားရရှာ၏။

ဘလိုသို့နှင့် တကယ်ပဲ ကျောက်မဲမြို့လေးနှင့် တစ်ထက် တစ်စ ပို၍ ဝေးကွာလာခဲ့ချေပြီ။

## အခန်း ( ၉ )

'သက်ရိပ်ငြိမ်''

ဟုမ်းလမ်း (ယခုပန်းလှိုင်လမ်း) ထိပ်ရှိ 'သက်ရိပ်ငြိမ်' အမည်ရှိ တစ်ထပ်တိုက်လှလှလေးတစ်ခုရှေ့တွင် ဇွန်ပွင့်ဦးတို့ စီးလာသော ကားလေးကညင်သာစွာထိုးရပ်သွား၏။

"ရောက်ပြီ သမီး၊ ကဲ... လာ၊ ဆင်းကြစို့"

ဘလူက နောက်လှည့်ပြောရင်း ကားပေါ်မှ ဆင်းလိုက်သဖြင့် ဇွန်ပွင့်ပါ လိုက်ဆင်းလိုက်ရသည်။

ဇွန်ပွင့်ငယ်စဉ်က ရောက်ဖူးသော ရန်ကုန်နှင့် အခုရန်ကုန်မြို့၏ မြင်ကွင်းက ကွာချင်တိုင်း ကွာခြားနေ၍ ဘာဆို ဘာကိုမှ မမှတ်မိ။

ဇွန်ပွင့်တို့ ကားရပ်သံကြား၍လား မသိ၊ အိမ်ထဲမှ လူနှစ်ဦး ကားဆီသို့ ပြေးဆင်းလာသည်။

တစ်ဦးက အသားဖြူဖြူ၊ ထောင်ထောင် မောင်းမောင်းနှင့် ဥပမိရုပ်ကောင်းသော အသက် ငါးဆယ်အရွယ်ခန့် လူကြီးတစ်ဦးဖြစ်ပြီး နောက်တစ်ဦးကအသားဖြူဖြူ မျက်နှာသွယ်သွယ်နှင့် ချစ်စရာ ကောင်းသော အသက်နှစ်ဆယ့်ခြောက်နှစ်ခန့် အရွယ် ငံနန်းမလှလေးဖြစ်သည်။

မိန်းမရွယ်က ဇွန်ပွင့်အနားသို့ ကပ်လာရင်း အံ့ဩသလိုလေး စိုက်ကြည့်ကာ....

www.burmeseclassic.com



"ဟင်...ဒါ ဇွန်ပွင့်ဦးလားအဘလူ၊ ဒါ အန်တီစော သမီး ဇွန်ပွင့်လေးလား၊ မှတ်တောင်မမှတ်မိဘူး၊ ကြည့်စမ်းပါဦး၊ ချောလိုက်တာ အရမ်းပဲ"

"မေခင်က ငယ်ငယ်တုန်းကသာ တွေ့ဖူးတာကိုး ကွယ့်"

"ဟုတ်တယ်နော် ကြီးမှတစ်ခါမှကို မဆုံဖြစ်ကြဘူး၊ ခုမှပဲ ဆုံဖြစ်ကြတော့တယ်"

မိန်းမရွယ်က ဇွန်ပွင့်ပခုံးလေးကို ချစ်ခင်နိုး ဖက်၍ ရင်းနှီးစွာ ဆိုလာသဖြင့် ဇွန်ပွင့် အလိုက်သင့် ပြုံးပြလိုက်ရသည်။

"သမီး...မဇွန်၊ ဒါ...အဘလူပြောတဲ့ သမီးမမမေခင်လေ၊ ဒါက မေခင့်ဖေဖေ ဦးဖေသက်တဲ့၊ သမီးမာမီရဲ့ ယုံကြည်စိတ်ချရတဲ့ အရင်းနှီးဆုံး မိတ်ဆွေပေါ့"

"ဒါနဲ့ မိုနာကိုသဲမမြင်ပါလား၊ ဘယ်သွားလဲမေခင်"

အဘလူက ဇွန်ပွင့်နှင့် မိတ်ဆက်ပေးချင်းမှ တစ်ဆက်တည်း မေခင့်ဘက်သို့ လှည့်မေးနေသဖြင့်...

"မေမေကြီးတို့ အိမ်သွားတယ် အဘလူ၊ ဖေဖေ့ရဲ့ မမကြီးက ကိုယ်တစ်ခြမ်း လေဖြတ်ထားလို့ သိပ်နေမကောင်းသေးဘူးလေ၊ ဒါကြောင့် မေမေနေ့တိုင်းသွား ပြုစုပေးနေရတယ်၊ ညနေဖက်လောက် ကျရင်ပြန်လာမှာပါ၊ မေမေသာ တွေ့ရင် သူ့တူမကို အရမ်းချစ်မှာ၊ အဘလူ ဆီက ဖုန်းလာကတည်းက ဘယ်နေ့ လာမလဲ၊ ဘယ်နေ့လာမလဲနဲ့၊ ဒါပဲမေးပြီး မျှော်နေတာ အဘလူရဲ့"



"အင်း...အဘလူလဲ ချက်ချင်းဆိုသလို ပြန်ထွက်လာတာပဲ သမီးရေ၊ ဟိုမှာနဲ့စာရင် ဒီမှာက ပိုစိတ်ချရတယ် မဟုတ်လား၊ သမီးလေး မဇွန် ပျော်အောင်သာ"

"စိတ်ချစမ်းပါ အဘရယ်၊ အဲဒါ မေခင်တို့တာဝန်ထားစမ်းပါ"

မေခင်က ဇွန်ပွင့်လက်လေးကို ချစ်စနိုး ဆုပ်ကိုင်ရင်းမှ စိတ်ချဖို့ ပြောနေ၍ အဘလူကခေါင်းတဆတ်ဆတ် ညိတ်လေသည်။

ခဏကြာမှ ဦးဖေသက်နှင့် တစ်စုံတစ်ခု တိုးတိုးပြောဆိုပြီး ကားပေါ်မှ ဇွန်ပွင့်သေတ္တာကို သယ်ယူလာသည်။

ပြီးမှ ဈေးတွေ့လေး ရယ်ပြီး ချောက်နွှာ ငယ်လေးနှင့် ညိုးညိုးငယ်ငယ် ဖြစ်နေသော ဇွန်ပွင့်ဦးကို အားပေးသလို ခေါင်းလေး တစ်ချက်ပုတ်ကာ နှုတ်ဆက်၏။

"ကိုင်း...သမီးလေး မမတို့နဲ့နေခဲ့တော့ ဟုတ်လား၊ အဘလူပြန်လိုက်ဦးမယ်၊ နောက်ပိုင်းမှာ ရှင်းရမယ့်ကိစ္စတွေ ထပ် ရှိနေသေးတယ်၊ အဘမှ ဝေးပြီး အားမငယ်နဲ့၊ စိတ်မကောင်းမဖြစ်နဲ့၊ သမီး ဒီမှာအနေကြာရင် အလိုလို ပျော်သွားမှာပါ၊ မေခင်နဲ့လဲ အဖော်ရတာပဲ"

"ဟုတ်တယ်...ဟုတ်တယ်၊ နောက်ဆိုရင် မမတို့နဲ့နေရတာ ဇွန်ပွင့် အရမ်းပျော်သွားမှာပါ၊ အဘလူကလဲ ရောက်တုန်းရောက်ခိုက် နားနားနေနေများ နေပါဦးတော့၊ မေမေလဲ ပြန်လာတော့မှာပဲဥစ္စာ၊ ချက်ချင်းကြီး ပြန်တော့ ဇွန်ပွင့်လေး ပို ဝမ်းနည်းမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဖွန်ပွင့်ကိုကြည့်ပြီးစိတ်မကောင်းဖြစ်သွားဟန်တူသော မေခင်က ဖွန်ပွင့်ကိုအားပေးသလိုဆိုရင်း တစ်ဆက်တည်း ဘလူကိုပါ မပြန်ဖို့တားတော့ ဘလူက ခေါင်းခါလေသည်။

"နေချင်တာပေါ့သမီးရယ်၊ ခုဟာက ဟိုကိုအချိန်မီ ပြန်ရောက်ဖို့ အရေးကြီးနေလို့ကွယ့်၊ နောက်လဲ မကြာ မကြာ ရောက်ဦးမှာပဲ"

"သမီး မဖွန်ကလဲ ဘလူ အပြန်မဖြောင့်အောင် မငိုပါနဲ့ကွယ်၊ အခြေအနေ ကြည့်ပြီး ပြန်ခေါ်သင့်ရင်လဲ ဘလူ ပြန်လာခေါ်မှာပေါ့၊ နေ့ခဲ့ရလို့ ခဏပေါ့၊ ဟုတ်ဘူး လား၊ လိမ္မာပါတယ်"

"ကိုင်း...ကိုဖေသက် ဟိုကိစ္စကတော့ ကျုပ် ပြော ထားတဲ့အတိုင်းပဲနော့၊ အခြေအနေ ထူးခြားရင်တော့ မီးစင်ကြည့် ကရမှာပဲ"

"စိတ်ချစမ်းပါကိုကြီးလူရယ်၊ သမီးအတွက် ဘာဆို အာမှနောက်ဆံမတင်းပါနဲ့၊ မေခင်သွဲ့သမီးဟာ ကျုပ်တို့ သမီးပါပဲ"

စကားဆုံးသည်နှင့် ဦးစိုင်းလူအားလုံးကိုနှုတ်ဆက်ပြီး ထားပေါ်တက် ထွက်ခွာသွား၍ ခဏအကြာမှာပင် ကား လေးက အဝေးသို့ ရောက်ရှိသွား၏။

ဘလူပြောသမျှကိုစကားပြန်မဆိုနိုင်ဘဲ ခေါင်းကိုသာ ငုံ့ညိတ်ရင်း ရင်ကျန်ခဲ့သော ဖွန်ပွင့်ဦး၏မျက်ဝန်း အိမ်မှာတော့ မျက်ရည်များက ပိုးမိုးပေါက်ပေါက်။



ဘလူက အားမငယ်ဖို့ မှာကြားခဲ့ပေမယ့်လည်း အား ငယ်တာကတော့ အားငယ်တာပါပဲလေ။

သူ့စိမ်းပတ်ဝန်းကျင်မှာ မျက်စိသူငယ် နားသူငယ်နှင့် တစ်ဦးတည်း ထီးထီးမားမားကျန်ရစ်ခဲ့ပြီဆိုသည့်အသိက ဘယ်လိုမှ ဝမ်းနည်းအားငယ်စိတ်ကို မပယ်ဖျောက်နိုင်။

ဘဘ ဦးဖေသက်ကတော့ ဖွန်ပွင့်ဦးကို ကြင်နာစွာ နှစ်သိမ့်စကား ဆိုပါ၏။

"ဘာအားငယ်စရာရှိလဲသမီးရယ်၊ ခုချိန်ကစပြီး သမီး ဟာ ဘဘတို့သမီးဖြစ်သွားပြီပဲ၊ ဒီအိမ်မှာ သမီးကြိုက်သလို နေ၊ ပျော်သလိုဇနနေပေါ့၊ သမီးမမ မေခင်လဲရှိနေသာပဲ"

"ကဲ... ကဲ သမီးလေးလဲခရီးပန်းလာတာပဲ၊ စိတ်ရော ကိုယ်ပါ အနားယူလိုက်ပါဦး၊ သမီးမေခင်ညီမလေးကို ခေါ်သွားလေ"

"လာ ဖွန်ပွင့်၊ တို့ညီအစ်မနှစ်ယောက် အတူတူနေရ အောင် အခန်း ပြင်ထားတယ် သိလား၊ နောက်နေ့မှ တို့ညီအစ်မနှစ်ယောက် လျှောက်လည်ကြတာပေါ့နော်"

မေခင်က သူ့ဖခင်စကား ဆုံးသည်နှင့် ဖွန်ပွင့်ဦး၏ ပါးဖောင်းဖောင်းလေးကို ချစ်စနိုး ဆွဲလိမ် လိုက်ရင်း ဖွန်ပွင့်လက်ကို ဆွဲယူကာ နေရာမှ ထလိုက်၍ ဖွန်ပွင့်ပါ ထရပ်လိုက်ရသည်။

အိပ်ခန်းအဖြစ် ပြင်ဆင်ထားသော အခန်းလေးက သားနား သပ်ရပ်လှပနေ၍ မြင်ရုံမျှနှင့်ပင် စိတ်ကြည်နူး ဖွယ် နေချင်စဖွယ်လေးပါ။

www.burmeseclassic.com

www.burmeseclassic.com



အုတ်နံရံကို ဆေးပြာ နုနုလေးများ သုတ်ထားပြီး ခုတင်နှစ်ခုကို အလယ်မှ စာကြည့်စားပွဲလေး တစ်ခုသာ ခြားထား၏။

ခေါင်းအုံးဖုံး၊ အိပ်ရာခင်း၊ ဖက်လုံးစွပ်၊ ခြင်ထောင်မှစ၍ အားလုံး အပြာနုရောင် ဗီဇိုင်းလှလှ နိုင်ငံခြားဖြစ်ပိတ်စ များဖြင့် အလှတန်ဆာ ဆင်ထားသည်မို့ မျက်စိအေး စဖွယ် ချစ်စဖွယ်လေး ဖြစ်နေရသည်။

တိုက်တိုက်ဆိုင်ဆိုင် ဇွန်ပွင့် နှစ်သက်သော အရောင်နှင့် ဇွန်ပွင့် အိပ်ရာပြင်ဆင်မှုအတွက် ထပ်တူနီးပါး ဖြစ်နေ၍ ဇွန်ပွင့် မမမေခင်ကို တအံ့တသြလေး မော့ကြည့်မိတော့ မေခင်ကလည်း ဇွန်ပွင့်ကို ချစ်ခင်နိုးလေးပြန်ကြည့်နေခိုက် နှင့် ဆုံသွား၍ နှစ်ဦးသားမျက်လုံးချင်းဆုံခိုက် ရင်မခုန်ရ ပါပဲနှင့် ပျော်ရွှင်ကြည်နူးစိတ်များ ပြည့်လျှမ်းသွားသလို ခံစားရလေသည်။

သက်ရိပ်ငြိမ်၏ နွေးထွေးသော မေတ္တာရိပ်က ဇွန်ပွင့် ဦး၏ ဘဝလေးကို တကယ်ပဲ လုံခြုံမှု အေးချမ်းမှုများ ပေးနိုင်လိမ့်မည် ထင်ပါ၏။

ခရီးပန်းသည့်ဒဏ်၊ အိပ်ရေးပျက်သည့် ဒဏ်တို့ စုပြုံ ဆန္ဒပြကြသည်လား မသိ။

ကိုယ်လက်သန့်စင်၍ အိပ်ရာဝင် လှဲအိပ် နားနေပြီး မကြာခင်မှာပင် ဇွန်ပွင့် နှမ်းနယ်စွာ အိပ်ပျော်သွားလေ တော့သည်။



မိုင်ပေါင်းများစွာ ဝေးကွာလာခဲ့ပြီဖြစ်သော သိဘဂူ မှာ ဘာတွေ ဖြစ်ပျက်နေသည် ဆိုတာ လုံးဝ မသိနိုင် တော့။

* * *

အစဉ်အမြဲ အေးချမ်း ငြိမ်သက်နေသော သိဘဂူမှာ တော့ ပွပဝ်သောအာများကြောင့် ဦးကျော်ဦးတစ်ယောက် ခရီးထွက်မဆိုက် ဒေါသပေါက်ကွဲကာ ဒုန်းဒိုင်းကြဲန လေသည်။

“ကိုယ့်အိမ်ထဲက လူတစ်ယောက်လုံး ထွက်သွားတာ ကိုတောင် မသိလိုက် မမြင်လိုက်ရအောင် ခင်ဗျားတို့ အားလုံး ဘာသွားလုပ်နေကြသလဲ၊ ပြောကြစမ်းပါ၊ ဘာလုပ်နေကြသလဲ....

“တစ်ယောက်မှ အသုံးမကျလို့ ဇွန်ပွင့် လစ်ထွက် သွားနိုင်တာပေါ့၊ ကိုကြီးလူက ကျုပ်နဲ့ ရှေ့ဆင့် နောက် ဆင့် ခရီးထွက်သွားလို့၊ အလုပ်ကိစ္စတွေ ရှုပ်နေလို့ ဘာမှ မသိတာ ထားပါတော့၊ အိမ်မှာ အတူတူနေတဲ့ သူတွေက တော့ တစ်ယောက်မဟုတ် တစ်ယောက်ကဲ့ သိဖို့ကောင်းတာ ပေါ့”

ဦးကျော်ဦး ဒေါနှင့်ဒေါ်မာနှင့် [illegible] ကျွန်လူများကတော့ မျက်နှာငယ်လေးများနှင့် ငြိမ်နေ ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



“ပြောလေဗျာ....ပြောကြလေ၊ ခင်ဗျားတို့ ဘာလုပ်နေလို့ ဇွန်ပွင့် ထွက်သွားတာကို မသိလိုက်ရတာလဲ”

ဦးကျော်ဦးက ဒေါသဖြင့် တစ်ဦးစီကို လှမ်းကြည့်ရင်း မေးနေပြန်သဖြင့် ဒေါ်နန်းမြက ရှင်းပြသည်။

“ငါ အိပ်ရာက နိုးတော့ နေ့စဉ်နာရီတောင်မထိုးသေးဘူးကွယ့်၊ ခါတိုင်းလို အိပ်ရာနိုးဖို့ ဇွန်ပွင့်ခုတင်ကို လှမ်းကြည့်လိုက်တော့ ခုတင်ပေါ်မှာ ဇွန်ပွင့် မရှိတော့ဘူး၊ ဒါပေမယ့် ငါ့ထက် အရင်စောပြီး အိပ်ရာက ထသွားတယ်လို့ပဲ ထင်မိတယ်လေ၊ ခါတိုင်းလဲ ဒီလိုပဲ မနက်စောစော ထချင်တဲ့နေ့ ထတတ်တာပဲမို့ ထွက်ပြေးတယ်၊ မထင်တာနဲ့ ကျန်တဲ့လူတွေကို ပြောပြ မနေမိတော့ဘူးပေါ့....

“ကိုယ့်အလုပ် ကိုယ်လုပ်ဖို့ မီးဖိုထဲကိုပဲ ဝင်လာခဲ့မိတယ်၊ မီးဖိုထဲက အလုပ်တွေအားလုံး လက်စသတ်ပြီးမှ ကော်ဖီသောက်ဖို့ ခြံထဲ လိုက်ရှာကြည့်တော့ မတွေ့ဘူး၊ ဒါနဲ့ အိမ်ရှေ့မှာများလားလို့ လိုက်ရှာပြန်တော့လဲ မတွေ့တာနဲ့ အိပ်ခန်းထဲ ရှိလို့ရှိငြား ပြန်ဝင်ရှာတယ်၊ အဲဒီမှာလဲ မတွေ့ဘူး၊ အဲဒီတော့မှ ငါလဲ အလန့်တကြားနဲ့ မဥမ္မာတို့ မောင်နှမကို နှိုးပြောပြမိတယ်....

“သူတို့ပါ ဝိုင်းရှာရင်းနဲ့ သမီး ဇွန် ခေါင်းအုံးအောက်က အဲဒီစာခေါက်လေး တွေ့ရတာပဲ”

ဒေါ်နန်းမြက ဦးကျော်ဦး လက်ထဲက စာရွက်ခေါက်လေးကို မေးငေါ့ပြရင်း ဖြေလိုက်သဖြင့်....



“ဒါဖြင့် ဥမ္မာနဲ့ မောင်ကျော်က ဒေါ်နန်း ပြောမှ သိကြရတာပေါ့ ဟုတ်လား”

“ဟုတ်တယ် ကိုကိုကြီး၊ ဥမ္မာ ခြံထဲက ပြန်လာကတည်းက ကိုယ်လက်ကိုက်ချင်သလိုလို ဖြစ်နေတာနဲ့ အဲဒီညက စောစော အိပ်ရာဝင်တယ်လေ၊ မနက်ကျတော့လဲ အိပ်ရာထနောက်ကျတာနဲ့ ဇွန်ပွင့် ထွက်သွားတာ လုံးဝ မသိလိုက်ဘူး၊ ကိုကိုကြီး အပြစ်တင်ရင်လဲ ခံရမှာပဲ၊ ဥမ္မာနဲ့ ကျော်တို့ကို ဆိုရင် ဇွန်ပွင့်က ရန်သူတွေလိုပဲ ဆက်ဆံနေကတော့ ဥမ္မာလဲ သူ့အလိုကျဖြစ်အောင် တစ်နေကုန် ခြံထဲမှာပဲ သွားရှောင်ပေးနေမိတယ်”

“ဟုတ်တယ် ကိုကြီး၊ ဇွန်ပွင့် ဒီလို လုပ်သွားလိမ့်မယ်လို့ နည်းနည်းမှ မထင်ထားဘူးလေ၊ ဒီတော့ သူ့ကို ဘယ်သူမှ ဂရုတစိုက် စောင့်ကြည့်မနေမိဘူးပေါ့၊ အဲဒီနေ့ကတော့ သိသိချင်း ဇွန်ပွင့် သွားမယ်ထင်တဲ့ နေရာတွေကို ကျွန်တော် အနှံ့ လိုက်ရှာကြည့်ပါသေးတယ်၊ သူသွားနေကျ နေရာတွေကော၊ ဒေါ်နန်းမြပြောတဲ့ သူ့သူငယ်ချင်း အိမ်တွေကော တစ်အိမ်တက်ဆင်း သေချာ လိုက်မေးတာပဲ၊ ဘယ်မှာမှ မတွေ့ခဲ့ဘူး၊ အားလုံးက ဇွန်ပွင့် သူတို့ဆီမလာပါဘူးလို့ပဲ တညီတညွတ်တည်း ပြောကြတယ်၊ ဒါပေမယ့်လဲ ဇွန်ပွင့်ဦးပုံစံက ပျောက်ဖျက်ရှာ လွယ်ကူပါဘူး....

“စုံစမ်းဖို့ ထင်ရှားတဲ့ ပုံစံချိုးမို့ အနယ်နယ်အရပ်ရပ်က ရဲစခန်းတွေကို လူပျောက်မှုတိုင်ပြီး စုံစမ်းခိုင်းရင်

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း ပြန်တွေ့နိုင်မယ် ထင်ပါတယ်၊ ကျွန်တော်ကိုယ်တိုင်လဲ ရန်ကုန် မန္တလေးဘက် ဆင်းရှာကြည့်ဦးမယ်လေ၊ လောလောဆယ်တော့ ဒီအတိုင်း လက်မှိုင်ချနေမယ့်အစား ဇွန်ပွင့်ဓာတ်ပုံနဲ့ လူပျောက် ကြော်ငြာသဘောမျိုး သတင်းစာမှာ ထည့်ကြေညာရရင် မကောင်းဘူးလား''

ထွန်းကျော်က သူအားတွေးပေါက်သလို အကြံပေးစကားဆိုလာသဖြင့်....

''အဲဒီအစီအစဉ်ကတော့ သိပ်မကောင်းဘူးထင်တယ်၊ မဇွန်လို ငယ်ရွယ်လှပတဲ့ မိန်းကလေး အမျိုးအရွယ်လေးတစ်ယောက်ကို ဓာတ်ပုံနဲ့ အတိအလင်း ကြေညာလိုက်ရင် မဇွန်မှာ ပိုအန္တရာယ် များလာမှာပေါ့၊ ပေါ့စေလိုလို့ ကြော်ငြာရုပ်ထိုးခါမှ ဆေးအတွက် ပိုခလေးနေရင် ဟန်မကျသေးဘူး၊ တခြားနည်းလမ်း တစ်ခုခုပဲ စဉ်းစားကြရင် ကောင်းမယ်ထင်တယ်''

တစ်ချိန်လုံး ငြိမ်သက်စွာ နားစိုက်နေသော ဦးစိုင်းလူက တွေးတွေးဆဆ ဝင်ပြောလာ၍ ဦးကျော်ဦးခေါင်းညိတ်လိုက်သည်။

''ဟုတ်တယ် မောင်ကျော်၊ သတင်းစာမှာ ဓာတ်ပုံကြေညာလိုက်ရင် သမီးမှာ အန္တရာယ် ပိုရှိလာနိုင်တယ် ကိုကြီး လူပြောသလိုပဲ တခြားနည်းလမ်း တစ်ခုခု စဉ်းစားကြမှအောင်''

''ကိုယ့်နည်းကိုယ့်ဟန်နဲ့ လှုပ်ရှားပြီး သူဆက်သွယ်မယ်



ထင်တဲ့ နေရာတွေ လိုက်ရှာကြည့်ရင် ကောင်းမလား မသိဘူး၊ ရပ်မဝေးက သူငယ်ချင်းတွေအိမ် လိုက်လံစုံစမ်းကြည့်ရင် လမ်းစပေါ်ချင် ပေါ်လာနိုင်တယ်''

''အေး...ဟုတ်တယ်၊ ဟုတ်တယ်၊ အဲဒါအကောင်းဆုံးပဲ၊ သူ တခြားသွားစရာတော့ ရှိမှာမဟုတ်ဘူး၊ သူငယ်ချင်းတွေအိမ်ပဲ သွားချင်သွားမှာ''

''နန်းမြ၊ ဇွန့်စာအုပ်ဗီရိုထဲက သူငယ်ချင်းလိပ်စာတွေ ရှာစမ်းပါ၊ အချိန်ရှိတုန်း လှုပ်ရှားပြီး လိုက်လံစုံစမ်းရအောင်လို့''

ဦးစိုင်းလူက ဦးကျော်ဦး၏စကားကို ထောက်ခံရင်းမှ ဆက်ဆက်တည်း ဒေါ်နန်းမြကိုပါ ဇွန်ပွင့် သူငယ်ချင်းလိပ်စာများ ရှာဖွေခိုင်းနေ၍ ဒေါ်နန်းမြ ခေါင်းညိတ်ပြရင်း ချက်ချင်းအခန်းထဲမှ ထွက်သွား၏။

တစ်အိမ်လုံး မည်သူမျှမနားရ။ ဇွန်ပွင့်ဦး ရှိမည်ထင်သော နေရာများကို မြေအနှံ့ ခြေဆန့် ရှာဖွေနေရလေပြီ။

ဦးစိုင်းလူကော ဒေါ်နန်းမြပါ ယောသပ် ပိုရှိစွာ အိမ်မှုမပျက် နေထိုင်ကြ၍ ဘယ်သူမှ သူတို့ဟက်ချက်မှန်း ရိပ်မိကြ။

ဇွန်ပွင့်ဦးအိမ်က ထွက်သွားတာ ရက်တွေသာ ကြာသည်၊ ဇွန်ပွင့်ဦးနှင့်ပတ်သက်သော သတင်းအစအန ဘယ်လိုမှ မရ။

ဦးကျော်ဦး၏ မျက်နှာမှာလည်း ထင်ထင်ရှားရှား ရှိုက်စိတ်များကြောင့် ပိုမို ညှိုးငယ်နွမ်းလျလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုမူ သမီးငယ်ကို လျစ်လျူရှုထားမိ၊ ပစ်ပယ်ထားမိသည့် အပြစ်တွေအတွက် နောင်တတရားကလည်း ပိုမိုဖိစီးနှိပ်စက်လာ၏။

ဦးကျော်ဦး၏ မျက်နှာမှာ ခါတိုင်းလို အပြုံးအရယ်များအစား သမီးဇောဖြင့် အစဉ်အမြဲလို တင်းမာမှုန်မှိုင်းနေ၍ မဥမ္မာနှင့် ထွန်းကျော်လည်း ခါတိုင်းလို ပလူးပလဲ မနေရဲကြ။

မျက်နှာငယ်လေးများနှင့် နှစ်ဦးစလုံး အလိုက်တသိ ငြိမ်ကုပ်နေကြ၏။

တကယ်တမ်းကျတော့ ဇွန်ပွင့်ဦး အိမ်မှပျောက်သွားခြင်း၊ ထွက်ပြေး လွတ်မြောက်သွားခြင်းက ဦးကျော်ဦးအတွက်သာ စိတ်ထိခိုက်စရာ ဖြစ်ရသည်မဟုတ်။

သူတို့နှစ်ဦးစလုံးအတွက်လည်း ကြီးမားသော ဆုံးရှုံးမှုတစ်ရပ် ဖြစ်လာသည်ပဲလေ။

ဇွန်ပွင့်ဦးဆိုတာ မဥမ္မာနှင့် ထွန်းကျော်တို့၏ တစ်ခုတည်းသော ပစ်မှတ်။ ရတနာသိုက် ဖြစ်နေလေသည်ပဲ မဟုတ်ပါလား။

ခုတော့ လွတ်တဲ့ငါး ပိုကြီးသွားရလေသဖြင့် ထွန်းကျော်နှင့် မဥမ္မာ ယူကျုံးမရဖြစ်စွာ ကျိတ်၍ အကြံထုတ်နေကြရလေပြီ။

* * *

## အခန်း (၁၀)

ဘာလိုလိုနှင့် ဇွန်ပွင့်ဦး မမမေခင်တို့အိမ်ကို ရောက်တာ တစ်လကျော်လာခဲ့ပေပြီ။

ဘဘဦးဖေသက်၊ အန်တီမိုနာနှင့်မမမေခင်တို့မိသားစုအားလုံးက ဇွန်ပွင့်ဦးကို ကလေးငယ် တစ်ယောက်လို တယုတယ ချစ်ခင်ကြသည်မို့ ရောက်စတုန်းကလောက် စိတ်ကျဉ်းကျပ်မှု မရှိတော့။

မမမေခင်က ရန်ကုန်တက္ကသိုလ်မှနည်းပြဆရာမတစ်ဦးဖြစ်သလို ဘဘကလည်း ရှေ့နေတစ်ဦးဖြစ်သဖြင့် အိမ်၌အမြဲလိုလို ရှိမနေနိုင်သော်လည်း စနေ၊ တနင်္ဂနွေ နားရက်နေ့များတွင်တော့ မိသားစု စုံစုံညီညီ ရွှေတိဂုံ ဘုရားဖူးသည့်အခါဖူး၊ ကန်တော်ကြီးနှင့် တိရစ္ဆာန်ရုံ သွားသည့်အခါသွားလိုက်ကြ၊ အိမ်မှာ မုန့်လုပ် စားလိုက်ကြနှင့်မို့ ပျော်စရာကောင်းလှ၏။

ရန်ကုန်မှာ မနေခဲ့ဖူးသူပီပီ ဇွန်ပွင့်ဦးအတွက် အရာရာအသစ်အဆန်းများ၊ စိတ်ဝင်စားစရာများသာ ဖြစ်နေမြဲ။

ရောက်ခါစက ဘဘတို့ မမမေခင်တို့ နှစ်သိမ့်သလို နေ့ကြာလာသည်နှင့်အမျှ သည်အိမ်မှာ နေသားတကျ ဖြစ်လာပြီမို့ ဇွန်ပွင့်ဦး တစ်ယောက် ပျော်ပျော်ရွှင်ရွှင်လည်း ဖြစ်လာရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



အခုလည်း မမမေခင် ကျောင်းမှ ပြန်မလာသေး၍ တစ်ယောက်တည်း ပျင်းပျင်းရှိသည်နှင့် ရောက်တတ်ရာရာတွေ လျှောက်တွေးနေဆဲ...

"ဟိတ်..."

"အမေ့..."

သွယ်ပျောင်းသော လက်တစ်ဖက်က ဇွန်ပွင့် မျက်လုံးလေးများကို နောက်မှ သိုင်းဖက်ကာ ဇွန်ပွင့်ကိုယ်လေး အထိတ်တလန့် တုန်ခါသွားရသည်။

နောက်မှ မမမေခင်ပဲဆိုသည့် အသိကြောင့်လက်ဖမိုးလေးများကို ဆွဲဖယ်ရင်း ဇွန်ပွင့် မကျေမနပ်မျက်စောင်းထိုးကြည့်မိသည်။

"ဟွန်း...မမနော်၊ လုပ်လိုက်ရင် အရမ်း အရမ်းပဲ၊ ဇွန်ပွင့်လိပ်ပြာစဉ်လိမ့်မယ် သိလား၊ ဘာမပြော ညာမပြောနဲ့ ဘာမှန်းလဲ မသိဘူး"

"ဘယ်သိမလဲကွ၊ ဇွန်ပွင့်က ငေးနေတာကိုး၊ မမနောက်ဘက်မှာ ရောက်နေတာ ကြာပြီပဲ၊ လှည့်မှမကြည့်တာ၊ တော်တော် လန့်သွားလား...အဟဲ"

မေခင်က အထိတ်တလန့် ဖြစ်သွားသော ဇွန်ပွင့် ကိုယ်လေးကို သိမ်းကျုံးဖက်ရင်း ထားဘောကျနှင့်ခြိုးလိုက်စွာ ရယ်နေပြန်၍ ဇွန်ပွင့် စိတ်မဆိုးသာတော့။

ပခုံးချင်းတိုက်၍ တွန်းရင်း သူပါ ဆွဲယောင် ရယ်မောမိတော့သည်။ ဘာရယ်မဟုတ်။ မမမေခင် အကျင့်



ကသည်လိုပါပဲ။ ဇွန်ပွင့်ကိုကလေးတစ်ယောက်လို သဘောထားပြီး အမျိုးမျိုး စတတ်၏။

သူ့ကို ပြန်စတော့လည်း ဘယ်တော့မှ စိတ်ဆိုးသည်ဟူ၍ မရှိ။ အမြဲတမ်း ရယ်ချယ်မောမော ပြုံးပြုံးရွှင်ရွှင်နေမို့ ကြာတော့ ဇွန်ပွင့်မှာပါ သူ့အကျင့်တွေ ကူးစက်လာရသည်။

အခုလည်း ကျောင်းကအပြန်ရောက်လာပြီး၊ ဘာစိတ်ကူးပေါက်သည်မသိ၊ ဇွန်ပွင့်ကို အကြောင်းမရှိအကြောင်းရှာနေပြန်သည်။

"ဘယ်လိုလဲ၊ ကောင်မလေးတစ်ယောက် ငေးလိုက်ဆွေးလိုက် တွေးလိုက်နဲ့ နည်းနည်းတော့ မူပြောင်းလာပြီနော်၊ ရန်ကုန် ရောက်တာမှ လပိုင်းလောက် ရှိသေး၊ ကျန်ခဲ့တဲ့ အဆက်တွေ အဖုတွေ အထုံးတွေကို လွမ်းနေပြီလား၊ ကြည့် ပဲလုပ်ပါဦးကျောင်းအစ်မရယ်၊ တော်ကြာ တောင်ပေါ်ကရှမ်းကလေး လျှော်ထမ်းပြီး ပြေးလာလို့ ဆက်တွေ့နေပါဦးမယ်နော်"

"ဝေးသေး၊ ဇွန်ပွင့်တို့မှာ ဘယ်က ရှမ်းကလေးမှမရှိသေးဘူးနော့"

"ဟုတ်ပါ့မလား"

"သိပ်ဟုတ်တာပေါ့၊ ဟုတ်လွန်းလို့မှ အရမ်းဟုတ်တာ၊ ဟုတ်ဟုတ်နဲ့တောင် မြည်နေသေးတယ်"

"ပြောသာပဲ"

www.burmeseclassic.com

www.burmeseclassic.com



မေခင်က ပြောရင်းမှ ကလေး တစ်ယောက်လို ပါးဖောင်းဖောင်း မျက်နှာဖူးဖူးလေးနှင့် ချစ်ဖွယ်တို့ ပြန်ချေပစကားဆိုနေသော ဇွန်ပွင့်ဦး၏ အမူအရာကို အားမလို အားမရ ဖြစ်စွာ ပါး တစ်ဖက်ကို ချစ်ရှုံ့ဆွဲလိမ်ပစ်လိုက်၍....

"အာ!...."

ဇွန်ပွင့်ဦး မိသဲသေးက လိုတာထက် ပိုအော်လေ၏။

"တကယ်ပြောတာ မမရ၊ အတုတ် ပြောတာပါဆို၊ ကျောက်မဲအိမ်မှာ ချစ်စရာဆိုလို့ ဘာလူနဲ့မေနန်းပဲရှိတာ၊ ဒီအိမ်မှာကျတော့လဲ ဘဘရယ်၊ အန်တီရယ်၊ မမရယ်၊ ဒီသုံးယောက်တည်းပဲရှိတဲ့ဥစ္စာ၊ ဘယ်မှာသွားပြီး လှမ်းလောက်စရာ အပိုပစ္စည်းရှိပါ့မလဲ"

"ဟုတ်မှလဲ ချွဲပါနော်၊ ဒီလောက်လှတဲ့ ကောင်မလေးမှာ ချစ်စရာအပိုပစ္စည်းမရှိဘူးဆိုတာ ဟုတ်နိုင်ပါ့မလားကွ၊ တို့တော့ နားရှိလို့သာ ကြားလိုက်ရတယ်၊ ယုံနိုင်ပါဘူး ယုံပါဘူးဟေ"

"တကယ်ပါဆို မမကလဲ တကယ်ပြောတာ၊ ဇွန်ပွင့်လေ ဒက်ဒီနဲ့မာမီနဲ့ပဲ တစ်သက်လုံး ပျော်ပျော်နေမယ်လို့ အားခဲထားတာ မမရဲ့၊ မာမီကိုယ်တိုင်လဲ ဇွန်ပွင့်ကျောင်း စ,တက်ကတည်းက မာမီမသိဘဲ ချစ်သူ မရှာပါဘူးဆိုတဲ့ ကတိကို အသေအချာတောင်းထားတာ"

"အဟင်း....ဇွန်ပွင့်ကိုမာမီကသူ့မိတ်ဆွေသားနဲ့ပဲပေးစားချင်လို့တဲ့လေ၊ ချစ်သူမရှာအောင် ကြိုဖန်ပြီး ကတိ



ယူတာနေမှာပေါ့၊ သူ့မိတ်ဆွေ သားကဖြင့် ရှိလဲရှိပဲနဲ့ ဇွန်ပွင့် ကျောင်းသားပြီးရော တစ်ခါမှလဲ ပေါ်လာတာ တွေ့ဖူးပါဘူး"

ဇွန်ပွင့်က ပြောရင်းမှ သူ့အကြောင်း သူစိတ်ပါလက်ပါ မကွယ်ဝှက်တမ်း ထုတ်ဖော်နေ၍ မေခင့်မျက်နှာလေး ချို့မချဉ်ဖြစ်လာသည်။

"ဘာလဲ၊ ပေါ်လာစေချင်ပြီပေါ့လေ၊ သိပ်လာစေချင်ပြီပေါ့၊ မျှော်နေပြီပေါ့ ဟုတ်လား"

"အာ....မမနော် ဘာမှန်းလဲ မသိဘူး၊ ဇွန်ပွင့်က စကားအဖြစ် ပြောတဲ့ဥစ္စာ"

"အလကား စ,တာပါ ဇွန်ပွင့်ရယ်....၊ မမခင်က ချစ်လို့ စ,တာပါနော်၊ အန်တီစော ရည်စူးထားတဲ့သူရှိတယ်ဆိုတာ ဖြစ်တော့လဲ ဖြစ်နိုင်ပါတယ်၊ အချိန် မကျသေးလို့ လူကြီးတွေက ဖွင့်မပြောသေးတာ နေမှာပေါ့၊ ဒီလောက်လှတဲ့ကောင်မလေးကို ဘယ်သတို့သားလောင်းက လက်လွှတ်ခံမှာတဲ့လဲ၊ မမသာဆိုရင်လဲချက်ချင်းပြေးလာပြီး ဟောဒီကောင်မလေးကို ဟောဒီလိုဖက်၊ ဟောဒီလိုနမ်းပြီး၊ ဟောဒီလို ခိုးပြေးသွားမှာပဲ"

မေခင်က ပြောရင်းမှ ခြေကောလက်ကောပါလာပြီး တကယ်ဖက်နမ်းလိုက်၍ ဇွန်ပွင့် မျက်နှာလေး မှုန်မနေတော့။

မေခင့်ကိုယ်လေးကို အတင်း တွန်း ထုတ် လိုက်ရင်း သူပါ ရယ်ရယ်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ကြာမှ မေခင့်မျက်နှာလေးကို အားကျမခံ စိုက်ကြည့်ရင်း တုံ့ပြန်စကားဆို၏။

"ဟွန်း…ဇွန်ပွင့်ဆို လှတယ်ဆိုတာ မခင် အိပ်နေသေးတာကိုရှိတာပါနော်၊ မခင်ကမှ တိုသန့်ဆန်းသေးနဲ့ တအားလှတာ၊ ဒီလောက်လှနေတဲ့သူကို နံပါတ်ချိတ်ချင်တဲ့သူတွေ မရှိဘဲနေပါ့မလား"

"အောင်မယ်လေးလေး၊ မိုးနဲ့ ခေါင်းဆောင့်မိတော့မှာပဲ၊ အစ်ကောက်ပြောက်ပြင့်မနေလှဲ့ တို့ကတော့ အမှန်အတိုင်း ပြောမှာပါဟာ၊ တို့နဲ့အင်ဂေ့ချ် လုပ်ပြီးသား အမျိုးသား ရှိပါတယ်၊ အခုသူတောင်ငူ ပြန်ရောက်နေလို့လေ၊ နို့မို့ဆို အိမ်ကို ရေထွက်မတတ် လာပြပါလိမ့်မယ်"

"ဪ…"

မြောတုန်းက တမင်သက်သက် စလိုစိတ်ကြောင့်အမှတ်မထင် ပြောခဲ့ခြင်းဖြစ်သော်သည်၊ မခင်မှာ တကယ်ပဲ စေ့စပ်ထားတဲ့သူ ရှိသည်ဆိုတော့ သိလိုက်ရတော့ ရင်ထဲမှာ ဟာသွား သလိုလို ဝမ်းနည်း သလိုလို ခံစားရလေသည်။

ဇွန်ပွင့်မျက်နှာ ရှယ်ခြည်းညိုးယောင်သမ်းသွားတာကို မေခင်ကလည်း အကင်းပါးသူပီပီ၊ ရိပ်မိသေသေသွားမသိ၊ ချက်ချင်းပဲ ပျာပျာသလဲ ပြန်ရှင်းပြရသည်။

"အခုလောလောဆယ်ကြီး လက်ထပ်ဖို့ အစီအစဉ်မရှိသေးပါဘူး ညီမရယ်၊ သူ့စိတ်ကျေနပ်အောင်သာ စေ့စပ်ထားတဲ့ သဘောပါ"



"ဘာပဲဖြစ်ဖြစ် ယူမှာကတော့ ယူမှာပဲမဟုတ်ဘူးလား"

"အဲဒါ…ဒုက္ခပါပဲ၊ ဒီကလေးနဲ့ယ်နော်၊ ပြောရုံလေး ရှိသေး၊ ဘာဖြစ်လို့ မျက်ရည်က ဝဲလာရတာလဲ"

အစ်မရင်းချာ မရှိသူမို့ မေခင့်ကို အစ်မရင်းသဖွယ် ချစ်ခင်တွယ်တာမိသူပီပီ၊ လက်ထပ်ပြီးလျှင် ခွဲခွာနေရလို့ မရတော့ဆိုသည့်အသိက ရင်ထဲသို့ အလုံးအရင်းဝင်ရောက်လာ၍ ဇွန်ပွင့်မျက်ရည်ဝဲပြန်တော့သည်၊ မေခင်မှာတော့ ဇွန်ပွင့် မျက်နှာလေးပြုံးရွှင်လာအောင် အမျိုးမျိုး ကြံဖန်ချော့ရလေသည်။

"ကောင်မလေး တစ်ယောက် ရှက်ပါတယ်ဟာ၊ ကလေးစိတ်လဲ မကုန်သေးဘူး၊ အစ်မယောကျ်ား ယူမှာ ကြောက်လို့ မျက်ရည်ဝဲနေတယ်၊ ဘယ်သူနဲ့လဲ အခုယူမယ် မပြောဘဲနဲ့၊ ဒါ ငိုစရာလားဟ"

"ဘာထူးသေးလို့လဲ၊ အခုမယူလဲ နောက်တော့ ယူမှာပဲ၊ ခွဲရမှာကတော့ ခွဲရမှာပဲ"

"ဘယ်သူကခွဲရမယ်ပြောလို့လဲကွယ်၊ အစ်မရဲ့စိတ်ချ မေခင်တို့က နဂိုကတည်းက ပြောပြီးသား၊ ညီအစ်မနှစ်ယောက်စလုံးတစ်ပြိုင်နက်တည်း မင်္ဂလာဆောင်ရမှာ ယူမှာ၊ မရွှေဇွန်ပွင့်ကိုတစ်ယောက်တည်းခွဲမထားခဲ့ဘူး"

"အိုး…မဟုတ်တာ၊ အစ်မကို မခွဲနိုင်တာလေးနဲ့တော့၊ အစ်မယောကျ်ားကိုပါ ရောမယူပါရစေနဲ့နော်၊ မသင့်တော်ပါဘူး၊ တော်ကြာ ကျားတွေ အာဝါတွေ ကိုက်ကုန်ပါဦးမယ်"

www.burmeseclassic.com



သည်လိုကျတော့လည်း ဇွန်ပွင့်က အကျအနကောက်ပြီး မျက်နှာလေးပါ ရယ်ကျဲကျဲ ပြန်ဖြစ်လာ၍ မေခင့်မျက်နှာပါ မချိမချဉ် ဖြစ်လာလေသည်။

''ဟာ.... ဒီကောင်မလေး၊ ပေါက်ကရတွေ ပြောတော့မဇာ့်၊ ယောကျ်ား တစ်ယောက်တည်းကိုတော့ နှစ်ယောက်အတူ ယူပါ့မလားဟ၊ ဇွန်ပွင့်လဲ ဇွန်ပွင့်ချစ်သူနဲ့၊ မမလဲ မမချစ်သူနဲ့ပေါ့၊ နှစ်စုံတွဲ တစ်နေ့တည်း မင်္ဂလာဆောင်မယ်လို့ ပြောတာ''

''အင်း...အဲဒါလဲ မဖြစ်နိုင်သေးဘူး မမရဲ့၊ ဇွန်ပွင့်ယူမှ မမယူမယ်ဆိုရင် တစ်သက်လုံး မောင်ကျော်ဖြစ်သွားမှာပေါ့၊ ဇွန်ပွင့်က အပျိုကြီး လုပ်မှာပဲ ဥစ္စာ''

''ဟွန်း...ဝေးသေး၊ ဒီရုပ်လား၊ အပျိုကြီးဖြစ်မှာ''

''တကယ်ပါဆိုမှကလဲ၊ ဇွန်ပွင့်ကျောင်းမှာကတည်းက အသေအချာကို ဆုံးဖြတ်ချက်ချထားတာ၊ လာကြိုက်တဲ့သူမှန်ရင်လဲ မျက်နှာရှစ်ခေါက်ချိုးပြီး မကြိုက်ဘူး ပြန်ပြောလွန်းအားကြီးလို့၊ သူများတွေအတွဲကိုယ်စီနဲ့ကျောင်းသာဆင်းသွားရော ဇွန်ပွင့်တို့ကတော့ တစ်ကိုယ်တော်ပဲ၊ သိတယ်မဟုတ်လား၊ ချစ်သူဆိုတာ ဝေလာဝေး မူးလို့တောင် ရှူစရာမရှိဘူး''

''လုပ်မနေနဲ့၊ အခု ရှူစရာမရှိလဲ နောက်ရှူစရာ ရှိမှာပဲ၊ ဒီလောက်လှတဲ့ ကောင်မလေးမျိုး ဘယ်တော့မှ အပျိုကြီး မဖြစ်ဘူး''



''စောင့်ကြည့်ဦးပေါ့''

''စောင့်ကြည့်စရာ မလိုပါဘူး၊ ဆုံးဖြတ်ပြီးသား၊ တစ်နေ့တည်းပဲ ယူမယ်၊ ညီအစ်မ နှစ်ယောက်တည်းပဲ ရှိတာ၊ တစ်ယောက်တည်း တစ်ကိုယ်ကောင်းဆန်ဆန် ခွဲထွက် မသွားနိုင်ပါဘူး၊ ဘယ်နေရာမဆို မခွဲစတမ်း တစ်တွဲတွဲပဲ ကြိုက်တယ်''

''အောင်မယ်လေး၊ ဒုက္ခ၊ အဲဒါမှဒုက္ခ၊ ကိုယ့်ဘာသာကိုယ် အေးအေးဆေးဆေးပဲ ယူချင်ယူပါ၊ ဇွန်ပွင့်ကိုတော့ ဆွဲမထည့်ပါနဲ့နော်၊ ယောကျ်ားယူပြီး မခွဲတမ်း တစ်တွဲတွဲနေချင်လို့တော့ ဘယ်ဖြစ်ပါ့မလဲမမရဲ့၊ အခန်းခွဲအိပ်မှ ဖြစ်မှာပေါ့၊ အမြင်မတော်တာတွေ၊ မမြင်ရဲ မကြည့်ရဲပါဘူး၊ ဇွန်ပွင့်တို့က အသည်းငယ်တယ်''

ဇွန်ပွင့်သိသိကြီးနှင့် တမင်စနေ၍ မေခင်မနေတတ်တော့။ မျက်နှာလေး ချက်ချင်းရဲတွတ်သွားလေသည်။

''ဟာ...ဒီကောင်မလေး ဘာတွေ လျှောက်ပြောနေတာလဲ''

ဇွန်ပွင့်ကိုလည်း ထုဖို့ လက်ရွယ်လိုက်၍—

''ဘာပြောလို့လဲ မမရ၊ ညားခါစ လင်မယားတွေ အရမ်းကဲတယ်၊ သည်းတယ် ကြားဖူးလို့၊ ဖက်တာတွေ နမ်းတာတွေ မကြည့်ရဲဘူး၊ မမြင်ဝံ့ဘူး ပြောတဲ့ဥစ္စာ၊ အလကားသက်သက် အကျကောက်ပြီး သူ့ဘာသာသူ ရှက်နေတယ်''

www.burmeseclassic.com

www.burmeseclassic.com



"မနုတို့က တခြား ဘာတွေ အပိုစိတ်ကူးထားတာ ရှိသေးလို့လဲ"

"အာ...."

ဇွန်ပွင့်စကားကို ဆုံးအောင်မဆက်တော့ဘဲ အခန်းထဲမှ လှစ်ခနဲ ပြေးထွက်သွား၍ မခင် ထုချိန်မရလိုက်တော့။

ဒေါသဖြစ်ချိန်လည်း မရလိုက်တော့။ မရှေ့ဇွန်ပွင့်က သူပြောချင်တာ အားရအောင်ပြောပြီးသည်နှင့် အကင်းပါးစွာ ဦးအောင် လစ်ပြေးသွားလေပြီ။

"ဟွန်း... နေနှင့်ဦးပေါ့"

မချင့်မရဲ ကြုံးဝါးရုံသာ တတ်နိုင်တော့၏။

ဘာရယ်မဟုတ်၊ တစ်ခါတလေကျတော့လည်း တစ်ဦးကိုတစ်ဦး လူငယ်သဘာဝ ပျော်လိုက်၊ နောက်လိုက်၊ စလိုက် ဖြစ်ရပ်လေးများက ချစ်ကြည် ရင်းနှီးမှုကို ပိုမိုဖြစ်ထွန်းစေသည်မို့ အခန်းထဲမှ ပြေးထွက်လာသော ဇွန်ပွင့်ဦး မျက်နှာမှာတော့ ပြုံးယောင် သမ်းနေလေသည်။

မကျေနပ်စိတ်များကြောင့် နှုတ်ခမ်းရှုကာ လိုက်ထုနေသော မမမခင့်လက်မှ လွတ်အောင် ရှောင်ထွက်ရင်း အန်တီမိုးနှာရှိရာ အိမ်ရှေ့ဧည့်ခန်းဆီသို့ ပြေးအထွက်—

"ဟိတ်...."

"အာ့...."

"အမယ်လေး...."



အခန်းကူး နေရာလေးတွင် မျှော်လင့်မထားဘဲနှင့် မီးဖိုဘက်မှ ခြေလှမ်းကျဲကြီးများနှင့် ထွက်လာသော လူရွယ်တစ်ယောက်ကို ကမူးရှူးထိုး ဝင်တိုက်မိ၍ နှစ်ဦးစလုံး ယိုင်ထွက်သွားရလေသည်။

ထိုလူရွယ်က သတိရှိစွာ ကိုယ်ကို ထိန်းလိုက်ရင်းမှ တစ်ဆက်တည်း ဇွန်ပွင့်ကိုယ်လေးကိုပါ ဖမ်းထိန်းပေးနိုင်၍သာ တော်တော့၏။

နို့မို့ ဆိုလျှင် ဇွန်ပွင့်တစ်ကိုယ်လုံး ကြမ်းပြင်ပေါ်သို့ မရှုမလှ ပစ်ကျမည်လား မပြောတတ်ပါ။

"ဘာလဲ၊ ပြေးတမ်းလိုက်တမ်း ကစားနေတာလား"

လူရွယ်၏လက်ထဲမှ ရှက်ရှက်နှင့် ရုန်းထွက်ရင်း မော့အကြည့် လူရွယ်၏စူးရှသော အကြည့်များနှင့်အတူ ရင်းနှီးလိုရိပ်ဖြင့် မေးလာသော မေးခွန်းကပါ တစ်ဆက်တည်း ထွက်ပေါ်လာသဖြင့်—

"အို.... မဟုတ်ဘာ၊ ဟို... ဟို... မမမခင် လိုက်ရိုက်လို့—"

"မခင်က...."

"အခန်းထဲမှာ...."

"မမခင်ရေ... ဟောဒီမှာ ဧည့်သည်...."

ဇွန်ပွင့် ဒါပဲပြောပြီး ဧည့်ခန်းထဲမှ ချာခနဲ ပြန်ထွက်လာခဲ့သည်။ ခန့်ညားချောမောသည့် ရုပ်သွင်နှင့် အပြောအဆို ဟန်ပန်က မမမခင်တို့နှင့် သိပ်ရင်းနှီးကျွမ်းဝင်သည့် သဏ္ဌာန် ပေါ်လွင် ထင်ရှားနေသည်မို့ မဟုတ်မှ

www.burmeseclassic.com

www.burmeseclassic.com



လွဲရော အဲဒီလူကြီး မမမေခင်ရဲ့ ချစ်သူပဲ ဖြစ်ရမည်ဟု လည်း အဘပ် တွက်လိုက်မိသည်။

ရင်ထဲမှာ ဝမ်းနည်းသလိုလို ဘာလိုလို အားငယ်သလိုလို ခံစားရသည်မို့လည်း ဇွန်ပွင့် အခန်းထဲ ပြန်ဝင်ပြီး အိပ်ရာပေါ် ခြေပစ်လက်ပစ် လှဲအိပ်ချလိုက်မိသည်။

"ဟုတ်မှာပါ မမချစ်သူပဲ နေမှာပါ၊ မေးတာတောင် မမမေခင်ကို ပိုင်စိုး ပိုင်နင်း တန်းမေးတာပဲ၊ သူ့ချစ်သူဆိုပြီး အသားယူတာ နေမှာပေါ့၊ မုန်းဖို့ကောင်းလိုက်တာ၊ ယောကျ်ားတွေများ အဲလိုချည်းပဲ"

စောစောက လဲမကျခအောင် ဆွဲထိန်းပေးထားသည့်အတွက် ကျေးဇူးတင်ချင်သလို ဖြစ်သွားတာလေးတွေ ပျောက်ပြီး မကျေမနပ် အတွေးများနှင့် ရန်လိုချင်သလို ဖြစ်လာရ၏။

"အလကားလူကြီးဗီလူကြီး"

လူကြီးကိုသာ အတွင် ဒေါသဖြစ်ဒေါပွ,ငင်း ခေါင်းအုံးကြီးကို အစိပ္ပာယ်မဲ့စွာ ထုနေမိဆဲ၊ အိမ်ရှေ့ဧည့်ခန်းဆီကမှ စကားသံများနှင့်အတူ ရယ်မောသံများ၊ ကားထွက်သံများ ကြားလိုက်ရ၍ နားပိတ်ပစ်လိုက်မိသည်။

"ဟဲ့...ကောင်မလေး ဒါက ဘယ်လိုဖြစ်နေတာလဲ၊ ကြည့်စမ်း"

သူ့ရည်းစား ပြန်သွားမှ အရေးတယူ လာလုပ်နေသော မမမေခင်ကိုလည်း လှည့်မကြည့်တော့။



"အင်း....စောစောကပြောခတာ မူးလို့ခတာင် ရှူစရာမရှိလို့ဘဲ့၊ အခုမူးလို့ရှူစရာ ရှိပြန်တော့လဲ မျက်နှာက ရှစ်ခေါက်ချိုးတုန်းပဲနေဘဲ၊ အဟင်း....ကိုကိုနေမျိုးက ပြောတယ်၊ ဝင်တိုက်လိုက်တာ လွင့်ထွက်သွားဘာပဲဆို"

"ဘာဆိုင်လို့လဲ မခဘော်တဆ တိုက်မိဘာပဲ ဥစ္စာ"

"အင်းလေ...အဲဒီ မတော်တဆ ၇ပဲ ခနာက်ကျခတော့ နံပူးတွေ ဒူးခတွ ဖူးစာဖြစ်ဖြစ်လာတတ်သို့"

"မမခနာ် မခရည်းစားနဲ့ ဇွန်ပွင့်ကို မစနဲ့"

"ဘုရားခရ ဗုဒ္ဓေါ"

မေခင် မျက်လုံးပြူး မျက်ဆံပြူး ဖြစ်သွားရှာလေ၏။

"ဇွန်ပွင့်ရယ် ဘယ်လိုပြောလိုက်တာလဲဟယ်၊အဲဒါငါ့ အစ်ကိုဟဲ့၊ ဒီဘာစ်ခါမှ ဘာကယ်ကျားကိုက်ကုန်ခတော့မှာပဲ့၊ မေမေကြီးသား ကိုကိုနေမျိုးကိုခတာင် မမှတ်မိခတော့ဘူးလား"

"ဘယ်က မေခမကြီးသားလဲ"

ဇွန်ပွင့် နားရှုပ်စွာ ပြန်မေးလိုက်မိ၍ မေခင်က ဇွန်ပွင့် အနားတွင် စိတ်ပျက်သက်ပျက် ဝင်ထိုင်လိုက်ရင်း ဇွန်ပွင့် မျက်နှာကိုလည်း စူးစမ်းသလို တအံ့ဘသြ မော့ကြည့်လေသည်။

"ဇွန်ပွင့်ရယ် အံ့ခရာဟာယ်၊ နှင် တကာယ်ပဲ ဘယ်သူ့ ထိုမှ မမှတ်မိဘူးနော်၊ ငါတို့ကို မမှတ်မိတာဆ ရုံဖန်ခါမှ တွေ့ရတာမို့ ထားပါတော့၊မေမေကြီးနဲ့ ကိုကို

www.burmeseclassic.com



ကိုတော့ နည်းနည်းပါးပါး မှတ်မိဖို့ ကောင်းတာပေါ့ ဟဲ့၊ ကိုယ့်အဖေ ဒီလောက် ချစ်တဲ့သား အမိကိုများ''

ပြောခါမှ ပိုရှုပ်လာသဖြင့် မေခင် ဘာကို ဆိုလိုချင်မှန်း ဇွန်ပွင့် လုံးဝ နားမလည်တော့။

သည်အတိုင်း အငေးသား နားစွင့်နေ၍ မေခင် အား မလို အားမရ စကားဆို၏။

''ဇွန်ပွင့် ကျောက်မဲမှာနေတုန်းက မကြာခဏ လာလာလည်တတ်တဲ့ မေမေကြီးတစ်ယောက်ကို သတိမထားမိဘူးလား၊ အဲဒီ မေမေကြီးက ဇွန်ပွင့်ကိုတွေ့တိုင်း အန်တီ့ဆီက အပိုင်ပေးဖို့ တောင်းတတ်တယ်လေ၊ သူ့နာမည်က မေဒါခင်ကြီးတဲ့၊ ဖေဖေရဲ့ တစ်ဦးတည်းသော ဆွေမပေါ့၊ သေဆုံးသွားပြီးသွားမှ ဇွန်ပွင့်တို့ဆီ မရောက်ဖြစ်တော့ မမက ဇွန်ပွင့် သိမယ်ထင်လို့၊ ကိုကို နေမျိုးက အဲဒီ မေမေကြီးရဲ့သား၊ မမနဲ့မေခင်နဲ့ဆို မောင်နှမ တစ်ဝမ်းကွဲတယ်''

''ဪ...''

အခုမှ ဇွန်ပွင့် စဉ်းစဉ်းစားစားလေး ခေါင်းညိတ်မိသည်။ မမမေခင် ပြောတာတွေဟုတ်ပါလိမ့်မည်။ ဇွန်ပွင့် ကျောက်မဲမှာတုန်းက မန္တလေးမှာ ကျောင်းတက်နေရသည်မို့ အိမ်မှာမရှိခဲ့ပေမယ့် မေမီ့ဆီက စာလာတိုင်း မှာ... မေမေကြီးဟုခေါ်သည့် ဒေါ်ခင်ကြီး၏ အမျ... တစ်ခုခုဟုတ် တစ်ခု ပါလာ တာ...



ဇွန်ပွင့် အဒေါ်သို့ မကြာခဏ လာတွေ့တိုင်းလည်း မေမေကြီး၏သား ဆရာဝန်ဆိုသူတစ်ယောက်ကိုခေါ်လာတတ်တာ အခုမှ ပြန်တွေးမိသည်မို့....

''ဪ... အဲဒီဦးနေမျိုးဆိုတာ ဆရာဝန်မဟုတ်လား ဟင်၊ မန္တလေးမှာ နေတုန်းက မေမေနဲ့ လိုက်လာဖူးသလားလို့''

ဇွန်ပွင့် ဇဝေဇဝါ ထပ်မေးမိသည်။

''ဟုတ်ပါပြီရှင်...ဟုတ်ပါ့၊ ကိုကို မန္တလေး ဆေးရုံကြီးမှာ နှစ်နှစ်လောက် တာဝန်ကျသေးတယ်၊ အဲဒီကမှ ရန်ကုန်ပြောင်းရတာလေ၊ မှတ်မိပြီဟုတ်လား''

ကျီစယ်ရိပ်လေးများဖြင့် မေခင့်မျက်နှာ ပြုံးပြုံးရွှင်ရွှင်ဖြစ်လာ၏။

''အဟင်း....ဆောရီးနော် မမ၊ ဇွန်ပွင့်က ရုတ်တရက်ကြီးဆိုတော့ မမချစ်သူများလားပဲဆိုပြီး ဒေါက်နေသွားတာ''

''ဘာလဲ အခုတော့ မဟုတ်မှန်းသိလို့ သဘောကျသွားပြီပေါ့ ဟုတ်လား၊ နောက်ဆိုရင် မူးတဲ့အခါ''

''ဘာ...မမ''

ဇွန်ပွင့် ကျီစယ်စကားနှင့် ကိုယ် အစ်ခနေလိုက်ရပြီမို့ မေခ... ကို လှမ်းပိတ်လိုက်ပေမယ့် မရတော့...

...မပြောတော့ ကိုကို့ကိုပြောမယ်၊ တစ်ပြိုင်နက်ထ... အား''

www.burmeseclassic.com



မေခင်ပြောဖြစ်အောင်ဆက်ပြောနေ၍ ဇွန်ပွင့်ရှက်ရှက်နှင့် ဆွဲဆိတ်မိတော့သည်။

တကယ်ဆိုးသည့် မမ။

မကြို့က်မှန်း သိသိကြီးနှင့် တမင်စ,ဖြစ်အောင်စ,နေသည်ပဲ။ မေခင်ကတော့ ဇွန်ပွင့်ရှက်သွားမှန်း သိ၍ သဘောကျ၍မဆုံး စ၍မဆုံး တပြုံးပြုံးဖြစ်နေသည်။

တိုက်တိုက်ဆိုင်ဆိုင် သည့်နေ့ကျမှ ကိုကိုကလည်း ဘာစိတ်ကူးပေါက်သည်မသိ။ ဖြန်းစားကြီးရောက်လာခြင်းက တကယ်အကွက်ဝင်သွားရသည် မဟုတ်ပါလား။

ဘာပဲဖြစ်ဖြစ် တစ်ခါတလေကျတော့လည်း လောကကြီးက ပျော်စရာပါပဲလေ။

* * *

အခန်း (၁၁)

“ကျော်ရယ် ကြံစမ်းပါဦးဟယ်၊ ဇွန်ပွင့်ဦး ကိစ္စက ဘယ်လိုလုပ်ကြမှာလဲ၊ ရှာသာရှာနေတယ်၊ ခုထိလဲ ဘာသတင်းမှ မထူးဘူး”

“မကလဲဗျာ...မပူစမ်းပါနဲ့၊ တစ်နေ့မဟုတ် တစ်နေ့တော့ တွေ့ရမှာပေါ့၊ ဒီကောင်မလေး ကြာကြာမပုန်းနိုင်ပါဘူး”

“မပုန်းနိုင်ဘူးသာ ပြောတယ်၊ ထွက်ပြေးတာတစ်လကျော်ပြီ၊ ခုထိ သတင်းအစအန ရှိလို့လား၊ ငါတော့ တစ်အိမ်အိမ်က လက်ခံဝှက်ပေးထားတယ် ထင်တာပဲ”

ဉမ္မာက တွေးတွေးဆဆပြောနေသဖြင့် ထွန်းကျော် ခေါင်းတဆတ်ဆတ်ညိတ်လိုက်မိသည်။

“ကျွန်တော်လဲ အဲဒီလိုပဲတွေးမိတာပဲလေ၊ ဒါပေမယ့် ခက်တာက အဘိုးကြီးက ရဲတိုင်ပါဆိုတော့လဲ မတိုင်ချင်၊ သတင်းစာက လူပျောက်ကြော်ငြာသဘောမျိုး ကြေညာပါ ဆိုတော့လဲ မကြေညာချင်၊ သူ့သမီးအန္တရာယ်ဖြစ်မှာစိုးတယ် ဆိုတော့ ဘယ်လိုလုပ် လမ်းစပေါ်နိုင်ပါတော့မလဲ၊ သူတို့ အုပ်အုပ်ဆိုင်းဆိုင်းလုပ်ချင်တာကအကြောင်းမဟုတ်ပေမယ့် ကျွန်တော်တို့မှာက တကယ့်ကို အခက်”

“ဟုတ်တယ်....ဟုတ်တယ်၊ ငါလဲ အဲဒါနဲ့ပတ်သက်ပြီး ခဏခဏ ပြောတာပဲ၊ အဘိုးကြီးက သမီးဇော မှန်နေတာလား မသိပါဘူး၊ နည်းနည်းမှ ပြောလို့မရဘူးဟ၊ အန္တရာယ်များတယ်ချည်းပဲ လုပ်နေတယ်”

“ဟိုအဘိုးကြီးနဲ့ အဘွားကြီးကို မေးကြည့်ပြန်တော့လဲ အူတူတူ အာဘာတာနဲ့ ဘာမှမေးလို့မရဘူး၊ အလကား တစ်ယောက်မှအသုံးမကျတဲ့ဟာတွေ”

ဉမ္မာက ပြောရင်းမှ ဦးစိုင်းလူနှင့် ဒေါ်နန်းမြတ်ပါ ဒေါ်ပွနေ၍ ထွန်းကျော်က နံဘေးဆီသို့ အကြောတ်ရင်း ခပ်တိုးတိုးကောင်းဆိုလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"သိပ်လဲ လျှော့မတွက်နဲ့ဦး ဗျ၊ ကျွန်တော် တော့ ဇွန်ပွင့်ဦးအိမ်ကထွက်ပြေး နိုင်တာပဲဟာ သူတို့ အကူညီ ကြောင့်လို့ထင်တာပဲ၊ မမ စဉ်းစားကြည့်လေ၊ ဟိုအဘွား ကြီးဆို ဇွန်ပွင့်နားမှာ တစ်ချိန်လုံးလိုလို ရှိနေ တာ ပဲ၊ သူ့ကြောင့်ပဲ ကျွန်တော် အနား မကပ်နိုင် ဖြစ်နေတာ မဟုတ်လား၊ အဲဒီလို စားအတူ၊ သွားအတူ၊ အိပ်အတူ ရှိလျက်သားနဲ့ ထွက်ပြေးတဲ့အခါကျမှ သာမှ မသိဘူးဆို တာ ဖြစ်နိုင်ပါမလား"

"အင်းနော် ဟုတ်ပါရဲ့၊ ငါ အခုမှ တွေးမိတယ်၊ ဇွန်ပွင့်ကို ဝှက်ထားတာ အဘွားကြီး မှောင်နွမ လက် ချက်ဖြစ်မှာပဲ၊ ဒါကြောင့် ဘာမေးမေး မသိဘူး၊ ခေါင်းခါနေတာ ခုမှပေါ့၊ ကိုကိုကြီးကလဲ ပြောတယ်၊ မီးခိုးသတ္တာထဲက လက်ဝတ်လက်စားတွေ အကုန်ထုတ် ယူသွားတယ်တဲ့"

"အဲဒါကြောင့် အကြံရခက်နေတာပေါ့ဗျ၊ ကောင်မ လေးတစ်ယောက်တည်း ဘာမှယူမသွားတဲ့ ဒီ အ တိုင်း ပြေးရင် အရေးသေး၊ ဒီကောင်တို့ ဈေး ဈေး ဆေး ဆေး ပေါ့၊ အခုတော့ ပစ္စည်းတွေလဲအကုန်ယူသွား၊ လူက လဲရှာမရ၊ မမကလဲ အသိုးကြီး အပိုင်ကြံနိုင်နဲ့၊ ဘာမျှ အမြတ်ထွက်လို့လဲ၊ ကျွန်တော် ... ဒါလိုပြီ"

ထွန်းကျော်စိတ်ပျက်လက်ပျက်ညည်းရင်းမှ လက်သီး နှင့်လက်ဝါးပိုင်းပြီးလာ၍ ဥမ္မာပါ စိတ်ပျက်လက်ပျက်ဖြစ် သွားရ၏။



စိတ်မညစ်ဘဲ ခံနိုင်ပါမည်လော။ တစ်နေ့တစ်နေ့ ဇွန်ပွင့်ပြဿနာနှင့်ပဲ အဖြေရှာမရလေတိုင်း ခေါင်းချင်း ဆိုင် တိုင်ပင်လိုက်ကြ၊ စိတ်ညစ်လိုက်ကြ၊ ညည်းညူလိုက် ကြနှင့် ခါတိုင်းလို ပျော်ပျော်ရွှင်ရွှင် နေနိုင်သည့် အခါ ရယ်၍ မရှိတော့....။

ထွန်းကျော်ကိုယ်တိုင်ကလည်း ဥမ္မာ့ကို ခါတိုင်းလို ပရောပရည် ချွဲလိုက်နွဲ့လိုက်နှင့် ရင်ခွင်ပိုက်ခြင်းမျိုး မရှိ တော့ဘဲ ဆက်ဆံရေးမှာ အေးစက်စက်ဖြစ်လာ၍ ပို၍ မခံ ချိခံသာဖြစ်ရသည်။

အဘိုးကြီးကသူ့သမီးဇော်နှင့်မိခင် ၄ ဂရုစိုက်တော့၍ စိတ်ညစ်ရတာ တစ်မျိုး၊ ထွန်းကျော်က မတုန့်မလှုပ်နှင့် ခပ်ခပ်... စိတ်ပျက်ရတာတစ်မျိုး....။

ဖြစ်နိုင်လျှင် ဥမ္မာ ချွေးတောင် ရွှဲ ချင် လာ သည်။ မိမိလိုအင် ... သမျှ မျှော်လင့်သွားသလို ဘာတစ်ခုမှ အဆင်ပြေဖြစ်မလာ။

ဇွန်ပွင့်ဦး မမျှော်လင့်တဲ့ အိမ်မှထွက်ပြေး လွတ်မြောက် သွား၍ စီစဉ်ထားသမျှအားလုံးက ... ဖြစ်ကုန် တော့သည်။

"မ ... ကလဲ ခင်းပါပဲ၊ အဘိုးကြီး ကိုယ်တိုင်က သ... တွေအားပါလျက်နဲ့ ... ဆေးဝါး ... ခုနမ ... ဘူး၊ ကောင်မလေးကို ဖွတ်ဆက်သွားပြီး ... ကြံခဲ့တော့ ဟိုအ ရိပ်မိသွားမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ထွန်းကျော်ကို မကျေမနပ် အပြစ်တင်မိ၍လည်း ထွန်းကျော်က ပခုံးတွန့်ရင်း ရယ်ကျဲကျဲနှင့် တုံ့ပြန်သည်။

"ဖန်ဟုန်းကတော့ အလွယ်ရလိုရငြား ဖန်တီးကြည့်တာပဲလေ၊ မရတာတော့ ဘယ်တတ်နိုင် ပါ့မလဲဗျာ၊ ကားဘင်ပြေးမယ်ဆိုတော့ မမပဲ မလုပ်ပါနဲ့ဆို၊ ငါပိုင်ပါတယ် ပိုင်ပါတယ်နဲ့ အခုမှ မပိုင်တော့ဘာ မဟုတ်လား"

"ဒါကတော့ သူ့အဖေ အရိပ်အခြည်ကိုလဲ ကြည့်ရသေးတာကိုးဟဲ့၊ တော်ကြာ ဘာပစ္စည်းမှ မရလိုက်ဘဲ ငါပါ ခေါင်းနဲ့ဆင်းရရင် ဘယ်နှယ်လုပ်ပါ့မလဲ၊ မင်းက ကောင်မလေးကိုရပြီးရင် ငါ့ကို လှည့်ကြည့်ချင်မှ လှည့်ကြည့်မယ့်ဘူပဲ၊ မင်းအကြောင်းငါမသိဘူးများမထင်နဲ့။ မင်း ငါ့ထက် ဖွန်ပွင့်ကို ပိုအလေးထားမှန်း ငါသိတယ်။ မင်း ငါ့ကိုခွာချင်နေပြီမဟုတ်လား"

ပြောင်းမှ မဥမ္မာ ဒေါသတကြီးနှင့် စကားတွေ ရင့်သီးလာသည့် အခါကျတော့လည်း ထွန်းကျော် ခွန်းတုံ့မပြန်ဘဲ စပ်ဖြဲဖြဲနှင့် ငြိမ်တော့နေ၏။

မဥမ္မာ ပြောသမျှ စကားအားလုံးက မှန်ကန်နေသည်ပဲလေ။ ဥမ္မာနှင့်ထွန်းကျော်ဆိုတာက နှစ်ဦးလုံးခေါင်းတုံးပေါ် ဆိပ်ကျလာ၊ ဘနဖူး သိုက်တူးချင်တဲ့ နေရာတွေမှာ အကြံတူညာဏ်တူသမားတွေ မဟုတ်ပါလား။

အထူးသဖြင့် ထွန်းကျော်က ပိုသာသည်ဟု ဆိုရမည်။



မိမိအတွက် အမြတ်အစွန်းမှ မထွက်လျှင် ဘာကိုမှ မကြံစည်တတ်။

သည်လိုစိတ်ထားတွေကြောင့်လည်း မဥမ္မာလို လူမျိုးနှင့် ပူးပေါင်းမိခြင်း ဖြစ်မည်ထင်၏။

မဥမ္မာက ဦးကျော်ဦးကို ငွေရေး ကြေးရေး သက်သက်အတွက် ချဉ်းကပ်ခြင်း ဖြစ်သလို မိမိကို ရမ္မက်အတွက် ချဉ်းကပ်မှန်းလည်း သိ၏။

လောလောဆယ် မိမိ၏ ငွေတွင်းဖြစ်နေသည့်မို့ တမင်သိသိကြီးနှင့် လျစ်လျူရှုထားရခြင်းပါ။

ပင်ကိုယ်သဘောအရ ဆိုလျှင်တော့ ဖွန်ပွင့်ဦးကိုစတင်မြင်တွေ့စဉ်ကတည်းက မဥမ္မာကို စိတ်ကုန်နေတာကြာပေပြီ။

စွဲနေအောင်လှသော အပြစ်ကင်းစင်သည့် အလှပိုင်ရှင်ဖွန်ပွင့်ဦးနှင့် ယှဉ်တော့ မဥမ္မာဆိုတာက တကယ့်ကိုဖွဲ့၊ ဆန်ကွဲဖြစ်သွားရသည်ပဲ။ နည်းနည်းလေးမှ မယှဉ်သာ။

ယှဉ်သာလျှင်လည်း ထွန်းကျော်ချင်ထဲမှာတော့ ဖွန်ပွင့်ဦးမှ ဖွန်ပွင့်ဦး။

ဖွန်ပွင့် တစ်ယောက်တည်းကိုပဲ စွဲလမ်းချစ်ခင်မိပြီမို့ သည်တစ်ခါ ဖွန်ပွင့်ဦးကို အပိုင်ကြံပြီးလျှင် မဥမ္မာကို ထန်ထုတ်ခဲ့မည်ဟု ဆုံးဖြတ်ချက် ချထားခဲ့သမျှ ခုလို ဥမ္မာနှုတ်က ဖွင့်ပြောလာသည့် အခါကျတော့ ထွန်းကျော်စိတ်မလုံ။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း ဝန်ခံမည် လုပ်ပြီးမှ အခြေအနေအရ မဥမ္မာကို ကန့်ထုတ်လို့ မဖြစ်သေးသည်မို့ ဆက်လက် အချိုသတ်ဖို့ပဲ ဆုံးဖြတ်လိုက်ရ၏။

မဥမ္မာနှင့် ထွန်းကျော်တို့ အရော်ရာကို လျှော်လျှော်ရှု မျက်ကွယ်ပြုသွားသောအချိန်၌ ဦးကျော်ဦး တစ်ယောက်ကတော့ဘာကိုမှ သတိမမူနိုင်ဘဲ ဧည့်ခန်းထဲတွင် ဟိုမှသည် ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်ရင်း ဗျာများနေလေသည်။

စဉ်းစားရလွန်းသဖြင့် ရက်ပိုင်းလပိုင်း အတွင်း နဂိုနေထက် ပိုမိုအိုစာသွားပြီး နဖူးကြောကြီးများလည်း တင်းထောင်နေ၏။

ပျောက်သွားသူ ရှာလျှင်တွေ့ ဆိုပေမယ့် ဇွန်ပွင့် ပျောက်တာ တစ်လကျော်လာသည်အထိ သတင်း အစအနပင် မရသေး။

ရက်တွေ ကြာလာသည်နှင့် အမျှ သမီးငယ်အတွက် စိုးရိမ်ပူပန်စိတ်ကလည်း ပိုသည်ထက် ပိုလာရ၍ ရင်ထဲမှာ မွန်းကျပ်လာရ၏။

လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားမိသော သမီးငယ်၏ စာလေးကိုလည်း ထပ်ခါလဲလဲ ပြန်ဖတ်မိသည့် အကြိမ်ပေါင်း မရေတွက်နိုင်တော့။ ယခုလည်း ဟိုသည် လျှောက်ရင်းမှ ဆောက်တည်ရာ မရသည်နှင့် သမီးငယ်၏ စာလေးကို ပြန်ဖတ်မိပြန်သည်။



ဒက်ဒီ...

မာမီရှိရဥ်တုန်းက အကြင်နာ ရပ်ဝန်းဖြစ်ခဲ့ဖူးတဲ့ သိဘဂူ စံအိမ်ဟာ မာမီ မျက်ကွယ်ပြုချိန်က စပြီး ဇွန်ပွင့်အတွက် ထာဝရ ယောက ရပ်ဝန်း ဖြစ်လာခဲ့ပြီမို့ ယောကာ အိမ်နဲ့ဝေးရာကို ဇွန်ပွင့် ပြေးပါပြီ။

မာမီနဲ့ ပတ်သက်သမျှ ပစ္စည်းတွေ အားလုံးထဲက ဇွန်ပွင့် ပိုင်ဆိုင်သင့်တယ် ထင်တဲ့ ပစ္စည်းတွေကိုလဲ ဇွန်ပွင့်နဲ့ အတူ ယူဆောင်သွားပါတယ်။

မိဘ နှစ်ပါးရဲ့ ချစ်မေတ္တာရိပ် အကြင်နာရိပ်မှာ ခိုနားချင်ပေမယ့် ခိုကိုးခွင့် မရခဲ့တဲ့ဘဝမို့ ကိုယ့်ဘဝကို ကိုယ့် ခြေထောက် ပေါ် မှာ ရပ်တည်ဖို့ပဲ ဆုံးဖြတ်လိုက်ပါပြီ။

ဒက်ဒီ ခွင့်လွှတ်နိုင်ပါစေလို့ ဆုတောင်းရင်း ဒက်ဒီ့ကို ဇွန်ပွင့်ကန်တော့ခဲ့ပါတယ်။

ကံမကောင်းတဲ့ မာမီ့သမီး

ဇွန်ပွင့်ဦး

စာဖတ်လို့ ဆုံးသွားတော့ စာရွက်ပြားလေးပေါ်သို့ ဦးကျော်ဦး၏ မျက်ဝန်းအိမ်မှ မျက်ရည်ပေါက်များ တစ်စက်ချင်း တစ်စက်ချင်း ကြွကျ သက်ဆင်းလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



''ကံမကောင်းတဲ့ မာမီ့သမီးတဲ့လားသမီးလေးရယ်၊ မာမီရော သမီးပါ ကံမကောင်းဘူးလို့ သမီး ဆို ချင်တာလား''

မချိတင်ကဲဖြစ်စွာလည်း တစ်ကိုယ်ထည်း ရေရွတ်မိ၏။ မိခင် ဆုံးပါးသွားခဲ့ခြင်းအတွက် သမီးငယ်စိတ်မှာ သည်လောက်အထိ စွဲစွဲလမ်းလမ်း စိတ်ထိခိုက်သွားလိမ့်မည်ဟု အယ်တုန်းကမှ မထင်ခဲ့မိသည့် အဖြစ်လေ။

အချိန် ကြာလာသည်နှင့်အမျှ အချိန်က ကုစားပြီး တဖြည်းဖြည်း မေ့ပျောက် သွားနိုင်လိမ့်မည်။ ဖြေသိမ့်နိုင်လိမ့်မည်ဟု ခပ်ပေါ့ပေါ့ တွေးခဲ့မိသည်။

သည်ကြားထဲ ဥမ္မာနှင့် ထပ်မံ ပတ်သက်လာတော့ သမီးစိတ်မှာ မိခင်အတွက် ပိုမို ကြေကွဲ ဝမ်းနည်းသွားရသည်လား မပြောတတ်ပါ။

ဖခင်ဖြစ်သူ မိမိကို ရန်သူတစ်ယောက်လို စိမ်းစိမ်းကားကားနှင့် အတိုက်အခံ မလုပ်စဖူး တုံ့ပြန် အာခံလာခဲ့သည် မဟုတ်ပါလား။

တကယ်တမ်းကျတော့ သည်လို မဖြစ်သင့်ဘဲ ဖြစ်ပေါ်လာရသော ပြဿနာရပ် အားလုံး၏ အစကအရင်းခံရာ တရားခံက မိမိကိုယ်တိုင်ပါပဲ။

ထိုစဉ် အခန်းထဲသို့ ဦးစိုင်းလူ ဝင်ရောက်လာသဖြင့် ဦးကျော်ဦး ပျာပျာသလဲဖြစ်ကာ အားတက်သရော လှမ်းမေးလာ၏။

''ကိုကြီးလူ၊ ဇွန်ပွင့်သတင်းရပြီလား''



''မရသေးဘူး မောင်ကျော်ဦး၊ စုံစမ်းနေတုန်းပဲ၊ လားရှိုးက သူ့သူငယ်ချင်းအိမ်တွေအထိ ရောက်ခဲ့တယ်၊ တင်အိမ်မှာမှ မတွေ့ခဲ့ဘူး''

ဦးစိုင်းလူ ခေါင်းခါလိုက်သဖြင့် စောစောက မျှော်လင့်ချက်များနှင့် မတ်လာသော ဦးကျော်ဦး၏ခေါင်းက ချက်ချင်းပဲ မျှော်လင့်ချက် ကင်းမဲ့စွာ ခေါင်းငိုက်စိုက်ကျသွားရှာ၏။

''သိပ်ပြီးတော့လဲ အစိုးရိမ်မလွန်ပါနဲ့တွား၊ မဇွန်က အသိအလိမ္မာရှိတဲ့ ကလေးပါ၊ သူ့ကိုယ်သူ ကောင်းကောင်း ထိန်း နိုင်ပါလိမ့်မယ်၊ ဘေးအန္တရာယ်တော့ မတွေ့တန်ကောင်းပါဘူး''

''မောင်ထွန်းကျော်ဆီကရော ဘာသတင်းရပြီလဲ''

''သူ့ဆီကလဲ ဘာသတင်းထူးမှ မရသေးပါဘူး ကိုကြီးရာ၊ ရန်ကုန်မှာ သွားစုံစမ်းကြည့်ဦးမယ်လို့တော့ ပြောတာပဲ၊ ကိုဖေသက်တို့ဆီ ရောက်လို့ရောက်ငြားပေါ့၊ ဒါပေမယ့် ပြောမယ့်သာ ပြောရတာပါ၊ သမီးလေး အဲဒီကို သွားမယ်တော့ မထင်ပါဘူး၊ သူနဲ့မှ အဆက်အသွယ် မရှိတာ၊ ကျွန်တော် ထင်ထားတာတော့ သူ့သူငယ်ချင်း တစ်ယောက်ယောက်အိမ်က လက်ခံဝှက်ပေးထားတယ်လို့ ထင်တာပဲ''

''အခု မောင်ထွန်းကျော် ရန်ကုန်ဆင်းသွားပြီလား မောင်ကျော်ဦး၊ ဦးဖေသက်လိပ်စာ သူဘယ်လိုလုပ်သိပါသလဲ''

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ရုံးလိပ်စာ ပေးလိုက်တယ် ကိုကြီးလူ၊ အိမ်လိပ်စာကတော့ မလိုတော့ဘူးလားလို့ မပေးလိုက်တော့ဘူး၊ ကိုဖေသက်က ရုံးမှာအနေများတဲ့သူပဲ၊ ရုံးခန်းသွားရင် တွေ့မှာသေချာပါတယ်"

"ဒီနေ့သ မန္တလေးဆင်းမယ် ပြောတာပဲ"

"ဪ...ဪ"

အဲဒီမှ ဦးစိုင်းလူက အောင့်ထားသော သက်ပြင်းတစ်ချက်ကို မသိမသာလေး မှုတ်ထုတ်လိုက်မိလေသည်။

ကျေနပ်စိတ်ကြောင့် စကားလမ်းကြောင်းကို ပြောင်းမှန်းမသိပြောင်းပစ်လိုက်ရင်း တခြား သိချင်တာ ထပ်စုံစမ်းရပြန်သည်။

"ဒါနဲ့...မဉမ္မာကော...မမြင်ပါလား"

"ဉမ္မာ...မောင်ကျော်နဲ့ ခြံထဲ လိုက်သွားတယ်လေ၊ အဲဒီကမှ မန္တလေးဆင်းမယ် ပြောတာပဲ၊ သူပါ ရန်ကုန်လိုက်သွားချင်တယ်၊ ဇွန်ပွင့်ကိုကူရှာချင်တယ်ဆိုလို့ ထည့်လိုက်တာ၊ ပြန်တွေ့ရင် သူကိုယ်တိုင်တောင်းပန်ပြီး ပြန်ခေါ်လာချင်တယ်ဆိုလို့"

"မဇွန် ရန်ကုန်မှာ ရှိတယ်ဆိုတာ သေချာလို့လား"

"မောင်ကျော်ကတော့ အဲဒီမှာပဲ ရှိနိုင်မယ်လို့ တွက်တာပဲလေ၊ ကိုဖေသက်က ဇွန်ပွင့်ရဲ့ အမွေထိန်း မဟုတ်လား၊ ဇွန်ပွင့်မှာ အဖိုးတန် ရတနာတွေ ပါသွားတော့ တခြားအိမ်ကိုတော့ သွားရဲမှာ မဟုတ်ဘူး၊ ကိုဖေသက်ဆီကိုပဲ ပြေးလိမ့်မယ် ထင်တယ်တဲ့၊ ပြန်လာရင် အဖြေသိရမှာပဲလေ"



"ဖုန်းဆက် မေးရင်ကော"

"ကျွန်တော်က ဖုန်းဆက်မေးတာထက် လူကိုယ်တိုင်သွားပြီး အကျိုးအကြောင်း ပြောပြ မေးမြန်းတာက ပို အဆင်ပြေမလားလို့လေ၊ မတော်သည့်တိုင်အောင် ကိုဖေသက်က ရှေ့နေဆိုတော့ အကြံဉာဏ်လေး ဘာလေးများ ပေးနိုင်မလားလို့ပဲ"

"အင်းပေါ့လေ မောင်ဖေသက်ဆီက သတင်းကောင်းကိုပဲ ရင်တမမနဲ့ စောင့်မျှော်ကြည့်ရတော့မှာပေါ့၊ ဒါနဲ့ အဖိုးတန် ရတနာတွေဆိုတာက ဘာရတနာတွေများ မဇွန်နောက်ပါသွားလို့လဲ"

ဦးစိုင်းလူက မသိသလို မေးလိုက်ပြန်ရာ....

"အဖေရဲ့ စိန်တစ်ဆင်စလုံး မီးခံသေတ္တာထဲက ထုတ်ယူသွားတယ် ကိုကြီးလူရဲ့၊ သူ့ကိုလုပ်ပေးထားတဲ့ ပစ္စည်းတွေလဲ အကုန်လုံးယူသွားတယ်၊ ပတ္တမြားတစ်ဆင်စာပဲ ဉမ္မာ့ကိုပေးထားလို့ ကျန်ရစ်တာ၊ ဒါကြောင့် ကျွန်တော် ပိုပြီး စိတ်ပူနေတာပေါ့၊ ရန်ကုန်မှာ တွေ့ခဲ့ရင်တော့ ချော့ချော့ ပြန်ခေါ်လာလို့ မှာလိုက်တယ် သူ့ကို ဒီအတိုင်း ထားလို့ မဖြစ်တော့ဘူး၊ [illegible] သဖြင့် အားလုံး အဆင်ပြေအောင် မောင်ကျော်နဲ့ ဉမ္မာ [illegible] ပေး[illegible]မယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကွယ့် သမီး၊ မဇ္ဇန်ကို မောင်ထွန်းကျော်နဲ့ နေရာချထားပေးမယ် ဟုတ်လား၊ ဒါတော့ မသင့်ဘူးထင်တယ်၊ သမီးက လက်သင့်ခံပါမလား၊ ဘမလွန်က အခစာရှိနေရင်လဲ လက်သင့်ခံမှာ မဟုတ်ဘူး၊ စဉ်းစဉ်းစားစားလဲ လုပ်ပါကွာ၊ အခစာစီမံခဲ့တာတွေ ဘယ်နှယ် လုပ်တော့မတုန်း"

ဦးစိုင်းလူက စဉ်းစဉ်းစားစားလုပ်ဖို့ ကန့်ကွက်စကားဆိုနေသဖြင့် ဦးကျော်ဦးက ခေါင်းကို အတွင် ခါယမ်းလေသည်။

"မဖြစ်ဘူး ကိုကြီးလူ၊ ကျွန်တော် သေချာ စဉ်းစားပြီးမှ ဆုံးဖြတ်လိုက်တာပါ၊ သီဘာဂူရဲ့ စီးပွားရေး တကွဲတပြား မဖြစ်စေရအောင် ဖန်တီးနိုင်ဖို့ ဒီတစ်နည်းပဲ ရှိတော့တယ်လေ၊ မောင်ကျော်လဲ ဆိုးတော့ မဆိုးပါဘူး၊ စီးပွားရေးလုပ်ငန်း ကျွမ်းကျင်သားပဲ၊ ဥမ္မာရဲ့ ရှေ့ရေးအတွက်ပါ ပိုစိတ်ချသွားရတာပေါ့"

"အေးလေ ဒါကတော့ မင်းအထင်ကိုး စာဆိုရှိသားပဲ၊ ကိုယ်ထင်ရင် ခုတင် ရှေ့နန်းတဲ့၊ သေချာပြန်တွက်ကြည့်ဦးပေါ့၊ တွက်ရေးနဲ့တုန်းက စက်သူဌေးဖြစ်ပြီး တွက်ကြည့်မှ စက်မရှိလဲ ဖြစ်နေဦးမယ်၊ ကဲ....ငါလဲ ပွဲရုံဘက် သွားလိုက်ဦးမယ်"

ဦးစိုင်းလူက သူ့စကားဆုံးသည်နှင့် နေရာမှ ထကာခြံထဲမှ ခပ်သုတ်သုတ် ပြန်ထွက်သွားလေတော့သည်။ နောက်ဘက်သို့ လုံးဝ ပြန်လှည့်မကြည့်တော့။



မိမိဘက်က ကြိုတင် စီစဉ်စရာရှိသည်များကို အရေးတကြီး လုပ်ဆောင်မှ ဖြစ်တော့မည်။

သည်အသိကြောင့် အတွေးများထဲတွင် အကွက်ချစီစဉ်ရင်း ဦးစိုင်းလူ ဂျစ်ကားလေးကို ဦးခွန်ပန်းအိမ်သို့ ဦးတည်လိုက်သည်။

ဦးခွန်ပန်းဆိုတာက ဇွန်ပွင့်မိခင် စော ခင် သွဲ နှင့် မောင်နှမ ရင်းချာလို ချစ်ခင်တွယ်တာ ရင်းနှီးသည်မို့ အစစ စိတ်ချရသည်။

"ဘာတွေ အရေးကြီးလာပြန်ပြီလဲ ကိုကြီးလူ"

"ဟို ကာလိမ်ခြုံ မောင်နှမနှစ်ယောက် ရန်ကုန်လိုက်သွားမယ်၊ မောင်ဖေသက်နဲ့ သွားတွေ့မယ် ဆိုလို့လေ၊ ဇွန်ပွင့်ကို တွေ့သွားမှာ စိုးလို့ မောင်ဖေသက် သင့်သလို ကြိုစီစဉ်နိုင်အောင် ဖုန်းဆက်မလို့"

"အို....မောင်ကျော်ဦးနှယ်နော် မိုက်လိုက်တာ၊ ဘာဖြစ်လို့များ ဦးဖေသက်ဆီ ပိုက်ခိုင်းတယ် မသိ၊ ကလေးမတော့ ဒုက္ခများဦးတော့မှာပဲ"

"မိုက်တွင်းနက်ပုံကတော့ မပြောချင်လောက်အောင်ပဲ၊ မဇ္ဇန်ကို ပြန်တွေ့ရင် သူ့ယောက်ဖနဲ့ နေရာချထားပေးဦးမလို့တဲ့လေ၊ စီးပွား မကွဲပြားအောင်ပေါ့ကွာ၊ သူ့သေဘောင်း သူပြန်ဘူးနေတဲ့အဖြစ်ကိုတော့ နားမလည်ဘူး"

www.burmeseclassic.com

www.burmeseclassic.com

ဦးစိုင်းလူက ပြောရင်းနဲ့ ဒေါသတကြီး ဖြစ်လာ၍ ဦးခွန်ပန်းက ခေါင်းညိတ်စဉ်းစားရင်း ခဏခန့်မှ အကြံပေးသလိုဆိုသည်။

''လာလေးကို ဒီပြန့် ခေါ်ပြီး ဝှက်ထားရင်ကော မကောင်းဘူးလား ကိုကြီးလူ''

''ဘယ်ကောင်းမလဲကွ၊ ချက်ချင်း ပြန်တွေ့သွားမှာပေါ့၊ ဒီမြို့မှာ မွန်ကို မသိတဲ့သူ မရှိသလောက် ဖြစ်နေတာပဲဥစ္စာ၊ ဟိုမှာပဲ ပိုလုံခြုံပါတယ်၊ မောင်ဖေသက်ကြည့်ပြီးစဉ်းစားပါဦးမယ်''

ထိုအခါ ခွန်ကုန်ကို ခေါ်ထားသောဖုန်းလိုင်းရသဖြင့် စကားပြတ်သွားရသည်။

ကံကောင်းချင်တော့ တစ်ဖက်မှ ဖုန်းကိုင်သူက ဦးဖေသက်ကိုယ်တိုင် ဖြစ်နေ၍ ပိုအဆင်ပြေသွားရ၏။

မြတ်စွာဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်ကြောင့် အပြစ်မဲ့သော သမီးလေး မွန် အဖို့ ကံကောင်း ပါလိမ့်မည်လော။

ခုချိန်မှာ ဆုတောင်းရုံမှတစ်ပါး တခြားမတတ်နိုင်ပါပြီ။

* * *

အခန်း (၁၂)

ဘလူထံမှ ဖုန်းလာပြီးကတည်းက ကျီလန့်စာစားနေရသော ယုန်သူငယ်လို အိမ်ထဲက အိမ်ပြင်သို့ပင်မထွက်ရဲလောက်အောင်ကြိုမ်ကုပ်နေသောမွန်ပွင့်ဦးတစ်ယောက်....

ဘဘဦးဖေသက်ကထွန်းကျော်တို့မောင်နှမနှစ်ယောက်စလုံး သူ့ကို လာတွေ့ပြီး၊ မွန်ပွင့်နှင့် ပတ်သက်သမျှအကြောင်းတွေ မေးမြန်း စုံစမ်း သွားပြီဆိုမှ စိတ်ဆိုကိုယ်ပါ၊ တုံးတုံးချပြီး အပြင်ထွက်ရဲတော့သည်။

အချိန်တိုင်းမှာလိုလို ဒက်ဒီ့ကိုချည်းပဲသတိရနေမိ၏။ သိတဂူမှာ ဘာတွေဖြစ်ပျက်နေသည်ဆိုတာကိုလည်း သိလိုလှပါ၏။

ရန်ကုန်ကို ရောက်ပါပြီ ဆိုကတည်းက မကြာ မကြာ လာတွေ့မည်ဟု မှာထားခဲ့သောဘလူကိုယ်တိုင်တစ်ခေါက်မှ ရောက်မလာသလို မေးနန်း ကိုယ်တိုင်လည်း လာတွေ့ခြင်း မရှိသဖြင့် ရင်ထဲမှာ ဝမ်းနည်း နေ့သလိုလိုလည်း ခံစားရသည်။

''အင်းလေ... သူတို့လဲ ဒက်ဒီက တစ်မျိုး၊ မဥမ္မာက တစ်မျိုး၊ ထွန်းကျော်က တစ်မျိုးနဲ့ အခုမှာ ဘယ်လိုပြဿနာတွေ ရင်ဆိုင်နေကြရသလဲမှ မသိ...''

မွန်ပွင့် တစ်ကိုယ်တည်းမို့ ပျင်းပျင်းရှိသည်နှင့် မမမေခင် စာအုပ်စင်မှ မဂ္ဂဇင်း စာအုပ်များ သွားယူဖတ်ရ

www.burmeseclassic.com



ရင်း စိတ်အစဉ်က စာအုပ်ထဲ စိတ်မဝင်စားနိုင်ဘဲရောက်တတ်ရာရာ ပျံ့လွင့်နေဆဲ....

"ဟော... ဇွန်ပွင့်ဦး"

အိပ်ခန်းထဲသို့ မမမေခင် ဝင်ရောက်လာလေသည်။

"ငါကတော့ ခြံထဲမှာသွားလို့ ရှူးလိုက်ရတာဟယ်၊ လှက်စသတ် တော့ အမိလေးဂ ဒီမှာ လာပြီး စဉ်းစားခန်းဖွင့်နေဟာကိုး၊ ဘယ်လိုလဲဗိုလ်ချုပ်ဈေးသွားမယ်ဆိုပြီး၊ ကိုယ့်စကားနဲ့ကိုယ် မေ့နေပြီလား၊ ခုထိလဲ ဘာမှ မပြင်ရသေးဘူး"

"အင်း....ဟုတ်ပ ရှဲ၊ ကြည့်စမ်း၊ ဇွန်ပွင့် လုံးလုံးမေ့နေတယ်၊ ရေလဲ မချိုးရသေးဘူး"

"မေ့ချင်မယ်လေ မေ့ရမယ်၊ အလုပ်က တော်တော်ရှုပ်တယ် မဟုတ်လား"

မေခင် မျက်စောင်းထိုးရင်း အနားမှာ လာထိုင်လေမှ ဇွန်ပွင့် သူ့စကားသူ သတိရကာ အိပ်ရာပေါ်မှကမန်းကတန်း လူးလဲထပြီး ထွက်သွားလေသည်။

ချော့သည့် အနေနှင့် မေခင့်ပါးပြင်ကို ရုတ်တရက်ဖက်နမ်းလိုက်ကာ ရေချိုးခန်းဆီသို့ ခုန်ပေါက်ပြေးထွက်သွားလေသည်မို့ မေခင် မျက်စောင်းခဲ ကျန်ရစ်ခဲ့၏။

တကယ့်ကလေးငယ် တစ်ယောက်လိုပါ။

မေခင် နောက်တစ်ခေါက် အိပ်ခန်းထဲ ပြန်ရောက်လာချိန်မှာတော့ ဇွန်ပွင့်ဦး အပြင်ထွက်ဖို့ အဆင်သင့်ဖြစ်နေပြီမို့ မေခင် အံ့သြသွားရလေသည်။



အဖြူအသား မရှိဘဲနှင့်ခဘာင် ဝင်းစက်နေအောင်လှသော ဇွန်ပွင့်ဦး။ အိရှန်အနက်ပြောင်ကို လက်ဖျားတွင်ပွပွအိအိလေး စည်း၍ ချုပ်ထားသော အင်္ကျီလက်ရှည်နှင့် အနက်ခံဖျော့ ရွှေရောင်ပန်းနွယ်၊ ပန်းခက်လေးများ၊ ဒီဇိုင်းဖော်ထားသော ဆေးရေး အင်ဒိုနီးရှားပါတိတ်ကို တွဲဖက် ဝတ်ဆင်ထား ပိုးသားနှုလို လက်ပြောင်နေသော ဆံပင်ရှည်ကြီးကို နောက်သို့ စုသိမ်းပြီး ခပ်မြင့်မြင့်ခသာ စည်းထားသဖြင့်....

"လှလိုက်တာ ဇွန်ပွင့်ရယ် လှလိုက်တာ၊ လှတဲ့သူများကျတော့လဲ ဘယ်သိုနေနေ ဘာမှ မပြင်မဆင် မခြယ်မသလဲ တအားလှနေတာပဲနော်"

ခဏနေမှ ဆိုနေကျ ပြန်ပြောနေကျဖြစ်သော တုံ့ပြန်စကား တစ်ခွန်းကို ပြန်ဆို၏။

"မသနော် သွားခါနီး လာခါနီးကို ခလုတ်တိုက်လဲအောင်မလုပ်နဲ့ သိလား၊ မမနဲ့ နေပါများလို့ ဇွန်ပွင့်ဒီလောက်လှလာတာ၊ ဒါမှမသိဘ အလှခေတ် ကူးလာတဲ့သဘောပဲ"

"အောင်မယ်....သူ့ကျတော့ ခလုတ်တိုက်မှာ စိုးလို့တဲ့၊ ငါ့ကိုကျတော့ ချော်လဲစေဆိုတဲ့ သဘောပေါ့လေဟုတ်လား"

ကိုယ့်စကားနှင့်ကိုယ်ပြန်မိနေကြ၍ ဘာရယ်မဟုတ်နှစ်ဦးသား တစ်ယောက် မျက်နှာတစ်ယောက် ရိုက်ကြည့်ရင်း ကြည့်နူးမှာ ရယ်မိကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းကျတော့ နှစ်ဦးစလုံး လှတာကတော့ တစ်ယောက်တစ်မျိုးစီ လှတာပါပဲလေ။

ဈေးထဲရောက်တော့ မရွှေနှင်းပွင့်ကဘာစိတ်ကူးပေါက်သွားသည် မသိ။

"ဒါကြောင့်ပဲ ဗိုလ်ချုပ်ဈေးကို မိန်းမလှကျွန်းလို့ တင်စား ခေါ်ကြတာ နေမှာပေါ့ မမ၊ နှင်းပွင့် မျက်စိထဲမှာ ဘယ်နေရာကိုပဲ ကြည့်လိုက် ကြည့်လိုက် မိန်းမလှလေးတွေကို ချည်းပဲမြင်နေတယ်၊ မြင်မြင်သမျှလဲ အကုန်လှနေတာပဲ"

မခင့် အနားကပ်ကာ တီးတိုးစကား ဆိုလာသဖြင့် မခင့် မျက်နှာ ပြုံးယောင်သမ်းလာလေသည်။

"ကြိုကြိုဖန်ဖန် နှင်းပွင့်ရယ် မြင်မြင်သမျှ မိန်းမလှတွေချည်း မဟုတ်ကြပါဘူးဟ၊ ယောကျ်ားလေးတွေလဲ ရှိပါသေးတယ်၊ သူတို့ကော မလှဘူးလား"

"ဟင့်အင်း....သိပါဘူး"

"တကယ်"

"တကယ်ပေါ့ မမရ၊ နှင်းပွင့်မှ သူတို့ကို မကြည့်တဲ့ ဥစ္စာ သိလား၊ တစ်ယောက်မှ မမြင်ပါဘူး"

"အမယ်လေးဟယ်....ဘာလိုက်တဲ့ မျက်စိနယ်နေ့ဘ၊ မြင်ချင်တာကျတော့ ကွက်မြင်ပြီး မမြင်ချင်တာကျတော့ ခွဲချန်တားလိုက်တာတဲ့၊ အံ့ရော"

မခင် နှင်းပွင့်ပုံစံလေးကိုကြည့်ကာ နှစ်နှစ်ခြိုက်ခြိုက် ရယ်လေတော့သည်။



"တကယ်ပြောတာ မမရဲ့"

နှင်းပွင့် စိတ်မလုံသွား ပြေရှင်းမိတော့ ပိုဆိုး၏။

"အေးပါ....အေးပါ ယုံပါသယ်၊ ကဲကဲ ပြောရင် ပြောသလို လုပ်မှာပေါ့ပေါ့ပါတယ်၊ ဟိုတစ်ယောက် ချစ်သူသိ ဘယ်မိန်းမမှ မတွေ့မိဘူး၊ နှင်းပွင့်ဦးဆိုတဲ့ ကောင်မလေးတစ်ယောက်ပဲ တွေ့တယ်...

"နှမိုကြည့်ပါလား၊ ကောင်လေးတွေ မျက်စိတွေက နှင်းပွင့်ဆီမှာချည်းပဲသမင်လည်ပြန် ထောက်နေကြပြီလေ"

မခင်က ပတ်ဝန်းကျင်သို့မျက်စိကစားရင်းမှ နှင်းပွင့် အနားကပ်ကာ ခပ်ဖွဖွတိုးလေး ပြောလိုက်သဖြင့်....

"ဟာ....မဟုတ်တာ"

ရှက်ကိုးရှက်ကန်းနှင့် နှင်းပွင့်ဦးမျက်နှာလေးပေါ်မှာ ရှက်ချင်းပဲ ပန်းနုရိပ်များ ဖြတ်သန်းသွားရ၏။

တို့ပြန်ကြသည်း မဆိုရဲတော့။

သည်ကြားထဲ ကံဆိုးချင်တော့ အသည်ဘနိုး များ ဆက်သို့ ဖြတ်အသွက်တွင်...

"ဟေ့....ဟေ့ နေ့ခင်းကြောင်တောင်ကြီး လမင်းသာနေတယ် ဟ"

"မောင့်ဖိုးလမင်း....မောင့်ဖိုးလမင်း"

"အမေရေ...အမေပြောတဲ့ အနမာပြေလေး ဒီမှာ တွေ့နေပြီဗျို့"

www.burmeseclassic.com



"မျက်နှာလေးက ဘာအခြယ်အသမှမရှိဘဲနဲ့ကို လင်းနေတာကွ၊ ဒါမှ ရွှေရင်အေးဆစ် ရှင်ထဲကိုဒေအးသွားတာပဲ၊ ပပဝတီများ ဝင်စားလေရော့သလားကွယ်"

"မတောက်....ငါတော့ ဒီလောကိုလှဘာလေးကိုရမယ်ဆိုရင် သေပျော်ပါပြီကွာ၊ ဘာကယ့်ကိုသေပျော်ပါပြီကွာ"

ဇွန်ပွင့်အေးမှ ဖြတ်သွားကြသော လူရွယ်တချို့က ဇွန်ပွင့်ကို ဘာအံ့ဘာသြငေး စိုက်ကြည့်ရင်း သူတို့ပြောလိုရာများကို မချင့်မရဲပြောသွားကြ၍ ဇွန်ပွင့် မျက်နှာလေး ပိုမိုရဲတွတ်သွားရလေသည်။

မခေါ်ကတော့ ခပ်ပြုံးပြုံးပဲ တင်ချက် စိုက်ကြည့်၏။

ဈေးအနီ့ ပတ်ရင်း ကြွက်တာတွေဝယ် ဟိုက်၊ မုန့်စားလိုက်နှင့် ညီအစ်မနှစ်ဦး သား ဈေးကိုယက်စေ့နီးနီးပတ်မိချိန်မှာတော့ လိုချင်တာလေးကို မတော်တတ်စုံစုံလင်လင်ပြည့်စုံသွားလေပြီမို့ အိမ်ပြန်ကြဖို့ဆုံးဖြတ်ရင်း ပစ္စည်းတွေ ပြန်စစ်ကြည့်မိတော့....

"အာ....တော်တော်ကုန်သွားပြီပဲ"

ဇွန်ပွင့် မျက်လုံးပြူး မျက်ဆံပြူး ဖြစ်သွားရရှာ၏။ ဝယ်ထားသော ပစ္စည်းများကို ကြည့်လိုက်တော့ ကျပန်ကီမိုနို လုံချည်နှစ်ကွင်းနှင့်တခြားအသုံးအဆောင်အသေးအဖွဲလေးများ၊ တိုလီမိုလီ ပစ္စည်းလေးများသာ။

ဈေးထဲ အသွားတုန်းက ငွေ ၁၀၀၀ ကျော်ထည့်လာခဲ့သော ပိုက်ဆံအိတ်အား ယခုအပြန်မှာ ကျန်သောငွေ ၁၀၀ ပင် မပြည့်ချင်တော့ပြီမို့....



"တော်ပြီ ...တော်ပြီ ပြန်ကြစို့ မမခရေ၊ ဇွန်ပွင့်ဝယ်တာ များသွားပြီ"

"ဘာလဲ အခုမှ နှမြောသွားပြီပေါ့လေ၊ဟုတ်လား"

"အင်းလေ... မမရာ၊ ဝယ်တုန်းကတော့ လိုချင်တဲ့ဇောနဲ့မို့ လား မသိဘူး၊ ဟိုဟာဆိုလိုချင် ဒီဟာဆိုလိုချင်နဲ့ပဲ နှမြောရကောင်းမှန်းကို မသိဘူး၊ အခုမှ လက်ထဲငွေမကျန်တော့တာကိုကြည့်ပြီးမှ နှမြောလာတာ"

"ရတဲ့ပစ္စည်းနဲ့ ကုန်သွားတဲ့ငွေကလဲ မမျှသလိုပဲနော်၊ ကြည့်ပါဦး၊ ငွေကိုးရာကျော်သာ ပက်ခနဲကုန်လာတယ်၊ လက်ထဲပါတဲ့ ပစ္စည်းကဖြင့် နည်းနည်းလေး"

ဇွန်ပွင့် ပြောရင်းမှ မေခင့်လက်ကို ဖက် တွယ် ကာ အပြန်လမ်းဆီသို့ မျက်လုံးအစ္ဆ....

"ဟင်...."

လုံးဝ မျှော်လင့်မထားသူတွေကို ရုတ်တရက်တွေ့လိုက်ရသဖြင့်ဇွန်ပွင့်ရပ်နေရာမှအလန့်တကြားလေးနောက်ဆုတ်လိုက်ရင်း လူအုပ်ကြားထဲသို့အလျင်အမြန် တိုးဝင်မိသည်။

"ဘာလဲ ဇွန်ပွင့်၊ ဘာလဲ၊ ဘာဖြစ်တာလဲဟင်"

ဇွန်ပွင့်၏ အလန့်တကြား ပုံ စံကြောင့် လား မသိ။ မေခင်ကပါ ဘာမသိညာမသိနှင့် သူပါ ဇွန်ပွင့်နှင့်အတူတူ လူအုပ်ထဲ ရောတိုးဝင်လာရင်း တအံ့တသြ မေးနေ၍...

"ဟိုမှာ....ဟိုမှာ"

"ဇွန်ပွင့်က မျက်နှာလေးဖြူဖျော့စွာနှင့်မေခင့်လက်ကို

www.burmeseclassic.com

www.burmeseclassic.com

ဆုပ်ကိုင်ရင်း အသုကုန်ဆိုင်များဘက်ဆီသို့လျှောက်သွား
နေသောလူရွယ်နှင့် မိန်းမရွယ်တစ်ဦးကို ညွှန်ပြလေသည်။

"အဲဒါ မဥမ္မာနဲ့ ကိုသွန်းကျော်"

တစ်ယောက်လက် တစ်ယောက် ချိတ်တွဲရင်း ရယ်ရယ်
မောမောစကားဆိုကာ လမ်းဖြတ်ကူးသွားသော ထိုစုံတွဲ
ကတော့ မခင်တို့၊ ဇွန်ပွင့်တို့ကို လုံးဝ သတိပြုမိဟန်
မတူပါ။

"အမျိုးသားက စပို့ရှပ်အပြာနဲ့၊ အမျိုးသမီးကအဝါ
ရောင်ဝမ်းဆက်နဲ့ အဲဒီစုံတွဲကို ပြောတာမဟုတ်လား"

မခင်က တစ်ချော်တစ်ချော် ငေးစိုက် ကြည့်ရင်းမှ
သေချာအောင် ထပ်မေးတော့ ဇွန်ပွင့်က မဆိုင်းမတွဲ
ခေါင်းညိတ်လေ၏။

"သိပ်ကြီးလဲ မလန့်ပါနဲ့ ဇွန်ပွင့်ရယ်၊ မမတစ်ယောက်
လုံး အနားမှာရှိနေတာပဲ၊ ဘာကြောက်စရာရှိလဲ၊ သူတို့
ကဖြင့် ဇွန်ပွင့်ကိုမြင်သွားပုံတောင်မရပါဘူး၊ မြင်သွားလဲ
အရေးလား၊ ခုတောင်းဘင်း ရင်ဆိုင်ရုံပေါ့၊ လူမြင်ကွင်း
ကြီးထဲမှာ သူတို့ ရှက်ရှက်ရွတ်ရွတ် မလုပ်ရဲပါဘူး"

"ကဲ...လာ၊ အိမ်ပြန်ကြစို့"

ထုံးစံအတိုင်း ခေါင်းညိတ်လိုက်ပေမယ့်၊ ဇွန်ပွင့်ဦး၏
မျက်နှာလေးကတော့ အလာတုန်းကလိုမကြည်လင်တော့
ဘဲ ညှိုးရော်ရော် ဖြစ်နေလေသည်။

ဘဘ ဦးဖေသက်ကိုလာတွေ့တာ ဆယ် ရက် လောက်
ပင်ရှိတော့မည်ထင်သည်။ သူတို့ နှစ်ယောက်စလုံး ပုံစံ



ကြည့်ရတာဖြင့် ခုထိရန်ကုန်မှာပဲ သောင်တင်ပြီးကျောက်မဲ
ကိုပြန်ရဦးမည့်ဟန်မတူသေး။ ပြန်ပြီးပြီ ဆိုလျှင်လည်း
ဘာဖြစ်လို့ ရန်ကုန်ကို နောက်တစ်ခေါက် ထပ်ပြန်လာရ
မလဲ။

အတွေးစွာက ရင်ထဲမှာ ရှုပ်ထွေးနေကျန်နေသဖြင့်
ဇွန်ပွင့်အိမ်ကို ဘယ်လိုပြန်ရောက်လာမှန်းပင် သတိမထား
မိလိုက်။

"ဟင်...မေမေကြီးတို့အိမ်က ကားရောက်နေတယ်၊
ကြည့်စမ်း မေမေများ ပြန်လာတာလားမသိဘူး"

တစ်ချိန်လုံး တွေဝေပြီး ငေးငေးငိုင်ငိုင်လေး ဖြစ်နေမိ
သော ဇွန်ပွင့်ဦးတစ်ယောက်...

အိမ်ထဲသို့ လှမ်းဝင်ဟန်ပြင်ပြီးမှ မျက်မှောင်လေး
တွန့်ကာ၊ ပြောလာလေသောမမခင်ကြောင့် မျက်ဝန်း
များက အိမ်ရှေ့ဘက်ဆီသို့ ချက်ချင်းပဲ ဝေ့ဝဲရောက်ရှိ
သွားရ၏။

ဟုတ်ပါရဲ့။ အိမ်ရှေ့ဆင်ဝင်အောက်လမ်းကွင် ဆီဒင်
ကားအနီရဲရဲလေးတစ်စီး ရပ်ထားသည်ပဲ။

ဦးနေမျိုးလာတိုင်း မောင်းလာတတ်သောကားလေး
မို့ ဇွန်ပွင့်ပါ ရောယောင်ပြီး၊ သည်ကားလေးကိုဒေါ်ခင်
ကြီးတို့အိမ်ကကားမှန်း အလိုလိုသိနေ၏။

ကားကိုသာ မှတ်မှတ်မိမိ သိနေပေမယ့် ဦးနေမျိုး
နှင့်ကတော့ ခုချိန်ထိ ဇွန်ပွင့် လုံးဝ မရင်းနှီးသေးပါ။

တာမသိညာမသိနှင့်မမခင်ကမကြာခဏသူ့အစ်ကို

www.burmeseclassic.com

www.burmeseclassic.com



နှင့်ရင်းရာ၊ မောလား စ တတ်မြဲမို့ ဦးနေမျိုးလာတိုင်း ဇွန်ပွင့်တစ်ခါမှ ထွက်တွေ့ဖူးခြင်းမရှိ။

မမမေခင်တို့မိသားစုနှင့် စကားပြောပြီး၊ သည်အတိုင်း ပြန်သွားရမြဲ။ သူပြန်သွားမှပင်၊ ဇွန်ပွင့်အခန်းအောင်း ရာမှ ထွက်မြဲ။

"ဒီလူကြီး....ဒီကို ဘာလာလုပ်ပါလိမ့်"

ကိုယ့်အတွေးနှင့် ကိုယ်နှင်ကာ ကားလေးထိုတစ်ချက် ငေးကြည့်လိုက်ပြီး အိမ်ထဲသို့ဝင် လိုက်ချိန်မှာတော့....

"ဟော....သမီးလေးတို့ ပြန်လာပြီ"

ဧည့်ခန်းဆက်တီထွင်ထိုင်ရင်း နှစ်ဦးသားခေါင်းချင်း ဆိုင်တိုင်ပင်နေဟန်တူသော ဘဘနှင့်အန်တီမို့နာကို အဆင် သင့်တွေ့လိုက်ရသဖြင့် အန်တီက ဆီး၍ စကား စလာ သည်။

ဇွန်ပွင့် ထင်ထားသလို ဦးနေမျိုး ရောက်နေခြင်း မရှိ။

"ကံကောင်းလို့သာပဲ သမီးတို့ရေ၊ ကံသီပလို့သာပဲ၊ ဒီနေ့မနက် သမီးတို့အိမ်မှာ ရှိမနေတာ ဘုရားမကာပဲ၊ သမီးတို့ ဈေးထဲထွက်သွားတဲ့အချိန်နဲ့ ရှေ့ဆင့် နောက် ဆင့်လေးပဲ၊ ကိုကျော်ဦး မိန်းမနဲ့ ယောက်ဖ အိမ်ကို လာသွားတယ်၊ ကိုကျော်ဦးကစာပေးလိုက်လို့တဲ့၊ အဖေ ကြီးကို လာတွေ့တာ"

"အို...."

"ဟင်...."



ဇွန်ပွင့်နှင့် မေခင် တစ်ဦးကို တစ်ဦး တအံ့တသြကြီး တစ်ပြိုင်တည်းလိုလို လှမ်းကြည့် မိကြသည်။

တစ်လမ်းလုံး စိတ်ထင့်ခဲ့မိသမျှက အိမ်မှာ ဟကယ်ပဲ အကြောင်း ထူးနေခဲ့လေပြီ။

"သမီးတို့လဲ အခုလေးတင်ပဲ၊ သူတို့နှစ်ယောက်နဲ့ ဈေးထဲမှာ ဆုံလာသို့ အိမ်ပြန်ပြေးလာတာ အန်တီရဲ့"

"ဟုတ်တယ် မေမေ၊ ဇွန်ပွင့်ဆိုတာ.... ဘယ်လောက် တောင် လန့်သွားတယ် မသိဘူး၊ မျက်နှာတစ်ခုလုံး သွေး ဆုတ်သွားလိုက်တာများ ဖြူဖျော့နေတာပဲ၊ မဟုတ်မှလွဲ ရော၊ ခမမေတို့ဆိုက ပြန်လာပြီးမှ သမီးတို့နဲ့ ဈေးမှာ ဆုံတာ ဖြစ်မယ်၊ ထင်တယ်"

"ဟုတ်မယ်၊ ဟုတ်မယ်"

ဇွန်ပွင့်ကော မေခင်ကပါ သူတို့ကြုံလာတာကို အလု အယက် ပြောပြနေကြသဖြင့် မိဘနှစ်ပါးစလုံးက မျက်စိ မျက်နှာပျက်စွာ နားထောင်နေကြပြီး ခဏကြာမှ ဦးဖေ သက်က တစ်စုံတစ်ခုကို တွေးမိသလို၊ အရေးအနက်ကား ဆိုလေသည်။

"အင်း....ဒီအတိုင်းဆိုရင် ဘဘတို့ တစ်ခုခုကိုတော့ အလေးအနက်ဆုံးဖြတ်ချက်ချရမယ့် အချိန်ရောက်ပြီ သမီး ရေ၊ သူတို့ဘက်က တစ်ခုပြီးတစ်ခု အဆင့်တက်လာနေ ပြီ၊ ကိုကျော်ဦး ကိုယ်တိုင်က မောင်ထွန်းကျော်ကို သမီး နဲ့ လက်ထပ်ပေးဖို့ သဘောတူထားသူလို စာထဲမှာအတိ

www.burmeseclassic.com

www.burmeseclassic.com



အသင်း ထည့်ရေးထားတယ်၊ သဘောကတော့ သမီးရဲ့ အုပ်ထိန်းသူဖြစ်မယ့်သူလို့ ဆိုလိုချင်တာပဲထင်ပါရဲ့....

"မောင်ထွန်းကျော်တို့ နှစ်ယောက်ကလဲ ဘဘ ထင်တာထက် ပိုမို ပါးနပ်တယ်၊ ခြေလှမ်းကျဲ ဘယ် သမီး၊ ကိုကျော်ဦးကို အပိုင်ကျုံးသွင်းသွားနိုင်ပုံ ရတယ်၊ ဒီနေ့ဆိုရင်ပဲ ကြည့်လေ၊ သူတို့က အပိုင်တွက်ပြီးလာတာ၊ ကံကောင်းချင်လို့သာ ဘဘတို့ ဟန်မပျက် ဖြစ်သွားရတာကွယ့်၊ ပျက်ပင်းသာ ဘိုးလိုက်ချင် ဘယ်လောက် ဖြေရှင်းရခက်လိုက်မလဲ"

"ဟုတ်တယ်သမီး၊ သူတို့ကြည့်ရတာ၊ သမီးကို ဒီအိမ်က လက်ခံဝှက်ပေးထားတယ်လို့ တွက်ဆထားပုံ ရတယ်ကွယ့်၊ မသင်္ကာတဲ့ မျက်လုံးတွေနဲ့ တစ်အိမ်လုံး မျက်စိကစားပြီး အကဲခတ်လိုက်တာ မပြောပါနဲ့တော့၊ အဲဒီအချိန်မှာများ သမီးတို့ ပြန်လာ လိုက်ရင်တော့ ဒုက္ခပဲ ဆိုပြီး ဘဘတို့မှာ ရင်တထိတ်ထိတ်နဲ့ စကား ပြောရတာတောင် မပြောင့်ဘူး"

ဒေါ်မိုးဝါကပါ အခြေအနေကို သူတွက်ဆမိသလောက် ဝင်ပြောလာ၍ နားစိုက်ထောင်နေသော ဇွန်ပွင့်ဦး၏ မျက်နှာလေးငယ်သထက် ငယ်လာ၏။

ဘဘကတော့ အခြေအနေမှန်ကို ဇွန်ပွင့်ဦးနားလည်အောင် ဆက်လက် ရှင်းပြနေသည်။

"မောင်ထွန်းကျော်က သမီးနဲ့ သူ့ကို ကိုကျော်ဦးကိုယ်တိုင် သဘောတူထားပြီးသား ဆိုတဲ့ အသိ အား



ကိုးကြီးနဲ့လား မသိပါဘူး၊ သမီးရမယ့် အမွေကိစ္စတွေနဲ့ ပတ်သက်တာတွေပါ စပ်စုနေလို့၊ ဒါက ကာယကံရှင်က လဲပြီး တခြားဘယ်သူ့ကိုမှ ပြောပြခွင့်မရှိပါဘူးလို့ ရှင်းပြရသေးတယ်၊ တော်တော် အကြံကြီးတဲ့ သူငယ်ပဲ ဟေ့"

"ဒါနဲ့ သမီး၊ အသက်နှစ်ဆယ်ပြည့်ပြီးပြီနော်"

"ဟုတ်ကဲ့ ဘဘ၊ ဇွန်ပွင့် အသက်နှစ်ဆယ် ပြည့်ပြီးလို့ ငါးလတောင် စွန်းနေပါပြီ၊ နှစ် ဆယ့်တစ် နှစ် ထဲမှာပေါ့"

"အေး အေး၊ နှစ်ဆယ့်တစ်နှစ်ဆိုတဲ့ အသက်အရွယ်ဟာ ကိုယ့်ဘဝကိုယ် ကောင်းကောင်း ဖန်တီးခွင့်ရနိုင်တဲ့ အရွယ်ပဲ၊ တကယ်လို့များ အခုအချိန်မှာ ငါ့သမီး အတွက် သင့်လျော်တယ်လို့ ယူဆထားတဲ့လူ တစ်ယောက်ကို သမီး ပြန်းစားကြီးလက်ထပ်ရမယ်ဆိုရင် ဘယ်လိုနေမလဲကွယ့်"

"ရှင်...."

လုံးဝ မျှော်လင့်မထားသည့် မေးခွန်းမို့ ဇွန်ပွင့် ကိုယ်လေး ဆတ်ခနဲ တွန့်သွားရ၏။

"ဘဘ ပြောတာ ဘယ်လိုလဲ သမီး"

ခဏကြာမှ မနည်းအားယူပြီး ဇွန်ပွင့် သိချင်တာ မှန်သမျှ ဘဘကို မေးရသည်။

"ဇွန်ပွင့်...ဇွန်ပွင့် ယောက်ျားမယူဘဲ နေလို့ မရဘူးလားဟင် ဘဘ၊ ဇွန်ပွင့်ကို ဒီအတိုင်းပဲ ဒီမှာနေ ထားလို့ မရဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ဇွန်ပွင့် စကားမဆက်နိုင်ဘဲ ပြောလက်စ တစ်ပိုင်း တစ်စနှင့် ဆက်လက် မပြောဝံ့တော့သလို ရပ်တန့်သွားရ၍ ဘဘက ခေါင်းတဆတ်ဆတ်ညိတ်ရင်း အန်တီ့ ဘက်သို့ လှည့်ပြောလေသည်။

"ကဲ...ဘယ်လိုလဲ အမကြီး၊ ထင်တဲ့အတိုင်းဖြစ်နေပြီလေ"

"အင်းနော်၊ အဲဒါဆိုရင် တစ်မျိုးတစ်ဖုံ စဉ်းစားရမှာပဲ၊ တခြားအိမ် ပို့ဖို့ကျတော့လဲ စိတ်မချပြန်ဘူး၊ မမကြီးအိမ်မှာပဲ ကိုသက် ပြောသလို ပို့ထားရင် မကောင်းဘူးလား"

ဦးဖေသက်က စဉ်းစားသလို ခေတ္တ ငြိမ်တွေနေပြီးမှ ခေါင်းတဆတ်ဆတ်ညိတ်သည်။

"အင်း....အခုတိုင်းဆိုရင်တော့ အဲဒီ နည်း၊ လမ်း၊ ပဲ ရှိတော့တယ်၊ ဒီအိမ်မှာ ဆက်ထားဖို့ မလုံခြုံတော့တာ အမှန်ပဲလေ၊ တခြားအိမ်ပို့ဖို့ ကျတော့လဲ မိုနာပြောသလိုပဲ စိတ်မချပြန်ဘူး၊ ဒီအိမ်ကလွဲရင် မမကြီးအိမ် တစ်အိမ်ပဲ စိတ်ချရရှိတယ်၊ ဘယ်လိုလဲ သမီး၊ မမကြီးတို့ အိမ် ခဏသွားနေမလား....

"မမကြီးကတော့ သမီးကို တွေ့ရင် ချစ်မှာ အသေအချာပဲ၊ ငယ်ငယ်ကတည်းက အပိုင် လိုချင် လွန်းလို့ အားဝဆိကာ တောင်းရတာ အခုမှာ"

ခဏနေမှ ဘဘဦးဖေသက် စကားဆက်လာ၏။

"အင်း....ပြောမယ့်သာ ပြောရတာ၊ သမီး နေမယ်



ဆိုရင်တောင်မှ ပတ်ဝန်းကျင်ကို မမကြီးပြုစုဖို့ အိမ်ဖော် ခေါ်ထားတာလို့ သိစေမှဖြစ်မှာ၊ ဒီပုံစံအတိုင်း ဆိုရင် ပတ်ဝန်းကျင်က စပ်စုသားမှာ စိုးရတယ်ကွယ့်...

"ဘဘတို့ အခုလို ဒီစကားပြောရတာ သမီးကို ဒီမှာ လက်ခံမထားချင်လို့ ပြောတာ မဟုတ်ဘူးနော်၊ အခြေအနေအရ ဒီမှာ မလုံခြုံတော့လို့ မထားချင်တာ၊ မပြီးခင် မမြင်စေနဲ့ ဆိုတဲ့ စကားလိုပဲ သမီးအတွက် ဘဘ လုပ်ဆောင်ပေးရမှာ ကိစ္စတွေ မပြီးခင် သမီးကို ပြန်တွေ့သွားမှာ စိုးရိမ်လို့၊ ဘဘတို့ အတွက်ကတော့ အစေသမီးဟာ ဘဘတို့သမီးပဲ၊ ဘဘတို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် အတတ်နိုင်ဆုံး အကောင်းဆုံး ဖြစ်အောင် ဆောင်ရွက်ပေးမှာပဲ၊ သမီး နားလည်တယ် မဟုတ်လား"

သည်တစ်ခါတော့ ဘဘ၏ ဆိုလိုရင်း ရည်ရွယ်ချက်ကို ဇွန်ပွင့် တကယ်ပဲ နားလည်သဘောပေါက်ရပြီ ဖြစ်သဖြင့် မဆိုင်းမတွပဲ ခေါင်းညိတ်ပြမိလေသည်။

"ဘဘတို့ ကြိုက်သလိုပဲ စီစဉ်ပါဘဘ၊ သမီးမကြိုက်တဲ့လူကို မယူရရင် ပြီးရော၊ တခြား အလုပ်ကတော့ ဘာလုပ်ရလုပ်ရ သမီး လုပ်ဝံ့ပါတယ်၊ အိမ်ဖော် အဖြစ် သွားနေရမယ့် အစီအစဉ်ကို သမီးသဘောကျပါတယ်၊ ဘဘတို့ စေတနာကိုလဲ နားလည်ပါတယ်"

ဇွန်ပွင့် ခေါင်းညိတ်သည်နှင့် ဘဘက ချက်ချင်းပဲ မဆိုင်းမတွ စီစဉ်သည်။

"ကဲ...ဒါဆိုရင် သမီးကို ဒီညနေပဲ မမကြီးဆီ အိမ်

www.burmeseclassic.com



ပို့လို့ရအောင် သမီးမေခင်က သမီးညီမလေးကို နည်းနည်းပုံစံပြောင်းသွားအောင် ကူပြင်ပေးလိုက်ပါကွယ်၊ ဖေဖေလဲ ရုံးဘက်ခဏ ပြန်သွားလိုက်ဦးမယ်''

ကိုယ်ဖြစ်ချင်သလို ဖြစ်မလာမှတော့ ကံတရား၏ စီမံရာအတိုင်း နာခံလိုက်တာ အကောင်းဆုံးပါပဲလေ။

ဇွန်ပွင့်အတွက် ဖြစ်သမျှအကြောင်း အကောင်းချည်းပါပဲ၊ ရှောင်လွှဲချင်လို့ကော ရဦးမှာတဲ့လား။

*

## အခန်း (၁၃)

အခန်းထဲရောက်တော့ မမမေခင်က ဇွန်ပွင့် ဆံပင်ကို အနှံ့ဆီရွှဲရွှဲ ယည့်၍ နှစ်ပတ်လျှိုဆံထုံးလေး တင်းနေအောင် ဆွဲထုံးရင်း မျက်နှာကိုပါ သနပ်ခါး ခပ်ထူထူလေး ဖို့ပေးနေသဖြင့်....

''မမရေ ဒီအလှပြင်ဆိုင် မဆိုးဘူးနော်၊ ဇွန်ပွင့်သာ သတို့သမီး ဆိုရင် သတို့သား လန့်ပြေးတော့မှာပဲ''

မှန်ထဲမှ မိမိရုပ်သွင်ကို သေချာ စိုက်ကြည့်ရင်း ဇွန်ပွင့် သဘောကျစွာ တခစ်ခစ် ရယ်မောမိလေတော့သည်။

ဇွန်ပွင့် မျက်နှာပေါ်မှ အလှအပ မှန်သမျှက သနပ်ခါး ထူထူပိန်းအောက်တွင် ပျောက်ချင်းမလှ ပျောက်သွားပြီး ရွှန်းလက်သော မျက်ဝန်းနက် တစ်စုံသာ မဖုံးနိုင် မကွယ်နိုင်ပင်ကိုယ်ပကတိအတိုင်း ကျန်ရစ်ခဲ့၍—



''အေးနော်....ငါသာ အလှဆိုင် ဖွင့်စားရရင်တော့ ငီးဖို့ ခံဖိနှပ်တော့ပုံ နေမှာပဲ၊ ဟိုက ဒီက မေတ္တာပို့ရင်း ငင်းပစ်ကြတာနဲ့ သူဌေး မြန်မြန် ဖြစ်မယ် ထင်တယ်၊ မြို့ မေတ္တာခံယူရပါသော မေခင်ဆိုပြီးတော့လေ၊ အဟဲ''

ဇွန်ပွင့်ကို ကြည့်ပြီး မေခင်ပါ မနေနိုင်။ သူ့ ကိုယ်သူ အမွှမ်းတင်ရင်း၊ တဟားဟား အော်ရယ်လေတော့သည်။

''ခဏနေဦး မမ၊ ပိုပြီး ပြည့်စုံသွားအောင် ဇွန်ပွင့် လုပ်ပြမယ်''

ဇွန်ပွင့်က အခုမှ သတိရလာသဖြင့် နားမှ စိန်ခြယ် နားကပ်ကို ပုလဲနားကပ်လေးနှင့် ပြောင်းလဲ ဝတ်ဆင်လိုက်ပြီး သေတ္တာထဲမှ မေနန်းအင်္ကျီနှစ်ထည်ကိုပါ တစ်ဆက်တည်း ထုတ်ယူကာ စက်ဖြင့် အနေတော်ဖြစ်အောင် သီလိုက်သည်။ ပြီးမှ ခါးမှ လုံချည်ကို ခပ်တိုတို ပြင်ဝတ်လိုက်ပြီး မေနန်းအင်္ကျီကို လက်ရှိ အင်္ကျီနှင့် လဲဝတ်လိုက်၍ ဇွန်ပွင့် ပုံစံလေး ခဏလေး အချိန်ပိုင်းလေး အတွင်းမှာပင် ချက်ချင်း ပြောင်းလဲသွား၏။

နဂိုနေ ဇွန်ပွင့်ပုံစံလေးနှင့် လုံးဝ လုံးဝ မတူတော့ပါ။ ကပိုကရိုနှင့် တောမှ တက်လာခါစ အူမလည် မိန်းကလေးပုံစံမျိုး ဖြစ်သွားရ၍....

''အပျိုစားပဲတော်''

''တကယ့်မိတယ်''

နှစ်ဦးစလုံး အူနှိပ်ရယ်ကြပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရယ်လို့ အားရသွားမှ ဇွန်ပွင့်က မျက်နှာပိုးသတ်ပြီး စကားစလာ၏။

"ဟိုမှာဆက်မှင် ဦးနေမျိုးကျော် ဇွန်ပွင့်ကို မှတ်မှားမှတ်မိနေမလား မသိဘူးနော်၊ ဇွန်ပွင့်ကသာ သူ့ကို သေချာမသိ မမှတ်မိပေမယ့် သူက ဇွန်ပွင့်ကို မှတ်မိနေရင်တော့ ဒုက္ခပဲ"

"ဟာ...မဟုတ်တာ၊ ကြံကြံဖန်ဖန်ဟာ၊ ငယ်ငယ်တုန်းက လုံးလုံးပပ ပုံစံလေးနဲ့ ခုထက်တစ်ဖြုတ် တွေ့ဖူးတဲ့ သူကို ဒီပုံစံကြီးနဲ့ မှတ်မိပါ့မလားဟာ၊ ဇွန်ပွင့်တောင် ပက်ပင်းတိုးလျက်နဲ့မှ မမှတ်မိသေးတာ၊ ကိုကိုဆို ပိုဝေးမှာပေါ့၊ ကိုကိုသိတဲ့ ဇွန်ပွင့်က သူ့ငွေးသမီး၊ ဟက္ကသိုလ်ကျောင်းသူပဲ၊ အိမ်ဖော် တောသူလေးမှ မဟုတ်တာ"

"နောက်ပြီး ဖေဖေက ဇွန်ပွင့် ဒီမှာရှိတာ တခြားဘယ်သူ့ကိုမှ အသိမပေးဘူးဆိုလို့ ဇွန်ပွင့် ဒီမှာရှိတာ ကိုကို မသိပါဘူး၊ မမတို့က စီးသောက်ဆယ် လျှို့ဝှက်ထားတာပါ၊ ဟိုတလောက၊ ဝင်တိုက်မိတုန်းကတောင် ကိုကိုက ဇွန်ပွင့်ကို မမှတ်ပည့်မလေး ထောက်နေမှလို့ စလာကျတာလား မေးနေသေးတယ်"

စိုးရိမ်သလိုဖြစ်သွားသော ဇွန်ပွင့်ဦး မျက်နှာငယ်လေးနှင့်ဖြစ်သွားရရှိ မောင် အကျိုးသင့်အကြောင်းသင့် ရှင်းပြရင်း စိတ်မပူဖို့ နှစ်သိမ့်သည်။

"စိတ်ချမ်းပါ ဇွန်ပွင့်ရဲ့၊ မေမေကြီးရော ကိုကို ဇွန်ပွင့်ကို မမှတ်မိနိုင်ပါဘူး၊ ကိုကိုကဆေးရုံနဲ့ဆေးခန်း



နဲ့တင် သံသရာလည်နေတာပါ၊ ဇွန်ပွင့်အနားမှာ အချိန်ပြည့်ရှိမယ့်လူဆိုလို့ မေမေကြီးတစ်ယောက်ပဲ ဒီအိမ်မှာရှိတာပါ"

ပြောရင်းပြောရင်းနှင့် ဇွန်ပွင့်မျက်နှာလေး ပြုံးယောင်သမ်းလာတော့ မောင် အနားကပ်ထိုင်ရင်း စသလိုလို ဆိုလေသည်။

"ဟိုတုန်းက မေမေကြီး တို့အိမ်ကို ရောက်ဖူးအောင်လို့ တစ်ယောက် အလည်လိုက်ခဲ့ပါခေါ်တော့ သားလူပျိုရှိတဲ့ အိမ်ကို မလိုက်ချင်ဘူးဆို၊ ကြံဖန် မာနကြီးတဲ့ မိန်းမ၊ ဟွန်း...ခုကျမတော့လဲ ကိုကိုတို့အိမ်ရောက်နေတာလဲ မဟုတ်ဘူးနဲ့"

"အာ...ဘာဆိုင်လို့လဲ မမရဲ့ အဲဒါက တခြားပဲ၊ အခုဟာက ဇွန်ပွင့် အဲဒီ မေမေကြီးကိုသနားလို့ သွားပြုစုပေးမှာပဲဟာ၊ အန်တီ မိုနာပြောတော့ အဲဒီ မေမေကြီးမှာ လေဖြတ်တာအပြင် တခြားရောဂါတွေ ရှိသေးတယ်ဆို"

"အင်း...အေး ဟုတ်တယ်၊ ရောဂါတွေစုံတယ်ဟ၊ လေဖြတ်တာရော နှလုံးရောဂါကော၊ သွေးတိုးရောဂါကော စုံလို့ပဲ၊ သူ့ကိုယ်တိုင်က ဆရာဝန် ဖြစ်လို့သာ တော်တော့တယ်၊ နို့မို့ဆိုမလွယ်ဘူး"

"ဒီအမေနဲ့ ဒီသားနှစ်ယောက်တည်းရှိတာမို့ ကိုကိုကလဲ လိမ္မာပါတယ်၊ မေမေကြီးကြိုက်တာ ဆိုတာမှ မလုပ်ဘူး၊ ယုတ်စွဲအဆုံး မိန်းမတောင်မှ သူ့အမေ

www.burmeseclassic.com

www.burmeseclassic.com



ပေးစားတဲ့သူမှ ယူမှာတဲ့လေ၊ ဇွန်ပွင့်လို့ပဲ ချစ်သူဆိုရင် မူးလို့တောင် ရှုရာမရှိတဲ့လူပျိုကြီး၊ အာဟင်း....ဇွန်ပွင့် ရောက်သွားမှ ဈာန်လျှောသွားရင်တော့ မသိဘူးပေါ့”

“အာ....မမနော် ဘာတွေလျှောက်ပြောနေတာလဲ၊ ဒီပုံစံကြီးကိုများ ဘယ်သူက ဈာန်လျှောမှာလဲ မမရဲ့၊ လန့်မပြေးရင်တောင် ကံကောင်း”

ဇွန်ပွင့်လက်ရှိဘဝအပေါ် ချက်ချင်းဆိုသလိုဝမ်းနည်း စိတ် ဝင်သွားရ၍ မခင့်ကို ထုမည်ပြင်ပြီးမှ မထုဖြစ်တော့။

မျက်ဝန်းအိမ်မှသောမျက်ရည်ကြည်များ ရစ်ဝိုင်းလာရသည်။ မိမိဘဝက ဒေဒါလိုလွင့်မျောနေရသောဘဝပေပဲလေ။ ရှေ့ဆက်ပြီး ဘယ်လိုစခန်းသွားရဦးမည် ဆိုတာ မသိနိုင်သေးသည့် အခြေအနေမျိုးပေပဲ။

ဘာမှန်းမသိညာမှန်းမသိနှင့်ရင်ခုန်ချင်စရာအကြောင်း မရှိပါ။

မခင်ကတော့ ဇွန်ပွင့် ဝမ်းနည်းစိတ် ဝင်သွားမှန်း မရိပ်မိလိုက်၍ ဆက်ပြီးစနေ၏။

“တကယ်ပြောတာဇွန်ပွင့်ရဲ့၊ ဇွန်ပွင့်ကို တွေ့လိုက်လို့မှ ဈာန်မလျှောရင် ဒီလူပျိုကြီး ဘုရားသားနဲ့ ထုထားတာ မို့လို့တန်း....

“တို့ကတော့ ကိုကိုကြီးတန်းတန်းစွဲနေမှာမြင်ယောင် မိသေး၊ နော်....ယောက်မ”

“ဟာ....ဘာတွေမှန်းလဲ မသိဘူး”



ဇွန်ပွင့် ရှက်ရှက်နှင့် မခင့် နောက်ကျောကို ထုပစ် လိုက်ရင်း နားနှစ်ဖက်ပိတ်ပစ်လိုက်မိ၏။ မခင်က ရယ် မောရင်းမှ ဇွန်ပွင့်နှင့် မျက်လုံးချင်း မဆုံဆုံနိုင်အောင် လိုက်ကြည့်နေသည်။

“တကယ်ပြောတာ ဇွန်ပွင့်ရဲ့၊ ကိုကိုကကြင်ကကြင်နာ တတ်ပါဘိနဲ့၊ မမမကြီးကလဲ ဇွန်ပွင့်ကို သမီးအရင်းလို ချစ်၊ ကိုကိုကလဲ ဇနီးအရင်းလိုချစ်၊ အဲ... အဲ ဟုတ်ပေါင်၊ ညီမလေး အရင်းလိုချစ်မှာ မြင်ယောင်မိသေးနော်”

“ကြည့်ပါလား ပြောပြန်ပြီ”

အစ ကြမ်းသည်ဆိုက် ကြမ်းလာ၍ ဇွန်ပွင့် မခင့် ပါးစပ်ကို အတင်းပိတ်မိတော့သည်။

ဒါပေမယ့်လည်းမရ။ မခင်က ဝူးဝူးဝါးဝါးဖြစ်နေ သည့်ကြားမှပင် လက်က နည်းနည်းလွတ်သည်နှင့်....

“ချစ်လို့ပါ ယောက်မရယ်”

စ,ဖြစ်အောင်စပြီး ထွက်ပြေးသဖြင့်....

“ဒီလောက်တောင် ချစ်ချင်လှဘာ၊ ချစ်ရမယ်....ချစ် ရမယ် ဇွန်ပွင့်လာပြီ”

မမမခင်နောက်လိုက်ရန် ဇွန်ပွင့်အခန်းတွင်းမှ ပြေး အထွက်....

“အင့်....”

အခန်းထဲဝင်လာသော အန်တီမိုနှာနှင့် ရင်ဆိုင်တိုးမိ ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လျှောတိုက် ပြောင်ပြုသွားသော မမမခင် နောက်မီအောင် မလိုက်ဖြစ်တော့။

အန်တီမိုနာကတော့ ပိုစံပြောင်းသွားသော ဇွန်ပွင့် ရုပ်သွင်ကိုကြည့်ပြီး တအံ့တသြ ဖြစ်နေလေ၏။

"အံ့ရောသမီးရယ်.... ဘယ်လိုလုပ်ထားတာလဲ၊ တော်ရုံတန်ရုံဆိုလဲ ရှသားနဲ့ကွယ်၊ အလကားသက်သက် ရုပ်လှလှလေး ပျက်စီးအောင် ဖျက်ဆီးထားလိုက်တာ"

ရင်ထုမနာ ဆိုနေ၍လည်း ဇွန်ပွင့် ခေါင်းလေးယမ်း ခါလိုက်မိသည်။

"အိမ်ဖော် လုပ်မယ့်လူက မင်းသမီးလို ပြင်ထားလို့ ဘယ်ဖြစ်ပါ့မလဲ အန်တီရဲ့၊ တန်ရာတန်ရာပဲ ယုတ္တိရှိအောင် ပြင်မှ ဖြစ်မှာပေါ့၊ ပြောတော့ အိမ်ဖော်ဆိုပြီး လူက အပျိုချောလေး ဖြစ်နေရင် မေမေကြီး တစ်မျိုးထင်သွားမှာပေါ့"

"ဘာထို့ ထင်ချင်ရမှာလဲ သမီးရယ်၊ မေကြီးက ရုပ်လှရှလေး မြင်ရင် ပိုတောင် ချစ်ဦးမယ်"

"ဟုတ်ကဲ့၊ သမီး မလှချင်တော့ပါဘူး အန်တီရယ်၊ ဒီပုံစံနဲ့ပဲ ပို့ပေးပါတော့နော်"

ဇွန်ပွင့်က ဆုံးဖြတ်ထားသည်ကို မပြင်လိုတော့ဟန် တွေးပျော့ဆဆလေး ပြောနေသဖြင့်...

"ပြောနေရုံနဲ့တော့ ခမမရေ၊ မေမေ့သမီး ဇွန်ပွင့်က သားလူပျိုလေးရှိတဲ့ အိမ်မှာ မိုခိုသူအဖြစ်စတိုင်ကျကျ နေရမှာ ရှက်လို့ အိမ်ဖော်အဖြစ်နဲ့ စတိုင် တင်းတင်းပဲ



နေမယ်တဲ့၊ မာနမင်းသမီးက ကြံဖန် မာနကြီးတာလေ၊ နောက်ပြီးတော့လဲ ကိုကိုနဲ့မရတဲ့ နေမှာလဲ မဟုတ်ဘဲနဲ့..."

"ဟဲ..."

ဘယ်အချိန်က အနားပြန်ရောက်လာမှန်း မသိသော မေခင်က ရုတ်တရက် ဝင်ပြောလာ၍ ဒေါ်မိုနာ တန့်တားလိုက်သော်လည်း နောက်ကျသွားလေပြီ။

မေခင်က သူပြောချင်တာ ပြောပြီး သည်နှင့် ဇွန်ပွင့် လိုက်မထုနိုင်အောင် လှစ်ခနဲ ပြေးထွက်သွားသည်မို့ အရာမရောက်တော့။

ဇွန်ပွင့် မျက်နှာလေးသာ ရဲတွတ်ကျန်ရစ်ခဲ့လေ၏။

အန်တီမိုနာကတော့ လူကြီးပီပီ ဇွန်ပွင့်ရှက်သွားတာကို မသိဟန်ဆောင်ပြီး သူပြောချင်တာကိုသာ အဓိကထား ပြောလာ၏။

"ကိုယ့်ရုပ်ကိုယ်လဲ မှန်ထဲပြန်ကြည့်ပါဦး သမီးရယ်၊ ဖျက်ဆီးထားလိုက်တာများ တကယ်ပဲ၊ နည်းနည်းကြည့်ပျော် ရှုပျော်လေး ဖြစ်အောင်တော့ လုပ်ပါဦး"

ဇွန်ပွင့် ကိုယ်လေးကိုပါ ကိုယ်လုံးပေါ် မှန်ရှေ့သို့ တွန်းပို့ပေးလိုက်သဖြင့် ကြေးမုံပြင်မှ မိမိ၏အရိပ်ကို ဇွန်ပွင့် သေချာစွာ ပြန်ကြည့်လိုက်မိ၏။

မျက်နှာလေးကလည်း ချိုက်ချင်းပဲပုံ့ ယောင်ယောင် ဖြစ်ဖြစ်လာလေသည်။ ဟုတ်ပါရဲ့ အန်တီ ပြောမယ်ဆိုလည်း ပြောချင်စရာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



စောစောက မမမေခင် အစွမ်းကုန်ခြယ်သပေးထားသော မျက်နှာတွင် သနပ်ခါး ဘဲကျားက မျက်ခုံးများအထိ ဖုံးနေ၍ အုန်း ဆီရွှဲနေအောင် ထည့်ပြီး ခပ်တင်းတင်း ဆွဲထုံးထားမှုကြောင့် နဖူးဆံစပ်အထိ ယိုစီးနေသော ဆီစက လေးများကလည်း ကွက်တိကွက်ကျား ရှိနေ၍ မျက်နှာက စောစောကထက် ရယ်ချင်စရာ ပိုကောင်းနေလေသည်။

သာမန် တောသူရုပ်၊ အိမ်ဖော်ရုပ်ထက် ရယ်ချင်စရာ သတ္တဝါရုပ် ပိုပေါက်နေသည် မဟုတ်ပါလား။

''ကဲပါ့ သမီးရယ်၊ သနပ်ခါးလေးဘာလေး နည်းနည်းပါးပါး ထပ်ညှိပါဦးအေ၊ အင်္ကျီကတော တခြားအင်္ကျီ ဝတ်စရာမရှိတော့ဘူးလား၊ အတွားကြီး၊ အင်္ကျီ ဖိုးရိုးဖားရားနဲ့၊ ငါတော့ အံ့ရော၊ သူပဲ ရှာ ရှာ ဖွေ ဖွေ ဘယ်က ရလာတယ် မသိပါဘူး....

''မေခင် တစ်ယောက်ကလဲ ဘာမှ အသုံးမကျဘူး၊ သူ့ လက်ပုံအပ်ပြီးပြင်ခိုင်းလိုက်ခါမှပိုဆိုးရော၊ တကတည်း လူရုပ်တောင် ပျောက်သွားတယ်''

ပြောချင်းမှ သမီးဖြစ်သူ မေခင့်ကိုပါ အလိုမကျစွာ ရောဆူနေ၍ ဇက်ပုသွားသော မေခင့်ကို ကြည့်ကာ ဇွန်ပွင့် မျက်နှာလေး ပြုံးသွားရလေသည်။

''အင်္ကျီက ဘယ်ကမှ အထူး မရှာရပါဘူး အန်တီရဲ့၊ အလွမ်းပြေကြည့်ဖို့ ယူလာတဲ့ ကျောက်မဲအိမ်က မေ နန်း



အင်္ကျီကို သိဝတ်ထားတာပါ၊ ဇွန်ပွင့်မှာ ရှေ့ဆက် နောက်ဆက် အင်္ကျီ မရှိလို့''

ဇွန်ပွင့် ဘယ်လိုဆင်ခြေပေးပေး မရ။

အန်တီမိုနာက ဇွတ်လဲခိုင်းနေ၍ နောက်ဆုံး တော့ ဇွန်ပွင့်ကပဲ အရှုံးပေးပြီး မိမိအင်္ကျီ အဟောင်းများထဲမှ မာဆရိုက် အကွက်ကို ရင်စေ့ ချုပ်ထားသော တစ်ထည် ပြောင်းဝတ်လိုက်ရလေသည်။

နဖူးမှ ဆီစများကိုပြောင်စင်အောင်သုတ်၍ သနပ်ခါး အနည်းငယ် ထပ်ညှိလိုက်ပြီး ဆံပင်ကိုလည်း ခပ်ဖွဖွ ပြင်ထုံးလိုက်လေမှ အန်တီမိုနာ ကျေနပ်သွားပုံရသည်။

အခုအချိန်မှာ အန်တီမိုနာ မကျေနပ်လို့လည်း မဖြစ်၊ ဇွန်ပွင့်နှင့် အန်တီမိုနာကြားမှာ နှစ်ဦးသဘောတူ အပေး အယူကိစ္စလေးတစ်ခုက ရှိနေသေးသည်ပဲလေ။

''နောက်ကို ဒီလိုပုံစံမျိုးပဲ လိုချင်တယ်နော်၊ စော စောကလို ပုံစံမျိုးဆိုရင်တော့ အန်တီ့ဘက်က ကတိ တည်ချင်မှ တည်နိုင်မှာ ကြားရဲ့လားသမီး''

သတိပေးသလိုဆိုနေ၍လည်း ပျာပျာသလဲ ခေါင်း ညိတ်ပြန်သည်။

''အင်းပါ အန်တီရဲ့၊ ဇွန်ပွင့်အန်တီ့စကား နားထောင် မှာပါ၊ အန်တီလဲ ဇွန်ပွင့်ကို ပေးထားတဲ့ ကတိမဖျက်ရ ဘူးနော်''

''ကတိဖျက်ရင်တော့ ဘာပဲဖြစ်ဖြစ် ဇွန်ပွင့် ဒီအိမ် [illegible]ပြေးလာမှာပဲ၊ ထွန်းကျော်ပဲမိမိ၊ မဥမ္မာပဲမှိမိ''

www.burmeseclassic.com



“အေးပါအေ၊ နားညည်းလာပြီ၊ တာ့တာပဲ”

ဒေါ်မိုနာ၏ လက်မောင်းတစ်ဖက်ကို ဖက်တွယ်ရင်း ဇွန်ပွင့် ကလေးတစ်ယောက်လို တမင်ချွဲနွဲ့နေ၍ အန်တီမိုနာက ဇွန်ပွင့်ကို ချစ်စနိုး စိုက်ကြည့်ရင်း ရယ်လေသည်။

ကတိဖျက်မှာ ကျတော့လည်း ဇွန်ပွင့် ပျာခနေအောင် ကြောက်တတ်သည်ပဲ။

ပေးထားရသော ကတိကိုလည်း ကြည့်ပါဦးလေ။

ဇွန်ပွင့်ဦးတို့ ပါးလုစ်နေလိုက်ပုံများ၊ သူ့ကို ဇွန်ပွင့်ဦးဆိုသည့် ဘဝမှန်အတိုင်း မသိစေဘဲ တောကခေါ်ထားသော အိမ်ဖော်မလေး မဇွန်အဖြစ်သာ မမကြီးထံ ပြောဆို အပ်နှံပေးရပါမည်တဲ့။

ဘဝမှန်နှင့် သွားနေလျှင် သူ့အပေါ် ဆက်ဆံမည့် မမကြီးတို့ သားအမိ၏ သဘောထားနှင့် အိမ်ဖော်အဖြစ် သွားနေလျှင် ဆက်ဆံမည့် သဘောထား ခွဲခြားသိချင်၍လား မပြောတတ်ပါ။

ပညာသားကတော့ တော်တော်တော့ပါ၏။ ရက်ရက်စက်စက်လှသော မျက်နှာလေးကိုလည်း အလှမပျက် ပျက်အောင် ဖျက်ထားသည်။

မိမိက ပြုပြင်ပြင် လုပ်ပါဦးဆိုတာတောင် မလှချင်တော့ပါတဲ့။

လူပျိုလူရွယ်တစ်ဦး ရှိနေသည့် အိမ်မှာ သွားနေရမည့် သူဆိုသည့် အသိနှင့် သူ့ဘဝသူ လုံခြုံအောင် အလှဖျက်



ထားခြင်းလည်း ဖြစ်နိုင်သည်မို့ ဇွန်ပွင့် ညာဏ်သွားပုံကို တွေးရင်း ဒေါ်မိုနာ သိပ်သိပ်သည်းသည်းပင် ပြုံးလိုက်မိသည်။

ဘာပဲဖြစ်ဖြစ်၊ မိန်းကလေးတစ်ဦး အတွက်ကတော့ ကိုယ့်ဘဝကိုယ် လုံခြုံအောင် ထိန်းသိမ်း စောင့်ရှောက်နိုင်ခြင်းက ဂုဏ်တစ်ပါးပါပဲလေ။

မိခင်ဖြစ်သူကို စေတနာနှင့် ပြုစုပေးခြင်း ဖြစ်ပေမယ့် သားဖြစ်သူတစ်မျိုးတစ်မည် အဓိပ္ပါယ်ကောက် လွဲမှာကိုတော့ ဇွန်ပွင့်ဦး ကြံဖန် စိုးရိမ်ရှာလိမ့်မည်ပေါ့။

ဘေးရန်ကင်းအောင် သူ့ဘဝလေးကို အိမ်ဖော် မျက်နှာဖုံး တပ်ရတာ အပြစ်မဆိုသာတော့ပါ။

ဒေါ်မိုနာကတော့ အတူနေရသည့် ရက်ပိုင်းအတွင်းမှာ အစစအရာရာ အလိုက်တသိနှင့် လိမ္မာရေးခြားရှိသူမို့ ဇွန်ပွင့်ဦးအပေါ် သမီးအရင်းနှင့်မခြား တွယ်တာချစ်ခင်မိပါသည်။

ပစ္စည်းဥစ္စာ ပြည့်စုံသော်လည်း မိဘနှစ်ပါး၏ မေတ္တာအကြင်နာကို ပြည့်ပြည့်ဝဝ ခံစားခွင့်မရရှာသူလေးမို့ သနားကြင်နာစိတ်ပါ ပိုမိသည်။ ဖြစ်နိုင်လျှင် ဇွန်ပွင့်ကို မမကြီး၏အိမ်သို့ပင် ပို့မပေးချင်ပါ။ မိမိ၏ သမီးအရင်းအဖြစ် အပြီးအပိုင် မွေးစားထားလိုက်ချင်၏။

ဒါပေမယ့်လည်းလေ အဲ့ဒီဆန္ဒက မဖြစ်။ လုံးဝ မဖြစ်နိုင်ပါ။

ချစ်လှစွာသော သူငယ်ချင်းအား ကတိကို ပေးထားသည့်

www.burmeseclassic.com

www.burmeseclassic.com



ထတီအတိုင်း မိမိတို့မှာ ဇွန်ပွင့်ဦးအတွက် လုပ်ဆောင်ပေးစရာကိစ္စတွေ တစ်ပုံတစ်ပင်ကြီး ရှိနေပါသေးသည်။

အခုစာ မျက်ကွယ်ပြုခဲ့သော သမီးငယ် ဇွန်ပွင့်ဦး၏ ဘဝခလေး ဘေးကင်းရန်ကင်းပြီး အခြေအကျ တည်တည်ငြိမ်ငြိမ်ရှိလေမှ မိမိတို့ တာဝန်ကျေပွန်တော့မည် မဟုတ်ပါလား။

*　*　*

## အခန်း ( ၁၄ )

ဇွန်ပွင့်ဦး စီးလာသော ဖယ်မလီယာကားပြာလေးက ဆိတ်ငြိမ်ရုပ်ကွက်ရှိ အဆင်သင့် တံခါးဖွင့်ထားသော ခြံဝင်းကျယ်ကြီး တစ်ခုအတွင်းသို့ ကွန်ကရစ်လမ်းလေးအတိုင်း မောင်းဝင်လာသည်။

ကွန်ကရစ်လမ်းလေး၏အဆုံး ခြံ၏နောက်ဘက်ကျကျတွင် ခေတ်မီလှပသော မီးခိုးရောင် နှစ်ထပ်တိုက်ကြီးတစ်လုံးကို တွေ့နေရသည်။

ခြံဝင်းကြီး တစ်ခုလုံး စားပင် သီးပင်များသာမက နှင်းဆီသစ်ခွနှင့် အခြားပန်းမန်များကိုပါ သူ့နေရာနှင့်သူ စနစ်တကျ စိုက်ပျိုးထားသဖြင့် ခြံဝင်းတစ်ခုလုံး ပန်းဥယျာဉ်ကြီးအလား သာယာလှပနေလေသည်။



ကားလေးက အိမ်ကြီး၏ဆင်ဝင်အောက်တွင် အလိုက်သင့် ထိုးရပ်လိုက်သဖြင့်....

"အိမ်ကြီးကလဲ ကောင်းလိုက်တာ"

အခုမှ အနီးကပ် တွေ့ရသော တိုက်လှလှကြီးကို ဇွန်ပွင့်ရင်သပ် ရှုမော ဖြစ်နေဆဲ....

"သီတဂူ...."

"ဟင်....သီတဂူ ဆိုပါလား"

အိမ်ကြီး၏ ဆင်ဝင်နဖူးစီးတွင် ပန်းစာလုံးဖြင့် လှပစွာ ဖော်ထားသော "သီတဂူ" ဆိုသည့် စာတန်းလေးကို ခံ့ခံ့ညားညား တွေ့လိုက်ရသည့်အတွက် ဇွန်ပွင့်ကိုယ်လေး အံ့ဩတကြီး မတ်သွားရသလို မျက်လုံးလေးများလည်း ဝိုင်းဝိုင်းလည်သွားရ၏။

"တိုက်ဆိုင်လိုက်တာ၊ ဒီအိမ်ကြီးရဲ့နာမည်ကလဲ သီတဂူတဲ့၊ သီတဂူတဲ့လားကွယ်"

တိုက်တိုက်ဆိုင်ဆိုင်ပင် အိမ်ကြီး၏ နာမည်က ဇွန်ပွင့်တို့ သီတဂူနှင့် ထပ်တူ ထပ်မျှ တူညီနေ၍ ဇွန်ပွင့်၏ မျက်စိထဲတွင် ကြိုးစား မေ့ပျောက်ထားရသော ကျောက်မဲမှ သီတဂူကို ချက်ချင်းလိုလို ပြန်လည် မြင်ယောင်လာရလေသည်။

ရင်ထဲမှာလည်း အတိုင်းအဆမရှိ ဆွေးမြည့်သွားရ၏။

ခဏနေမှ ယခင် အခြေအနေနှင့် လက်ရှိအခြေအနေ မတူညီပုံကို သတိပြုမိသွားရ၍....

"အို....ဒါ ကျောက်မဲမှ မဟုတ်တာပဲလေ၊ ရန်ကုန်မှာ...."

www.burmeseclassic.com

www.burmeseclassic.com



အတွေးများကို အားတင်း နှင်ထုတ်နေဆဲ....

"ဟော...သမီး ဆင်းလေ၊ မမကြီးတို့အိမ် ရောက်ပြီ"

အန်တီမိုနာက ဇွန်ပွင့် လက်ဖျားလေးကို ဆွဲကိုင်ရင်း သတိပေးသလို ခေါ်လိုက်၍ ခေါင်းညိတ်ရင်း အန်တီ နောက်မှ လိုက်ဝင်ခဲ့ရသော်လည်း ဇွန်ပွင့် မျက်ဝန်းများ ကတော့ "သီတဂူ" ဆိုသည့် စာတန်းလေးပေါ်တွင်သာ တစ်ရစ်ဝဲဝဲ ရှိနေမိဆဲပါသည်။

အိမ်ကြီးက အပြင်ဘက်မှကြည့်လျှင် လှပခံ့ညားနေ သလောက် အတွင်းဘက်ကျတော့လည်း အခန်းတွေ ဖွဲ့စည်းပုံက အစ၊ စနစ်တကျနှင့် သားနားခံ့ထည် နေလေ၏။

တကယ် ယှဉ်ကြည့်လေမှ သည့်သီတဂူက ပိုမို ခံ့ညား တာကိုလည်း သတိပြုမိသည်။

ဘယ်လိုယှဉ်ကြည့်ကြည့် ကျောက်မဲနှ သီတဂူက၊ သားနား ခံ့ထည်မှုအရာ၌ သည့်သီတဂူကို မယှဉ်သာတာ အမှန်ပါ။

ပြောင်လက်နေသောကျွန်းလှေကားကြီးတစ်လျှောက် အန်တီမိုနာက ဦးဆောင်ပြီး တက်သွားသဖြင့် ဇွန်ပွင့်ပါ လိုက်ပါလာခဲ့ရသည်။

အခုအချိန်ထိ အိမ်သူအိမ်သားရယ်လို့တော့ တစ်ဦး တစ်ယောက်မှ မတွေ့ရသေး။

လှေကားထိပ်ရှိ အခန်းကျယ်ကြီးတစ်ခုရှေ့ ရောက် လေမှ အန်တီမိုနာက ခြေလှမ်းများကိုရပ်တန့်ကာ အသံပြု



လိုက်ရင်း တံခါးကိုခပ်ဖြည်းဖြည်းတွန်းဖွင့်လိုက်၍ဇွန်ပွင့် အခန်းထဲသို့ လှမ်းကြည့်လိုက်မိသည်။

"အား... ပါးပါး သားနားလွန်းလှချည်လား"

ငွေကြေးချမ်းသာသူ မိဘနှစ်ပါးမှ မွေးဖွားလာ သော တစ်ဦးတည်းသောသမီးမို့ အစဉ်အမြဲကောင်းမွ ညွန့်ဆိုသော အဖိုးတန်ပစ္စည်းများကိုသာ သုံးစွဲနေကျ ဖြစ်သော ဇွန်ပွင့်ဦး။

သည့်တစ်ခါတော့ အခန်းအတွင်းမှ အသုံးအဆောင် အပြင်အဆင်များကိုမြင်လိုက်ရချိန်နှင့်ပင် အိမ်ရှင်များ၏ အဆင့်အတန်းကို အကဲဖြတ်ပြီး ဖြစ်သွား၍ တအံ့ဩဖြစ် သွားရသည်။

အခန်းတွင်းရှိ အပြင်အဆင်များက လုံးဝဆိုရက်စရာ မရှိ။ အခန်းတစ်ခုလုံးကို အဖိုးတန် ပစ္စည်းများနှင့်သာ တန်ဆာဆင်ထား၍ အခန်းက လူနေအိပ်ခန်းနှင့်မတူဘဲ အလှပြ ပြခန်းနှင့်တူနေသည်။

ခန်းလုံးပြည့်ခင်းထားသော နီညိုရောင် မွေးပွကော် ဇောကြီးများကလည်း နူးညံ့လွန်းသဖြင့် ခြေများနှင့်ပင် နင်းရက်စရာမရှိ။

ပေါ်မီတာ ခုတင်နံဘေးမှ ဒေါင်းဘက်ပေါ် မှာတော့ အသက်ငါးဆယ်ကျော်ခန့်သာ ရှိဦးမည်ထင်ရသော ခန့်ခန့် ချောချော အမျိုးသမီးကြီးတစ်ယောက် သက်တောင့် သက်သာ လဲလျောင်းနေသည်။

ပေါ်စဉ်ကတော့ တော်တော်ချောမည့် ပုံစံပါ။

www.burmeseclassic.com

www.burmeseclassic.com



"လာလေ...မိုနာ"

"ဩော်....သမီးလေးပါတစ်ခါတည်းပါလာတာကိုး"

ဇွန်ပွင့်နှင့် ဒေါ်မိုနာကိုမြင်တော့ အမျိုးသမီးကြီးက ခန္ဓာကိုယ်ကိုဖြည်းညင်းစွာအနေအထားပြင်ရင်းမှလိုက်လှဲ ပြုံးရွှင်စွာ စကားဆို ဆီးကြိုလေသည်။

"မောင်သက်က ဖုန်းတော့ဆက်သား၊ မိုနာလာလိမ့် မယ် မကြီးကိုပြုစုဖို့ ရှာခိုင်းထားတဲ့လူလဲရပြီတဲ့၊မမကြီး က ဒီလောက် မြန်လိမ့်မယ် မထင်ဘူး"

"ဟုတ်တယ် မမကြီးရဲ့၊ အခုဟာက တော်တော်ကြီး အခန့်သင့်သွားတာ"

"ဩော်....သမီး၊ ဒါ အန်တီပြောတဲ့ မမကြီးလေ၊ သမီးပြုစုပေးရမယ့် မေမေကြီးပေါ့၊ နာမည်က ဒေါ်ခင် ကြီး... တဲ့"

"မမကြီး ဒါက မမကြီးကိုပြုစုပေးမယ့် ကလေး၊ နာမည်က မဇွန်....တဲ့၊နောက်ကြောင်းရှင်းလင်းပါတယ်၊ သူ့အကြောင်း ကိုသက်ပြောပြီးရောပေါ့"

အန်တီမိုနာက မိတ်ဆက်ပေးနေ၍ ဇွန်ပွင့် ဒေါ်ခင် ကြီးကို မဝံ့မရဲလှမ်းကြည့်ရင်း ယို့ယို့လေးရပ်နေမိသည်။

ဒေါ်ခင်ကြီးက ဇွန်ပွင့်အနေကျပ်သလို ဖြစ်နေတာကို ရိပ်မိ...ပုံ...မသိ။

...ကို ...ရှုကြည်လင်သော မျက်နှာ...ဖြင့်အကဲ ခတ်...လှမ်းကြည့်လိုက်ပြီး နှစ်နှစ်ခြိုက်ခြိုက် ပြုံး...သည်။



"မေမေကြီးက ဒုက္ခိတတစ်ပိုင်း ဖြစ်နေသူ ဆိုတော့ သမီး ပြုစုရတာ နည်းနည်းတော့ ပိုပင်ပန်းမယ်ကွယ့်၊ ဖြစ်ပါ့မလား"

ကြင်နာမေးသလိုမေးနေ၍လည်း ဇွန်ပွင့်ကမန်းကတန်း ခေါင်းညိတ်ပြလိုက်မိသည်။

"ဖြစ်...ဖြစ်ပါတယ် မေမေကြီး၊ မဇွန်ကြိုးစားပါ့ မယ်၊ မဇွန်အမေတုန်းကလဲ ဒီလိုပဲပြုစုခဲ့ရတာပါ၊ ထူးပြီး မပင်ပန်းပါဘူး"

ဇွန်ပွင့်က နှုတ်က လွှတ်ခနဲ ထွက်မည့်ဆဲဆဲကို ကမျာ ကယာ အရိတ်အုပ်ရင်း စကားမမှားအောင် သတိကြီး စွာထား ဖြေလိုက်ရသည်။

"မဇွန်....မဇွန်" ဟုလည်း ကိုယ့်နာမည်ကိုယ်မမှား လေရအောင် သတိပေးနေရသည်။

အခုလို အချိန်မျိုးမှာ စကားမှားသွားလို့ မဖြစ်ပါ။ ရေရှည်ဆက်ဆံရေးအတွက် ခက်သွားမှာစိုးရိမ်၍ ဇွန်ပွင့် ယို့ယို့လေး ရပ်မြဲ ဆက်ရပ်နေ၍....

"အေးကွယ်၊ မေမေကြီးတော့ သမီးလေး စကား ကြားရတာ ကအားရ...ဝမ်းသာမိပါရဲ့၊ နောက်တော့သာ မပျော်ဘူး မလုပ်ပါနဲ့ကွယ်၊ ရောဂါသည်လဲဆိုး လူ...လဲ မသနိုင်နဲ့၊ မေမေကြီးဖြင့် စိတ်ညစ်လာပါပြီ"

ဒေါ်ခင်ကြီးက အားလျော့စကားဆိုရင်းမှ တစ်ဆက် တည်း ဒေါ်မိုနာဘက်သို့ လှည့်ပြောလာသည်။

"သမီးကို အောက်ထပ်မှာ သင့်သလိုကြည့်ပြီး နေရာ

www.burmeseclassic.com



ချထားပေးလိုက်ပါမိုနာ၊ ရောက်ခါစဆိုတော့ သမီးလဲ နေရထိုင်ရတာ နည်းနည်းတော့ ကသိကအောက်နိုင်မှာ ပဲ၊ နောက်တော့ နေသားကျသွားမှာပေါ့''

''ကဲ မေမေကြီးလဲ ခဏ မှေးလိုက်ဦးမယ်၊ မိုနာနဲ့ လိုက်သွားနော် သမီး၊ လိုတော့မှ ခေါ်လိုက်မယ်၊ ဟုတ်လား''

''ဟုတ်ကဲ့....မေမေကြီး''

''လာ....သမီး၊ အန်တီလိုက်ပို့ပေးမယ်''

ဇွန်ပွင့်ထိုင်ရာမှ ထပြီး အန်တီမိုနာ ဦးဆောင်ခေါ်ရာ အောက်ထပ်ဆီသို့ ဆင်းလိုက်ခဲ့ရပြန်သည်။

မေမေကြီးသား ဦးနေမျိုးဆိုသူကို မတွေ့ရသေးတာ က လွဲလျှင် အခုအချိန်အထိ အစစအရာရာက ဇွန်ပွင့် အတွက် အဆင်ပြေနေဆဲ၊ အတိုင်းထက် အလွန်ချောမော နေဆဲပါတည်း။

ဇွန်ပွင့်ဦး နေရမည့်အခန်းက ရေချိုးခန်း၊ မီးဖိုခန်း များနှင့် တစ်ဆက်တည်းတွဲလျက်ရှိနေသည့်အခန်းဖြစ်၏။

အခန်းအနေအထားကလည်း မကျဉ်းလွန်း၊ မကျယ် လွန်း အနေတော်သောကြောင့် ဇွန်ပွင့် လွတ်လွတ်လပ်လပ် နေနိုင်မှာကို တွေးပြီး ချက်ချင်းပဲ သဘောကျသွားရ သည်။

အခန်းနံရံကို သင်္ဘောဆေး အပြာနုရောင် လဲ့လဲ့ လေးသုတ်ထားပြီး ယိုးဒယားမ လှလှလေး၏ကိုယ်ဟန် ပြပုံ လှလှလေးများကို မျက်စိပသာဒဖြစ်အောင် နေရာ



အနှံ့စနစ်တကျ ကပ်ထားပြန်သဖြင့် အခန်းလေးမှာ ချစ်စဖွယ် နေချင်စဖွယ်အတိ။

အိမ်ဖော်တစ်ယောက်အတွက် ပေးထားသော အခန်း နှင့်ပင်မတူ၊ အဆင့်အတန်းက မြင့်မားလွန်းနေ၏။

ဇွန်ပွင့်အတွက် ကြိုတင်ပြင်ဆင်ပေးထားဟန် ရှိသော ခုတင်၊ မွေ့ရာ၊ ခြင်ထောင်၊ ခေါင်းအုံးနှင့် ခြုံစောင် များကအစအားလုံး ဇွန်ပွင့်အကြိုက်နိုင်ငံခြားဖြစ် အပြာနု ရောင် လှလှပပလေးများ ဖြစ်နေကြသည်မို့ ဇွန်ပွင့် စူး စမ်းသလို မျက်ဝန်းများဖြင့် အန်တီမိုနာ့ကို လှမ်းကြည့် လိုက်မိတော့လည်း....

''ဘာလဲသမီး၊ အန်တီ့ကို အပြစ် တင်မလို့လား၊ သမီးဆန္ဒအတိုင်း သမီးဖြစ်စေချင်သလို ပြောပြထားပြီး သားပါသမီးရဲ့၊ ဒါတွေက သီတဂူအတွက် သာမန်အသုံး အဆောင်တွေပါ၊ သမီးအတွက် တခင်ထူးထူးခြားခြား ပြင်ထားရတာ မဟုတ်ပါဘူး၊ မောင်မျိုးကအပြာရောင် ကြိုက်တတ်တော့ ဒီအိမ်မှာ အသုံးအဆောင်မှန်သမျှအပြာ ရောင်ချည်းပဲ များတယ်လေ၊ သမီးသိသယ မဖြစ်ပါနဲ့''

''ကဲ....လာ အခန်းတွေ အနှံ့လျှောက်ပြသွားအောင် အန်တီလိုက်ပြဦးမယ်''

အန်တီမိုနာကပြောပြောဆိုဆို ရှေ့မှ ဦးဆောင်ထွက် သွားပြီး တစ်ခန်းဝင် တစ်ခန်းထွက် လိုက်ပြနေပြန်၍ ဇွန်ပွင့် မှတ်မိအောင်လိုက်ကြည့်ရင်း စိတ်ထဲကမလွဲအောင် မှတ်သားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



အန်တီမိုနာ ပြောသလို နေရာတိုင်းမှာ အပြာရောင် လွှမ်းနေသော အသုံးအဆောင်များသာ တွေ့ရ၍လည်း မိုးနေမျိုးဆိုသည့်လူ အပြာရောင် သာကယ် ကြိုက်တာပဲဟု စိတ်ထဲက တီးတိုးမှတ်ချက်ချမိသည်။

"မမကြီးကတော့ သမီးတွေနဲ့ဂဲ့အခန်းမှာပဲနေတယ် လေ၊ မောင်နေမျိုးတဲ့တော့ မမကြီးနဲ့ကပ်လျက် အခန်း မှာနေတယ်၊ မောင်မျိုးနဲ့တောင် သမီးကို တွေ့မပေးရ သေးဘူးနော်၊ မောင်မျိုး ဆေးရုံက ပြန်မလာသေးဘူး ထင်တယ်၊ တွေ့ရင် သမီးနဲ့အဆင်ပြေမှာပါ၊ မောင်မျိုးက သဘောကောင်းပါတယ်၊ ခြံထဲမှာ ရှင်းလင်းဖို့နဲ့ မီးဖို ချောင်အတွက် အလုပ်ကိုတော့ လူသတ်သတ် ငှားထား တယ်သမီးရဲ့"

"လာ....လာ၊ ဒေါ်စိန်နဲ့ပါ တစ်ခါတည်းတွေ့လိုက် ရအောင်"

အန်တီမိုနာက မီးဖိုထဲဝင်သွားသဖြင့် ဇွန်ပွင့်နောက်မှ လိုက်ဝင်ရပြန်သည်။

မီးဖိုထဲတွင် အလုပ်ရှုပ်နေပုံရသော ဒေါ်စိန်ဆိုသူ အဘွားကို အဆင်သင့်တွေ့လိုက်ရသဖြင့် ပိုအဆင်ပြေသွား သည်။

မီးဖိုချောင်နှင့် အိမ်မှုကိစ္စအဝဝကိုပါ တာဝန်ယူထား ရသောဒေါ်စိန့်ပုံစံက ဝဖိုင့်ဖိုင့် အသားညိုညို၊ မျက်နှာ ချိုချိုနှင့် ခင်မင်ဖွယ်ကောင်းလှသည်မို့....

"ဒေါ်လေး အခန်းကလေး ဘယ်နားမှာလဲ ဟင်"



ဘဝတူချင်း အဖော်ရပြီဆိုခဲ့သော ဝမ်းသာအားရစိတ် ဖြင့် အားတက်သရောလေး မေးလိုက်မိသော ဇွန်ပွင့်။

"ဟိုမှာလေ ဒေါ်လေးကအလုပ်သမားတန်းလျားမှာ နေတာကွယ့်၊ ဒေါ်လေး ယောကျ်ားက သိတဂူရဲ့အောက် ခြေသိမ်း လုပ်ပိုင်းမှန်သမျှ တာဝန်ယူရတာလေ"

ဒေါ်စိန်က ဇွန်ပွင့်ထင်ထားသလို အိမ်အကျင်းပိုင်း ဆီသို့ လက်ညှိုးညွှန်ပြသွား အိမ်အပြင်ဘက် ခြံထောင့်ဆီသို့ လက်ညှိုးညွှန် ပြလိုက်သဖြင့်....

"ဩော်...."

ဇွန်ပွင့် ပါးစပ်အဟောင်းသားနဲ ဖြစ်သွားရသည်။

ဟုတ်ပါရဲ့ ခြံထောင့်မှာ သစ်သားအိမ်လေး တစ်လုံးရှိနေသည်ပဲ။ ဒေါ်စိန်ပြမှပဲ သတိပြုမိတော့သည်။ စောစောက လုံးဝ သတိမထားမိ။

လက်စသတ်တော့ ဒေါ်စိန်က မနေနိုင်လို့ အပျိုကြီးမှ မဟုတ်လေဘဲ၊ အိမ်ထောင်သည် တစ်ယောက် ဖြစ်နေ သည်မို့ အတူနေဖို့ ဒေါ်စိန်ကို ဇွန်ပွင့် အားကိုးလို့ မရ တော့။

"အို....ငါ တစ်ယောက်တည်းကော ဘာဖြစ်သေးလဲ၊ ကျောင်းမှာ တုန်းကလဲ တစ်ယောက်တည်းပဲ နေခဲ့တာပဲ ဟာ၊ ဘာမှ ကြောက်စရာမရှိပါဘူးလေ"

နောက်တော့လည်း အကြောင်း မသွားတော့ပြီမို့ အားငယ်သလိုဖြစ်သွားရသောစိတ်ကို ကိုယ့်ဘာသာကိုယ် ပြန်အားပေးပြီး သံပတ်တင်းလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာရယ်မဟုတ်။ နေရာသစ်မှာ ဘဝသစ်နဲ့ စတင်လှုပ်ရှားကျင်လည်ရတော့မည်ဆိုသည့် အသိကြောင့်လားမသိ။ အားငယ်စိတ်များက ဇွန်ပွင့်ရင်မှာ မကြာခဏ ကြီးစိုးလာလေသည်။

သြော်… ဖြစ်ရတဲ့ဘဝများရယ်။

ဇွန်ပွင့် တွေတွေလေး ငေးငိုင်နေမိသည်မို့ အန်တီမိုးနာက အရိပ်အကဲနားလည်သူပီပီ အလိုက်သင့် စကားဆိုလာသည်။

"သမီးလေး လောလောဆယ် ဘာအလုပ်မှမရှိသေးဘူးမဟုတ်လား။ နားနားနေနေ နေဦးလေ၊ နောက်တော့ ဒီပတ်ဝန်းကျင်မှာ အခြေတကျ နေသားတကျဖြစ်ပြီး ပျော်သွားမှာပါ။ အန်တီလဲ မကြာခဏလာမှာပဲ ဥစ္စာ၊ အားမငယ်နဲ့ဟုတ်လား"

အားပေးစကားအထပ်ထပ်ဆိုသည်မို့ ဇွန်ပွင့် ခေါင်းအတွင်ညိတ်နေရသော်လည်း မျက်ဝန်းမှာတော့အားငယ်စိတ်ကြောင့် မျက်ရည်ဘို့က ဝဲချင်ချင်။

မျက်ရည်မကျအောင် စိတ်အားတင်း၍ မျက်တောင်ရှည်ကြီးများက တဖျတ်ဖျတ်ခတ်ရင်း မျက်ရည်စများကို ဖယ်ထုတ်နေရသည်။

ခဏနှင့် ပြန်ဖို့ပြင်နေသော ဒေါ်မိုးနာချာမှာလည်း ဇွန်ပွင့်၏ မျက်ရည်စများကြောင့် ချက်ချင်း မပြန်ဖြစ်၊ အားပေးနှစ်သိမ့်ရင်း ညနေစောင်းမှ ပြန်ဖြစ်သည်။

"ကဲ… သမီး၊ အန်တီ ပြန်လိုက်ဦးမယ်နော်၊ အိမ်ကို သမီးဘာမှာချင်သေးလဲ၊ အခက်အခဲ တစ်စုံတစ်ရာရှိရင်လဲ အိမ်ကို ဖုန်းဆက်လိုက်နော်၊ ဟိုကိစ္စအဆင်ပြေသွားလို့ အခြေအနေ ကောင်းပြီဆိုရင် အန်တီပြန်လာ ခေါ်မှာပါ"

နောက်ဆံတငင်ငင်နှင့် အားမငယ်ဖို့ မှာကြားရင်း ပြန်ရန် ပြင်နေသော အန်တီ့ကို ဇွန်ပွင့်က မှာစရာမရှိကြောင်းလောက်သာ ပြောနိုင်သည်။

ဆို့နင့်နေသဖြင့် စကားအပိုမဆိုနိုင်။

အန်တီ့ကားလေး ဝေးသွားလေမှ အခန်းထဲ ပြန်ဝင်ပြီး ငူငူငိုင်ငိုင်လေးထိုင်နေမိသည်။

လောလောဆယ် အန်တီတို့ မမမေခင်တို့နှင့် ခွဲရတာက တစ်ကြောင်း၊ နေရာသစ်မှာ လူစိမ်းတစ်ယောက်အနေနှင့် တစ်ကိုယ်တည်းနေခဲ့ရတာက တစ်ကြောင်းကြောင့်လားမသိ။

ဇွန်ပွင့်ရင်မှာ ဟာတာတာနှင့် နေသားတကျ မရှိလှ။ ယောင်တောင်တောင် ကြောင်တောင်လေး ဖြစ်နေမိ၏။ ထိုအခိုက်….

"ကရင်….ကရင်….ကရင်"

အခန်းအပြင်ဘက် တစ်နေရာမှ လျှပ်စစ်ဘဲလ်သံထွက်ပေါ်လာတာ ကြားလိုက်ရသဖြင့် ဇွန်ပွင့် ငိုင်နေရာမှ အလန့်တကြားလေး ဖြစ်သွားရသည်။

ဘာမှန်းမသိ ညာမှန်းမသိမို့ ဇွန်ပွင့် အခန်းတံခါးဖွင့်၍ အထွက်၊



www.burmeseclassic.com

www.burmeseclassic.com



"ဟော...မဇွန်...လာ...လာ"

မိမိလိုပင် မီးဖိုထဲမှ ပြေးထွက်လာပုံရသော ဒေါ်စိန်နှင့် တန်းတိုးနေသည်။

"မောင်မျိုးထင်တယ်"

ဒေါ်စိန်က သူ့အသင်ကိုပြောရင်း ဇွန်ပွင့် လက်ခလေးကိုပါ ဆွဲကိုင်ကာ ဆွဲခေါ်လိုက်သဖြင့် ဇွန်ပွင့်ပါ ယောဒယာ ယောင်တောင်နှင့် ဒေါ်စိန်နောက်ရာနောက် လိုက်လာခဲ့ရ၏။

ဧည့်ခန်းထိပ် အရောက်မှာတော့...

"အို..."

ဇွန်ပွင့် နှုတ်ခမ်းလေး ဝလုံးလေးလို ဝိုင်းသွားသည် အထိ အလန့်တကြားလေး ဖြစ်သွားရလေ၏။

လူတစ်ယောက်...

ဧည့်ခန်းရှိ ဆိုဖာဆက်တီထက်တွင် အခန့်သား ထိုင်နေရင်းမှ ဇွန်ပွင့်ကို တည်ငြိမ်စွာ စူးစိုက်ကြည့်နေလေသည်။

သူ့မျက်ဝန်းများက ထူးထူးခြားခြား ကြည်လင်တောက်ပ နေသော်လည်း ဇွန်ပွင့်၏ တစ်ကိုယ်လုံးကို အပြစ်ရှာသလို ခန္ဓာကိုယ်ပေါ်တွင် စုန်ချည် ဆန်ချည် စူးစူးရှရှ သက်ရောက်နေသော အကြည့်များ က တော့ပြင်းထန်နေသလိုမို့ ဇွန်ပွင့် မနေတတ်တော့။ အနေကျပ်သလိုလို အသက်ရှူ ကျပ်သလိုလိုပင် ဖြစ်လာရသည်။

တစ်ဆက်တည်းမှာပင်...



"ဒီလူ...ဒီလူ၊ ဪ...ဟုတ်ပြီ၊ ဒါ ဦးနေမျိုးဆိုတဲ့ လူပဲ"

မမမေခင်တို့အိမ်မှာ တစ်ခါက အမှတ်မထင် ဆုံလိုက်ရသော လူကြီးမှန်း သတိရလိုက်မိ၍လည်း မျက်လွှာချ၍ ငြိမ်နေဆဲ...

"ဒေါ်စိန် သွားတော့"

ဒေါ်စိန်ကို အမိန့်ပေးသလို ပြောနေ၍ ဇွန်ပွင့် မျက်လုံးဝေ့ အကြည့်...

"ထိုင်ပါ"

သူ့ထံမှ အမိန့်ပေးသံက ဇွန်ပွင့်အတွက်ပါ တစ်ဆက်တည်း ထွက်ပေါ်လာ၏။

ဇွန်ပွင့်ကို သူ့ရှေ့မှ ဆိုဖာတွင် ထိုင်ရန် ညွှန်ပြနေ၍ လည်း ဇွန်ပွင့် ရင်ထဲမှာ အောင့်သက်သက် ဖြစ်သွားရသည်။

သူက ပြောရိုးပြောစဉ် အနေနှင့် ပြောတာပဲလား။ တမင်အိမ်ဖော်ဆိုတဲ့အသိကြောင့် နှိမ့်ချပြောလေသလား။ ဇွန်ပွင့် ခွဲခြား မသိနိုင်ပေမယ့်...

"ဟွန်း...လူကြီးနှယ် ကြီးကျယ်လိုက်တာ"

စိတ်ထဲကတော့ တိတ်ကနိုး မှတ်ချက်ချမိရင်း ပိုကြီးအကျယ် မကျေမနပ် ဖြစ်မိသည်။

ပင်ကိုယ်စိတ်အတိုင်း အရွဲ့တိုက်လိုစိတ် ပေါ်လာမိလည်း၊ ကိုယ့်ကိုယ်ကို အိမ်ဖော်ဆိုသည့် အသိပျောက်

www.burmeseclassic.com



ကာ သူပြောသလို ထိုင်ခုံမှာ ဝင်မထိုင်ဘဲ ပေကတ်ကတ် ရပ်နေမိ၍....

"အဟင်း...."

ဇွန်ပွင့်ကို အကဲခတ်နေပုံရသော ဦးနေမျိုးက ချောင်းတစ်ချက် ဟန့်ရှင်း ဆိုဖာပေါ်မှ ထ,ရပ်ကာ ပြုံးကြည့်လာလေသည်။

"ဘာလဲ တို့ကို ကြီးကျယ်လိုက်တာလို့ တွေးနေဘယ်ထင်တယ် ဟုတ်လား"

"ဗုဒ္ဓါ...."

ဇွန်ပွင့် အတွေးကို ထွင်းဖောက် သိနေသလိုပြောလာသော နေမျိုးစကားကြောင့် ဇွန်ပွင့် ဟန်ပျက်လောက်အောင်ပင် အလန့်တကြားလေး ဖြစ်သွားရ၏။

"ဒီလူကြီးနှယ်နော် ငါ့ရင်ထဲအထိ ထွင်းဖောက်သိတတ်လိုက်တာ အံ့ရော"

အတွေးနှင့်ပင် ဇွန်ပွင့် နေမျိုးကို လန့်သလိုလို ဖြစ်သွားရသည်မို့ တွေတွေလေး ရပ်နေမိတော့ နေမျိုးကပဲ ရယ်ရယ်မောမောနှင့် စကား စ,လာသည်။

"အင်း....မိတ်ဆက်ပေးမယ့် ကြားလူမရှိတော့ ကိုယ့်ကိုယ်ကုပဲ မိတ်ဆက်ပေးရမှာပဲကွ၊ တို့နာမည် နေမျိုးလို့ခေါ်တယ်၊ မင်း ပြုစုပေးရမယ့် ဒေါ်ခင်ကြီးရဲ့သား"

"မင်းနာမည်ကရော ဘယ်လိုခေါ်လဲ ချာတိတ်"

ဇွန်ပွင့်ကိုစိုက်ကြည့်ရင်း တစ်လှည့်မေးလာပြန်သဖြင့် ဇွန်ပွင့် တွေဝေရပ်နေရင်းမှ ချက်ချင်း မဖြေနိုင်သေးဘဲ မကျေမနပ် တွေးလိုက်မိသည်။

"ဟွန်း....လူကိုများ....စီးစီးပိုးပိုး....ချာတိတ်တဲ့၊ ကြည့်စမ်းပါဦး၊ မခန့်လေးစားနိုင်လိုက်တာ၊ ဘယ်လိုလူကြီး မှန်းလဲ မသိဘူး"

အလျင်က အမှုမဲ့အမှတ်မဲ့ နေခဲ့မိသမျှ နာမည်နှင့် လူတောင် တွဲမှတ်မိအောင် အနိုင်နိုင်ကြိုးစားထားရသောသည်လူကြီးကို အခုမှ မကျေမနပ် အတွေးများနှင့်အတူ ဇွန်ပွင့်-အကဲခတ်သလို သေသေချာချာပြန်ကြည့်မိသည်။

အရပ်တော်ရတော် မြင့်သော လူတစ်ယောက်ပါပေ။ သူ့အရပ်ကြီးက ဇွန်ပွင့် ကိုယ်ပေါ်မှာ မိုးနေသည်မို့ အနည်းဆုံး ငါးပေခြောက်လက်မ ရှစ်လက်မလောက်တော့ အသားလေးရှိမည်ထင်သည်။

ဖြူဝင်းစိုပြည်သောအသား၊ စိမ်းနက်သောမျက်ခုံး၊ ပေါ်လွင်သောနှာတံ၊ စူးရှတောက်ပသော မျက်ဝန်းနှင့် ပန်းသွေးထ၍ စေ့စပ်သော နှုတ်ခမ်းများ။

ပြီးတော့....ပိရိသေသပ်သောမေးရိုးနှင့် နဖူးပြင်ထက်ဝယ် ဖြစ်သလိုဝဲကျနေသော လှိုင်းတွန့်ဆံပင်လျော့များကြောင့် ဘယ်လိုကြည့်ကြည့် သူ့အသွင်သဏ္ဌာန်က ထင်းနေသော လူချောတစ်ယောက်ပါ။

အသက်ကနှယ်ကလည်း ဘယ်နည်းနှင့်မှ သုံးဆယ်ကျော်ဦးမည်မဟုတ်သေး၊ အလွန်ဆုံးရှိမှ နှစ်ဆယ့်ခုနစ်နှစ် နှစ်ဆယ့်ရှစ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့များ ပုံစံကြီးက သူ့ရုပ်ရည်နှင့်ဆန့်ကျင်ဘက်။ မုန်းချစ်စဆုံးကောင်းသောက်သောအောင် စတိုင်တင်းတင်းနှင့် လူကြီးဂိုက်မျိုးဖမ်းနေသည်။

ဇွန်ပွင့်နှင့်မန္တလေးမှာ ဆုံဖူးတဲ့အချိန်တုန်းက သူ့ပုံစံက သည်လိုပုံစံကြီးမျိုး ဟုတ်သေးသား။

ဒုက္ခပါပဲ ငါကလဲ နမော်နမဲ့နိုင်လိုက်တာ။ အဲသည်တုန်းက သည်လူကြီး ရှိတယ်လို့တောင် မအောက်မေ့မိဘူး၊ သူ့ ပုံစံကိုလည်း မမှတ်မိဘူး။

ကြိုသိလိုက် ရလျှင် ဘာ ပြောကောင်းမလဲ။ သည်လိုကြီးကျယ်လှကတော့ တွန်း...ကောင်းကောင်းပညာပေးလိုက်ပါရဲ့။

ဇွန်ပွင့် မျက်ခုံးမြှောင်လေးကုတ်ကာ လက်ရှိအခြေအနေကိုမေ့ပြီး အတွေးလွန်နေဆဲ။

"ဟိတ်..."

"မေးနေတယ်လေ"

"အာ... အမှ လန့်လိုက်တာ"

ရုတ်တရက် ထွက်ပေါ်လာသော နေမျိုးအသံကြောင့် ဇွန်ပွင့် တကယ်ပဲ တအားလန့်သွားရ၏။

"သတ္တိကလဲကွာ ဒီလောက်တောင်ပဲလား၊ ချာတိတ်က မတ်တတ်ကြီး ငေးငိုင်နေတာကိုးကွ"

နေမျိုးကတော့ ဇွန်ပွင့်တုန်တုန်ယင်ယင်လေးဖြစ်သည်အထိ လန့်သွားတာကို စိုက်ကြည့်ရင်း မျက်ဝန်းအိမ်မှာ ရယ်မြူးရိပ်များ ဖြတ်သန်းလာလေသည်။



သည်လောက်လေး မေးရုံမျှနှင့် သည်ကောင်လေးမှ အလန့်တကြား ဖြစ်သွားရပုံက ရယ်ချင်စရာပေပဲ မဟုတ်လား။

ခဏကြာမှ ခပ်တိုးတိုး မေးလာသည်။

"မင်းနာမည် ဘယ်သူလဲလို့ မေးတာ ဖြေဦးလေ"

"ဟို...ဟို...ကျွန်မနာမည် ဇွန်...ရှင့်"

နှုတ်က အကျင့်ပါနေသည်မို့ သုံးနှုန်းနေကျ ဇွန်ပွင့်ဟု ထွက်မည်ဆဲဆဲကို သတိကြီးစွာ ဘရိတ်အုပ်ရင်း မဇွန်ဟုပဲ ထစ်ငေါ့စွာ ဖြေမိတော့ သူက ဘာကိုသဘောကျသွားသည်မသိ။

ဇွန်ပွင့်ကိုကြည့်ပြီး နှစ်ခြိုက်စွာ ရယ်လေသည်။

"မင်းဥစ္စာကလဲကွာ ကျယ်ကျယ်ခမ်းခမ်းတော့လဲ လန့်၊ တိုးတိုးမေးတော့လဲ လန့်နဲ့ နာမည်လေး ဖြေတာတောင် အထစ်ထစ်အငေါ့ငေါ့ပါပဲလား၊ နာမည်လေးက မဇွန်တဲ့လား၊ လှသားပဲ"

"ကဲ...ကဲ...သွားတော့...သွားတော့"

"ဪ...မေ့လို့...နေဦး...နေဦး"

ဇွန်ပွင့် အခန်းထဲမှ ဝမ်းမြောက်ဝမ်းသာ တစ်ဟုန်ထိုး ပြေးထွက်ရန် ပြင်လိုက်ပြီးမှ နောက်ဆက်တွဲ ဟန့်တားမှုကြောင့် ချက်ချင်းပဲ ခြေလှမ်းလေး တုံ့သွားရသည်။ မျက်နှာကလည်း မှုန်ချင်သလို ဖြစ်သွားရ၏။

ဘာပြောဦးမည်မသိ။ စကားပြောလာတာကို [illegible] ရှေ့ဆောင်လိုက်၊ နောက်ဆုတ်လိုက်နှင့် အတိုက်[illegible] မည်။

www.burmeseclassic.com



အခု သွားဘော့ ပြောလိုက်၊ အခု နေဦးပြောလိုက် နှင့် တကယ့်ကို အမျိုးမျိုး တတ်နိုင်သူ တစ်ယောက်မို့ စိတ်တိုချင်သလို ဖြစ်လာရသော ဇွန်ပွင့်ဦး။

တကယ့်တကယ်ကျတော့ ငါက အခုအချိန်မှာသည် အိမ်ရဲ့ အစေအပါးပဲလေဟု အသိစိတ်လေးက ချက်ချင်းလိုလို ဝင်ထောက်လာ၍ ခေါင်းလေးငုံ့ရပ်ပြီး ငြိမ်သွားရသည်။

ကိုယ့်အိမ်မှာလို ဒေါသဖြင့် ဝုန်းဒိုင်း ကြဲမပစ်ရဲ။

သူ့အလုပ် လာလုပ်သူမို့ သူ့ဆန်စားရဲမှ စကားနှင့်အညီ သူ့စကားကို နားထောင်ဖို့ တာဝန်ရှိနေသည်ပဲလေ။

ဒါကြောင့်လည်း တွေတွေလေး ရပ်ရင်း ပြောလာမည့် စကားသံများကို နားစွင့်နေရ၏။

အချိန်များကလည်း အခုလို မြန်မြန် ကုန်စေချင်တဲ့ အခါမျိုးကျတော့ ကုန်လွန်ခဲ့ပါဘိ။

စက္ကန့်ပိုင်း၊ မိနစ်ပိုင်း ကာလလေးလောက်ကိုတောင် အကြာကြီးဟု ထင်နေရသည်။

ဇွန်ပွင့်အတွေးမှ မဆုံးသေး။

"မင်းအသက် ဘယ်နှစ်နှစ်ရှိပြီလဲ ချာတိတ်"

နေမျိုးထံမှ မေးသံထွက်ပေါ်လာ၍ ဇွန်ပွင့် မဆိုင်းမတွ ပြန်ဖြေလိုက်ရသည်။

"ဟို...ဟို...မဇွန်အသက် နှစ်ဆယ့်တစ်နှစ်ထဲမှာပါ"

"ဩော်...မင်းအသက်က အခုမှ နှစ်ဆယ့်တစ်နှစ်ထဲ



မှာလား၊ ဒါဆို ချာတိတ် အသက်တော်တော် ငယ်သေးတာပဲ၊ တို့က မင်းကို အဘွားအို အပြင်အဆင်နဲ့ ဆိုတော့ အနည်းဆုံး သုံးဆယ်လောက်တော့ ရှိရော့မယ်လို့ ထင်နေတာကွ...

"တို့အသက်က နှစ်ဆယ့်ရှစ်နှစ်ဆိုတော့၊ မင်းထက် ခုနစ်နှစ်တောင်ကြီးတာပဲ၊ ကိုကိုကြီးလို့ ခေါ်ပေါ့"

စောစောက စသလို နောက်သလိုဆိုလာ၍ ခေါင်းငုံ့နေမိသော ဇွန်ပွင့်ဦး 'ကိုကိုကြီးလို့ ခေါ်ပေါ့' ဆိုသည့် စကားအဆုံးမှာတော့ ဟန်မဆောင်နိုင်လောက်အောင် ကိုယ်လေး မတ်သွားရသည်။

နားထဲမှာလည်း မဥမ္မာ၏ ဒက်ဒီ့ကို ခေါ်နေကျဖြစ်သော 'ကိုကိုကြီး' ဆိုသည့် ချွဲပျစ်ပျစ်အသံကိုကြားယောင်လာမိသလိုလို၊ ဘာလိုလို။

'ကိုကိုကြီး' ဆိုတဲ့ အသုံးအနှုန်းက ဒက်ဒီ့ကိုချွဲနေကျ မဥမ္မာ၏ မူပိုင်အသုံးအနှုန်း မဟုတ်ပါလား။

ဒါပေမယ့်လည်း တွေဝေ ပျံလွင့်သွားရသော စိတ်အစဉ်ကို ဇွန်ပွင့်ချက်ချင်းပဲ ပြန်လည် စုစည်းလိုက်သည်။

သူ့ဆန်စားရဲမှတဲ့။ စကားပုံတောင် အထင်အရှားရှိသေးတာပဲ။ အိမ်ဖော်ဆိုသည့်အသိနှင့် ဒုတိယ အကြိမ်မြောက် ရဲဆေးတင်ပြန်သည်။ သူက ခေါ်ဆိုသလိုပဲ ဝတ္တရားကျေအောင် ကြိုးစားခေါ်လိုက်ရုံပဲပေါ့လေ။ ဒါကြောင့်လည်း ဇွန်ပွင့်သက်ပြင်းတစ်ချက် ခိုးရှိုက်ရင်း သူခေါ်ခိုင်းသလို ခေါ်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်...ဟုတ်...ကဲ့၊ ကို[illegible]"

ဘယ်လိုပဲ အားတင်းရှိကြိုးစားခေါ်ခေါ် 'ကိုကိုကြီး' ဆိုသည့် စကားသံက ဆုံးအောင် ထွက်မလာ။

'ကိုကို' ဆိုသာလောက်နှင့်ပဲ တစ်ဝက်တစ်ပျက် ရပ်တန့်သွားရ၍ သူက ဘယ်လိုသဘောပေါက်သည် မသိ။

ဇွန်ပွင့်ကို မျက်ခုံး လှမ်းကြည့်ပြီးမှ ကျေနပ်စွာ ပြုံး၍ ခေါင်းဆတ် လိုက်လေသည်။

"အင်း...ကိုကိုတဲ့လား။ အဲဒါလဲမဆိုးပါဘူး၊ တို့က မင်းအစ်ကိုအရွယ်ဆိုတော့ ကိုကိုလို့ခေါ်တာတစ်မျိုးနား ထောင် ကောင်းသားပဲ၊ မင်းကြိုက်သလိုခေါ်ပေါ့ ဟုတ်လား"

"ကဲ့...ကဲ့... ဒီတစ်ခါတော့ ချာတိတ် တကယ်သွား နိုင်ပါပြီကွာ၊ တို့က တစ်အိမ်တည်းနေတဲ့သူ အချင်းချင်း လူစိမ်းတွေလိုမဖြစ်ရအောင်လို့ခေါ်တွေတာပါ"

ဒေါက်တာခန့်မျိုး၏ စူးရှတောက်ပနေသော မျက်ဝန်းများဖြင့် ဇွန်ပွင့်ကိုယ်လေးကိုစူးစိုက်ကြည့်ရင်း ကျေနပ် သွားသလို ခေါင်းတစ်ချက်ဆတ်ကာ သွားခွင့် ပြုလိုက် သဖြင့် ဇွန်ပွင့် တကယ် အသက်ရှူ ချောင်သွားရသည်။

စိတ်ကြို[illegible]တွေ့ရ၍ ဟပ်ခေါ်နိုင်းနေလျှင် မလွယ်။

အခုတော့ ကံကောင်းတော့ [illegible] သူ့ထံမှ ထွက် ပေါ်[illegible] ခွင့်ပြုသံက လွှတ်ငြိမ်း ချမ်းသာခွင့် ပေး[illegible] ဇွန်ပွင့်နားထဲသို့ [illegible] စီးဝင်လာ[illegible]မို့... ဇွန်ပွင့် အချိန် ကြောင့်ပိုလေး



ပင်မခြားတော့၊ သူ့ရှိရာ ဧည့်ခန်းတွင်းမှ မိမိအခန်းဆီသို့ ဒရောသောပါး ပြန်ပြေးလာမိသည်။

သူ့ရှေ့မှာ တုန်ကနေတော့ အနေကျပ်လိုက်သည့်ဖြစ် ခြင်း။ မိမိအခန်းထဲပြန်ရောက်မှပဲ အသက်ကို ဝဝရှူ သွင်းလိုက်ရင်း မျက်နှာကိုယ်ပါပြန်လည်လန်းဆန်းလာ သလို ခံစားရတော့သည်။

ဒါပေမယ့်လည်း ပြောမယ့်သာ ပြောရပါ၏။ ပေါ စောပိုင်းက ရင်ဆိုင်တွေ့ကြုံခဲ့ရသော ဦးခန့်မျိုး၏ စူးရှ ထက်မြက်သော မျက်ဝန်း အကြည့်များကတော့ ဇွန်ပွင့် အတွေးအိမ်မှ လုံးဝ ပျောက်ကွယ် မသွားသေးပါပေ။

ဇွန်ပွင့် ရင်ထဲမှာ/စိတ်လှုပ်ရှားခြင်းများနှင့်အတူ ဖြစ်ခဲ့ နေဆဲပဲဖြစ်ပါ၏။

ဒေါက်တာခန့်မျိုး၏ မျက်ဝန်းများက ဇွန် ပွင့် ၏ အသည်းနှလုံးနှင့် အာကလိဒ်များကိုပါမကျန်၊ သိမ်းကျုံး ဆွဲငင်ယူဆောင်သွားလေသလား ခံစားရလောက်အောင် ပြင်းထန်သော ရင်ခုန်မှုတစ်ခုကို ဖြစ်စေပါ စေလေ သည်ပဲ။

ရင်ခုန်ခြင်းတစ်ခုကို ဖန်တီး မွှေ့းဆောင်နိုင်သည်ပဲ လေ။ ကြော်... တွေ့ရဦးမှာတော့ ဇွန်ပွင့်ဦးအပေါ် ဦးမို့ [illegible]လွှမ်းသည့်သူပါပဲလား။

ဒါ[illegible]ယ်လည်း ထင်ထားတာသက် ပိုပြီး [illegible] [illegible]တော့ ခက်လှန်းလှဘာပဲ [illegible]။

ဇွန်ပွင့်တစ်ယောက် အခုမှ အနီးကပ်ဆုံတွေ့[illegible]

www.burmeseclassic.com

www.burmeseclassic.com



ခွင့်ရရှိလိုက်သော ဦးနေမျိုးအပေါ် အတွေးအမျိုးမျိုး ဝေဖန်နေမိဆဲ။

နေမျိုးတစ်ယောက်ကတော့ သူ့အခန်းထဲ ဝင်ကာ နားနားနေနေ ခုတင်ပေါ် ပစ်လှဲလိုက်ရင်း မျက်နှာက မချိမချဉ် ပြုံးလဲ့လဲ့ဖြစ်နေရပါ၏။

မရယ်ချင်ဘဲ နေပါ့မည်လား။

သူ့ကိုယ်သူ အဘတ်ဆန်း စတန့်ထွင်ကာ တောက ကောင်မလေးပုံစံမျိုး မခဲပါက် ပေါက်ဆောင် ဖန်တီးထားရှာသော ဇွန်ပွင့်ဦး။

သူ့ကိုယ်သူ သူ့နာမည် မဇွန်ပါဟု ပြောင် လိမ်ညာသွားသော ဇွန်ပွင့်ဦး၊

နေမျိုး 'ချာတိတ်' ဟု ချစ်စနိုးနာမ်စားတပ်ကာ ခေါ်ဝေါ်မိသော ဇွန်ပွင့်ဦးပုံစံက မြင်နေကျပုံစံမျိုးကိုမျက်လုံးထဲမှာ ချစ်ဇဖွယ်အထာမကျဘဲ ကိုးလိုးကန့်လန့်နှင့် ရယ်ချင်စရာ သတ္တဝါရုပ်မျိုးပေါက်နေသည်ပဲ။

နေမျိုးဆိုတဲ့လူတစ်ယောက်ကို သူလိမ့်ချင်တိုင်း လိမ့်လို့ရနိုင်မယ့် လူပြိန်းလူအ တစ်ယောက်ဟု စွဲယူမှတ်ထင်ထားလေသလားမသိပါ။

ဇွန်ပွင့်ဦး၏မျက်ဝန်းနှင့်လှုပ်ရှားမှုတိုင်းမှာ သူ့ကိုယ်သူယုံကြည် စိတ်ချရိပ်များ၊ မာနရိပ်များ စွန်းထင်းနေ၏။

တကယ်ပရိယာယ်ကြွယ်ဝသော မိန်းကလေး ဂိုက်မျိုး စတိုင်မျိုးဖမ်းနေ၏။ တတ်လည်း ဦးထိတ်နိုင်လွန်းသော မိန်းကလေးတစ်ယောက်ပါပဲ။



သူ့ကိုယ်သူ လည်လှပြီသာ ထင်နေပြီး နေမျိုးလှစ်ခနဲ နေပေးသော် ပါးနပ်တာကိုကျတော့ သူမသိ။

နေမျိုး ဘယ်လိုလူသားမျိုးဆိုတာကိုလည်း နားလည်ရိပ်စားမိပုံမရ။

ဘာမဆို ငါလုပ်တာမှန်သည်။ ငါလုပ်သလိုဖြစ်ရမည်ဟူပဲ မာနကြီးတတ်ခဲ့သားနှင့် ကိန်းမသေတွက်ချက် အပိုင်တွက်ထားပုံရသည်။

ဘယ်ရလိမ့်မလဲ ချာတိတ်ရယ်။

နေမျိုးဆိုတာ ခင်ဗျားလေး ထင်ထားသလောက် မထူဘူး၊ မအဘူးလေဗျာ။

အရာရာကို ချင့်ချိန် စဉ်းစားတတ်တဲ့ ကွက်ကျော်မြင်တတ်တဲ့ လူကြီးတစ်ယောက် ဖြစ်နေပြီဆိုတာ မေ့နေရော့သလား။

မေခမရဲ့ကျန်းမာရေး အခြေအနေ ရုတ်တရက်ဖောက်ပြန်သွားမှုကိုသာ ငဲ့နေရရင်—

နောက်တစ်ခု ဦးကျော်ဦးဆိုတဲ့လူကြီး နောက်ဇနီးယူတဲ့ကိစ္စ ပြဿနာတွေသာ ပေါ်မလာခဲ့ဘူးဆိုရင်....

ဇွန်ပွင့်ဦးဆိုတဲ့ ခင်ဗျားလေးလည်း....

"ဟူး...."

နေမျိုးတစ်ယောက် အတွေးစများကို အဆုံးမသတ်နိုင်ဘဲ အဖျားရှူးသွားသော ဖြစ်ရပ်အတွက် သက်ပြင်းကြီးတစ်ခုကိုသာ စိတ်မောကိုယ်မော မှုတ်ထုတ်လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



သည်လို စိတ်မှာ ကိုယ်မှာ အချိန် ကာလတွေကို ဘယ်လောက်ကြာအောင် ငြိမ်းငွေ့စွာ ဖြတ်သန်းရဦးမည် မသိ။

အားမလို အားမရစိတ်ကြောင့် မချင့်မရဲ မကျေမနပ် ဖြစ်မိတာလည်း အကြိမ်ကြိမ် အခါခါပါ။ ချာတိတ်ကတော့ နေမျိုးရင်ထဲမှ အဝေးဂယက်ကို သိမည် မထင်။

နေမျိုးကတော့ ဖြစ်နိုင်လျှင်၊ ဖြစ်နိုင်လျှင်....

တော်ပါပြီ၊ ဆက်မတွေးရဲတော့ပါ။

ခုချိန်မှာ အခြေအနေအရ မီးစင်ကြည့်ကရုံမှုတစ်ပါး အခြားမတတ်နိုင်တော့ပါပြီလေ...။

❀ ❀ ❀

## အခန်း ( ၂၅ )

ရောက်စမို့ နေသားမကျသေးပေမယ့် ဇွန်ပွင့်အပျင်းမထူအား။ ယခင်က ဘာကြီး ဖြင့်ခဲ့၊ ဖြစ်ခဲ့။ ဘယ်လောက်ပဲ ရွှေထီးဆောင်းခဲ့ ဆောင်းခဲ့ရ။ အခုအချိန်မှာ သည်သီတဂူစံအိမ်ကြီးရဲ့ အခစားပါးစားရင်းဝင် အိမ်ဖော်တစ်ယောက်ဖြစ်နေပြီမို့ ကာယနံဝတ္တရား ကျေပွန်စေရန် အထူးသတိထားရသည်။

ယခင်က သည်အိမ်မှာ ထင့်သလိုနေ၊ ထင်သလို လွှတ်လပ်လွန်းပြီး မနက်အိပ်ရာထချိန်ဖယ်လို့ သတ်သတ်မှတ်မှတ် မရှိခဲ့လေလော ဇွန်ပွင့်ဦး။

ခုမျာကျတော့ မနက်ငါးနာရီ ခွဲဘာက နေ့စဉ် နေ့တိုင်း ဇွန်ပွင့်၏ နောက်အကျဆုံး အိပ်ရာထချိန် ဖြစ်နေရပေပြီ။

တုံးစံအတိုင်း အိပ်ရာထသည်နှင့် အိပ်ရာကို အလျင်ဆုံး သေသပ်အောင် ပြင်ဆင်လိုက်ပြီး ရေချိုးခန်း အတွင်းသို့ အပြေးအလွှားပင် ဝင်ရသည်။

ညှော်နံ့နံ့ဝန်းကျင်၌ ကိုကိုနှင့်ဒေါ်ဝိန်တို့ ရှိလို့ရှိငြား သိမ်း၍ အကဲခတ်လိုက်ရသေး၏။

လူမိသွားလျှင် မလွယ်ပါ။

အိပ်ရာမှ ထလာခါစ ဇွန်ပွင့်ဦး၏ ပုံစံကလည်း ကြည့်ပါဦးလေ။ ပိုးသားအိအိ ညဝတ်အကျီ ဝေါ်နေလေး အောက်မှ လှပ်လှပ်လွန်းနေသော အသားအရည်နှင့် ပင်ကိုယ်သဘာဝအတိုင်း ထင်းနေသော ပျို့မျစ်နုနယ်သည့် အလှမျာအပြင် ခြေဖျားထက်မှာ တလူလူ ဝဲနေသော သံပင်ရှည်ကြီး များကလည်း၊ ရှုမဝဖွယ်ရာ ထလှင့်လှင့်....

အိပ်ရာနိုးထစ အလှကပင် ရှုမငြီးစရာ၊ ဒေးမော ချစ်စရာ အတိမို့ ဘယ်သူ့အိမ်ဖော်တစ်ယောက်ဟု ထင်ရက်စရာအကြောင်းမရှိ။

ဇွန်ပွင့်ချမှာတော့ ကိုယ့်အလှ ကိုယ်ဂုဏ်ယူနိုင်ကြားမှာ မဝေးဝေးနိုင်အားပါ။

www.burmeseclassic.com



ဘယ်သူမှ အိပ်ရာ မနိုးသေးခင် တစ်ယောက်တည်း လှုတ်လှုတ်လပ်လပ်ရှိခိုက် ပြုဖွယ်ကိစ္စ ဆောင်တာများဖြစ်သော မျက်နှာသစ်၊ ကိုယ်လက်သန့်စင်၊ ဆံပင်ကို ထုံးစံအတိုင်း လှကြီးဆန်ဆန် ထုံးဖွဲ့ခြင်းနှင့် မျက်နှာကို သနပ်ခါး ထူထူဖို့ခြင်းများကို ဇယ်ဆက်သလို ဖန်တီးလုပ်ဆောင်ရသည်။

ပြီးမှ ညဝတ်အင်္ကျီချွတ်၍ ရင်ဖုံးအင်္ကျီလက်ရှည် ရွှေဆက် နောက်ဆက်တစ်သည်ကို ဝတ်လိုက်ခြင်းဖြင့် နေ့စဉ်ဟောဝန်ဝတ္တရား ဆောင်ရွက်ရန် ဇွန်ပွင့် အဆင်သင့် ဖြစ်သွားလေပြီ။

ရှင့်ရော့်သော အဆင်အပြင် သဏ္ဌာန်နှင့် အဘွားကြီး အင်္ကျီ ပုံစံ ရွှေဆက် နောက်ဆက် ရင်ဖုံးအင်္ကျီ ပုံမကျ ပန်းမကျ ပွသာဘာ အောက်မှာ နုနယ်ပျိုမျစ် လှပလွန်းသော အလှပုံရိပ်ကလည်း ပျောက်ချင်းမလှ ပျောက်သွားရလေပြီ။

ဇွန်ပွင့် ကိုယ့်အပြင်အဆင် ကိုယ်စိတ်တိုင်းကျ ဖြစ်သွားလေမှ အခန်းတံခါး အသာအယာ ဖွင့်ထွက်လိုက်ပြီး မေမေကြီး အခန်းဆီသို့ ခြေလှမ်းများ ဦးတည့်လိုက်ရသည်။

မနက် ငါးနာရီခွဲနှင့် ခြောက်နာရီစပ်ကြား အချိန်ကာလက မေမေကြီး၏ နေ့စဉ် အိပ်ရာထချိန်ပေပဲလေ။

သည်အချိန်ဆို မေမေကြီး အိပ်ရာက ထလောက်ပေပြီပေါ့။



ထင်သည့်အတိုင်းပင် အခန်းတံခါး အသာ အယာ ခေါက်ပြီး တွန်းဝင်လိုက်တော့ မေမေကြီး အိပ်ရာမှ နိုးနေတာ တွေ့ရသည်။

မျက်နှာသစ်နိုင်ရန်နှင့် ကိုယ်လက် သန့်စင်ပေးနိုင်ရန် ပြတင်းတံခါးကိုအဖွင့်မှာ လေနုအေးတို့က အလုအယက် တိုးဝေ့ဝင်ရောက်လာကြသဖြင့် ဇွန်ပွင့် ကြွေဇလုံကိုဆွဲယူလာပြီးမှ သည်အတိုင်း မေမေကြီးလက်ထဲ ထည့်မပေးဖြစ်တော့။

"ခဏ နေဦးနော် မေမေကြီး၊ အပြင်မှာနည်းနည်းအေးလို့၊ မဇွန်ရေနွေးနည်းနည်းစပ်လိုက်ဦးမယ်၊ ပြီးမှ ကိုယ်လက်သန့်ရှင်းရအောင်"

ပြောပြောဆိုဆို ကြွေဇလုံထဲသို့ သွက်လက်စွာရေနွေးစပ်ရင်း အပူအအေးမျှတမှုရှိမရှိလက်နှင့်အလျင် စမ်းကြည့်လိုက်ပြီး ကျေနပ်သွားလေမှ မျက်နှာသုတ် တဘက်၊ သွားတိုက်တံ၊ ဆပ်ပြာခွက်၊ ရေဇလုံ အစရှိသည်တို့ဖြင့် ဆနီးရောက်လာသဖြင့် ဇွန်ပွင့်၏လှုပ်ရှားမှု အစအဆုံးကို လိုက်ကြည့်ကာ ပီတိဘဝေဝေဖြစ်နေသော ဒေါ်ခင်ကြီး၏ မျက်နှာပြင်မှာ ကျေနပ်အပြုံးများ ဖူးပွင့်လာခဲ့လေသည်။

ဒေါ်စိန်လုပ်ဆောင်ပေးနေကျ တာဝန်များကို ရောက်သည့်နေ့မှစ၍ မညည်းမညူ ဆောင်ရွက်ပေးမှု အတွက် ကျေးဇူးတင်မဆုံး ဖြစ်လာရ၍လည်း....

"အင်း...သမီးလေ ဒီကိုရောက်လာတာ မေမေကြီးတို့ ဘုရားမ,တာပါပဲကွယ်၊ ရောဂါလဲ သက်သာ စိတ်လဲ

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာနဲ့ တကယ့်ကိုပါပဲ၊ ငါ့သမီးက မစိန်ထက်နေရာ တိုင်းမှာ စေ့စပ်တယ်၊ အကွက်မြင်တယ်၊ စေတနာသဒ္ဓါ တရား ပိုတယ်...

မစိန်ကတောင် ပြောတယ်၊ အရင်က မဇွန်ကို ကျွန်မ ဒီလောက်တော်လိမ့်မယ် မထင်ဘူးတဲ့၊ အခုတော့ လူငယ်ဖြစ်ပြီးနေရာတကာ စေ့စပ်သွန်းလို့ ကျွန်မတောင် ပြန်ဆရာတင်နေရပြီတဲ့၊ ဟုတ်လား သမီး၊ မီးဖိုထဲမှာလဲ ထမင်းဟင်းက အစ ကိုယ်တိုင် ဝင်ချက်နေတယ်ဆို၊ ဒီလောက်ကြီးတော့လဲ အပင်ပန်း မခံပါနဲ့ သမီးရယ်၊ မေမေကြီးရဲ့ ဝေယျာဝစ္စ တာဝန်ယူရ၊ သားကြီးဝေယျာဝစ္စ တာဝန်ယူရ၊ အိမ်တွင်းသန့်ရှင်းရေးလုပ်ရ၊ မီးဖိုချောင် ကူရနဲ့ သမီးတစ်ယောက်တည်း အလုပ်တွေပိုပြီး ကသိ နေမှာပေါ့၊ မစိန်လဲ ရှိနေသားပဲ၊ သူ့အလုပ်တွေ သူ လုပ်ပါလိမ့်မယ်၊ ခါတိုင်းလဲ သူ တာဝန်ယူနေကျပဲ၊ သမီးကတော့ အားချင် နားနားနေနေ ခြံထဲဆင်းချင်လဲ ဆင်းပေါ့"

"ဟာ... ရပါတယ် မေမေကြီးရဲ့ ဒီအလုပ်လောက်က ပင်ပန်းတယ် မခေါ်ပါဘူး လူငယ်ပဲဥစ္စာ၊ ဒီလောက် လုပ်ရတာ အပျော့ပေါ့၊ ဘာ ပင်ပန်းတာလိုက်လို့၊ မေမေ ကြီးက မဇွန် ချက်တဲ့လက်ရာ မကြိုက်လို့လား ဟင်"

ကရုဏာသက်သလိုလို၊ တားမြစ်သလိုလို ဆိုလာသော ဒေါ်ခင်ကြီး၏ စကားအဆုံးတွင် ဇွန်ပွင့် ခေါင်းယမ်း



ခါမိရင်း မျက်နှာငယ်လေးနှင့် မေးလိုက်မိသဖြင့် ဒေါ် ခင်ကြီးက ရယ်လေ၏။

"အမယ်လေးနော် ဒီလောက် လက်ရာကောင်းနေ တာပဲ ဥစ္စာ၊ မကြိုက်ဘဲ ရှိပါ့မလား သမီးရဲ့၊ သိပ် ကြိုက် ပေါ့"

"ဒါနဲ့များ"

ဇွန်ပွင့် စကား ဆက်မည်လုပ်တော့ ဒေါ်ခင်ကြီးက လက်ကါပြရင်း [illegible]နှင့် ဇွန်ပွင့် လက်ကို ရင်းနှီးစွာ ဆုပ်ကိုင်သ၏။

"ကြွသာရင် အလုပ်တော့ ပိုပြီး သမီးလေး ပင်ပန်း မှာစိုးလို့ မေမေကြီးနဲ့ ဒီအိမ်ကြီးမှာ နေခဲ့တာ သမီးလေး စိတ်ညစ်သွား၊ ငြီးငွေ့သွားမှာ စိုးလို့ပါကွယ်၊ မေမေ ကြီးကတော့ ငါ့သမီးလေးကို သမီးတစ်ယောက် အကောင်း ရလိုက်သလို သဘောထားပြီး သားပါ၊ လူတိုင်း လူတိုင်း ငါ့သမီးလို ဒုက္ခအပေါ် စိတ်ရှည်နိုင်ဖို့ဆိုတာ အရှား သားပဲလေ....

"ဪ.... ဒါနဲ့ အရေးကြီးတာ တစ်ခုကျမှ ပြောဖို့ မေ့နေတယ်"

ဒေါ်ခင်ကြီးက အခုမှ သတိရဟန်နှင့် အရေးတကြီး စကားဆိုလာသဖြင့် ဇွန်ပွင့် ရေဇလုံနှင့် ဆပ်ပြာ၊ သွား ပွတ်တံ၊ တဘက်တို့ကို နေရာတကျ ပြန်ထားရင်း ဒေါ် ခင်ကြီးကို ဖျတ်ခနဲ မော့ကြည့်ကာ စိတ်ဝင်စားစွာ နား ထောင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"သားကြီးကပြောတယ်၊ သမီးကို မြင်စတုန်းက ဇီလောက် သွက်သွက်လက်လက် ကျမ်းကျမ်းကျင်ကျင် လုပ်နိုင်လိမ့်မယ်လို့ မထင်ဘူး၊ အရင်ခေါ်ဖူးတဲ့ မိန်းကလေးတွေလို ပင်ပန်းတာ အကြောင်းပြပြီး ဒုက္ခကို ပြုစုရလို့ စိတ်မရှည်တာနဲ့ ပြန်ပြေးမှာပဲ အတပ် တွက်ထားတာတဲ့၊ အခုကျတော့ သမီးက ထင်ထားတာနဲ့ တခြားစီ ဖြစ်နေလို့ ဒီရောက်အောင် ခေါ်ပေးတဲ့ မိုနာ့ကိုတောင် ကျေးဇူးတင်နေသတဲ့လေ....

"သူကိုယ်တိုင်က စိတ်ရှိပေမယ့် အလုပ်ဘစ်ဖက်နဲ့ဆိုတော့ အချိန်ပြည့် ဂရုမစိုက်နိုင်ဘူး မဟုတ်လား၊ အချိန်လုယူနေရသူဆိုတော့"

ဒေါ်ခင်ကြီးက စိတ်ပါလက်ပါ ပြောပြနေ၍ သားအကြောင်း ပြောရလျှင် မျက်နှာတစ်ခုလုံး ရွှင်ကြည်ပြီး နူးညံ့သော အပြုံးလေးများနှင့် မောရမှန်း မသိလောက်အောင် ရွှန်းရွှန်းဝေနေတတ်သော မေမေကြီးကို ကြည့်ကာ ဇွန်ပွင့် ရင်တွင်းသို့ပါ ကြည်နူးစိတ်များ တိုးဝှေ့ဝင်ရောက်လာသလို ခံစားရလေသည်။

သားကို အရိပ် လို မှန်းပြီ ကြည့်ကာ ချစ်တတ်လွန်းလေသော မိခင်တစ်ဦးပေမို့ ကိုယ်အဖြစ်နဲ့ နှိုင်းယှဉ်ရင်း ချစ်လှစွာသော မာမီ၏ သွင်ရိပ်ပုံသဏ္ဌာန်ကိုလည်း ချက်ချင်းလိုလို မျက်ဝန်းအိမ်မှာ ထင်မြင်လာရသည်။

မာမီ....ချစ်လှစွာသော မာမီ....

ဇွန်ပွင့် ချစ်လှစွာသော မာမီ ဒေါ်စောခင်သွဲ့ကော မေမေကြီး ဒေါ်ခင်ကြီးနှင့် ဘာများ ခြားနားနေလို့လဲလေ။

ဇွန်ပွင့်ကို အရိပ်လို မှန်လို ကြည့်ကာ ချစ်ခင်ကြင်နာယုယခဲ့သူပေပဲ။ ရုတ်တရက်ပေါ်ပေါက်လာသော အတွေးစိတ်ကြောင့် မာမီ့ကို ထမ်းတမိချင်း ဇွန်ပွင့် မျက်နှာပျက်ချင်သလိုလို ဖြစ်သွားရတာကို ဒေါ်ခင်ကြီးကတော့ သတိပြုမိဟန်မတူ။

သူ ပြောလိုရာကို တပြုံးပြုံးနှင့် ဆက်ပြောနေသည့် သားအကြောင်းကို ရွှန်းရွှန်းဝေဝေ ပြောနေရခြင်းဆိုလျှင် အမောဆိုတာ သူ့ဘဝတွင် ရှိအံ့မထင်။

ဇွန်ပွင့်မှာသာ ပျို့လှိုင့်နေသော စိတ်အခဉ်ကို ကြိုးစားထိန်းချုပ်ရင်း မျက်ဝန်းအိမ်မှာ မျက်ရည်တဝဲဝဲ....

"သားကလေ....ပြောသေးတယ် သမီးရဲ့၊ သမီးလေးက နေတော့သာ ရိုးရိုးအေးအေးနဲ့ ရှေးအဘွားကြီးလေးလို နေတာ၊ အိမ်အပြင်အဆင်၊ အချက် အပြုတ်ကျတော့ လိုက်မမီအောင် ခေတ်ရှေ့ပြေးနေပြန်ရောတဲ့၊ ပြောလိုက်တာစုံလို့၊ စုံလို့၊ ခုဆို သူငယ်ငယ်ကတည်းက တစ်သက်လုံး သူ့ဝေယျာဝစ္စ ဆောင်ရွက်ပေး၊ ချက်ပြုတ်ပေးခဲ့တဲ့ မစိန်ကိုတောင် ခေတ်မမီတော့ဘူးဆိုပြီး အလိုမကျချင်တော့ဘူးလေ....

"မေမေကြီး နေမကောင်းဖြစ်လိုက်ကတည်းက၊ သားကြီးကို ခါတိုင်းလို သိပ်ဂရုမစိုက်နိုင်တော့ သားကြီးဆိုအိမ်ကိုထမင်းစား မှန်မှန် ပြန်လာချင်တော့တာတောင်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ ဒီအမေ ဒီသား ထမင်းစားတော့သဲ ဟင်းက မတူ၊ အချိန်က မတူဆိုတော့ သူလဲတစ်ယောက်တည်း စားရတာ ငြီးငွေ့တယ် ထင်ပါရဲ့၊ ဆေးခန်းမှာဖြစ်ဖြစ်၊ ဆေးရုံမှာဖြစ်ဖြစ် ကြုံသလို ဖြစ်တာလိုပဲ ထမင်းစားနေကျ သမီးရဲ့၊ အဲတော့သားကျမှ သမီးချက်တဲ့နေ့ကျပြီး အိမ်ကို အချိန်မှန်မှန် ထမင်းစား ပြန်လာဖော်ရနေတာ"

ဒေါ်ခင်ကြီး ပြောပြနေသမျှက သွယ်ဝိုက်ချီးကျူး နေခြင်းပေမို့ ဇွန်ပွင့်ဝမ်းမြောက် ဝမ်းသာ ဖြစ်ချင်စရာ ဝေမယ့် စိတ်ထဲအတော့ ထူးပြီးမလှုပ်ရှားလှ။

ဝမ်းသာအယ်လဲ ရယ်လို့လည်း မဖြစ်မိ။ အလျင်က ထမင်းစား မှန်မှန်ပြန်မလာတဲ့ အခုမှ မှန်မှန်ပြန်လာ နေခြင်းက ဒေါ်မကြီးထင်သလို ဇွန်ပွင့်အကျောင်းကြောင့်လို ဆက် သူ့ဘာသာသူ ခုခံစိတ်ကူးတစ်မျိုးပေါက်ပြီး ပြန်စားနေခြင်းသည်း ဖြစ်နိုင်တာပဲ။

ဒါမှမဟုတ်လျှင်လည်း ဟိုအလျင် အချိန်တွေတုန်းက အလုပ်ရှုပ်နေချိန်မို့ ပြန်မစားဖြစ်တဲ့ အချိန်လုပြီး ဖြစ်သလို စားလိုက်ရတာမျိုးလည်း ဖြစ်နိုင်တာပဲ မဟုတ်လား။

ဇွန်ပွင့် စွမ်းဆောင်မှုရယ်လို့ အထွေအထူး မရှိဘဲမို့ ထူးပြီ ဂုဏ်ယူ ပီတိဖြစ်နေစရာ အကြောင်းမရှိပါ။

သည်အမေ သည်သား နှစ်ယောက်၊ တစ်ဦးကိုတစ်ဦး တွန့်နေအောင် တယုတယ ချစ်ကြတာ ဇွန်ပွင့်အနေ ကြာလာသည်နှင့်အမျှ မျက်မြင်ကိုယ်တွေ့လို ဖြစ်နေရ၍



အကြောင်းမရှိပါဘဲ အိမ်ကိုဥပေက္ခာပြုစိတ်မျိုး ဦးနေမျိုး မွေးမြူလိမ့်မည်မဟုတ်။

အခြား အကြောင်းတစ်ခုခု ရှိပါလိမ့်မည်လေ။

ဒါကြောင့်လည်း စကားမပြတ်သွားသည်နှင့် မဆိုင်တာဆက်မေးတွေးတော့ဘဲ ဇွန်ပွင့်ဒေါ်ခင်ကြီးခြေထောက်လေးများကို ဖွဖွညင်သာ နှိပ်ပေးနေရာမှ ရပ်တန့်ကာ သက်မနေ၍ ဆေးကြောပြီး ကော်ဖီ၊ မုန့်နှင့်ကြက်ဥကြော် အဆင်သင့် ပြင်ပေးရသည်။

ဖြစ်ပုံက ကိုယ်တစ်ပိုင်းသေသည် ဆိုပေမယ့် ခုချိန်မှာတော့ အခြေအနေက အဆိုးအရွားကြီး မဟုတ်လှတော့။

နားနားနေနေ တွဲလျှောက်ပေးခြင်းဖြင့် လှုပ်ရှားလို့ ရစပြုလာပြီမို့ အပြင်ဘက်မှာ နေရောင်ခြည် သန့်လာသည်နှင့် ဇွန်ပွင့် ဒေါ်ခင်ကြီးကို ညင်သာစွာ တွဲထူလိုက်သည်။

"ကဲ…လာ…မေမကြီး၊ ဇွန် တွဲထူမယ်၊ ခြံထဲမှာ နေပွင့်လာပြီ နည်းနည်းလောက် လမ်းလျှောက်လိုက်ရအောင်နော်"

ဒေါ်ခင်ကြီး အသာအယာ ခေါင်းညိတ်ပြီး ဇွန်ပွင့်လက်ကို အားပြုဆုပ်ကိုင်ကာ လိုက်ပါလာသည်။

ယခင်ကနှင့်စာလျှင် အခြေအနေက အများကြီး တိုးတက်လာပြီမို့ သူ့ကိုယ်သူ အားတက်လာဟန်လည်းရှိ၏။

ကျောက်စတုန်းကလောက်၊ သူ့ဘာသာသူ အလိုမကျသလို မကြည်ရာ ညည်းညူခြင်းများ မပြုတော့။

www.burmeseclassic.com

www.burmeseclassic.com



ဇွန်ပွင့်ကတော့ အစစအရာရာ ပြည့်စုံ သော်လည်း ကျန်းမာရေး မပြည့်စုံသူမို့ မေမေကြီးကို ကိုယ်ချင်းစာနာစိတ် အပြည့်ဖြင့် သနားမိ၊ ချစ်ခင်မိပါ၏။

စိမ်းလန်းသော မြက်ခင်းပြင်တစ်လျှောက် တော်တော်ကြာကြာလေး လျှောက်မိချိန်မှာတော့ ဇွန်ပွင့်ဦး ကိုယ်တိုင်ပါ ချွေးစို့လာရသဖြင့် သတိပြုမိပုံရသော မေမေကြီးက လက်ကာပြလာသည်။

"နားဦးစို့ သမီးရယ်၊ သမီးနဖူးမှာတောင် ချွေးဥစို့နေပြီ၊ နားနားပြီးမှ လျှောက်တာပေါ့ ဟုတ်လား၊ မေမေကြီးလဲ နည်းနည်း ညောင်းစပြုလာပြီ"

"ဟုတ်ကဲ့ မေမေကြီး၊ အညောင်း ပြေရင်တော့ တစ်ခေါက်နှစ်ခေါက်လောက် ထပ်လျှောက် လိုက်ဦးမယ်နော် မေမေကြီး၊ ဒီလိုပဲ နေရောင်ခြည်အောက်မှာ ဖြည်းဖြည်းမှန်မှန် လမ်းလျှောက်ပေးရင် ကြွက်သားတွေ ပုံမှန်အတိုင်း ပြန်အလုပ်လုပ်လာမယ်၊ ခြေထောက်တွေပြန်သန်လာလိမ့်မယ်လို့ ကိုကိုက ပြောတယ် မေမေကြီးရဲ့...."

"သိပ်မကြာတော့ဘူး၊ မေမေကြီး ခြေထောက်တွေ အရင်တုန်းကလို အကောင်း ပကတိ ပြန်လျှောက်နိုင်တော့မှာပဲ"

ဘာရယ်မဟုတ်၊ ဇွန်ပွင့် အားပေးသလို အားတက်သရော စကားအမှတ်မထင် ဆိုဖြစ်တော့ ဒေါ်ခင်ကြီးက နှစ်လိုစွာ မော့ကြည့်ရင်း ခေါင်းညိတ်လေသည်။



မျက်နှာပြင်ပေါ်တွင်လည်း သိသာ ထင်ရှားသော အပြုံးရိပ်များ ဖြာသန်းသွားကြ၏။

"အင်း....သမီးကတော့ အားပေး ကောင်းပဲဟေ့၊ သားထက်တောင် နှစ်သိမ့်တတ်တဲ့ နေရာမှာ ပိုလ်စွဲချင်နေသေးအယ်၊ ဒီလို စွမ်း ဆောင် နိုင် မှုတွေ ကြောင့် ပဲ မေမေကြီး အိပ်ယာထက်က မြန်မြန် နာလန် ထူလာနိုင်ခဲ့တာထင်ပါရဲ့၊ သားတစ်ယောက်တည်းသာဆိုရင် မေမေကြီး ဒီလောက် မြန်မြန် ဆန်ဆန်ကြီး နေကောင်းချင်မှ နေကောင်းမှာကွယ်"

"ဟာ... မဟုတ်တာ မေမေကြီးကလဲ"

"ဘာမဟုတ်ရမှာလဲ၊ သိပ်ဟုတ်တာပေါ့၊ မေမေပြောတာ မှန်တယ်ကွ၊ လူတစ်ယောက်မှာ အနာသိတယ်၊ ဆေးရှိတယ်ဆိုပေမယ့်လဲ စိတ်ဓာတ်က အားတင်းနိုင်ဦးမှ၊ အားပေးတတ်သူလဲ ရှိဦးမှ၊ အားမတင်းနိုင်ရင် စိတ်လျှော့လိုက်ရင် သွားရော၊ စိတ်ကောင်းကိုယ်ကြံ ဆိုတဲ့ စကားကြားဖူးတယ် မဟုတ်လား၊ စိတ်လျှော့ထားတဲ့ လူနာတစ်ယောက် အတွက် အဓိက လိုအပ်ချက်က ဆေးဝါးတောင် မဟုတ်တော့ဘူး၊ အားပေးမှုလဲ လိုအပ်သေးတယ်၊ ချာတိတ်က မေမေ ပြောသလို သူ့ဘစ်ပါး စိတ်ကိုနားလည်တယ်၊ အားပေးနှစ်သိမ့်တတ်တဲ့သူပါပဲ"

ဘယ်အချိန်က နောက်ဘက်သို့ ရောက်လာမှန်း မသိသော ဦးနေမျိုးက ဇွန်ပွင့် စကားမဆုံးခင် ဖြတ်ပြောလာ၍ ဇွန်ပွင့် စကား မဆက်သာတော့။

www.burmeseclassic.com



ခပ်ပြောင်ပြောင်ကြီး ဖွင့်ဟပြောကျူးခံရ၍ မာနတတ်မထိုင်တတ်ဖြစ်ကာ မျက်နှာဝသည်။ နီရဲ တွတ်သွားရ၏။

ဒေါက်တာဒေနမျိုးကတော့ ခတ္တကလေး ရပ်ကာ ငြိမ်နေသော ဇွန်ပွင့်ကို နှစ်လိုစွာ တစ်ချက် စိုက်ကြည့်ရင်း ခပ်ပြုံးပြုံးပဲ ရှိနေ၏။

ခဏနေမှ သူ့မိခင်ဘက်သို့ လှည့်ကာ ရယ်ရယ်မောမော စကားဆို၏။ ဒါကိုပင် အကွက်ကောင်း စောင့်နေသူပီပီ ဇွန်ပွင့်ကလည်း လက်လွတ်မခံ၊ မေမေကြီးကို ခွင့်တောင်းသလို တစ်ချက်လှမ်းကြည့်လိုက်ပြီး....

"မေမေကြီး၊ ဘုရားပန်းတွေ လဲစရာ ရှိသေးတယ်၊ သွားလိုက်ဦးမယ်နော်၊ ဘုရားပန်းလဲပြီးမှ မေမေမကြီးကို အခန်းပြန်ပို့ပေးမယ်"

ပြောပြောဆိုဆို လှစ်ခနဲ ပြေးထွက်ရန် ဟန်ပြင်လိုက်၍ မေမေကြီးက အလိုက်တသိ ခေါင်းညိတ်သည်။

"ရတယ်သမီး၊ သွား....သွား....လုပ်စရာရှိတာ စိတ်ချလက်ချလုပ်၊ မေမေကြီး သားကိုပဲ တွဲပို့ခိုင်းလိုက်မှာ မယ် ဟုတ်လား"

ဇွန်ပွင့် ခေါင်းညိတ်သည်ဆိုရုံ ညိတ်လိုက်ပြီး၊ ထိုနေရာမှ အမြန်ထွက်လာခဲ့သည်၊

ပြုံးရယ်ကာ ကြည့်နေလိမ့်မည် ဖြစ်သော ဦးနေမျိုး ဘက်သို့ ... နည်းသေးမှ လှည့်မကြည့်မိအောင် မနည်းသတိထားရ၏။



ကြည့်မိလျှင် မလွယ်ပါ။

နေရင်၊ ထိုင်ရင်း အကြောင်းမဲ့ သက်သက် အခြောက်တိုက် သည်းတုန် အူတုန်နှင့်နှလုံးတုန်၊ ရင်ခုန်မြန်နေရပေဦးမည်။

ကိုကို့ မျက်ဝန်း အကြည့်များက နေရာတကာမှာ နက်နက်ရှိုင်းရှိုင်း ထွင်းဖောက်ရှိနေသလိုနှောင်ဖွဲ့စိုးမိုးလွန်းလှ၏။

ဇွန်ပွင့်ဆိုတဲ့ ဇွန်ပွင့်ဦးကလည်း သည်လိုဘုမသိဘမသိ ရင်ခုန်သံမြန်မှုကြီးကိုပဲ အကြောက်ဆုံးလေ။

ဟိုတုန်းက လူစိမ်းတစ်ယောက်အဖြစ်ထက် ပိုမို အသိအမှတ်မပြုခဲ့ဖူးသော ဦးနေမျိုးဆိုတဲ့သူကို အခုချိန်မှာ သည်း ဥပက္ခာပြုနိုင်သူဖြစ်ချင်ပါ၏။

ဒါကြောင့်လည်း ချက်ချင်းပင်အတွေးစများကိုဖြတ်တောက်ကာ မျက်နှာလေးကို အလိုမကျသလို မော့ပစ်လိုက်မိသည်။

သည်အချိန်က ဇွန်ပွင့်တွေဝေငေးမောနေရမည့်အချိန် မဟုတ်။ အလုပ်ချိန်ပေပဲလေ။

မီးဖိုကဲတွင်အလုပ်ရှုပ်နေမည်ဖြစ်သောဒေါ်စိန်ကိုကူညီဦးမှ မို့ ဘုရားခန်းသန့်ရှင်း၊ ပန်းကပ်၊ ရေတော်ကပ်၊ ဆီမီးသည့် ... ခြွေလှမ်းများကို မီးဖိုခန်းဆီသို့ဦးတည်လိုက်သည်၊

ထမင်းလူဦးရေက မေမေကြီးနှင့် ကိုကိုနှစ်ဦးတည်းသော

www.burmeseclassic.com



ရှိသည်ဆိုပေမယ့် ဟင်းခွက်ကျတော့ နှစ် ယောက် တည်း စာမဟုတ်။

လင်ဦးစိတ်အကြိုက် လိုက်ပြီး နှင်မျိုးခွဲချက်ရသည်။ ကိုကိုဆိုပဲ လူ့ခွာကတစ်မျိုး၊ လူကြည့်တော့သာ အေး စက်စက် နိုင်လှသည်ထင်ရပေမယ့် စိတ်ကျတော့ လက်တစ် ဆစ်မျှပင် ရှည်သည်မထင်။

အစားအသောက် အသေးအမွှား လေးကအစ ဘာ မသို သူ့စိတ်တိုင်းကျဖြစ်မှ ကျေနပ်တတ်၏။

သူ့စိတ်တိုင်းမကျလို့ကတော့ ဘယ်သူ့ မျက်နှာကိုမှ မထောက်ညှာတတ်၊ မျက်နှာရှစ်ခေါက်ချိုးပြီး ဇလေး တစ်ယောက်လိုဆန္ဒပြကာ ငုန်းဒိုင်းကြဲပစ်တတ်မြဲ။

အနေကြာလာသည်နှင့်အမျှ အနီးကပ် လေ့လာတွေ့ရှိ လာရသောကိုကို့ အကျင့်စရိုက်တွေကိုကောင်းကောင်းသိ နားလည်လာရသည်မို့ ဇွန်ပွင့်ဒေါ်စိန်ကိုသနားစနာစွာ အကူအညီ ပေးမြဲ ပေးရတော့သည်။

တစ်ခါတလေ ဇွန်ပွင့် မေမေကြီးကိုပြုစုလုပ်ကိုင်ပေး ရင်း အချိန်ကုန်သွားရ၍ မီးဖိုချောင်ထဲ ဝင်မကူမိသော ရက်များအိုလျှင် ဒေါ်စိန် ဆူခံထိ၍မဆုံး။

သူ့စိတ်ကိုင်းကျ နှစ်ခါပြန်စစ်စဉ်ပေးမှ၍ ဒေါ်စိန် ခမျှာ မျက်နှာငယ်လေးနှင့် မချိပြုံးပဲဆုံးဖြစ်ရမှာသည်။

ကိုကို့ ပြုအမူများကို လွန်သည်ထင်၍ ဇွန်ပွင့် မကြိုက်မနှစ်သက်ပေမယ့် မိမိကိုယ်တိုင်ကလည်း အိမ်ဖော်



အနေအထားနှင့် သူ့အလက်အောက်က အခိုင်းအစေ ဖြစ် နေသည်မို့ ဘယ်လိုမှပြန်မပြောနိုင်ဖို့ အခွင့်မသာ။

ယားယုနေ မစရာ သွားတဲ့အမှာ အရုပ်တစ်ရုပ်လို အနေစ အပါးပိုပို ကြိုက်သည်မှုရှိ မကြိုက်သည်ရှိရှိ မှုခါင်းသာ အတွင်ညိတ်ရနေတော့သည်။

ကြြည် ...လူ့ဘဝ အောက်ဆုံးလွှာက လူသားတွေမှာ လည်း သူလိုကိုယ်လိုစိတ်နှင့်ပဲ။

...မှုနိုင်၍ အညွှန်းခံရခြင်းက ခန္တီပါရမိ မညီနိုင်ပါဦး သား။ ငါတွေ အားလုံး ကိုကိုသိစေချင်ပါသည်လေ။

လူတန်းစားမညီပေမယ့် မျှမျှတတ စိတ်ထားရှေ့ တော့ ထားစေချင်ပါသည်။

ဇွန်ပွင့် ဆိုလိုချင်တာက....

မျက်နှာသာ မပေးချင်နေပါ။

အနိုင်မယူလျှင် တော်ပါပြီ။

* * *

အခန်း ( ၁၆ )

''ချာတိတ်''

''ရှင်....ကိုကို''

ခြံထဲပင့်မှ ဇွန်ပနန်းရိုအနီးတွင်တုရားဟင်ရန်၊ ဇွန်ပန်း ...များခူးပြီး အေးအေး ဆေးဆေး အာရုံစိုက် ...တုံးနေဆဲ။

www.burmeseclassic.com

www.burmeseclassic.com



ရှတ်တရက် အနားရောက်လာပြီး ထိုင်ချလိုက်သော ကိုကို့အပြုအမူကြောင့် ဇွန်ပွင့်အလန့်တကြားနှင့် ကြောင်အမ်းအမ်းလေးဖြစ်သွားရသည်။

"ဘာတွေများ တစ်ယောက်တည်း ထိုင်တွေးနေလဲကွာ၊ ကိုကို အိမ်ပေါ်က လှမ်းကြည့်နေတာ ကြာပြီ၊ ပန်းသီးသိုက်၊ အကြာကြီးငေးလိုက်၊ ပန်းသီးသိုက်နဲ့သဲသရော လည်နေရော၊ ခါတိုင်း ဒီလောက် မငေးပါဘူး၊ ဒီနေ့ ဘာဖြစ်နေလဲ၊ ပြောစမ်းပါဦး"

"အို... မဟုတ်တာ၊ ဘာ....ဘာမှ မဖြစ်ပါဘူး"

ဇွန်ပွင့်အထစ်ထစ် အငေါ့ငေါ့နှင့် ဖြေရှင်းမိတော့ သူက နှစ်ခြိုက်စွာ ရယ်လေသည်။

"မသိပါဘူးကွာ၊ ကိုကိုက ချာတိတ် သီတဂူမှာ နေ့ရတာ ငြီးငွေ့လာလို့များ ငိုင်တွေနေသလားလို့ပါ၊ မဟုတ်ဘူးဆိုရင် ပြီးရောပေါ့၊ အသိမပေး ဘာမပေးနဲ့တော့ ထွက်မပြေးပါနဲ့ကွာ ဟုတ်လား၊ သီတဂူမှာ လိုအပ်တာ ရှိရင်လဲ ပြောပေါ့၊ ဒီသီတဂူက လူတိုင်းရင်ကိုအေးချမ်းမှု ပျော်ရွှင်မှုတွေ အငြိအမြဲ ပေးစွမ်းမယ့် သီတဂူပါ..."

"အင်း....စောစောကတော့လဲ ငေးလိုက် ငိုင်လိုက် ခုတော့လဲ ဘာမှ မဆိုင်တော့ဘူးလိုပဲ၊ ပန်းသီးဘာ မြန်[illegible] ချည်လားကွ"

ဇွန်ပွင့် စကားပြန်မဆိုတော့ဘဲ ဇွန်ပန်းပွင့်လေးများကိုသာ ဂရုတစိုက် သဲကြီး မဲကြီး သီကုံးနေမိတော့ ကို[illegible]က ထုံးစံအတိုင်း အပြုံးရိပ်များ ရော စွက် လာ



မျက်ဝန်းစူးစူးတွေဖြင့် အကဲခတ်သလို စိုက်ကြည့်လာ၍ ဇွန်ပွင့် ဒိန်းခနဲ ရင်ခုန်ရင်း စိတ်ပလုံမလဲ ဖြစ်သွားရလေသည်။

ကိုကို့ကို မျက်ဝန်းချင်းဆိုင်၍ ပြန်မကြည့်ရဲသူ ပီပီ မျက်နှာကိုချက်ချင်း ပြန်ငုံ့ချလိုက်ရင်း ကိုယ့်ကိုယ်ကိုလည်း ဘာများ ချွတ်ယွင်းချက် ရှိနေမည်လဲဟု ပြန်လည်ဆန်းစစ်မိသည်။

ဘာမှတော့ ထူးခြားမှုရယ်ဟု မရှိလှပါ။ ဇွန်ပွင့်ပုံစံက နဂိုနေဟန်အတိုင်းပါပဲ။

ဇွန်ပွင့် အခုမှ လှုပ်ရှားသွားရသော စိတ်အစဉ်ကို ထိန်းချုပ်ရင်း....

"မဇွန် အိမ်ထဲသွားတော့မယ်၊ ဒေါ်လေးကိုကူလုပ်စရာ အလုပ်တွေရှိသေးတယ်"

အကြောင်းပြ ကောင်းကောင်းနှင့် နေရာမှ လှည့်ထွက်ရန် ပြင်လိုက်မိ၍ ကိုကိုက နားလည်နေသော အပြုံးများဖြင့် ဟန့်တားသလို ဆိုလာသည်။

"နေပါဦး ချာတိတ်ရဲ့၊ ကိုကို ချာတိတ်ကို မေးစရာတွေ ရှိနေတယ်၊ ဒေါ်စိန်ဆီ မသွားပါနဲ့ဦး၊ ခါတိုင်းလဲ သူ့ဘာသာ သူ့ဘာသာ တစ်ယောက်တည်းနဲ့ နိုင်နိုင်နင်းနင်း အောင်လုပ်နေကျပဲ၊ ချာတိတ် သွားကူစရာ မလိုပါဘူး"

ဇွန်ပွင့် ခြေလှမ်းများ တုံ့သွား၍ ကိုကိုကဆက်ပြောလာသည်။

"စိတ်တော့ မရှိနဲ့ကွာ၊ ခုန်မလေးဘူးဆိုရင် ကိုကို့

www.burmeseclassic.com

www.burmeseclassic.com



ကို ချာတိတ်ရဲ့အကြောင်း နည်းနည်း ပါးပါး ပြောပြပါလား''

''ဟို...ဟို ဘာတွေ ပြောရမှာလဲ''

ရင်ထဲမှာ သင့်နဲ့ ဖြစ်သွားရသည်နှင့် ဇာညီ မျက်နှာလေးယောင်ပြီး ပျက်လုလု ဖြစ်သွားရ၍ ဇွန်ပွင့် ဟန်မပျက်အောင် မနည်းကြိုးစားနေရသည်။

ဇွန်ပွင့် သိတတ်လိုက်လေသည့် မျက်ပေါင်း သုံးဆယ်ကျော် သက်တမ်းအတွင်း တစ်ခါမှ စိတ်ဝင်စားနှင့် စပ်စပ်စုစု မမေးခဲ့ဖူးတဲ့ ကိုကိုတစ်ယောက် အခုမှ ကောက်ကာငင်ကာ ဘာအကြောင်းပေါက်သွားသည်မသိ။ ထူးထူးခြားခြား စပ်စုနေ၍လည်း စကားမမှားအောင် သတိနှင့် ထိန်းရသည်။

''မွန်းမှာ ကိုကို့ကို ပြောပြစရာ အကြောင်းရယ်လို့ ဘာမှ ထူးထူးခြားခြား မရှိပါဘူး ကိုကို၊ သူလိုကိုယ်လိုပါပဲ''

''အဲဒီ မထူးခြားတာလေးတွေကိုပဲ ကိုကိုက သိချင်တယ် ဆိုရင်ကော၊ ဘယ့်နှယ်ကွာ အတူနေလာတာပဲ ကစ်လာလောက် ရှိခဲ့ပြီ၊ ချာတိတ် ဘယ်ကလာသလဲ၊ ဘယ်မှာနေဖူးတယ်၊ မိဘ ဘယ်သူ၊ ဆွေမျိုးတွေနဲ့ ဘယ်လိုဆက်စပ်တယ် ဆိုတာ တစ်ခါမှ မပြောပြဖူးဘူး...

''နောက်ပြီး ချာတိတ်အကြောင်းကလဲ ငယ်ငယ်လေးပဲ ရှိသေးတာ၊ အသက်နဲ့မလိုက်အောင် စိတ်ဓာတ်ခိုင်ခံတဲ့ ပုံစံက ခေတ်နောက်ပြန်ဆွဲလွန်းနေတယ်ကွ၊ ခေတ်လူငယ်တွေလို



ဆံပင်တိုနဲ့ နေလိုက်ရင် ချာတိတ် မျက်နှာလေးက တော်တော် နုသွားမှာ....

''ဆံပင်အရှည်ကြီးဆွဲလူးပြီး ဆံထုံးကြီးထုံးနေအောင် ထုံးထားတာတဲ့ ကြားကလေတင် သနပ်ခါး ပါးကွက်ကျားကြီး တစ်ချက်နှာလုံး ဖုံးလုလု ချာတိတ်ရဲ့ အလှကို မနိုင်မယ့်လူက ခပ်ရှားရှားပဲ ဥစ္စာ၊ ခေတ်ပုံစံနဲ့ လှလှပပလေး ဖြစ်အောင် ချာတိတ် ခနချိုင်စိတ်မရှိဘူးလား''

''ဟင့်အင်း''

ဇွန်ပွင့် ကိုကို့စကားဆုံးသည်နှင့် မဆိုင်းမတွ ခေါင်းခါရင်း သက်ပြင်းဖွဲ့သံတစ်ချက် ရှိုက်လိုက်မိ၍ ကိုကိုက ဦးငမ်းသလို မေးလာပြန်သည်။

''ဘာဖြစ်လို့လဲကွာ၊ မိန်းကလေးတိုင်း လှချင်နေတဲ့ ခေတ်မှာ ချာတိတ်က ဘာဖြစ်လို့ မလှချင်ရတာလဲ''

''ဘာမှ မဖြစ်ပါဘူး ကိုကို၊ အိမ်ဖော်ဟာ အိမ်ဖော်လို နေတာပဲ ကောင်းပါတယ်''

''ဘယ်ဟုတ်မလဲကွ၊ ကိုကိုတို့က ချာတိတ်ကို အိမ်ဖော်လို သဘောမှ မထားတာပဲ၊ ဒီလောက် အနေကြာတာတောင် ကိုကိုတို့ မိသားစုံ သဘောထားကို နားမလည်နိုင်သေးဘူးလား၊ ကိုကိုက တမင် စေတနာနဲ့ ပြောတာပါ''

''ဟုတ်...ဟုတ်ကဲ့ပါ ကိုကို၊ မွန် ဒီလိုပဲ နေချင်ပါ''

ဇွန်ပွင့် ခေါင်းကို အလျင်စလိုပဲ ခါပစ်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်လျှင် မိမိ၏နောက်ကြောင်းကို လုံးဝ ပြန်မပြောချင်ပါ။

အပြီးအပိုင် မေ့ထားလို့ရလျှင် မေ့ထားလိုက်ချင်တာပါ။ မိမိ၏ ဘဝနောက်ကြောင်းကို ခါးသီးသည့် နာကျင်ဖွယ်ရာ ဖြစ်သည်ဟု မဆင်စားလို လှပေမယ့် စိတ်မှာ ဒဏ်ရာရခဲ့သည်ကတော့ အမှန်တကယ်ပါပဲလေ။

ဒါပေမယ့်လည်း ကိုကိုက ငုံ့လင့်နေသည့် ပုံစံကြီးနှင့် ငေးစိုက်ကြည့်နေဆဲမို့ ဇွန်ပွင့် အဖြစ်မှန်တွေကို ရှောင်ကွင်းပြီး ပြီးစလွယ်ပြောပြဖို့ ဆုံးဖြတ်လိုက်ရသည်။

ဇွန်ပွင့် အဖြေမပေးသရွေ့ ကိုကို ဇွန်ပွင့် အနားမှ ထွက်သွားတော့မည် မဟုတ်။ ဒါကြောင့်လည်း....

"မဇွန်မှာ မိဘတွေ မရှိတော့လို့ ဆွေမျိုးနီးစပ် အဒေါ်တစ်ယောက်နဲ့အတူ နေရပါတယ် ကိုကို၊ အန်တီ့မိန်းကလေး မမကြီးအတွက် ငှားချင်တယ်ဆိုတာနဲ့ မဇွန်ကလဲ ဆန္ဒရှိတာနဲ့ အဒေါ်က ဒီကိုသည့်ပေးလိုက်တာပါ"

"ဟာကွာ....အဲဒီ အဒေါ်ကလဲ ချာတိတ်အပေါ် ပြီးစလွယ်နိုင်လိုက်တာ၊ ဒီလိုခေါ်တဲ့သူ့နောက် အလွယ်တကူ ထည့်လွှတ်တာပဲလား၊ သူ့သားသမီး အရင်းသာဆိုရင် ဒီလိုသည့်ပါ့မလား"

ကိုကိုက ဇွန်ပွင့် လုပ်ကြံ ပြောသမျှကို အဟုတ်ထင်မှတ်ပြီး မကျေနပ်သလို ပြောလာသဖြင့် ဇွန်ပွင့် ယဲ့ယဲ့ ပြုံးလိုက်မိသည်။

"ဘယ်တတ်နိုင်မှာလဲ ကိုကိုရယ်၊ မဇွန်ရဲ့ ဘဝပေး ကုသိုလ်ပဲပေါ့၊ ဒီခေတ် ဒီအခါမှာ လူတစ်ယောက်ကို အလကား တင်မကျွေးထားရတဲ့ စရိတ်ကလဲ ဆင်းရဲတဲ့ လူတွေအတွက်တော့ နည်းမှ မနည်းတာ၊ အဒေါ့်ကိုလဲ အပြစ်မတင်ချင်တော့ပါဘူး"

"ကဲ... ကဲ ပြောပါပြီး၊ ဇာတိကကော"

"ကျိုင်းတုံ"

"ဟာ... ကျိုင်းတုံ ဟုတ်လား၊ ရှမ်းကုန်းနဲ့ အဝေးကြီးပဲပေါ့၊ ကိုကိုက ရန်ကုန် နားကပဲ ထင်တာ၊ လက်စသတ်တော့ ကျိုင်းတုံကပဲ၊ ဒါကြောင့် ချာတိတ် အသားလေးတွေက နူးညံ့ပြီး/ပန်းသွေး သနေတာကိုး၊ ချာတိတ်က ရှမ်းမလေးပေါ့၊ ဟုတ်လား...

"ကိုကို ပြောသလို ရန်ကုန်သူတွေလို ပြင်ဆင်နေပါလား၊ အလှပြင်ဆိုင် လိုက်ပို့ပေးမယ်လေ၊ဆံပင်ဖြတ်ရင်လဲ ဖြတ်လိုက်ပေါ့"

အားမလို အားမရ ပြောနေပြန်၍လည်း ဇွန်ပွင့် ခေါင်းခါရမြန်သည်။

"ဟင့်အင်း....မာ၊ အဲ....အမေက ဆံပင်ဖြတ်တာ မကြိုက်ဘူး ကိုကိုရဲ့၊ မဇွန် ကိုယ်တိုင်ကလဲ မဖြတ်ချင်ပါဘူး၊ ဒီဆံပင်ပဲ ကြိုက်တယ်၊ ကိုကို ထင်သလို ,,,... အစစ်မဟုတ်ပါဘူး၊ အမေ့ဘာသာ ရှမ်း၊ အဖေက မြန်မာပါ"

"မာမိ" ဟု ထွက်လု စကားကိုသတိကြီးစွာ "အမေ" ဟု ပြင်ပြောရခြင်း ဘာရယ် မဟုတ်၊ အရှိန်ရလာတော့

www.burmeseclassic.com



ကိုကို မေးသမျှ ပုံးတချို့ ကွယ်တချို့ဖြင့် စိတ်လို လက်ရ ပြန်ပြောနေမိသည်။

ဇွန်ပွင့် ညီကို ရောက်လာတာ၊ ထိုင် အကြာကြီး မဟုတ်သေးပေမယ့် အခန့်ကြာလာသည်နှင့်အမျှ သီတဂူ မိသားစု၏ မိမိအပေါ် ထားရှိသော မေတ္တာ စေတနာ ကို သဘောကြောင့်လား မသိ။

ဇာတ်စင်နေ့ထက်တစ်နေ့ သီတဂူမှာ ပျော်သလိုလိုဖြစ်လာ ရိတာတော့ အမှန်ပါပဲလေ။

မေမေကြီးနှင့် ကိုကိုတို့ရော ခေါ်နိုင်ကပါ ဇွန်ပွင့်ကို အခိုင်းအစေ၊ အိမ်ဖော်အလုပ်သမား အဖြစ်ထက် ဆွေမျိုး ရင်းချာ သားသမီး၊ တူမသဖွယ် ကြင်ကြင်နာနာ ဆက်ဆံကြခြင်းကြောင့် ဆိုလျှင်လည်း မှားမည်မထင်ပါ။

ဘာပဲဖြစ်ဖြစ် ခုချိန်မှာတော့ သီတဂူ၏ မေတ္တာရိပ်မှာ ခိုလှုံရင်း မဥမ္မာကို လည်းကောင်း၊ ကိုထွန်းကျော်ကို လည်းကောင်း ဇွန်ပွင့်တကယ်ပဲ မေ့ပစ်နိုင်ခဲ့ပေပြီ။

ဇွိစ်လှုစွာသော ဒက်ဒီကိုတော့ ဖခင်အရင်းမို့လား မသိ။ လုံးဝမမေ့၊ နည်းနည်းလေးမှမမေ့

မကြာခဏဆိုသလို ဒက်ဒီ့အကြောင်းတွေးမိတိုင်းလည်း ရင်မှာ နာကျင်ပြင်းဝေဒနာ ဖြစ်ရမြဲ။

"ဟော… ချာတိတ်က နေရင်းထိုင်ရင်းနဲ့ မျက်ရည်တွေ ဝဲလို့ပါလားကွ၊ ပြောရင်းနဲ့ ဝမ်းနည်းသွားတယ် ထင်တယ်၊ ဘာလဲ ချာတိတ် အိမ်ကို ပြန်သတိရသွားလို့လား"



"အဟင်း… ဘာရယ်လို့ မဟုတ်ပါဘူးကိုကို၊ မဇွန့်ဘဝနောက်ကြောင်းက ဒီလောက်ပါပဲ"

ဇွန်ပွင့်က ဒက်ဒီ့အကြောင်း အမှတ်ထင်စရာတွေ ဝင်မိရုံမျှနှင့်ပင် ဝဲချင်ချင်ဖြစ်လာသော မျက်ရည်များကို မျက်တောင်ဘျူကဖျက်ခတ်ထိန်းလိုက်ရင်း ထိုင်ရာမှ ထလိုက်ကာ သူ့ဘဝ နောက်ကြောင်းကို အဆုံးသတ်လိုက်၍…

"ဟာကွာ"

ကိုကို့ထံမှ မချင့်မရဲနှင့် မကျေမနပ် စကားသံ ထွက်ပေါ်လာလေသည်။

ဇွန်ပွင့်ကတော့ ဘာဆိုဘာစကားမှ မဆက်တော့။ ဆီးကပ်စ ဇွန်ပွန်းကုံးလေးများကိုသာ လက်စသတ်ကာ ဆွဲယူလိုက်သဖြင့် နေမျိုးအလိုက်သိစွာ နေရာမှ ထရပ်လိုက်သည်။

ဇွန်ပွင့် စိတ်မပါတော့မှန်းသိ၍ သည်ထက်ပို မစပ်စု ချင်ပေတော့။

"ကဲပါကွာ… ချာတိတ်အကြိုက်ပင် ဆက်မမေးတော့ဘူး၊ဟုတ်လား၊ ကိုကို အလုပ်သွားတော့မယ်"

ဇွန်ပွင့် ခေါင်းလေးကို ချစ်စနိုး ကင်ချက် ပုတ်ကာ … ထွက်သွားလေမှ ဇွန်ပွင့်တိတ်တခိုး ရှိုက်သွင်းထား ပင့်သက်ကို မှုတ်ထုတ်မိတော့သည်။

ဘာပဲပြောပြော ကိုကိုအနားမှာ မရှိလေမှ ဇွန်ပွင့်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ရောကိုယ်ပါ လွတ်လပ်မှု ရသွားသလို ခံစားရတာတော့ အမှန်ပင်တည်း။

ဇွန်ပွင့်အနားမှ ကျောခိုင်းထွက်ခွါလာခဲ့သော နေမျိုးတစ်ယောက်ကတော့ မျက်ဝန်းအိမ်ထဲမှာ ဇွန်ပွင့်၏ မျက်နှာနုနုလေး ကပ်ငြိလိုက်ပါလာသလို နှုတ်ခမ်းများမှ အပြုံးရိပ်များ စွန်းထင်းလို့နေ၏။

ရုပ်ဖျက်ထားသည် ဆိုပေမယ့် ဇွန်ပွင့်ဦး၏ ပင်ကိုယ်သဘာဝအလှက လုံးဝ ပျောက်ပျက်မသွား။

ချွေးစို့၍ တစ်ပိုင်းတစ်စ ပျက်ပြယ်နေသော သနပ်ခါးအောက်မှ မျက်ဝန်းလက်လက်လေးများ၊ နှုတ်ခမ်းထူထူရဲရဲလေးများနှင့် မျက်နှာဖူးဖူးလေးတို့က ဇွန်ပွင့်ဦး၏ အလှကို ဟောဒီလို... ဟောဒီလိုပါဟု ကြွေးကြော်နေဆဲ ဝင့်ကြွားနေဆဲမို့ သဘာဝအတိုင်း ပိုလို့ပင်လှပနေသေး၏။

ဒါကို ဇွန်ပွင့်ဆိုတဲ့ ချာတိတ်မလေးက မသိလေ။

သူ့ကိုယ်သူ ဟုတ်လှပြီ အထင်နှင့် မိမိကိုအရှုံးလုပ်ဖို့ ကြိုးစားနေသည်။

ဒါတင်မကသေး။ လိမ့်ဖြစ်အောင်လည်း လိမ့်လိုက်သေးသည်။

သူ့ဇာတ်က ကျိုင်းတုံကပါ၊ ကျိုင်းတုံသူပါတဲ့။ စကားပြောတော့လည်း ပြောရိုးပြောစဉ် ဇွန်ပွင့်အသံနဲ့ အဲ...ဇွန်ကနှင့် တစ်ဇွန်တည်း ဇွန်နေသည်။



"ကြော်...ချာတိတ်ရယ်...၊ မင်းဘယ်သူဆိုတာ ကိုယ်ကြိုသိထားပါတယ်ကွာ"

"ဇော်ဦး ဘယ်သူဆိုတာ မင်းသိရင်ကော"

"ဟူး...မလွယ်ပါလား"

ဒေါက်တာ နေမျိုးခေါင်ကိုသာ လေးပင်စွာ ခါယမ်းလိုက်မိတော့သည်။

ဇွန်ပွင့်ဦးဘယ်သူဆိုတာ အစကတည်းကကြိုမသိရလျှင်လည်း အကောင်းသား။

အခုတော့ ကြိုတင်သိနေပါလျက်နှင့် အပြောခက်၍ ကိုယ်စိတ်နှစ်ပါး ထိန်းသိမ်းစောင့်စည်းရသော အလုပ်တစ်ခုကို မလုပ်ချင်ပါပဲနှင့် အပိုလုပ်ဒဆောင်နေရလေပြီ။

ဟန်ဆောင်ရတာ တကယ်ပင်ပန်း ခက်ခဲလွန်းမှန်းကိုလည်း ကိုယ်တွေ့ကြုံလာခံစားရလေမှ သေချာသဘောပေါက်ရတော့၏။

တကယ်ရင်မောရသော အဖြစ်ပါပဲ။

စိတ်ဖောကိုယ်မော သက်ပြင်းတချချနှင့် ဆေးခန်းကိုရောက်သွားရသောနေမျိုးတစ်ယောက် ဆေးခန်းရောက်တော့ သူငယ်ချင်း ဖြစ်သူမြင့်ဦးက ခရီးရောက်မဆိုက်ဆီးကြိုနှုတ်ဆက်ပြန်သည်။

"ကြော်...ပြန်လာသေးတယ်ကိုးနော်၊ ငါဖြင့်အမင်းတားထင်ခဲ့ လွတ်လိုက်မိတာ စုဌသိပ်များ ရေထဲမှာလျှောက်လိုက်မိသလားလို့ အခု ဖုန်းဆက်တော့မလို့"

www.burmeseclassic.com



"အဟဲ...."

နေမျိုး မျက်နှာချိုသွေးသလိုလေး ရယ်လိုက်မိတော့ ပိုဆိုးသည်။

"ဘာ အဟဲ...လဲ၊ အခုမှ သွား ပြောပြမနေနဲ့ ကကယ်ပြောတာ၊ ဒီအချိန် အလုပ်ရှုပ်မှန်း သိသိကြီးနဲ့ စိမ်ပြေနပြေ နေနေတာများ အံ့ရော၊ ငါ့မှာတော့ဆေး ခန်းမှာ ထမင်းတောင် ဖြောင့်ဖြောင့် မစားရဘူး၊ လူနာတွေနဲ့ တစ်ယောက်တည်း ကျင်ခြေကိုလည်လို့"

"အေးပါ၊ ဟုတ်ပါကယ်၊ ငါလဲ ချက်ချင်းပြန်လာခဲ့လို့ပါပဲကွာ၊ မထင်မှတ်ဘဲ စကားကောင်းသွားလို့ နောက်ကျသွားတာပါ နောက်ဆို ဒီလို မဖြစ်စေရဘူး၊ ဟုတ်ပြီလား"

"ပြောတာပဲ"

"တကယ်ပြောတာပါကွ"

နေမျိုး ရယ်ကျဲကျဲနှင့် ကတိပေးလိုလို ဆိုလိုက်မိမှ မြင့်ဦး ငြိမ်ကျသွားတော့သည်။

ဒါပေမယ့်လည်း သိပ်ပြီး ကျေနပ်လှသည်တော့ မဟုတ်ချေ။ ပါးစပ်က ပွစိပွစိနှင့် ပြောဖြစ်အောင် ဆက်ပြောလိုက်သေးသည်။

"အင်း....မင်း ဟာပြောကို ယုံပြီး စောင့်ရမယ်၊ ငါ သာဓုမယ်၊ လူနာဆိုင်တော့ မင်း ဒီပုံလုပ်ပုံမျိုးနဲ့ စောစောစီးစီးကြွနှင့် တာကြာပြီ၊ ဒီအချိန်ဆို အခုလောင်း ဆောင် တောင့်တင်းနေလောက်ရော့မယ်"



"ဒီလောက်ဘောင်ပဲလားကွ၊ လူကို ညှန်းလှချည်လား၊ ဟား ဟား ဟား"

နေမျိုး မနေနိုင်တော့။ ခြေကားယား လက်ကားရားနှင့် ဟန်ပန်လုပ်ကာ ပြောပြနေသော မြင့်ဦးကို ကြည့်ပြီး သဘောကျစွာ တဟား ဟား အော်ရယ်မိလေတော့သည်။

သည်တော့ မြင့်ဦးလည်း မနေနိုင်။ နေမျိုးကိုကြည့်ကာ သူပါရယ်လေတော့သည်။

သည်ကောင်က သည်ပုံပါပဲ၊ စိတ်အခံနုံမသင့်၍ စိတ်ဆိုးလျှင်ဘယ်လောက်ဆိုးဆိုး၊ ခဏပွဲပွဲပြုသည်။ ကြာကြာ စိတ်မဆိုးတတ်။

ဘာကြီး ဖြစ်နေဖြစ်နေ ခဏကြာသည်နှင့် ရယ်ရယ်မောမော ပြီးမြောက်သွားမြဲ၊ ဘာမှ အမှတ်သညာကြီးကြီးမရှိ။

နေမျိုး အခုပါတွင်လည်း သူငယ်ချင်းကောင်း ပီသသူ အစဉ်အမြဲသည်းခံတတ်သူ ဖြစ်၏။

သည်မနေ့က ဆေးခန်းမှာ ခြွဲမြဲနေကာကိုပဲ ကြည့်လေ။ သည်ဆေးခန်းကို နေမျိုးနှင့် မြင့်ဦး နှစ်ယောက်ပေါင်းကာပြီး တွဲဖွင့်ထားသည်ဆိုပေမယ့် ဆေး ခန်းမှာ အမြဲလို ထိုင်ခံ ပင်ပန်းတတ်သူက မြင့်ဦး တစ် ယောက်တည်းသာ။

မမျှော်လင့်ပါပဲနှင့် ဒါခင်ဖြစ်သူ ကျန်းမာရေးချို့တဲ့ သော ဖေဖေဖြစ်သွားရမှုကြောင့် မိခင်ကို ဂရုစိုက်နေတာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်၊ဆေးရုံကတစ်ဖက်နှင့်မို့ နေမျိုးဆေးခန်းထိုင်ချိန်က မြင့်ဦးနှင့်စာလျှင် နည်းပါးလွန်းလှသည်။

မေမေ လေဖြတ်ကတည်းက ဆေးခန်း အချိန်ပြည့် ထိုင်ပေးနိုင်သောရက်ရယ်ဟူ မရှိတော့ပေ။

သည့်ကောင်ကြီး နားလည် စာနာစိတ်နှင့် သဘော ကောင်းလွန်းလို့သာ တော်တော့၏။ သည်ကောင် စိတ် မရှည်လျှင် လုံးဝမလွယ်ပါ။

ဘည်ကြားထဲ အိမ်မှာ ဇွန်ပွင့်ဦးဆိုတဲ့ ချာတိတ်မ လေးရောက်လာချပြန်တော့ ယခင်ကအိမ်မှာထက် ဆေး ခန်းမှာ ပိုမြဲချင်သော နေမျိုးတစ်ယောက်....

ယခုဆိုလျှင် ငွေဆိုးဖောက်ကာ ဆေးခန်းထက် အိမ် မှာမြဲချင်နေသည်မဟုတ်ပါလား။

ကိုယ့်အကြောင်းနှင့်ကိုယ်မို့ နေမျိုးမျက်နှာ ပြုံးချင် ချင်ဖြစ်သွားရတော့ မြင့်ဦးက ဘယ်လို အတွေးပေါက် သည်မသိ။

"အန့်တိ အခြေအနေကော ဘယ့်နှယ် နေသေးလဲ နေမျိုး၊ ကောင်းတော့ ကောင်းစ ပြုနေပြီမဟုတ်လား တော်တော်လေး သက်သာတယ်ဆို"

... သိချင်တာကို ကောက်ကာ ငင်ကာ သတိ တရ ... ပြင့်....

... ကျလို ရနေပြီလေ၊ ဟိုနေ့က မင်းအိမ် ပျော် ... မြင့်ဦး၊ မင်းပြောတဲ့နေ့တုန်းကတော့



မေမေ အပြင်ထွက်တွေ့သွားလာပဲဟာ၊ အခုမှဘာအထူး အဆန်းလုပ်မေးနေတာလဲ"

"ဟာ....ဟုတ်ပါရဲ့ကြည့်စမ်း၊ ငါ လုံး လုံး မေ့နေ တယ်၊ အဲ့....ဒါနဲ့ နေစမ်းပါဦး၊ ငါ အခုမှ သတိရ တယ်၊ မင်း မားသားကြီးကို လမ်းတွဲလျှောက်နေတဲ့ ကောင်မလေးက ဘယ်သူလဲကွ၊ အဘွားကြီး အတွက် စပယ်ရှယ်ငှားထားတဲ့ နပ်(စ်)လား၊ ပုံလေးက မဆိုး ဘူးနော်၊ အရိုင်းတုံးဖြစ်နေလို့သာ သွေးလိုက်ရင် တော် တော်တက်လာမယ့်ပုံစံမျိုးပဲ၊ အရင်က အဲဒီ ကောင်မ လေး မင်းတို့အိမ်မှာမရှိပါဘူး"

"အေးလေ အရင်က မရှိပေမယ့် အခု ရှိနေလို့ မင်း တွေ့ရတာကွ၊ မရှိရင် ဘယ်တွေ့ရမလဲ"

နေမျိုး ဟန်မပျက် ခပ်တည်တည် ပြန်ဖြေလိုက်၍ ပေါက်တာ မြင့်ဦးက နေမျိုးကို မေးခွန်း ထုတ်ရင်းမှ တစ်စုံတစ်ခုကို သဘောပေါက်သွားသလို ကျေနပ်စွာ လက်ဖျစ် တစ်ချက်တီးလိုက်သည်။

"အဲ....ဟုတ်ပြီ ဟုတ်ပြီ၊ ငါသိပြီ၊ မင်း ခုတလော အိမ်ပြန်ပြန်နဲ့ လစ်သွားတာ ဒါကြောင့်ပဲ ဖြစ်ရမယ်၊ ဟုတ် တယ် မဟုတ်လား၊ ဟေ့ကောင်၊ မင်း ငါ့ကို မုန့်ကျွေး ပြောနော်၊ ညာမယ်တော့မကြံနဲ့၊ မင်းအမေကို ... ပြီး ... ကောင်မလေးအနားကပ်ဖို့ကြံစား... မဟုတ် လား"

www.burmeseclassic.com

www.burmeseclassic.com



သူခိုးဖမ်းသလိုပုံစံမျိုးနှင့်အဘည်ပေါက် စစ်မေးနေ၍လည်း နေမျိုးမျက်နှာ မချိုမချဉ် ဖြစ်သွားရသည်။

အမှန်ဘာရားကိုဖြေလို့ မဖြစ်သေးသည့်အချိန်မို့ မယုတ်မလွန်သွယ်ဝိုက်သော အဖြေစကားကိုလည်း ဆိုရ၏။

''မင်းထင်သလို မဟုတ်ရပါဘူး 'မြင့်ဦးရာ၊ အဲဒါ မေမေ့ကို ပြုစုဖို့ခေါ်ထားတဲ့ ချာတိတ်မလေးပါကွ၊ ဆွေရိပ်မကင်း၊ မျိုးရိပ်မကင်းထဲကပါ''

''အောင်မယ် မသိရင် ခက်မယ်၊ အပိုတွေ လုပ်မနေစမ်းပါနဲ့ နေမျိုးရာ၊ မင်းနဲ့ငါ ပေါင်းလာတာ ခုမှမဟုတ်ပါဘူး၊ ငယ်ငယ်လေးကတည်းကပါ၊ ခုမှ ဆွေရိပ်မကင်းမျိုးရိပ်မကင်းတွေ လာလုပ်မနေစမ်းပါနဲ့၊ ကောင်မလေးက အရိုးခံလေးဆိုပေမယ့် သေချာကြည့်ရင် မဆိုးဘူးကွနော်၊ ဟဲဟဲဒါကြောင့် ငါလဲ လျှင်ပါတယ်ကွ''

''မင်းမယုံလဲ နေလေ၊ ငါကတော့ အမှန်အတိုင်းပြောတာပဲ၊ ဒီထက်လဲ ဘာမှ ပိုမပြောတတ်ဘူး''

နေမျိုးဘူးခံလက်စနှင့် ဆက်၍ ညာမြဲ ညာပစ်လိုက်မိသဖြင့် မြင့်ဦးမခံချိမခံသာ ဖြစ်သွားသည်လား မသိ။

နေမျိုးကို တော်တော်ကြာကြာကြီး စိုက်ကြည့်နေပြီးမှ ခေါင်းဆတ်လိုက်၏။

''အေးလေ အဲဒါဆိုလဲ၊ ပြီးတာပဲပေါ့၊ ငါ့ကုသိုလ်ကံပဲပေါ့၊ ဖူးစာရေးနတ်က ငါတစ်ယောက်တည်း နေရတာ မကြည့်ရက်လို့ ငါနဲ့တွေ့ဖို့ ဖန်တီး ပေးလိုက်တာပဲ ဖြစ်မယ်၊ ဆွေမျိုးနီးစပ်တော်ဘာယ်ဆိုတဲ့ မင်းနှမကို ငါရအောင် ပိုးယူတော့မယ်နော် ယောက်ဖ''

''ဘာ''

ရယ်ရယ်မောမောနှင့် တစ်ချိန်လုံး ပြုံးရွှင် နေသော နေမျိုး မျက်နှာက မြင့်ဦးစကားမှ မဆုံးသေး။

မလိုတမာ ဟန့်တားသံနှင့်အတူ မျက်နှာကြီးကပါ တင်ပြိုင်နက်တည်းလိုလို ခက်ထန်သွားရ၍ မြင့်ဦးကျေနပ်စွာ ပခုံးတွန့်လိုက်မိပြီး စ,ဖြစ်အောင် ဆက်စ,ဖြစ်လေသည်။

''အဟင်း....အခုမှ မိသားဖသားပီပီ ပိုးခွင့်တောင်းရုံပဲ တောင်းရပါသေးတယ်ကွာ၊ မျက်နှာကြီးက ချက်ချင်းကြီးပဲ လူထသတ်တော့မယ့်အတိုင်း ဖြစ်မသွားပါနဲ့၊ မင်းနဲ့ငါသူစိမ်းတွေမဟုတ်ဘူး၊ တစ်သက်လုံးပေါင်းသာတဲ့ သူငယ်ချင်း အရင်းကြီးပါ၊ ဒီလောက် လေးတော့ သဘောထားကြီးမှပေါ့၊ နှမရှိတဲ့ သူဟာ စိတ်ရှည်ရှည်ထားနိုင်ရတယ်ကွ''

''မသိဘူးကွာ မသိဘူး၊ ငါနဲ့ ဘာမှမဆိုင်ဘူး၊ ငါ့ကို ဘာမှ လာမပြောနဲ့''

''မပြောလို့ရမလား၊ ခင်းတို့ကဆွေမျိုးနီးစပ်တွေပဲ''

''ဟာကွာ''

စ,ကောင်းကောင်းနှင့် စ,နေသောမြင့်ဦးတစ်ယောက်သားတောင် မဆုံးသေး။ နေမျိုး တကယ်ပဲ မျက်နှာခေါက်ချိုးကာ ထရပ်လိုက်ပြီး၊ ဆေးခန်းအပြင်ဘက်

www.burmeseclassic.com



သို့ ခြေလှမ်း ကျဲကြီးများနှင့် ထွက်သွား၍ ပါးစပ်အဟောင်းသား ဖြစ်ကျန်ရစ်ခဲ့ရတော့သည်။

''ရော်....ဒီကောင် ဘာဖြစ်သွားပါလိမ့်၊ ဘာမှလဲသူ့ဒေါသတကြီး ဖြစ်စေလောက်အောင် ငါ မစ,မိပါလား''

ကိုယ့်အတွေးနှင့်ကိုယ် ချာချာလည်သလိုလည်း ဖြစ်သွားရ၏။ ကျေနပ်လောက်သော အဖြေကတော့ ထွက်မလာပါ။

ခါတိုင်း တစ်ဦးနှင့်တစ်ဦး ဒါထက်မက စ,ကြနောက်ကြနှင့် ပြောမနာ ဆိုမနာ ပြောင်လှောင်နေတုန်းကတောင် သည်လောက် ဒေါသမကြီးစဖူး။ ခုမှ ဆိုးဖောက်ကာ ဘာမှမဟုတ်တာလောက်နှင့် ဒေါသတကြီးဖြစ်သွားရသည်မို့ နေမျိုးကို မြင့်ဦးနားမလည်နိုင် ဖြစ်ကာ မျက်မှောင်ကုတ်နေမိဆဲ....

''ဆရာတို့နှစ်ယောက်ကတော့လေ၊ တကယ့်ကိုကလေးတွေကျနေတာပဲ၊ စလိုက်ကြ၊ နောက်လိုက်ကြ၊ စိတ်ဆိုးလိုက်ကြ၊ ပြန်ခေါ်လိုက်ကြနဲ့ ဘေးလူတောင် ကြာတော့ရယ်ချင်လာတယ်၊ ခုလဲ စိတ်ဆိုးပြီး ဟို တစ်ယောက် ထွက်သွားပြီ မဟုတ်လား၊ နောက်ပြီးတော့ နေနိုင်တာလဲမဟုတ်ဘဲနဲ့၊ မကြာခင်ပြန်လာပြီး ပြန်ခေါ်ကြလိမ့်ဦးမယ်''

သူတို့နှစ်ယောက် အကြောင်းကို အစင်းသိ အတွင်းသိဖြစ်နေသူ သူနာပြုဆရာမကြီး ဒေါ်ခင်မြက ရယ်မောပြီး အခန်းထဲသို့ ဝင်လာသဖြင့် မြင့်ဦး ခေါင်းညိတ် ပြလိုက်မိသည်။



ဟုတ်တော့လည်းဟုတ်ပါသည်လေ။ မိမိတို့နှစ်ယောက်အဖြစ်က ပြောမယ်ဆိုလည်း ပြောချင်စရာပဲ မဟုတ်ပါလား။

ဘာမဟုတ်တာလောက်နှင့် စိတ်ဆိုးချင်ဆိုးပြီးမခေါ်ဘဲ ကြာကြာ မနေနိုင်။

ကလေးတွေလို စိတ်ဆိုးလိုက်ကြ၊ ပြန်ခေါ်လိုက်ကြနှင့် မကြာခဏ သိသရာလည်းနေမြဲ။

အခုလည်း ဒေါ်ခင်မြ စကားမဆုံးသေး။ အခန်းထဲသို့ နေမျိုး ပြန်ဝင်လာသည်။

မျက်နှာက စောစောကလို ခက်ထန် စူပုပ်နေသောရှုံ့ခေါက်ချိုး ပုံစံနှင့် မဟုတ်တော့။ ချက်ချင်းပဲ စိတ်ပြေသွားပုံရသည်။

သူမဟုတ်သလို ပြုံးပြုံးရွှင်ရွှင်နှင့် မြင့်ဦး နံဘေးမှာ ဝင်ထိုင်လိုက်ရင်း....

''မင်းတို့ ငါ့အကြောင်း ပြောနေကြတာ မဟုတ်လား''

စိတ်မလုံသလိုဆိုနေပြန်သဖြင့် မြင့်ဦးရယ်လိုက်မိသည်။

''မဟုတ်ရပါဘူးကွာ၊ နောက်ဆို ဘယ်သူ့ နှမကိုမှ မဟောင်းရဲတော့ဘူး၊ မနောင်းဝံ့ တော့ဘူးလို့ ပြောနေတာပါ''

''တော်စမ်းပါကွာ''

သည်လိုကျတော့လည်း နေမျိုး သူ့ကို မြင့်ဦးသမင်မြှင့်စနေမှန်း သိသဖြင့် မြင့်ဦး ပခုံးကို လက်သီးဖြင့်ခပ်ဖွဖွထုမ်းထိုးရင်း ရယ်မောနေ၏။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းကျတော့လည်း နေမျိုးဘက်က သာ အလွန်ပေပဲလေ။ တမင်စမှန်း သိလျက်နှင့် ဒေါ်သ ထွက်သွားမိသည် မဟုတ်ပါလား။

မြင့်ဦးဆိုတဲ့ ကောင်က ခုမှ အစ်သန်တာမဟုတ်။ ဟိုးရှေးပဝေသဏီ ကတည်းက ဟုတ်ဟုတ် မဟုတ်ဟုတ်၊ စိတ်ထဲက မပါလည်း တစ်ဖက်သား မခံချင်ဖြစ်အောင် အလွန် အစသန်တတ်သူ၊ အကျီစားသန်တတ်သူပေပဲ။

ဒါကို သိသိကြီးနှင့် ဒေါသတကြီး ဖြစ်မိသည်ဆိုတော့ မိမိ၏ မနာလိုစိတ်ကိုပဲ အပြစ်ဘင်ရပေတော့မည်ပေါ့။

ချာတိတ်နှင့် ပတ်သက်လာလျှင် စကားနှင့်စတာလေး လောက်တောင် နေမျိုးရင်ထဲက ခံနိုင်ရည် မရှိတာကိုလည်း ရှက်၍မဆုံး။

ကိုယ့်ကိုယ်ကိုလည်း နားလည်သည်ထက် ပိုမိုနားလည်သွားရသည်။

ဩော်....ချာတိတ်ရယ်။

တို့များ ဘယ်လောက်ကြာကြာ ဆက်ပြီး ရင်မောခြင်း ဝေဒနာတွေ ခံစားနေရဦးမှာလဲ။

*　　　*　　　*

## အခန်း (၁၇)

သည်နေ့ စနေနေ့မို့ ကိုကိုဆေးခန်းမှ စောစော ပြန်လာမည်ထင်သည့် အတွေးတစ်ပိုင်းဖြင့် ဒေါ်စိန်ဝယ်လာသော ဟင်းလျာများကို သန့်နေဆဲ။

''မဇွန်ရေ....ငါးကိုင်ပြီးပြီလေ၊ ဒါကို ဘယ်လိုမျိုးချက်မှာလဲ''

ဒေါ်စိန်က ငါးကိုင်နေရာမှ လှမ်းအော်သိုက်သဖြင့် ဇွန်ပွင့်နေရာမှ ထလိုက်ရသည်။

''မေမေကြီးဖို့ ကြက်သား ဆီပြန် လေးနဲ့ ငါးခူအသားစင်း၊ ငရုတ်သီးစပ်စပ်နဲ့ တစ်ခွက်၊ ပဲကြာဆံဟင်းချိုရယ်၊ မြင်းခွါရွက် အချဉ်သုပ်လေးရယ်၊ ငါးပုံပြား ဆီစိမ်ရယ် လုပ်ပေးလိုက်မယ်....

''ကိုကို့ဖို့တော့ ငါးမြင်းရင်း ဝမ်းဗိုက်သားကို မန်ကျည်းမှည့်ရည်နဲ့ အချဉ်ချက် ချက်မယ်၊ ပုစွန်ဆီပြန် တစ်ခွက်ချက်မယ်၊ ကန်စွန်းရွက် တစ်ခွက်ကြော်မယ်၊ မုန်ညင်း ဟင်းချိုနဲ့ ပဲပုပ်ကို ငရုတ်သီး ကြက်သွန်ဖြူနိုင်နိုင်နဲ့ ရှမ်းထောင်း ထောင်းပေးလိုက်မယ်လေ''

''အင်း... မမကြီးတို့ မောင်မျိုးတို့ စားမြိန်တာလဲ မပြောနဲ့၊ မဇွန်က တစ်နေ့တစ်မျိုး ဟင်းမထပ်အောင် စိတ်ရှည်လက်ရှည် သိပ်ပြီး စီစဉ်တတ်တာပဲ၊ ဒေါ်စိန်တော့ မဇွန်ရောက်လာတာ တစ်အားပဲ၊ နို့မို့ဆို မောင်မျိုးက အားကြီး ကြေးထူတာကွယ့်၊ ဟိုဟာင်း စိတ်တိုင်း

www.burmeseclassic.com



မကျ၊ ဒီဟာင်းစိတ်တိုင်းမကျနဲ့ ခုတော့ ဘာမှ ဆုံးသပ်ပုံသံ မကြားရတော့ဘူး၊ ဟန်ကိုကျသွံ့''

ဇွန်ပွင့်စိတ်ညှိုနေသမျှကို ဒေါ်စိန်ကပါ အား တက်သရော လေး အောက်ခံလာသဖြင့် ဇွန်ပွင့်ရယ်လေသည်။

''မဇွန်လဲ ဟာတ်လှိုနပ်လှိုတော့ မဟုတ်ပါဘူး ဒေါ်လေးရယ်၊ တတ်သမျှ မှတ်သမျှလေး ချက်ရတာပါ။ ကိုကိုစိတ်ကောင်းဝင်ချိန်နဲ့ တိုးနေလို့လားမှမသိတာ''

''အမယ်လေးလေး...မောင်မျိုးသား၊ စိတ်ကောင်းဝင်မှာ၊ ဝေးသေး၊ မဇွန်ချက်သမျှ သူ့စိတ်တိုင်းကျတွေ ချည်းမို့သာ မြိမ်နေတာ သိရဲ့လား၊ စိတ်တိုင်းမကျလို့ ဆိုတော့ နည်းနည်းလေးမှ အားနာလိမ့်မယ် မထင်နဲ့၊ စေတနာနဲ့ချက်ပေးတဲ့သူ လဲသေသေ၊ သူပြောချင်တာကို ဒေါ်နဲ့မောနဲ့ ပြောပြပါလိမ့်မယ်၊ ဒေါ်သကုမ္မာရကိုတော့ ကြောက်လွန်းလို့၊ တကယ်ပဲ''

ဒေါ်စိန်က ခေါင်းတွန့်ကာ ဟန်နှင့်ပန်နှင့် ပြောနေပြန်သဖြင့် ကြက်သွန်နီ သင်ရင်းမှ ဇွန်ပွင့် တစ်အားရယ်မိလေတော့၏။

''ပြောတော့မယ် ဒေါ်လေးရယ်၊ ဒီလောက်တောင်ပဲလား''

''ဒီလောက်တောင်ပဲတော်ရေ့၊ ဒီလောက်တောင်ပဲ၊ မဇွန်က ကိုယ်တော့ကြုံဖူးသေးလို့ ရယ်နိုင်တာ၊ ကိုယ်တွေ့ကြုံရင် ဒေါ်လေးပြောတာ နည်းတောင်နည်းသေးတယ် ထင်လိမ့်ဦးမယ်''



ဒေါ်စိန့်ပြောတာ ဟုတ်တုတ်တုတ်မို့ ဇွန်ပွင့်ချက်ချင်းပဲ ငြိမ်ကျသွားရသည်။ အားရပါးရ မရယ်ဖြစ်တော့။

ဟုတ်တော့လည်း ဟုတ်ပါသည်လေ။ ဒေါ်စိန့်ပြောတာ အမှန်ချည်းပါပဲ။

ဇွန်ပွင့် ကိုယ်တိုင်လည်း ပြောမယ့်သာ ပြောရသည်။ ကိုကိုစိတ်အလိုမကျလျှင် မှုန်ကုပ်ထားသော မျက်နှာထားကြီးကို ခပ်လန့်လန့်ရယ်ပဲ မဟုတ်ပါလား။

''ဒေါ်လေးရေ... တင်းချက် ဖို့ တော့ အဆင်သင့်ဖြစ်ပြီ''

အလုပ်လုပ်ရင်းမှ စိတ်ပျံလွင့်သွားရသော ဇွန်ပွင့်ဦးတစ်ယောက် အခုမှ သတိတရဖြစ်ကာ ကိုယ့်အလုပ် ကိုယ်အာရုံစိုက်ရင်း ငါးခူအသားစဉ်းကော ခုတ်ထားသော ငါးကို ဆေးရန်ဆွဲအယူ...

''အာ...အလာလာ...''

''ဟင်...မဇွန် လက်ထိသွားပြီ''

မြိန်နေအောင် ထက်လှသော ဓားသွားက လက်ညှိုးထောင်းနှင့် မလွတ်ဖြစ်ကာ စစ်ခနဲ စူးရှသွား၍ ဇွန်ပွင့်ထံမှ ဓားကို အလန့်တကြား လွှတ်ချလိုက်မိသည်။

ဒေါ်စိန်လည်း စိုးရိမ်တကြီးနှင့် ဇွန်ပွင့် အနားသို့ ချင်းရောက်လာ၏။

ဇွန်ပွင့်၏ သာဘက်လက်ညှိုး ထောင်းမှာတော့ သွေးလူးနှင့် နီရဲနေလေပြီ။

www.burmeseclassic.com



ရှတ်တရက်ကြီးမို့ ဇွန်ပွင့်လက်မှ သွေးသံရဲရဲကို ကြည့်ရင်း —

"အဲဒါမှ ဒုက္ခပဲ မဇွန်ရေ၊ မောင်မျိုးလဲ ပြန်မလာသေးဘူး၊ ဘာဆေးသိပ်ထားရင် ကောင်းမလဲ၊ အနာကိုလဲ သေချာကြည့်ပါဦး၊ သိပ်များနေရင် ဒီအတိုင်း ဆေးသိပ်လို့ မဖြစ်ဘူးထင်တယ်၊ မောင်မျိုးဆီ ဖုန်းဆက်ရင် ကောင်းမလား"

ဒေါ်စိန် ပျာယာခတ်မျှ ပူပန်နေ၍ ဇွန်ပွင့်ကပဲ ပြန်နှစ်သိမ့်ရပြန်သည်။

"ရပါတယ် ဒေါ်လေးရယ်၊ ကိုကို့ကို ဖုန်းဆက်ခေါ်ဖို့ မလိုပါဘူး၊ ဒဏ်ရာကလဲ သိပ်များမယ် မထင်ပါဘူး၊ ကြက်သွန်ဖြူထောင်းသိပ်ထားလိုက်မယ်"

ဇွန်ပွင့် ပြောပြောဆိုဆို လက်မှ ဒဏ်ရာကို စင်ကြယ်အောင် ရေဆေးပြီး ကြက်သွန်ဖြူ ထောင်းသိပ်ကာ အဝတ်စည်းလိုက်သဖြင့်....

"ဟဲ့...အရမ်းလျှောက် မလုပ်နဲ့ဖလ မဇွန်ရဲ၊ တော်ကြာ မေးခိုင်ပိုးဝင်လို့ ဘာတွေ ဝင်နေဦးမယ်၊ မောင်မျိုးဆေးဗီရိုလဲ အိမ်မှာ ရှိနေသားပဲ၊ မဇွန်နားလည်ရင် ဆေးယူသုံးပါလား"

"ရပါတယ်ဆိုဒေါ်လေးရယ်၊ အနာကမဖြစ်လောက်ပါဘူး"

"အေး...အဲဒီ မဖြစ်လောက်တဲ့ အနာကပဲ ပေါ်မှုင်အန္တရာယ် ဖြစ်တတ်တယ် မဇွန်ရဲ၊ သံနဲ့ ခိုက်မိ



ဒဏ်ရာကို ကြီးတယ် ငယ်တယ် သဘောထားပြီး ပြီးစလွယ် ပစ်မထားကောင်းဘူး"

ဒေါ်စိန့်စကားကြောင့် လက်နာလွန်း၍ ရှုံ့မဲ့နေသည့် ကြားမှပင် ဇွန်ပွင့်ဦး မျက်နှာလေး ပြုံးယောင်ယောင် ဖြစ်သွားရ၏။

ဒေါ်စိန်တစ်ယောက် ဆရာဝန်အိမ်မှာနေသူလို့မပြောရ။ စကားသံကိုက ဆရာဝန် လေသံမျိုး အလိုလိုပေါက်နေသည် မဟုတ်ပါလား။

ဒါကြောင့်လည်း ဇွန်ပွင့် ဒေါ်စိန်ကို စကားအခေါ်အတင် ပြန်ပြောမနေဖြစ်တော့။

ဟင်းလျာများ အချိန်မီချက်ပြုတ်ရန် ပြီးစီးရန်သာ အရေးကြီးနေသည်မို့ ဇွန်ပွင့်ဦး လက်အနာပတ်တီးစည်းပြီးသည်နှင့် ဖယ်စက်သလို အလုပ်တွေ တစ်ခုပြီးတစ်ခုဆက်တိုက် လုပ်ရတော့သည်။

ကိုကိုပြန်မလာခင် ထမင်းဟင်း အားလုံး ချက်ပြုတ်ပြီးနှင့်ဖို့ အရေးကြီးသည်လေ....။

အားလုံးပြီးစီး၍ နံရံမှ နာရီကို လှမ်းကြည့်လိုက်မိချိန်မှာတော့ နာရီ လက်တံများက ဆယ့်တစ်နာရီ ထိုးရန် ဆယ့်ငါးမိနစ်အလိုမှာ ညွှန်ပြနေသည်မို့ ..မေမေကြီးကို ထမင်းကျွေးရန် ပြင်ရပြန်သည်။

ကိုကို စောပြန်လာမည်ထင်သည့်နေ့ကျမှ ကိုကိုက ပြန်မလာသေး။ ဘာတွေများ အလုပ် ရှုပ်နေသည် မသိ။

www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းထက် အိမ်ပြန်နောက်ကျနေသည်မို့ ခြံဝဆီသို့သာ လည်လေးတဆန့်ဆန့်နှင့်ငေးမျှော် ကြည့်နေမိသည်။

တွေ့ပြန်လျှင် ကိုကို့မျက်ဝန်း အကြည့်စူးစူးကြီးများကြောင့် ရင်မဆိုင်ရဲ လောက်အောင် ကြောက်ရွံ့မိသမျှ မတွေ့ရသည့်အခါ ကျပြန်တော့လည်း ရင်မှာဟာတာတာ ဖြစ်နေမြဲ။

ကိုယ့်စိတ်ကိုယ်လည်း အားမလိုအားမရ ဖြစ်လာရသည်မို့....

"ရော်...ဒုက္ခပါပဲ၊ ငါ့စိတ်တွေ ဘယ်လို ဖြစ်နေတာလဲ"

ဇွန်ပွင့် ရင်မှာလှုပ်ရှားသွားရမှုအတွက်ရှက်ယောင်ယောင်လေးဖြစ်ရာ မျက်မှောင်လေး တွန့်လိုက်မိသည်။

"သူ့ဘာသာသူ ဘယ်အချိန် ပြန်လာပြန်လာ ငါနဲ့မဆိုင်ပါဘူးလေ၊ ငါနဲ့ဆိုင်တာက၊ အိမ်အလုပ်ပဲ"

ပျော့ညံ့သွားရသည့်စိတ်ကိုလည်း တိုက်ထုတ်ပစ်လိုက်ရင်း စိတ်အာရုံကို အလုပ်ထဲမှာသာ နှစ်မြှုပ် ထားလိုက်ရ၏။

ညှော်ခန်းက ရှင်းလင်း ပြီးသားမို့ ထပ်မံ ရှင်းလင်းစရာ မလိုတော့သဖြင့် ကိုကို့စာကြည့်စားပွဲနှင့် အိပ်ခန်းရှင်းလင်းပေးရန် ဇွန်ပွင့် ခြေလှမ်းများကို အပေါ်ထပ်ဆီသို့ ဦးတည်လိုက်သည်။

ကိုယ့်ဘာဝကိုယ် နားလည်စွာ ထိန်းသိမ်း တတ်သူမို့



ကိုကို ရှိနေစဉ် အချိန်အခိုက်အတန့်တွေမှာတော့ ကိုကို့အခန်းတွင်းသို့ ဇွန်ပွင့်မည်သည့်အခါမှ ဝင်လေ့ မရှိပါ။

ကိုကိုဆေးရုံသွားသည့်အချိန်၊ ဆေးခန်း သွားသည့်အချိန်များတွင်သာ အချိန်လု၍ အခန်းရှင်းပေးတတ်မြဲမို့ ကြာတော့ ဇွန်ပွင့်၏ အနေအထိုင် ကျစ်လျစ်လိမ္မာမှုကို ဒေါ်ခင်ကြီး ကိုယ်တိုင်ပင် အသိအမှတ် ပြုလာရတော့သည်။

ကိုကို့အခန်းက ယောကျ်ားလေး တစ်ယောက်တည်းနေသော အခန်းဖြစ်ပေမယ့် သိပ်ပြီး ရှုပ်ရှုပ်ပွပွကြီး ရှိမနေ။

သူ့နေရာနှင့်သူ သပ် သပ်ရပ်ရပ်၊ သန့်သန့်ရှင်းရှင်း ရှိနေ၏၊ ကိုကိုကိုယ်တိုင်ကလည်း သင့်ရှင်းမှုကို ဦးစားပေးပြီး သေသေသပ်သပ် နေတတ်သူ တစ်ယောက်ပေပဲလေ။

အထွေအထူး ထပ်ရှင်းစရာ မလိုတော့သည်မို့ အိပ်ရာခင်း၊ ခေါင်းအုံးစွပ်၊ ဖက်လုံး စွပ် များကိုသာ အသစ်လဲပေးလိုက်ရင်း အဟောင်းများကို အဝတ်ပေများနှင့်အတူ လျှော်ဖွပ် ခြင်းထဲ ထည့်ယူလိုက်သည်။

တန်းပေါ်တွင် လှမ်းတင်ထားသော ပုဆိုး များကိုတော့ သေချာစွာ ခေါက်၍ ခုတင် ခြေရင်းလျှင် တင်ထားပေးလိုက်၏။

အဝတ်ပေ တစ်ထွေးကြီးနှင့် ချော်ခန်းထဲ ဝင်လာ

www.burmeseclassic.com

www.burmeseclassic.com



သော ဇွန်ပွင့်ကို မြင်တော့ ဒေါ်စိန်က လက်ထဲမှ အဝတ်များကို ဆီး၍ လွှဲပြောင်းယူသည်။

"လက်မှာ အနာရှိနေတဲ့ ဥစ္စာ၊ ဒီနေ့ မလျှော်နဲ့လေ မဇွန်ရဲ့၊ ပေးပေး ဒေါ်စိန် လျှော်မယ်"

"အို်း...မဟုတ်တာ ဒေါ်လေးကလဲ အနာလေး မဖြစ်စလောက်ကိုများ"

"ဟဲ့....ဘယ့်နှယ် အနာလေးမဖြစ်စလောက် ကမှာလဲ ရေထိရင် ပိုဆိုးမှာပေါ့"

ဒေါ်စိန်က သူ့ဆင်ခြေနှင့်သူ တွန်းတွန်း ထိုးထိုးလေး နှင်လွှတ်နေပေမယ်၊ ဇွန်ပွင့် မသွားဘဲ ဒေါ်စိန့်အနီးတွင် ပေကတ်ထိုင်ချလိုက်ရင်း အဝတ်တွေ ကူလျှော်နေသဖြင့် ဒေါ်စိန့် စိတ်ပျက် လက်ပျက် ညည်းလေသည်။

"ခက်တာပဲ မဇွန်ရယ်၊ ပြောစကားလဲ နားမထောင်ဘူး၊ မောင်မျိုး သိရင် ငါ့ကိုပဲ ဆူမှာပဲ"

"အို...ဘာဆိုင်လို့ ဆူရမှာလဲ၊ ဒါ အပြစ်နဲ့ မဟုတ်တာ ဒေါ်လေးကသဲ၊ အခြေက်တိုက် လာဆူချင် သူပဲ အဆိုးဖြစ်မှာပေါ့"

"ဒီတူဝရီး နှစ်ယောက် ဘာတွေ ဆိုးနေကြတာလဲဗျ၊ ပြောစမ်းပါဦး"

"ဗုဒ္ဓေါ"

ပြောလို့မှ မဆုံးသေး။

နောက်ကျောဘက်ဆီမှ ရုတ်တရက် ထွက်ပေါ်လာ



သော ကိုကို့ အသံကြောင့် ဇွန်ပွင့် ဇက်ကလေးပုကာ အလန့်တကြားလေး ဖြစ်သွားရသည်။

သူ့အကြောင်း ပြောနေခါမှ သူက နောက်တည့်တည့်မှာ ရောက်နေသည်လေ။

ဘယ်အချိန်ကများ အိမ်ကို ပြန်ရောက်နေပါလိမ့်။

ဇွန်ပွင့် ကိုကို့ကို စကားပြန်မပေးတော့ဘဲ လက်ထဲမှ အဝတ်များကိုသာ ဂရုတစိုက် ဆက်လျှော်နေမိတော့ ဒေါ်စိန်က ဦးဆောင် လှမ်းတိုင်လေ၏။

"မပြောချင်တော့ဘူး မောင်မျိုးရယ်၊ မဇွန်လေ့ လက်မှာ ဓားပြတ်ထားလို့ အဝတ်ကူမလျှော်ပါနဲ့ ဆိုတာ ပြောလို့ကို မရဘူး၊ ဇွတ်ပဲ ဝင်လျှော်နေတယ်၊ ဒေါ်"

"ဟင်....ဟုတ်လား ပြစမ်း၊ ပြစမ်း တော်တော်များသွားလား"

ဒေါ်စိန်၏ စကားမဆုံးသေး။ ကိုကိုက ဇွန်ပွင့်၏ လက်ကို ရုတ်တရက် ဆွဲယူလိုက်ပြီး ပတ်တီး ဖြေကြည့်လာသဖြင့် ဇွန်ပွင့် လက်ကလေးကို အတင်း ပြန်ရုန်းမိသည်။

"အို...ဓားထိတာက နည်းနည်းလေးပဲ ဥစ္စာ"

"နည်းနည်းလေးပဲဖြစ်ဖြစ်၊ များများလေးပဲဖြစ်ဖြစ် ဓားထိတာ ပေါ့ဆလို့ မဖြစ်ဘူးဗျ၊ နည်းနည်းလေးလဲ မှာပဲ၊ ဘာလဲ ခင်ဗျားလေးက ဆေးဖိုးပေးရမှာ လို့လား"

ကိုကိုက ဇွန်ပွင့် ရုန်းနေသည့်ကြားမှ လက်မောင်းကို

www.burmeseclassic.com



လှတ်မပေးဘဲ ပက်တီးစကို ဇွက်အတင်း ဖြဲကြည့်နေသဖြင့် ဇွန်ပွင့် ထူပူစွာ မျက်နှာလေး ငုံ့ချလိုက်မိသည်။

"ယောဗျာ ဒါတွေက ဘာတွေလဲ"

"ကြက်သွန်ဖြူတွေလေ၊ ကြက်သွန်ဖြူ ထောင်းသိပ်သတဲ့ ခေးထိသာ ကြက်သွန်ဖြူ သိပ်ရတယ်လို့ ငါတော့တစ်ခါမှ မကြားဖူးပါဘူး၊ သူ့ကျမှ အထူးအဆန်း"

ဇွန်ပွင့် ကိုယ်စား ဒေါ်ခိန်က ဝင်ဖြေလာသဖြင့် ကိုကိုက ဟက်ဟက်ပက်ပက် ရယ်လေသည်။

"ချာတိတ်ကကွာ တကယ့်စံပဲ"

"အို...မေနန်းလဲ ခေးထိရင် ဒီလိုပဲ လုပ်တာပဲဥစ္စာ"

"ဘယ်က မေနန်းလဲ"

ကိုကိုက ချက်ချင်းပဲ မျက်မှောင်ကြုတ်ကာ မေးလာသည်မို့ ဇွန်ပွင့် အမှတ်မထင် လွှတ်ခနဲထွက်သွားမိခဲ့သာ စကားကို ပြန်ဘာရိတ်အုပ်ရသည်။

"ဟို...ဟို မေနန်းဆိုတာ မဇွန်တို့အိမ်က မေနန်းပေါ့၊ မဇွန်ကိုမွေးစားထားတဲ့ အဒေါ်"

"ဪ...ဪ...အဲဒီက ပညာတွေရခဲ့တယ် ဆိုပါတော့ ဟုတ်လား၊ ဒါပေမယ့် ဒီအနာက အဲဒီဆေးလောက်နဲ့ မလုံလောက်ဘူးဗျ၊ နည်းနည်းနက်တယ်"

"ကဲ...လာလာ၊ အဝတ်တွေဆက်မလျှော်နဲ့တော့ အနာဆေးထည့်ရမယ်၊ အခန့်မသင့်ရင် ဆေးထောင်ထိုးရမယ်"

"အာ..."



ဇွန်ပွင့်မျက်နှာလေး ချက်ချင်းလိုလို ရှုံ့မဲ့သွားရတော့ ဒေါ်ခိန်က သဘောကျစွာ ရယ်မောလေသည်။

"စောစောက ဒေါ်ခိန်ပြောတော့ အနာက နည်းနည်းလေးပဲ၊ ရပါတယ်ဆို၊ ဘာဆေးမှမသိပ်လဲဖြစ်တယ်ဆို၊ အခုတော့ ဘယ့်နှယ်ရှိစ၊ မှတ်ကရော ဖြစ်သွားပြီ မဟုတ်လား"

ဇွန်ပွင့် ဒေါ်ခိန်ကို စကားပြန်ဆိုခွင့်မရတော့။

ကိုကိုဆွဲခေါ်ရာ နောက်သို့သာ မျက်နှာငယ်လေးနှင့် ထလိုက်လာခဲ့ရတော့သည်။

မလိုက်လို့လည်းမဖြစ်။ စောစောကလို အထိုက်အခံ စောဒကလည်း မတက်ဝံ့။ ကိုကိုက စိတ်မထင်လျှင်အော်ဦးမည်လေ။

ဪ.... ကြုံရသည့် အဖြစ်များ ပြော မပြောချင်တော့ပါ။

ရယ်လည်းရယ်ချင်၊ ငိုလည်းငိုချင်နှင့် ရင်ထဲမှာတစ်မျိုးပါပဲ။

*　　*　　*

## အခန်း (၁၇)

သည်နေ့ တနင်္ဂနွေနေ့မို့ ကိုကို ဆေးခန်းမသွား။ အိမ်မှာပဲ တစ်ချိန်လုံးရှိနေသည်။

မိသားစု စုံညီနေ့ခိုက် ဗိုဒီယိုဝက် ဖွင့်ထားသည်လည်း မေမေကြီးကိုယ်တိုင်ပါ အနားမှာ ရှိနေ...

www.burmeseclassic.com

www.burmeseclassic.com



မြင်နေရသော ရုပ်ရှင် ဇာတ်ကား၏ ဇာတ်ဝိပ္ပလ္လာသ်လေးက မြို့ကြီးပြကြီး ငြင်းပြင်း ပတ်ဝန်းကျင်ခေတ်လူ သစ်ညမ်းမှု ကြောင့် ကျွန်မောရေးချို့ တဲ့သားရှသော သမီးငယ်အတွက် မြို့ကြီးကျွန်ရှိ ဟောဂိုမ်ခိုးလာကြသော မိသားစုလေး၏ ချမ်းခြင်းမေတ္တာ အကြင်နာတရားကို ဖော်ဆောင်ထား သော ချစ်စရာ၊ အားကျဖွယ်ကောင်းဖွယ် ဇာတ်လမ်းလေး။

မိသားစုအကြင်းမှ ချမ်းခြင်းမေတ္တာတရားနှင့် သရုပ်ဆောင်မှု ပိုင်နိုင်လွန်းသောကြောင့် ဇွန်ပွင့်မျက်စိထဲတွင် ကြည့်နေရင်း ရုပ်ရှင်သရုပ်ဆောင်များကို မမြင်ရတော့။

မျက်ဝန်းထိမ်ဘောင် မျက်ရည်ကြည်များ ရစ်ဝိုင်းလာရ သလို ရင်ထဲမှာလည်း ဝမ်းနည်းအားငယ်စိတ်များ လှိုင်း ထန်လာကြ၍ မြင်ကွင်းအားလုံးက မှုန်ဝါးသည်ထက် မှုန်ဝါးသွားရသည်။

ဇာတ်လမ်းထဲမှ စည်းလုံးချစ်ခင်လွန်းလှသော မိသားစု လေးကို ကြည့်ကာ အတိုင်းကျွန်ဆန့်လွန်းသော မိမိဘဝ အတွက် ပိုနိုးကြွကဲ့သလို ခံစားရသည်လေ။

ကြည့်သူတိုင်း၏ ရင်ကို အေးမြ ရွှင်လန်းစေသော ကြည်နူးစေသော ဇာတ်လမ်းလေးမို့ မေမေကြီးနှင့်ကိုကို ကတော့ ရုပ်ရှင်ဇာတ်သိမ်းမှာ အာရုံနစ်ဝင်ကာ စေးစိုက် ကြည့်ရင်း သဘောကျလို့ ခေါင်းငြိမ့်နေကြသည်။

ဇွန်ပွင့်ကတော့ ခေါင်းအုံ့လိုက်ဘူး မျက်ရည်စက် လေးများ သိန်းမရ သိမ်းမရ ကြွေလွင့်သွားရသဖြင့် ဇာတ်သိမ်းကို ဆက်လက်အာရုံမစိုက်နိုင်တော့။



ဘာကြောင့်ရယ်မှာ ဆက်နေလို့ မဖြစ်တော့ပြီမို့ နေရာမှ ထလာ အသာလေး ထွက်လာခဲ့ရသည်။

ဇာတ်ဆက်ဘာညီလိုဆိုပင် ဇွန်ပွင့်ကို တစ်ချိန်လုံးသတိ ပြုနေမိသော နေမျိုး တော်သော စိတ်မသက် မသာ သက်ပြင်းတစ်ချက်ချလိုက်မိသဖြင့် မိခင်ဖြစ်သူက မျက်ခုံ လှမ်းကြည့်လာသည်။

ဇွန်ပွင့် စိတ်ထိခိုက်စွာ ထွက်သွားသည်ကို သတိပြု မှန်ရှိသော ဒေါ်ခင်ကြီး၏မျက်နှာမှာ သိပ်ပြီးကြည်လင်မှု မရှိလှ။

သမီးဖြစ်သူကို နှာသိမ့်ယာနှီ လှမ်းကြည့်လိုက်ရသော် လည်း သူကိုယ်တိုင်ပါ ချော့ပြီး စိတ်ထိခိုက်ရသည်မို့ နေမျိုး မိခင်ဖြစ်သူကို ဘာမှမပြောဖြစ်တော့။

ရင်ထဲမှာ ချာတိတ်အပေါ် သနားကြင်နာစိတ်များ သာ ဖိတ်လျှံနေမိလေသည်။

ကြည့်လက်စ ရုပ်ရှင်ဇာတ်လမ်းအပေါ် အာရုံဝင်စားမှု မရှိတော့။

မောင်နေဘာ ရုပ်ရှင်ကြည့်ရင်း ကြည်နူးသောလို ဖြစ် သောသမျှအားလုံး ဇွန်ပွင့်ဦး၏ မျက်ရည်စများနှင့်အတူ ကြွေလွင့်ပျက်သုဉ်းသွားရလေပြီ။

ဒါကြောင့်လည်း ရုပ်ရှင်ကာပြီးသွားသည်။ သားအမိ နှစ်ဦးစလုံး အစ်ကွဲကိုပါမီနှင့်မို့ ဝါတိုင်းပုံ ဘာလာပြ သလို စကားတွေ ရှုံးရှုံးနှံ့နေအောင် မဆိုဖြစ်ကြ တော့ပါ။

www.burmeseclassic.com



ဇွန်ပွင့်ဦးတစ်ယောက်ကတော့ ရင်ထဲမှာ ခံစားရလေသမျှ စိတ်ကြေကွဲမှုကို အလုပ်ဖိလုပ်ရင်း ဖြေသိမ့်ရသည်မို့ အလုပ်ထဲမှာပဲ စိတ်ကိုနှစ်နေသည်။ တော်တော်ကြီး ညဥ့်နက်လာသည်အထိ အိပ်ရာမဝင်ဖြစ်။

အလုပ်တွေ တစ်ခုပြီးတစ်ခု မနားတမ်း ဆက်တိုက်လုပ်ရင်း ညဆယ့်တစ်နာရီကျော်လာသည်အထိ နေမျိုး၏ အဝတ်တွေ မီးပူတိုက်နေသဖြင့် စာကြည့်ခန်းမှ အဆင်းသား လှမ်းတွေ့နေရသော နေမျိုး မနေနိုင်တော့။

ဖတ်လက်စစာအုပ်ကို ဘေးဖယ်ကာ လှမ်းသတိပေးရလေတော့သည်။

"ချာတိတ် အိပ်တော့လေကွာ၊ ညဥ့်နက် လှပြီပဲ၊ မနက်နဲ့ နေ့ခင်းကျတော့လဲ တစ်နေကုန် တစ်တောက်တောက်နဲ့ အလုပ်လုပ်ရသေးတယ်၊ ညကျတော့လဲ ညဥ့်နက်မှအိပ်တယ်ဆိုရင် ဘယ်မှာ အနားရနိုင်ပါတော့မလဲ၊ ကြာရင် ကျန်းမာရေး ထိခိုက်လာလိမ့်မယ်၊ သွားအိပ်ချေတော့"

"ဟုတ်....ဟုတ်ကဲ့ ကိုကို"

ကိုကို့စကားကို မလွန်ဆန်ရဲ၍ ဇွန်ပွင့် ခေါင်းညိတ်ရင်း တစ်ဆက်တည်း အလုပ်လက်စသတ်ကာ မိမိအခန်းဆီသို့ ဆင်းလာခဲ့ရသည်။

ဒါပေမယ့်သည်းလေ ရင်ထဲမှာ စိတ်ထိခိုက်မှု စိတ်လှုပ်ရှားမှုတွေက ရင်နှင့်အပြည့်ရှိနေသည်မို့ သည်ညဖို့ စိတ်



ချမ်းချမ်းမြေ့မြေ့ အိပ်မပျော် နိုင်မယ့်အဖြစ်ကို ဇွန်ပွင့်ဘာသာ ဇွန်ပွင့်သိနေသည်။

တိုက်ဆိုင်မှုကြောင့် ကျောက်မဲအိမ်နှင့် မိသားစုကို သည်းသည်းတန်ထန် သတိရမိသည်။

ဒက်ဒီတစ်ယောက်သည်း ဇွန်ပွင့်ကို လိုက်ရှာဟန် မတူပါ။ ဘာဆို ဘာသတင်းမှမရ။

"အင်းပေါ့လေ၊ သီဟဂူမှာ ဇွန်ပွင့်မရှိတာကိုပဲ ကျေနပ်နေသလားမှ မသိတာ"

"သမီးနဲ့စာဘော့ မိန်းမကိုပဲ အချစ်ပိုတော့မပေါ့"

ဟိုဟိုသည်သည်၊ ထင်တာတွေ လျှောက်တွေးမိရင်း အားငယ်စိတ်နှင့်အတူ မျက်ရည်များကမျက်ဝန်းမှာ ရစ်ဝဲလာရပြန်သည်။

ဘလူနှင့် မေနန်းထိမ့်လည်း ဇွန်ပွင့်လိမ္မာဖို့ ဘာဘူးပေးသက်စကားနားထောင်ဖို့နှင့် သီဟဂူမှာ အဆင်ပြေအောင် နေဆောင်ရွက်နေကြောင်း စာနှစ်စောင်သာ ရောက်လာပြီး နောက်ထပ် ဘာသတင်းမှမရ။

အဆက်အသွယ်လည်း မလုပ်။

မကြာခဏသွားမည်ဆိုသော ဘလူတစ်ယောက် မမမေခင်တို့အိမ် နေစဉ်က တစ်ခါ နှစ်ခါသာ လာတွေ့ပြီး နောက်ထပ်တစ်ခါမှ လာမတွေ့တော့။

အိမ်မှာ ဘာတွေဖြစ်ကုန်နေပြီမသိ၊ ဇွန်ပွင့်ကို အနေဝေး၍ သံယောဇဉ် ကင်းပြတ် သွားကြပြီလား မသိနိုင်သော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



အခက္ခနှင့်အတူ ဝမ်းနည်းစိတ်က ကြီးစိုးလာပြန် သဖြင့် မျက်ရည်များက ထားမနိုင် သီးမရ ကျလာပြန်လေ သည်။

မနက်ကလျှင်တော့ တင်းမှုံးကလဲ့ သည်လုပ်ခေါ် ရသလိုက်ရှာကြည့်ဦးမည်။ ဘာအလုပ်ပဲဖြစ်ဖြစ် ဘယ်ကို သွားရသွားရဘဝရပ်တည်မှုအတွက် အဆင်ပြေမည်။ လုံခြုံ မှုသာ ရှိမည်ဆိုလျှင် လုပ်မည်ဟု ဆုံးဖြတ်လိုက်မိသည်။

ဇွန်ပွင့် အခုကဲ့သို့ သူထံပါး အိမ်မှာ အိမ်ဖော် အိမ်စေ နေနေရသည်ကို သမလွန်မှ မာမီများ သိခွင့် လျှင်တော့ ဒေါ်ထိခိုက်လွန်းသဖြင့် နှစ်ခါ ပြန်ခေါ်မည် လား မပြောတတ်ပါ။

ဇော်ပါပြီဖေဖေ၊ ဘာအကြောင်းမှ မကျေချင်ဘော ပါ။ ကိုယ့်ခွန် ကိုယ့်အားနှင့် ကိုယ့်ခြေထောက်ပေါ်မှာ ဘဝရပ်တည်နိုင်ဖို့ ကြိုးစားတော့မည်။

အားလျော့နေသော စိတ်ကို ပြန်ပြီး သံပတ်တင် လိုက် ပင်းပန်းအားငယ်စွာ ငိုလိုက် မာန်တင်းလိုက် နှင့် လုံးပြောက်လိုက်နေသော ဇွန်ပွင့်ဦး တစ်ယောက် အခန်းထဲ ပြန်ရောက်ပြီး စောင်တော်ကြီးခြုံမှ မျက် တောင်ရှည်လေးများ ငြိမ်းကျသွားကာ နှစ်နှစ်ခြိုက်ခြိုက် အိပ် ပျော်သွားတော့သည်။

ဇွန်ပွင့် အိပ်ရာမှထပါပြီးမှသာ စိုးရိမ်စိတ်ဖြင့် ခပ်သော ထပ် သည်တာကလေး နေမျိုး ကင်းသောကာလသည် အခါတိုင်း မီးပိတ် အိပ်တတ်သော ဇွန်ပွင့် အခန်းထဲ



ညအဆယ်နှစ်နာရီကျော်သည့် အထိ မီးပွင့် ပြနေလဲ့လဲ့ မလားထင်နေသဖြင့်....

“အင်း...ဒေါ်ထင်တဲ့ အတိုင်းပါပဲ၊ ဇီးကောင်မလေး ခုထိ မအိပ်သေးဘူး ထင်ပါရဲ့”

အခန်းဆီသို့ အမှတ်တမဲ့မျက်လုံး ဝင့်ကြည့်၊ အခန်း တံခါး ပိတ်မထားသော ခန့်ရသဖြင့် ဘာရယ် မဟုတ် လက်များက အခန်းတံခါး တွန်းဖွင့်ပြီးသား ဖြစ်သွား ရ၏။

ယုတ်မာသည့် စိတ်နှင့်တော့ မဟုတ်ပါ။

ဇွန်ပွင့် ခုထိ မအိပ်သေးဘဲ ဘာလုပ်နေတာ ဆက်လုပ် နေပါလိမ့်ဆိုတာ သိချင်စိတ် ဆက်သက်ကြောင့်ပင်တည်း။

ဒါပေမယ့် တံခါးပွင့်သွားတော့ ဇွန်ပွင့်ဦးက နေ မျိုးထင်သလို မဟုတ်။

ခုတင်ပေါ်မှာ သဘာဝဟန်အတိုင်း လှတ်ပလှန်း စွာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေပြီမို့ နေမျိုး သတိ လက်လွတ် ငေးငိုက်ကြည့်မိလျက်သား ဖြစ်သွားရသည်။

အပြင်ဘက်မှာ ဖေအစ်မ်ခနေပါလျက်နဲ့ စောင်လည်း ခြုံမထား။ မျက်ဝန်းအိမ် တဝိုက်မှာလည်း မျက်ရည်စ များ မခြောက်တတ်သေး။ ငိုရင်းမှ အိပ်ပျော်သွားပုံ ရသည်။

ဘယ်လိုခနဓန အလှနတ်သမီးလေးပါးကို အပြစ် ကင်းစင်လွန်းစွာ ချစ်ဖွယ် သွင်ဟန်ရှိသူလေး ဇွန်ပွင့်၏ မျက်နှာနှင့် ရင်ညွန့်တစ်ဝိုက်တွင် ဖရိုဖရဲ ဝဲကျနေသော

www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ရှည်ကြီးများကလည်း ရင်သပ်ရှုမောဖွယ်အတိမို့ အမှတ်မထင် ငေးစိုက်ကာ ကြည့်ဖြစ်သွားရသောနေမျိုး။

ကိုယ့်စိတ်ကိုယ် သတိကြီးစွာထား၍ ကြိုးစား ထိန်းချုပ်ရင်း ခုတင်ခြေရင်းမှာ အဆင်သင့်ရှိနေသော ဂွမ်းစောင်ကို အသာဆွဲယူကာ ဇွန်နံ့ပွင့်ကိုယ်ပေါ် လွှမ်းခြုံပေးမိသည်။

မျက်ဝန်းများကိုလည်း အားတင်း လွှဲဖယ်ပစ်လိုက်မိ၏။

မိမိကြောင့် ဇွန်ပွင့် ဘာလေး အမည်းစက် မထင်စေလိုပါ။

ခေါင်းလျှော်ထားပုံရသော ဆံပင်များကလည်း ရေစက်လက်နှင့် သိပ် မစင်သေး၍—

"ဟာ....ဒီကောင်မလေး ဒုက္ခပါပဲ၊ ဆံပင်ရေစိုကြီးနဲ့ ဒီအတိုင်း အိပ်နေတယ်၊ ဒီလိုသာ ညဉ့်နက်မှ ခေါင်း ခဏ ခဏ လျှော်ရင် အအေးတွေ ဘာတွေ မိကုန်တော့မှာပဲ"

ဆံပင်တွေကို ကိုင်ကြည့်ရင်း စိုးရိမ်စိတ်ပါ ဖြာဝေသွား၏။ ဇွန်ပွင့် နိုးသွားမှာ စိုး၍လည်း ဆံပင်တွေကို ခြောက်စင်အောင် သုတ်မပေးရဲ။ အလိုမကျစွာ ခေါင်းယမ်းရင်း သည်အတိုင်းပဲ အခန်းထဲမှ ပြန်ထွက်လာခဲ့သည်။

နောက်နောင် ညဉ့်နက်မှ ခေါင်းမလျှော်ဖို့ ရေမချိုးဖို့ကို ဘယ်လို တားရပါ့။

ဇွန်ပွင့်ဦးကတော့ နေမျိုး စောင်လာခြုံပေးတာကို



ကော ပြန်ထွက်သွားတာကိုပါ လုံးဝ မသိ။ နှစ်နှစ်ခြိုက်ခြိုက်ပဲ၊ အိပ်ပျော်နေသည်။

ဇွန်ပွင့် အိပ်ရာမှ ဖျတ်ခနဲ နိုးသာချိန်မှာတော့ မနက်လေးနာရီပင် ခွဲလုနေပေပြီ။

ထုံးစံအတိုင်း အိပ်ရာက၊ စောထနေကျမို့ ညဉ့်နက်မှ အိပ်ဖြစ်သော်လည်း ဇွန်ပွင့် ဆက်မအိပ်ဖြစ်ပါ။

ခါတိုင်းလိုပဲ အညောင်းဆန့်ကာ အိပ်ရာမှ လူးလဲထလိုက်သည်။ တစ်ဆက်တည်းမှာပင် အိပ်ရာမှ ထမည်ပြင်ပြီးမှ တစ်စုံတစ်ခုကို သတိပြုမိသွားရတော့ ဇွန်ပွင့် အလန့်တကြားလေး ဖြစ်သွားရသည်။

"ဟင်...."

"ဒါ....ဒါ ငါ ညက စောင်လဲ ခြုံမအိပ်မိပါဘူး၊ ဘယ်လိုလုပ်ပြီး ဒီစောင်ကြီး ငါ့ကိုယ်ပေါ် ရောက်နေရတာလဲ"

အပြာနုရောင် ဖဲနားကွပ်ထားသော ဂွမ်းစောင်ကြီးကို ကိုယ်ပေါ်မှ ဆွဲဖယ်ကာ ယူခေါက်ရင်း ဇွန်ပွင့် နားမလည်နိုင်စွာ မျက်မှောင်လေး တွန့်နေသည်။

ညက အခန်းထဲ ပြန်ရောက်သည်နှင့် ခေါင်းလျှော်၊ ရေချိုးပြီး ဟိုတွေးသည်တွေး အတွေးပိုကာ အိပ်ရာပေါ် ထိုးလိမ့်ရင်း အိပ်ပျော်သွားမိသည်မို့ မိမိကိုယ်ကို ဘယ်အချိန် အိပ်ပျော်သွားမှန်းပင် မသိလိုက်။

စောင်ခြုံဖို့သည်း သတိမရနိုင်ခဲ့။

www.burmeseclassic.com

www.burmeseclassic.com



အခု သည်ခေါင်းကြီးက မိမိကိုယ်ပေါ် အကျအန
ရောက်ရှိနေသည်ဆိုသော်
သေချာပြီ။
တင်စုံတစ်ယောက်....
ဇွန်ပွင့် အိပ်ပျော်နေ၍ တင်စုံတစ်ယောက်သောသူ
လာခြုံပေးသွားတာ ဖြစ်နိုင်သည်မို့ ဇွန်ပွင့် မျက်လုံး
များက အခန်းတံခါးဝဆီသို့ ချက်ချင်း ရောက်သွား
ရသည်။

"အိုး....ကြည့်စမ်း"

မျက်လုံးလေးများ ချက်ချင်းလိုလိုပင် ဝိုင်းဝိုင်းသည်
သွားရသည်။ ကြည့်ပါဦး။ ညက တစ်ညလုံး အခန်း
တံခါးဖွင့်လျက်နှင့် ဇွန်ပွင့်အိပ်ပျော်သွားမိသည်ပဲ။ သေ
သေချာချာမှ ချက်ချမထားမိဟာပဲ။

"မှတ်ပါပြီ၊ သေချာပါပြီ၊ ငါ ညက အခန်းတံခါး
မှ ပိတ်မအိပ်မိတာပဲ၊ ငါ့စောင်ခြုံတဲ့ အိပ်နေတာတွေ့လို့
တစ်ယောက်ယောက် လာခြုံပေးသွားတာ နေမှာပေါ့"

ကိုယ်ဘာသာ မေးရင်း ပြန်ဖြေရင်း စိတ်ထဲမှာ ဘဝင်
မကျဖြစ်လွန်းသ၍ ဝေဝါးလွှဲသွား မြစ်သွားရသည်။

တင်စုံတစ်ယောက်။ ဇွန်ပွင့်ကို စောင်ခြုံပေးသွားတဲ့
တင်စုံတစ်ယောက်ဟာ ဘယ်သူဖြစ်နိုင်သည်လဲ။

မေမေကြီးလား၊ ကိုကိုလား၊ ဒေါ်စိန်လား။

ဒေါ်စိန်က ညနေစောင်းသည်နှင့် ခြံထောင့်အိမ်



ပြန်တတ်တျ သည် အိမ်ကြီးမှာ အိပ်သူမို့ ဒေါ်စိန်မှာ
လုံးဝမဖြစ်နိုင်။

မေမေကြီး ကျော့တာမှာ...

မေမေကြီးလည်း ညဘက်သန်းခေါင်ကျော်ကစပ်
ဆင်းလေ့ မရှိသူမို့ ဖြစ်နိုင်ဖို့ နည်းမည်။ ဆိုလျှင်
လည်း ဇွန်ပွင့်အကူအညီကို ပေးသော ဆင်းလေ့ရှိသူမို့ ဇွန်ပွင့်
သိရပါမည်။

ဒါ...ဒါဆိုရင် ဇွန်ပွင့်အခန်းထဲဝင်ပြီး စောင်ခြုံပေး
သွားတဲ့သူမှာ ကိုကို၊ ကိုကိုများလား။

တွေးမိရုံမျှနှင့်ပင် ဇွန်ပွင့်မျက်နှာလေးမှာ ရှက်သွေး
တို့ဖြင့် ရဲတွတ်သွားရ၏။

အဲဒါမှဒုက္ခ ဇွန်ပွင့်ကလည်း ဇွန်ပွင့်ပါပဲလေ...။

ခါတိုင်း အသက်ကြီးသွားအောင် အိပ်သည်သောက်၊ မနေ့
ညက ပေါ့ပေါ့ဆဆ နိုးလွန်းတွာ အခန်းတံခါးစေ့
အိပ်မိသည်။

ချက်ချဖို့ လုံးဝသတိမရ။

သည်ပုံစံဆိုလျှင် လွတ်လပ်လွန်းသော ဝတ်စားဆင်
ယင်မှု အနေအထားဖြင့် အိပ်ပျော်နေသော မိမိကို
ကိုကိုအနေဖြင့် မြင်သွားရ၊ တွေ့သွားလောက်ပေပြီ။

"ဘုရား...ဘုရား မြတ်စွာဘုရား ကယ်တော်မူပါ"

ဇွန်ပွင့် ဘုရားတ တတ်တလဲလဲ တမိရင်း မှိုင်ဆိုယ်
မိမိ၊ မလုံမလဲဖြင့် ငိုကြွေးမိသည်။

ညဝတ်အင်္ကျီ ပုံးတွန့်ဘာလေးကလဲ (စ်) အနီရဲလေးက

www.burmeseclassic.com



ခေတ်မီ အသွင်ပုံစံနှင့် ပေါ့ပါး လွတ်လပ်လွန်းနေသလို တစ်နေ့ကုန် တင်းကျပ်စွာ ထုံးဖွဲ့ထားရသော ဆံပင်တို့ကိုလည်း ညက ခေါင်းလျှော်ထားမိသဖြင့် ဆံနွယ်က သည်အတိုင်း ဖရိုဖရဲကျနေသည်မို့ ဇွန်ပွင့်ပုံစံက ဘယ်လိုနည်းနှင့်မှ တောက အိမ်ဖော်ပုံစံမျိုးမပေါက်။

တကယ့်ကိုဒုက္ခပါ။ ကိုကို ဇွန်ပွင့်အပေါ် တစ်မျိုးမြင်ပေတော့မည်။ တောကတက်လာတဲ့လူ ဟုတ်နိုင်ပါ့မလားဟု သံသယပွားပေတော့မည်။

ဘယ်သူမပြု မိမိမှုမို့ ကြိုးစားအားတင်းပြီး မိမိကိုယ်မိမိ အပြစ်တင်ကာ အိပ်ရာမှ ထလိုက်ရပေမယ့်လည်း လူက စိတ်လန်းဆန်း ပေါ့ပါးခြင်း အလျဉ်းမရှိတော့။

စိုးရိမ်စိတ်၊ ကြောက်လန့်စိတ်၊ ကိုကို့ကို ရင်ဆိုင်ရမှာ မဝံ့ရဲသည့် စိတ်တို့ဖြင့် လေးလံထိုင်းမှိုင်းနေ၊ ထုံပူနေသည်။

ကိုကိုကတော့ ဇွန်ပွင့်တစ်ယောက်တည်း ဗျာများနေသည့်အဖြစ်ကို သိမည့်မထင်ပါ။

ဇွန်ပွင့် မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီး ဘုရားခန်း အလျင်ဝင်ကာ သောက်တော်ရေကပ်၊ ပန်းကပ်လှူကာ ဘုရားဝတ်ပြု ဆုတောင်းပြီး မာမီနှင့် သုံးဆယ့်တစ်ဘုံသား အားလုံးကို အမျှပေးဝေပြီးမှ မေမေကြီး အခန်းဘက်သို့ ရဲဆေးတင်ကာ ကူးလာခဲ့မိသည်။

ရှောင်လို့မရမည့်အတူတူ၊ လာမယ့်ဘေး ပြေးတွေ့လိုက်တာ အကောင်းဆုံးပါပဲ။ တိုက်တိုက်ဆိုင်ဆိုင်ပင်



မတွေ့ချင်ဘူး ဆိုခါမှ ကိုကို့ကို မနက်စောစောစီးစီး မတွေ့စဖူး မေမေကြီးအနားမှာ အခန့်သင့် တွေ့လိုက်ရသဖြင့် ဇွန်ပွင့်စိတ်မလုံစွာ မျက်နှာလွှဲရင်း မလုံမလဲစကား ဆိုမိသည်။

''ဇွန်ပွင့် အိပ်ရာထ နည်းနည်း နောက်ကျသွားတယ် မေမေကြီး၊ မေမေကြီး နိုးနေတာကြာပြီလားမသိဘူး''

''အခုမှမနက်ခြောက်နာရီပဲရှိသေးတာ၊ သမီးအိပ်ရာထ နောက်မကျပါဘူးကွယ့်၊ သားကသာ၊ ဒီနေ့မှအလုပ်စောစောသွားစရာရှိလို့ဆိုပြီး တမင် အစောကြီးဆေးလာထိုးပေးတာပါ၊ သမီး ဘုရားရှိခိုးသံကြားမှ မေမေကြီးအိပ်ရာကနိုးလာတာလေ၊ ကောင်းကောင်း အိပ်မပျော်တော့တာနဲ့ သမီး ဘုရားရှိခိုးသံကိုနားထောင်ရင်း ဆက်မှိန်းနေတာ....

''အခုလို မနက်ခင်း စောစောစီးစီးမှာ ကြားရတဲ့ သမီးရဲ့ ဘုရားရှိခိုးသံလေးကို နားစွင့်ရတာ ဘယ်လိုအရသာနဲ့မှမတူလို့ နားထဲမှာ အေးချမ်းပြီး ကျက်သရေ ရှိလွန်းလို့ သားကိုတောင် ပြောပြနေမိသေးတယ်၊ သမီးလေးရောက်လာမှ မေမေ မနက်တိုင်းလိုလို မှန်မှန် တရားနာဖြစ်နေတယ်လို့''

မေမေကြီးက ရယ်ရယ်မောမော စကားဆိုနေသဖြင့် ကိုကိုက [illegible] ကြောင်း ထောက်ခံသည့် သဘောဖြင့် [illegible] ခေါ [illegible] ချက် ဆတ်ပြသည်။

[illegible]ကနာရီကို မြှောက်ကြည့်လိုက်ရင်း....

www.burmeseclassic.com

www.burmeseclassic.com



"ကဲ...သားသွားတော့မယ် မေမေ ပါ သေပြန်ရင် နည်းနည်း နောက်ကျချင်ကျမယ်၊ မျှော်မနေနဲ့ဦးနော်၊ ကျွန်တော် မြို့ဦးဆီပဲ ဝင်ကော်ကိုရွေး ... ရှိနေသေးလို့"

မိခင်ကို ပြောပြီး ထွက်သွားတော့ ဇွန်ပွင့်ဘက်ကိုပါ လှည့်၍မှာသည်။

"ချာတိတ် မေမေ့ကို ဂရုစိုက်နော်၊ အကြောင်းကိစ္စ ရှိရင် ဖုန်းဆက်လိုက် ကြားလား၊ ကိုကို ဆေးခန်းမှာပဲရှိ နေမယ်"

ဇွန်ပွင့် ခေါင်းကိုသာ မဆိုင်းမတွ ညိတ်ပြလိုက်မိ သည်။ အခြားစကား ဆိုဖို့ မဆိုဖြစ်တော့။

ကိုကို့ပုံစံက သိုးငယ်နဲ့ မပျက်။ သူမဟုတ်သလိုခပ်တည် တည်ရှိနေပေမယ့် ဇွန်ပွင့်မှာတော့ စိတ်မသိုသူ့ပီပီ ကိုကို အောက်ထပ်ဆင်းသွားလေမှပဲ အသက်ရှူ ချောင်သွား သလို ခံစားရတော့သည်။

မမေကြီး၏ဝေယျာဝစ္စများကို ဆောင်ရွက်ပေးပြီး ဇွန်ပွင့် အောက်ထပ် ဆင်းလာချိန်မှာတော့ ကိုကို မရှိ တော့။

ဒေါ်စိန်လည်း မီးဖိုထဲမှာမရှိ။ ကိုကိုနှင့်အတူ ဈေး လိုက်သွားဟန်တူ၏။

လောလောဆယ် မီးဖိုထဲဝင်ချိန် မလိုအပ်သေးသည်မို့ ဇွန်ပွင့်တစ်ယောက်တည်း ဧည့်ခန်း သန့်ရှင်းရေး လုပ်နေ သည်။

"တီ...တီ...တီ..."



ကားဟွန်းသံနှင့်အတူ ခြံမှခန့် ထိုး ... ဝင်လာသော ... ကားကြီးထဲမှ မမေမခင် ဆင်းလာသော တွေ့လိုက်ရ၍...

"ဟယ်...မမေမခင် လာတယ်၊ ကြည့်စမ်း၊ ဇွန်ပွင့် ပျော်လိုက်တာ"

မမေမခင်ကို ခုန်ပေါက်ကြိုဆိုရင်း ဇွန်ပွင့် တကယ်ပဲ ပျော်သွားရသည်။

မေခင်ကလည်း ကလေးတစ်ယောက်လို မြူးထူးပျော် ရွှင်သွားသော ဇွန်ပွင့်ကို ကြည့်ရင်း နှုတ်ခမ်းလေး ပြုံး လိုက်၏။

"ပျော်ရမယ်လေ ပျော်ရမှာပေါ့၊ မမ မေခင်က ဇွန်ပွင့်အတွက် အပျော်တွေ သယ်ဆောင်လာတဲ့သူပဲ"

"ဟင်...ဘာဖြစ်လို့"

ဇွန်ပွင့် နားမလည်နိုင်သလို မျက်လုံးလေး မြူးကြည့် လာတော့ မေခင်က ဇွန်ပွင့် အနား ကပ်ထိုင်လိုက်ရင်း ရယ်ရယ်မောမောစကားဆိုသည်။

"ဘလူ မနေ့ညက ဖုန်းဆက်တယ် ဇွန်ပွင့်ရဲ့၊ ဟိုမှာ တော့ အန်တီနဲ့ ဦးကျော်ဦးနဲ့ ဟိုမောင်နှမ ပြုံးနေ ကြတယ်ဆိုပဲ၊ ယခုထိ အဆင်မပြေသေးဘူး၊ အဲဒါ ဇွန်ပွင့် ... အောင်သွားပြီ ပြောပြပါ၊ နေပါဦး ဒီအချိန်မှာ ဇွန်ပွင့် ပျော်ဘူးဆိုရင်လဲ သက်ရှိပဲ ... ကို ခဏ ပြန်ခေါ် ထား ... ပါတဲ့..."

"အယ်ပိုလုံ အမိ၊ မနေ့ ပြန်လိုက်မှာ မဟုတ်လား၊

www.burmeseclassic.com



ဒီမှာ မပျော်ရင် အားနာစရာမလိုဘူးနော်၊ မမနဲ့တစ်ခါတည်း ပြန်လိုက်ခဲ့ပေတော့၊ မေမေ့ကလဲ လိုက်မယ်ဆိုရင် ချက်ချင်း ပြန်ခေါ်လာခဲ့တဲ့၊ မမလဲဇွန်ပွင့်မရှိကတည်းက အိမ်မှာနေရတာ ဟာတာတာနဲ့ ပျင်းနေတာ အရမ်းပဲကွာ၊ အခုမှ တို့ညီအစ်မနှစ်ယောက် အတူပြန်နေခွင့်ရတော့ဘယ်၊ လာဟယ် မေမေကြီးကိုသွားပြောရအောင်"

မေခင်က စကားဆုံးသည်နှင့် ဇွန်ပွင့် အရိပ်အကဲကို သေချာ အကဲမခတ်တော့ဘဲ မေမေကြီးရှိရာ အပေါ်ထပ်ဆီသို့ စိတ်မြန်ကိုယ်မြန် ခြေလှမ်းပြင်လိုက်၍ တွေတွေလေး ရပ်နားထောင်နေသော ဇွန်ပွင့် လှုပ်လှုပ်ရှားရှား ဖြစ်ကာ ခြေလှမ်းတုံ့သွားရသည်။

ယခင်က သည်လိုဖြစ်လာမည့်အချိန်၊ သည်လို စကားပြောလာမည့်နေ့၊ သည်ဘဝကကျွတ်လွတ်မည့်ရက်ကိုအစဉ်အမြဲ စောင့်မျှော်နေခဲ့သူဖြစ်ခဲ့ပါလျက် ယခုဖြူနုံးစေးကြီး ကြားလာရသည့်အခါကျတော့ ရင်ထဲမှာ ထင်သလောက်ဝမ်းမသာနိုင်။

တစ်စုံတစ်ခုသော အတားအဆီးက တုံ့ဆွဲထားသလိုလို၊ ရင်ထဲမှာ မွန်းကျပ်သာသလိုလို တစ်မျိုးကြီးခံစားနေရသည်။

ဇွန်ပွင့်စိတ်ထဲမှာ ဘယ်လိုဖြစ်သွားပြီလဲ မသိတော့ပါ။ ဝမ်းမြောက်ဝမ်းသာ ဖြစ်သင့်ပါလျက်နှင့် ရှင်မြူးစိတ်နည် ... ဖြစ်မလာသော မိမိကိုယ်ကို မိမိ အံ့ဩ ... မဆုံ ... တော့သည်။



"ဘာလဲ ဘာဖြစ်နေတာလဲ ဇွန်ပွင့်ရဲ့၊ လာလေ... မေမေကြီးကို သွားပြောရအောင်၊ မမနဲ့အိမ်ပြန်လိုက်မှာ မဟုတ်လား"

ငိုင်တွေတွေလေး ဖြစ်နေသော ဇွန်ပွင့်ကို ကြည့်ပြီး မေခင်ကပေါ့ အားမလို အားမရဖြစ်လာဟန်စကားဆိုကာ ဆွဲခေါ်နေသဖြင့်၊ ဇွန်ပွင့်ပြန်ဖြေရန် အသင့်လျော်ဆုံး ဆင်ခြေစကား တစ်ခုကို အမြန်ဆုံးရွေးချယ်လိုက်ရသည်။

"နေ... နေပါဦးမမရဲ့၊ ဇွန်ပွင့် ချက်ချင်း ပြန်လိုက်လို့ မဖြစ်သေးဘူး ထင်တယ်၊ မေမေကြီးက နေကောင်းနေပြီ ဆိုပေမယ့် သိပ်ပြီး မြန်မြန်ဆန်ဆန် လှုပ်ရှားနိုင်သေးတာ မဟုတ်ဘူး၊ နောက်ပြီးတော့ မီးဖိုချောင်မှာလဲ ဇွန်ပွင့်မရှိရင် မဖြစ်ဘူး မမရဲ့၊ ကိုကို ... ဒေါ်ခင်နဲ့ ယက်ရက်စိတ်တိုင်းကျမှာ မဟုတ်ဘူး၊ လောလောဆယ် ဇွန်ပွင့် ဒီမှာ ဒီပုံစံအတိုင်းပဲ ဆက်နေဦးမှဖြစ်မယ် ထင်တယ်၊ ဟို ဟို... မေမေကြီး နေကောင်းမှ"

ဇွန်ပွင့် အထစ်ထစ်အငေါ့ငေါ့နှင့်မို့ စကားတောင် အဆုံးမသတ်နိုင်သေး။ အတွေးပေါက်သွားသော မေခင့် မျက်နှာ ချက်ချင်းလို မချိမချဉ်ဖြစ်သွားရ၏။

"ဟယ်... ဇွန်ပွင့်တို့က ဒီလိုတောင်ဖြစ်နေကြပြီလား၊ တစ်သက်လုံး ဒေါ်ခင်နဲ့ယက်ရက်စားလာတဲ့ကိုကိုကလဲ အခုမှ စိတ်တိုင်း မကျ ... ဘူးတဲ့လား၊ အံ့ရော... ဇွန်ပွင့် ... ပုန်ကန် ... ပါလား၊ ဒါဆိုလဲ ဆက်လုပ် ... ရေ... ဆက်လုပ်"

www.burmeseclassic.com



''ဟာ....မမ ဘာတွေလျှောက်ပြောနေတာလဲ၊ ဇွန်ပွင့် ဆိုလိုချင်တာက တစ်မျိုး''

''အေးပါ.... ဟုတ်ပါပြီ၊ မမက ဘာ ပြောလို့လဲ၊ ကျေနပ်ပါတယ်၊ ဆက်လုပ်လို့ ဆိုဒ်နေ''

''အာ....နာတယ်ဟ''

ဇွန်ပွင့် ရှက်ကိုးရှက်ကန်း ဆွဲဆိတ်လိုက်မိသဖြင့် မေခင် အော်ရင်း အနားမှ ထပြေးလေတော့သည်။

ဒါပေမယ့်လည်း သည်အတိုင်းလွတ်လွတ်ကျွတ်ကျွတ် ပြေးခြင်းတော့ မဟုတ်။

''မခွဲနိုင်လို့ ဆက်နေတာက အကြောင်းမဟုတ်ဘူး နော်၊ အဘွားကြီးအိုမပါက်စ ပိုစိကြီးကတော့ မဟန် သေးဘူးကွ၊ မြန်မြန်မျက်နှာဖုံးခွာမှဖြစ်မှာ၊ တော်ကြာ သူများနောက်ပါသွားလို့ ခက်နေဦးမယ်၊ မပြောမရှိနဲ့''

စ,ဖြစ်အောင် စ,ပြီးမှ ပြေးထွက်သွားသည်မို့ ဇွန်ပွင့်ရယ်ရှိသာ နေလိုက်ရတော့သည်။

သိသိကြီးနှင့် စ,နေသူမို့ မွေယူလို့လည်း မဖြစ်၊ တကယ်ဆိုးသည့် မမမေခင်ပါပဲ။

ပြောမည့်သာ ပြောရသည်။ ဇွန်ပွင့်ကိုယ်တိုင်ကလည်း မမမေခင်ပြောသလို ကိုကို့အပေါ် စိတ်ဝင်စား နေမိပြီ လား၊ မပြောတတ်ပါ။

ကိုကိုနှင့်ရင်ဆိုင်ရမှာ မျက်လုံးချင်းဆုံရမှာ သတ္တိမရှိ၍ တစ်အိမ်တည်း အတူနေပြီး ရှောင်ဖယ် ရှောင်ဖယ် ရှိနေ



မိသလောက် အခဝေးမှာ တကယ် ခွဲခနရမည်ဆိုတဲ့ အခါ ကျခတော့ မခနနိုင်....မနေချင်။

ကိုယ့်ကိုယ်ကို ဘယ်လိုနားလည်ရမှန်း မသိတော့သည့် အဖြစ်ခလ။ ကိုယ့်ဘဝကိုယ်နားလည်၍ သီတဂူမှ အမြန် ဆုံး ထွက်ခွာသွားချင်သော သိစိတ်က တစ်ပိုင်း၊

သည်မိသားစုအပေါ် သံယောဇဉ်တွယ်တာမိပြီမို့ ရှတ် တစ်ရက်ကြီး မိမိက စတင်ခွဲမသွားချင်သော၊ ခွဲခွာမသွား ရက်သော၊ မသိစိတ်က တစ်ပိုင်း။

စိတ်နှစ်ခုလွန်ဆွဲနေကြသည်မို့ ဇွန်ပွင့် တစ်ယောက် မျက်မှောင်လေးတွန့်ကာ အဖြေမှန်ရှာမရ၊ ဝေခွဲ မရ ဖြစ်နေမိဆဲ။

အကဲခတ်သလို ခင်းကြည့်နေမိသော မေခင်ကတော့ ဇွန်ပွင့်ရင်ထဲမှ အကြောင်း အရာတွေကို အမှန်အတိုင်း ထွင်းဖောက်သိမြင် နားလည်သွားရပါပြီတည်း။

* * *

## အခန်း ( ၁၄ )

ဇွန်ပွင့် ရနံ့သင်းပျံ့သောအပွင့်ဖြူဖြူလေးများနှင့် ဝွေးခဲဝွေးလှုပ်ခနသော ဇွန်ပန်းရုံကြီး နံဘေးရှိ ခုံတန်း လျား ပြာပြာလေးပေါ် ထိုင်လိုက်မိ၏။

ခုချိန်လောက်ဆို ကျောက်မဲ သီတဂူအိမ်မှ ဇွန်ပန်းရုံ တွေမှာလည်း အပွင့်တွေ ဝေနေရှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



တမ်းတစိတ်တို့ကြောင့် စိတ်အစဉ်က အခဝေးသို့ မျှော်လွင့်ချင်သလို ရှိ၏။

"သမီးလေးကို မွေးတုန်းက ခြံထဲက ဇွန်ပန်းရုံတွေ အကုန်လုံး ဖွေးဖွေး လှပနေလောက်အောင် ပွင့်လို့ 'ဇွန်ပွင့်ဦး' လို့ နာမည်ပေးခဲ့တာလေ"

"ဇွန်ပန်းဆိုတာ မာမီ သိပ်ချစ်တဲ့ပန်း မဟုတ်လား၊ သမီးလေးကလဲ မာမီ သိပ်ချစ်တဲ့ သမီးပဲ"

မကြာခဏဆိုသလို တဖွဖွ ပြောထတ်ခဲ့လေသော မာမီ၏ ချစ်ခြင်းမေတ္တာ နှံ့သင်းပျံ့နေသော စကားသံ သဲ့သဲ့ကိုလည်း မြန်ကြားယောင်မိသလိုလိုမို့။

"မာမီရယ်"

ဇွန်ပွင့်ရင်ထဲ ဆွေးဆွေး မြည့်မြည့် ဖြစ်သွားရ၏

ဘာပဲဖြစ်ဖြစ် ခုချိန်အထိ မာမီ့ကို မမေ့နိုင်သေးတာတော့ အမှန်ပါပဲလေ။

ချစ်လှစွာသော မာမီနှင့် ပတ်သက်သမျှ အတွေးတို့က ဇွန်ပွင့်ရင်ထဲမှာ အမြဲလို ဒွန်တွဲတည်ရှိနေဆဲပါပဲ။

အချစ်တို့ကလည်း ရှင်သန်ပေါက်ဖွားမြဲပါပဲ။

ချစ်ခြင်းမေတ္တာ၊ အကြင်နာ ကရုဏာများဖြင့် အစဉ်အမြဲထွေးပိုက်ယုယခဲ့လေသော မိခင်ကို ဇွန်ပွင့် အလွယ်တကူ မေ့ပစ်နိုင်ပါမလား။ အခုတစ်ဘဝ်မဟုတ်၊ နောက်ဆယ်သက်အထိပင် မေ့နိုင်မည်မထင်။ မာမီ့ကို ဇွန်ပွင့် သိပ်ချစ်သည်။



"မဇွန်"

"အခမ့်"

မာမီ့ကို တမ်းတမိဒိတ်နှင့် ယောင်တောင်ချောင်ချော ဖြစ်သွားရသော ဇွန်ပွင့်ဦးကေမ်းယောက် ...

နောက်ကတက်ဆီမှ နီးနီးကပ်ကပ် ထွက်ပေါ်လာသော အသံတစ်ခုကြောင့် အလန့်တကြား ဖော့ကြည့်မိလျက်သား ဖြစ်သွားရသည်။

"ဪ... ဒေါက်တာ"

မထားဆီးနိုင်ခင် အာခေမဦးသံ တစ်ခုက ဇွန်ပွင့်နှုတ်ဖျားမှ တိုးတိုး ပွင့် အန် ထွက်လာ၍သည်။ ဒေါက်တာ မြင့်ဦးက နှစ်လိုစွာ ပြုံးပြလာ၏။

ဒေါက်တာမြင့်ဦးက ကိုကိုနှင့်အတူ တွဲ၍ စေတနာဆေးခန်းဖွင့်ထားသော ကိုကို့ သူငယ်ချင်းပေပဲ။ ဇွန်ပွင့်သိသည်ပေါ့။

ကိုကိုနှင့်အတူ အိမ်သို့ မကြာခဏလိုက်ပါလာတတ်သူမို့ ဇွန်ပွင့် မျက်မှန်းတန်းမိသလောက်ပင် ဖြစ်နေပြီ။

အသားဖြူဖြူ၊ အရပ်ပုပုနှင့် ကော်ကိုင်း မျက်မှန်တပ်ထား၍ ရှုတ်တစ်ချက်ကြည့်လျှင် လူငယ်ပုံ မပေါက်။

သဘောကောင်းပုံရပါသည်။ ဆရာဝန်ရယ်ဟု မာန်မာန မထား။

အိမ်သို့လာတိုင်း ဇွန်ပွင့်ကို အိမ်ဖော်တစ်ယောက်ဟု မှိမိုမှတ်ချသဘောမထားဘဲ၊ ရယ်ရောမျှားပြော၍ ရင်းနှီးစွာ ဆက်ဆံတတ်မြဲမို့ ဇွန်ပွင့် ခင်မင် မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း ဇွန်ပွင့်ကပဲ စတင်၍အိမ်ရှင်ဝတ္တရား ကျေအောင် ဧည့်ဝတ်စကား ဆိုရသည်။

"ဆရာ ကိုကို့ဆီ လာတယ်ထင်တယ်၊ ကိုကို အိမ်ထဲမှာ ရှိတယ်လေ ဆရာရဲ့၊ အိမ်ထဲတန်းသွား..လိုက် ပြီးရော"

"ကျွန်ုပ်ခုတင် အခုပဲ အိမ်ထဲက ပြန်ထွက်လာတာ မဇွန်၊ ဧည့်ခန်းထဲမှာရော၊ အိပ်ခန်းထဲမှာပါ မတွေ့လို့ ခြံထဲရှိလိုရှိငြား ဆင်းလာတာ၊ နေမျိုး ဘယ်သွားလဲ၊ မဇွန်များ သိမလားလို့"

"အို...မဇွန် ပန်းခူးမဆင်း ခင်လေးက ကိုကို သူ့အခန်းထဲမှာ ရှိနေသေးတဲ့ ဥစ္စာ၊ အပြင်ထွက်မယ်ဆိုရင်လဲ မဇွန် ခြံထဲမှာ ရှိနေတာပဲ သိရမှာပေါ့၊ ကားထွက်သွားသံလဲ မကြားမိပါဘူး၊ တွေ့ဖို့ကိစ္စ သိပ်အရေးကြီးနေလို့လားဟင်"

ဇွန်ပွင့် မျက်လုံးလေး ဝိုင်းသွားရသော ဒေါက်တာမြင့်ဦးက ခေါင်းညိတ် ပြ၏။

"ဟုတ်တယ် မဇွန်၊ ကျွန်တော်အရေးပေါ် ခရီးထွက်စရာ ရှိနေလို့ ဒီကောင့်ကို နည်းနည်းပါးပါး မှာစရာရှိတာလေး မှာထားခဲ့ချင်လို့"

ဒေါက်တာ မြင့်ဦးပုံစံက တကယ်အရေးကြီး ဟန်ပန်မျိုး ဖြစ်နေသဖြင့်....

"ဆရာ ခဏစောင့်နေ၊ မဇွန် ကိုကို့ကို သွားရှာပေးမယ်"



ဇွန်ပွင့် နေရာမှ ထရပ်ကာ အိမ်ဘက်ဆီသို့ ကိုကို့ကို လိုက်ရှာရန် အပြေးတစ်ပိုင်း လှမ်းအထွက်....

"အာ့....အမယ်လေး"

"ဟာ....မဇွန်"

ခုံတန်းပြောင်းနှင့် ဝင်တိုက်မိပြီး ဇွန်ပွင့်ကိုယ်လေး ယိုင်ထွက်သွားရသလို ခြေဖျားတစ်ခုလုံးပါ ထုံပုထုံကျဉ်သွားရ၍ ဒေါက်တာ မြင့်ဦးက ကမန်းကတန်းလှမ်းထိန်းပေးလာသည်။

"ဘာဖြစ်သွားသေးလဲမဇွန်၊ ဘာဖြစ်သွားသေးလဲ"

ဇွန်ပွင့် ခြေထောက်ကို ငုံ့ကြည့်ရင်း စိုးရိမ်တကြီး ပျာပျာသလဲ မေးနေ၍လည်း ဇွန်ပွင့် ကမန်းကတန်း ခေါင်းခါပြရသည်။

ဒေါက်တာမြင့်ဦးနှင့် နီးကပ်လွန်းသလို ဖြစ်သွားရသော အနေအထားကြောင့် ဒေါက်တာမြင့်ဦးက သတိပြုမိပုံမရသော်လည်း၊ ဇွန်ပွင့်ကတော့ သတိပြုမိသွားသည်မို့ ရှက်ရှက်နှင့် ကမန်းကတန်း ရုန်းထွက်ရင်း....

"ဘာ....ဘာမှ မဖြစ်ပါဘူး ဆရာ၊ ခြေထောက် နည်းနည်း နာသွားရုံတင်ပါ၊ လမ်းလျှောက်လို့ ရပါတယ်"

ခြေဖျားထိပ်မှ တစစ်စစ် နာကျင်မှုကို ဂရုမပြုနိုင်တော့ဘဲ ခြေလှမ်းများကို အိမ်ဘက်ဆီသို့ တစ်ဟုန်ထိုး ဦးတည်ပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အလျှင်လိုခါမှ အနေ့ဖြစ်ဆိုတာ ဒါမျိုးပဲလား မသိပါ။ ခြေတစ်လှမ်းမှ လှမ်းမည် မကြံရသေး။

''ဒါဝ ဘာဖြစ်နေကြတာလဲ၊ ကြည့်လို့မှ အမြင်မတော်''

စောစောက ဘယ်ဆီပျောက်နေမှန်း မသိသော ကိုကို ထံမှ မာကျောခက်ထန်လှသော အသံကြီး ရုတ်တရက် ထွက်ပေါ်လာ၍ ဇွန်ပွင့်ကိုယ်လေး ဆတ်ခနဲ တွန့်သွားရ၏။

ကြောက်လန့်စိတ်ကြောင့် မျက်လုံးများလည်း ဝိုင်းဝိုင်းလည်သွားရသည်။ ဒေါက်တာမြင့်ဦးကလည်း အခုမှ တွေ့လိုက်ရသူ နေမျိုးကို အံ့သြကြီး လှမ်းကြည့်လာ၏။

''ဟေ့ကောင် မင်းကို ငါလိုက်ရှာနေတာ စောစောတုန်းကတော့ ဘယ်ပျောက်နေလဲ''

နေမျိုး လုံးဝမဖြေ။ သူ့ကို မေးတာ မဟုတ်သည့် အလား ဇွန်ပွင့် မျက်နှာကိုသာ မီးသွက်လုလု မျက်ဝန်းများဖြင့် စူးစမ်းသလို စေ့စိုက်ကြည့်နေ၍...

''ဒီကွာပါပဲ ငါလဲကျမှာစိုးရိမ်လို့ ဒေါက်တာမြင့်ဦး လှမ်းထိန်းပေးလိုက်တာကို ကိုကို မြင်သွားပြီ ထင်ပါရဲ့ နန့်ဘယ်၊ ပုံစံတယ်၊ အနေမတတ်ဘူးလို့ ထင်တော့မှာပဲ''

စိုးရိမ်စိတ်တို့က ဇွန်ပွင့် ရင်သို့ အရှိန်အဟုန်ဖြင့် ဝင်ဆောင့်ကြ၏။

ကိုကို အထင်လွဲပြီဆိုသည့် အသိစိတ်ကြောင့် မျက်နှာ



ငယ်လေးနှင့် အဖြေမပေးနိုင်သေးသောကြောင့် ဇွန်ပွင့် တုန်ယင်နေဆဲ...

''ဟေ့...မေးနေတယ်လေ၊ ဘာဖြစ်နေကြတာလဲလို့''

''ဟာကွာ နေမျိုးကလဲ၊ ဇွန် ဟိုခုံတန်းနဲ့ ဝင်တိုက်မိပြီး လဲတော့မလို ဖြစ်သွားလို့၊ ငါ လှမ်းထိန်းပေးလိုက်တာပါကွ''

အခုမှ အခြေအနေမှန်ကို နားလည်သွားပုံရသော ဒေါက်တာမြင့်ဦးက သူငယ်ချင်းဖြစ်သူ၏ စိတ်အသားကို သိသူပီပီ အထင်မလွဲရန် ဇွန်ပွင့်ကိုယ်စား ကြားက ဝင်ဖြေပေးလာ၏။

ဒါပေမယ့် ကိုကိုက ကျေနပ်ပုံမရ။ ဇွန်ပွင့်ကို စိုက်ကြည့်နေသော မျက်နှာထားက ခက်ထန်မြဲ ခက်ထန်နေသလို မျက်ဝန်းများကလည်း ဒေါသထွက်နေဆဲ။

မဆီမဆိုင် ကြားမှ ဝင်ဖြေလာသော ဒေါက်တာမြင့်ဦးကိုလည်း အခြောက်တိုက် ဒေါပွသွားပုံရသည်မို့...

''မင်းကို မေးနေတာမဟုတ်ဘူး မြင့်ဦး၊ ငါမေးနေတာ သူ့ကိုကွ၊ သူ့မှာပါးစပ်ပါတယ် သူ့ဟာသူ ဖြေလိမ့်မယ်၊ မင်းအသာနေစမ်းပါ''

ပြောရင်းမှ တစ်ဆက်တည်း ဇွန်ပွင့်ဦးသက် ရည်ညွှန်းကာ ဒေါသတကြီး အော်သည်။

''ဟေ့...မေးနေတာ ဖြေလေကွာ၊ လူမြင်ကွင်းကြီးထဲမှာ ဘာဖြစ်နေတာလဲလို့၊ မင်းမှာခြေမှို ပါးစပ်မပါဘူးလား

www.burmeseclassic.com



"ဟို....ဟို"

တစ်ခါမှ ကြုံမျှလောက် ဒေါ်သတကြီး ခက်ထန်တင်းမာခြင်း မရှိခဲ့ဖူးသူမို့ ကိုကို့ကို အလန့်တကြားမော့ကြည့်လိုက်ရင်း ဇွန်ပွင့်အသံမှန်နှင့် ပြန်မဖြေနိုင်ရန်မနည်းကြိုးစားယူရသည်။

"ဟို....ဟို....ဒေါက်တာက ကိုကို့ကို လိုက်ရှာနေတာဘယ်မှာမှ မတွေ့ဘူးဆိုလို့ မဇွန်လိုက်ရှာပေးမလို့ လှည့်ထွက်လိုက်တာ အရှိန်လွန်ပြီး ဒီခုံတန်းနဲ့ ဝင်တိုက်မိတာပါကိုကို၊ အဲဒါ....အဲဒါ မဇွန် လဲကျမှာစိုးလို့ ဆရာက ထိန်း...."

"တော်စမ်းပါ၊ ဝင်တိုက်မိမှာပေါ့၊ မျက်လုံး ကဘယ်ကြည့်နေမှန်းမှ မသိဘာ"

"အို...."

လက်လွှတ်စပယ် နိုင်လွန်းသော ကိုကို့စကားကြောင့် ဇွန်ပွင့်တကယ်ပဲ ဝမ်းနည်းသွားရ၏။

ပြောရက်လိုက်တာ၊ တကယ်ဆို သူကိုယ်တိုင် မျက်လုံးနဲ့ တပ်အပ်မြင်လိုက်သားပဲ။

တမင်ဖန်တီးထားခြင်းမဟုတ်တဲ့ ကိစ္စတစ်ရပ်အတွက်သည်လောက် ဒေါ်သတကြီး ခါးခါးသီးသီး ဖြစ်စရာအကြောင်းရှိမနေပါ။

ချက်ချင်းပဲ မျက်ရည်များ ရစ်ဝဲလာ၍ ခေါင်းကိုငုံ့ချလိုက်မိတော့ အကြောင်းမဲ့ ဒေါ်သတကြီး ဖြစ်နေ



သော သူ့ကို ဒေါက်တာမြင့်ဦးက နားမလည်နိုင်တော့သလို စကားဆိုလာလေသည်။

"မင်းကလဲကွာ၊ ဒီခုံတန်းလေးကို မတော်တဆ ဝင်တိုက်မိတာ အပြစ်မဟုတ်ပါဘူး၊ ဘာမှလဲ ဆူပူစရာအမြင်မတော်စရာ အကြောင်းရှိပါဘူး၊ ဘာဖြစ်လို့ဒီလောက်တောင် ဒေါသကြီးနေရတာလဲ၊ မင်း ဘာဖြစ်နေတာလဲ နေမျိုး"

နေမျိုးမဖြေ။ ဇွန်ပွင့်ကို မျက်မှောင်ကုတ်၍ စူးစိုက်ကြည့်နေရာမှ ချာခနဲလှည့်ထွက်သွား၍....

"ဟာ...ဒီကောင် ဘာဖြစ်နေတာလဲ၊ နေပါဦးဟ၊ ငါမင်းနဲ့ အရေးတကြီး တွေ့စရာကိစ္စရှိလို့လာတာ"

"မဇွန် ခဏလေးနော်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး၊ ဒီကောင်က တစ်ခါတစ်ခါကျရင် ဘယ်လိုမှန်း မသိဘူးဗျာ၊ တကယ်ဇွဲဆိုးဖောက်တယ်"

ဇွန်ပွင့်ကို အားနာသလို တစ်ချက် လှမ်းကြည့်ရင်းဒေါက်တာမြင့်ဦး သူ့နောက်သို့ အပြေးတစ်ပိုင်း လိုက်သွားလေမှ ဇွန်ပွင့်ရှိုက်ကြီးတငင် ငိုချပစ်လိုက်မိသည်။

ရင်ထဲမှာ တကယ် စိတ်ထိခိုက်မိခြင်းရယ်ပါ။

မတော်တဆ ခလုတ်တိုက်မိသည့်ကိစ္စက ဘာမှ ကြီးကျယ်တာလည်း မဟုတ်။ ယမ်းပုံမီးကျ ဒေါသထွက်ရလောက်အောင် မိမိကလည်း ဘာအမှား တစ်စုံတစ်ရာမှကျူးလွန်မိခြင်းမရှိ။

www.burmeseclassic.com

www.burmeseclassic.com



ဒါကို ကိုကိုက ဒေါသတကြီး ဖြစ်နေသည် ဆိုတော့ ဇွန်ပွင့် ခေါင်းကိုသာ အတွင်ခါပယမ်းမိသည်။

ဒေါက်တာမြင့်ဦးစရှ့မှာ မိမိကိုစိုက်ကြည့်သွားသော ကိုကို့မျက်ဝန်းများက ကိုကိုသာ နဂါးစစ်စစ်ဖြစ်ပါမူ ဇွန်ပွင့် နေရာမှာတင် ပြာကျသည်အထိ လောင်ကျွမ်းသွားလိမ့်မည် ထင်ပါ၏။

မမမေခင် လာခေါ်တုန်းက ကြည်ကြည်သာသာ လိုက်မသွားမိတာ မှားလေစွ။

အခုမှ နောင်တ တရားတို့ကပါ ဖိစီးနှိပ်စက်လာ၏။

ကိုယ့်အကားနှင့်ကိုယ် အခုစေခလေး၊ အခုဆိုထမင်း လုပ်ရှိမဖြစ်တော့ပါပြီ။

"ကိုယ့်အပြစ်နဲ့ကိုယ်ပဲ၊ စိတ်ဆင်းရဲခြင်းဒဏ်ကို ခါး စည်းခံရဦးတော့ မိဇွန်ရယ်"

အမှတ်မထင်လှမ်းကြည့်မိသောနေမျိုးစိတ်မကောင်း ဖြစ်သွားရသည်။

မိမိ တာဂ ယ်ပဲ လွန်လွန်းသွားပြီ ထင်ပါ၏။

"မင်းကွာ လုပ်လိုက်ရင် အကျမ်းစည်းပဲ၊ နည်းနည်း ပါးပါးလေးများ စဉ်းစားပါဦးလော့၊ ဒီနေရာမှာ ငါမို့လို့သာပေါ့၊ တခြားလူသာဆိုရင် ဘယ်လောက် တောင် မျက်နှာပျက်ရမလဲ"

"ဇွန်လဲ တော်တော်စိတ်ထိခိုက်သွားပုံရတယ်"

မြင့်ဦး ပြောသမျှ ကလည်း၊ ဟုတ်မှန် နေသ ဖြင့် နည်းနည်းလေးမှ တုံ့ပြန်စရာအကြံမတက်ပုံ။



ဘာမဟုတ်သည့်အကြောင်းအရာလေးကို ဝန်တိုစိတ် ရှေ့ထားပြီး ဒေါသပွားမိခြင်းက မိမိအမှား ဖြစ်နေ သည် မဟုတ်ပါလား။

အခုတော့ ဇွန်ပွင့်လည်း စိတ်ညစ်ကာ မိမိလည်း ချာ တိတ်ကို အပြစ်ရှာ ဆူပူမိသည့်အတွက် စိတ်မကောင်းဖြစ် ရတာသာ အဖတ်တင်နေပြီ။

ဒါကြောင့်လည်း မြင့်ဦး သူကိစ္စ ပြောဆိုတိုင်ပင်ပြီး ပြန်သွားသည့်အထိ နေရာမှ မထအားဘဲ ခြံထဲမှာ ရှိနေ သေးသော ဇွန်ပွင့်ကို ကာစ့တရှောင်း လှမ်းကြည့်ကာ ငိုင်တွေနေမိသည်။

"ငါကိုယ်ကလဲ ငါပါပဲလေ၊ ချာတိတ်နဲ့ ပတ်သက် လာရင် စိတ် လှုပ်ရှား လွယ်လွန်းသလိုပါပဲ၊ ဘာကိုမှ မထိန်းသိမ်းနိုင်ဘူး၊ အခုလဲ ငါ့စိတ်တွေ လွတ်ထွက်သွား လိုက်တာ၊ ခလုတ်တိုက်မိလို့ မြင့်ဦး လှမ်းထိန်းပေးလိုက် တာ မျက်ဝါးသင်ထင်မြင်လိုက်ရလျက်သားနဲ့၊ သဝန်တို ပြီး ဒေါသထွက်ဖြစ်အောင် ထွက်လိုက် မိသေးတယ်၊ ချာတိတ်တော့ တော်တော် ဝမ်းနည်းသွားမှာပဲ"

တွေးရင်း တွေးရင်း ချာတိတ်ကို သနားလာရသည် နှင့်အမျှ ကိုယ့်ကိုယ်ကိုလည်း အားမလိုအားမရ ဖြစ်စွာ ခွင့်မလွှတ်ချင် ဖြစ်လာ၍...

"ကဲကွာ ကဲကွာ"

အိမ်နံရံဆီသို့ လက်သီးများကို ဆက်တိုက် ဆင့်ကာ ဆင့်ကာ ထိုးပစ်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်သောချာတိတ် စိတ်ညစ်အောင်ပြုမူမိသည့်အတွက် ကိုယ့်ဘာသာကိုယ် ချမှတ်လိုက်သော အပြစ်ဒဏ်ပါပဲလေ....။

"ထိုစဉ်မှာပင်....

"သား "

နေမျိုး၏ ပခုံးပေါ်သို့ မေတ္တာအရှိန်အဟုန်ကြီးမားသော လက်တစ်ခု ကျရောက်လာသည်။

မေတ္တာလက်ပိုင်ရှင်က မေမေ။

ပွန်းပဲ့သည့်ဒဏ်ကြောင့် သွေးခြင်းခြင်းနီနေသော နေမျိုးလက်ကို ကြင်နာယုယစွာဆုပ်ကိုင်ရင်း ကျန်လက်တစ်ဖက်က နေမျိုး၏မျက်နှာကို မယူပင့်တင်လာသည်။

"သားစိတ်ကို မလျှော့လိုက်စမ်းသား၊ ဘာဖြစ်လို့ ကိုယ့်ကိုယ်ကို ညှဉ်းဆဲမလဲ၊ အခြေအနေနဲ့ အချိန်အခါကို လိုက်လျောညီထွေဖြစ်အောင် ညှိယူမှပေါ့သားရယ်၊နေရာတိုင်းမှာ အရင်လိုတာ မကောင်းဘူး၊ အမှားတွေ့တတ်တယ်"

"ကဲ....လာ ဆေးထည့်ရအောင်နော်"

နေမျိုးကို နားလည်စွာစိုက်ကြည့်ရင်း ဆုံးမစကားကို ဆိုနေသော မေမေ့ မျက်ဝန်းအိမ်မှာ အကြင်နာ မေတ္တာ၊ ကရုဏာရိပ်များ များစွာ ပေါင်းစည်း ခိုဝင်နေလေသည်မို့ နေမျိုးခေါင်းညိတ်ရင်း မေမေ့ရင်ခွင်ထဲသို့ ခေါင်းတိုးဝင်မိလိုက်သည်။

ပြင်ပမှာ ဂုဏ်တွေ ဒြပ်တွေနှင့် ဆရာဝန် ရင့်မကြီး



အဖြစ် ဘယ်လောက်ပင် တင့်တယ် ခန့်ညားနေပါစေ....

မိခင်ရင်ခွင် ခိုဝင်ရသည့် အခိုက်အတန့်လေးမှာတော့ သားဟာ သားပဲမို့ ကိုယ့်ကိုယ်ကို အပြစ်ကင်းစင်သော ကလေးငယ် တစ်ယောက်လို မှတ်ထင်သွားရသည်။

မိဘမေတ္တာရိပ်က ကြီးမား ကျယ်ပြန့်လွန်းလှသည်ပဲလေ၊ နယ်ပယ် အကန့်အသတ်မရှိ၊ အတိုင်းအဆမရှိ ကျယ်ဝန်းသည်နှင့်အမျှ စိတ်ချမ်းမြေ့မှုကိုလည်း ထာဝစဉ် ပေးစွမ်းနိုင်သည်ပဲ မဟုတ်ပါလား။

*

## အခန်း ( ၂၀ )

"မောင်မျိုး....စာ"

"ဩော်....ဒီနေ့ စာလာတယ် ထင်တယ်"

နေမျိုး၏ မှတ်ချက်ချမှုကြောင့် ဒေါ်စိန်ထား လက်ထဲမှ စာကိုလှမ်းပေးရင်း ခပ်ပြုံးပြုံး စကားဆို၏။

"ဘယ်က လာတဲ့စာမှ မဟုတ်ပါဘူးကွယ်၊ မဇွန်က ဒေါ်စိန်ဈေးသွားရင် ထည့်ပေးလိုက်ပါဆိုပြီး လာပေးထားလို့ အဲဒါ ဒီနေ့ဈေးလဲမသွားဖြစ်တော့တာနဲ့ မောင်မျိုးကိုပဲ လူကြုံပါးမသို့....

"မောင်မျိုးပဲ မဇွန်နဲ့ပတ်သက်ရင် ဘာမဆိုအသိပေးရမယ်ဆို"

www.burmeseclassic.com



"ဪ...ဟုတ်သားပဲ၊ ပေး....ပေး.... ကျွန်တော်ပဲ ထည့်ပေးလိုက်မယ်"

အခုမှ ကိုယ့်စကားကိုယ်သတိရဟန်ဖြင့် ပြုံးချင်း ဒေါ်စိန်၏ လက်ထဲမှစာကို နေမျိုး ဟန့်မပျက် လှမ်းယူလိုက်သည်။

ဒေါ်စိန်ကလည်း စာပေးပြီးသည်နှင့် ချက်ချင်းပဲပြန် လှည့်ထွက်သွား၍ နေမျိုးလက်ထဲမှစာကို သေချာ စိုက် ကြည့်လိုက်မိသည်။

စာလက်ခံမည့်သူ လိပ်စာက ကျောက်မဲ သီတဂူမှ ဦးကျော်ဦး မဟုတ်၊ ဦးစိုင်းလှနှင့် ဒေါ်နန်းမြလည်း မဟုတ်။

ဦးအောင်သန်းလှိုင်
စိန်ပန်းမြိုင်
မျက်ပါးရပ်
မန္တလေးမြို့။

မိမိတို့နှင့် ဘယ်လိုမှ ဆက်စပ်ခြင်းမရှိသည့် လူစိမ်း တစ်ယောက်၏လိပ်စာဖြစ်သဖြင့် နေမျိုး မျက်မှောင်ကြုတ် သွားရသည်။

သူ့အစ်မကြီးစာကို ကာယကံရှင်ခွင့်ပြုချက်မရှိဘဲ ဖောက် ဖတ်လျှင် ရိုင်းရာကျမှန်းသိပေမယ့်လည်း မနေနိုင်တော့။

အလျင်စလို သိချင်စောဖြင့် ဖောက်ဖတ်မိ၏။

"ဪ..."

စာ ... သွား...တော့ ခေါင်း တဆတ်ဆတ် ညိတ်ရင်း



သိပ်သည်းသောအပြုံး၊ နားလည်ရခက်သော အပြုံးတစ်ခု ကလည်း နှုတ်ခမ်းဖျားမှာ ခိုနားလာလေ၏။

ဦးလေးတစ်ယောက်က ထိန်းသိမ်း စောင့်ရှောက်ပေး နေရသော မိဘမဲ့ ကလေးငယ်နှစ်ဦးအား အစစအရာရာ တတ်သိလိမ္မာစေရန် သွန်သင်ဆုံးမနိုင်မည့် ပညာအရည် အချင်းနှင့်ပြည့်စုံသော ဆရာ (သို့မဟုတ်) ဆရာမ တစ် ယောက် အလိုရှိသည်ဆိုသော သတင်းစာ ကြော်ငြာအရ ဇွန်ပွင့် အလုပ်လျှောက်ထားခြင်းပေပဲ။

ဟိုတလောက မိမိ ဒေါသတကြီးဖြစ်သွားတာနှင့်ပတ် သက်ပြီး ဇွန်ပွင့် တော်တော်လေး စိတ်ထိခိုက်သွားသည် လား မသိပါ။

မိမိတို့ သီတဂူကို သူ့နည်းသူ့ဟန်နှင့် ကျောခိုင်းစွန့် ခွာဖို့ ကြိုးပမ်းနေလေပြီ။

လူကြည့်တော့ လူကြီးဟန်တစ်ခွဲသားနှင့် ခုထိကလေး စိတ် မပျောက်ချင်သေးသော ချာတိတ်၊ ကလေးဆန် သေးသော ချာတိတ်၊ စိတ်ကောက်တတ်သော ချာတိတ် ပေတည်း။

နေမျိုး စာကို သေချာ ပြန်ခေါက်သိမ်းပြီး နေရာမှ ထလိုက်သည်။ မျက်နှာထားတင်းမာသည်။ ဇွန်ပွင့်၏ လုပ်ရပ်ကို သဘော ... လွန်း ၍ ... ယဉ်ကျေးသိုမ်မွေ့ ... ပျောက်နေ၏။

... ချစ်စရာကောင်းသေးသော...

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ကိုယ်တိုင်က မန္တလေး ပိဋကတ် သိပ္ပံ ဟုက္ကာသိုလ်မှ မဟာဗေဒ အဓိကဖြင့် သိပ္ပံဘွဲ့ရပြီး သူဖြစ်သော်လည်း မိဘနှစ်ပါးလုံး မရှိတော့သဖြင့် ဘဝတူ မိဘမဲ့ ကလေးများကို ထိန်းသိမ်း စောင့်ရှောက်ပေးရန် စိတ်အားထက်သန်ပြင်းပြပါသည်။

"ကလေးများအတွက် အလုပ်ခန့်အပ်လျှင် သတ်မှတ်ထားသော လစာနှုန်းကိုလည်း အတတ်နိုင်ဆုံး လျှော့ယူပါမည်" တဲ့။

သည်အလုပ်လျှောက်လွှာ ဝသာရလျှင် အလုပ်ရှင် ထပြီး ကချင်ပေရဦးမည်။ သည်လိုပုံစံနှင့် အလုပ်လျှောက်သူမျိုး အခုရာ မပြောနှင့် တစ်ထောင်မှာပင် တစ်ယောက် ရှိလိမ့်မည် မထင်။

ချာကိတ်က သူထင်တာတွေ လျှောက်လုပ်ပြီးဖို့သာ စိတ်စောနေဟန် တူသည်။

ဆီဘဂူကို အိမ်သားနှင့်ပတ်သက်ပြီး နည်းနည်းလေးမှ ထည့်တွက်ဟန် မတူ။ အားလုံးကို မေ့ထားသည်လား မသိပါ။

"ဟုတ်တိုက်ရုံ မင်း မှာ သာပေါ့ကွာ၊ သိပ် မှားတာပေါ့၊ နေ့ရာတကာကို လျှော့မတွက်ရဘူးလေ၊ နေရာတကာမှာ မင်း မသိတာလေးတွေ မကတ်တာလေးတွေ အများကြီး ရှိသေးတယ်"

ဇွန်ပွင့်ဦးဆိုတဲ့ ကောင်မလေးအတွက် နေမျိုးဆိုတဲ့ ကောင် အမြဲထမ်း ရင်မောနေရတာ မင်း သိရဲ့လား



"ကျောက်မဲ့က သိဘဂူမှာတော့ အဘလူနဲ့ အမေနန်း တယ်မို့ ပြဿနာတွေ [illegible] ဖြေရှင်းခဲ့ရတယ်ဆိုတာ မင်းသိရဲ့လား"

ခက်တာပဲ။ သေနိုးလျှက်နဲ့ [illegible] ပြောရ ခက်နေတဲ့ မင်း ကို နားလည်အောင် ငါ ဘယ်လို ရှင်းပြရမလဲ"

နေမျိုး [illegible] အလိုမကျစွာ မှတ်ထုတ်လိုက်မိလေသည်။ စားကျပ် နှံကျပ် အဖြစ် ပါပဲ။

တကယ်ထမ်းကျတော့ ဇွန်ပွင့် မသိနိုင်သို့ သာပါလေ။

ကျောက်မဲ့မှ သိဘဂူစံအိမ်၌ ဦးကျော်ဦး၊ ဦးစိုင်းလူ၊ ဒေါ်နန်းမြ၊ မဥမ္မာနှင့် ထွန်းကျော်တို့ တကယ့်ပြဿနာ အရှုပ်အထွေးတွေ ရင်ဆိုင် ဖြေရှင်းနေကြ၏။

ဦးစိုင်းလူနှင့် ဒေါ်နန်းမြက တစ်တွဲ၊ မဥမ္မာနှင့် ထွန်းကျော်က တစ်တွဲ၊ ဦးကျော်ဦးက တစ်ကိုယ်တော်။

တစ်နေ့-တစ်နေ့ သည်ပါးယောက်ကြားမှာ သုံးပွင့်ဆိုင် ပြဿနာ ဖြစ်သည့် နေ့ မယ်ဟူ၍ ရှိ။

မဥမ္မာကလည်း သူတို့လို ငါတစ်မင်း တစ်နေ့ခြား နေရာတိုင်း မှာ ခြယ်လှယ် ကြီးစိုးပေ၍ ဦးစိုင်းလူနှင့် [illegible] ဖြေရှင်းရသည့် အဆင့် [illegible] ဖြစ်နေရပြန်၏။

[illegible] ကြောင်းရင်းကတော့ ဇွန်ပွင့် [illegible] ငွေသောင်သွဲ့ ဝယ်ပေးခဲ့သော ဒေတ်ဆန်း ပမ်းတွင်စီးဝိုင် ကားဝါလေးကို ရောင်းချပစ်ပြီး သူ့ စိတ်တိုင်း ကျ

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ကားတစ်စီးဝယ်ပေးဖို့ ဦးကျော်ဦးကို အရေးဆိုလာ၍ပါ။

ဦးကျော်ဦး ကိုယ်တိုင်ကလည်း ခေါင်းတညိတ်ညိတ်နှင့် ရောင်းချပစ်ဖို့ တကဲကဲ လုပ်နေ၍ မနေနိုင်တော့သော ဦးစိုင်းလူ အပြင်းအထန် ကန့်ကွက်ရတော့၏။

"ဒါတော့ ငါလုံးဝ သဘောမတူနိုင်ဘူး မောင်ကျော်ဦး၊ ဒီကားက မဇ္ဈန် နာမည်နဲ့ စာချုပ်ပေးထားပြီးသားကားပဲ၊ မင်းဆန္ဒရှိရင် မင်းမိန်းမကို နောက်ထပ် ကားတစ်စီး ထပ်ဝယ်ပေးလိုက်ပေါ့၊ ရောင်းပစ်ဖို့တော့ စိတ်မကူးပါနဲ့"

"ဒီမှာ ဦးစိုင်းလူ၊ ဒီကိစ္စမှာ ကိုကိုကြီးက ကာယကံရှင်ပါ၊ ကိုကိုကြီးကို ရှင် ဘာမှဝင်ပြီး မိကျောင်းမင်းရေကင်းပြနေစရာ မလိုပါဘူး၊ နေရာတကာမှာ ကိုကိုကြီး ဆန္ဒရှိသလို လုပ်ပိုင်ခွင့် ရှိနေတယ်ဆိုတာ ရှင်သိထားပါ၊ ဇွန်ပွင့်ပစ္စည်းဆိုပေမယ့်လဲ ဇွန်ပွင့်ရဲ့အဖေက ဦးကျော်ဦးပဲ၊ ဦးကျော်ဦးထက် ဘယ်သူက ပိုလုပ်ပိုင်ခွင့်ရှိနေဦးမှာလဲ...

"နောက်ပြီး ဇွန်ပွင့်ကိုယ်တိုင်က မိဘစကား နားမထောင်ချင်လို့ မိဘစိတ်ဒုက္ခဖြစ်အောင် အိမ်က ရှောင်ပြေးနေတဲ့သူ ဆိုတာကော ရှင် ထည့်စဉ်းစားမိရဲ့လား"

ဦးကျော်ဦးကိုယ်တိုင်က ဘာမှမပြောနိုင်ခင် ဥမ္မာက နင်ပဲဆေ ဝင်ပြောနေသဖြင့် ဦးစိုင်းလူတစ်ယောက် ဒေါသပို အထွတ်အထိပ်သို့ ရောက်သွားရ၏။

"ဒီမှာဥမ္မာ၊ မင်း ငါ့ကို ရှင်တွေဘာတွေနဲ့ ငါးဝင်း



သည်လို ချန်တွေ့နေစရာ မလိုပါဘူးကွယ့်၊ မင်းအရွယ်က ငါ့အသက်နဲ့ နှိုင်းစာရင် သမီးအရွယ်လောက်ပဲ ရှိပါသေးတယ်၊ ငါပြောတဲ့စကားနဲ့ ပတ်သက်ပြီးတော့လဲ မင်းဝင်ကန့်ကွက်စရာ မလိုပါဘူး၊ ဒီကိစ္စ မင်းနဲ့ ဘာမှမပတ်သက်ပါဘူး"

"အို...ဘာလို့ မပတ်သက်ရမှာလဲ၊ သိပ်ပတ်သက်တာပေါ့၊ သူများတွေ ကြားကုန်ရင် ရယ်ချင်စရာကြီး ဖြစ်နေပါမယ်၊ ဦးစိုင်းလူရယ်၊ အဟင်း.... အဟင်း.... ဥမ္မာဆိုတာ ဦးကျော်ဦးရဲ့ ဟောဒီကိုကိုကြီးရဲ့ တရားဝင်ဇနီးလေးရှင်ရဲ့၊ မေ့လျော့ပြီးတိုင်ပြီလား"

"အင်း....မေ့ပေါ့ ဇွန်ပွင့်ဦးဆိုတာလဲ ဦးကျော်ဦးရဲ့ သမီးအရင်း၊ ဟောဒီ သိုက်ဂူအိမ်အရှင် မစောခင်သွဲ့ရဲ့ တဦးတည်းသော သမီးအရင်းဆိုတာ သတိထားဦး၊ ဒီမှာ ရှိပစ္စည်းမှန်သမျှ ဇွန်ပွင့်ဦး ဆန္ဒမပါဘဲ ဘာတစ်ခုမှ အပြောင်းအလဲလုပ်ခွင့်မရှိဘူးကွယ့်၊ ဒါကြောင့် ကျုပ်က သတိပေးနေတာ....

"ဒီမှာ မောင်ကျော်ဦး၊ လူကြီးတန်မယ့် အလေး စကားမျိုး ပြောနေတာ မဟုတ်တော့ဘူး၊ ငါ့စိတ်ဓာတ် ကိုလဲ မင်းသိပါတယ်၊ ဒီအသက် အရိုးအရွယ် ပြောရင် မင်းဘာလုပ်သင့်တယ်ဆိုတာ စဉ်းစားလို့ရနေသက်ပါပြီ နားလည်လောက်ပါပြီ၊ အစိုးရကာနေတော့ တွက်ပြီးသား ဆင်စွယ် ဝင်တယ်လို့မရှိတဲ့၊ ရှေးလူကြီးတွေစကား တောင် အဆင်အရှား ရှိနေတာပဲ၊ မင်းဟာကို မင်း

www.burmeseclassic.com



တည်အောင် ခေါင့်ထိန်းနိုင်လိမ့်မယ်လို့ ငါ ယုံကြည်ပါတယ်"

စကား ဆုံးသည်နှင့် မဥမ္မာကိုးကား၊ ဦးကျော်ဦးကိုပါ ဟင်စက်ကားလေးမှ လှည့်ကြည့်နေတော့၏၊ ဦးစိုင်းလူ ညှော်ခွန်းကြီးတဲမှ ချွေးစနဲ့ သည်းထွက်သွားသည်မို့....

"ကိုကြီးလူ"

ဦးကျော်ဦး စကားပြောချိန်၊ ဟန့်ဘအိချိန် မရလိုက်တော့၊ ဦးစိုင်းလူ ခမောင်းသွားသော ကျွမ်းကားလေးကား အရှေ့သို့ ပြေးထွက်သွားပြီ ဖြစ်၏။ တစ်ဆက်တည်းမှာပင် ဦးစိုင်းလူ ဘာဆိုလိုသည်ဆိုတာ သိရှိနားလည်လိုက်ရ၍လည်း ဦးကျော်ဦးခေါင်းငိုက်စိုက်ကျသွားရ၏။

ဆုပ်လည်းရှား၊ ဂေးလည်းရှား ဘဝနှင့် တကယ့်ကိုးဒေါးကျပ်နဲ့ကျပ် အခြင်မျိုးပါပဲ။

ဥမ္မာကဲတော့ မသိလေး ဦးကျော်ဦးကိုတော့ ပျော့ညံ့ရသောင်းကားကား ခေါ်ပွဲသွားတန်တူ၏။

"တွန်း...အိမ်ရှာခိုင်းတဲ့ ကျွန်ုပ်က ကျွန်ုပ်ပိမာနတူး၊ သခင်မို့ ဟက်ခက်ကား မောက်ကားနဲ့၊ အဲဒါ ကိုကိုကြီးအသုံးကျလို့ ဘိဋ္ဌ်ကား၊ အလုပ်သမားကို အလုပ်သမားနေရာကားဘူး၊ နေရာကကာ အဲရှားပေ လှန်းလို့ ဒီအိုးကြီး ချောင့်ထက်လာတာ၊ နောက်ဆိုဒီ့ကျော်တောင် ပိုဆိုးဦးမယ်....

"ပြေ သူးလို့ဆိုသားပြား ဓိုနိပ္ပင့်ကို ယောကြီးနဲ့မွေးတဲ့သမီးမို့ ဆရေးမပါသတဲ့၊ သူ့ဆန္ဒမပါ၊ ဒီအိမ်မှာ



ဘာမှလုပ်ခွင့်မရှိဘူးတဲ့၊ ဥစ္စာကျတော့ ဘာမှအရေးမပါ အရာမရောက်တဲ့အပေျာ်မယားကျနေတာပဲ၊ ကိုကိုကြီးပဲ ပြောတော့ ဥမ္မာက ကိုကိုကြီးရဲ့ တရားဝင်ဇနီးဆို၊ ဘာမဆို ဥမ္မာ ဆန္ဒရှိသလို လုပ်နိုင်တယ်၊ ဒီအိမ်ဟာ ကိုကိုကြီးအိမ်၊ ဥမ္မာ့အိမ်ဆိုဥမ္မာ ရှက်တယ်ရှက်တယ်၊ သဘောချင်တယ်သိလား"

ပါးစပ်ကပြောသည်းပြေးငိုသည်းငိုနှင့်မို့ ဦးကျော်ဦးပိုပြီး ပျာယာခတ်ကာ စိတ်ရှုပ်သွားရလေသည်။

ဝမ်းနည်းပန်းနည်း ငိုမဆုံးဖြစ်နေသောဇနီးကိုကြည့်ကာ စိတ်မကောင်းလည်း ဖြစ်သွား၏။

ဘယ်လိုချော့ရပါ့၊ အခြေကို ရုတ်တရက် ရှာမတွေ့။ သမီးငယ် ဓွန်ပွင့်ဦး သိတတ်မှုထွက်သွားတာ ငါးလကျော်လာသည်အထိ လူသည်းမတွေ့၊ သတင်းလည်း မရနှင့်မို့ စိတ်ပူရ၊ စိတ်ညစ်ရတာက တစ်ပိုင်း၊ ချစ်ဇနီး၏ အမူအနွဲ့ အငိုအရှိုက် များကြောင့် စိတ်ညစ်ရတာ တစ်ပိုင်းနှင့် ဦးကျော်ဦး တကယ်ပဲ ဗျာများရပါသည်။

သမီးငယ်အတွက် စိတ်သောကကို အားကိုးနှင့် ဖြေသိမ့်ကုစားပေးမယ့်လည်း ပြေမပြေနိုင်သောအသည့် အဖြစ်ပေပဲလေ။

အခုလို ဦးစိုင်းလူက ထင်ဆပ်သတိပေးသွားပြန်တော့ စိတ်ထဲမှာ ပိုမိုစာနှန်လှုပ်သွားရပြန်သည်။

အခြေအနေကို အမှန်အတိုင်းသိနွှဲပေးမှုဖြစ်တော့ညီ ငိုလည်း ဦးကျော်ဦး ရင်ပြင်း တရှိုက်ရှိုက်နှင့် ဇနီးသည်ကို စိတ်ရှည်လက်ရှည် ချော့မော့ ရှင်းပြရှာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဇနီးသည်စောခင်သွဲ့ မကွယ်လွန်မီက တောင်းဆိုသမျှ အချက်အလက်အားလုံး မိမိအလွယ်တကူ ခေါင်းညိတ်ခဲ့ရပါသည်ဆိုသည့်အကြောင်းတည်း။

နှုတ်လွှန် ကတိလွန်ပြီးသား၊ အထူးသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ရှိသမျှပစ္စည်းအားလုံးကို ဇွန်ပွင့်နာမည်နှင့်တရားဝင်စာချုပ် ချုပ်ဆိုပေးအပ်ထားပြီးသား။

အမွေဆိုင်အဖြစ် ဦးဖေသက် တာဝန်ယူ ဆောင်ရွက်ပေးရသည်ဆိုတာအထိအကုန်အစင်ပြောပြမိတော့၊ မဥမ္မာ နှုတ်ခမ်းကို တင်းတင်းကိုက်ပြီး ငြိမ်တွေနေလေသည်။

ရင်ထဲမှာတော့ ဒေါသများပေါက်ကွဲချင်မဆုံး။ တစ်ကိုယ်လုံး တုန်ယင်နေသည်မို့ ဖြစ်နိုင်လျှင်လူဝါးဝလွန်းအသည်လွန်နေလွန်းသော ဒေါ်ခင်စောသွဲ့ကို နှာခေါင်းပြန်သတ်ပစ်ချင်စိတ်တော့ တဖွားဖွား ပေါ်ပေါက် နေမိလေသည်။

ဦးနှောက်ဦးကိုလည်း မထုတက်သေးနိုင်လွန်းလှသဖြင့် ဆွဲဆောင့်ပစ်ချင်၏။

သည်လိုအခြေအနေမျိုးမှာနေလျှင် နဂိုကတည်းက၊ ပွင့်ပွင့်လင်းလင်း ဖွင့်ဟ အသိပေးပါတော့ဘဲ သား။

ဘာဖြစ်လို့ မလိမ့်တစ်တတ် လျှို့ဝှက်နေသေးသဲ။

"ဘာတဲ့ပြီ ဘာတဲ့ပြီ ... ကိုကိုကြီး၊ ကြားချင်တော့ဘူး၊ မကြားချင်ဘူး၊ ဘာမှမကြားချင်တော့ဘူး"

နေရာမှ ဝုန်းခနဲထ ပြပ်လိုက်ရင်း နားနှစ်ဖက်ကိုတင်းတင်းပိတ်ကာ အခန်းထဲမှ ကြမ်းရှူးဆိုး ပြေးထွက်မိ သွားတော့၏။



အခုစအစရာ ဥမ္မာတို့ ခံခဲ့ရသမျှ သဲရေကျပ ပါပြီ။ ဘဝနှင့်ရင်းပြီး အနစ်နာခံခဲ့ရလေသမျှ သက်ကြားအိုကြီးကို မချစ်မနှစ်သက်ပါပဲနှင့် သင်းဆီက နင့်ပန်အောင်ရတန်ကောင်းရဲ့ဟု မျှော်လင့်ချက် တထွေးကြီးဖြင့် အောင့်ကာ နမ်းခဲ့မိသမျှ အခုကျတော့ ဥမ္မာတို့ အရှုံးကြီးရှုံးပါလေပြီ။

ဘာဆိုဘာမှ မျှော်လင့်ထား သလောက်၊ အမှုမရောက်တော့ ယောလာဆယ် သုံးနေစွဲနေ၊ စားနေ သောက်နေတာလောက်ကလွဲလျှင် ဥမ္မာ့အတွက် ခံစားခွင့်ရယ်ဟုဘာတစ်ခုမှ သီးသန့် ပိုင်ပိုင်နိုင်နိုင်မရှိ။

နေရာတိုင်းမှာ သူ့သမီးဇွန်ပွင့် အတွက် သတ်မှတ်ပေးအပ်ထားပြီးချည်း ဖြစ်နေသည်မို့ ရှင်ထဲမှာလည်း ကြိတ်မနိုင် ခဲမရ အသည်းနာမိသည်။

"ဟောက်...."

ဒေါသပြင်းတန်စွာ ဒေါက်တစ်ချက် ခေါက်လိုက်ရင်း နှုတ်ခမ်းကိုလည်း တင်းကျပ်စွာ ကိုက်မိ၏။

မဥမ္မာတို့က အပျိုဘဝ ကတည်းက နာမည်တစ်လုံးနှင့်နေခဲ့တာ။ မပိုင်နိုင်လျှင် ဘယ်တော့မှလည်း။ ဘယ်တော့မှလည်း လက်ကိုင်းမှာ ... ညို ဂု မျှော်ဘူး။

လိုအပ်လျှင် ကိုယ့်အစွမ်းအစနှင့် မရ ရအောင်ဖန်တီးယူနိုင်ခဲ့သည်ချည်း သား။

သည်လို အခြေအနေမျိုးရောက်မှ အနိုင်နာခံခဲ့သမျှ ဘာခက်ခဲလို့ ဖြစ်ပါလေလှား။

www.burmeseclassic.com

www.burmeseclassic.com



သည်နည်းနှင့် မရလည်းမရှိ။ တခြားနည်းနှင့်ရအောင် ကြိုးပမ်းဆောင်ရွက်ယူဖို့ ယတိပြတ် ဆုံး ဖြတ် ပစ် လိုက်သည်။

မဥမ္မာဆိုတာ အလှပ်ဘကူ ယုံရှိုး ပေးတတ်သည့် မိန်းကလေး။ အရှုံးမပေးတတ်သည့် မိန်းမစားမျိုးလေ။ သည်လောက်နှင့် အညံ့ခံပါမလား။

ငါးမရလည်း အကြောင်းမဟုတ်။ ရေချိုးပြန်လို့တော့ ရသေးသည်ပဲ။ ဒါ့ကြောင့်လည်း မဥမ္မာ ချက်ချင်းပဲ မျက်ရည်များ သုတ်လိုက်ပြီး ဝိုလက်စမျက်ဝန်းများမှာ ဒေါသရိပ်အစား ကောက်ကျစ်စဉ်းလဲရိပ်များ ဖုံးလွှမ်းလာ၏။

မျက်ရည်တစ်စက်မှ မကျတော့။

ဦးကျော်ဦး ထမ်းယောက်ကတော့ ဧည့်ခန်း ဆက်တီမှာပဲ အရက်ခွက်ကိုင်ပြီး ငူငူကြီး ငိုင်တွေနေဆဲ။

မဥမ္မာ စိတ်ကောင်းလာအောင် ချော့ဖို့ နည်းလမ်းတွေ ခေါင်းစားတွေးဆနေဟန် တူလေသည်။

ထကာယ်လှုံများ ဘာခုံတာရှာသော ချစ်ဇနီး မဥမ္မာ၏ ငင်ထဲမှ အတွေးရိုင်းများကို သိခွင့်ရှိနိုင်ပါလျှင်....

ဦးကျော်ဦးထမ်းယောက် ဘာ၏ သတိထားလာ သာယာမှု ကျော်ပ် ဇာလိုမှုကြီးသော မိန်းမတစ်ယောက်ကို ရင်ခွင်ပိုက်မိတာ မှားလေစွ...မှားလေစွဟု နောင်တကြီးစွာ ရလေမည်လား မပြောတတ်ပါ။

* * *

အခန်း ( ၂၁ )

"မဇွန်ရေ...မေမေကြီး ခေါ်နေတယ်"

"လာပြီ ဒေါ်လေးရေ၊ လာပြီ.... လာပြီ၊ ဒီမှာ ဟင်းအိုး ပြင်လက်စကြီး ဖြစ်နေလို့"

မီးဖိုထဲမှာ ဟင်းချက်ရော ဘစ်ပုံတစ်ပင်ကြီးနှင့် ဘစ်ဦးတည်း နိုင်ခံ အ လုပ် ရှပ် နေ သော ဇွန်ပွင့်ဦး တစ်ယောက်....

ဇွန်ပွင့်ဦးကိုယ်စား အိမ်သန့်ရှင်းရေး၊ ကိုကို့အခန်း သန့်ရှင်းရေး တာဝန်ယူ လုပ်ပေးနေသော ဒေါ်ခိုန်ထံမှ အသံ ပေါ်ထွက်လာ၍ ကလုပ် ကမန်းကတန်း လက်စသတ်ပြီး အိမ်ပေါ်ထပ်ဆီသို့ ခြေလှမ်းများခိုးတည်လိုက်ရ၏။

"ဟော...သမီး"

ဇွန်ပွင့်ကိုတွေ့တော့ ဒရင်းဘက်ပေါ်တွင် ခပ်လျောလျော မှီထိုင်ရင်း သိုးမွှေးအကျီ ထိုးနေသော ဒေါ်ခင်ကြီးက လိုက်လှဲသော အပြုံးနှင့် ဆီးကြို၍ ထိုးလက်စ သိုးမွှေးတည်ကို မြှောက်ပြလေသည်။

"ဟော... ဒီမှာ သမီးရေ၊ မေမေကြီး အကွက်ဖော်ရင်းနဲ့ မီးရောင်လည်းနည်းလို့ ထိုးလိုက် ပြုံးကြီး ဖျက်လိုက်နဲ့ပဲ အချိန်ကုန်နေတယ်၊ မထိုးတတ်ကြောင်း မသိဘူး၊ သမီး လက်စကို ဆက်ထိုးလို့ရော ရတူး ဖြစ်နေတယ်ကွယ်၊ ကြည့်စမ်းပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ဇွန်ပွင့် ထိုးလက်စ ဆွယ်တာကိုယူထိုးရင်း အစသတ်နေရာမှာ မျက်စိလည်နေမှန်းသိလိုက်ရ၍ ဇွန်ပွင့်ရယ်ရယ်မောမော လှမ်းယူလိုက်ရင်း မမကြီးနံဘေးမှာ ဝင်ထိုင်လိုက်မိသည်။

''မမကြီးကလဲနော်....ဟလုကဲ့ားနေရင်း ထိုင်ရင်းညောင်းအောင် ယူထိုးနေတယ်၊ မဇွန်ဘာသာ မဇွန်လက်စသတ်မှာပေါ့ မမကြီးရဲ၊ ဒီနေရာ အကွက်ဖော်တာက ဒီလိုလေ''

ပါးစပ်က ပြောလည်းပြော၊ လက်ကလည်း သိုးမွှေးထိုးတန် နှစ်ချောင်းဖြင့် ကျင်လည်စွာ အပွင့်ဖော်နေသတ်နေ၍ ကျွမ်းကျင်ပိုင်နိုင်စွာ သိုးမွှေးအထိုးကြီးသော ဇွန်ပွင့်ကို ဒေါ်ခင်ကြီးအားကျသလိုငေးမောကြည့်ရင်း မချင့်မရဲ စကားဆိုလေသည်။

''အင်း....ငါ့သမီးကတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ ဦးကထားထား ပဲ့ကာအားသား အကုန်လုံးကျွမ်း၊ ကျွမ်းကျင်ကျင် တတ်ပြီးသား ဖြစ်နေတာပဲနော်၊ မီးဖိုချောင်အလုပ်ကျတော့လဲ အသုပ်မို့လို့ တော်သလို၊ သိုးမွှေးထိုးကျတော့လဲ စိတ်ရှည်လက်ရှည်နဲ့အပွင့်ဖော်တာများ မြန်လိုက်တာကွယ်၊ ကြည့်လို့ကောင်းကောင်းသေး....

''မမကြီးတော့လေ....' ခုနေခါ မိုနာတို့က ပြန်ခေါ်ချင်တယ်ဆိုရင်တောင်မှ ပြန်ပေးဖို့ ခပ်ခက်ခက်ပဲ ဖြစ်နိုင်ရင် လုံးဝပြန်မပေးချင်တော့ဘူး၊ မမကြီးသမီး



အဖြစ် အမြဲအပိုင် မွေးစားပစ်လိုက်ချင်ပြီ၊ တကယ် သိဘူး၊ ဟကယ်''

ပြောရင်းမှ စကားသံကပါ အားတက်သ... လာ၍ သိုးမွှေးထိုးနေသော ဇွန်ပွင့်မျက်နှာလေး... ယောင်ယောင်ဖြစ်လာကာ ဒေါ်ခင်ကြီးကို လှမ်း... လာလေ၏။

အဖြေကိုငံ့လင့်နေသော ဒေါ်ခင်ကြီးကလည်း လုံးဝအသစ်မမေး၊ ဇွန်ပွင့်မျက်နှာလေးကို ချစ်စနိုးစိုက်ကြည့်ရင်း

''ဘယ့်နှယ်လဲသမီး မမကြီးပြောတာ ဘယ်လိုလဲ၊ သမီးကို မမကြီး သမီးအဖြစ် အပိုင်မွေးစားလိုက်တော့မယ် ကွာလ၊ သမီး မမကြီးတို့နဲ့ တစ်သက်လုံး အတူနေမယ် မဟုတ်လား''

ထပ်ဆင့်စကား ဆိုနေ၍ ဇွန်ပွင့်က လိမ္မာစွာ ကွင်းရှောင်၏။

''အခုကော ဘာထူးသေးလို့လဲ မမကြီးရယ်၊ မဇွန် ဒီမှာပျော်ပျော်ရွှင်ရွှင် နေနေသားပဲ၊ ဒီနေရာက လွဲပြီး မဇွန်သွားနေစရာ အားကိုးစရာ တခြား မရှိပါဘူး''

''ဒါက အခုလာလာဆယ် အခြေအနေကြည့်ပြောတာပဲ သမီးရဲ၊ နောက်ကျမှ အားကိုးစရာ ရှိလာပြီဆိုရင် ဘယ့်နှယ်လုပ်မလဲ''

''အော်....မမကြီးကလဲ၊ မရှိပါဘူးဆို၊ ဘယ်တော့မှ မရှိပါဘူး၊ တွယ်တာစရာဆိုလို့ အခုဒါပဲ ရှိတဲ့ဥစ္စာ''

www.burmeseclassic.com

www.burmeseclassic.com



ဇွန်ပွင့် အတိကြီးစွာအား၍ ငြင်းဆိုလိုက်ပြီး ထိုးပြီး ဇွန်ပွင့် ကိုယ်ထည်ရှေ့ခြမ်းကို နောက်ခြမ်းနှင့် တွဲနေ နေရာမှာ ဒေါ်နင်ကြီး သာမှ ဆက်ပြောပြတော့။

မောင်ပေါ့ခဲ့ဆိုတဲ့ခုကို သေသာ ပျော့သွားသလို ရယ်ချယ် ပြုံးပြုံးနှင့်ပဲ ခေါင်းကဆတ်ဆတ် ညိတ်နေသေး၏။

ကောကြာမှ….

''ဒြော် ဒါနဲ့ ငါ့သမီးကို ပြောရဦးမယ်''

ဆိုင်းမဆင့် ဗုံမဆင့် အသားနိဒါန်းချီလာ၍ ဇွန်ပွင့် ဖျတ်ခနဲ မော့ကြည့်မိရင်း နားစွင့်မိသည်။

''ညက မောင် ဖုန်းဆက်တယ် သမီးရဲ့၊ မေမေကြီး သက်သာ မှသာပြီဆိုရင်သမီးကို လူတို့အိမ်ကိုတစ်ခေါက်ခေါ် ခေါ်သွားချင်လို့တဲ့၊ အဲဒါ ပြောမလို့ပါ''

''ဟိုနေ့ကညက သမီးကိုခေါ်သည်ဆို မေမေကြီး အတွက် မဇွန့် အဖြေရှိနေမှုဖြစ်မှာလို့ သမီးက ပြောလို့တဲ့၊ ဟုတ်လား''

''ဟုတ်ပါတယ် မေမေကြီး''

ဇွန်ပွင့်မဆိုင်းမတွ ဝန်ခံခေါင်းညိတ်လိုက်သော် မေမေကြီး ဘာတော့ သဘောကျသွားသည် မသိ၊ နှစ်နှစ်ခြိုက်ခြိုက် ရယ်ပြုံနေသည်။

''အမယ်လေး သမီးရယ်…ငါ့သမီးက မေမေကြီးကို ငဲ့ပြီး အကာယ်ဆို ငြင်းလွှတ်လိုက်တာကိုးကွယ့်၊ ဒါကြောင့် မောင်ကတော့နာလိုက်တော့ဘာကိုး၊ အခုင်တုန်းကမောင်တို့ အိမ်မှာပဲ ပျော်တယ်ဆိုတဲ့ ကောင်မလေးကို မေမေကြီး



နဲ့ ကိုကိုက အခုဘယ်လို စည်းရုံး သွားသလဲ မသိဘူး၊ တစ်ပတ်အတွင်း ခဏလေး ဆက်ရှိပါဦးမှာ လာခေါ်ပေး ပါဆို အသားတင် မရှောင်တော့ဘူး၊ အချိုးမျိုး ကန့်ကွက်ငြင်း ပြုပြီးငြင်းလိုက်တာများ အချက်အလက်တွေကိုစုံလို့တဲ့''

ဟာ….

သည်လိုကျတော့လည်း ဇွန်ပွင့် စကားမပဲ ရှက်သလို ဖြစ်သွားရ၍ မျက်နှာရှက်နှင့် ခေါင်းငုံ့နေဆဲ…

''မောင် လက်ထပ်တော့မယ် သမီး''

မေမေကြီးနှုတ်ဖျားမှ မျှော်လင့်မထားသော စကား တစ်ခွန်းထွက်ပေါ်လာသဖြင့် ဇွန်ပွင့် တအံ့တသြ ဖြစ်သွားရလေသည်။

''ဟင်….''

''မောင်မောင် လက်ထပ်တော့မယ် ဟုတ်လား မေမေ ကြီး''

လှုပ်လှုပ်ရှားရှား အသန့်ကြားခေသွားမေးမိ၍လည်း မေမေကြီးက ခေါင်းညိတ်၏။

''ဟုတ်တယ် သမီးရဲ့၊ မောင် လက်ထပ် တော့မယ်၊ သူ့အမျိုးသားလေးက မသိုးပါဘူး၊ ဗိုလ်ကြီး ညိုမြင့်တဲ့ သားနဲ့ ကျောင်းနေဖက်တော့ ကျော် ပစ်သဲပစ်သွားလို့သာ အနေဝေးသွားကြတာ၊ ဒီနှစ်ဖြစ်ဖြစ် မနက်ဖြန် ဖြစ်ဖြစ် မောင် လာခေါ်မယ်မသိဘူး၊ သမီး လိုက်သွားနော်''

''မင်္ဂလာဆောင်တော့ အောက်ရေသားလဲ၊ ဟိုရောက်မှ မောင်နဲ့ ဈေးလိုက်သွားပြီး သမီးကြိုက်တာ ဝယ်ပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



ကုန်ကျသလောက် မေမေကြီးက ပေးမှာပါ၊ ဟုတ်လား၊ မင်္ဂလာဆောင်ဆိုတော့ သူများ နည်းတူ လှလှပပလေး ဝတ်စားမှ ဖြစ်မှာလေ၊ ငါ့သမီးက အသက်ငယ်ငယ်နဲ့ အဘွားကြီး စိတ်ပေါက်နေလို့သာပါ၊ ခေတ်အလိုက်ပြင် လိုက်ရင် တော်တော် ချစ်စရာ ကောင်းမှာကွယ့်၊ မေမေကြီး အတပ်ပြောရဲတယ်....

"အဲဒီလို ဆံထုံးကြီးကို တင်းနေအောင် ဆွဲထုံးထားတာ ဦးရေတွေ မနာဘူးလား၊ ခုခေတ်လူငယ်တွေလို ဆံပင်တိုလေး ညှပ်ထားလိုက်ရင် ပြီးရော သမီးရယ်၊ ဘာတဲ့ သင်းစကတ်တဲ့၊ ဒိုင်ယာနာတဲ့၊ မိုက်ကယ်ဂျက်ဆင် ကေ့တဲ့၊ ငန်းခက်ဆိုလား ရှိပါသေးတယ်၊ သေချာတော့ မသိပါဘူး၊ မေမေကြီးလဲ အဲဒီ ဆံပင် ပုံတွေနဲ့ ချာတိတ်နဲ့ လိုက်မယ် ထင်ဘယ်လို သားပြောတာကြားဖူးလို့သာ ပြောရတာပါ၊ ညှပ်ချင်ရင် ညှပ်ပစ်လိုက်ပါလား သမီးရဲ၊ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ ဆံပင်တိုလေးပဲ ကြည့်ကောင်းပါတယ်"

စိတ်ပါလက်ပါနှင့် စကားအရှည်ကြီး မပြောဖူး ပြောပြီး တိုက်တွန်းနေ၍လည်း....

"[illegible]ယ်ကေား [illegible]သေး....မလုပ်ပါနဲ့ [illegible]နှ[illegible]မလုချင်လဲ နေပါတော့၊ ဆံ[illegible]င်တော့ မဖြတ်ချင်ပါဘူး မေမေကြီးရယ် နှမြောပါတယ်၊ [illegible]ခွန့်အ[illegible] လခင်တုန်း[illegible]ဆို ဒီဆံပင်တွေ[illegible] သိ[illegible]ယ်၊ သိပ်ချစ်တာပဲ၊ သမီးနဲ့သိပ်လိုက်တာပဲလို့ [illegible] ပြောတတ်ကာ မေမေကြီးရဲ့"



ခေါင်းမှဆံပင်ကို ယောင်ယမ်းစွာ လက်နှင့် ဆွဲရင်း ဇွန်ပွင့် အလန့်တကြားသေး ဖြင်းဆိုမိ၍လည်း ဒေါ်ခင်ကြီး နားလည်စွာ ခေါင်းညိတ်သည်။

"သမီးကတော့ကွယ် တကယ့်ကို စံပါပဲ၊ ဆံပင်ဖြတ်ခိုင်းတာနဲ့များ ကြိုးမိန့်ပေးသလို တုန်လှုပ် သွားလိုက်တာ၊ မေမေကြီးက အတင်းအကျပ် တိုက်တွန်းတာမဟုတ်ပါဘူးကွယ်၊ သမီးရဲ့သဘောပါ"

"ဟုတ်....ဟုတ်ကဲ့ပါ မေမေကြီး၊ မေမေကြီးစေတနာကို သမီး နားလည်ပါတယ်၊ မဇွန် ဒီလိုပဲ နေနေကျ ဖြစ်လို့ပါ၊ ဘာအဝတ်အစား အလှအပမှ မမက်မောချင်တော့ဘူးလေ၊ ဝတ်လဲ မဝတ်ချင်တော့ပါဘူး၊ အရင်တုန်းကသာ...."

စကားသံက ပြောရင်းမှ တစ်ပိုင်းတစ်စတိမ်ဝင်သွား၍ ဒေါ်ခင်ကြီးက နားမလည်နိုင်သလို ငေးကြည့်လာလေသည်။

"ဘာလဲ၊ ငါ့သမီးက အရင်တုန်းကသာဆိုတော့ အရင်တုန်းက အလှအပ မက်မောခဲ့ဖူးကယ်လို့ ဆိုလိုချင်တာလား၊ ဟုတ်လား သမီး"

ဇွန်ပွင့် စကားကို စိတ်ဝင်စားသလို [illegible]၍လည်း ဇွန်ပွင့် ဆိုလျော်အောင် ပြန်ပြောရသည်။

"[illegible]ကဆို ဘာ [illegible] ခင်အချိန်[illegible]ပါ မေမေကြီးရယ်၊ [illegible] မှ ဘာမှ မလိုအပ်တော့ဘူးလေ၊ မဇွန်က [illegible]

www.burmeseclassic.com

www.burmeseclassic.com



ချစ်ရှင်မင်းသမီးလို လှပနေဖို့ထက် အဝတ်အစား သန့်သန့်ရှင်းရှင်းနဲ့ အရှက်လုံဖို့ပဲ အရေးကြီးတာပါ၊ တာဝန်ကျေပွန်ဖို့ပဲ အဓိက ကျတာပါ....

"မစနေမခင်တို့ မင်္ဂလာဆောင်ရင်တော့ အတော်ပဲ၊ အိမ်အနောက်ဘက်မှာ အိုးခွက်ပန်းကန်ဆေးဖို့ တာဝန် မဖွန့် ယူမယ်နော်"

"အိမ်နောက်ဘက်မှာ ပန်းကန်ဆေးမယ့် အလုပ် ရှိတယ်လို့ သမီးကို ဘယ်သူက ပြောလဲ"

"အို...မေမေကြီးကလဲ ဘယ်သူ့ဆီက ပြောရမှာလဲ၊ မဖွန့်ဘာသာ မဖွန့်တွေးကြည့်ပြီး သိတာပေါ့၊ မင်္ဂလာဆောင်ပွဲ ဥစ္စာ၊ လာသမျှလူကို မုန့်တစ်ခုခုတော့ ကျွေးမှာပေါ့"

ဖွန့်ပွင့်၏ကလေးဆန်သော အမေပြောနှင့် ခေါင်းခါခါ လည်ခါခါ အပြုအမူလေးများကြောင့် ဒေါ်ခင်ကြီး ပြုံးပြီးရင်း ပြုံးချင်ရင်း ဖြစ်ရသေးတော့သည်။

ကြိုကြိုဖန်ဖန် သည်ကလေးမ အတွေးပေါက်လိုက်ပုံများ၊ အင်းလျားကန်ဟိုတယ်မှာ မင်္ဂလာဆောင်ပါမယ်ဆိုမှ အိုးဆေး ခွက်ဆေး တာဝန်ယူချင်နေသေးသကဲ့....

"မင်္ဂလာဆောင်က အင်းလျားကန် ဟိုတယ်မှာ သမီးရဲ့၊ ဘာ အိုးခွက်ပန်းကန်မှ ဆေးစရာမလိုဘူး၊ လှလှပပ ပြင်ဆင်ထားပြီးသားကို အဆင်သင့် စားလိုက်ရုံပဲ၊ ဒါကြောင့် သမီးကို လှလှပပ နေပြီး ဧည့်ခံဖို့ကို တိုက်တွန်းနေတာပေါ့"



အကျိုးသင့် အကြောင်းသင့် ရှင်းပြတော့ လည်း လက်မခံ။

"ဟာ မဖြစ်ဘူး...မေမေကြီးရာ၊ သမီး လှလှပပလဲ မနေတတ်ဘူး၊ ဧည့်ခံပွဲလဲ မလိုက်ချင်ပါဘူး၊ လူအများကြီးထဲမှာ စိတ်ရှုပ်ကိုယ်ရှုပ်နဲ့ နေရတာမှာ မပျော်ဘူး၊ မေမေကြီးကိုလဲ ဒီမှာ တစ်ယောက်တည်း ထားပစ်ခဲ့လို့ မဖြစ်ပါဘူး"

နောက်ဆုံးအထိ စကားဆိုနေ၍ ဒေါ်ခင်ကြီး ဇွတ်အတင်း တိုက်တွန်းနေရသည်။

"မေမေကြီး တစ်ယောက်တည်း သွားလို့ လာလို့ ရသေးလောက်ရှိနေပြီပဲ သမီးရယ်၊ မခင် လာခေါ်ရင် လိုက်သွားလိုက်ပါ၊ သူ့ခမျာ သမီးကို တော်တော်လေး ခင်တွယ်ရှာတာ၊ မိုနာဆိုလဲ သမီးအကြောင်း ပြောလို့ မဆုံးဘူး၊ မေမေကြီးအတွက်မို့သာ ဒီအိမ်ပို့ပေးတာ၊ တခြားလူဆိုရင် ဘယ်လိုနည်းနဲ့မှ မပို့ဘူးတဲ့၊ သမီး မသွားရင် သူတို့စိတ်မကောင်းနိုင်ကြပါ့မလား....

"သမီးကသာ ကိုယ့်အတွေးနဲ့ ကိုယ်အားငယ်နေတာပါကွယ်၊ မေမေကြီးကတော့ မိုနာတို့ကတော့ သမီးကို အိမ်ဖော်လို့ သဘောမထားပါဘူး၊ မေတ္တာစေတနာကို ငွေကြေးနဲ့ လဲလှယ်လို့ မရနိုင်ဘူးဆိုတာ မေမေကြီး သဘောပေါက်ပြီးသားပါ၊ အခုလဲ ဒီမှာ စိန်ရှိနေသေးပဲ၊ တစ်ပတ် ဆယ်ရက်မျိုးလောက်တော့ သမီးလိုက်သွားလို့

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါတယ်၊ မေမေကြီးတို့ဆီရောက်ကတည်းက အလုပ်တွေ ပိပြီး ဘယ်မှ သွားရလာရတာမှမဟုတ်တာ''

သည်လိုကျတော့လည်း မေမေကြီးစကားကကရုဏာရိပ်များဖြင့် နူးညံ့နေ၍ မာန်မာနကင်းစင်သော အညိုအမြဲလိုလို အေးချမ်း ကြည်လင်နေသော မေမေကြီး၏ မျက်နှာကို တစ်ခဏမျှ ငေးစိုက်ကြည့်ရင်း ဇွန်ပွင့်ရင်မှာ ချစ်ခင် ကြည်ညိုစိတ်များ တဖွားဖွား ဖြစ်တွန်းလာရလေ၏။ တကယ့်ကိုနားလည်စာနာတတ်မှုရှိသောသူပါပဲ။ အလိုက်တသိ ငဲ့ညှာ၍လည်း ကျေးဇူးတင်မိပါသည်။

တကယ်တမ်းကျတော့ လက်ရှိ ဇွန်ပွင့်ရဲ့ ဘဝအခြေအနေနှင့် အင်းလျားကန်ဟိုတယ် မင်္ဂလာပွဲ တက်ရောက်ဖို့ဆိုတာ လုံးဝ ဆက်စပ်သို့မရ။ အပ်စပ်မှုမရှိတဲ့ အဖြစ်ကြောင့်ရယ်သာပါလေ။

မမမေခင်ရဲ့ လက်ထပ်မင်္ဂလာပွဲကို ဇွန်ပွင့်မသွားချင်၊ မတက်ရောက်ချင် ရှိပါ့မလား။

သိပ်သွားချင်တာပေါ့။

ဒါကြောင့်လည်း မိမိအခန်းဆီသို့ ပြန်ရောက်တော့ မှန်ရှေ့ရပ်ရင်း ကိုယ့်အရိပ် ကိုယ်တွေတွေလေး ငေးစိုက်ကြည့်နေမိသည်။

မှန်ထဲမှာ ထင်ဟပ်နေသော ပုံပန်းရုပ်သွင်က ဘာကို ပုံမလာ ပန်းမလာ။

နည်းနည်းလေးမှ အဆင့်အတန်းရှိသည့် မိန်းကလေး



ဘင်ဦး ပုံစံမျိုးမပေါက်။ မြင်ရုံနှင့် ဆာဝဆာပါ ပုံစံမျိုး ထင်းနေသည်။

ဒါနှင့်များကြောင့် မေမေကြီးက မမေခင်မင်္ဂလာပွဲ တက်ရောက်ဖို့ အတင်းတိုက်တွန်းနေရှာသည်ဆိုတော့...

''ဟင်း......''

သက်ပြင်းကိုသာ ထပ်ဖန်တလဲလဲ ရှိုက်မိတော့၏။

ဘယ်လို စိတ်ကူးပိတ်သန်း [illegible] မျိုးနှင့် တိုက်တွန်းနေသည်ဆိုဆို ဇွန်ပွင့်ကတော့ ကိုယ့်ရုပ်သွင် ကိုယ်မှန်ထဲမှာ ပြန်မြင်နေ [illegible] ဆန်းစစ်ရင်း စိတ်ပျက်ပြီးရင်းစိတ်ပျက် ရင်း ဖြစ်နေမိတာ အမှန်ပါ။

သည်ပြလောက်တိုးတဲ့ မအူမလည်ပုံကြီးနှင့် ဘယ်လို လုပ်ပြီးတော့များ ဇွန်ပွင့်လျှောက်သွားဝံ့ပါမည်လဲနော။

အင်းလျားကန်ဟိုတယ် မင်္ဂလာပွဲနှင့် ဇွန်ပွင့်ဦး ဘယ်ဟိုမှ ဆက်စပ် ဆေ့သို့မရ။ အမြင်မတော် ဆင်တော်နှင့် ခွေးလေးလို ဆိုတာမျိုး ဖြစ်နေလိမ့်မည်။ နှင်မောတရား ဖြစ်ရပေဦးမပေါ့။

* * *

## အခန်း ( ၂၂ )

အခုလေလား စိတ်အားငယ်မှုတွေ [illegible] ပြနေသည့်ကြားက ဇွန်ပွင့်ဦး၏ သိသိသာသာ ရှောင်ဖယ် ဆက်ဆံမှုများကြောင့် နေချိုး သိသိ သာသာ [illegible] ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



အလိုကျကြွင်းများကသည်း စိတ်အစဉ်ကို မကြာခဏ ကြီးစိုးနေ၏။ နှင်းက ဖွင့်ထုတ် ပြောဖို့မကျတော့သည်း အကြောင်းရှာ၍ရပြီ နေသဖြင့် အံ့ချည်ချည် ဖြစ်နေဆဲ၊ ကံကောင်းချင်တော့ ပယ်သူပေါ်ချ၍ ဖြစ်ခဲ့ဖူး သော ဒေါက်တာခင်ခင်ကြွေ ရန်ကုန်သို့ပြန်ပြောင်းလာ၍ မိတ်ဆုံစားပွဲလေးတစ်ခု လုပ်ဆောင်ဖို့ အကြောင်းကိစ္စပေါ် လာသည်၊

အခေါ်ပါပဲ။

မိမိအပေါ် ထားသော ဇွန်ပွင့်၏သဘောထားကို ပြတ်ပြတ်သားသား သိသိစိတ်ဝင်လာ၍ သည်း နေမျိုးကောက်ကောင်ကာ အစီအစဉ်တစ်ခုလုပ်လိုက်သည်။

''ဒေါ်စိန်...ခဏ''

မီးဖိုခန်း၌ အလုပ်ရှုပ်နေပုံရသော ဒေါ်စိန်ကိုလည်း လှမ်းခေါ်လိုက်ပြီး အကျိုးသင့်အကြောင်းတင့် ရှင်းပြရသည်။

''စိတ်ချပါ ခင်မျိုး၊ ဒေါ်စိန် သေချာ ပြောပြလိုက်ပါ့မယ်၊ ထမင်းကခြောက်ယောက်စာကျည်းနော်''

ပေါ်ချောင်ကောင် ကပ်ဆွဲ နေ၍လည်း နေမျိုး ခေါင်းဆတ်ပြလိုက်ရင်း ဒေါ်စိန် သွားသောမှ ဆေးရုံသွားဖို့ ပြင်ဆင်ရသည်။

ဖြစ်မျိုးရဖြစ် ပထမဆုံးအကြိမ် အရဲစွန့်ကြိုးစားကြည့်ခြင်းပါပဲ။ မနေ့မရော မထင်မကျ ခနေ့အထားကြီးကို နေမျိုး သည်းခံနိုင်စွမ်း မရှိတော့ပါ။



ဖြူလျှင်လည်းဖြူ၊ မည်းလျှင်လည်းမည်း၊

အဖြူအမည်း တစ်ခုခုကိုတော့ သဲသဲကွဲကွဲ သိသိုလှပေပြီ။

နေမျိုး၏ ကားလေး ဟိုအဝေးဆီသို့ ပျောက်ရှိသွားချိန်မှာတော့ နေမျိုးပြောခဲ့သမျှ အလုံးစုံ မခြင်းမချန်ကို အချိန်မီစီစဉ်နိုင်ရန် ဇွန်ပွင့်ကို ဒေါ်စိန် အသေးစိတ်ပြန်ပြောပြရသည်မို့ ဇွန်ပွင့် အနားမရတော့။

လိုအပ်သည်များကို ဒေါ်စိန်အား သွားဝယ်ခိုင်းပြီး နှစ်ယောက်သား တကုပ်ကုပ် အလုပ်ရှုပ်ကြရလေတော့သည်။

ပထမဦးဆုံး ဒေါ်စိန်ဝယ်လာခဲ့သော ငါးရံ့ကောင်ကြီးများကို အကြေးခွံထိုး၊ ခေါင်းဖြတ်၊ အမြီးဖြတ်၊ ဗိုက်ခွဲ၊ ရေစင်အောင်ဆေးပြီး ဆား၊ နနွင်းသင့် တင့်အောင်နယ်၍ ဇလုံလင်ထဲ့ကာ ရေနှင့်ပြန့်ရ၏။

ငါးကျက်လာမှ အသားပိုင်းကို ဆယ်၍ အအေးခံပြီး အရိုးကြီးများ အရိုးအသေးအမွှားလေးများပါ မကျန်ရလေအောင် သတ်ပြွန်ရသည်။

နွှင်ပြီးသား ငါးအသားများကို ဒယ်အိုးအခြောက်တွင် ဆီအနည်းငယ်ထည့်၍ ငါးမှုန့်များ ရသည်အထိ လှော်ပြီးချိန်မှာတော့အနှစ်များကြောသောမြို့(ပြင်ဦးလွင်)ခရမ်းချဉ်သီးအမှည့်တွေကို အိုးတင်အိုးမှာ ရေနည်းနည်းနှင့်အပေါ်ယံအခွံ အမှေးပါးလေးများ ကွာန်လာသည်အထိ ပြုတ်ရပြန်သည်။

www.burmeseclassic.com



ဉှင်းနောက် ခရမ်းချဉ်သီးကို အပေါ် အခွံခွာ၍ အစေ့များ ကုန်စင်အောင်ညှစ်ကာ အရောင်ဘင်မှုန့်နှင့် ရော ဆီ ပက်ကာ အနှစ်များ ရရှိအောင် ပြုလုပ်ရ၏။

ငါးခေါင်း၊ အမြီးပိုင်းများ ပြုတ်ထားသော အချိုရည်ကိုလည်း ပွက်ပွက်ဆူသည်နှင့် ကျောက်ဖရုံသီး အခွံ တော် အတုံးကလေးများ ခပ်ပြီး ငံပြာရည်ဟင်းချိုမှုန့် ဆားသင့်သင့်အောင်ထည့်၍ မီးဖိုပေါ်မှ ချပါနီးဘွင် ပဲကြာဆံနှင့် မီးသင်းထားသော ငရုတ်ကောင်းမှုန့် ကြက်သွန်ဖြူ ခေါးပြွားရိုက်သည်တို့ ဖြည့်ဖက်ခပ်ရသည်။

ကိုကိုတို့သာမှ ဟင်းချိုခပ်ရမည်ဖြစ်သဖြင့် ဟင်းချိုအိုးကို ခေတ္တ ဖယ်ထားလိုက်ပြီး ငါးခါနီးမှ ပြန်တည်ဖို့ ဆုံးဖြတ်လိုက်သည်။

ကြာဆံနူးနေမည့် အချိန်နှင့် ကိုကိုတို့စားမည့်အချိန် အံကိုက် အနေတော်ပါပဲ။

ခရမ်းချဉ်သီး အနှစ်များ၊ ငါးမှုန့်၊ ပုစွန်ခြောက်မှုန့် နှင့် ထမင်းများကို သမအောင် ရောနယ်ပြီး အနေတော် ထမင်းဆုပ်လုံးလေးများ ဆုပ်ယူကာ ထမင်းအုပ်ထဲ၌ အစီအရီ ထည့်ပြီးချိန်....

ကြက်သွန်အနီကြော်၊ မုန့်ခြောက်ကြော်၊ ပဲမှုန့်၊ ကြက်သွန်ဖြူဆီချက်၊ နံနံပင်ရွက်၊ မုန်လာဥမျိုး၊ ငရုပ်သီးလှော် ထောင်း၊ ကြက်သွန်ဖြူ ဥဘက်လုံး၊ အခွံခွာပြီးသားလုံး များပါ အဆင်သင့် ပြင်ဆင်ပြီးချိန်မှာတော့ နေ့လယ်စာ ငါးထမင်းဆိမ့် သုံးဆောင်ရန် အဆင်သင့် ဖြစ်နေပြီမို့



ဒေါ်စိန်က နာရီ လှမ်းမော့ကြည့်ရင်း ချီးကျူးစကား ဆိုလေသည်။

"ပြင်ဆင်ထားသမျှကတော့ အားလုံး စပယ်ရှယ် ကောင်းမှာကောင်းပဲ မစွန့်အေး မောင်မျိုးတို့လဲ လာခါ နီးပြီ၊ ဒေါ်စိန်လဲ မစွန့်လုပ်သမျှ သေချာ မှတ်ထားတာ မှတ် ထားဟာပဲ၊ တစ်ယောက်တည်း လုပ်ကြည့်မှ ခွေးအာ လှည်းနင်းသလို ဖြစ်နေရင်တော့ မပြောတတ်ဘူး၊ အစပ် အဟပ်က အတိုင်းအဆ မသိရင် သိပ်မလွယ်ဘူးနော်"

သူ့ကိုယ်သူသည်း နှိမ့်နှိမ့်ချချ စကားဆိုနေ၍ စွန်ပွင့် နှစ်နှစ်ခြိုက်ခြိုက် ပြုံးမိသည်။

"ဒေါ်လေးကလဲနော်၊ ကိုယ့်ကိုယ်ကိုများ ခွေးအာနဲ့ နှိုင်းရတယ်လို့ပဲ၊ မစွန့်ကပြင့် စားဖူးဘာကို ပြန်ပြီးစားပြီး ရမ်းသန်းလုပ်တာများ သိပ်အဆင်မကြေးနဲ့ ဒေါ် လေးရဲ့ မစွန့်လက်ရာက မနှန်း လက်ရာနဲ့ စာရင် အများအနားလေးက ရှိတာရယ်၊ ကိုကို စိတ်တိုင်းကျ ဖြစ်ပါ့မလားဟောင် မသိဘူး"

သည်လိုကျတော့လည်း ကိုကို စိတ်တိုင်းကျပါ့မလား ဆိုသော အတွေးက ချက်ချင်းလိုပင် ဝင်ရောက်လာရ၍ စွန်ပွင့် မျက်နှာလေး တည်ငြိမ်သွားရသည်။

ဒေါ်စိန်ကတော့မသိ စွန်ပွင့်၏ လက်ရာ ငါးထမင်း ဆိမ့်နှင့် ဟင်းချိုသည်သာ မြည်းကြည့်ရင်း သဘောကျမဆုံး ဖြစ်နေသည်။

နံရံမှ နာရီကို လှမ်းကြည့်လိုက်တော့လည်း ကိုကိုတို

www.burmeseclassic.com



ထမင်းစားပြန်လာဖို့ တော်တော်လေး လိုသေးသဖြင့် ကျန်သည့် တာဝန်များ ဒေါ်စိန်နှင့် လွှဲအပ်ပြီး ရေကမန်းကတန်းချိုးဖို့ စိတ်ကူးလိုက်မိသည်။

သူတို့ လာမှ ရေချိုးနေရလျှင် မလှဘူး။

အိမ်ဖော်ပီပီ အစစအရာရာ ကြိုတင် အလိုက်သိစွာ ဆောင်ရွက် ထားနိုင်ဖို့ လိုအပ်သည်ပဲလေ။

အထူး ဧည့်သည်ဆိုသူတွေ၏ ရှေ့မှာ ဇွန်ပွင့် သပ်သပ်ရပ်ရပ် အဆင်အပြင်မျိုးနှင့် ရှိနေဖို့ လိုအပ်လိမ့်မည် ထင်ပါ၏။

ဖွင့်မပြောလည်း မိမိ အလိုက်သိရပါမည်။

ဒါကြောင့်လည်း ဇွန်ပွင့် အချိန်တုံ့ ဆိုင်းမနေတော့။

"ဒေါ်လေးရေ မဇွန် ရေချိုးလိုက်ဦးမယ်"

ရွှေးပြန်နေသော ခေါင်းကိုယ်ကို တစ်ချက် ငုံ့ကြည့်ကာ ခြေလှမ်းများကို ရေချိုးခန်းဆီသို့ အလျင်စလို ဦးတည်ပစ်လိုက်သည်။

ပင်ပန်း ဘာအလုပ်မှ ရှိသေးသဖြင့် ကိုယ်စိတ်နှစ်ပါး လန်းဆန်းအောင် ရေအေးအေးကိုလည်း စိတ်တိုင်းကျ စိမ်းပြုနေပြေ ချိုးပစ်ဖို့၏။

ရေပန်းထိသဖြင့် စိုရွှဲသွားသော ဆံပင်တွေကိုလည်း မထူးတော့ပြီမို့ အချိန်ကိုက် ခေါင်းပါ လျှော်ပစ်လိုက်သည်။

ဇွန်ပွင့် ရေချိုးခန်းမှ ပြန်ထွက်လာချိန်မှာတော့ ဧည့်ခန်းဘက်ဆီမှ ကိုကို့အသံနှင့်အတူ ဇွန်ပွင့် နားမကျက်



မိသော အသံများ ရယ်မောသံများ လျှံတက်လာ၍ ဇွန်ပွင့်ကိုယ်လေး ဆတ်ခနဲ မတ်သွားရသည်။

တစ်ဆက်တည်းမှာပင်...

"ပြောတော့ ထမင်းစားချိန် ပြန်လာမယ်ဆိုပြီး အခု ဘာဖြစ်လို့ အစောကြီး ပြန်လာတာလဲမသိဘူး၊ ဧည့်သည်တွေပါ တစ်ပါတည်း ပါလာခဲ့ပြီထင်တယ်"

ကိုကို အစောပြန်လာပြီ ဆိုသည့် အသိစိတ်ကြောင့် ဝမ်းသာသင့်သလားမသိ။ ဝမ်းနည်းသင့်သလားမသိ... မတွေဝေအားတော့။

မျက်နှာမှာ တဲကျားရိုက်ထားသော သနပ်ခါးပင် မဖျက်အားတော့ဘဲ ရေစက်လက်နှင့် ဆံပင်ကိုလည်း ကမန်းကတန်း ရှင်းပြီး နှစ်ပတ်လျှို တင်းနေအောင် ဆွဲထုံးပစ်လိုက်ရသည်။

နောင်ခါလာ နောင်ခါချေ၊ သဘောပိုက်၍ အကျီစကိုသာ သေသေချာချာ ဆွဲချလိုက်ပြီး မီးဖိုထဲ အပြေးအလွှား ဝင်လာခဲ့ရသည်။

မီးဖိုထဲတွင်တော့ ဒေါ်စိန်က ဧည့်သည်များ၊ ဧည့်ဝတ်ပြုရန် အအေးပင် ဖျော်ပြီးနေလေပြီ။

ဒရောသောပါး ဝင်ရောက်လာသော ဇွန်ပွင့်ကိုလည်း နှစ်ကိုယ်ကြား ခပ်တိုးတိုးလေး ဆိုလေ၏။

"ဘာစိတ်ကူးပေါက်လာသလဲ မသိဘူး၊ ကျောင်းသားမိုးကြိုး သူ့ကို ကြီးရဲ့ အထူး ဧည့်သည်တော်တွေထဲမှာ ခပ်ချောချော၊ ခပ်လှလှ၊ ခေတ်ဆန်ဆန် မိန်းကလေးတစ်ယောက် ပါလာတယ်ဟေ့၊ ကောင်မလေး ကောင်မလေးပဲ....

www.burmeseclassic.com



"မောင်နဲ့ သူ အမျိုးသားလဲ ပါတယ်၊ နောက်ထပ် ညွှန်ကြားလိုက်တဲ့ ပါသေးတယ်၊ မောင်မြင့်ဦးကတော့ လူစိမ်းမဟုတ်တော့ပါဘူး"

မမေးရခင် ကတည်းက အကြောင်း စုံလင်စွာ အလျားကြီး စကားပြောလာသည်မှာနေ၍ ဇွန်ပွင့် မီးဖိုထဲမှ တစ်စတစ်စင်း လုံးမြင်နိုင်သော နေရာသို့ တိုးကပ်ပြီး စိတ်ဝင်တစား လှမ်းကြည့်လိုက်မိသည်။

ဟုတ်ပါရဲ့။

ဧည့်ခန်းထဲတွင် ဇွန်ပွင့်မသိသော လူစိမ်း နှစ်ဦး၊ မိန်းမရွယ် ချောချောလှလှတစ်ဦး၊ နောက်မြီးတော့ ဒေါက်တာမြင့်ဦး၊ မမှမခင်နှင့်ကိုကိုတို့ ရယ်ရယ် မောမော စကားလက်ဆုံ ကျနေသည်မို့ ဘာနေယ်မဟုတ် ရင်ထဲမှာ ဆင့်ခနဲ တစ်မျိုးကြီး ဖြစ်သွားရသည်။

ဧည့်ခန်း ဆီသို့သွားဖို့ ခြလှမ်းပြင်ပြီးမှ သွားလိုစိတ် ကုန်ခန်းသလိုလို၊ စိတ်မရှိမရဲသလို ဖြစ်သွားရ၍လည်း အအေးဖန်ခွက်များကိုသာ စထီးလင်ပန်းပေါ်တင်ကာ မယူလိုက်ပြီးမှ ခေါ်ပွဲပေါ် အသာပြန်ချကာ—

"ဒေါ်လေးယေ…၊ ဒေါ်လေးပဲ သွားပို့လိုက်တော့နော်၊ မဇွန်ဒီမှာ လုပ်စရာရှိတာ လုပ်ထားနှင့်မယ်၊ သူတို့ ထမင်းစားတော့မယ် တင်ပါရဲ့"

ပြောပြောဆိုဆို ဟင်းချိုအိုးကို မီးဖိုပေါ်ပြန်တင်ပြီး ဆင်ဝှေမှုန့်ရှာင် လုပ်လိုက်မိသဖြင့် ဒေါ်စိန်ခေါင်းညိတ်ကာ အအေးလင်ပန်း မယူပြီး ထွက်လေသည်။



ဒါပေမယ့် မကြာပါ။ ဒေါ်စိန်ချက်ချင်းပဲ ပြန်ရောက်လာ၏။

"မဇွန်ကို မောင်မျိုးခေါ်နေတယ်ကွယ်"

မကြားလိုသောစကားကို ဆိုက်ဆိုက်မြိုက်မြိုက် ဆိုလာသဖြင့် ဇွန်ပွင့်မျက်လုံးလေး ဝိုင်းသွားရသည်။

"အဲဒါမှ ဒုက္ခ၊ တကွယ့်ကို ဒုက္ခပါ။

"ဒီပုံစံကြီးနဲ့ အိမ်ရှေ့မသွားချင်ပါဘူး ဒေါ်လေးရယ်"

ကိုယ့်ကိုယ်ကို စိတ်မထိုးစွာင့် ကြည့်ရင်း အလန့်တကြား စကားဆိုမိ၍ ဒေါ်စိန်က ပြုံး၍ လှမ်းကြည့်လာ၏။

"ခါတိုင်းကော ဘာထူးလို့လဲတူမရယ်၊ ဘယ်အချိန် ကြည့်လိုက်ကြည့်လိုက် ဒီပုံစံပဲဟာ၊ ဘာလဲ သနပ်ခါးတွေ ကျားနေလို့လား၊ လက်နဲ့ နည်းနည်းပါးပါး ညှိပြီး ချက်ချင်းဖျက်လိုက်လေ၊ သိပ်ဆိုးဆိုးရွားရွားကြီး ကျားနေတာ မဟုတ်ပါဘူး"

"အင်းနော်…ဟုတ်သားပဲ၊ ခါတိုင်းလဲ ဒီလိုပဲဟာ"

ဒေါ်စိန် ပြောလာလေမှ ကိုယ့်ဘာသာကိုယ်ပြန်သတိ ပြမိကာ ရှက်ကိုးရှက်ကန်းဖြစ်သွားရသည်မို့ ဇွန်ပွင့်စိတ်ကို ဇွန်ပွင့် အားပေး သံပတ်တင်းရင်း ခြေလှမ်းများကို ဧည့်ခန်းဆီသို့ ဦးတည်လိုက်ရ၏။

ခဲဆွဲထားသလို လေးလံလှန်းနေသော ခြေလှမ်းများ ဆီလည်း ... သလိုမကျဖြစ်သွားရ၍ ....

"ဒါနယ်နော်…ဒုက္ခပါပဲ၊ ဧည့်သည် လူ...အားကို

www.burmeseclassic.com





ဖြင့်လိုက်တာနဲ့များ စိတ်တွေထိန်းမရနိုင်သောက်အောင် လုပ်ရှားသွားလိုက်တာ အရမ်းပါပဲလား၊ ဒီပုံစံနဲ့အိမ်ရှေ့မှာ ဘာလျှ ဖြစ်ရအောင် အသွင်တွန်းက ဘာချားထူးထူး ခြားခြား ပြုံဆောင်နေမှုးလို့လဲ၊ ဒီရောက်ပါ ပြီဆိုကတည်းက ဒီပုံစံနဲ့ အမြဲနေခဲ့တာပဲဥစ္စာ''

မျက်နှာခွင့်လေးတွန့်ကာမကျေနပ်ဖြစ်မိရင်း ရှက်၍မဆုံး ဖြစ်ရသည်၊ စိတ်ပျက်ရသော အဖြစ်ပါပဲ။

ညှော်ခန်းထဲ ဝင်လာသော ဇွန်ပွင့်ကိုမြင်တော့ မမမေခင်က ပြုံးပြုံးရွှင်ရွှင် လှမ်းခေါ်၏။

''လာ....လာ....မဇွန်''

''ကိုကို မဇွန်လာပြီလေ''

ညှော်သည် အမျိုးသမီးနှင့် ပြုံးရွှင်စွာ စကားလက်ဆုံကျနေသော ကိုကို့ဘက်သို့လှည့်၊ လှည့်ပြောလိုက်၍....

''ထိုင်....''

ကိုကိုက ရှေ့တူရူမှ ဆက်တီထိုင်ခုံဆီသို့ညွှန်ပြလာ၏။ တစ်ဆက်တည်းမှာပင် ကိုကို့နံဘေးမှ ညှော်သည်အမျိုးသမီးနှင့် အမျိုးသားများ၏ မျက်ဝန်းများက ဇွန်ပွင့်ကို စူးစမ်းသလို အကဲခတ်သလို ဝိုင်းကြည့်လာကြ၍ အရှင်လတ်လတ် မြေကြီးထဲ ခွဲဝင်သွားချင်လောက် အောင် ဇွန်ပွင့် စိတ်ညစ်သွားရ၏။

အထူးသဖြင့် ကိုကို့နံဘေးခုံတွင် ကန့်လန့်ထိုင်နေသော အမျိုးသမီး၏မျက်ဝန်းအကြည့်များမှာနှိမ့်ချလိုရိပ် အထင်သေးရိပ်များ ပုံးလွှမ်းနေသဖြင့် မခံချင်သလိုလို ဖြစ်ရသည်။

ချက်ချင်းလိုလိုမျက်နှာသွဲ့သစ်လိုက်ပြီး၊ကိုကိုတစ်ယောက်တည်းကိုသာ ရှုန်းရှုန်းဝေဝေအောင် စကားပြောနေပုံကလည်း လိုသာထက် ပိုနေသည်မို့ စိတ်ထဲမှာ ချဉ်သွားရသည်။

ကျန်ညှော်သည်များကြည့်ရတာတော့ ကိုကိုနှင့်အသက်အရွယ် မတိမ်းမယိမ်းနှင့်အောင်အောင်သေး ခင်မင်ရင်းနှီးဟန်မို့ သူငယ်ချင်းများဖြစ်မည်ဟု ဇွန်ပွင့်ခန့်မှန်း လိုက်မိသည်။

အမျိုးသမီး ညှော်သည်ကိုတော့ မိန်းကလေးချင်းမို့ ဇွန်ပွင့် စိတ်ပါဝင်စားစွာပဲ မသိမသာအကဲခတ်မိလေ၏။

ပုံစံကခေတ်ပညာတတ်ပုံစံမျိုးဖြစ်ပေမယ့်၊စိတ်သဘောထားတော့ ပြည့်ဝပုံမရပါ။

ကိုကိုနှင့် စကားစမပြတ်သေးဘဲ တစ်ချက် တစ်ချက် ဝင့်ကြည့်လာသော မျက်ဝန်းအကြည့်များတွင် ဇွန်ပွင့်ကို မတူမတန်မို့ မဆင်ခံလိုသည့်ဟန်ပန်များ သိသိသာသာ ထင်းနေလေသည်။

ဝတ်ဆားသော အင်္ကျီနီရှား ဆေးရေးပါတိတ်ဝမ်းဆက် ပန်းပိတ်ကာပလေ့ကလည်း တန့်ဖိုး မသေးမှန်း ဇွန်ပွင့် သိသာသည်မို့ ညှော်အမျိုးသမီး ခေတ်ရှိ အဆင့်အတန်းမှာကြ မဟုတ်နိုင်မှန်း ၊ သိလိုက်ရ၏။ ထားဦး အနည်းငယ် ညိုသည်ဆိုပေမယ့် မျက်နှာသွယ်သွယ်ထက်ခွ

www.burmeseclassic.com



မိတ်ကပ် စနစ်တကျ ခြယ်သထားနိုင်မှု၊ ပခုံးထက် ဖရိုဖရဲ ကျနေသော နှင်ဆင့်ကောက်ထားသည့်ဆံပင် အခွေအလိပ် လေးများကို ပုံပန်းကျဖြစ်အောင် ဖုံးသွင်းပြုပြင်ထားမှုတို့ ကြောင့် ရုတ်တရက်ကြည့်လျှင် ကော်ပတ်ရုပ်လေးတစ်ခု ကို တော်တော် ချစ်စဖွယ် လုပနေတာ အမှန်ပါ။

ရှိုးရှင်းစွဲ အသက်ထက် ငယ်မိုနေပုံလည်းရသည်။

ဒါကြောင့်လည်း ဇွန်ပွင့် တစ်ကိုယ်တည်း မျက်နှာငယ် လေးနှင့်ထိုင်ရင်း အတွေးများနှင့် တွေဝေနေဆဲ။ ကိုကို့ ထံမှ အလိုမကျသလိုဆိုသာသော စကားသံများထွက်ပေါ် လာ၏။

"အိမ်ရှင်ကို ဧည့်သည်တွေကပြန်စောင့်နေရရင် ဘယ် ကောင်းတော့မှာလဲ၊ တို့ ရောက်နေတာကြာပြီကွ၊ စော စောက မင်းဘယ်သွားနေလို့လဲ ချာတိတ် ပြောစမ်း၊ ဒေါ်စိန်ကို သေချာ မှာခဲ့တာ၊ မင်းကို မပြောဘူးလား"

"ဟို...ဟို...ပြောပါတယ် ကိုကို"

"ပြောရင် အဆင်သင့်စောင့်နေမှပေါ့ကွ၊ ရောက် ရောက်ချင်း ...နိုင်လောက်အောင် ...ဘာအလုပ် ရှုပ် နေလို့လဲ"

စ...ကို မ...ပြောစဖူး လေသံ မာမာနှင့်ပြောသာ၍ ဇွန်ပွ... ...ကိုယ်လုံး ...ထူပြီး ...ခန္ဓာကိုယ်လေးမတ်သွား ရ၏။

ဒါ... ...ရောက်ချင်း ဇွန်ပွင့်ကို ...အဆင်သင့်မတွေ့ ရ၍ ...သည်လား မသိပါ။



ဧည့်သည်ရှေ့မှာပင်မရှောင် ဆူပူနေပြီဆိုသည့် အသိ ကြောင့် ဇွန်ပွင့် ရေချိုးနေတာဟု ဖြေရ မည့် အ.စား ကြောက်ကြောက်လန့်လန့်နှင့် ပါးစပ်ထဲ ထွက်မိထွက်ရာ စကားကို မရည်ရွယ်ဘဲ လွတ်ခနဲ့ ဖြေမိလျက်သား ဖြစ် သွားရ၏။

"ဟို...ဟို...ဇွန်ပွင့် မီးဖိုထဲမှာ အလုပ် ရှုပ်နေလို့ပါ ကိုကို"

"ဘာကွ"

အလိုမကျစွာ အော်လိုက်သော ဘာကွကိုသည့်အသံက ဇွန်ပွင့်သာ နှလုံးရောဂါသည်ဆိုလျှင် လန့် တာ နှင့် ပင် ပွဲချင်းပြီး သေလေမည်လား မပြောတတ်ပါ။

"မီးဖိုထဲမှာ ဒေါ်စိန် ရှိနေသားပဲ၊ လုပ်စရာ ရှိတာ သူလုပ်လိမ့်မယ်ပေါ့၊ နေ့ရာဘကာ တစ်အိမ်လုံး အလုပ် မှန်သမျှကို မင်းအလုပ်လို့ချည်းပဲ သဘောထားနေတော့ မခက်ဘူးလား၊ ကဲပါ.... ထိုင်စမ်းပါဦး၊ ဒီမှာ ဧည့်သည် တွေနဲ့ မိတ်ဆက်ပေးမလို့"

ပြောရင်းပဲ တစ်ဆက်တည်း သူ့မိတ်ဆွေလူငယ်များ ဘက်သို့လှည့်၍....

"ဒါ... မေမေ့ ...ပ်မနောသမီး...လေ၊ နာမည်ကတော့ မဇွန်တဲ့၊ မေမေ့ကို ပြုစုပေးဖို့ ...တာ ကျိုင်းတုံက ...

မိတ်ဆက်ပေးသလို ဆိုနေပြန်သည်။

"...ဩဘ်..."

www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ ရှေ့တူရူမှ လူရွယ်က ခန္ဓာကိုယ်ကိုဆန့်၍ ဇွန်ပွင့်မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်လာ၏။

တစ်စုံတစ်ခုပြောတော့မည့် ပုံမျိုးလိုပါ။

ခဏကြာမှ ဘယ်လိုအတွေးများ ဝင်လာသည် မသိ၊ မျက်ဝန်းများ ရုပ်သိမ်းပြီး မျက်နှာ လွှဲသွားလေသည်။

“အော်တိ ဟ်၊ ဒါ...ကိုကို့ သူငယ်ချင်းတွေချည်းပဲ မှတ်ထား၊ ဒါက ခမောင့်အမျိုးသား ဗိုလ်ကြီးညိုမြင့်တဲ့၊ မေခင်နဲ့ လက်ထပ်ဖို့ ခွင့်နဲ့ ပြန်လာတာ၊ နေတာကတော့ တောင်ငူမှာပဲ၊ တို့ ယောက်ဖလောင်းပေါ့၊ အဲလေ... ယောက်ဖလောင်းတင် မဟုတ်တော့ပါဘူး၊ ဘာခေါ်ရမလဲ၊ မကြာခင် ယောက်ဖဖြစ်လာတော့မယ့်လူပေါ့....”

ကိုကို၏ ရယ်ရယ်မောမောဆိုလာသော စကားအဆုံးတွင် ဗိုလ်ကြီးညိုမြင့်က ရယ်မောရင်းဇွန်ပွင့်ကို အသိအမှတ်ပြုလာသလိုပြုံးလာ၍ တလေးတစား ခေါင်းညွှတ်လိုက်ရသည်။

“သူကတော့ ဒေါက်တာ ခင်ခင်ကြွေတဲ့၊ ရန်ကုန်ကပဲလေ၊ အနှင်းက နယ်မှာ အခုမှ ကိုကိုတို့ဆေးရုံ ပြောင်းလာရတဲ့သူပေါ့၊ မခေါ်ဘူးလား၊ အဟောင်း... တို့ဆေးရုံမှာတော့ မကြွေဆိုရင် ကြွေရုပ်လေး ကြွေရုပ်မလေးနဲ့ တက်ယ်ကို စတားပဲကွ”

“အို....မဟုတ်တာ”

“ဟုတ်ပါတယ်ကွ၊ တို့ပြောတာ မမှန်ဘူးလား”

ဇွန်ပွင့်ကို ဖျတ်ချက်မျှ လှမ်းကြည့်ပြီး တာဝန်ကျေရုံ



ခေါင်းတစ်ချက် ညိတ်ပြသော ဒေါ်ခင်ခင်ကြွေ၊ ကိုကိုနှင့် စကားပြောသည့်အခါကျတော့ မျက်နှာတစ်ခုလုံး အပြုံးများနှင့် ရွှင်ချိနေလေ၏။

“သိပ်မခြောက်ပါနဲ့ ကိုမျိုးရာ၊ ယူလဲ စတားပါပဲ နော်၊ ဖော့တဲ့ လူကိုင်းလူစိုင်းသာ လူချောလို့ ပြောကြတာပါပဲ၊ အဲ...ချောလျှက်သားနဲ့ မထွေးသေးတာတစ်ခုပဲ ခက်နေတာ”

အားကျစရာ စုံသလို ခနောက်သံသို့ဆိုလိုက်၍ စကားဝိုင်းမှာ ရယ်မောသံများ ညံသည်သွားရလေ၏။

ဇွန်ပွင့်ကတော့ ရယ်မောစရာအကြောင်းမရှိသည်မို့ သည်အတိုင်းပဲ ခဲတံပဲ့တောင့်လေးကိုင်ပြီး ငြိမ်တွေနေမိသည်။ ယောင်လို့တောင် မပြုံးမိပါ။

“သူကတော့ ဗိုလ်သန့်ဇော်တဲ့၊ တောင်ငူစစ်ဘက်ကပဲ၊ ဗိုလ်ညိုမြင့်နဲ့ တစ်ဘက်တည်းပေါ့၊ ရန်ကုန်ကို ခွင့်နဲ့လာရင်း လူပျိုရုံသုပ်ဖို့ ချောဆွဲတားလို့ ကန့်သန့်ကန့်သန့်ပါလာတာလေ၊ ဟုတ်တယ်မဟုတ်လား”

“ဟုတ်တယ် ဟုတ်တယ်၊ ကိုယ်တိုင်မစွဲလို့ စွဲသွားတဲ့ အင်ကြင်းကိုပဲ ယိုင်ဂိုရတာလေ၊ ဂတ်ဘူးလို ဘူးငြားပေါ့”

ဗိုလ်သန့်ဇော်၏ စကားအဆုံးမှာ အားလုံးရယ်မောကြပြန်၏။

“သူ့ကိုတော့ ချောတိတ်သိပါတယ်၊ အိမ်ကိုရောက်မတတ် လာနေတဲ့ကောင်ပဲ”

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမြင့်ဦးကို လက်ညှိုး ညွှန်ပြလာပြီးချိန်မှာ တော့ ဇွန်ပွင့်အနေရကျပ်စွာ မျက်နှာခလုံး ငယ်သထက် ငယ်လာသဖြင့် ရိပ်မိပုံရသော မမမေခင်က စကားစ ဖြတ်ပေးရှာ၏။

"ကဲ…ဧည့်သည်တွေ အားလုံးနဲ့တော့ မိတ်ဆက် ပေးပြီးသွားပြီနော်၊ စားစရာ တစ်ခုခုနဲ့ မိတ်ဆက်ဖို့ပဲ လိုတော့တယ် ညီမရဲ့၊ ကိုကိုက ငါ့ညီမလက်ရာ ငါးထမင်း ဆိမ့်နဲ့ ကြာဆံဟင်းခါး ကျွေးမယ်လို့ ကြေညာပြီး ခေါ် လာတာ၊ ထမင်းစားချိန် မရောက်မချင်း ဒီဧည့်သည် တွေက တော်တော်နဲ့ ပြန်ဖို့စိတ်ကူးဦးမှာ မဟုတ်ဘူး၊ လောလောဆယ် အဆာပြေဘားဖို့ ဒေါ်စိန်ကို တစ်ခုခု သွား စီမံခိုင်းပေးပါဦး"

"ဟုတ်….ဟုတ်ကဲ့"

ဖြစ်နိုင်လျှင် သည်နေရာမှ အမြန်ဆုံး ကွယ်ပျောက် သွားရလေအောင် မြေလျှိုး မိုးပျံလိုစိတ် ပေါ်နေသော ဇွန်ပွင့်ဦးတစ်ယောက်….

ကိုကိုကပါ ခွင့်ပေးသလို ခေါင်းညိတ်သည်နှင့် ဧည့် သည်များကို ခွင့်ပန်သလို တစ်ချက်ကြည့်ကာ ခေါင်း ငုံ့၍ ထွက်လာခဲ့မိ၏။

ဝမ်းနည်းခြင်း များကလည်း ကြီးစိုးလာသည်။ ဘာရယ်မဟုတ်။ သူစိမ်း ဧည့်သည်တွေရှေ့မှာ လှမ သော အိမ်ဖော်ပုံစံကြီးနှင့် ပွဲထုတ်ခံနေရတော့ ဝမ်းသာ ရမည့်အစား ထိုင်ငိုချင်စိတ်သာ ပေါ်နေ၏။



ကိုယ့်ကိုယ်ကို ဘယ်လောက်ပဲ မာန်ဘင်းထားသည်ဆို ဆို အားငယ်စိတ်များ ထိန်းမနိုင်သိမ်းမရ ဝင်ရောက် ရတာကတော့ အခုနှပ်ပင်တည်း။

ဇွန်ပွင့်မျက်စိချက်နှာပျက်စွာ မီးဖိုထဲသို့ ပြန်ဝင်လာ ရင်းဖြစ်ကြောင်း ကုန်စင် ပြန်ပြောပြတော့ ဒေါက်တာ ခင်ခင်ကြွေ၏ဟာန်ကြီးပန်ကြီးနိုင်လှသောဆက်ဆံမှုအတွက် ဒေါ်စိန်ကပါ ရေပြီး မကျေမနပ် ဖြစ်နေလေသည်။

"သူတို့က ခေတ်ပညာတတ် ဆရာဝန်တွေ ဆိုပေမဲ့လဲ ဘိုလိုအိမ်ဖော်တွေကို တန်းတူရည်တူ သဘောထားပြီး ဘယ်ဆက်ဆံချင်မှာလဲအေ၊ အခိုင်းအစေကို အခိုင်း အစေလိုပဲ သဘောထားတော့မပေါ့၊ အခုက အိမ်ရှင် ပဲ ဥစ္စာ"

"ဟုတ်မယ်ဟုတ်မယ်၊ ကိုကိုကို စကားပြောတဲ့ မျက်နှာကျပေါ့ အို့လို့ရှင်လို့ ရှုန်းရှုန်းကို ဝေမန်အာပဲ ဒေါ်လေးရဲ့သိလား"

"ဟုတ်ပါ့ ဟုတ်ပါ့၊ မောင်မျိုးကလဲ ခုမှ ဘာစိတ် ကူးပေါက်လာတယ် မသိပါဘူးတော်၊ ပေါ့ပဲ အချင်း တုန်းကတို့ ဧည့်သည်မှန်ရင် ထိုင်ခေါ် ကျွေးတာချည်း ပဲ၊ အခုကျမှ အိမ်ခေါ်ပြီး ကျွေးချင်သလေး ဘာလေး နဲ့ အလုပ်ကို ရှုပ်နေတာပဲ၊ ပြောကို မပြောချင်တော့ ဘူး"

"ဒါကတော့ ဒေါ်လေးရယ်၊ ဒီဧည့်သည်တွေက၊ သူ့ အတွက် ပိုအရေးပါတဲ့ သူတွေ ဖြစ်လို့သာမှ မသိဘာ၊

www.burmeseclassic.com

www.burmeseclassic.com



တိုဆရာဝန်မကိုများ ကြိုက်နေသလားမှ မသိပါဘူး''

သည်သို့ကျတော့လည်း ဘာနဲ့ မဟုတ်၊ အမှုမဲ့ အမှတ်မဲ့ ပြောမိပြီးမှ ရင်ထဲမှာ နင့်သလိုဖြစ်သွားရ၍ မျက်ဝန်းအိမ်မှာ မျက်ရည် ဝဲချင်ချင် ဖြစ်လာရသည်။

ဒေါ်စိန်ကတော့ မသိ။ ဇွန်ပွင့်ဦး၏ အဆိုပြုချက်ကို အားပါးတရ ထောက်ခံ၍ ကား ဆိုသည်။

''အဲဒါ ဖြစ်နိုင်တယ်အေ့၊ သိပ်ဖြစ်နိုင်တာပေါ့၊ ဒီဆရာဝန်မက ခေတ်ဆန်ဆန် ချောချောလှလှဆိုတော့ မောင်မျိုး စိတ်ဝင်စားချင်လဲ ဝင်စားမှာပေါ့၊ သူလဲ အသက်ငယ်တော့တာမှ မဟုတ်တာ၊ အိမ်ထောင်ပြုသင့်တဲ့ အရွယ်ရောက်နေပြီလေ....

''မိန်းကလေးဘက် ကြည့်မယ်ဆိုလဲ မောင်နေမျိုး က သူ့လိုပဲ ဆရာဝန်၊ ခေတ်ပညာတတ်တွေနဲ့လဲ တူညီတယ်၊ ရုပ်ရည်ချော၊ ဥစ္စာသာပေါ့၊ အစစ ပြည့်စုံနေတဲ့ သူပဲ၊ ဘယ်လက်လွတ်ခံချင်ပါ့မလဲ၊ အမူ ဂိုပိုင်ပျက်နှာချိုပေ တော့မပေါ့၊ ဟုတ်ဘူးလား''

ပါးစပ်က ပြောရင်းပြော လက်က လုပ်ရမည့် အလုပ်တွေကို မနားတမ်းလုပ်နှင့် ဇွန်ပွင့်တို့ နှစ် ယောက်သား မီးဖိုထဲနှင့် ထမင်းစားခန်းကို ပေါ် ဝင် ထွက် သလို ခေါက်တုံ့လူးလာ အလုပ်ရှုပ်နေချိန်တွင် ကိုကိုတို့ ဧည့်သည်ခန်းမှာတော့ ဘာတွေ စကားလက်ဆုံကျပြီး သဘောကျနေကြသည် မသိ၊ ရယ်မောသံများ တသော သော ညံနေ၏။



အခန့်ဖော် အလုံးကလေးများ ပြုလုပ်ထားသော ငါးထမင်းဆီမှ အလုံးလေးများကို ပန်းကန်ပြားထဲသို့ လှပသေသပ်စွာထည့်၍ အပေါ်မှ ကြက်သွန်ဖြူဆီချက်၊ ကြက်သွန်နီကြော်အနည်းငယ် ဖြူးပြီး ဆီချက်ပဲဝတ်သတ်၊ ငရုတ်လှော်ထောင်း၊ ငံပြာရည်အချဉ်၊ ကြက်သွန်ဖြူ အခွံနွှာပြီးသား အစရှိသည်တို့ကို ပန်းကန်ငယ်လေးများဖြင့် သီးသန့် ပြင်ဆင်ပြီးချိန်မှာတော့ ဆယ့်တစ်နာရီထိုးခါနီးပြီမို့ နာရီလှမ်းကြည့်ပြီး ဧည့်သည်တွေ ထမင်းကျွေးဖို့ ဒေါ်စိန့်ကို သွားခေါ်ခိုင်းရသည်။

''ဒေါ်လေးရေ....မဇွန် ပြင်ထားတာ ဘာလိုသေးလဲ ကြည့်ပါဦး''

ထမင်းပွဲတွင် လိုအပ်မည့်ထင်သမျှ ပြင်ဆင် မွှမ်းမံခြင်း ဒေါ်စိန့်ကိုလည်း အကြံတောင်းသလို လှမ်းပြောလိုက်၍ ဒေါ်စိန်က ခေါင်းခါသည်။

''မလိုပါဘူးတော်၊ ဘာလိုဦးမှာလဲ၊ ဒီလောက်ပြည့်စုံနေတဲ့ ထမင်းပွဲကိုများ ဧည့်သည်တွေ ခေါင်းမဖော်တမ်း စားမှာ မြင်ယောင်သေး''

''ခေါင်းမဖော်တမ်းစားမှာထက် ကိုကို့အဆူခံလွတ်ရင်ပဲ တော်ပါပြီ ဒေါ်လေးရယ်၊ သူ မကျေမနပ်ဖြစ်မှာ အလိုမကျဖြစ်မှာကိုပဲ ကြောက်တာပါ''

သည်စကားစုများကိုတော့ ရင်ထဲကပဲ တီးတိုးမြည် တမ်းမိသည်မို့ ဒေါ်စိန် ကြားနိုင်လိမ့်မည် မထင်ပါ။

ရယ်မောမောနှင့်ပဲ ထမင်းစားခေါ်ဖို့ လှည့်ထွက်

www.burmeseclassic.com



သွားၡ ဇွန်ပွင့် စိတ်မော ကိုယ်မော သက်ပြင်းရှိုက်မိသည်။

တကယ်တော့လည်း ဇွန်ပွင့် အစိုးရိမ် လွန်မိ၍သာပါလေ။

ကြက်ဥပုံ ဖော်မိကာ စားပွဲအဖြူခင်းကြီးပေါ်တွင် ဇွန်ပွင့် ပြင်ဆင်ထားသော ထမင်းပွဲများက ဘာမှ လိုလေသေးမရှိအောင် ပြည့်ပြည့်စုံစုံနှင့် စားချင်စဖွယ် လှလှပပ ရှိနေတာ အမှန်ပါ။

ဒါကြောင့်လည်း ထမင်းစားခန်းထဲသို့ ဦးဆောင်ဝင်ရောက်လာသော ဒေါက်တာမြင့်ဦးက ထမင်းစားပွဲကြီးကို မြင်ရုံမျှနှင့်ပင် အားရပါးရ စကားဆိုသော်။

''ဟား....ကောင်းတာပဲ၊ ထမင်းစားပွဲကြီးက မြင်ရုံနဲ့တင် သွားရည်ယိုစရာကြီး ဖြစ်နေပါလားဟဲ့၊ မဇွန်တို့ အစွမ်းကုန် လက်စွမ်းပြပြီ ထင်တယ်၊ တို့တော့ စားရချည်သေးရဲ့''

''အခုကတည်းက ကိုယ့်လက်ရာ ကိုယ်မစားရမရှိလေအောင် ကြိုကြိုတင်တင် ဖယ်သင့်တာလေးတွေ ဖယ်ထားကြနော်၊ ဒီအုပ်စု စားပြီးမှ ဆိုရင်တော့ အရိုးအရင်းတောင် ကျန်ဖို့ မလွယ်ဘူး''

ဧ သလိုလို နောက်သလိုလို ဆိုနေ၍သည်း ဒေါက်တာခင်ခင်ကြွေက ကြည့်မရတော့သလို မျက်စောင်းခဲချင်းသာသာနှင့် နာနာနက်သည့် စကားဆိုလာသည်။

''ဟောဒီ ယူတစ်ယောက်ဟာလေ တကယ်ပဲ၊ အစားနဲ့



တွေ့ရင် ဟန်ကို မဆောင်နိုင်ဘူး၊ ငတ်မွန်း လူသိပ်သိတာပဲ သိလား''

''ဟ....ငတ်မွန်းသိချင်လဲ မငတ်အောင် မကြွေက အလိုက်တသိ ချက်ကျွေးပါလားကွ၊ တို့က လူပျိုကြီးပဲဟာ၊ ကိုယ့်ဘာသာကိုယ် ချက်မစားနိုင်တော့လဲ သူများချက်ထားတာပဲ လိုက်ငတ်ရတော့တာပေါ့၊ မကြွေ လာချက်ကျွေးမယ်ဆိုရင်တော့ ငြင်းချက်ပါဘူး''

''ဖောင်မာ ကြည့်စမ်း ရှေ့ချက်မှန်နေနော်၊ ဖောက်ဖောက်မလာနဲ့ သေ့က်ခနကျ ဆေးလေး ဘာလေး ထပ်သောက်ထားဦး၊တို့က ယူ့လို အဖော်မရှိချင်သေးလို့ ဖြစ်နေတဲ့သူ မဟုတ်ဘူး၊ ရှုပ်လွန်းလို့ တမင်အဖော်မရှာတာ သိရဲ့လား၊ သူများကို ချက်ကျွေးဖို့ဆိုတာ ဝေးလို့ ကိုယ့်ဘာသာကိုယ် မီးဖိုထဲ ဝင်ချက်ဖို့တောင် ပျင်းလွန်းလို့ စိတ်ကူးထဲထည့်တာ မဟုတ်ဘူး၊ သူများ ချက်ပြီးသား ထမင်းဟင်းကို အဆင်သင့် ဝင်စားတာသာ ကြည့်တော့''

''ဟာ... ဒါဆိုရင်တော့ မလွယ်ဘူး ထင်တယ်နော်မျိုးရေ၊ မကြွေက အချက်အပြုတ် ဝါသနာမပါဘူးတဲ့၊ ကိုယ်ကလဲ ဆေးရုံတစ်ဖက် ဆေးခန်းတစ်ဖက်နဲ့ ချက်ပြုတ်ကျွေးဖို့ အချိန်ပို မရှိဘူး ဘယ့်နှယ်လုပ်ကြမလဲ၊ တို့နှစ်ယောက် အတူနေရင်တော့ ထမင်းဆိုင်ချည်းပဲ နေ့တိုင်းပြေးရမယ် ထင်တယ်၊ ဟူး....''

ဒေါက်တာ နေမျိုးကို တိုင်တည်သလို မချိမချဉ်

www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်လိုက်ရင်း ဒေါက်တာမြင့်ဦးတစ်ယောက် အစ သန့်ဘ မထိတထိ ဆက်စနေပြန်သဖြင့်....

"ကြည့်ပါလား....ယူနော်၊ ပြောလေ ကဲလေနဲ့အရှက်ကို မရှိဘူး"

ဒေါက်တာ ခင်ခင်ကြွေ တစ်ယောက် မျက်နှာလေး စူပုပ်ပြီး ပေါက်ကွဲလေတော့၏။ ဒေါက်တာ မြင့်ဦးက တော့ ပြောမနာ ဆိုမနာ ငယ်သူငယ်ချင်းများမို့ မကြိုက်မှန်းသိလည်း ဆက်၍ စနေသည်။

"လောကကြီးမှာ မရှက်သုံးပါးရှိတယ်မကြွေရဲ့၊ ဗဟုသုတ ဖြစ်အောင် မှတ်ထားပါလား၊ နံပါတ်တစ်က ကြိုက်မရှက်၊ နံပါတ်နှစ်က ငိုက်မရှက်၊ နံပါတ်သုံးက ငတ်မရှက်တဲ့၊ အဟဲ...ယခုဘူဘာကျကျစကားတွေလေး မှန်လွန်းအားကြီးတော့လဲ"

"ကြည့်ပါလား....ယူနော်"

စကားမဆုံးခင် ဒေါက်တာ ခင်ခင်ကြွေ 'ယူနော်'ဟု မကျေမနပ် ဆောင့်အောင့် အော်ပစ်လိုက်သဖြင့် ဒေါက်တာ မြင့်ဦး စကားအကျ ကနောက်သော မျက်နှာစပ်ဖြဲဖြဲ ဖြစ်လာရပြန်လေသည်။

"အေးပေါ့ဟာ၊ ယူငိုလဲ ယူပါမယ်၊ ငှက်ပျောတုံး မဖက်စေရပါဘူး၊ တို့ကလဲ ဘယ်နေ့လဲ ဒီနေ့ပဲလို့ ပြောတော့ ပလိုပါ....

"အဟင်း.... စေတနာတွေလေ၊ စေတနာ တွေပါ၊ တို့တွေက ငယ်သူငယ်ချင်းတွေပဲ၊ အားနာရမယ့်သူတွေမှ



မဟုတ်တာ မကြွေရယ်၊ ကြိုက်ရင်လဲ ကြိုက်တယ်ပေါ့ဟာ။ အချင်းချင်းပဲ အားမနာပါနဲ့ ဟုတ်လား၊ ကကြယ် ပြောတာ၊ စိတ်ကူးမလွဲနဲ့၊ တို့လဲ အနေနမို့ သာ ဒီစကားမျိုး ပြောနိုင်တာ၊ တို့ကို တင်ဖက်သတ်သို့ ကြိုက်မယ့်ကောင်မလေးမျိုးပေါ်လာရင် မကြွေကို ဒီလို စိတ်ရောကိုယ်ပါ ကူညီနိုင်မှာ မဟုတ်တော့ဘူး၊ အချိန်လေး ရှိတုန်း မြန်မြန် စဉ်းစား၊ နောက်ကျသွားလိမ့်မယ်"

"ဟာ "

ဒေါက်တာမြင့်ဦးက စကားကို သီချင်းဆိုသလို လေယူ လေသိမ်းလေးဖြင့် အစသတ်လိုက်သဖြင့် ခင်ခင်ကြွေ မျက်စောင်းထိုးရင်း အနီးမှ လက်သုတ်ပဝါနှင့် ကောက်ပေါက်လေတော့သည်။

ဒါပေမယ့်လည်း ဒေါက်တာမြင့်ဦးကိုတော့ ပါးစပ်ပိတ်ထားရန် မဟန့်တားနိုင်ခဲ့ပါချေ။

"အဲဒါသာ ကြည့်ကြတော့ကွာ၊ ငါ့များ ဆို အလျော့ပေးမှန်းသိလို့ အခုကတည်းက အနိုင် ယူချင်နေ တာလေ၊ အမေရေ အနှမ့်သားကို လာကြည့်လှည့်ပါဦး အရေ"

ဒေါက်တာမြင့်ဦးက မကြွေ လှမ်းပေါက် လိုက်သော လက်သုတ်ပဝါကို ကမန်းကတန်း ဖမ်းယူလိုက်ရင်း ဇာတ်မင်းသားအား ငိုချင်းချပစ်လိုက်၍ ထမင်းဝိုင်း တစ်ခုလုံး ရယ်မောသံများ ညံနေအောင် ပွဲကျ သွားရလေတော့ သည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်ကြွေလည်း စိတ်မဆိုးသာတော့။ ပြောလည်း မထူးတော့ပြီမို့ ရယ်၍သာ နေရလေတော့၏။

တကယ် အစသန့်လွန်းသော [illegible] ရှိသောမျက်ဝန်း တည်း။

မမမခင်ကတော့ ဘာမှ ဝင်မပြော။ တစ်ချက် တစ်ချက် ရောယောင် ရယ်မောလိုက်သည်မှ အပ အနေကျုံ့စွာ ရပ်နေသော ဇွန်ပွင့်ကိုသာ မကြာခဏ အကဲခတ်သလို လှမ်းလှမ်း ကြည့်နေတတ်လေသည်။

ကိုကို့ကို မသိမသာ လှမ်းကြည့်မိတော့လည်း ကိုကိုက ပြုံးရွှင်သော မျက်နှာထားနှင့် သူငယ်ချင်းများ ပြောသမျှကို နားထောင်လိုက် ငါးထမင်းဆီမွှန်အရသာ ခံစားလိုက်နှင့် ဘာမှ အလိုမကျသည့်ဟန် အပြစ်ရှာခြင်း မရှိ။

"တော်ပါသေးရဲ့၊ အခုအချိန်ထိတော့ အားလုံး ဆင်ပြေနေတယ် ထင်ပါရဲ့၊ စောစောကလို မျက်နှာ ချိုခေါက်မချိုးတော့ဘူး"

အပြန်ရှုပြီး ဘာများဆူပူဦးမလဲဟု ရင်တမမဖြစ်နေရသော ဇွန်ပွင့်ဦးတစ်ယောက် ထမင်းလိုက်ပွဲ ထည့်ပေးရင်း ကျေနပ် နှစ်သိမ့်တွေးလေး တွေး၍မှ မဆုံးသေး။

"မဇွန်...."

"အမေ့၊ အဲ....ရှင့်"

ရုတ်တရက် နံဘေးမှမိမိနာမည် ခေါ်လိုက်သံကြောင့် အလန့်တကြား အမေ့...တမ်ပြီးမှ ကမန်းကတန်း 'ရှင့်'ဟု ပြန်ထူးလိုက်ရသည်။



ခေါ်လာသူက ကိုကိုမဟုတ်။ စောစောလေးကမှ မိတ်ဆက်ပေးထားသော ဗိုလ်သန့်ဇော်ဆိုသည့် လူရွယ် [illegible] ဇွန်ပွင့် ထမင်းတောင်းသည် အာဆင်နှင့် ပြောဘာများ [illegible] ယ်လိုက်တော့ ဗိုလ်သန့်ဇော်က [illegible] လက်ကဟာပြရင်း ရင်းနှီးလိုဟန် စကား စလာလေသည်။

"စားကောင်းကောင်းနဲ့စားတာ ခေါင်းမဖော်နိုင်အောင်ပါပဲဗျာ၊ တကယ့်ကောင်းတဲ့ စပယ်ရှယ်ပထမတန်းစား ငါးထမင်းဆီမွှန်ပါပဲ၊ ဒါနဲ့ စောစောက မဇွန်ကို ကျိုင်းတုံကလို့ အစ်ကိုကြီး ပြောတယ်နော်၊ မဇွန်က ကျိုင်းတုံ ဘယ်အပိုင်းမှာ နေသလဲဟင်၊ စပ်စုတယ်တော့ မထင်ပါနဲ့၊ ကျွန်တော်လဲကျိုင်းတုံသားမို့ စကားစပ်ရင်း မြို့နဲ့ပတ်သက်တဲ့ရှေးဟောင်းနှောင်းဖြစ်လေးတွေ မေးခွင့် ပြောခွင့် ရနိုင်မလားလို့ပါ၊ ကျွန်တော်ခွင့်တစ်ခါပြန်ပြီးကတည်းက ကျိုင်းတုံပြန်မရောက်တာ နှစ်နှစ်လောက်ရှိပြီလေ၊ ဖေဖေတို့ မေမေတို့ကတော့ ကျိုင်းတုံမှာပဲ ရှိနေပါတယ်၊ ဘာရယ်မဟုတ်ပေမယ့်ဗျာ ရပ်ဝေးမှာ တစ်မြို့သားချင်း ခုလို လာဆုံရတော့ သိတာ မသိတာ အပထားပြီး ရင်ထဲမှာ ပျော်သလိုလိုဂုဏ်ယူသလို ပိုပါပဲ"

"ဟုတ်....ဟုတ်ကဲ့၊ ဒါပေမယ့် ဟို...ဟို"

ကိုကို့ကို ပြီးစလွယ် ကျိုင်းတုံကဟု လိမ်ညာထားမိသော ဇွန်ပွင့်ဦးတစ်ယောက်....

ကျိုင်းတုံသားပါဟု ဖွင့်ဟဝန်ခံရင်း စကားလက်ဆုံ

www.burmeseclassic.com

www.burmeseclassic.com



ကျလိုဟန် ဆိုလာသော ဗိုလ်သန်းဇော် စကားဆုံးတော့ စကား ရယ်ချင်းဖေတို့ ဖြန့်နိုင်ဘဲ မူမမှန်သူပီပီ ဘာဟိုဟို နှင့် အသစ်အစ် ဆဲဒေါ်ပေါ်ဖြစ်နေသည်။

တစ်ဆက်တည်းလိုလိုမှာပင် ကိုကို၏ စိုးရွှေသော မျက်ဝန်း အကြည့်များနှင့် ကျန်ရှိသည့်များ၏ မျက်ဝန်းအစုက ပါ ဇွန်ပွင့်ကိုယ်ပေါ် စုပြုံ ကျရောက်လာ၍ ဇွန်ပွင့် ရင်တလှပ်လှပ်ခုန်ကာ ဒူးတွေပါ တုန်ယင် ညွတ်ကျလာသလို ခံစားရသည်။

စိတ်ဆောက်၍ သတင်းနားထားလျှင် ဇွန်ပွင့်ကိုယ်လေး အလဲလဲအပြိုပြို ဖြစ်တော့မည် ထင်ပါ၏။

ဗိုလ်သန်းဇော်ကလည်း ဇွန်ပွင့်နှုတ်မှ ပွင့်ထွက် လာမည့် အဖြေစကားကို ငံ့လင့်နေသလို ပုံစံနှင့်မို့....

"ဟို... ဟိုလေ၊ ဇွန် ကျိုင်းတုံက ဆိုပေမယ့် ဗိုလ်ကြီး ထင်သလို မြို့ပေါ်ကမဟုတ်ပါဘူး၊ ဗိုလ်ကြီး၊ ကျိုင်းတုံ နားက ရွာကပါ၊ ရွာမှ ရွာမှ ရွာမှာကြီး၊ ဘယ်မှလဲ အသွားအလာ အဆက်အဆံ မရှိခဲ့ဖူးလို့ ဗိုလ်ကြီးအဆက် အသွယ် ဖြတ်နေတဲ့ နှစ်နှစ် ကာလအတွင်း ဘာတွေ ပြောင်းလဲနေတယ်ဆိုတဲ့ ကျိုင်းတုံနဲ့ပတ်သက်တဲ့ အာလာ သလ္လာပ သတင်းစကားမျိုး ဇွန် ဘာမှပြောပြနိုင်မှာ မဟုတ်ဘူးထင်ပါတယ်၊ အလုပ်လေးတွေရှိသေးလို့ ဇွန် ကိုင်ခွင့်ပြုပါဦးနော်"

သည်မှာ ဆက်နေလျှင် ဇွန်ပွင့် ချက်နှာ ဟန်မူရာပျက် နေသမျှ ဆက်လက်ထိန်းသိမ်းနိုင်စွမ်းရှိတော့မည်မထင်၍



ဇွန်ပွင့် ဇွတ်ကြီးပဲ စကားဖြတ်ကာ မီးဖိုထဲ ဝင်လာခဲ့မိသည်။

အသိုက်ကမ်းဆို ပသိုကကာင်းလေး၊ စကားလေး ပြောတာများ ပွန်းပဲ ပုံးကို ဘားဟု တစ်မျိုးအမြင်၊ တစ်မျိုးအတွေးဖြင့် အပြစ်တင်ချင်တာည်း တင်ကြပါစေ တော့။

ဇွန်ပွင့်နေရာမှ ဘယ်လိုမှ ရင်ဆိုင်စကားပြောနိုင်စွမ်း မရှိတော့ဘာ အမှန်ပါ။

အထူးသဖြင့် စူးစူးမိုက်မိုက်ကြည့်ကာ အဖြေရှာနေ လေမည်ဖြစ်သော ကိုကို့မျက်ဝန်း အကြည့်များကို ပို၍ ရင်မဆိုင်ချင်သည်မို့လည်း ထမင်းစိုင်းကွင် လိုအပ်သမျှ ဖြည့်ဆည်းပေးရန် ဒေါ်ငြိန်နှင့် လွဲအပ်ပြီး ဇွန်ပွင့် တစ်ယောက်တည်း မေခြာကြီးရှိရာ အပေါ်ထပ်သို့ တက် လာခဲ့မိသည်။

ညှို့သည့်တွေရှေ့မှာ မရှုမလှ အရှက်ဘာကွဲ အဆူခံရ မှာနှင့်စာလျှင် ကွယ်ရာကျမှ အဆူခံရတာက သက်သောင့် သက်သာရှိဦးမည်မို့ ဆူခါမှဆူရော့ အဲသည်ကျမှပဲ ပုံခံ ပစ်လိုက်မည်လေ။ လာသောသာဆယ် နေကာတ်သလို နေ ပစ်လိုက်တာ အကောင်းဆုံးပဲ မဟုတ်လား။

ဖြစ်များဖြစ်နိုင်လျှင်တော့ လူသွားင်းခဲရာ အခုပ် ဒေသတစ်ခု ရှာဖွေပြီး သွားပျောက်နေချင်စိတ်ပင်ပေါ် လာမိပါ၏။

လိမ်ညာသားသမျှ အလိမ်အညာတွေ မပေါ်လင့်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ပေါက်သွားလျှင် ဇွန်ပွင့်အတွက်မလွယ်။ နည်းနည်းလေးမှမလွယ်။

ကိုကိုက ဒေါသတကြီးနှင့် တစ်မျိုးမြင်သွားမှာ သေချာသည်။

"မမမေခင် လာခေါ်တုန်းက ပြန်လိုက်သွားရရင် အကောင်းသား"

သည်အတွေး၊ သည်စိတ်နှင့် သည်နောင်တတွေကလည်း ဇွန်ပွင့်ကို ဒုတိယအကြိမ်မြောက် သည်းထန်စွာ နှိပ်စက်ကြပြန်လေသည်မို့ —

"ဟူး....မလွယ်ပါလား"

ဇွန်ပွင့်သက်ပြင်းရှည်ကြီးသာ စိတ်မော ကိုယ်မောနှင့် အကြိမ်ကြိမ် မှုတ်ထုတ်မိရင်း ခေါင်းကိုအလိုမကျစွာ ခါယမ်းပစ်လိုက်မိလေသည်။

ခုချိန်မှာ မကျေနပ်သမျှကို သက်ပြင်းချရုံမှ တစ်ပါး အခြား ဘာဆိုဘာမှ မတတ်နိုင်တော့ပြီပဲလေ။

အခွင့်ထူးခံကဏ္ဍနှင့် အခွင့်အရေးမှန်သမျှတို့က ဇွန်ပွင့်ဘဝထဲမှာ မာမီနှင့်အတူ ပျက်ပြယ်ပျောက်ဆုံးသွားခဲ့တာကြာခဲ့ပြီပဲ။

အခန်း (၂၃)

အခန်းတံခါးခေါက်ရင်း အသာအယာ တွန်းဖွင့်လိုက်မိတော့ မေမေကြီးဒရင်းဘက်ပေါ်တွင် သက်တောင့်သက်သာ မှီတိုင်ရင်း တရားစာအုပ်တစ်အုပ်ကို စိတ်ပါဝင်စားစွာ ဖတ်ရှုနေချိန်နှင့် သွားတိုး၍ ဇွန်ပွင့် နောက်ကြောင်း ပြန်လှည့်ထွက်ရန် ပြင်လိုက်တော့ မေမေကြီးက ချက်ချင်းလှမ်းခေါ်လေသည်။

"ဟဲ့....သမီးလာလေ၊ အခန်းထဲရောက်ပြီးမှ ဘာဖြစ်လို့ ပြန်ထွက်သွားရတာလဲ၊ သားသြော်သည်တော့ ပြန်သွားပြီထင်တယ် ဟုတ်လား၊ သားကတော့မေ ဆိုင်မှာကျေးရင်လဲ ရသားနဲ့၊ သက်သက်မယ့် ငါ့သမီးလေး အလုပ်ပိုအောင် ချာတိတ်လက်ရာမှ ကျေးချင်သတဲ့၊ ဆိုင်ကထက် ပိုကောင်းသတဲ့လေ၊ အသကား အလုပ်ပိုအောင်ကွယ်"

ထိုးစံအပတိုင်း သားအကြောင်းကို ပြောနေလျှင် ကြည်နူးနေသူပီပီ ရယ်ရယ်မောမော စကားဆိုရင်း ဇွန်ပွင့်ကိုပါ ချီးကျူးလာရှာသက်သလို ဆိုနေ၍ ဇွန်ပွင့် ချိုပြုံး ပြုံးရင်း အလိုက်သင့် ပြန်ပြောလေ၏။

လုပ် မပိုပါဘူး မေမေကြီးရယ် ရပါတယ်။ အလုပ်တွေက ဒီလို လုပ်နေကျ အလုပ်တွေပဲ၊ ထူပြီး မပင်ပန်းပါဘူး၊ အခု ခေါ်လေးစိန် ရွှေသည်တွေ

www.burmeseclassic.com

www.burmeseclassic.com



အနားမှာ လိုအပ်သလို တာဝန်ယူပေးနေလို့ မဇွန် အိမ်ပေါ်တက်လာတာပါ၊ ပေးလေ မမကြီး၊ မဇွန် ဖတ်ပြမယ်''

ပြောရင်းမှ တစ်ဆက်တည်း ဒေါ်ခင်ကြီး လက်ထဲမှ တရားစာအုပ်ကို အလိုက်တသိ လှမ်းယူလိုက်၍ မရှေးမနှောင်းမှာ ဇွန်ပွင့်ဦး၏ တရားစာဖတ်သံလေးက ချိုသာကြည်အေးစွာ ပျံ့လွင့်လာတော့၏။

''အဇ္ဇအာဒိံ ကတွာ၊ အဟံအတ္တာနံ၊ ဗုဒ္ဓဿ နိယျာဒေမိ။ အဇ္ဇအာဒိံ ကတွာ၊ အဟံအတ္တာနံ၊ ဓမ္မဿနိယျာဒေမိ။ အဇ္ဇအာဒိံ ကတွာ၊ အဟံ အတ္တာနံ၊ သံဃဿနိယျာ ဒေမိ''

''ဇီဝိတ ပရိယန္တိကံ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဇီဝိတ ပရိယန္တိကံ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဇီဝိတ ပရိယန္တိကံ၊ သံဃံ သရဏံ ဂစ္ဆာမိ''

''အဇ္ဇအာဒိံ ကတွာ—ယနေ့ကို အစပြု၍၊ အဟံ—အကျွန်ုပ်သည်။ အတ္တာနံ—မိမိကိုယ်ကို၊ ဗုဒ္ဓဿ—မြတ်စွာဘုရားအား၊ နိယျာဒေမိ—အပ်နှင်း လှူဒါန်းပါ၏ အရှင်ဘုရား။

''အဇ္ဇအာဒိံ ကတွာ—ယနေ့ကို အစပြု၍၊ အဟံ—အကျွန်ုပ်သည်၊ အတ္တာနံ—မိမိကိုယ်ကို၊ ဓမ္မဿ—တရားတော်မြတ်အား၊ နိယျာဒေမိ—အပ်နှင်း လှူဒါန်းပါ၏ အရှင်ဘုရား။



''အဇ္ဇအာဒိံ ကတွာ—ယနေ့ကို အစပြု၍၊ အဟံ—အကျွန်ုပ်သည်၊ အတ္တာနံ—မိမိကိုယ်ကို၊ သံဃဿ—သံဃာတော် အရှင်မြတ် အပေါင်းတို့အား၊ နိယျာဒေမိ—အပ်နှင်းပါ၏ အရှင်ဘုရား။

''ဇီဝိတပရိယန္တိကံ၊ အသက်ဆုံးသည့်တိုင်အောင်၊ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ၊ ဆည်းကပ်ကိုးကွယ်ပါ၏ အရှင်ဘုရား။

''ဇီဝိတပရိယန္တိကံ၊ အသက်ဆုံးသည့်တိုင်အောင်၊ ဓမ္မံ၊ တရားတော်မြတ်ကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ၊ ဆည်းကပ်ကိုးကွယ်ပါ၏ အရှင်ဘုရား။

''ဇီဝိတပရိယန္တိကံ၊ အသက်ဆုံးသည့်တိုင်အောင်၊ သံဃံ၊ သံဃာတော်မြတ်အပေါင်းတို့ကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍ ဂစ္ဆာမိ၊ ဆည်းကပ်ကိုးကွယ်ပါ၏ အရှင်ဘုရား။

တစ်သက်ပန် တည်ဆောက်ရန် သရဏဂုံကိုဖတ်ပြအပြီးမှာတော့ မမကြီးက နှစ်ခြိုက်စွာပြုံးရင်း ဇွန်ပွင့်လက်ထဲမှဘုရားရှိခိုးစာအုပ်ကိုလှမ်းယူလိုက်၏။

''ကောင်းလိုက်တာ သမီးရယ်၊ ငါ့သမီးအသံ ချိုချိုအေးအေးနဲ့ တရားစာဖတ်ပြတာ အေးအေးချမ်းချမ်းရှိလိုက်တာ၊ နားထဲမှာ စွဲနေတာပဲ''

''ကဲ....ကဲ ငါ့သမီးလဲ တစ်မနက်ခင်းလုံးတကုပ်ကုပ်နဲ့ အလုပ်ရှုပ်ထားရလို့ ပင်ပန်းနေတာမဟုတ်လား၊ သွားနားချည်တော့လေ၊ မမကြီးလဲ တရားနှလုံး သွင်းလိုက်ဦးမယ်''

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့....ခမမကြီး"

မေမေကြီး စကားဆုံးသည်နှင့် ဇွန်ပွင့်နေရာမှ ထရပ်ကာ အခန်းတံခါးဖွင့်ပြီး အသာ လှည့်ထွက်လာခဲ့မိသည်။

မေမေကြီးက အလိုက်တသိနှင့် ပြုံးလှတ်မှန်း သိပေမယ့်လည်း ခါတိုင်းလို ဟန်ဆောင် ပန်ဆောင်လေးပင် မပြုံးမိ။

ယည်နေ့အဖို့ ဇွန်ပွင့် စိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းနယ်လွန်းလှသည့်အဖြစ်မို့ တကယ့်ကိုပဲ တစ်ဦးတည်း နားနားနေနေ နားခွင့်ရချင်ပါပြီလေ။

ဒါပေမယ့်လည်း....

"ဟင်..."

လှေကားထိပ် အဆောက်မှာပဲ ရင်ထဲမှ ပြင်းပြတုန်လှုပ်စွာ ထွက်ပေါ်လာသော အာမေဋိတ်သံနှင့်အတူ ဇွန်ပွင့်ခြေလှမ်းများ တုံ့ခနဲ ရပ်သွားရ၏။

ဇွန်ပွင့် ရှေ့တည့်တည့် လှေကားထိပ်မှာမျက်နှာထားတင်းတင်းနှင့်ရပ်နေသော ကိုကို ပက်ပင်းရင်ဆိုင် တွေ့လိုက်ရ၍ပါတည်း။

မှန်းချက်နှင့် နှမ်းထွက် ကိုက်မည်မထင်တော့ပေါ့။

ကိုကို့ မျက်ဝန်း များမှာ အလိုမကျရိပ်များ၊ ဒေါသရိပ်များကို အသင်းသား တွေ့နေရသည်ပဲလေ။

ဒါကြောင့်လည်း ကိုကို့မျက်ဝန်းများကို အပြစ်ရှိသူပီပီ ဇွန်ပွင့်နှင့်မဆိုင်ရဲစွာ ခေါင်းငုံ့ချလိုက်မိတော့ ကိုကို့ထံမှ စကားသံ ခပ်ဆတ်ဆတ် ထွက်ပေါ်လာ၏။



"တို့ကို ညွှေသည်တွေနဲ့ ဒီအတိုင်း ပစ်ထားခဲ့ပြီး မင်းက ဘယ်လျောက်သွားနေတာလဲ ချာတိတ်"

"ဟို...ဟို...ဇွန် မေမေကြီးကို ဘုရားစာ လာဖတ်ပြတာပါ ကိုကို၊ မေမေစိန်လဲ အဆင်ယင့် ရှိနေသားပဲ ဟာပြီး..."

"မှတ်စမ်းပါ၊ ဒေါ်စိန် ရှိနေရုံနဲ့တင် အားလုံး ပြီးပြည့်စုံပါ့လားကွ၊ လူမှုရေး နားမလည်မှုပေါ့၊ နောက်ကို တို့ဆင်းလာရင် မင်းကိုယ်တိုင် အနားလာနေပါ"

"ဟုတ်ကဲ့...ဟုတ်ကဲ့ ကိုကို၊ နောက်ကို ဒီလိုမဖြစ်စေရအောင် မဇွန် ဂရုစိုက်ပါ့မယ်"

ကိုကိုက ဇွန်ပွင့် စကားမဆုံးခင် ဒေါသနှင့်အော်လာသည်မို့ ဇွန်ပွင့် ဆို နှင့်စွာ ခေါင်းညိတ်ရင်း မျက်ဝန်းအိမ်မှ မျက်ရည်များ ချက်ချင်းလိမ့်ဆင်း လာရ၏။

ကိုကို့ စကားများသာ ဇွန်ပွင့် ဖရှိုက်ကို ထိသည်ပဲလေ။

ဒါကြောင့်မည့်....

"ကဲ....ကဲ....သွားတော့"

ကိုကို့ထံမှ ခွင့်ပေးသည့် ဆိုလာသော စကားဆုံးသည်နှင့် ဇွန်ပွင့် အခန်းဆီသို့ ခပ်မှသောပါး အပြေးဆင်းလာခဲ့မိသည်။

ခေါင်းအုံးနှင့် မျက်နှာ အပ်ကာ ဝမ်းပန်းတနည်းငိုကြွေးချင်းမှ မဲသီနှင့် ခက်ဒီကို ပည်း မြင်းဆန့်ရ ပတိရမိ ယည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်းမှာပင် ဂြိုဟ်မွှေလေသူ မဉ္စမှာနှင့် ထွန်းကျော်တို့၏ မျက်နှာများကိုပါ ရောယောင် မြင်ယောင်လာရ၍ တောက်တစ်ချက် ပြင်းထန်စွာ ခေါက်ရင်း နှာကြည်းစွာ ငိုမိပြန်လေသည်။

"ငါ့ဘ ဒီနေ့လို ဘွယ်ရာမဲ့ဖြစ်ရတာ သူတို့ကြောင့်ပဲ၊ သခင်းတို့ ဂြိုဟ်မွှေလို့ပဲ"

"ငါ ငါ့ဘလူနဲ့ မေနန်းဆီ ပြန်ပြေးရင် ကောင်းမလား"

ကိုယ်ချမ်းသာနှင့် ပြည့်စုံသော်လည်း စိတ်ချမ်းသာမှု ချို့တဲ့သော မိမိဘဝကို မိမိ အားမရ မှု ကြောင့် လည်း အတွေးတို့က ယောက်ယက်ခတ်နေ၏။

"အို… ပြန်ပြေးတော့ကော ဘာထူးမှာတဲ့လဲ၊ ဘလူနဲ့ မေနန်းလဲ ကွယ်ရာကျတော့ ငါ့ကို မေ့ထားတာပဲ၊ ဘယ်မှာ ဂရုစိုက်လို့လဲ၊ ဂရုစိုက်လို့သာ ဒီအတိုင်း သူများ အိမ်မှာ အကြာကြီး ပစ်ထားတာပေါ့"

ကိုယ့်အတွေးနှင့်ကိုယ် လိုရာဆွဲတွေးပြီး ဇွန်ပွင့် ဝမ်းနည်း ပန်းနည်း ငိုမိပြန်၏။

ဖြစ်နိုင်လျှင်တော့ ဖြစ်ချင်ရာဖြစ် ဆိုပြီး ဘဝ တစ်ခုလုံးကို လေလွင့်ပစ်လိုက်ချင်တာပါလေ။ အဲ့ရဲ မစွန့်ရဲသေး၍သာပါ။

မိဘမဲ့ကလေးများကို စာပြပေးဖို့လျှောက်ထားသော ဆရာမအလုပ်နှင့် ပတ်သက်၍လည်း အခုအချိန်ထိ ဘာ့



အဖြူအမည်း ကွဲကွဲပြားပြား ပြန်စာ မလာသေး၍ ရင်မောရသည်။

ဘယ်တော့များမှ အစဉ်အမြဲ စိတ်မော ကိုယ်မော ဖြစ်နေရသော ဘဝမှ လွတ်မြောက်တော့မည် မသိ။

ကိုကို၏ ဒေါသဖြင့် တင်းမာ ခက်ထန်နေသော မျက်နှာက မျက်ရည်ကြည်များ ပြည့်လျှံနေသော မျက်ဝန်းအိမ်ထဲမှာ စွဲစွဲမြဲမြဲ နေရာယူနေဆဲမို့ ဇွန်ပွင့် မျက်ဝန်းများကို အားလျော့စွာ စုံမှိတ်ပစ်လိုက်မိသည်။

ဪ… သူ့မကြွ ရှေ့မှာ ငါ့ကို ပါဝါတွေ အာဏာတွေ လိုတာထက် ပိုမပြသိုက်ရလို့ ထင်ပါရဲ့။

ဇွန်ပွင့် ကိုကို့ကို မမုန်းစဖူး မုန်းမိပါလေပြီ။

မိမိကို ကြင်နာလေသူဟု ဘိုယခင်က စွဲထင်ခဲ့မိသော ဦးနေမျိုးကို ဇွန်ပွင့် သည်တစ်ခါတော့တကယ်ပဲခါးခါးသီးသီး မုန်းမိပါပြီတည်း။

လွတ်ခနဲ ပြောချင်ရာတွေကို အလောတကြီး ပြောချပစ်လိုက်ပြီးမှ မိမိစကားတွေ လွန်သွားမှန်းသိလိုက်သော နေမျိုး တစ်ယောက်ကတော့ ဇွန်ပွင့် တစ်ယောက်တည်း ကြိတ်မှိတ်ခံပြင်းနေတာ၊ အမုန်းပွားနေတာကို မသိဘဲ တစ်ဦးတည်း စိတ်မကောင်းခြင်းကြီးစွာ နောင်တတဝေဝေ ဖြစ်နေ၏။

မိမိကြောင့် ဇွန်ပွင့်ဦးဆိုတဲ့ ချာတိတ်မလေး ဒုတိယ အကြိမ်မြောက် မျက်ရည်လည်၍ ငိုပွဲဆင်နေတာမျက်ဝါး ထင်ထင် တွေ့လိုက်ရသည်ပဲလေ။

www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်စက်လက်နှင့် အနားမှ ပြေးထွက်သွားလေမ မိမိဒေါသတကြီး ဖြစ်မိတာ မှားသည်ဟု ရှက်ခြည်းသတို ရမိသည် မဟုတ်ပါဘူး။

မိမိကသည်း မိမိဟု ပြောရပေတော့မည်။ နည်းနည်းလေးမှ မကောင်းပါ၊ အခုအလောကျမှ ဘယ်လို ဖြစ်နေသည်မသိ။

အနားမှာ ဇွန်ပွင့်ဦး ရှိမနေလျှင် ဘယ်လိုမှမနေတတ်တော့၊ ဘယ်လိုပုံစံနှင့်ပဲဖြစ်ဖြစ် စားစားသွားသွား၊ နားနေနေ မိမိအနားမှာ ဇွန်ပွင့် ရှိနေလေမှပဲ ရင်ထဲမှာ အေးရ ပြည့်စုံသလိုလို ကျေနပ်သလိုလို ခံစားရသည်။

အခုသည်း အမှန်ကတော့ ဇွန်ပွင့်ကို မိမိ အနားမှာ လာမနေ၍ ထမင်းစားချိန်မှာ ခါတိုင်းလို တယုတယ လာစောင့်နေပေးမရ၍ ရုတ်တရက် ဒေါသထွက်သွားရခြင်းပါတည်း။

အပြစ်ရှာလိုစိတ်ကြောင့် တမင် အပြစ်ရှာဖွေ ကြိမ်းမောင်းခြင်း မဟုတ်ပေပါ။

ကိုယ့်စိတ်ကိုယ် အသိဆုံးပေပဲလေ။

ဇွန်ပွင့်ဦးဆိုတာ နေမျိုးဘဝရဲ့ အရေးပါ အရာရောက်ဆုံး တန်ဖိုး အထားဆုံး မိန်းကလေး တစ်ယောက်ပေပဲ။

ပစ်မလက်ခတ် သဘောထားမျိုး ထားပါ့မလား။



ဒါကို ဇွန်ပွင့်က မသိ၊ အံတကြိတ်ကြိတ်နှင့် နေမျိုးကို ရန်သူတစ်ယောက်လို မှတ်ဆင်သဘောထားသွားဟန်တူသည်။

မိမိ လစ်ပြီးအထင်နှင့် မခွင့်ဆီ ဖုန်းလှမ်းဆက်နေတာလည်း တွေ့ခဲ့၏။

သည်ကောင်မလေး ဘာတွေ ဇွတ်တရွတ် စဉ်းနိုင်ထွင်ပြန်ဦးမည် မသိ။ မေခင် ကောင်းကောင်း နားပြီးပေးရဦးမည်။

တစ်ဆက်တည်းမှာပင် ဟိုတစ်ယောက ဒေါ်စိန်မှ တစ်ဆင့် ထည့်ခိုင်းထားသော ကားဆီးထိန်း ဆရာမ အလုပ်လျှောက်လွှာကို သတိရမိသွားတော့ လျှောက်လွှာလေး ပြန်မဖတ်ရသေး၊ သိပ်သိပ်သည်းသည်း ပြုံးမိလာသည်။

မရွှေချောကတော့ သူ့လျှောက်လွှာ ပယ်ချဆိုးရောက်သွားပြီဆိုတာ သိမည်မဟုတ်။

တစ်နေ့ တစ်နေ့ သွက်သွက်လက်လက်လာ သနှင့် ပတ်သက်ပြီး တစ်ဖက် အလုပ်ရှင်မှ ပြန်ကြည့် လာမည်ဖြစ်သော စာ ရောက်နိုး၊ ရောက်နိုး မျှော်လင့်နေသလိမ့်ဦးမည်။

တကယ်ယမ်းကျတော့ သည်စာကို နေမျိုး ဘယ်နည်းနှင့်မျှ ထည့်ဖို့ စိတ်မကူးမိမို့၊ သည်စာဝေပေး အလုပ်ရှင်ထံ ရောက်နိုင်စရာအကြောင်း လုံးဝ မရှိတော့ပါလေ။ ကျွန် တစ်ချပ်ပြီး၊ တစ်ခု ပြတ်ပြီးသွား ရှင်းလင်းပြီးသား ဖြစ်နေပေပြီ။

* * *

www.burmeseclassic.com



# အခန်း ( ၂၄ )

နဂိုက မမမေခင်ကို ချစ်သူနှင့် လက်ထပ်သွားလျှင် မိမိနေတတ်မှာမဟုတ်။ အရမ်း ဝမ်းနည်းပန်းနည်း ဖြစ်ကျန်ရစ်လိမ့်မည်ဟု ထင်ခဲ့မိသော ဇွန်ပွင့်ဦးတစ်ယောက်—

တကယ်တမ်း မမမေခင်နှင့် ဗိုလ်ကြီးညိုမြင့်ကို ယှဉ်တွဲမြင်လိုက်ရသည့်အခါကျတော့ ထင်သလောက် ရင်ထဲမှာ ဝမ်းနည်းပန်းနည်း မခံစားရတော့။

ဗိုလ်ကြီးညိုမြင့်ကို ကြည့်ရတာလည်း မမမေခင်အပေါ် တကယ် ချစ်ခင်ကြင်နာပုံရသည်မို့ မမမေခင် ကိုယ်စား ကြည်နူးပီတိဖြင့် ကျေနပ်သွားရသည်။

"သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်" ဆိုသည့် စကား အထင်အရှား ရှိနေသည်ပဲလေ။

ချစ်ရသူချင်း ပေါင်းဆုံမှုအတွက် မနာလို မရှုဆိတ် မဖြစ်မိတော့ပါ။ နဂိုက ကိုယ့်အကြောင်းနှင့် ကိုယ်မို့ မမမေခင် မင်္ဂလာပွဲ မတက်ရောက်လိုပါဟု အတန်တန် ငြင်းဆန်ခဲ့မိသမျှ အခုလို မမမေခင် လာခေါ်သည့်အခါကျတော့ ဟန်မဆောင်နိုင်လောက်အောင် ပျော်ပျော်ရွှင်ရွှင် ထလိုက်ခဲ့မှုအတွက် ကိုကိုကတော့ ထအံ့ဩနှင့် နားမလည်ဖြစ်ကျန်ခဲ့ဟန် တူသည်။

ဇွန်ပွင့်ကို အလိုမကျသည့်ဟန်၊ ငေးစိုက်ကြည့်နေသော မျက်ဝန်းလက်လက်များကိုလည်း အခု ရင်ဆိုင်နေရသလို ပြန်မြင်ယောင်၍ ဇွန်ပွင့်မခိုးမခန့် ပြုံးလိုက်မိသည်။

သူမကျေနပ်မှန်း သိတဲ့ကြားက ဇွန်ပွင့်ခုလို ဇွတ်ထွက်လာတော့လည်း ရတာပဲလေ။

မေမေကြီး ကိုယ်တိုင်က ခွင့်ပြုထားတဲ့ကိစ္စမို့ သူဝင်တားပိုင်ခွင့် မရှိပါ။

ဝင်တားရင်ကော အရေးတဲ့လား။ ဇွန်ပွင့်တို့က နည်းနည်းလေးမှ ဂရုမစိုက်။ ဆုံးဖြတ်ပြီးလျှင် နောက်မဆုတ်တမ်း ဇွတ်တိုးတတ်သူမို့ သူခွင့်မပြုလည်း ဇွန်ပွင့် သီတာဂူကို ကျောခိုင်းတော့မှာ အမှန်ပါပဲ။

ဇွန်ပွင့် သီတာဂူမှာ ဘယ်နည်းနှင့်မျှ ဆက်လက်နေနိုင်စွမ်းမရှိတော့ပါပြီ။

ဒါကြောင့်လည်း မေမေကြီး၏ ခေတ္တခွင့်ပြုချက်ကို မလိမ့်တပတ်နှင့် အခွင့်ထူးခံပြီး သီတာဂူမှ အပြီးအပိုင် ထွက်ခွါလာခဲ့ခြင်းပေတည်း။

ဇွန်ပွင့်၏ တိတ်တခိုး အကြံအစည်ကို ရိပ်မိခြင်း မရှိသေးသော မေမေကြီးကတော့ မင်္ဂလာပွဲအပြီး ပြန်လာဖို့ မှာကြားရင်း ရယ်ရယ်မောမောနှင့် လက်ပြကျန်ရစ်လေသည်။

ဇွန်ပွင့် သီတာဂူကို လုံးဝပြန်မလာတော့ပြီဆိုတာ သိများသိလျှင် အခုလို ရယ်ရယ်မောမော ခွင့်ပြုလိုစိတ် ရှိပါ့မလားတောင်မသိ။

ဘာပဲဖြစ်ဖြစ် ဇွန်ပွင့်ဦးကတော့ သီတာဂူမှ အိမ်ဖော် ဆိုသည့် အခေါ်အထားနှင့် အရေခြုံဘဝဟောင်းကို သီတာဂူမှာပဲ ထားရစ်ခဲ့ပါပြီ။ ဘဝမှန်သို့ ပြန်ခဲ့လေပြီတည်း။

www.burmeseclassic.com



ဒါကြောင့်လည်း သက်ရိပ်ငြိမ်သို့ ပြန်ရောက်ပြီး နှစ်ရက်အတွင်း မမမွှေခင်နှင့် ဈေးသို့လိုက်ရန် ပထမဆုံး အကြိမ်အဖြစ် မှန်တင်ခုံရှေ့ခုံ ထိုင်ကာ စိတ်တိုင်းကျ အလှပြင်မိသည်။

အလှပြင်သည် ဆိုပေမယ့်လည်း သိပ်အထွေအထူးကြီး မွမ်းမံခဲ့သည်တော့ မဟုတ်။

မျက်လုံး မျက်ခုံးတွင်နှင့် မျက်ခုံးကို အထူးပြုပြင်ရန် မလိုသည်မို့ မျက်နှာကို ရေမွှေးလွန်မိထိကပ် ပန်းနုရောင် ပါးပါးလေး လူးလိုက်ပြီး နှုတ်ခမ်းကိုသာ လိမ္မော်ရောင် တောက်တောက်လေး ဆိုးလိုက်သည်။

ဆံပင်ကလည်း အလယ်မှခွဲ၍ ဘေးတစ်ဖက်တစ်ချက် ဆီသို့ လှန်တင်လိုက်ပြီး လိမ္မော်ရောင် ကလစ်လေးများနှင့် ညှပ်ထိန်းကာ ကျောလွယ်နောက်ဆိမ့် ထက်ကိုင်ပဝါ လေးဖြင့် ဖြတ်စည်းလိုက်သည်။

လိမ္မော်နုရောင် ပုဆိုးရှည် လက်ပြတ်နှင့် လိမ္မော်ရောင် ပေါ်တွင် ရွှေညိုရင့် ပန်းခက်သေးများ ဖော်ဆိုင်းဖော်ထား သော ဂျပန်ကိမိုနိုကို တွဲဖက်ဝတ်ဆင်ပြီး ရှမ္ပူဝင်းသား လက်ကိုင်အိတ်အဖြူလေး ချိုင်းကြားညှပ်ကာ အပြင် ထွက်လိုက်ချိန်မှာတော့ ဇွန်ပွင့်ဦး၏ အလှက ဘုံကြီးမြတ် သည့် နတ်မိမယ်အသွား မယိုင်ဖိတ်စရော အလှအထွေ စုဝေးနေ ပြီမို့....

"ကြည့်စမ်း ဇွန်ပွင့်ရယ် ဟိုနေ့တုန်းကများ ဒီပုံ လေးအတိုင်းဆိုရင် ဘယ်လောက် ကောင်းလိုက်မလဲ



လှုံ့သိုက်တာ ဖူးနေတာပဲ၊ ခုတော့ ညှော်သည်တွေ ရှ့ကျမှ ပုံပျက်ပန်းပျက်နဲ့ ငါဖြင့် မပြောချင်တော့ဘူး၊ မကြေ စတိုင်တင်းလေ၊ နင့်ကို ဆွဲဆွဲအောင့်ပစ်ချင်လေပဲ သို့ရဲ့ လား....

"သူများတွေများ ကိုယ့်အလှ ကိုယ်ပေါ်လွင်ချင်လွန်း လို့ ရှိစုမဲ့စု အလှလေးကို မလှ လှအောင် ငွေကုန်ခံ ပြုပြင်ရတာ အမေ၊ သူကတော့ မဟုတ်ပါဘူး၊ ရှိပြီး သား အလှကို မပျက် ပျက်အောင် ဖျက်ဆီးနေတယ်"

အနားရောက်လာသော မေခင်က ဇွန်ပွင့် အလှကို ငေးမောရင်း ဟိုနေ့က ကိစ္စအတွက် မကျေနပ်ဖြစ်ရှာ အားမလို အားမရ စကားဆိုနေ၍ ဇွန်ပွင့် နှစ်နှစ် ခြိုက်ခြိုက် ပြုံးလိုက်မိ၏။

"အယင်း....အခု မလှလှအောင် ပြင်လာတယ်လေ မမရဲ့ ဘယ်မှာ အလှဖျက်ထားလို့လဲ"

"ဩော်.... အခုကတော့ ဟုတ်ပါတယ်၊ ငါက ဟိုနေ့က ပုံစံကြီးကို အသည်းယားလို့ ပြောနေတာ"

"ဒါကတော့ မမရာ သီတာဦးနေရတဲ့ ဇွန်ပွင့်အဆင့် က အိမ်ဖော်အဆင့်ပဲ၊ အိမ်ဖော်ပုံစံလောက်ပဲ ပြင်လို့ရ တော့မှာပေါ့၊ လွတ်လွတ်လပ်လပ်နေ အသားချိုးနဲ့ ဆုံရ တာမှ မဟုတ်တာ၊ လူနေမှုအဆင့်အတန်းထဲ ပဲကား ပြော သေးတယ်လေ မမရဲ့ နေရာတကာ စိတ်သွားတိုင်း ကိုယ်ပါလို့ ရတာမဟုတ်ဘူးလေ၊ အခြေအနေ ကြည့်ရ သေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ဒီလိုပုံစံလေးနဲ့ပဲ သီဘာ့ပြန်ခဲ့လား၊ မမ မေမေကြီးကို အခြေအနေ အမှန်အတိုင်း ပြောပြလိုက်မယ်လေ"

သည်လိုကျတော့လည်း မေခင်က အားတက်သရော လေး မေးလာသဖြင့် ဇွန်ပွင့် ကမန်းကတန်း ခေါင်းခါမိသည်။

"ဟာ... မဟုတ်တာ၊ ဒီပုံစံနဲ့တော့ ပြန်သွားလို့ ဘယ်ဖြစ်ပါ့မလဲမမရဲ့၊ ဇွန်ပွင့်လိမ်ပြောထားတာ ညာပြောထားတာတွေ အကုန်လုံး ပေါ်ကုန်မှာပေါ့၊ အဲဒါမှ ကိုကိုက သူမေးတုန်းကတော့ အမှန်အတိုင်း မပြောဘဲ ညာပြောခဲ့မလား၊ အရူးလုပ်ရမလားဆိုပြီး ဇွန်ပွင့်ကို အသေရိုက်ချင် ရိုက်သတ်မှာ"

"အမယ် ကိုကိုလားသတ်ရက်မှာ ဟွန်း... ဝေးသေး၊ အမိလေးမျက်နှာမြင်တာနဲ့တင် အသိနောက်ကျလေခြင်း၊ အတွေ့နောက်ကျလေခြင်းဆိုပြီး ပြေးပွေ့မယ့်သူ သိရဲ့လား၊ ငါ့အစ်ကိုက သဘောကောင်းပါတယ် ဟာ၊ ဒီလောက် ချစ်တတ်တဲ့သူကိုများ"

မမမေခင်က ဇွန်ပွင့်ကိုစ,ရင်းနောက်ရင်းမှ သူ့အစ်ကို အကြောင်းကိုပါ အမွှမ်းတင်ပြောနေ၍ ဇွန်ပွင့်မျက်နှာလေး ပိုမှုန်သွားရလေသည်။

"တော်စမ်းပါ မမရာ၊ ကိုကိုလား သဘောကောင်းတာ၊ ချစ်တတ်တာ ဝေးသေး၊ လူတွေ့ရင် ပြေးပွေ့ဖို့ နေနေသာသာ၊ ဘယ်လို အပြစ်ရှာပြီး ဆူရ ငေါက်ရ



ပါ့မလဲ လောက်သာ စဉ်းစားနေတာများ အလကား လူ့ခွစာ"

"ဟုတ်ပါ့မလားဟယ်၊ ဒီလောက်လှတဲ့ကောင်မလေး ကိုများ၊ ငါ့အစ်ကို ရန်မလိုတတ်ပါဘူးဟဲ့"

"အဲဒါတော့ မမတို့အမျိုးအကြောင်း မမ ပိုသိမှာပေါ့၊ ဇွန်ပွင့်ကတော့ရန်လိုဘာ ကိုယ်တွေ့...ကိုယ်တွေ့"

ဇွန်ပွင့် နှုတ်ခမ်းလေးစူကာ အလိုမကျစွာ အော်ပစ်လိုက်၍ မေခင် ဟက်ဟက်ပက်ပက် ရယ်လေတော့၏။

"အင်း... ဒီလောက် ဒေါသကြီးပုံမျိုးနဲ့တော့ ဇွန်ပွင့် အနားကပ်ပြီး ညည်းစားစကား ပြောဖို့ ကြိုးစားတဲ့သူ လွယ်မှ လွယ်ပါ့မလားပဲ၊ တစ်ခါတည်းနဲ့ ယပ်တင်ပြီး ထွက်ပြေးလိမ့်မယ် ထင်တယ်"

"အဲဒါဆိုလဲ ကောင်းတာပဲ၊ ဇွန်ပွင့်တို့က သူများလို အဖော်မလိုဘူးလေ၊ အပျိုကြီးလုပ်မှာ၊ ကြိုက်မယ့်လူ မရှိလေ သဘောကျလေပဲ"

ဇွန်ပွင့် တမင်စကားကတ်နေမှန်းသိ၍ မေခင်မျက်နှာလေး မချိမချဉ် ပြန်ဖြစ်လာသည်။

"ကြိုက်မယ့်လူ ရှိရင်ကော ဇွန်ပွင့်ရဲ့၊ ဇွန်ပွင့်ကိုမရရင် မဖြစ်တော့ဘူး၊ သေရပါတော့မယ်ဆိုတဲ့လူမျိုး ရှိလာရင် ဘယ့်နှယ် လုပ်ပါ့မလဲ"

"အဲဒီကျတော့လဲ အလွယ်လေးပဲ၊ သေလိုက်လို့ပြော လိုက်မှာပေါ့၊ စိတ်ပျက် လွန်းလို့ ဘယ်ယောကျ်ားမှ စိတ်ကူးထဲ မသည်ဘူး၊ ချစ်လဲ မချစ်တတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ် စဉ်းစားဦးနော်၊ စကားကို အလှယ်အလှယ် မပြောနဲ့ ဆဲဒီလို မချစ်တတ်ဘူး ကြွေးကြော်နေတဲ့ မိန်းမမျိုးတွေမှ အချစ်ကြမ်းတဲ့ လူဆိုးဆိုးတွေနဲ့ ဖူးစာဆုံတတ်တာ သိရဲ့လား...."

"ကျကာယ်ပြောသာ မပြောနဲ့ အရုပ်ဆိုးတဲ့လူဟာ လှတဲ့ မိန်းမကိုမှ ရတတ်တယ်၊ မချစ်တတ်ဘူးဆိုတဲ့သူဟာ အချစ်ကြီးတဲ့သူနဲ့မှ ရတတ်တယ်တဲ့"

"မခနော် မယူပါဘူးဆို၊ ဒေါ်ပွခအောင် မစနဲ့၊ ဈေးမလိုက်တော့တဲ့ နေ့ပစ်လိုက်ရမလား၊ အမျိုးရဲ့ လုပ်မပေးတော့ဘူးနော် ဒါပဲ"

သည်သို့ကျတော့လည်း ဇွန်ပွင့် အနိုင်နှင့်ပိုင်းသည်မို့ မေခင်တယ ရယ်ကျဲကျဲနှင့် အလျှော့ပေးရတော့၏။

"ဟွန်း.... ဒါမျိုးတော့ တတ်တယ်"

အလှပြင်ခြင်း အပြီးသတ်သွားသည်မို့ ကားဆီသို့ ခြေလှမ်းပြင်ချင်း မျက်စောင်းထိုးလိုက်မိတော့ ဇွန်ပွင့်သာ နှစ်နှစ်ခြိုက်ခြိုက် ရယ်လေသည်။

"မမေခင်ရေ.... သနားပါတယ်ဟေ့၊ အမျိုးရဲ့ လုပ်မပေးဘူးလဲ ပြောလိုက်ရော တစ်ခါတည်း ငြိမ်ဝပ်ပြီး သွားတာပဲ၊ ဒါပေမဲ့.... စောစောတုန်းကလို မချစ်တတ်ဘူး ပြောတဲ့ မိန်းမ အချစ်ကြမ်းတဲ့ လူဆိုးဆိုး ရတတ်တယ်လို့ ခြိမ်းခြောက်တော့ဘူးလား မမရဲ့၊ ခြိမ်းခြောက်ဦးလေ ဒါမှ အယ်...."



ကားတံခါးကို ခွဲခွဲလေး မှီရပ်နေသော ဇွန်ပွင့်ဦး မေခင့်ကို ကချော်ကချော် လုပ်ကာ မချိုမချဉ် စ နေလေသော ဇွန်ပွင့်ဦး စကားကို ဆုံးအောင် မပြောနိုင်ခင် 'အယ်' ဟူသော အာမေဍိတ်သံသေးနှင့် အတူ မျက်နှာလေး ဖျတ်ခနဲ လှဲသွား၍ မေခင် နောက်သို့ အလျင်လို လှည့်ကြည့်မိသည်။

"ဟင်"

"ကိုကို"

ဘယ်အချိန်က ရောက်နေမှန်း မသိသော ကိုကို့ကို တွေ့လိုက်ရ၍ မေခင့်တအံ့တသြလေး ဖြစ်သွားရ၏။ ကိုကိုကတော့ မေခင့်ကို အနားမှာ ရှိနေသည်ကိုပင် ဂရုထားမိပုံမရ။

စူးရှတောက်ပသော မျက်ဝန်းများပြင့် ဇွန်ပွင့်ဦး တစ်ဦးတည်းကိုသာ တရှိုက်မက်မက် ငေးစိုက်ကြည့်နေပါ၏။

ပတ်စန်းကျင် တစ်ခုလုံးကိုလည်း အမေ့ကြီးမေ့ခနပုံရပါ၏။

တစ်ဖက်မှာတော့ မီးလျှံထွက်လုမတတ်မျက်ဝန်းများဖြင့် ကိုကို့ကို ခပ်စိမ်းစိမ်း တုံ့ပြန် ကြည့်နေ ပါသော ဇွန်ပွင့်ဦး။

သုံးဦးသား ဘာပြောရမှန်း မ သိ လောက် အောင် ငေးကြောင်သွား၍ တိတ်ဆိတ်ငြိမ်သက်ခြင်းများကြီး စိုးနေဆဲ....

www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံး သတိဝင်လာပုံရသော ဇွန်ပွင့်က စတင်လှုပ်ရှားလာသည်။

ရပ်နေရာမှ ချာခနဲ လှည့်ထွက်ကာ အိပ်ခန်းဆီ ပြေးဝင်သွားခြင်းပါတည်း။

မေခင် ချက်ချင်းလိုက်သွားပေမယ့် အချိန်မမီတော့။ ဇွန်ပွင့်က အခန်းတံခါး ချက်ချထားပြီးလေပြီ။

"ဇွန်ပွင့်....ဇွန်ပွင့်"

"ဘာဖြစ်သွားရတာလဲ ဇွန်ပွင့်ရယ်၊ ဈေးသွားမယ်ဆို၊ မမကို တံခါးခဏဖွင့်ပေးပါဦး"

တံခါးဖွင့်ခိုင်းပေမယ့်လည်း အချည်းနှီး။ အခန်းထဲမှ ဘာမှုခွန်းတုံ့မပြန်ဘဲ ငြိမ်ပြေနေ၍ မေခင် နားမလည်နိုင်ခြင်း ဖြစ်သွားရသည်။

ကိုကို့မျက်နှာ ကြည့်လိုက်တော့လည်း ပြုံးတော့မည့်မိုးလို အုံ့မှိုင်းနေ၍ ဘယ်လိုပြောလိုက်ရမှန်းမသိလောက်အောင် စကားစရှာမရ ဖြစ်နေဆဲ နေမျိုးကမေခင့်အနီးမှ ဆက်တီ ထိုင်ခုံဘွင် စိတ်ပျက်လက်ပျက် ဝင်ထိုင်လာသည်။

ကိုကို့ ပုံစံက စစ်မရောက်ခင် ကတည်းက မြားကျန်နေသည့် ပုံစံမျိုး။ ဟာကာယ် အားလျော့သည့် ပုံစံမျိုးပေါ်တည်း။

"သီတဂူကို ချာတိတ် ဘယ်နေ့မှပြန်လာမယ် ပြောလဲ မေခင်"



မေခင့်ကို ခရောနှသည့် ဖလသံကလည်း အားမလိုအားမရ။ မေခင် ခေါင်းငြိမ်ယမ်းလိုက်မိသည်။

"အဲဒါတော့ မေခင် မသိဘူးကိုကို၊ ခုချိန်ထိတော့ ဘာမှ မပြောသေးဘူး၊ မေမေကြီးဆီမှာ တစ်ပတ်လို့ပြောပြီး ခေါ်လာခဲ့တာပဲ၊ ဘာဖြစ်လို့လဲဟင်၊ အခု သိတဂူမှာ ဘာဖြစ်နေလို့လဲ"

မေခင် နားမလည်နိုင်စွာပြန်မေးမိတော့ ဒေါက်တာနေမျိုးက ဘောင်းဘီအိတ်ကပ်ထဲမှလက်ဝစ်ဝါးလောက်သာ ရှိမည်ဖြစ်သော စာအုပ်အနီ သေးသေးလေးတစ်ခု မေခင့်လက်ထဲထည့်ပေးလာ၏။

"ဖတ်ကြည့်"

စကားသံက တိုတောင်းလွန်းနေ၍လည်း၊ မေခင်သိချင်ဇောကြောင့် အလျင်မလိုစာအုပ်လေးကို ဖွင့်ဖတ်ကြည့်မိသည်။

ပထမဆုံးစာရွက်မှာ တွေ့လိုက်ရသည်က ဇွန်ပွင့်ဦးဆိုသည့်စာတန်းလေးနှင့် ဇွန်ပွင့်ဦး၏ပတ်(စ်)ပို့... ဓာတ်ပုံအသေးစားလေးတစ်ခု။

"ဩ်... ဒါ ဇွန်ပွင့် စာအုပ်လေးပဲ"

အဲဒီမှ နားလည် လိုက်သလိုလို ရှိလာသည်မို့ ကိုကိုထောက်ပြလာသော စာတန်းလေးကို ဆက်ဖတ်မိသည်။

မိန်းမသားမှာသဲ မာနနဲ့ပဲ။

ဘာရယ်မဟုတ်ပေမယ့်ကိုကို့ကို ဇွန်ပွင့်အမုန်းကြီးမုန်းမိပါပြီလေ။

www.burmeseclassic.com



ဇွန်ပွင့်ဘဝရဲ့ခေတ္တနားခိုရာ သီတဂူကို အပြီး
အပိုင် ကျောခိုင်းရတော့မယ်ထင်ပါရဲ့။

ရောက်စက ကြင်နာသလိုလို ရှိသားလို့၊ ထင်
မိခဲ့တဲ့လူရဲ့ ရင်ထဲမှာ ထင်သလို အကြင်နာတွေ
ရှိမနေဘူးနော်။

ရင်ထဲမှာ အားငယ်တာရယ်၊ ဝမ်းနည်းတာ
ရယ်ပဲ ကြီးစိုးနေပါတယ် ကိုကို။

မကြွတဲ့၊ ကိုကို့ဆရာဝန်မလေး လှသားပဲ။
ဇွန်ပွင့် သီတဂူကို နှုတ်ဆက်ခဲ့ပါပြီ။

"တင် ဒါ...ဒါ၊ သူ....ကိုကို့ကိုရည်စူးပြီးရေးသား
ထားတာတွေပဲ၊ ကိုကို ဒီစာအုပ် ဘယ်ကရသလဲ"

မေခင် အံ့သြတကြီး မေးမိတော့ နေမျိုးက ခေါင်း
ငိုက်စိုက်ချရင်းမှ ခပ်တိုးတိုးပဲ ဖြေလေ၏။

"သူ့ခုတင်အောက်က ရခဲ့တာလေ၊ ပစ္စည်းတွေ သိမ်း
ရင်း ကျကျန်ရစ်ခဲ့တာ ဖြစ်မှာပေါ့၊ ကိုကို့ကို မကြေ
တစ်မျိုး ထင်သွားပုံရတယ်"

"အင်းနော်၊ ဟုတ်မယ်၊ ဟုတ်မယ်၊ သူ့စာအုပ်
ကျန်ခဲ့မှန်း သူသိပုံမရသေးဘူး"

အခုမှ အခြေအနေကို ရိပ်မိသဘောပေါက်သလို
သွားရသော မေခင် ခေါင်းတဆတ်ဆတ် ညိတ်မိ၏။

တစ်ဆက်တည်းမှာပင်...

"ကိုကို ချာတိတ်ကို တွေ့ချင်တယ်၊ မေခင်ရှာဖွေ
သွားခေါ်လာပေးပါ"



ကိုကိုက ဇွန်ပွင့်နှင့် တွေ့သိကြောင်း ပြောနေ၍
မေခင် ဇွန်ပွင့်ကို ချော့မော့ခေါ်ရန် နေရာမှထခဲ့သည်။

ဒါပေမယ့်သည်း ထင်သလောက်တော့ မလွယ်ကူပါ
လေ။ စိတ်မထင်လျှင် မထင်သလို အရွဲ့တိုက်ရမှ ကျေနပ်
ထတ်လေသူ ဇွန်ပွင့်ဦးကို ဘယ်လိုမှ အကျိုးအကြောင်း
ရှင်းပြ၍ ချော့မော့၍ ခေါ်လို့မရ။

တံခါးချက်ချသားရင်းမှ လုံးဝ မတွေ့ချင်ဘူးဟုသာ
အော်ဟစ် ငြင်းနေ၍ မေခင်ရော ကိုကိုပါ လက်လျှော့ရ
တော့သည်။

လူကြီးဖြစ်နေ၍သာ လူငယ်ပြဿနာထဲ ဝင်မပါဘဲ
အားရှောင် ပေးနေသော မေမေတို့များလည်း မျက်နှာ
မကောင်း။

အခြေအနေ တင်းမာနေမှုကို အမြန်ဆုံး အဆင်ပြေ
ပြေ ဖြစ်စေချင်နေဟန်တူ၏။

ကိုကိုကတော့ ဆိုဖာပေါ်မှာ ဇက်ချိုးထားသလို
ခေါင်းငိုက်စိုက် ချကာ အငိုင်သား တွေဝေနေလေ
သည်။

မိန်းမသားချင်းမို့ ဇွန်ပွင့် ရင်ထဲက အကြောင်း
တရားတွေကိုလည်း မေခင်နားလည်ရိပ်စားမိသလို၊ ကိုကို့
ရင်ထဲက ဝေဒနာတွေကိုလည်း အတိုင်းသား သိမြင်
နားလည် ခံစားမိပါ၏။

ကိုယ်ချင်းလည်း စာနာ သနားမိပါသည်။ ကိုကို
ချစ်ခဲ့တာ ခုမှ ကုတ်။ ဇွန်ပွင့်ဦးဆိုတဲ့ ချာတိတ်မလေး

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသူဘဝအရွယ်၊ ခပ်ငယ်ငယ် ကတည်းက ပေပေ လေ။

ထိုစဉ်က ဇွန်ပွင့်ဦးကို ချဉ်းကပ်ဖို့ သတ္တိနည်းခဲ့သမျှ ယခုကျမှ ဒုက္ခများချင်တိုင်း များနေရှာသွားပေပဲ။

ဇွန်ပွင့်ကတော့ ကိုကို့ရင်ထဲမှ "အကြောင်းတရား တွေကို သိနားလည်ခွင့် မရသေးသူပီပီ လတ်တလော အခြေအနေပေါ်မှာပဲ အငြိုးတကြီး စိတ်ကွက်သွားပုံ ရ၏။

အခုအချိန်ကျမှ အမှန်အတိုင်း ရှင်းပြပြန်တော့လည်း မရှေချော်က အလွယ်တကူ ခေါင်းညိတ် လက်သင့်ခံမည် မဟုတ်။

စိတ်ပြေအောင်လို့ တမင်သက်သက် လုပ်ကြံချော့မော့ တာဟု ခံယူပေလိမ့်ဦးမည်။

ဒုက္ခဆိုမှ တအယ့်ကို ဒုက္ခပါ။

ဘယ်သော့များမှ သည်နှစ်ဦးကြားမှာ အသီးအဘော မရှိ။ နားလည်ပွင့်လင်းမှု ရရှိကြမှာပ လိမ့်။

လောလောဆယ်တော့ ကိုကို့နည်းတူ မေခင်ပါ ခေါင်းယောင်ရင်း ရင်မောနေရပါလေပြီ။

ဈေးသွားဖို့ အလှပြင်ဆင်ထားသောတွေကလည်း မသွားဖြစ်တော့ပြီမို့ အလကားဖြစ်ကုန်ရ၏။

ညနေစောင်း ကိုကိုပြန်သွားလေမှ မရှေချော်ဇွန်ပွင့်ဘ မျက်နှာ သုန်သုန်မှုန်မှုန်လေးနှင့် အခန်းထံခါး ဖွင့်ပေး လာ၍—



"ဇွန်ပွင့်ရယ်...ဘယ်လို လုပ်လိုက်တာလဲဟယ်၊ ကိုကို အကြာကြီး စောင့်နေ တုန်းကတော့ တံခါးဖွင့်မပေး ဘာမပေးနဲ့၊ ဘာတွေများ ကိုကို့ကို မကျေနပ်တာရှိနေ လို့လဲ၊ မမကိုပွင့်ပွင့်လင်းလင်း ပြောပြပါသား"

စေတနာဝန်သမ်း အကျိုးဆောင်အဖြစ် ကိုကိုသိလို သမျှ သိခွင့်ရနိုင်ရန် ဇွန်ပွင့်ကို ချော့မော့ မေးနေရပြန် သည်။

သည်လိုကျတော့လည်း ဇွန်ပွင့်က မကွယ်မဝှက်ပါ။ သူမကျေနပ်သမျှကို ကလေးတစ်ယောက်လို ဖြစ်ကြောင်း ကုန်စင် ပြန်ပြောပြနေ၍ မေခင် နားစိုက်ထောင်ရင်း ဇွန်ပွင့်ဖီးလ်ဆိုကို ပို၍ နားလည်သည်ထက် နားလည် သွား ရသည်။

တစ်ဦးကိုတစ်ဦး နားလည်မှု လွဲမှား သွားရခြင်း ပေပဲလေ၊ ဒါပေမယ့်သည်း ခုနေ သွေးပူချိန်မျိုးမှာ ဖျောင်းဖျောင်းဖျဖျ သွားပြောလျှင် ကိုကို့ဘက်တော် သား လုပ်သည်ဟု စွပ်စွဲဦးမှာ စိုးရ၍ မေခင် ခေါင်းတ ဆတ်ဆတ်ညိတ်ပြီး အသာပဲ ငြိမ်နားထောင် နေလိုက်ရ သည်။

စဉ်းစား ချင့်ချိန် နိုင်ချိန်မျိုး၌ ရှင်းပြခြင်းသာ အကောင်းဆုံးသော ဖြေရှင်းနည်းတစ်ရပ် မဟုတ်ပါ လား။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

''မဇွန် အဒေါ်ရှိရာ တောသို့ ပြန်မည်ဖြစ်ပါ၍ သီတဂူသို့ မဇွန်ပြန်မလာတော့တာ ခွင့်လွှတ်ပါ၊ မေမေကြီးကို ကန်တော့ခဲ့ပါသည်တဲ့''

''ဟင်... ဒါကဘာလဲ၊ ဘာတွေဖြစ်ကုန်တာလဲသားရဲ၊ မေမေ ဘာမှ နားမလည်ပါလား''

နေမျိုး ယူလာပေးသောစာကိုဖတ်ရင်း ဒေါ်ခင်ကြီး နားမလည်နိုင်ဖြစ်နေ၍ တအံ့တသြမေးတော့ နေမျိုးက မိခင်ကိုမော့မကြည့်ဘဲ ခေါင်းငိုက်စိုက်ချထားရင်းမှ စိတ်ထိခိုက်စွာ ဖြေလေသည်။

''အဟင်း....ဘာဖြစ်ရမှာလဲ၊ မေမေ့သမီး အလိမ္မာက သီတဂူကိုကျောခိုင်းလိုက်ပြီ၊ ဘယ်တော့မှပြန်မလာတော့ဘူးလို့ အတိအလင်း ကြေညာလိုက်တာလေ''

''မေခင့်ကိုလဲ ကျွန်တော်က မေးရင် မဇွန်နဲ့ ဇွန်ပွင့်ဦး ဆိုတာ တစ်ဦးတစ်ယောက်စီဆိုတဲ့ အနေမျိုးနဲ့ပဲ သိပါစေလို့ပြောတယ်တဲ့၊ သဘောကတော့ ဒီမှာနေသွားဖူးတဲ့ မဇွန်ဆိုတဲ့ ကောင်မလေးက သတ်သတ်၊ မေခင့်ဆီမှာ နေတဲ့ ဇွန်ပွင့်ဦးဆိုတာက သတ်သတ်၊ တခြားစီ၊ ဘာမှ မဆိုင်ဘူးလို့ ဆိုချင်တာနေမှာပေါ့၊ ခက်တယ်ဗျာ၊ တကယ် ပြောရခက်တဲ့ ချာတိတ်ပဲ''



နေမျိုး ပြောရင်းမှ ဒေါသတကြီး ဖြစ်သွားရ၍ ဒေါ်ခင်ကြီး ထပ်မံမစပ်စုတော့။

သားစိတ်ခိုက်နေပြီမှန်းသိ၍ သူပါ ရောယောင် ငြိမ်တွေသွားရလေသည်။

တကယ်တော့ သည် ဇွန်ပွင့်ဆိုသည့် မိန်းကလေးကို နေမျိုးချစ်ခဲ့တာ အခုမှမဟုတ်ပါ။

ချာတိတ် ကျောင်းသူဘဝ နေမျိုးမန္တလေးမှာတာဝန်ကျကတည်းက မဟုတ်ပါလား။

ဇွန်ပွင့်ဦးမသိလို့သာပါလေ။ သည်သီတဂူနဲ့ကျောက်မဲ သီတဂူ ဟိုးယခင်ကတည်းက အဆက်အသွယ် အစဉ်အလာရှိခဲ့ဖူးပါ၏၊

ခုမှ ခင်မင်ဆက်ဆံရသူတွေမဟုတ်ပါ။

ဒေါ်ခင်ကြီးနှင့် ဒေါ်စောခင်သွဲ့ဆိုတာက ငယ်စဉ်ကျောင်းသူဘဝကတည်းက တစ်ဦးကိုတစ်ဦး အချင်ကြီးချစ်ခဲ့၊ သံယောဇဉ်ကြီးခဲ့ကြသူတွေ၊ အိမ်ထောင်အသီးသီးကျသည့်တိုင်၊ သွားလာဝင်ထွက်၊ ချစ်ခင်မပျက်ရှိခဲ့ကြသော အချစ်ဆုံး သူငယ်ချင်းတွေပေပဲလေ။

သီတဂူဆိုသောခြံနာမည်ကို ထပ်တူသင်မျှ ဆင်တူမှည့်ခေါ်ထားခြင်းကပင် ချစ်ကြည်ရင်းနှီးမှု အတိုင်းအတာ အတိမ်အနက်ကို ပေါ်လွင်စေပြီး ဖြစ်နေသည်ပဲ။

ဇွန်ပွင့် မအမိဖြစ်သူ အန်တီစောဆိုလျှင်လည်းနေမျိုးကို 'သားသား' နှင့် ပါးစပ်ဖျားက မချလောက်အောင် ချစ်ခင်ခဲ့သူပါ။

www.burmeseclassic.com



နဂိုကတည်းက မေမေ့စိတ်တိုင်းကျ၊ သားပေးသမီးယူ ကိစ္စကို ငြင်းဆန်လို၍ ခေါင်းညိတ် ခဲ့ရသော နေမျိုး တစ်ယောက်။

တကယ်ဝင်းကျတော့ ဇွန်ပွင့်ဆိုသည့် ချာတိတ်မလေး ကို ငယ်စဉ်ကသာ တရင်းတနှီး ဆုံဖူးသော်လည်း အရွယ် ရောက်မှ တစ်ခါမှမဆုံဖူးသေး၍ ရင်ထဲမှာ အချစ်နှင့် ပတ် သက်ပြီး စိတ်လှုပ်ရှားခြင်း၊ အလေးအနက် ထားခြင်း လည်းမရှိခဲ့ဖူးပါ။

ဒါပေမယ့် လည်းတိုက်ဆိုင်ချင်တော့၊ နေမျိုးဆရာဝန် ဖြစ်ပြီး မန္တလေးဆေးရုံ ပြောင်းရွှေ့ အမှုထမ်းရခြင်းက ဇွန်ပွင့်ဦးနှင့်ဆုံဖို့ ဖန်တီးပေးလိုက်သလို ဖြစ်လာသည်။

မှတ်မှတ်ရရ စသင် ဆုံစည်းခဲ့ရသည့် ထို တစ်နေ့ကို နေမျိုး ဘယ်တော့မှ မမေ့အံ့မထင်။

"သားရေ...ကိုမျိုး၊ အားရင် အန်တီ့ကို ... အဆောင်လိုက်ပို့ပေးစမ်းကွယ်၊ အန်တီသမီးလေးဆီ မုန့် ပစ္စည်းတွေ သွားပေးချင်လို့"

ရုတ်တရက် ဖြန်းစားကြီး ကျောက်မဲမှ ရောက်လာ သော ဇွန်ပွင့် မာမီ ... စကားကြောင့် နေမျိုး မငြင်းသာဘဲ လိုက်ပို့ပေးရသော်လည်း ဇွန်ပွင့်နှင့်မတွေ့ ... သေးခင်အချိန်အထိတော့ နေမျိုးရင်ကတည်တည်ငြိမ်ငြိမ် ပါပဲ။

"ဟာ... မာမီ...မာမီလာတယ်၊ ကြည့်စမ်း မျှော် လိုက်ကာ"



"မခိုင်ရေ...မာမီလာတယ်ဟေ့၊ ငါ အိပ်မက်မက်တာ မှန်ခနဲပြ၊ ညတုန်းက အိပ်မက်ထဲမှာ မာမီက ထမင်းလာ ခွံ့နေတယ်လို့ ပြောတာလေ၊ အခု မာမီရောက်လာပြီ၊ မှန်တယ်နော်၊ ငါ မြို့ထဲသွားလိုက်တော့ဘူး၊ မာမီနဲ့ပဲ နေခဲ့ တော့မယ်"

အဖော်ဖြစ်သူ သူငယ်ချင်းကို လှမ်းအော်ရင်း မိခင် ဖြစ်သူကို ခရီးရောက်မဆိုက် ပြေးဖက်နမ်းကာ ကြိုဆို လာသော ကောင်မလေးကိုလှမ်းကြည့်မိလေမှ ရင်ထဲမှာ ရင်ခုန်သံတွေ အတိုင်းအဆမရှိ၊ မြန်ဆန်လာသလို ခံစား ရသည်။

စိတ်ကူးထဲမှာ ဘယ်တုန်းကမှ ပုံဖော်၍ မကြည့်ခဲ့ဖူး သော ဇွန်ပွင့်ဦး ဆိုသည့် ချာတိတ်မလေး၏ အလှကို ... ဆင်ထင် တွေ့လိုက်ရ၍လည်း တအံ့တသြ ဖြစ် ... ရသည်။

ဒူးနားအထိဝဲနေသော ဆံပင်ရှည်ကြီးများ၊ ဖြူဝင်း စိုပြည်သော အသား၊ ဖောင်းမို့ဒသော မျက်ခွံအောက်မှ မျက်ဝန်းနက်တစ်စုံနှင့် မျက်တောင်ကောကြီးများ။

ပန်းသွေးသနေသည့် ပါးမို့မို့လေးများနှင့်လင်ရှား သော နှာတံ၊ သေသပ်လှပသည့် နှင်းဆီဖူးနှုတ်ခမ်းလေး များ။

အထူးသဖြင့် တွေ့ရခဲသော မဟာဆန်သည့် နဖူးပြင် ထက်မှ ဆံယဉ်နုနုလေးများနှင့် ဆံတိုခွန်ချွန်ချွန်လေး။

အားလုံး အားလုံးပါပဲ။ စွဲမက်ဖွယ်အလှက ဘယ်သူ

www.burmeseclassic.com

www.burmeseclassic.com



နှင့်မှ မတူသည်မို့ တစ်ခါမြင်ဖူးရုံမျှနှင့်ပင် နေမျိုးရင်ထဲ စွဲနစ်သွားရ၏။

"ချာတိတ် အရမ်းလှပါလား"

ပျော်ရွှင် ကျေနပ်စိတ်ဖြင့် တစ်ကိုယ်တည်းမှတ်ချက်ချ ခဲ့မိဆဲ။

"သမီးငယ်....ဒါ ဘယ်သူလဲ ကြည့်စမ်း၊ ရန်ကုန်အိမ်က မေမေကြီးရဲ့သား၊ ကိုကိုမျိုးကို သမီးမှတ်မိလား"

အန်တီစော၏ အသံကြောင့် မခအာကိုဖက်ပြီး ချွဲနေသော ဇွန်ပွင့်ဦး၏မျက်ဝန်းအကြည့်ခလေးများ နေမျိုးထံ ခဝ့်ဝဲ ရောက်ရှိလာသည်။

ဒါပေမယ့်လည်း ခဏဆိုမှ ခဏလေးပါ။

မှတ်မိဟန် မတူသော်လည်း မိခင်ရှေ့မို့လားမသိ၊ ပြုံးသည်ဆိုရုံမျှပြုံး၍ ခေါင်းဆတ်ပြပြီး ချက်ချင်းပဲ မျက်ဝန်းများ ပြန်လွှဲသွား၏။

မိခင်ဖြစ်သူနှင့် စကားဝဝမပြောလိုက်ရမှာ စိုးရိမ်နေ သလား မခပြောတတ်ပါ။

ကလေးတစ်ယောက်လို မိခင်ကိုမလွှတ်တမ်းဖက်တွယ် ရင်း သူခပြောချင်သည့် စကားတွေကိုသာ မနားတမ်း တီတီတာတာ တွတ်ထိုးလေတော့သည်။

ချွဲလိုက်၊ နွဲ့လိုက်၊ ခေါင်းလေး ငဲ့ကာ စောင်းကာ ရယ်မောလိုက်နှင့် သူလိုချင်သမျှ ပူဆာနေသော ဇွန်ပွင့်ဦး ပုံစံခလေးက တကယ့်ကိုအပြစ်ကင်းစင်သော ကလေးငယ် တစ်ဦးကဲ့သို့ပါ။



ချစ်စရာကောင်းလွန်းလှ၏။ တက္ကသိုလ် ကျောင်းသူ ဆိုပေမယ့် ဟိတ်ဟန်နည်းနည်းလေးမှမရှိ။ ဟန်ကြီး ပန် ကြီး မလုပ်တတ်သေး။

အန်တီစော ကိုယ်တိုင်ကလည်း သမီးဖြစ်သူ၏ အနမ်း နှင့် အချွဲအနွဲ့များကြောင့် နေမျိုးကိုပင် မေ့လျော့သွား သည်လားမသိ၊ တပြုံးပြုံးပဲ ရှိနေလေသည်။

နေမျိုးမှသာ တစ်ခဏဆိုမှ ခဏခလေးမြင်ရရုံနှင့်ပင် ရင်မှာအချစ်ဆိပ်တက်ခဲ့ရ၏။

ဒါပေမယ့်လည်း ဇွန်ပွင့်ဦးကို ချဉ်းကပ် ရခြင်းက ထင်သလောက်မလွယ်။

ကလေးစိတ် မကုန်သေးသူမို့ နေမျိုးကို ဘာသိ ဘာသာပဲ သဘောထားဟန်တူသည်။ သိပ်ခင်ခင်မင်မင် လှိုက်လှိုက်လှဲလှဲကြီး မရှိလှ။

မရွှေချောလေးသိတာက သူ့မိခင်ကို ချွဲမည်၊ နွဲ့မည် ရေပက်မဝင်အောင် ရွှန်းရွှန်းဝေ စကားဆိုမည်။ ဒါ ပါပဲ။

နှလုံးရောဂါသည်မို့ ကိုယ်တိုင် ကားမောင်းလေ့ မရှိသော အန်တီခစောကို မကြာခဏ လိုက်ပို့ရင်း နေမျိုး ကိုယ်တိုင် ဇွန်ပွင့်တို့ အဆောင်သို့ သုံးလေးခါလောက် ရောက်ခဲ့ရသော်လည်း နေမျိုးကိုယ်တိုင်က ရင်ထဲမှ နှစ် နှစ်ကာကာ ချစ်မိသော်လည်း နှုတ်နည်းမှု၊ အေးအေး ဆေးဆေး နေတတ်ခဲ့မှုကြောင့် တရင်းတနှီး သိပ်မရှိလှ။

ပယ်ပယ်တုန်းကလို ခင်ခင်မင်မင်မရှိတော့ဘဲ ချာတိတ်က ခပ်ခိမ်းခိမ်းနေလာမှုကြောင့်လည်း ပါလိမ့်မည် ထင်သည်။

မေမေကိုယ်တိုင်က ဇွန်ပွင့်ကျောင်းပြီးလျှင် လက်ထပ်ပေးဖို့ အန်တီခေစောနှင့် တိုင်ပင်သဘောတူထားပြီးသားဟု အတိအလင်း ဖွင့်ဟပြောသော်လည်း ဇွန်ပွင့် စိတ်အနှောင့်အယှက်ဖြစ်အောင် ချစ်ရေးမဆိုမိတော့။

အချစ်ကို ရင်ထဲမှာပဲ သိမ်းဆည်းထားခဲ့ရင်း၊ သည်ကြားထဲ မန္တလေးမှာ တစ်နှစ်သာနေပြီး နေမျိုးရန်ကုန်ပြောင်းလာခဲ့ရတော့ ဇွန်ပွင့်ဦးဆိုသည့် ချာတိတ်မလေးနှင့် ပိုဝေးသလို ဖြစ်သွားရ၏။

မေမေနှင့် အန်တီခေစောကတော့ စာအဆက်အသွယ် မပြတ်ခဲ့ကြ။ ဇွန်ပွင့်ဦး တက္ကသိုလ် နောက်ဆုံးနှစ်ဝက်လောက်တွင်တော့ အန်တီစော နေမျိုးတို့ဆီသို့ ဖြန်းစားကြီး ရောက်ရှိလာသည်။

ကျန်းမာရေး အခြေအနေက လုံးဝအားရစရာမရှိ။ လူတစ်ကိုယ်လုံး ဖြူဖျော့ပိန်လှီနေပြီး ဆေးရုံမတက်ချင်ဟု အတန်တန်ငြင်းဆန်နေ၍ နေမျိုးတို့အိမ်မှာပဲ နေစေပြီး၊ ကြပ်မတ်ကုသပေးရသည်။

ဒါပေမယ့် ခက်တာက ကျန်းမာရေး။

အန်တီစော၏ ကျန်းမာရေး အခြေအနေက နေမျိုးဘယ်လိုပဲ ကြိုးစား၊ ကြိုးစား တိုးတက်ကောင်းမွန်လာခြင်း မရှိ။



အထူးကု ဆရာဝန်ကြီးများ ကိုယ်တိုင်က လူနာစိတ်ချမ်းသာသလို သဘောကျသလို နေပါစေတော့ဟု ခွင့်ပေးလာသဖြင့် နေမျိုး မျက်လုံး ပြူးရတော့သည်။

ယခင်က ပြည့်ပြည့်ဖြိုးဖြိုးနှင့် ချစ်စဖွယ် ခန့်ခန့်ညည် တည်ရှိခဲ့သလောက် ယခုပိန်လှီဖျော့တော့ လှန်းမနေသော ရုပ်သွင်သဏ္ဌာန်အတွက်လည်း၊ သနားစိတ်ဖြင့် ယူကျုံးမရဖြစ်၍မဆုံး။

အထူးသဖြင့် ဇွန်ပွင့်ဦး။

သူ့အမေကို သိပ်ချစ်ပုံရသည်မို့ အန်တီခေစောဆုံးပါးသွားလျှင် သည်ချာတိတ်မလေး ရင်ကွဲပက်လက် ဖြစ်တော့မည့်အရေးကို ကြိုတင် မြင်ယောင်ရင်း ထိုစဉ်ကတည်းက ဇွန်ပွင့်ဦးအပေါ် အသနားပိုခဲ့ရသည်။

အန်တီခေစောကတော့ လုံးဝမူပျက်ပါးလ၊ သူ့ဘဝ နေဝင်ချိန်ကို ကြိုတင်သိထားဟန် တူပါ၏။

တစ်ညနေတွင် နေမျိုးနှင့် မေမေ့ကိုခေါ်၍ သူပြောချင်သမျှ မနားတမ်း ပြောချလေတော့သည်။

ဘယ်လိုမှ ယုံချင်စရာမကောင်းသော၊ မျှော်လင့်မထားသော အိမ်တွင်းရေး အကြောင်းအရာများ ဖြစ်သဖြင့် မေမေကိုယ်တိုင်ပင် ပါးစပ်အဟောင်းသားနှင့် အံ့ဩ၍ မဆုံး။

နေမျိုးလည်း၊ အန်တီခေစောပြောသမျှကိုသာ နားထောင်ရင်း အန်တီခေစော၏ မှိုင်းညို့နေသော မျက်ဝန်းလေးကို ငေးကြည့်မိသည်။

www.burmeseclassic.com



မျက်နှာဝိုင်းဝိုင်း အသားဖြူဖြူနှင့် ဒေါ်စောခင်သွဲ့၏ ရုပ်ရည်က ရုတ်တရက်ကြည့်လျှင် ဇွန်ပွင့်ဦးနှင့် ဆင်သယောင်ရှိသော်လည်း သေချာကြည့်တော့ သိပ်ပြီး မတူလှ။

သူ့နည်း သူ့ဟန်နှင့် တစ်မျိုးချောသူ ဖြစ်၏။

ဇွန်ပွင့်ဦးကို ငယ်စဉ်ကတည်းက မန္တလေး၌ ကျောင်းအိပ် ကျောင်းစား ဘော်ဒါအားသဖြင့် ကျောင်းပိတ်ရက်များတွင်သာ အိမ်ပြန်နေခွင့်ရသူပီပီ ဇွန်ပွင့်ဦး ခမျာ အိမ်တွင်းရေး အခြေအနေကို အမှန်အတိုင်း သိခွင့်မရ။

မသိအောင်လည်း မိသားစု အတွင်းရေး မှန်သမျှ တမင်ဖုံးဖိထားပါသည်ဟု ဆိုလာသဖြင့် မေမေက အလိုမကျသလို ခေါင်းခါယမ်း၏။

"အဲဒါ...စော မှားတာပေါ့၊ စောရယ်၊ ဒီသမီးလေးတစ်ယောက်တည်း ရှိတာပဲ ဥစ္စာ၊ အရွယ်ရောက်နေပြီဖြစ်တဲ့ သမီးကိုမှ အသိပေးပြီး မတိုင်ပင်ရင် ဘယ်သူ့ သွားတိုင်ပင်ရမလဲ"

အားမလို အားမရ စကားဆိုလိုက်၍လည်း အန်တီစောက ခေါင်းယမ်းရင်း ယဲ့ယဲ့ပြုံး၏။

"မဖြစ်လို့ ဖုံးဖိထားရတာပေါ့ မမကြီးရယ်၊ သမီးကို အသိမပေးရဲလို့ပေါ့၊ သူ့အဖေ ဖောက်ပြန်နေတာတွေ သိသွားရင် သမီးပုန်းဒိုင်းကြဲတော့မှာ မမကြီးရဲ့၊ စိတ်က သ[illegible] [illegible]နဲ့၊ သူ့အဖေကိုအရွဲ့တိုက်ချင်တာနဲ့ကျောင်းလဲပြီး အောင်[illegible]ကက်တက်ချင်မှ တက်မှာ စောအနေနဲ့ဘာ



မထူးတော့ပေမယ့် သမီးလေးကိုတော့ ပညာတစ်ပိုင်း တစ်စအဖြစ် မခံနိုင်ဘူးလေ....

"ဒါကြောင့်ပဲ ဒီအကြောင်းတွေ သိသိကြီးနဲ့ မသိသလို လျစ်လျူရှုဟန်ဆောင်နေခဲ့တာပေါ့၊ စောဘဝရဲ့ အသည်းဟာ သမီး၊ စောဘဝရဲ့ အသက်ဟာ သမီးလေးပါပဲ မမကြီး၊ စောကြောင့် သမီးလေး စိတ်မဆင်းရဲစေချင်ဘူး၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ပဲ ပညာ ဆက်လက်သင်စေချင်တယ်၊ ဘာပဲ ဖြစ်ဖြစ် မွေးသဖခင်ဟာ ဖခင်ပဲမို့ သူ့အဖေအပေါ်လဲ အကြည်အညို မပျက်စေချင်ဘူး၊ ရှဉ့်လဲ လျှောက်သာ ပျားလဲစွဲသာ ဖြစ်စေချင်လို့ စောရင်ထဲမှာ ကြိတ်မှိတ် မျိုသိပ် နေရတာပါ"

သည်လိုကျတော့လည်း ဒေါ်စောခင်သွဲ့၏ သူ့သမီးအပေါ်ထားသော မေတ္တာ စေတနာနှင့် ခင်ပွန်းသည်အပေါ်ခွင့်လွှတ်နိုင်မှုတို့အတွက် နေမျိုးရော၊ မိခင်ကြီးပါ တအံ့တသြအထင်ကြီးလေးစား၍ လက်ဖျား ခါရတော့သည်။

အရာရာကို သေချာစေ့စေ့နှင့် စဉ်းစားချင့်ချိန် ဆုံးဖြတ်နိုင်သော မိခင်ကောင်းတစ်ဦးပါတည်း။

ဇွန်ပွင့် တက္ကသိုလ် တတိယနှစ်လောက်မှစ၍ ကျန်းမာရေးချို့တဲ့ပြုလာသော ဒေါ်ဆင်စောသွဲ့ တစ်ယောက် သာလည်းကျောင်းပိတ်ရက်ပြန်လာသောတို့[illegible] အနားမှ တစ်ဖဝါးမခွာတမ်း ဂရုတစိုက် ပြုစုတတ်[illegible]သာသမီးငယ်

www.burmeseclassic.com

www.burmeseclassic.com



လေးကြောင့် မှုပျက်လေအောင် ဟန်ဆောင်ရတာ မသက်သာပေ။

သမီးငယ်ရှေ့မှာ အတတ်နိုင်ဆုံး ဟန်လုပ်ရှက်ရှင်ပျူပျူ ရှိခဲ့သလောက် သမီးငယ်လေး ကျောင်းပြန်သွားလေမှ အိပ်ရာထဲမှာ လူးလိမ့်ငိုရှိုက်ရင်း ဝုန်းဒိုင်းလဲခဲ့ရမြဲ။

(ဒါကလည်း ကျန်းမာရေး ချို့တဲ့သူ ဝေဒနာသည်ကို စိတ်ကုန်လာအောင် ခင်ပွန်းသည် ဦးကျော်ဦးက၊ သမီးထက် ခြောက်နှစ်ခန့်သာကြီးသော ဥမ္မာဆိုသည့် မိန်းကလေးကို အိမ်သစ်ဆောင် မီးတစ်ပြောင်နှင့် ကောက်ယူလိုက်သောကြောင့်ပါ။)

စိတ်လှုပ်ရှားမှုဒဏ်၊ စိတ်ထိခိုက်မှုဒဏ် မခံနိုင်သော နှလုံးရောဂါသည်ပီပီ ဒေါ်ခင်ဖေသွဲ့တစ်ယောက် စိတ်ထောင်းတော့ ကိုယ်ကြေလေပြီ။

မိမိ ရုတ်တရက်သေသွားလျှင် ဥဘစ်လုံး တစ်ကောင်ကြွက်တစ်ဝဖြင့် တစ်ဦးတည်း ယောင်ချာချာ ကျန်ရစ်မည့်သမီးငယ်၏ရှေ့ရေးကိုလည်း ပူပန်စွာ တွေးတောနေပြီ။

ဒါ့ကြောင့်လည်း ကြံရာမရသည့်အဆုံး သမီးငယ်ရှေ့ရေးကို ကြိုတင်စီမံနိုင်ရန် အားကိုးအားထားပြုရသော မိတ်ဆွေရင်းချာရှိရာ ရန်ကုန်သို့ ဆင်းလာခဲ့ခြင်းပါတည်း။

ထိုအစီအစဉ်အတိုင်း ခင်ပွန်းသည် ဦးကျော်ဦးကတော့ ရန်ကုန်မှာ ရက်ရှည်နေရမည့်အရေးမို့ အလုပ်အကြောင်းပြပြီး လိုက်မလာခဲ့။



လက်ရှိအိမ်၊ ခြံ၊ ကားနှင့်လုပ်ငန်းအဝဝကို တစ်ဦးတည်းသော သမီးငယ် ဇွန်ပွင့်ဦးအမည်ဖြင့် စာချုပ်မည့် နေ့အမီ ရောက်လာ၏။ ဒါကလည်း မလာလျှင်မဖြစ်သည့် ကိစ္စမို့လား မသိပါ။ နည်းလမ်းအားလုံး တစ်ဦးတည်းသော သမီးငယ်၏ နာမည်ဖြင့် လွှဲအပ်သည့် စာချုပ်ချုပ်ဆိုပြီး အုပ်ထိန်းသူအဖြစ် ဦးဖေသက်က တာဝန်ယူပေးရန် ဒေါ်ခင်ဖေသွဲ့၏ တောင်းဆိုမှု ဦးဖေသက်လည်း မငြင်းပယ်ခဲ့။

ကြည်ကြည်ဖြူဖြူပဲ ခေါင်းညိတ် သဘောတူခဲ့သည်။ သူ့အဖြစ်အတွက် သူ စိတ်မလုံမလဲ ဖြစ်နေဟန်လည်း တူပါ၏။

ဘာပဲဖြစ်ဖြစ် အခုလို အရာရာ ဒေါ်ခင်ဖေသွဲ့ စိတ်တိုင်းကျဖြစ်စေရန် ခေါင်းညိတ် သဘောတူနေမှုအတွက် ခန့်မျိုးတိုးကာ ကိုယ်၌ မေးမြောက်ဝမ်းသာ ဖြစ်နေရသေးသည်။

အခုအချိန်မှာ ဒေါ်ခင်ဖေသွဲ့၏စိတ်ကို ချမ်းသာအောင်ထားနိုင်ဖို့သည်သာ အရေးအကြီးဆုံးဖြစ်နေသည် မဟုတ်ပါလား။

မေမေ့အနေနှင့် သည်အမွေအနှစ်များကို လုံးဝ မလိုအပ်။ ဇွန်ပွင့်ဦးကို သမီးအဖြစ် တစ်သက်လုံး ပြုစုစောင့်ရှောက်ထားနိုင်ပေမယ့်လည်း ကာယကံရှင် အန်တီစေတနာ ဆန္ဒအတိုင်း ဆောင်ရွက်ပေးရသည်မို့ စောဇော်မြတ်ရဲ့တော့။

www.burmeseclassic.com

www.burmeseclassic.com

တစ်ကယ်တမ်းကျတော့လည်း၊ သည်ရှိပစ္စည်းအားလုံး ကဦးကျော်ဦးနှင့် လက်ထက်ပွားမဟုတ်။ ဒေါ်စောခင်သွဲ့ တစ်ဦးတည်းပိုင် မိဘအမွေအနှစ်များဖြစ်သည်မို့ နောက်ဇနီး မခံစားစေချင်တာ၊ သမီးငယ်တစ်ဦးတည်းပိုင်ဆိုင်စေချင်တာဖြစ်ပါလိမ့်မည်။

ကိစ္စအဝဝ ပြီးစီးသွားလေမှ မိမိ၏ လက်ထဲသို့လည်း အန်တီစောကြိုတင်ရေးထားဟန်တူသော စာတစ်စောင် ထည့်ပေးလာ၍ နေမျိုး တအံ့တသြ ဖြစ်သွားရသည်။

"ဒီစာကို သမီးလေး ဖတ်ရတဲ့ အချိန်မှာ အန်တီစော အသက်ထင်ရှား ရှိချင်မှ ရှိတော့မယ် သား"

"ဟာ....မဟုတ်တာ အန်တီစောကလဲ"

နေမျိုး စကားမဆုံးခင် ပျာပျာသလဲ ဟန့်တားမိ၍ အန်တီစောက လက်ကာပြပြီး စကား ဆက်လာ၏။

"အန်တီ့ကို အားပေးဖို့ မကြိုးစားပါနဲ့တော့ သားရယ်၊ အန်တီ့ အခြေအနေကို အန်တီ သိနေပါတယ်၊ အန်တီ့ဘဝ နေဝင်မယ့်အချိန် သိပ်နီးနေပြီ သား၊ မှာချင်တာတွေ တဝကြီး မှာခဲ့ပါရစေ၊ အန်တီ့နှုတ်က ပြောခွင့်ကြုံမယ် မဟုတ်တဲ့ စကားတွေ မှာခဲ့ချင်တာတွေ ဒီစာထဲမှာ ရေးထားခဲ့တယ်၊ သမီးလေးကို ဆက်ဆက် ပေးဖြစ်အောင် ပေးလိုက်နော်"

"အဲ့လား အန်တီစော"

နေမျိုး နားမလည်နိုင်စွာ မေးမိ၍ အန်တီစောက ယဲ့ယဲ့ပြုံးရင်း ခေါင်းခါပြလေ၏။



"အခုပေးစေချင်မှတော့ စာတစ်တန် ပေတစ်တန် ရေးပြီး မှာနေပါတော့မလား သားရယ်၊ နှုတ်ကပဲ ပြောတော့မှာပေါ့၊ အန်တီစော မရှိတဲ့ အချိန်ကျမှပေးဖို့ ဘာမင် ရေးထားတာပါ၊ ဒီစာထဲမှာ ဘာတွေ ရေးထားတယ်ဆိုတာ သား ဖတ်ကြည့်ခွင့်ရှိပါတယ်၊ ဖတ်ကြည့်ပေါ့....

"အန်တီစော အနေနဲ့ ငါ့သားဆီက တောင်းဆိုချင်တာ တစ်ခုပဲ ရှိပါတယ်၊ အဲဒါကတော့ သမီးလေးကို လက်ထပ်ပြီးရင် တစ်သက်လုံး ယုယ ချစ်ခင်သွားဖို့နဲ့ ကြင်ကြင်နာနာ စောင့်ရှောက်ဖို့ပါပဲ၊ သမီးလေးကို တစ်သက်လုံး ချစ်ခင် အလိုလိုက်သွားမယ်ဆိုတဲ့ ကတိစကားလေး တစ်ခုပဲ အန်တီ့ကို ပေးပါ သားရယ်"

သမီးငယ် နောင်ရေးအတွက် စိတ်မချနိုင်သလို အခုကတည်းက ကြိုတင် ကတိတောင်းနေ၍လည်း နေမျိုး အလေးအနက် ခေါင်းညိတ် ကတိပေးမိသည်။

"စိတ်ချပါ အန်တီစော ကျွန်တော် ဇွန်ပွင့်ဦးကို တစ်သက်လုံး မြတ်မြတ်နိုးနိုး ချစ်သွားမှာပါ၊ ကျွန်တော့်ကြောင့် ဘယ်တော့မှ စိတ်မဆင်းရဲစေရပါဘူး၊ အန်တီလဲ မသေမှာပါဘူး၊ ကျွန်တော်တို့ မိသားစု တစ်စု တစ်ဝေး ပျော်ပျော်နေကြရအောင်နော်"

အန်တီစောကိုပါ တစ်ဆက်တည်း အားပေးသလို ဆိုမိ၍ အန်တီက ကျေနပ်စွာ ခေါင်းတဆတ်ဆတ် ညိတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် သားချယ်၊ ဒီကတီးလေးတစ်ခု တည်းနဲ့ပဲ ယင်တီကျေနပ်သွားပါပြီ၊ မေမယ်ဆိုသဲ့ သေပျော်ပါပြီ၊ ဖြစ်နိုင်ရင်မေဇော့ သားတော့ မမီတော့ မြေး တွေမြင်တော့နဲ့ပျော်ပျော်ကြီး နေချင်သေးတာပါလေ....

"မကြီးနဲ့ ကိုဖေသက်ကိုလဲ သေချာ မှာခဲ့တယ်၊ အန်တီမရှိရင် သမီးလေးကို ပစ်မထားပါနဲ့၊ ဝိုင်းဝန်း စောင့်ရှောက်ပါလို့ အကျိုးအကြောင်းပြောပြီး လက်ထပ် နိုင်ဖို့လဲ အန်တီ အိမ်က ယုံကြည်စိတ်ချရတဲ့ ကိုကြီးလူနဲ့ မကြီးနန်းကို သေချာ မှာခဲ့တယ်၊ ဟုတ်လား"

သည်လိုနှင့်ပဲ အားလုံးမှာ ကြားပြီးသည်နှင့်ခေါ်စော ခင်သွဲ တစ်ယောက် သမီးငယ်အသွက် စိတ်ချ လက်ချ ရင်ပေါ်မှာ ဟန်တူ၏။

အားလုံး ဇွတ်ထားသည့်ကြားကဲ ကျောက်မဲ့သို့ ပြန် သွား၍ ဟမ်ပတ်သောက် အကြာမှာပဲ ကွယ်လွန်ရှာ၏။

မေမေ ကိုယ်တိုင်လည်း မမျှော်လင့်ဘဲ တိုရက်ပိုင်း အတွင်းမှာပင် ရုပ်ကရုပ် လေဖြတ်သွားရ၍ အန်တီ စော၏ ဈာပနသို့ပင် မတက်ရောက်နိုင်ခဲ့။

အန်တီယ် ဦးဖေသက် တစ်ယောက်သာ ဖြစ်မနေ သွားခဲ့ရ၏။ နေမျိုးကိုယ်တိုင် သွားချင်ပြန်တော့လည်း အချစ်ဆုံး သူငယ်ချင်းကကြီး အပူလုံး ဆို့နေသော လတ်တလောသာ ရုတ်ဂါရဝဒေနသည် မေမေ့က တစ်ဖက် နှင့်မို့ ဘယ်လိုမှ မသွားနိုင်ခဲ့။

ဇွန်ပွင့်ဦး တစ်ယောက် မိခင်အတွက် အပူမီးတောက်



လောင်နေချိန်တွင် ပင်ကားသလို ဖြစ်ရသည့် အတွက် လုံးဝ စိတ်မကောင်းနိုင်ခဲ့တာ အမှန်ပါပဲလေ။

အဘလူနှင့် တိုင်ပင်ပြီး အန်တီစောမှာခဲ့သလို ဇွန်ပွင့် ကို သိတကူခေါ်ထားဖို့ ကိုကျတော့လည်း ဖခင်အရင်း ဖြစ်သူ ဦးကျော်ဦး ကိုယ်တိုင် သက်ရှိထင်ရှား ထီးထီး မားမား ရှိနေ၍ ဟက်ထပ်ခွင့်တောင်းဖို့ အခွင့်ကိုပဲ ပိတ် ပစ်ခဲ့တည်းလည်း ဖြစ်နေခဲ့။

မမျှော်လင့်ဘဲ မဥမ္မာနှင့် ထွန်းကျော်က ထစ်မှောင့် ပြုသာနာဝင်လာ၍ အခြေအနေ တစ်မျိုးတစ်ဖုံ ပြောင်းလဲ ကုန်တော့သည်။

"ဟင်း..."

သည်လိုကျတော့လည်း ကုန်လွန်ခဲ့သော အတိတ်ကို ပြန်တွေးမြင်ယောင်မိသော နေမျိုး တစ်ယောက်....

စောစောက ဒေါသစိတ်များအစား ဇွန်ပွင့်ဦးအပေါ် သနားကြင်နာစိတ်များ တစ်ဟုန်ထိုး ဝင်ရောက်လာ၍ သက်ပြင်းရှည်ကြီးကိုသာ စိတ်မောကိုယ်မော မှုတ်ထုတ် မိလေတော့၏။

နေမျိုးမှာလည်း တကယ်တော့ ကိုယ့်ဒုက္ခနှင့်ကိုယ် ဗျာများနေရသည့် အဖြစ်ပဲလေ။

ရင်ထဲမှာသာ သိုသိပ်ထားနိုင်မှုကြောင့် နေမျိုးဒုက္ခကို ဘယ်သူမှ နားမလည်၊ မရိပ်မိ။

ချစ်ကျွမ်းဝင်လိုသူကို တစ်အိမ်တည်း အတူနေခွင့်ရပါ

www.burmeseclassic.com

www.burmeseclassic.com



လျက် မြင်သာမြင်ရ မကြင်ရ အပြော ခက်နေရသော နေမျိုးအဖြစ်က တကယ့်ကို ရင်မောစရာပါ။

အန်တီ့စာကိုယ်တိုင် တဖွဖွ သဘောတူ ကြည်ဖြူခဲ့ခြင်း မှန်ပေမယ့် မိမိကိုယ်တိုင်ကလည်း ချစ်မြတ်နိုးပါလျက်နှင့် နှုတ်က ဖွင့်ပြောဖို့ကျတော့ အခြေအနေ အရများစွာ ခက်နေ၏။

ဘာကို ဘယ်လို အစရှာပြီး ပြောရမှန်း မသိ။

မိမိပြောသမျှကို ယုံယုံကြည်ကြည်နှင့် အလွယ်တကူ နာခံနိုင်လျှင် အကြောင်းမဟုတ်ပေမယ့် နဂိုကတည်းက ရင်းနှီးလွန်းခဲ့သူ မဟုတ်သည့်အတွက် အလွယ်တကူ မယုံကြည်ရုံမျှမက မိမိကိုပါ သိုက်တူးလိုသူဟု [illegible] လျှင် တကယ့်ကို အခက်မို့ အန်တီ့စာ၏ [illegible] ပေး မဖတ်ရဲအောင် ဖြစ်နေသည်။

သည်လိုနှင့်ပဲ ချီတုံချတုံနှင့် ပြတ်ပြတ် သားသား မဆုံးဖြတ်နိုင်ဘဲ ကုန်လွန်လာခဲ့သော အချိန်တွေကမနည်းတော့ပြီမို့....

''ခက်တာပဲ''

နေမျိုး ခေါင်းကိုသာ အလိုမကျစွာ စိုက်ကုတ် နေမိတော့သည်။

နဂိုကတည်းက ချစ်သော ချစ်တိတ်နှင့် တရင်းတနှီး ချစ်ကျွမ်းဝင်အောင်နေခဲ့မိလျှင်လည်း အကောင်းသား။

ရင်းနှီးမှုရှိပြီးသားမို့ အခြေအနေက သည်လောက်

ဆိုးမည်မထင်။ အန်တီစော၏ စာကို ပေးဖတ်လိုက်ရုံဖြင့် ကိစ္စပြီးပြတ်သွားနိုင်ပေသည်။

အခုကျတော့ ဘယ်သူ့မပြု မိမိမှု။

နဂိုကတည်းက ရင်းနှီးအောင်နေဖို့ မကြိုးစားခဲ့သော သတ္တိနည်းခဲ့သော မိမိကိုယ်ကိုသာ အပြစ်တင်ရပေတော့မည်။

သည်လို ဘေးကျပ်နံကျပ် အခြေအနေမျိုးရောက်ခါမှ အန်တီစောစာ ပေးဖတ်ပြီး ဇွတ်တိုးလို့လည်း မဖြစ်။

ဘယ်သားသမီးက ယုံပါမည်လဲလေ။

သူစိမ်းယောကျ်ားပျိုတစ်ဦးကို မကွယ်လွန်ခင် အချိန် [illegible] ကြိုတင် လက်ထပ်ပေးခဲ့သည့် မိခင်ဖြစ်သူ၏ စာကို [illegible] သားသမီးက သံသယကင်းကင်းဖြင့်ယုံကြည်ပါမည်လဲ။

ယုံကြည်တယ် ဆိုဦးတော့သည်း ဇွန်ပွင့်ဦး၏ အချစ်ကို ရယူပိုင်ဆိုင်ပြီးမှ စာပေးဖတ်လို့ ကောင်းနိုင်မည်မို့.... နေမျိုး တစ်ယောက်တည်း အတွေးများဖြင့် ဘေးကျပ် နံကျပ် ဖြစ်နေဆဲ။

''တချင်....ကချင်....ကရင်''

တယ်လီဖုန်းခေါ်သံ ရုတ်တရက် ထွက်ပေါ်လာ၍ နေမျိုး ကမန်းကတန်း ထကာ ရီဆီဗာကို ကောက်ကိုင် လိုက်ရသည်။

''ဟုတ်ကဲ့....အမိန့်ရှိပါခင်ဗျာ၊ သိတဂူဘပါ''

''ဟင်....ဘာ ဘာ....ဘယ်လို''



www.burmeseclassic.com

www.burmeseclassic.com



နေမျိုး ထစ်ဖက်မှ မေခင် ပြောသမျှကို နားထောင်ရင်း အလိုကျစွာ ကုန်းအော်ပစ်လိုက်မိ၍....

"ဘာဖြစ်တာလဲ သားရယ် ဖုန်းဆက်တာ အလန့်တကြား နိုင်လိုက်တာ"

လန့်သွားဟန်တူသော မိခင်ကြီးဖြစ်သူ ဒေါ်ခင်ကြီးပါ နေမျိုး အနီးသို့ ရောက်ရှိလာသည်။

နေမျိုးကတော့ မိခင်ဖြစ်သူကို စကားပြန်မပြောနိုင်သေး။ မျက်မှောင်ကြီးကြုတ်ကာ ဖုန်းနားထောင်ရင်းမှ ဒေါသတကြီး ဖြစ်သွား၍ မေခင် ဖုန်းချသွားလေမှ လက်ထဲမှ ဖုန်းခွက်ကို စင်ပေါ် ပစ်တင်လိုက်ရင်း စိတ်ပျက်လက်ပျက် ညည်းတွားလေသည်။

"ကောင်းရောကွာ.. ကောင်းရော၊ လုပ်ချင်တာတွေသာ လုပ်ပေတော့"

"ဘာတဲ့လဲသား၊ ဘယ်က ဆက်တာလဲ"

အခုမှ မိခင်ဖြစ်သူကို အကျိုးအကြောင်း ရှင်းပြရ၏။

"မေခင် ဖုန်းဆက်တာ မေမေ၊ ကွင်ပွင့် အခု သူတို့ဆီမှာ မရှိတော့ဘူး၊ တည်းခိုခန်းတစ်ခုမှာ သွားပြောင်းနေတယ်တဲ့၊ ဒီအိမ်ကို လုံးဝ အလာမခံပါနဲ့၊ သူဒီမှာ မနေချင်တော့လို့ ထွက်သွားပြီလို့ ပြောပေးပါလို့ မေခင့်ကို မှာတယ်တဲ့၊ သိတာကို သူ ဘယ်တော့မှ ပြန်မသွားတော့ဘူး၊ လောလောဆယ် သူ့ကို စိတ်လွတ်လပ်မှုပေးပါ၊ ညွှန်ခံပုံကိုလဲ သူနေတဲ့ တည်းခိုခန်းကတစ်ဆင့် လာခဲ့မယ်၊ ဒီကြားထဲ သူ့ကို ဘယ်သူမှ လာမတွေ့ပါနဲ့လို့လဲ မှာတယ်တဲ့....

"အဲဒါ တားမရတော့လို့ အန်ကယ့်ကို ပြောပြတိုင်ပင်ပြီး မေခင့် အယ်ချင်း အဒေါ်တွေ ပိုင်တဲ့ တည်းခိုခန်း တစ်ခုကို လိုက်ပို့ပေးခဲ့ရတယ်၊ သေသေချာချာ ပြောဆို အပ်နှံခဲ့ပါတယ်တဲ့၊ သိအောင်လို့ ဖုန်းဆက်တာ မေမေ ပြောတော့ သမီးလေးက လိမ္မာပါတယ်ဆို၊ အခု မေမေ့သမီး ရမ်းကားနေပြီဆိုတာ ယုံပြီ မဟုတ်လား"

မကျေမနပ် စကားဆိုနေ၍သည်း ဒေါ်ခင်ကြီးက သားဖြစ်သူကို ဖျောင်းဖျစကားဆို၏။

"အင်း...ဘာမှတော့ ဖြစ်နိုင်မယ်မထင်ပါဘူးကွယ်၊ အသက်ငယ်ပေမယ့် သမီးမှာ ဉာဏ်ရှိပြီးသားပါ၊ သူ့ကိုယ်သူ ထိန်းသိမ်းနိုင်ပါလိမ့်မယ်၊ ဒီကြားထဲ သားလဲ သူ့အခြေအနေ သွားကြည့်ပေးပေါ့၊ မေခင်လဲ သေချာအောင် မိုနာတို့နဲ့ သွားတွေ့ပါဦးမယ်၊ ချော့ခေါ် ဆင့်ခေါ်ရင်လဲ ခေါ်ရမှာပေါ့ သားရယ်၊ မဟုတ်ဘူးလား"

"သွားလဲ တူးမယ်မထင်ပါဘူး မေမေရေ၊ သူ့စိတ်ကိုလဲ မေမေသိသားနဲ့၊ ဘယ်သူနဲ့မှ မတွေ့ချင်ဘူးလို့ပြောထားတာပဲ၊ အတွေ့ခံပါ့မလားဗျ၊ ဒါကြောင့် မေမေ့ကို သား ပြောသားပဲ၊ သူ့အရှိန်ကုန်အောင် ဒီခါပဲ အာရုံ ဘာသာ နေပါစေတော့၊ မေမေပဲ ခမင့် ညှော်ပုံကို အကြောင်းပြုပြီး လွှတ်ပေးနေချင်တာလေ၊ အခုတော့ ကောင်းရော၊ မြင်းကို ခွာတပ်ပေးသလို ဖြစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းမှ နေမျိုးစိတ်ပျက်လက်ပျက်ညည်းညူနေပြန်၍....

"ဪ....သားရယ်၊ မေမေ ‌ေတွတ်နေတုန်းက သူ့လုံးဝ မသွားချင်ဘူးလို့ ငြင်းနေတာပါကွယ်၊ သားညှို့သည်တွေ ပြန်သွားပြီးမှ ဘာစိတ်ကူးပေါက်သွားတယ် မသိပါဘူး၊ မေခင်လဲ လာခေါ်ရော ကောက်ကာငင်ကာ လိုက်မယ် ဖြစ်သွားတော့တာ၊ တစ်ပတ်နေပြီး ပြန်လာခဲ့မယ်လို့တော့ ပြောသား၊ ဒီလိုဖြစ်သွားလိမ့်မယ်လို့ မထင်မိဘူးလေ....

"စောင့်ကြည့်ကြသေးတာပေါ့ကွယ်၊ သူ့အကြောင်းကို မေမေတို့ ကြိုသိထားမှန်း သူသိပုံမရပါဘူး၊ မေခင့်မင်္ဂလာဆောင်ပြီးရင် စိတ်ပြေပြီး ပြန်ချင်ပြန်လာမှာပါ၊ သားကသာ ဟန်မပျက်နေလိုက်ပါဟ့ ဘာသား၊ ကဲ....ကဲ သွားလဲ အိပ်တော့၊ ညဉ့်နက်လှပြီ"

ဒေါ်ခင်ကြီးက သားဖြစ်သူ၏ တဇွတ်ထိုးစိတ်ဓာတ်ကို သိထားသူပီပီ လေအေးအေးဖြင့် ချော့မော့စကားဆိုရင်း အိပ်ရာခေါင်းရင်းဘက်ရှိ မီးအုပ်ဆောင်းပြာပြာလေးမှ မီးကိုပိတ်ပေးခဲ့ပြီးမှ အခန်းထဲက ထွက်ခွာသွားလေ၏။

နေမျိုးကတော့ မိခင်အခန်းထဲက ထွက်ခွာသွားသည်ကို မျက်စိတဆုံးလိုက်ကြည့်ရင်း ငေးငိုင်စွာ တွေဝေနေမြဲ



တွေဝေနေဆဲ။ မေမေက အိပ်တော့ဆိုပေမယ့် သည်နေ့အဖို့ နေမျိုး လုံးဝအိပ်လို့ရမည် မဟုတ်ပါ။

ကိုယ့်ဝမ်းနာကို ကိုယ်သာအသိဆုံးပါပဲလေ။

* * *

## အခန်း (၂၆)

သတို့သမီးနှင့် သတို့သားက၊ လူကုံထံ အသိုက်အဝန်းမှ ဖြစ်နေ၍လား မသိ။

အင်းလျားကန် ဟိုတယ်၏ မင်္ဂလာခန်းမဆောင်ထွင်စိန်ရောင် ရွှေရောင် အမျိုးမျိုး ပြိုးပြိုးပြက်ပြက် လှက်နေ၏။

ဧည့်သည်များ တပွဲပွဲဖြင့် မစဲတမ်းဝင်ရောက် လာနေကြပေပြီ။ သတို့သမီး အရံလုပ်မည့် ဇွန်ပွင့်ဦးကတော့ အခုထိပေါ်မလာသေး၍ မေခင်ညှို့ခန်းဝ ဆီသို့ လည်တဆန့်ဆန့် ဖြစ်နေရသည်။

စိုးရိမ်စိတ်များကလည်း ရင်နှင့်အပြည့်။

ကိုကို့ မျက်နှာကြည့်လိုက်တော့ ပို့ဒေါ့မည့် မိုးလိုအုံ့မှိုင်းနေသလို၊ မေမေနှင့် မေမေကြီးတို့၏ မျက်နှာမှာလည်း စိုးရိမ် ပူပန်ရိပ်များ အထင်းသား လွှမ်းမိုးနေတာတွေ့ရ၍ မေခင်တိတ်တခိုး သက်ပြင်းရှိုက်လိုက်မိသည်။

သေသေချာချာ ပြောဆိုထားလျက်နှင့် ဇွန်ပွင့်ဘာဖြစ်လို့များ နောက်ကျနေသည် မသိ။

www.burmeseclassic.com

မေခင်၏ ခေါင်းမှာတော့ ကော်ပတ်ရှပ်လေး တစ်ခုလို လုပ်ထား မြူနီပြာဝါ ဆောင်းခြယ်သထားသော သတ္တိသမီး အရ ဒေါ်လတ်ခင်ခင်ကြီးကတော့ စတိုင်လှလှလေးဖြင့် ထိုင်နေသည်။

သတို့သား ဗိုလ်ကြီး ညိုမြင့် ခေါင်းမှာတော့ ကိုကိုနှင့် ဗိုလ်သန့်ဇော်။

“စွန်ပွင့်ကလဲနော်၊ သေချာ ပြောထားလျက်သားနဲ့ အချိန်မီ ရောက်မလာရင်တော့ ဒုက္ခပဲ”

မေခင်စိုးရိမ်စိတ်များဖြင့် ချာလည်လိုက်ကာ တွေဝေ နေစဉ်ဆဲ....

“ဟော...”

ကိုကို့ထံမှ အာမေဍိတ်သံတစ်ခု ထွက်ပေါ်လာသဖြင့် မေခင့်မျက်ဝန်းလေးများ ချက်ချင်းလိုလို ခန်းမအဝင်ဝ ဆီသို့ စူးစိုက်နေ ရောက်ရှိ သွားရ၏။

“ဟင်... စွန်ပွင့်”

အံ့ဩသင့်မှုကြောင့် နှုတ်ဖျားက စွန်ပွင့် နာမည် ကိုပင် လွှတ်ခနဲ ထုတ်ပေါ် မိလျက်သား ဖြစ်သွားရ လေသည်။

စွန်ပွင့်ဦးကတော့ မေခင့်ကို ပြုံးပြုံး ဧည့်သည်များ ကြားမှ ဖြတ်ကာ မေခင်တို့ဆီသို့ လျှောက်လာနေ၏။

စွန်ပွင့်၏ မျက်နှာတစ်ခုလုံးမှာ ဘာဆိုဘာမှ ခြယ်သ ထားခြင်း မရှိ။

အကြောစိမ်းလေးများနှင့် မွေးညှင်း နုလေးများ



ယှက်သန်းနေသော ပင်ကိုယ်ပကတိ နူးနယ် သန့်စင်သည့် သဘာဝအားနှင့်သာ၊ အကြိုင်းရှိနေသည်မို့ ပြုံးပြုံးယဉ်သော မိတ်ကပ်အလှများကြားတွင် စွန်ပွင့်၏ သဘာဝ အလှက ထင်းနေအောင် လှ၍ ပေါ်လွင်နေလေသည်။

ဆံပင်ရှည်ကြီးများကို ထိပ်ကကျော ကျောနားတွင် ခပ်မြင့် မြင့် စုစည်းထားသဖြင့် ဘယ်ညာ ယိမ်းနေသော ဆံပင် အလှနှင့် ဝင်းမွတ်နေသော မျက်နှာမူးမှ ပေါ်၏ အလှ၊ ချစ်စဖွယ် မိန်းမူးငေးမောချင်စဖွယ် ဖြစ်နေသည်။

ဝတ်စားဆင်ယင်ထားပုံ ကျတော့လည်း ကြည့်ပါဦး။

ကျောက်စိမ်းရောင် နှစ်ထပ်သာ အင်္ကျီ ဝါး၊ ဖောင်းကြွ ပွင့်ဝတ်များကို ခန္ဓာကိုယ် ထက်မောက် ဆင်တူဝတ်ဆင်ထားပြီး ခြေဖမိုး ဖောင်းဖောင်းအိအိ လေးများဘဲ ရွှေကြိုးတစ်ချောင်းသည်း သိုင်းထားသော ရွှေဆောင်ခြာမြင့် ဖိနပ်လေးက နေရှူထားသဖြင့် လေ ထဲမှာ လွင့်နေသလို လမ်းလျှောက်လာနေသော စွန်ပွင့် ဦး၏ ဟန်လေးကို ကြည့်ရသော ဟာကယ်အသည်းယားချင် စရာ၊ အသက်ရှူ မှားချင်စရာအတိ

စိန်ကစ်ဆက်မြဘိဆစ် ရဲထားသော လက်ဝတ်ရတနာ များကလည်း စွန်ပွင့်ဦး၏ အဆင့်အတန်းကို ထုတ်ဖော် ဝင့်ကြွားနေဟန်မို့ ဘယ်ပုံကြည့်ကြည့် ဘင့်ဘယ်ချွန် တိုင်း ဘင့်တယ်နေလေ၏။

စွန်ပွင့်က သူ့ကို ငေးစိုက်ကြည့်နေသော မေဝန်း ကျင်ကို ဂရုပြုမိပုံ မရ။

www.burmeseclassic.com

www.burmeseclassic.com



ဒမခင့်ကိုသာ တောင်းပန်သလို ပြုံးနွဲ့နွဲ့လေး လှမ်းကြည့်လိုက်ရင်း ဒေါက်တာ ခင်ခင်ကြွေ၏ နံဘေးဘွင် ချစ်စဖွယ် ဝင်ထိုင်လာ၍ မေခင်ကျေနပ်စွာ ခေါင်းဆတ်ပြလိုက်ရသည်။

ခင်ခင်ကြွေ၏ မျက်နှာတွင်တော့ ပြုံးရိပ်လေးများ သိသိသာသာ ပျောက်ကွယ်နေလေပြီ။

သူ့အလှက ဇွန်ပွင့်ဦး ဆိုသည့် အလှငွေလဝန်း၏ အရိပ်အောက်မှာ မှေးမှိန် ပျောက်ကွယ်လုလု ဖြစ်နေရသည်ပဲ။

မယှဉ်ပြိုင်ရပါဘဲနှင့် အလိုလိုနိမ့်ကျသွားရသော [illegible] ကို ဘယ်လိုမိန်းကလေးက ကျေနပ်ချင်ပါမည်နည်း။

ဒါပေမယ့်လည်း လူကုံထံ အထက်ထန်းစား အသိုက်အဝန်းမှ ခေတ်ပညာတတ်တစ်ဦးပီပီ ပျက်လုလု မျက်နှာကိုတော့ ချက်ချင်းပဲ ပြန်ထိန်းသိမ်းလိုက်နိုင်ပါ၏။

မင်္ဂလာပွဲအပြီး မေခင်က မိတ်ဆက် ပေးလာသည့် အချိန်တွင် ခင်ခင်ကြွေ ဟန်မပျက်ဘဲ ရယ်ရယ်မောမော စကားဆိုလာသည်။

“ဇွန်ပွင့်ဦးက သိပ်လှတာပဲကွယ်၊ တကယ်ပါ၊ မေခင်လဲ မကောင်းဘူးနော်၊ ကိုယ့်မှာ ဒီလောက်ချောတဲ့ ညီမလေး [illegible] ဝှက်ထားလို့ ရှိရက်သားနဲ့ [illegible] စီစီ [illegible] ပေးဘူး၊ လျှို့ထားတယ်”

[illegible] အပြစ်တင်သလို ပြောနေ၍ ဇွန်ပွင့် ပြုံးလဲ့လဲ့ [illegible] နှုတ်ဆိတ်နေလေသည်။



တခြားသူမှမဟုတ်ဘဲ ဇွန်ပွင့်ဦးလေ။

မျက်နှာ အပြုံးပန်းနှင့် နှုတ်က ဘယ်လိုလောကွတ် အပိုစကားတွေဆိုဆို မိန်းမသားချင်းမို့ ဒေါက်တာခင်ခင်ကြွေ၏ ရင်ထဲမှဝေဒနာကို အတိုင်းသား မြင်နေသိနေမိပါ၏။

ကိုကိုကလည်း၊ သည်နေ့ကျမှ ထူးထူးခြားခြား ဇွန်ပွင့်ဦးကိုသာ မျက်နှာမလွှဲတမ်း ငေးမော စူးစိုက်ကြည့်နေသည်မို့ မျက်နှာလေးမော့ကာ တင်းပြီး အကြည့်ချင်း မဆုံရ [illegible] အောင် လွှဲထားမိ၏။

[illegible] စိုက်လိုသည့်ဟန် ပြလာသော ကိုကို့ကို ဇွန်ပွင့် မကြည့်သာချင်တော့ပါ။

ရင်ထဲမှာလည်း တင်းကျပ်လာသလို၊ အနေကျပ်လာသလို ဖြစ်လာသဖြင့်....

“မမမေခင် ဇွန်ပွင့်ပြန်တော့မယ်”

ဇွန်ပွင့်ပြန်ရန် ခြေလှမ်းပြင်လိုက်ရင်း နှုတ်ဆက်လိုက်တော့ မမမေခင်က ခွင့်မပြု။

“ဘယ်လိုဖြစ်နေတာလဲ ဇွန်ပွင့်ရယ်၊ နားနားနေနေ၊ အေးအေးဆေးဆေး စကားပြောရအောင်၊ အိမ်ထောင်လေး သိုက်ရမှာတောင် စိတ်မရှည်တော့ဘူးလား၊ ပြန်မယ် တကဲကဲ လုပ်မနေနဲ့၊ မပြန်ရသေးဘူး....

“ဒါပဲနော် ယီးတီးယားတားမလုပ်နဲ့၊ ပြောစရာနားမထောင်ရင် ပေးထားတဲ့ကတိ ပြန်ရုပ်သိမ်းပစ်လိုက်မှာ၊ မေမေကြီးနဲ့ ကိုကို့ကိုလဲ ဇွန်ပွင့်ညာနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဟောဒါ ကိုကိုတို့အိမ်မှာ လာနေသွားတဲ့ကောင်မလေးပဲ တောကဆိုတာ မဟုတ်ဘူး၊ အန်တီဒေါ်သမီး တမင်သက်သက် စတန့်ထွင်တာလို့ ပြောပစ်လိုက်ရမလား”

လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း မကျေမနပ် စကားဆိုနေ၍လည်း ဇွန်ပွင့် အလန့်တကြားလေး ဖြစ်သွားရသည်။

“ဟာ…မလုပ်နဲ့ မလုပ်နဲ့၊ ရှိကြီးခိုးပါရဲ့ မမ မေခင်ရယ်၊ အဲဒါတွေတော့ သွားမပြောလိုက်ပါနဲ့၊ လိုက်ခဲ့ဆိုလဲ လိုက်ခဲ့ပါမယ်”

မမမေခင် ပြောလိုက်သည့် စကားတွေ တခြားလူကြားသွားနိုးနိုးဖြင့် ဘေးဘီသို့လည်း စိတ်မချစွာ အကဲခတ်လိုက်ရသေး၏။

ဘယ်သူမှ မကြားလိုက်တာ သေချာမှ သက်ပြင်းချလိုက်ရင်း မမမေခင် အလိုကျအတိုင်း ဇွန်ပွင့် သက်ရိပ်ငြိမ်အထိ ကန့်လန့်ကန့်လန့်နှင့် ပြန်လိုက်လာသည်။

အိမ်ပြန်ရောက်လို့ မကြာသေး။ ဗိုလ်ကြီး ညိုမြင့်၏ သူငယ်ချင်းများနှင့် မမမေခင်၏ သူငယ်ချင်း အုပ်စု ရောက်ရှိလာပြီး ဆူညံဆူညံနှင့် အခန်းတံခါးဝမှ ပိတ်၍ ရွှေကြိုးတားနေကြသဖြင့် ဇွန်ပွင့် အိမ်နောက်ဘက် ဆီသို့ အသာလေး လစ်ထွက်လာခဲ့သည်။

ဇွန်ပွင့်ကို အရိပ်တကြည့်ကြည့် ဖြစ်နေသော နေမျိုးခမျာမှာလည်း ဗိုလ်ကြီးညိုမြင့်နှင့် အတူ သူငယ်ချင်းများ ဇွတ်ခေါ်ရာနောက်သို့ မလွဲမရှောင်သာ လိုက်ပါသွားရ၍



မျက်နှာချင်း ဆိုင်ရမှာ ကြောက်နေသော ဇွန်ပွင့်အတွက် အတော်လေးကို အလွန် ပိုအဆင်ပြေသွားရလေသည်။

မင်္ဂလာပွဲမှာ ဘာမှ ပင်ပန်းလှသည် မဟုတ်ပေမယ့် လေးလေးလာဆယ် စိတ်ရောကိုယ်ပါ မောနားယူချင်နေတာ တော့ အမှန်ပါ။

လူအများနှင့် တိုးတိုးဝှေ့ဝှေ့ နေရသည်ကို ငြီးငွေ့တတ်သူပီပီ ခေါင်းထဲမှာ နောက်မထောက်တောက် ငြီးစီစီကြီးလို ဖြစ်နေရ၍လည်း လေကောင်း လေသန့် ရသော ပိတောက်ပင် အောက်က ခုံတန်းလျားလေးတွင် အသာထိုင်ချလိုက်မိသည်။

မျက်ဝန်းများထဲတွင်တော့ ရီဝေညှိုးငယ်သည့်အကြည့်များနှင့် ကိုကို့ ရုပ်လွှာက ပုံရိပ်ထင်နေဆဲ။

ဧည့်ခံပွဲတွင် ကိုကို မူပျက်နေတာတွေ၊ ဇွန်ပွင့်ကို အမြဲလို ငေးကြည့်နေတတ်တာတွေ…

ဗိုလ်သန့်ဇော်နှင့် ချင်းနှီးစဉ်က ရယ်ရယ်မောမောစကားဆိုမိလေတိုင်း ဟန်မဆောင်နိုင် လောက်အောင် မျက်နှာပျက်သွားတတ်တာတွေကလည်း အားလုံး…အားလုံး ကို ပါပဲ။

“မကြေရယ် ကိုကိုနယ် မူပျက်လေ ဇွန်ပွင့် အနိုင်ရလေမို့ သည်လက်စားချေတော့ ဇွန်ပွင့် တကယ်ပဲ ကျေနပ်သွားပါပြီ ကိုကို့”

ရင်ထဲကလည်း တီးတိုးသက်သာ ရေရွတ်မိ၏။

www.burmeseclassic.com



နှစ်ဆယ်ရာစု မိန်းကလေးပေပဲလေ။ ဘယ်သူ့ ဘာလုပ်လျှင် ဘာဖြစ်မယ် ဆိုတာ မသိဘဲရှိပါမလား။

ကိုကိုနှင့် မကြွကတော့ ဇွန်ပွင့်ကို အမျိုးတစ်ယောက်လို့ပဲဟု ထင်ကောင်းထင်ကြပေလိမ့်မည်။ ဇွန်ပွင့်ကတော့ မိမိကို အခုနေချိန်မှာ တလောကလုံးက ဘာထင်ထင် နည်းနည်းလေးမှ ဂရုမစိုက်ချင်ပါ။

သူတို့နှစ်ယောက်ကို ဖြစ်သည့်နည်းနှင့် တုံ့ပြန် အရှုံးတိုက်ချင်စိတ်ပဲ ပေါ်နေသည်။

ဘာရယ်ကြောင့်မသိ၊ ကိုကိုနှင့် ဒေါက်တာ ခင်ခင်ကြွ၏ ရင်းနှီးချစ်ခင်မှုကို နည်းနည်းလေးမျှ ကြည့်မရ။

သူတို့နှစ်ဦး ရင်းရင်းနှီးနှီး ရယ်ရယ်မောမောပြောဆိုဆက်ဆံနေတာ တွေ့ရလေတိုင်း ဇွန်ပွင့်ရင်မှာ မကျေနပ်သလိုလို တစ်စုံတစ်ခုကို စိတ်တိုင်းမကျသလိုလိုနှင့် အမြဲလိုမချင့်မရဲ ဖြစ်ရသည်။

တကယ့် တကယ် ပြန်တွေးကြည့်မည် ဆိုလျှင်တော့လည်း ကိုကိုနှင့်မိမိက ဘာမှဆိုင်လည်မဟုတ်။

ကိုကိုကလည်း ဆရာဝန်၊ မကြွကလည်း ဆရာဝန်၊ ရုပ်ရည်ကလည်း လှသည်။ ပညာအဆင့်အတန်း ကိုက်ညီတူသူချင်းမို့ ရွှေနှင့်မြ နေနှင့်လလို အစစ လိုက်ဖက်ညီနေသူတွေ။

မိမိအနေနှင့် ဘာမှ မနာလိုဖြစ်နေစရာအကြောင်း မရှိပါ။



နေ့ဘက် ... သီတာဂူမှာ ခုနစဉ်တုန်းက ဇွန်ပွင့်ဆိုတာ သီတဂူရဲ့ ... စအပေါ် အိမ်ဖော် အဆင့်မှာ ရပ်တည်နေခဲ့သူပဲလေ။

အိမ်ဖော်ကို အိမ်ဖော်လို အခိုင်းအစေလိုသာ ကိုက အသိအမှတ်ပြုပေးတာ မဟုတ်ဘူး။

အိမ်ဖော်ကို ဘယ်သူက အိမ်ဦးခန်းတင်ပြီး တန်းတူရည်တူ သဘောထားဆက်ဆံချင်ပါ့မလဲ။

မျက်နှာသာ မပေးသည့်အတွက် ဝမ်းနည်း ချင်စရာအကြောင်း မရှိပါ။ မကြွတို့သာတဲ့နေရာက ငါကိုကလည်း ငါပဲ ပါမှ။

ညှော်သည်တွေကို ညှော်ဝတ်ကျေအောင်မပြုစုမိလို့၊ ကိုယ့်အပြစ်နဲ့ကိုယ် အဆူခံရတာပဲ၊ ဘာဖြစ်လို့များ ဆဘ်ဆဲတိထိမခံနာကြည်းနေ၊ မခံမရပ်နိုင်ဖြစ်နေရတာလဲ။

ကိုယ့်ဘာသာကိုယ် ဆန်းစစ်သလို မြန်မေး မိတိုင်း ဇွန်ပွင့်စိတ် မလုံ့လဲ ဖြစ်သွားရလေသည်။

''ဘုရား....ဘုရား....ငါ ကိုကို့ကို ချစ်များချစ်နေမိပြီလား မသိပါဘူး....

''အို....မဟုတ်ဘူး၊ မဟုတ်ဘူး၊ လုံးဝ မဟုတ်ဘူး၊ ငါ ကိုကို့ကို မချစ်ပါဘူး၊ မုန်းတယ်၊ မုန်းတယ်၊ မုန်းသာမှ သိပ် မုန်းတာပါ''

ကိုယ့်ကိုယ်ကို အတွေးဖြင့်အားပေးရင်း စိတ်ကိုလည်း သံပတ် တင်းရပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အောက်ကျနောက်ကျနိုင်လှသော တင်ဖက်သိတ်အချစ်ဖြင့်တော့ ဇွန်ပွင့် ဘယ်သူ့ကိုမှ မတွယ်တာချင်ပါလေ။

ထိုစဉ်....

“မဇွန်ဦး ဘာတွေများ အကြိတ်အနယ် စဉ်းစားနေ ယလဲဗျာ”

“ဟင်”

ဘယ်အချိန်က ဇွန်ပွင့် အနားရောက်နေမှန်းမသိသော ဗိုလ်သန့်ဇော်ကို ရယ်ရယ်မောမော အနေအထားနှင့်တွေ့လိုက်ရ၍ ဇွန်ပွင့် အတွေးစများ ကပျာကယာ ရုပ်သိမ်းလိုက်ရ၏။

စောစောက ကိုကိုတို့နှင့် လိုက်သွားသော သူက ချက်ချင်းလိုလို အိမ်ပြန်ရောက်လာ၍လည်း တအံ့တသြ စပ်စုမိသည်။

“ဗိုလ်ကြီး ဦးနေမျိုးတို့နဲ့ လိုက်မသွားဘူးလား၊ ဇွန်ပွင့်က တစ်ပါတည်း လိုက်သွားတယ်အောက်မေ့လို့”

“အစ်ကိုကြီး နှစ်ယောက်စလုံး သူတို့သူငယ်ချင်းတွေ ချောဆွဲတဲ့နောက် ပါသွားတယ်လေ၊ ကျွန်တော် ဘယ်မှ လိုက်မသွားပါဘူး၊ မမေခင်နဲ့ စကားပြောနေတာ”

“ဪ....”

အခုမှ ဇွန်ပွင့် ခေါင်းညိတ်လိုက်ရင်း နေရာမှ ထ ရပ်လိုက်တော့ ဗိုလ်သန့်ဇော်က ဇွန်ပွင့်ကို နှစ်လိုဖွယ်တစ်ချက် လှမ်းကြည့်ရင်း ယဉ်ကျေးစွာ ခွင့်ပန် စကားဆိုလေ၏။

“ကျွန်တော် ဒီနားမှာ ခဏ ထိုင်မယ်နော်၊ ဝန်မ



လေးဘူးဆိုရင်လဲ မဇွန်ပွင့်ကို စကား နည်းနည်း ပြောပါရစေ”

“ဇွန်ပွင့်ကို ဇွန်ပွင့်လို့ပဲ ရင်းရင်း နှီးနှီး ခေါ်နိုင်ပါတယ် ဗိုလ်ကြီး၊ မမမေခင်နဲ့ ပတ်သက်တဲ့ မိတ်ဆွေဟာ ဇွန်ပွင့်အတွက်လဲ မိတ်ဆွေပါပဲ”

ဇွန်ပွင့် လိုက်လိုက်လျောလျော စကားဆိုသဖြင့် ဗိုလ်သန့်ဇော်က ခေါင်းဆတ်၍ နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်ပြီးမှ သူ ပြောလိုရာကို မြုန်းစားကြီးပြောချလာလေ၏။

“ဒါဆိုရင်လဲ ဇွန်ပွင့်လို့ပဲ ရင်းရင်းနှီးနှီး ခေါ်မယ်နော်၊ ကျွန်တော် မနက်ဖြန်ဆို တောင်ငူပြန်ရတော့မှာ၊ ဟိုရောက်ရင် ဇွန်ပွင့်ဆီ စာရေးချင်တယ်ဗျာ၊ ဇွန်ပွင့် ခွင့်ပြုနိုင်မလား ဟင်၊ မမေခင် လိပ်စာနဲ့ ထည့်ရင် ဇွန်ပွင့်ဆီ ရောက်နိုင်မလား”

သွယ်ဝိုက်သော နည်းဖြင့် စာရေးခွင့် တောင်းရင်း လိပ်စာပါ တောင်းဆိုလေပြီမို့ ဇွန်ပွင့် ရှက်တာရက် ကြောင်သွားရသည်။

ချက်ချင်းကြီး ဘာပြန်ဖြေရမှန်း မသိ။

“ဘယ်လိုလဲဗျာ”

ထပ်ဆင့် မေးလာလေမှ ဇွန်ပွင့် အငြင်းရ ခက်ခက်နှင့် ခေါင်းညိတ်ရင်း စကားအလိုက်သင့် ဆိုရသည်။

“ရပါတယ် ဗိုလ်ကြီး၊ ခင်မင်လို့ စာရေးတာပဲလေ၊ ဇွန်ပွင့် မရိုင်းတတ်ပါဘူး၊ မမမေခင် လိပ်စာနဲ့ ထည့်လို့ ရပါတယ်”

www.burmeseclassic.com

www.burmeseclassic.com



သည်လောက် ခွင့်ပြုရုံနှင့်ပင် ဗိုလ်သန့်ဇော်၏ မျက်နှာတခေတ္တ ကြည်နူးကျေနပ်ဖိတ်ဖြင့် ဝင်းသက်သွားရ၏။

"တပ်ပြန်ရောက်ရင် ချက်ချင်းလိုလို ရွှေ့ဘန်း ပြန်ထွက်ရမှာ ဇွန်ပွင့်ရဲ၊ ဒီမှာလို ဇိမ်နဲ့နေဖို့ အချိန်ပိုတွေ မရှိတော့ဘူး၊ ဇွန်ပွင့်ကိုတော့ ကျွန်တော် အမြဲဘမ်း သတိရနေမိမှာပါဗျာ၊ ကျွန်တော် စာရေးရင် ဇွန်ပွင့် တကယ်စာပြန်ပါမလား ဟင်"

မဝံ့မရဲ ထပ်မေးနေ၍လည်း ဇွန်ပွင့် ခေါင်းညိတ်ပြရပြန်သည်။

"ဗိုလ်ကြီးကို လေးစားတဲ့ စိတ်နဲ့ ဇွန်ပွင့် စာပြန်နိုင်အောင် ကြိုးစားပါမယ်"

"ကြိုးစားရုံတင်ပဲလား"

"ဩော်....ကြိုးစားတဲ့ နောက်တော့ မဖြစ်မနေ စာပြန်ဖြစ်သွားပြီပေါ့ ဗိုလ်ကြီးရယ်"

သည်လိုကျတော့လည်း ဇွန်ပွင့် မျက်နှာလေးပါ ပြုံးယောင်ယောင် ဖြစ်သွားရ၍ ချစ်စဖွယ် ဖူးစင်နေအောင်လှသော ဇွန်ပွင့်ဦးကို အမှတ်မထင် ငေးစိုက်ကြည့်ရင်း ဗိုလ်သန့်ဇော် နှစ်နှစ်ခြိုက်ခြိုက် ပြုံးလေသည်။

ဘာရယ် မဟုတ်ပေမယ့် တွေ့ဆုံရသော အချိန်ကာလတိုတောင်းလွန်းလှသော အချိန် အပိုင်းအခြားလေးအတွင်းမှာပင် ဇွန်ပွင့်ဦးဆိုတဲ့ သည်မိန်းကလေးကို သူချစ်မိပါပြီလေ။



ဒါပေမယ့် ငဲ့ကွက်ရမည့် အခြေအနေ အရပ်ရပ်ကြောင့် ဇွန်ပွင့်ကို သူ ဖွင့်မပြောရဲပါ။

အချိန်ကာလစောင့်ပြီး ဖွင့်ပြောဖို့ ကျပြန်တော့လည်း သူ့မှာ အချိန်မရ။ အချစ်ရေးထက် အရေးပိုကြီးသော စစ်ရေးတာဝန်ရှိရာ စစ် မြေ ပြင် ဆီ သို့ ပြန်သွားရဦးမည်လေ။

သည်မိန်းကလေးနှင့် ဘယ်တော့များမှ ပြန်လည်တွေ့နိုင်မည်ဆိုတာ အတပ်မပြောနိုင်သည့်အဖြစ်။

"ဟင်း...."

ရင်ထဲမှာ မရှုနိုင် မရှိုက်နိုင်မို့ သက်ပြင်းကိုသာ တိတ်တခိုး ရှိုက်လိုက်မိလေ၏။

ဇွန်ပွင့်ကတော့မိမိ၏ရင်ထဲမှမရိုးသားသောစိတ်အနေအထား အပြောင်းအလဲကို သိရှိရိပ်မိဟန်မတူ။

တည်တည်ငြိမ်ငြိမ်လေးပဲ ရှိနေ၏။

တကယ်တမ်းကျတော့ ဗိုလ်သန့်ဇော် အကဲခတ် လွဲသွား၍သာပါ။ ဗိုလ်သန့်ဇော်ရင်ထဲမှာ ဘာတွေတွေးနေဖြစ်ပျက်နေသည်ဆိုတာကို ဇွန်ပွင့် ကောင်းကောင်းရိပ်မိနေပါ၏။

"ဗိုလ်သန့်ဇော်၏ အမူအရာက ဇွန်ပွင့်အပေါ် ဟန်မဆောင်နိုင်လောက်အောင်စိတ်သွတ်နေမှန်း၊စိတ်ဝင်စားနေမှန်း မြင်ရုံမျှနှင့် သိသာလွန်းနေသည်ပဲလေ။

ဒါပေမယ့်လည်း အမှန်အတိုင်း ပြောရလျှင် ဇွန်ပွင့်

www.burmeseclassic.com

www.burmeseclassic.com

သူ့ကို ခင်ရိုသာခင်သည်။ သည့်ထက်မပိုပါ။ ပိုလည်း မပိုချင်ပါ ဒါကြောင့် ပုံမှန်ဆက်ဆံမိခြင်းဆိုလျှင်မမှား။

ဇွန်ပွင့် ရင်ထဲမှာ သူ့အက် ဦးစွာ ကြိုတင်ဝင်ရောက်လာနိုင်သော အချစ်ပုံရိပ်တစ်ခု စွဲအင်နေပြီးသား ဖြစ်နေပေပြီ။

ချစ်သည်လား၊ မချစ်သည်လား သဲသဲကွဲကွဲ ဆုံးဖြတ်ချက် မချနိုင်သေး၍ သိစိတ်နှင့်မသိစိတ် အားပြိုင်လွန်ဆွဲပြီး နှစ်ဦးသား အတွေးကိုယ်စီ ငြိမ်နေတုန်းဆဲ။

"ကိုကိုနော်...ဘာလို့ အရက်တွေသောက်လာတာလဲ၊ မေမေကြီးသိရင် မေခင့်ကိုပြောနေတော့မှာလဲ၊ မောင်ကလဲနော် အတူလိုက်သွားလျက်သားနဲ့ဘာမှမပြောဘူးလား"

"မောင် တားတဲ့ကြားက ဒီကောင် ဇွတ်သောက်တာကွ၊ စိတ်ညစ်လို့တဲ့၊ အိမ်ပြန်မလိုက်တော့ဘူးတောင်လုပ်နေလို့ ဇွတ်ပြန်ခေါ်လာရတာ"

အိမ်ရှေ့ဆီမှ မမမေခင်၏အသံနှင့် ဗိုလ်ကြီးညိုမြင့်၏အသံများ ပျံလွင့်လာ၍ ဇွန်ပွင့်ကိုယ်လေး ဆတ်ခနဲ မတ်သွားပြီးမှ ပြန်ဖို့ကြိုးပြင်ရင်း အနားမှ ဗိုလ်သန့်ဇော်ကိုပါ တစ်ဆက်တည်း နှုတ်ဆက်လိုက်ရသည်။

ဇွန်ပွင့် သည်မှာ သည့်ထက်ဆက်နေလို့မကောင်းတော့ပါ။ ပြန်ချိန်သင့်နေပြီပဲလေ။

"ကဲ...ဗိုလ်ကြီးရေ၊ ဇွန်ပွင့်ကို သွားခွင့်ပြုပါနော်"

"ကောင်းပါပြီဗျာ၊ နောက်ပြန်ဆုံကြသေးတာပေါ့"



ဇွန်ပွင့် ပြုံး၍ ခေါင်းညိတ်ရင်း နေရာမှ လှည့်ထွက်ခဲ့သည်။ ညှော်ခန်းထဲရောက်တော့ ဆိုဖာပေါ်တွင်ပက်လက်အိပ်ကာ အမူးလွန်နေဟန်တူသော ကိုကို့အနားမှ ပြုံးစုနေသော မမမေခင်။ ပြီးတော့...ဗိုလ်ကြီးညိုမြင့်ကိုပါ တွေ့လိုက်၍ ဇွန်ပွင့်အားလုံးကို မျက်လုံးတစ်ချက် ဝေ့ကြည့်ရင်း မမမေခင်ကို နှုတ်ဆက်ရပြန်သည်။

အန်ကယ် ဦးဖေသက်နှင့် အန်တီမိုးနှာကိုတော့မတွေ့။ သတို့သား အိမ်မှ ပြန်လာသေးဟန်မတူ။

"ဇွန်ပွင့် ပြန်ပြီနော်...မမ"

ဇွန်ပွင့်အသံ ကြားတော့ မမ မေခင်က ကိုကို့ကို တစ်ချက် လှည့်ကြည့်လိုက်ပြီးမှ မျက်စိမျက်နှာ ပျက်စွာ ခေါင်းညိတ်ပြ၏။

ကိုကိုနှင့် ဇွန်ပွင့်တို့၏ မပြေလည်သော ပြဿနာကြားမှာ မမမေခင်ပါရောပြီး စိတ်ညစ်နေရသော အဖြစ်မို့ ဇွန်ပွင့် စိတ်ရှုပ်စွာ သက်ပြင်းရှိုက်မိသည်။

ဒါပေမယ့်လည်း ဟိုတလောဆီက ဇွန်ပွင့် ရှေ့မှာ ကိုကို့ကို မကြေ ချိုချိုခွဲခွဲ နှုတ်ဆက်သွားပုံကို ပြန်မြင်ယောင်လာမိတော့ ဇွန်ပွင့် မျက်နှာလေး ချက်ချင်းပဲ ပြန်ဖမ်းသွားရလေ၏။

ကိုကို့ကို မထေ့ တထေ့ တစ်ချက် လှမ်းကြည့်လိုက်ပြီးမှ အနားမှ ဗိုလ်သန့်ဇော်ကိုလည်း နှစ်လိုဖွယ် ပြုံး၍ ထပ်ဆင့် နှုတ်ဆက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်းမှာပင်အားလုံးကိုလည်းကျောခိုင်းပစ်လိုက်သည်။ ဇွန်ပွင့်တို့က လူတစ်ယောက်ကို မုန်းမိလျှင်ရေဆုံးရေဖျားပါပဲ။

"သွားမယ်၊ ဗိုလ်ကြီး ကိုဇော်ရေ"

ဇွန်ပွင့်ဦး၏ ချစ်စဖွယ်အသံချိုနွဲ့နွဲ့လေးက ညှော်ခန်းထဲမှာ ဝေ့ဝဲကျန်ရစ်ခဲ့သဖြင့်....

"တောက်"

နေမျိုး မျက်စိစုံမှိတ်ရင်း တောက်တစ်ချက်ပြင်းထန်စွာခေါက်မိသည်။

"ကိုကို၊ သတိထားလေ"

စိုးရိမ်တကြီး သတိပေးသလိုပြောလာသော မေခင့်ကိုလည်း ဂရုမစိုက်နိုင်တော့။

ရင်ထဲမှာ တကယ် ဆောက်တည်ရာ မရလောက်အောင်ခံပြင်းရသည့်အဖြစ်ပါပဲ။

"မင်း....ငါ့ကို ပညာရှိနည်းနဲ့ တမင်နှိပ်စက်နေတာလား ချာတိတ်ရယ်၊ တို့ကို မင်းနိုင်ပြီးသားပါ၊ မင်းကိုနဂိုကတည်းကအရှုံးပေးထားတဲ့ သူ့အတွက် ထူးပြီးရှုံးစရာအကြောင်းရှိပါ့မလား"

ဗိုလ်သန့်ဇော်နှင့် မိတ်ဆက်ပေးစဉ်က မျက်နှာ ချိုချိုလေးဖြင့် ချစ်စဖွယ်ပြုံးပန်းဝေနေသော ဇွန်ပွင့်....

မိမိနှင့် မိတ်ဆက်ပေးတော့ မျက်နှာလေးကို ထိမ်းထင်ဟန်ပင့်ရင်း ပြုံးတယ်ဆိုရုံမျှ တုံ့ပြန်လေခဲ့သော ဇွန်ပွင့်။



ပုံစံချင်းက ကွာချင်တိုင်းကွာခြားနေသည်မို့ ရင်မှာမချင့်မရဲဖြစ်ရသည်။

မိမိက မသိဟန်ဆောင်၍ ပြုံးရွှင်စွာ စကားဆိုလေတိုင်းမှာ မျက်နှာ တည်တည်လေးဖြင့် မေးတစ်ခွန်း ဖြေတစ်ခွန်းသာ တုံ့ပြန်ခဲ့လေသော ဇွန်ပွင့်ဦး၏ မျက်နှာဖူးဖူးလေးက ဗိုလ်သန့်ဇော်နှင့် စကားဆိုနေချိန်များမှာတော့ မယုံနိုင်လောက်အောင် ပြုံးပန်းများစွာ ဖူးပွင့်ဝေဆာနေလေသည်မို့....

"မင်းကို ကိုကို ဘယ်လို နားလည်ရတော့မှာလဲ ချာတိတ်ရယ်၊ ချာတိတ် .. ဒီလောက်တောင် ခါးခါးသီးသီးမုန်းသွားရလောက်အောင် တို့ဘာအပြစ်တွေ ကျူးလွန်မိလို့လဲ၊ ချာတိတ် မုန်းချင်လောက်အောင်လဲ တို့ဘာအပြစ်မှမကျူးလွန်မိပါလား"

အရက်မူး....အတွေးမူး....အချစ်မူး....

သည်သုံးမူး စုကာ ပေါင်းကာ မူးလေတော့....ခေါက်တာနေမျိုးတစ်ယောက်ချာချာလည်အောင် ကျွမ်းပြန်နေအောင် မူးပါလေပြီတည်း။

ချစ်တဲ့ ချာတိတ်ကတော့ သိမှ သိပါလေစ။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

အခုတလော ဘယ်လိုဖြစ်နေသည် မသိ။

စိုတ်တို့မဘည့်ငြိမ်။ ဦးတည်ချက်မရှိ ဟိုသည်လွင့်မျော ပျံ့လွင့်နေသလိုပါပဲ။

အထီးကျန်ဆန့်လွန်းသည့် ဘဝကလည်း ရက်ရှည်ကြာလေ ခါးသီးလွန်းလေ ဖြစ်ရသည်။

ခုဆိုလျှင် ညညအိပ်မပျော်သဖြင့် အိပ်ဆေးသောက်ပြီး အိပ်ပျော်ခြင်း အရသာနေရသောညပေါင်းမှာမနည်းတော့။

သည်သောက် အိပ်ဆေးကူသည့် ကြားမှပင် တစ်ခါတလေ အလွယ်တကူ အိပ်မပျော်သဖြင့် ညဉ့်နက်သန်းခေါင်အထိ မျက်လုံးပြူး ကြောင်ချင်နေသေးသည်။

တစ်နေ့တခြား ဖြူဖျော့ပိန်လှီပြူလာသော ဇွန်ပွင့်ကို စိတ်မချသဖြင့်အန်တီမိုနာနှင့်မမမေမခင်ကလည်းမကြာခဏ လာရောက်ပြီး အမျိုးမျိုး ချော့ခေါ်ကြတော့၏။

ဇွန်ပွင့်ငြင်းလေတိုင်း၊ ခေါင်းခါလေတိုင်းမှာလည်း နှစ်ဦးစလုံး မျက်စိမျက်နှာပျက်စွာ အလျော့ ပေးသွားကြရမြဲ။

မမမေမခင်ကဆိုလျှင် 'ဘာဖြစ်လို့ နှစ်ဦးနှစ်ဖက် စိတ်ဆင်းရဲရအောင် ဖန်တီးနေရဘာလဲ' ဟုပင် ဒေါသစကားဆိုသည်။



ဇွန်ပွင့် ကျန်းမာရေးအခြေအနေက သူတို့စိုးရိမ်သလို တစ်နေ့ထက်တစ်နေ့ ပိုဒိုး ချည့်ယွင်းလာမှန်း ဇွန်ပွင့်ကိုယ်တိုင် ခံစားသိရှိနေရပါမယ် ဇွန်ပွင့် မတုန်လှုပ်တော့ပါ။

မြန်မြန်မသေသွားလည်း နားအေးတာပဲဟု သဘောထားလိုက်သည်။ စိတ်ရောကိုယ်ပါ မချမ်းသာသောဘဝတွင် ဘာကိုမှ ရယူလိုစိတ်မရှိသလို ဘာကိုမှလည်း တန်ဖိုးမထားချင်တော့။

ရတောင့်ရခဲ အသက်တစ်ချောင်း ကိုပင်လျှင် နှမြောတန်ဖိုးထားရမှန်း မသိချင်တော့ပါပြီလည်း။

ဇွန်ပွင့်နည်းတူ စိတ်ရောကိုယ်ပါ ထိခိုက်ခံစားနေရသူ တစ်ယောက်သည်း ရှိနေပါသေး၏။

သူကတော့ — နေမျိုး။ ဒေါက်တာ နေမျိုးရယ်ပါ။

ဇွန်ပွင့်နှင့် ပတ်သက်သမျှ အကြောင်းစုံကို မေခင့်ထံမှ အဆက်မပြတ်ကြားသိနေရသဖြင့်၊ နေမျိုးပိုစိတ်ထိခိုက်နေရသည်။

ကျန်းမာရေးအခြေအနေမကောင်းဟုဆိုလာ၍ စိုးရိမ်တကြီး သွားတွေ့ပြန်တော့လည်း ဇွန်ပွင့်က အတွေ့မခံ။

"ငါ ဘာလုပ်ရင် ကောင်းမလဲ"

ကြေးရလွန်းသဖြင့် ဦးခေါင်းကတော့လည်း ထူပူနေလှပြီ။ အဖြေကတော့ အခုထိ မတွေ့သေး။

ကြံရာမရသည့်အဆုံး၊ ထွက်ပေါက်ရှာရန်ကားကိုမြင့်ဦးရှိရာ ဆေးခန်းဆီသို့သာ ဦးတည်ပစ်လိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



အချစ်နှင့် ပတ်သက်လာသည့် အခါကျတော့ နေမျိုးလုံးဝဟန်ဆောင် မာန်မတင်းနိုင်။

ဆရာဝန်ဆိုသည့် ဂုဏ်ဒြပ်နှင့်ဘယ်လောက်ပင်တင့်တယ်ခန့်ညားနေပါစေ၊ ဆရာဝန်လည်း လူသားထဲကလူသားပေပဲမို့၊ ချစ်တတ်၊ မြတ်နိုးတတ်၊ တွယ်တာတတ်သောနှလုံးသားနှင့် လူမို့ အရှုံးတစ်ပိုင်း ခံစားရမှာ၏။

"ဟ....ဒါက ဘာဖြစ်လာတာလဲ၊ မျက်နှာကလဲ အီးမှန်ထားတဲ့အတိုင်းပဲ၊ ရှုံ့မဲ့နေလိုက်တာ စောစောစီးစီး ဆေးခန်းကို ဒီပုံစံနဲ့ လာမနှောင့်ယှက်စမ်းပါနဲ့ကွာ၊ လာဘ်တိတ်လွန်းလို့"

ဆေးခန်းထဲသို့ မျက်နှာညှိုးညှိုးဖြင့် ဝင်လာသောနေမျိုးကိုမြင်တော့ မြင့်ဦးက အလန့်တကြားနှင့်ထအော်လေသည်။

နေမျိုးမတုန်မလှုပ် ငြိမ်နေတွေနေ၍သည်း....

"ဟေ့ကောင်၊ ငါမေးနေတာ ဖြေလေကွာ၊ မထုံတတ်တေးနဲ့ ဘယ်လိုဖြစ်နေတာလဲ"

"ဟာ...ဟေ့ကောင်နေမျိုး၊ မင်းကိုမေးနေတာကွ၊ ဘယ်လိုဖြစ်နေတာလဲ"

"ရော်...ဒီကောင်တော့ ဒုက္ခပါပဲ"

ကြာတော့ နေမျိုးပုံစံကိုကြည့်ပြီး ဒေါက်တာမြင့်ဦးအားမလိုအားမရနှင့် စိတ်မရှည်ဖြစ်သွားရ၍ နေမျိုးကိုယ်ကို ဆွဲကိုင်လှုပ်လေတော့သည်။

"နေမျိုး.. မင်း ဘာဖြစ်နေတာလဲ"



"ငါ ဘာဖြစ်နေရမှာလဲ၊ လူဖြစ်နေတာပေါ့ကွ"

နေမျိုး ဘုတွန်းတော့လည်း စိတ်မဆိုးနိုင်။ ဟက်ဟက်ပက်ပက် ရယ်ရင်း သူ သိလိုသမျှကိုသာ ဇွတ်အတင်းမေးလေသည်။

"မင်းလူဖြစ်မှန်းတော့ ငါသိတာပေါ့ကွ၊ သူမောင်မှမဟုတ်တာ၊ ငါပြောတာက ရှင်းရှင်းလေး၊ မင်း လင်းတမှိုင် မှိုင်ပြီး မျက်ခွက်လေး ဆိုးရွက်လောက် ဖြစ်နေရတဲ့အကြောင်းရင်းကို မေးနေတာ"

"ငါ...စိတ်ညစ်လို့"

"အေး....ဟုတ်ပြီ၊ ငါက အဲဒါကို သိချင်တာကွ၊ မင်းဘာဖြစ်လို့ စိတ်ညစ်နေရတယ် ဆိုတာလဲ ပြောဦးလေ၊ ဒါမှ အဖြေရှာလို့ရမှာပေါ့"

"ဟာကွာ....၊ စိတ်ညစ်ပါတယ် ဆိုမှပဲ၊ စိတ်ညစ်စရာရှိလို့ ညစ်တာပေါ့ကွ၊ ပြောနေဖို့ လိုသေးလား"

"လိုသေးတယ် မောင်ရင်၊ လိုသေးတယ်၊ ငါက စိတ်ဝင်စားမိပြီဆိုရင် ရေဆုံး ရေဖျားသိရမှ ကျေနပ်တဲ့ကောင်ကွ၊ မသိဥင်မဖြစ်ဘူး၊ ကဲ...ပြောစမ်း၊ ဘာကြောင့် စိတ်ညစ်ရတယ်ဆိုတဲ့ အကြောင်းရင်း"

သည်လိုကျတော့လည်း မြင့်ဦးက တကယ်ပဲ သိလိုစောကြီးစွာ အသည်းအပေါက် မေးနေ၍ နှုတ်ကမနည်းရှယ်ဘဲ လွှတ်နေ အမှန်အတိုင်း ဖြေဖြစ်သွားသည်။

"ချာတိတ်ကြောင့် ငါစိတ်ညစ်နေတယ် မြင့်ဦး"

www.burmeseclassic.com



"ဘာကွ၊ ချာတိတ်ကြောင့် ဟုတ်လား၊ ဘယ်က ချာတိတ်ကြောင့်လဲ၊ မင်းဟာက ဘာတွေမှန်းလဲ မသိဘူး၊ အကုန်လုံး မရေမရာချည်းပဲ"

ဒေါက်တာမြင့်ဦးက ဘာမှ နားမလည်နိုင်တော့သလို မျက်မှောင်ကြီး တွန့်နေသဖြင့် နေမျိုး သက်ပြင်းရှိုက်မိသည်။

ဟုတ်ပေသားပဲလေ။ ချာတိတ် ဆိုတာက နေမျိုး တစ်ယောက်တည်းရဲ့ မှုပိုင် အခေါ်အဝေါ်ပဲ။ မြင့်ဦး ဘယ်သိနိုင်ပါ့မလဲ။

အချစ်ဆုံး သူငယ်ချင်းမို့လည်း ဖွင့်ပြောချမှာ မရှက်ချင်တော့။ ရင်ထဲမှာ တစ်ဦးတည်း ကြိတ်မှိတ်ခံစားနေရသော ဝေဒနာတွေ သက်သာသလို သက်သာငြား ရင်ဖွင့်ပစ်လိုက်ဖို့ ဆုံးဖြတ်လိုက်မိ၍…

"ချာတိတ်ဆိုတာ…ဇွန်ပွင့်ဦးကို ပြောတာ"

"ဩော်…မင်းနှမတော်တယ် ဆိုတဲ့ မဇွန်ပွင့်လား။ သူ့အခု ဘာဖြစ်လို့လဲ၊ လင့်နောက်လိုက်သွားလို့လား"

"တော်စမ်းပါကွာ၊ ပါးစပ်ပုပ်ကြီးနဲ့ မဦးမချွတ် လျှောက်မပြောစမ်းနဲ့"

မြင့်ဦးကို မခံမရပ်နိုင် ဟန့်တားရင်း ဇွန်ပွင့်နှင့် ပတ်သက်၍ လက်ရှိရင်ဆိုင်နေရသော အခြေအနေနှင့် ရင်ထဲက ခံစားချက်တွေကိုပါ မခြွင်းမချန် ဖွင့်ဟ ပြောမိသည်။



နေမျိုး၏ စကားဆုံးတော့ ဒေါက်တာ မြင့်ဦး က တဟားဟား သော်ရယ်၏။

"ယက်စသတ်တော့ မင်းတို့ဘာကဇာတ်ပေါင်းခန်းမှ မင်းသားအသုံးမကျလို့မျောနေတဲ့ဇာတ်လမ်းကြီးပဲကွ၊ ပြောတော့လဲ ဇွန်ပွင့်က နေမျိုးနီးစပ်ထဲက ကာစင်ဆို၊ အခုမှ ကာဇင်း ကာရင်းနဲ့ စည်သွက်သွားလို့ မရှုနိုင် မကယ်နိုင်ဖြစ်ပြီး ငါ့ဆီရောက်လာရတယ် ဆိုပါတော့၊ ဟုတ်လား…

"နေမျိုး…နေမျိုး… မင်းဟာတော့လေ ကိုယ် ကြိုက်နေတဲ့ ကောင်မလေးကိုလဲ နှမတော်တယ် ပြောလိုပြော၊ တကယ် နှမတော်တယ်ထင်ပြီး တောင်းတဲ့လူရှိလာတော့ အဲဒီလူကို ရန်လုပ်လိုလုပ်၊ မိန်းကလေးကို အပြစ်ရှာပြီး ရန်လုပ်လိုလုပ်နဲ့ တစ်ယောက်တည်း ရှုပ်ရှက်ကိုခတ်နေတာပဲ"

"တကယ်ဆို အဲဒါ ငါကြိုက်နေတဲ့ကောင်မလေးကွ ငါ့ရည်းစားလောင်း…ငါ့ဇနီးလောင်းလို့ နဂိုကတည်းက ခပ်ပြတ်ပြတ် ပြောလိုက်ပါလား၊ ခုတော့… မင်းအသုံးမကျလွန်းလို့ ဝေ့လည်ကြောင်ပတ် လုပ်လွန်းလို့ ဇာတ်က မမျောသင့်ဘဲနဲ့ ဇာတ်လမ်းရှုပ်ပြီး မျောနေတာ သိရဲ့လား၊ တကယ်ဇာတ်ပေါင်းခန်းကို ရောက်ပြီပဲ ဟာ၊ မြန်မြန်ဇာတ်ပေါင်းပစ်လိုက်တော့ပေါ့၊ ဘယ်သူ့ နေရဦးမှာလဲ…

www.burmeseclassic.com

www.burmeseclassic.com



"တုန်းဆိုတိုက် ကျားဆိုကိုက်ပဲ၊ ကြမ်းသင့်ရင်လဲ ကြမ်းပစ်ရဦးမှာပဲ၊ အေးအေးဆေးဆေး ဖွင့်ပြောလို့ ရရင်ရ၊ မရနိုင်ရင် ခိုးပြေးပစ်လိုက်ပေါ့ကွာ"

ဟုတ်ပါရဲ့၊ မြင့်ဦးထောက်ပြလာလို့မှ မိမိ၏အားနည်းချက်ယွင်းချက်၊ ပျော့ညံ့ချက်များကို နေမျိုးပြန်သတိပြု ဖြစ်သွားသဖြင့် မြင့်ဦး၏ပခုံးကို အားပါးတရ ဖက်ရင်း ကျေးဇူးစကား ဆိုမိသည်။

"တစ်သက်နဲ့ တစ်ကိုယ် မင်းကို ပထမဆုံး အကြိမ် ကျေးဇူးရှင်စာရင်း သွင်းလိုက်ပြီ၊ ကျေးဇူးတင်သွားပြီ သူငယ်ချင်း"

ဒါပဲ ပြောပြီး နေမျိုး စကားဆုံးသည်နှင့် တစ်ချိုးတည်း ပြန်ထွက်လာခဲ့၍ အပြေးတစ်ပိုင်းထွက်သွားသော နေမျိုးကို ကြည့်ပြီး မြင့်ဦး ခေါင်းတဆတ်ဆတ် ညိတ် ကျန်ရစ်လေသည်။

နေမျိုး ဘယ်သွားမည်ဆိုတာလည်း ခုချိန်မှာ မေး မေးစရာမလိုဘဲ မြင့်ဦး အတပ်သိလိုက်ပါ၏။

ဇွန်ပွင့်ဦးဆီကလွဲ၍ ဘယ်ဆီဖြစ်နိုင်ပါဦးမည်လဲ။

တကယ်တော့လည်း နေမျိုးရင်ထဲက ဝေဒနာတွေ မြင့်ဦး အခုမှ သိခြင်းမဟုတ်ပါလေ။

ဇွန်ပွင့်ကို စ၍သလိုနောက်သလိုနှင့် မိမိတောင်း နေမျိုးဟန်မဆောင်နိုင်အောင် ပေါက်ကွဲခဲ့တာ သူ့အိမ်သွားသည့်နေ့က၊ မိမိရှေ့မှာ ဇွန်ပွင့် ခလုတ် မိ၍ အမှတ်မထင် ဆွဲထူပေးမိရုံမျှနှင့် နေမျိုး ဒေ



တာကြီး ဖြစ်ခဲ့တာတွေကို သတိပြုမိကတည်းက နေမျိုး ရင်ထဲကတိတ်တခိုးအချစ်ကို သိနားလည်ခဲ့ခြင်းဖြစ်ပါ၏။

အခုများကျတော့ သည်အကောင် ဟန်ပင်မဆောင်နိုင်တော့။ ရှုံးနိုင် မရှုံးနိုင်နှင့်ဝေဒနာကိုမကွယ်ဝှက်တမ်း ကြေညာသွားလေပြီ။

သူ့ဟာကွက်ကို ထောက်ပြလိုက်သည်နှင့် တစ်ချိုးတည်း ဒရောသောပါး လစ်သွားလိုက်တာ နောက်သို့ပင် လှည့်မကြည့်တော့။

လူပျိုကြီးများချစ်မိတော့လည်း မရှက်နိုင်၊ မကြောက်နိုင်၊ ဇွတ်ကြီးပါပဲလားဟု စာစီရတော့မလိုပင် ဖြစ်နေပြီ။

တကယ်တမ်းကျတော့လည်း နေမျိုးကိုပြောမယ်သာ ပြောရ၏။ မိမိလည်း နေမျိုးနှင့် ဘာမှမထူး။

မကြေကို စ၍နှိုင်းနောက်ချင်းမှ တကယ်ချစ်ခင်စွဲလမ်းလာမိ၍ အခက်တွေ့နေရသည့် အဖြစ်ပေ။

ပင်မြင့်စံ ငွေသဇင်မို့ လက်တွေ့ချုံ့ရန် ခက်ခဲလွန်းပါ၏။ ဇွန်ပွင့်ရှိရာ တည်းခိုခန်းသို့ အမောတကြီး သွားတွေ့သော နေမျိုးတစ်ယောက်မှာလည်း တည်းခိုခန်းရောက်သော့ ဇွန်ပွင့်နှင့်တွေ့ခွင့်မရ။ ဇွန်ပွင့်ကမတွေ့ချင်ဟု ငြင်းဆန်နေ၍ မှင်သေမောသွားရသည်။

"ဘယ်သူနဲ့မှ မတွေ့ချင်ဘူးလို့ ပြောနေတယ် ကို နေမျိုး"

www.burmeseclassic.com

www.burmeseclassic.com



မေခင်၏ သူငယ်ချင်း သန်းသန်းက အကျိုးအကြောင်း လာပြောသဖြင့်....

"သူ မတွေ့ချင်ပေမယ့် ကျွန်တော် တွေ့ချင်တယ် မသန်းသန်း၊ ခဏလေးပဲဖြစ်ဖြစ် အတွေ့ခံဖို့ ပြောပေးပါဗျာ၊ မတွေ့ရရင် ကျွန်တော် မပြန်ဘူး"

ဖြစ်ချင်ရာဖြစ် ဇွတ်တရွတ်ပြောမိတော့ သန်းသန်း စိတ်ရှုပ်ဟန် ခေါင်းလေး ကုတ်ပြီး အိမ်နောက်ဘက် ပြန်ဝင်သွားပြန်လေသည်။

ခဏကြာတော့ ပြန်ထွက်လာပြီး ခေါင်းယမ်းပြ၏။

"ပြောလို့မရဘူး ကိုနေမျိုးရယ်၊ ဇွန်ပွင့်က သိပ်ခေါင်းမာတာပဲ၊ တခြားလူဆိုရင် ထွက်တွေ့ချင် တွေ့မယ်၊ ကိုနေမျိုးမို့လို့ကို ထွက်မတွေ့ချင်တာလို့ ပြောနေတယ်။ သူ့ကို မနှောင့်ယှက်ပါနဲ့တဲ့"

သန်းသန်းက ဇွန်ပွင့် ပြောသည့်အတိုင်း တစ်သဝေမတိမ်း ပြန်ပြောနေပေမယ့် နေမျိုးကိုတော့ တကယ်ပဲ အားနာနေဟန် တူပါ၏။

မေခင်မှတစ်ဆင့် ဇွန်ပွင့်နှင့် နေမျိုးတို့ မပြေလည်သည့် အခြေအနေကို မခြင်းမချန် သိသွားသူပီပီ တတ်နိုင်သမျှ အကူအညီ ပေးလိုဟန်လည်း ရှိသည်။

ဒါပေမယ့်လည်း သူ ကာယကံရှင် ဇွန်ပွင့်ဦး ကိုယ်တိုင်က ခါးခါးသီးသီး ငြင်းဆန်နေသည့် ကိစ္စပေပဲ။

သန်းသန်း ဘာမျှ ပို၍ တတ်နိုင်ပါဦးမည်နည်း။



နေမျိုးကို ကြည့်လိုက်တော့ ဆိုဖာပေါ်တွင် စိတ်ပျက်လက်ပျက် ထိုင်ရင်း ခေါင်းစိုက်ချကာ ငြိမ်တွေနေတာ တွေ့ရလေသည်။

ဇွန်ပွင့် လုံးဝ အတွေ့မခံသည့်အတွက် စိတ်ထိခိုက်သွားသည်လား မပြောတတ်ပါ။

ခဏကြာမှ တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်ဟန် နေရာမှ ထ၊ ရပ်၍ တိုးတိုးစကားဆို၏။

"သူစိတ်ချမ်းသာသလို နေပါစေတော့ မသန်းသန်း၊ ကျွန်တော့်ကို မတွေ့ရမှ စိတ်ချမ်းသာမယ် ထင်လို့ ကျွန်တော် ဇွတ်တိုး မတွေ့ချင်တော့ပါဘူး၊ ကျွန်တော် ပြန်သွားပြီလို့ ပြောလိုက်ပါ"

ဒါပဲပြောပြီး နေမျိုး ကားကို အမြန်မောင်းထွက်သွားတော့သည်မို့ သန်းသန်း ဘာလုပ်ရမှန်း မသိဘဲ နေရာမှာသာ ကြောင်တက်တက်လေး ရပ်ကျန်ခဲ့ရသည်။

သတိရလို့ လှမ်းကြည့်လိုက်တော့ နေမျိုး၏ ကား အနီလေးက ဟိုအဝေးသို့ ရောက်ရှိသွားလေပြီ။

နေမျိုး ကားထွက်သွားသံ ကြားရမှ အခန်းပြင်ထွက်လာသော ဇွန်ပွင့်ကို တွေ့လိုက်ရ၍လည်း အပြစ်တင်စကား ဆိုဖို့ အားယူနေဆဲ....

"ဟင်...."

မျက်နှာလေးကို မော့၍ ပြုံးတားသော ဇွန်ပွင့်၏ မျက်ဝန်းအိမ်မှာ မျက်ရည်စများကို တွေ့လိုက်ရ၍ သန်းသန်း တအံ့တဩ ဖြစ်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



သည့်နှစ်ခုယောက် ဘယ်လို ဖြစ်နေကြပါလိမ့်။

မတွေ့ချင်ဘူး ဆိုသူကသည်း လာတွေ့သူ ပြန်သွားတာမှ မိနစ်ပိုင်း ရှိဦးမည် မထင်သေး။ မျက်ဝန်းမှာ မျက်ရည်စတွေနှင့်။

တွေ့ခွင့်မရ၍ စိတ်လျှော့ပြီး ပြန်သွားသူ၏ မျက်ဝန်းမှာသည်း မျက်ရည် တလည် လည် နှင့် မို့ အတွေးတွေ ချာချာ လည်သွားရသည်။

ဒေါက်တာ နေမျိုး ပြောခဲ့သော စကားများကို ပြန်ပြောမည်လုပ်တော့လည်း....

"မပြောပါနဲ့တော့ မမသန့်ရယ်၊ ဇွန်ပွင့် အားလုံး ကြားပြီးပါပြီ"

ကျောက်ကယာ ဟန်ဘားခွင်း သန့်သန့်ကို ဖက်ကာ ဇွန်ပွင့် ရှိုက်ငိုလေတော့သည်မို့ သန့်သန့် သက်ပြင်း ရှိုက်ရင်း အားမလို အားမရ စကားဆိုလေတော့သည်။

"ကိုယ့်စိတ်ကိုယ် မနိုင်ဘဲနဲ့များ ဘာဖြစ်လို့ ကိုယ့်အသည်းနဲ့ ရင်းပြီး သူများအသည်းကို ခြေဖို့ ကြိုးစားရတာလဲ ဇွန်ပွင့်ရယ်၊ ခုတော့ ကောင်းသေး ရဲ့လား၊ သူများအသည်း ကြေသလို ကိုယ့်အသည်းလဲကြေရတာပဲ မဟုတ်လား၊ ဖြစ်နိုင်ရင် တင်းထားတဲ့ မာနတွေတစ်ပတ် လောက် လျှော့လိုက်ပါဦးလား ညီမရယ်"

ဇွန်ပွင့် စကား ပြန်မဆိုနိုင်လောက်အောင် ရင်ထဲမှာ တင်းကျပ်နေ၍ အံကိုသာ တင်းတင်းကိုက်ထားမိ၏။



တကယ်တမ်းကျတော့ မမသန့် ပြောသလိုပါပဲလေ။ ကိုကို့အသည်း ကွဲကြေစဖို့ ဇွန်ပွင့် အသည်းနှင့် ရင်းခဲ့ရသည့်အဖြစ်။ မိမိနိုင်မည်ထင်၍ ဖွဲ့တင်းခဲ့မိသမျှ အခုကျတော့ ဇွန်ပွင့်လည်း ကိုကို့ကို မနိုင်ပါပြီ။

ဇွန်ပွင့် အသည်းတွေ ကိုကို့နည်းတူ ကွဲကြေကုန်ပြီလား မသိပါ။ လောလောဆယ် ဇွန်ပွင့် သိတာကတော့ ဝမ်းနည်းတာ၊ ငိုချင်တာ တစ်ခုတည်းပါတည်း။

နေမျိုးတစ်ယောက်မှာလည်း ကြံရာမရပြီမို့ ရင်မောချင်တိုင်း မောနေရသည်။

ဇွန်ပွင့်နှင့် ကင်းဝေးနေသော သီတဂူမှာ နေရသည့် နေ့ရက်များကို အဓိပ္ပာယ်မရှိသလို ကုန်လွန်ခဲ့သလိုခံစားနေရသည်။

ဇွန်ပွင့် သီတဂူမှ ထွက်သွားတာ ဘာလိုလိုနှင့် ရက်သတ္တ နှစ်ပတ်ကျော်လာခဲ့ပေပြီ။

တိတိကျကျ ဆိုရလျှင် ဆယ့်ကိုးရက်တိတိ ရှိပေပြီ။ နေမျိုး၏ ရင်ထဲမှာတော့ ချာတိတ်နှင့် ဝေးနေရတာ ဆယ့်ကိုးကမ္ဘာလောက် ကြာသလိုပါပဲ။

အချိန်တိုင်းမှာ တအောက်မေ့မေ့နှင့် ချစ်သော ချာတိတ် အကြောင်းကိုသာ အမြဲလို တွေးနေ၊ သတိရနေမိသည်။

လက်ကနာရီ ကြည့်လိုက်တော့ ညဆယ်နာရီ ခွဲပြီးနေပေပြီ။

www.burmeseclassic.com



မေမေက စောစောအိပ်ဖို့ အတန်တန် ပြောပေမယ့် လုံးဝ အိပ်လို့မရ။ ရင်ထဲမှာ တင်းကျပ်နေသည်မို့ အနားမှ ကက်ဆက်ကိုသာ လှမ်းဖွင့်လိုက်မိသည်။

ကက်ဆက်ထဲမှ တစ်ဆင့် စိုင်းထီးဆိုင်၏ ကျေနပ်ပါတော့ သီချင်းသံလေးက ဆွေးမြည့်စွာ ပျံ့လွင့်လာ၏။

ခေါင်းမမော့ပါဘူး... ငုံ့ဆဲပါ မင်းအလို
ကျရင် ဒီကမ္ဘာကြီးနဲ့ မကင်းသမျှရယ်...ရှောင်လို့
ထွက်မပြေးရဲဘယ်...မင်းဆီမှာပဲ ငါ့အမြဲရှိမယ်...
ခေါင်းငုံ့ကာရယ်....

အရှုံးမပေးပါဘူးဆိုခဲ့ရင် မင်းရယ်လိမ့်မယ်...
ဒီလိုပဲပေါ့ ကြုံမှသိမယ်...နယ်ထင်လှည့်ငိုတစ်လှည့်
ရှိတယ်...သိစေချင်တယ် ကျေနပ်တော့ကွယ်...
အရှုံးပေးပါတယ်...

ငိုသံ ဟိုဟစ်ဖက်မှာ.... ကြုံးဝါးသံ ဆိုတာ
ရှိတယ်....အနိုင်မယူသူ အရှုံးရဲ့ တခြားတစ်ဖက်
မှာ အောင်မြင်ခြင်းဟာ.... အစဉ်စောင့် ဆိုင်း
တယ်....အေးမိလေသလား....နေမင်းဟာ အထွတ်
အဝင်ရှိတယ် .... နေ့ကွယ်ခဲ့ရင် လမင်း အလင်း
ဆောင် ပေါ်လို့ သူစိုးမိုးမယ်....သိ စေ ချင်တယ်
ကျေနပ်တော့ကွယ် အရှုံးပေးပါတယ်....

သီချင်းသံဆုံးသွားတော့ နေမျိုး၏ မျက်ဝန်းထဲမှာ ချာတိတ်မ ဇွန်ပွင့်ဦး၏ ချစ်ဖွယ် မျက်နှာဖူးဖူးလေးကို တဝဲလည်လည် မြင်ယောင်လာပြန်၏။



စိုင်းထီးဆိုင်၏ 'ကျေနပ်ပါတော့' သီချင်းလေးက နေမျိုး ရင်ထဲမှ ခံစားချက်နှင့် ထပ်တူထပ်မျှ ဖြစ်နေသည် မဟုတ်ပါလား။

"ချာတိတ်ရယ်... ဒီသီချင်းလေးထဲကလိုပဲ ချာတိတ်ကို ကိုကို အရှုံးပေးပါတယ်၊ ဘာမဆို မင်းကို အမြဲတမ်း အရှုံးပေးနေမယ့် ကိုကိုပါ၊ ကျေနပ်ပါတော့၊ တို့ကို ကျေနပ်ပါတော့ကွာ၊ ချာတိတ်ရဲ့ ခါးသီးတဲ့ မျက်ဝန်း စိမ်းစိမ်းလေးတွေ မုန်းတီးဟန် ပေါ်လွင်နေတဲ့ မျက်နှာထား တင်းတင်းလေးတွေကို ကိုကို ရင်မဆိုင် ပါရစေနဲ့တော့"

အတွေးများဖြင့် နစ်မြောနေဆဲ။

"ကရင်...ကရင်....ကရင်"

တိတ်ဆိတ်နေသော ညဉ့်လယ်ယံကို ဖောက်ထွင်း၍ တယ်လီဖုန်းသံ ဆူညံစွာ ထွက်ပေါ်လာ၍ နေမျိုး ကမန်းကတန်း ကောက်ကိုင်လိုက်ရသည်။

"ဟလို... ယမိန်ရှိပါခင်ဗျ၊ သိတဂူကပါ"

"ဟင်...ဟုတ်လား၊ ခဏစောင့် မောင်၊ ငါ အခု ချက်ချင်းလာခဲ့မယ်"

ဖုန်းဆက်လာသူက မောင်...

[illegible] ညီခို၍ ဖုန်းပြန်ချပြီး မေမေ့ကိုနိုးကာ အကျိုးအကြောင်းပြောပြသည်မို့....

"မေမေလဲ လိုက်ခဲ့မယ်သား"

www.burmeseclassic.com

www.burmeseclassic.com



မေမေက စိတ်ပူပန်စွာပြောရင်း သူပါ နေမျိုးနှင့်အတူ လိုက်လာလေသည်။

တည်းခိုခန်းရှေ့ရောက်တော့ သန်းသန်းနှင့် သူ့မိခင်က စိတ်ပူသောမျက်နှာထားဖြင့် နေမျိုးတို့ကို ဆီးကြိုနေလေ၏။

အခန်းထဲရှိ ခုတင်ထက်မှာတော့ ဇွန်ပွင့်ဦး၏ခန္ဓာကိုယ်လေးက သတိမရတစ်ချက် ရတစ်ချက်ဖြင့် ပျော့ခွေနေ၍ သန်းသန်း၏မိခင်က အနားသို့ကပ်လာရင်း နေမျိုးနှင့် မေခင့်ကို အကျိုးအကြောင်း ပြောပြလာသည်။

"အန်တီလဲ သူ့ကို အတတ်နိုင်ဆုံးတော့ ဂရုစိုက်တာပါပဲမောင်ရယ်၊ ဒါပေမယ့် ဒီကလေးမ သိပ်ခေါင်းမာတယ်ကွယ်၊ ညညကျမှခေါင်းလျှော်ပြီးရေနံတာမှာ ထွက်ရပ်နေတတ်တယ်၊ အခုတလော သတိ ထားမိသလောက်ဆိုရင် ညည ညဉ့်နက်မှ အိပ်ရတဲ့ ရက်တွေ မနည်းတော့ဘူး၊ ဒီနေ့လဲ အချိန်မတော်ကြီး ခေါင်းလျှော်ပြီး တစ်ရေးမှအိပ်ဟန်မတူဘူး၊ ညည်းညူသံကြားလို့ အန်တီလာကြည့်တော့ ဒါဖြစ်နေတော့ဘူး၊ တအား ဖျားနေပြီး ဆေးခင်တွေလဲ အခုထိ မခြောက်သေးဘူးလေ၊ ဒါနဲ့ အန်တီလဲ မောင့်ဆီ ဖုန်းဆက်ရတာပဲ"

သူပြောသလိုပင်ဇွန်ပွင့်ဆံပင်များက တကယ်ပဲ စိုရွှဲ ထိုင်းရှိနေဆဲမို့....



"ကျေးဇူးပါပဲ အန်တီရယ်၊ ကျွန်တော်တို့ သူ့ကိ
အိမ်ခေါ်သွားတော့မယ်၊ အိမ်မှာ နားနားနေနေ ဆေ
ကုမှဖြစ်မှာ"

ကျေးဇူးတင်စကားဆိုရင်း တစ်ဆက်တည်း ပျော့ခေ
နေသော ဇွန်ပွင့်၏ကိုယ်လေးကို နေမျိုးအလိုက်သင့်ပွေ
ယူလိုက်သည်။

အဖျားက တစ်ရက်နှင့်တစ်ရက်ဆက်တိုက်ကိုယ်ပူမကျ
ခြစ်ခြစ်တောက်ပူနေသည်မို့ ဇွန်ပွင့် အနားတွင် နေမျိုး
ကိုယ်တိုင် နေ့ရောညပါ စောင့်ကြည့်နေရသည်။

အိပ်ပျက် ခံနိုင်ရည်မရှိသော ဒေါ်ခင်ကြီး ကိုယ်တို
စိတ်ပူလွန်းစွာ အနားမှ လာစောင့် ကြည့်နေ၍လည်
နေမျိုး သူ့မိခင်ကို ဖျောင်းဖျ နှစ်သိမ့်ရပြန်သည်။

"သိပ်ပြီးတော့လဲ စိတ်မပူပါနဲ့ မေမေရာ၊ မေ
သမီး မကြာခင်ပြန်ကောင်းသွားမှာပါ၊ အခုဟာက သိ
ပြီး သွေးအားနည်းနေချိန်မို့ အဖျားဒဏ် မခံနိုင် ဖြ
သွားရတာပါ၊ သားလဲရှိနေတာပဲ၊ မေမေ စောင့်မနေ
တော့လေ၊ တော်ကြာ အိပ်ရေးပျက်လို့ မေမေပါနေမကောင်းဖြစ်နေဦးမယ်၊ မေမေ အိပ်ရေး ပျက်ခံ
မဖြစ်ဘူး"

ဒေါ်ခင်ကြီး ခေါင်းညိတ်လိုက်ပေမယ့် မျက်နှာပေ
မှာ စိုးရိမ်ပူပန်ရိပ်များကတော့ ကွယ် ပျောက် မ သွာ
သေး။

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါ့မလား သားရယ်၊ သမီး ကိုယ်တွေကားပွဲလိုက်တာ အရှုံးပဲ၊ အခုထိ အဖျားက မကျသေးဘူး၊ မပြောကောင်း မဆိုကောင်း တစ်ခုခုများ ဖြစ်သွားရင်တော့ ဒုက္ခပဲ"

ဇွန်ပွင့် မျက်နှာလေးကို စိုးရိမ်ပူပန်လွန်းစွာစိုက်ကြည့်ရင်း အဆုံးစွန်အထိ အတွေးခေါင်နေသဖြင့် နေမျိုးပါရောလန့်သွားရ၏။

"ဟာဗျာ...မေမေကလဲ မဟုတ်တာတွေ လျှောက်တွေးနေပြန်ပြီ၊ ချာတိတ် ဘာမှ မဖြစ်နိုင်ပါဘူးမေမေရဲ၊ မေမေသာ အေးအေးဆေးဆေး သွားနားချေပါ"

နှုတ်ဖျားက ဘယ်လိုပဲ ဒမေမေ စိတ်သက်သာစေရန် ခပ်ပေါ့ပေါ့ ပြန်ပြောလိုက်ရသည်ဆိုဆို၊ ရင်ထဲမှာတော့ ခဲဆွဲထားသလို လေးလံ ထိုင်းမှိုင်းသွားရပါပြီတည်း။

ဇွန်ပွင့်ကတော့ ဘာဆိုဘာမှမသိ။ ဆေးအရှိန်ကြောင့် နှစ်ခြိုက်စွာ အိပ်မောကျနေဆဲ။

နေမျိုးမှာသာ ဇွန်ပွင့်ကို တစ်ချိန်လုံး စိုးရိမ်ကြီးစွာ စောင့်ကြည့်ရင်း မိုးစင်စင်လင်းသွားရသည်မို့ တစ်မှေးမှ အိပ်ပျက်နားနေချိန် မရလိုက်။

မျက်လုံးများ ကျိန်းစပ်နေသလို လူတစ်ကိုယ်လုံးလည်း ပင်ပန်းနွမ်းနယ်နေ၍ သည်နေ့ဆေးရုံမသွားတော့ဟု ဆုံးဖြတ်ရင်း မြင့်ဦးဆီ အကျိုးအကြောင်း ဖုန်းလှမ်းဆက်ရသည်။



ခွင့်တင်ပေးဖို့ အဆင်ပြေအောင် ကြည့်လုပ်ပေးဖို့ ပြောတော့ မြင့်ဦးက ထုံးစံအတိုင်း နှစ်ခြိုက်စွာ ဟာဟားဟား အော်ရယ်လေသည်။

"စိတ်ချ၊ စိတ်ချ၊ ဘာမှမပူနဲ့၊ ငါကြည့်လုပ်ထားလိုက်မယ်၊ မင်းသာ ကာထားဘာသေး မညွှတ်မသွားရအောင် အပိုင်ချည်ဖို့ ဆက်လုပ်၊ ဆက်လုပ်၊ ကြားလား"

"အရေးတော်ပုံ အောင်ပါစေ"

မြင့်ဦးက အရေးထဲမှာ နောက်ဖြစ်အောင် နောက်မနေပြန်၍ နေမျိုးမျက်နှာ ပြုံးယောင်ယောင် ဖြစ်သွားရသည်။

ဇွန်ပွင့်နှစ်ခေါက်ပြီး နောက်ပိုင်း ပထမဆုံးအကြိမ် ပြုံးရယ်မိခြင်းဆိုလျှင် မှားအံ့မထင်။

ထိုစဉ်—

"မာမီရေ...မာမီ"

"ဒက်ဒီ...ဒက်ဒီရေ..."

ဇွန်ပွင့်နှုတ်မှ ညည်းတွားသံများ ရုတ်တရက် ထွက်ပေါ်လာ၍ နေမျိုးစကားဆက်မပြောဖြစ်တော့။

"ဒါပဲ....ဒါပဲ"

တမန်းကတန်း ဖုန်းချကာ ပြန်လှည့်လာရသည်။

"မာမီ၊ မာမီရေ၊ မေနန်း သမီးကိုခေါ်ပါ"

ဇွန်ပွင့်နှုတ်မှ ကယောင်ကတမ်း လျှောက်အော်နေသဖြင့် နေမျိုး၏ အကြည့်—

"အား....အမယ်လေး"

www.burmeseclassic.com

ဇွန်ပွင့်မျက်ခွံများ ပွင့်လာခိုက်နှင့် သွားကြုံ၍ ဇွန်ပွင့် အလန့်တကြား ထအော်လေသည်။

"ချာတိတ်၊ ချာတိတ်၊ သတိထားလေ၊ ကိုကိုပါကွ၊ မလန့်ပါနဲ့၊ ကိုကို့ကို သိတယ်မဟုတ်လား၊ ချာတိတ် အိမ်ပြန်ရောက်နေပြီလေ၊ မျက်လုံးဖွင့်ကြည့်စမ်း"

သည်တော့မှ ချက်ချင်းဆိုသလိုပင် ဇွန်ပွင့် မျက်လုံးလေးများ ဖျတ်ခနဲ ပြန်ဖွင့်ကြည့်လာ၏။

တိုးတိတ် ညင်သာသော နေမျိုး၏ အသံကိုလည်း နားကျက်မိသွားဟန် တူပါသည်။

ဒါပေမယ့် သိပ်မကြာလိုက်။ သူ့ကိုယ်သူ သတိပြုမိသွားသော ဇွန်ပွင့်ဦးတစ်ယောက်။

ကိုကိုက ဆေးတိုက်ရန် ခန္ဓာကိုယ်လေးကို ဆွဲထူချင်းနောက် ကျောအောက်မှ ခေါင်းအုံးခံ မတ်ပေးလိုက်ချိန်တွင် မျက်လုံးလေးများ ပြူးထိုင်း လာသည်အထိ အလန့်တကြား ဖြစ်သွားရ၏။

"အို...ဘုရားရေ"

ဘုရားသခင်ကိုလည်း အလိုလို တမိလျက်သား ဖြစ်သွားရ၏။ ဇွန်ပွင့်ကိုယ်ပေါ်မှာ ညဝတ်အင်္ကျီ ပန်းနုရောင်လေးသာ ရှိနေသည်ပဲ။

လဲခြုံသည်ဆိုပေမယ့် ကိုကို့ရှေ့မှာ သည်လိုမျိုးနေဖို့ မသင့်တော်ဟု တင်မြင်မိစိတ်ကြောင့် မိမိကိုယ်ကို မိမိ ငုံ့ကြ[illegible] ရှ[illegible]စိတ်ကြောင့် ဇွန်ပွင့်မျက်နှာလေး နီတွတ် သွား[illegible]



ဇွန်ပွင့်၏ နဂိုဝတ်ထားသော အဝတ်အစားများ ဘယ်ဆီ ရောက်ကုန်ပြီ မသိ။

"ဒီ...ဒီမယ်"

ဇွန်ပွင့်၏ ရှက်သွေးမှန်နေသော အသံတုန်တုန်လေးကြောင့် နေမျိုးကိုယ်ကြီး ဆတ်ခနဲ လှည့်လာသည်။

"ဇွန်...ဇွန်ပွင့်ကို ဆွယ်တာပေးပါ"

"ဘာလဲ...ချမ်းလို့လား၊ ဆွယ်တာဝတ်လို့ မဖြစ်သေးဘူးလေ ချာတိတ်ရဲ့၊ ဒီအတိုင်းပဲ ခဏနေလိုက်ဦး"

"အို...ဟင့်အင်း၊ ဆွယ်တာပဲ ပေးပါ"

ဇွန်ပွင့် မျက်နှာလေး နီမြန်းလာကာ ဆွယ်တာကိုသာ အတင်း တောင်းနေမိသဖြင့် ကိုကို ရိပ်မိသွားပုံရသည်။

"ဪ... အင်္ကျီ လဲဝတ်ပေးထား တာတွေလို့ ထင်တယ်၊ ကိုကို့ကို မရှက်ပါနဲ့ကွ၊ အရင်အင်္ကျီက ချွေးတွေ စိုနေလို့ တမင် လဲဝတ်ပေးထားတာပါ၊ တမင်ဝတ်ပေးထားတာ ဆိုလို့လဲ တစ်မျိုး မတင်နဲ့ဦး၊ မေမေနဲ့ ဒေါ်စိန် အဝတ်လဲပေးတာပါ၊ ချာတိတ်ကိုယ်က သိပ်ပူနေတုန်းမို့ ဆွယ်တာထပ်ဝတ်ပေးလို့ မဖြစ်သေးဘူးလေ၊ အဖျားကျလာချင်ဝတ်ရမှာပေါ့"

ကိုကို့စကားကြောင့် ဇွန်ပွင့်စိတ်ပျက် လက်ပျက်ဖြစ်သွားရ၏။ ဇွန်ပွင့် ဆိုလိုသည့် အဓိပ္ပာယ်ကို ကိုကိုကောင်းစွာ ဘာဘာသပေါက်ပုံမရ။ လူပျိုလူရွယ် တစ်ယောက်ရှေ့မှာ ကိုယ်အနေအထားနှင့် ကိုယ်ရှက်လှနေမိသော ဇွန်ပွင့်၏ အခက်အခဲကိုလည်း နားလည်ရိပ်စားမိဟန်မတူ။

www.burmeseclassic.com

သူ့ပြောလိုရာကိုသာ တစ်ဆက်တည်း ပြောသွားသည်မို့ ရှက်စိတ်နှင့်အတူ အဖျားတက်နေသော ဇွန်ပွင့်နဖူးဆံစပ်တွင် ချွေးဥလေးများ သီးလာရတော့သည်။

ကိုကို့ကိုလည်း မော့မကြည့်ရဲတော့ပြီမို့ ဇွန်ပွင့်ခေါင်းကိုသာ အတွင် ငုံ့ထားမိ၏။

ဆေးသောက်ပြီးသည်နှင့် တစ်ပြိုင်နက် ခေါင်းကို စိတ်ပျက်စွာ ခါယမ်းကာ အိပ်ရာပေါ် လှဲအိပ်ချလိုက်မိတော့ နေမျိုးက ဇွန်ပွင့်ကို စိုက်ကြည့်ရင်း နှစ်ခြိုက်စွာ ပြုံးလေသည်။

"ဘာလဲ... ချစ်တိတ်က ကိုကို့ကို ရှက်နေတယ် ထင်တယ်၊ ဟုတ်လား၊ ဘာရှက်စရာရှိလို့လဲကွ၊ ချစ်တိတ်နဲ့ကိုကိုက သူစိမ်းတွေမှ မဟုတ်တာပဲ၊ ကိုကို့ကို စိတ်ချစမ်းပါ၊ ချစ်တိတ်မကြည်ဖြူဘဲနဲ့ လက်ဖျားနဲ့တောင်ထိဖို့စိတ်မကူးပါဘူး၊ စိတ်ချ...

"ဒီပုံစံနဲ့ ချစ်တိတ်ကို မြင်ရတာ နည်းနည်းတော့ ရင်ထဲမှာ တုန်လှုပ်တာပေါ့ဗျာ၊ ဒါပေမယ့် စောင့်စည်းထိန်းသိမ်းအပ်တဲ့ လူ့ကျင့်ဝတ်ကို ကိုကို နားလည်ထားပါတယ်ကွာ"

ကိုကိုက ဘယ်သူမှ ရိုက်မချင်ပါပဲနှင့် သူပြောချင်တာတွေကို ပွင့်ပွင့်လင်းလင်း ပြောပြ နေ၍လည်း ဇွန်ပွင့်မျက်နှာလေး အထားရ ခက်သည်ထိ ဖြစ်သွားရ၏။

နေမျိုးကတော့ ခပ်တည်တည်ပါပဲ။

နှစ်ရက်နှင့်သုံးညတိတိ အပြင်းဖျားသည့်ဒဏ် ခံထားရသော ဇွန်ပွင့်မျက်နှာ နွမ်းနွမ်းလေးကို ငေးစိုက်ကြည့်ရင်း....



"နေသာရဲ့လားဟင် ချစ်တိတ်၊ ရင်ထဲမှာကော ပူသေးလား...."

ကြင်နာစွာ ဂရုတစိုက် မေးနေသဖြင့် ဇွန်ပွင့် ကလေးတစ်ယောက်လို ခေါင်းကိုသာ အတွင်ညိတ်ပြမိလေသည်။

သည်လိုကျတော့လည်း ကိုကို၏ အကြင်နာနှင့် ဂရုတစိုက် အပြုအမူလေးများက သယုဘယနှင့်မို့၊ ဇွန်ပွင့် ရင်ထဲမှာ ပျော်ရွှင် ကြည်နူးမှုလေးများ ပြန်လည် ခိုဝင်လာသလိုလိုပါပဲ။

ကိုကို့စကားသံများကို ကြားရတာလည်း သာယာ ချိုမြိန်သလို မှတ်ထင်မိ၏။

"မကြာခင် နေကောင်းသွားမှာပါ၊ အခုဖျားတာ ဘာဖြစ်လို့လဲ၊ ချစ်တိတ်သိလား"

"ဟင့်အင်း"

ဘာစိတ်ကူးပေါက်သည်မသိ မေးနေ၍လည်း ဇွန်ပွင့် မဆိုင်းမတွ ခေါင်းခါပြမိတော့ ကိုကိုက နှစ်ခြိုက်စွာ ဟက်ဟက်ပက်ပက် ရယ်လေသည်။

"ကိုယ့်အပြစ်ကိုဘာဘ မသိဘူးလားကွာ၊ အခုဖျားတာ လူကြီးတွေ စကားနားမထောင်လို့ ဘုရားက ဒဏ်ခတ်တာ၊ အပြစ်ပေးတာပေါ့ကွ၊ နောက်ကို မဆိုးနဲ့တော့"

"အိုး....မဟုတ်တာ"

ဇွန်ပွင့်မျက်နှာလေးများ ချက်ချင်းပဲ ပန်းနုရိုပ်များ

www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့နွဲ့ထင်းသွားရတော့ ကိုကို့ မျက်ဝန်းများတွင်လည်း ရယ်မြူးရိပ်များ အထင်းသားပေါ်လွင် နေ၏။

ခဏကြာမှ ကိုကိုက ဇွန်ပွင့် နဖူးလေးကို ညင်သာစွာ စမ်းကြည့်ရင်း တိုးရှိုက်စွာ ဆိုလာသည်။

"ကဲ...ကဲ...တစ်ရေးတစ်မောလောက်တော့ချာတိတ် အိပ်လိုက်ဦးဟုတ်လား၊ ချာတိတ်နိုးမှ လှမ်းခေါ်လိုက်၊ ကိုကို ဟိုဘက်ခန်းမှာ ရှိနေမယ်"

ကိုကို့အမူအရာက စောစောကလို ရွှတ်နောက်နောက် မဟုတ်တော့။ အသံကလည်း အမိန့်သံဆန်၍ တည်ကြည် နေသည်မို့ ကိုကို၏ ကြင်နာရိပ် လွှမ်းသော မျက်ဝန်း များကို ငေးမောကြည့်ရင်း ဇွန်ပွင့် ခေါင်းညိတ် ပြလိုက် ရသည်။

ကိုကို့အပေါ် နှောင်ဖွဲ့ခဲ့မိသော အမုန်းနှင့်စောစော ပိုင်းက ရှက်စိတ်တို့ ဘယ်ဆီလွင့်ပျယ် ပြေးလေပြီ မသိ။

ကိုကို့ကို တွယ်တာနှောင်ဖွဲ့စိတ်များ ဒုတိယအကြိမ် မြောက် စိုးမိုးကြမြန်လေပြီ။

*

အခန်း ( ၂၈ )

"ဟော...ဇွန်၊ ဘာလိုချင်လို့လဲ တူမ"

ကောင်းစွာနေကောင်းပြီမို့ ဒေါ်စိန်အား လုပ်ကိုင် ကူညီရန် မီးဖိုထဲ ဝင်လာမိသော ဇွန်ပွင့်ဦးတစ်ယောက်



ဒေါ်စိန်က မြင်မြင်ချင်း ဆီးမေးလိုက်သဖြင့် ကြောင် တက်တက်လေး ဖြစ်သွားရလေသည်။

"ဇွန်ပွင့်က ဘာလိုချင်ရမှာလဲ ဒေါ်လေးရဲ့၊ ဘာမှ မလိုချင်ပါဘူး၊ ဟင်းချက်ဖို့ ဝင်လာတာပါ၊ ဒီနေ့ ဘာ ဟင်း ချက်မလဲ ဟင်"

"ဘာရယ်...ဟင်းချက်ဖို့ဟုတ်လား၊အောင်မယ်လေး လေး မလုပ်ပါနဲ့နော်၊ မောင်မျိုးသိလို့ ဒေါ်စိန်သိဘာ့ က် ခေါင်းနဲ့ ဆင်းနေရပါ့မယ်၊ မဇွန့်ကို ဘာအလုပ်မှ မခိုင်းရဘူးလို့ မောင်မျိုး အမိန့်ထုတ်ထားတယ်ကွယ့်"

"ဟာ...ဘာတွေမှန်းလဲ မသိဘူး"

ဒေါ်စိန် မျက်လုံးပြူးမျက်ဆံပြူးနှင့် ဟန်ဘားသလို ဆိုလာသည့်စကားကြောင့် ဇွန်ပွင့်အလိုမကျစွာမျက်မှောင် ကြုတ်မိရင်း....

"ခါတိုင်းယဲ ဒီလိုပဲ လုပ်နေကျပဲဟာများ၊ ခုမှ ဘာ ရေးကြီးခွင်ကျယ် လုပ်နေတယ် မသိဘူး၊ သိပ်စိတ်ညစ်ဖို့ ကောင်းတာပဲ"

ပေါပွပွနှင့် စူဆောင့်မိသော ဒေါ်စိန်က ဖျောင်းဖျ သလို ဆိုလေသည်။

"ခုမှ နာလန်ထ ရှိသေးတာ တူမရယ်၊ အိမ်ရှေ့မှာ နားနားနေနေ သွားနေပါလား၊ပျင်းရင် ခြံထဲဆင်းချင် ဆင်းပေါ့၊ ဒီမှာ ဘာအလုပ်မှလုပ်စရာမှမရှိဘူး၊ မောင် မျိုးလဲ ပြန်လာခါနီးနေပြီပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဇွန်ပွင့်မကျေနပ်စိတ်ကြောင့်ခွန်းတုံ့ပြန်မနေတော့ဘဲ နှုတ်ခမ်းလေးစူ၍ နေရာမှ ချက်ချင်းလှည့်ထွက်ခဲ့သည်။

သိတ်ဂူမှာ ဘာဘာတွေဖြစ်ကုန်ပြီလဲသိ။ ဇွန်ပွင့်မနေကောင်း နေပြီဖြစ်လျက်နှင့် ကိုကိုရော မမေကြီးပါ ဇွန်ပွင့်ကို ဘာဆို ဘာအလုပ်မှ လုပ်ကိုင်ခွင့်မပေး။

အရိပ်တကြည့်ကြည့်သာ ရှိနေကြသည်မို့ ကြာတော့ မလုံမလဲစိတ်နှင့်အတူ အနေခက်သလိုပင် ဖြစ်လာရ၏။

ပိုဆိုးသည်က ကိုကို။ ခါတိုင်းနှင့် နည်းနည်းလေးမှ မတူတော့။ အလုပ်ချိန်မှ လွဲလျှင် အမြဲလို အိမ်ကပ်၍ ဇွန်ပွင့်အနားမှာသာ အချိန်ကုန်နေတတ်သည်။

ကိုကို့ ဆက်ဆံရေးက သိသိသာသာ မူပြောင်းပြီး ဇွန်ပွင့်အပေါ် ခါတိုင်းထက် ရင်းနှီးလွန်းနေ၍ အံ့သြသည်နှင့်အမျှ စိတ်ရှုပ်ရပြန်သည်။

ဟိုတုန်းက မိမိအပေါ်ခက်ထန်လွန်း၍ အနေကျပ်ရ သလောက် အခုကျတော့ ရင်းနှီးလွန်းလှ၍ အနေကျပ် ရသည်။

အထူးသဖြင့် ချစ်ရည်ချင်ရိပ်များဖြင့် စိုရွှန်းနေသော မျက်ဝန်းများကို ဇွန်ပွင့်အကြောက်ဆုံး၊ နည်းနည်းလေး မှ ရင်မဆိုင်ချင်။

ကိုကိုနှင့် ဇွန်ပွင့်အကြားမှာ ဒေါက်တာ ခင်ခင်ကြေ နှင့် စည်းခြားထားသည်ဟု ခံယူခဲ့သည်။

ဒါကြောင့်လည်း အတွေးများဖြင့် ရင်မောရှုပ်ထွေး နေဆဲ။



"ဟော….ဘာတွေစဉ်းစားပြီး ငိုင်နေတာလဲကွ"

ကိုကို့ အသံက နောက်ဘက်ဆီမှ ရုတ်တရက် ထွက် ပေါ်လာ၍ ဇွန်ပွင့်ကိုယ်လေး မတ်သွားရသည်။ ဘာပြန် ဖြေရမှန်းလည်း မသိလိုက်။

"ပြောပါဦး မေးတာ ဖြေဦးလေကွာ"

ကိုကိုက ဇွန်ပွင့် အနီးတွင် ဝင်ထိုင်ရင်း ထပ်ဆင့်မေး လာ၍ ဇွန်ပွင့် ခေါင်းယမ်းလိုက်မိသည်။

"ဘာကို ဖြေရမှာလဲ၊ ဖြေစရာမှမရှိတာ"

"ချာတိတ်တွေးနေတာကို ဖြေပေါ့ကွ"

"ဘာမှ ဖြေစရာမရှိဘူး၊ ဟိုရောက် ဒီရောက် တွေး နေတာ"

"ဩော်…စကားကလဲအဆန်းပဲ၊ ဟိုရောက်ဒီရောက်တဲ့ လား"

ကိုကိုပြောရင်းမှ ဘာစိတ်ကူးပေါက်သွားသည်မသိ။ ဇွန်ပွင့်အနီးသို့ ပို၍နီးကပ်စွာ တိုးထိုင်လိုက်ရင်း ဇွန်ပွင့် လက်ကလေးကို ဖျတ်ခနဲ ဖမ်းဆုပ်လာ၏။

"ချာတိတ်"

"ရှင်…"

"ခုနစ်ဆောင်တိုက်ခန်းမှာ မီးမထွန်းဘဲ လင်းမယ် ဆိုတဲ့ ပပဝတီ သက်ရှိထင်ရှား ရှိရင်တောင် ချာတိတ် လောက် လှနိုင်လိမ့်မယ်လို့ ကိုမထင်ဘူးသိလား တကယ် ပြောတာ၊ ချာတိတ် သိပ်လှတယ်၊ ချာတိတ်အလှက မြင်သူ

www.burmeseclassic.com

www.burmeseclassic.com



တိုင်းရဲ့ရင်ကို ချမ်းမြေ့စေတဲ့ အလှမျိုး၊ တို့ ရင်ကိုလဲ အေးစေတာပဲ''

ဇွန်ပွင့် မျက်နှာလေးကို စွဲမက်စွာ ငေးစိုက်ကြည့်ရင်း ဆိုလာသော ကိုကို့ စကားများက အထူးအဆန်းတွေလို ဖြစ်နေသည်မို့ ဇွန်ပွင့် အံသြတကြီး မော့ကြည့်မိ လေ၏....

''ဘာလဲ....ချာတိတ်က ဟိုပြောတာ မယုံဘူးလား''

ကိုကိုက ထပ်ဆင့် မေးလာပြန်သည်မို့ ဇွန်ပွင့် မနေ တတ်တော့။ ကိုကို့ မျက်ဝန်းဒဏ်မှ လွတ်အောင် မျက်နှာလေးကို ကြိုးစားပမ်းစား လွှဲထားရသည်။

ကိုကို၏ စူးရှသော မျက်ဝန်းများမှ ရှန်းလက်သော အချစ်ရောင်ခြည်များက ဇွန်ပွင့် ဘဝလေးကို မရှုန်းနိုင် အောင် နှောင်ဖွဲ့မည့် နှောင်ကြိုးမျှင်များလေလား မသိ ပါ။

ဇွန်ပွင့် လက်ကို ပြန်ရုန်းယူရင်း ပြေးထွက်ဖို့ခြေလှမ်း ပြင်လိုက်တော့ ကိုကိုက အလစ်မပေး။

''ဒါက ဘယ်ကိုလဲကွ၊ ကိုကို့ စကားဆုံးအောင် နား ထောင်ဦးလေ၊ ဘာဖြစ်လို့ စကားမဆုံးခင် ခြေလှမ်းပြင် နေရတာလဲ၊ ဘာလဲ ကိုကိုက ဗိုလ်သန့်ဇော် မဟုတ်လို့ လား ချာတိတ်ရဲ့''

ဗိုလ်သန့်ဇော်ကို တရင်းတနှီး ခင်မင်ဆက်ဆံခဲ့တာနှင့် ပတ်သက်ပြီး မခကျေနပ်သလို ထည့်ပြောလာ၍ ဇွန်ပွင့် ခြေလှမ်းလေး ချက်ချင်း တုံ့သွားရသည်။



မဟုတ်လျှင် မခံချင်သူပီပီ နှုတ်ကလည်း ချက်ချင်း တုံ့ပြန်စကား ဆိုဖြစ်သွား၏။

''လူတစ်ဖက်သားကို အရမ်းကာရော အသင်မခေသး ပါနဲ့ ကိုကို၊ ဗိုလ်သန့်ဇော်ကို ခင်စရာကောင်းလို့ ခင်မိတာ နဲ့ ကိုကို့ စကား နားမထောင်ချင်လို့ နားမထောင်တာ ဘာမှ မဆိုင်ပါဘူး''

''မသိဘူးလေကွာ၊ ကိုကိုက ဆိုင်များ ဆိုင်နေသလား လို့ပေါ့၊ မထူးပါဘူး ချာတိတ်ရယ်၊ ကိုကို အမှန် အတိုင်းပဲ ပြောတော့မယ်၊ ချာတိတ်ကို ကိုကိုချစ်တယ်— သိလား''

''ဟာ....''

သည်အခါမှ တကယ်ပဲ ဇွန်ပွင့် တစ်ကိုယ်လုံး ရှက် ခြင်း၊ ကြောက်ခြင်းများဖြင့် ကြီးစိုးသွားရ၍ ဇွန်ပွင့် ကိုကို့ အနီးမှ တစ်ဟုန်ထိုး ပြေးထွက်လာခဲ့မိလေတော့ သည်။

အခန်းထဲရောက်တော့ ဇွန်ပွင့် တစ်ကိုယ်လုံးတုန်ယင် နေသလို ရင်ထဲမှာလည်း ဆောက်တည်ရာမရ၊ တလှပ်လှပ် ရင်ခုန်မြန်နေသည်မို့ ဇွန်ပွင့် မျက်နှာ တစ်ပြင်လုံး ဆေး မကူဘဲ ရဲရဲတောက်နေလိမ့်မည် ဆိုတာ မှန်မကြည့်ဘဲ အတပ်သိနေ၏။

ဝမ်းနည်းစိတ်ကြောင့် မျက်ရည်များကလည်း ချက် ချင်း အိုင်ထွန်းလာ၏။

''ပြောရက်လိုက်တာ ကိုကိုရယ်....ပြောရက်လိုက်တာ၊

www.burmeseclassic.com

www.burmeseclassic.com



ကိုကို့မှာ မကြွေ တစ်ယောက်လုံး ရှိနေရက်သားနဲ့.... ဇွန်ပွင့်ကို ချစ်တင်းကားဖို့ ကြိုးစားတာလား၊ သီတာဂူမှာ အိမ်ဖော်လုပ်သွားမှာတဲ့ ဇွန်ပွင့်ဘဝနဲ့ အခုလက်ရှိ ဇွန်ပွင့်ရဲ့ဘဝ ကွာဟခြားနားချက် ကိုတော့ ဘယ်လို လဲ လို့ စူးစမ်းမေးမြန်းဖော် မရဘဲနဲ့ ဇွန်ပွင့်ကို ချစ်တယ်တဲ့လား''

ဇွန်ပွင့် ကြွေမြည်စွာ ငိုချလိုက်ရင်း ထစ်ဆက်ကာသည်း ဆုံးဖြတ်ချက် တစ်ခုကို အလျှင်စလို ချမှတ်လိုက်မိသည်။

ဟဲဒါကတော့ သီတာဂူမှ အမြန်ဆုံး ထွက်ခွာသွားနိုင်အောင် ကြိုးပမ်းဖို့ပါပဲ။

ဆုံးဖြတ်ချက်ကြောင့် ပစ္စည်းများကိုလည်း၊ သေတ္တာထဲ ထည့်ကာ သိမ်းဆည်းလိုက်မိသည်။

သည်မှာ ကြာကြာဆက်နေလို့တော့ မဖြစ်တော့ပါ။ သည်မှာ ကြာကြာ ဆက်နေလျှင် ကိုကို့ကြောင့် နေမြင့်လေ ဆွေးရင့်ရတာ ဖြစ်တော့မှာ မလွဲ။

'မရှောင်သာတဲ့ လမ်းကြောင်းကြီး မင်းနဲ့ငါနဲ့ညား' ဆိုတဲ့ အဖြစ်မျိုး ကြုံကာမှ ဇွန်ပွင့် ဘဝလေးကို ပစ်ဝလက်ခတ် အရှုံးမခံနိုင်ပါ။

မမမခင်ကို တိုင်ပင်နေလျှင် လုံးဝခွင့်ပြုမှာ မဟုတ်၊ တားနေဦးမှာ သေချာသည်မို့၊ ဇွန်ပွင့် ဘာသာ ဇွန်ပွင့် တစ်ကိုယ်တည်း ကြိုတင်မှတ် အစီအစဉ်ရေးဆွဲနေမိသည်။

သီတာဂူနှင့် ဝေးလျှင်ပြီးရော ဘယ်ရောက်ရောက်၊ ဇွန်ပွင့် ထွက်ရာ စိုင်းတော့မည်။



စိတ်လှုပ်ရှားလွန်း၍လား မသိ။ တစ်ညလုံး တစ်ခမ်းမှ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်။

ညဆယ့်နှစ်နာရီခွဲလေမှ ဇွန်ပွင့်အိပ်ရာမှ လူးလဲထရင်း အဝတ်အစား ထည့်ထားသော သားရေအိတ်ကို အသာအယာ ဆွဲယူ၍ အခန်းပြင်သို့ ခြေဖွနင်းထွက်ရင်း မျက်လုံးများက ဟိုဟိုသည်သည် အကဲခတ်လိုက်မိသည်။

ကိုကိုနှင့် မေမေကြီး အခန်းမှ ဘာသံမှမကြားရ။ အိပ်မောကျနေတာ သေချာမှ ဇွန်ပွင့် အခန်းတံခါးကို အသာစေ့၍ မီးဖိုချောင်မှတစ်ဆင့် အိမ်ပြင်သို့ထွက်လိုက်သည်။

လမိုက်မှောင်မို့လား မသိ၊ ပတ်ဝန်းကျင် တစ်ခုလုံး မှောင်နက်မည်းမည်း။ အရာရာကိုအမှောင်ထုကသာ ကြီးစိုးနေသည်။

သစ်ပင်များကလည်း လေနှင့်အတူ ယိမ်းထိုးနေသည်မို့ ပတ်ဝန်းကျင်ကို ကြည့်ရင်း ဇွန်ပွင့် တစ်ကိုယ်လုံး ကြောက်စိတ်များ ချက်ချင်း လျှံကျလာသည်။

ခြေလှမ်းများကလည်း ကြောက်စိတ်နှင့်အတူ တုံ့ခနဲ ရပ်တန့်သွားရ၏....

''အို... ကြောက်နေလို့ မဖြစ်သေးပါဘူးလေ၊ အချိန်ရှိတုန်း မြန်မြန်သွားမှ ဖြစ်မှာ''

မိမိစိတ်ကို မိမိ ဇွတ်တင်း အားပေးရင်း ခြေလှမ်းများကို ခြံ ဆီသို့ အမြန်ဆုံး ရောက်အောင် ဦးတည်လိုက်ရ၏။

မီးရောင်ပျပျနှင့် ကတ္တရာလမ်းပေါ် ရောက်လာမှပဲ

www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်း တစ်ချက်ကို လေးပင်စွာ မှုတ်ထုတ် လိုက်ရင်း ကျောခိုင်းခဲ့ရာ သိတဂူကို မျက်ရည်ဝဲ သော မျက်ဝန်းများဖြင့် နှုတ်ဆက်သလို တစ်ချက်စိုက်ကြည့်လိုက်မိသည်။

သိတဂူကို အပြီးအပိုင် နှုတ်ဆက်လိုက်ပါပြီလေ။

နားခိုရာ ဘယ်ဆီမှာ ရှိမည် မသိနိုင်ပေမယ့် ဇွန်ပွင့် မမှုချင်တော့ပါ။

မည်းနက်တောက်ပြောင်နေသော ကတ္တရာ လမ်းတစ်လျှောက်မှာ သက်ရှိလူသားဆို၍ ဇွန်ပွင့် တစ်ဦးတည်းရှိနေသဖြင့် ဘယ်ဆီကိုမှ မကြည့်ရဲဘဲ ရှေ့သို့သာ အားစိုက်လျှောက်နေရသည်။

ခါတိုင်းကားဖြင့် သွားစဉ်က သက်သောင့် သက်သာ ရှိသလောက် အခု လမ်းလျှောက် သွားရသည့် အခါကျတော့ သေတ္တာတစ်ဖက်နှင့်မို့ အချိန်အနည်းငယ်အတွင်းမှာပင် ချွေးပြန်မောဟိုက်လာသည်။

ဆုကေ့စ်၏ အလေးချိန်ကလည်း ဆက်မသယ်ချင်လောက်အောင် ခဲဆွဲထားသလို လေးလံလာရ၍ လွှင့်ပစ်ချင်စိတ်ပင် ပေါက်လာရ၏။

မောလည်း မောလှပါပြီ။ ဒါပေမယ့် ခရီးက သိပ်မတွင်သေးသည်မို့ နားချင်လျက်နှင့် မနားရဲသေး။

အားတင်းရင်းရှေ့သို့သာ အတွင် ဆက်လှမ်းနေရ၏။

ခုနေခါများ မိမိကို တစ်စုံတစ်ယောက်က တွေ့မြင်သွားပါလျှင် ဘယ်လို မိန်းမစားမျိုးဟု ထင်မြင်ကြမည်မသိ။



"ငါနှယ်နော်... ဒုက္ခပါပဲ"

အရေးထဲမှာ ဂေဇကားဝင်ပြီး ကျောချမ်း သွားရ၍ စိတ်မလုံဖြစ်ကာ ဘေးဘီဆီသို့လည်း ကြောက်ကြောက်လန့်လန့်နှင့် အကဲခတ်သလို လှမ်းကြည့်မိသေး၏။

ကံကောင်းချင်တော့ ဘာအနှောင့်အယှက်တစ်စုံတစ်ရာမှ မတွေ့ရသေး။ အားလုံး ချောချော မောမောပါပဲ။

သွားရင်း လာရင်း ဒူးများက မခိုင်ချင်တော့။ ယိုင်လဲလုလုဖြစ်လာလေမှ ခဏနားရန် လမ်းမပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်မိသည်။

ထိုစဉ်...

"ဟင်"

နောက်ဘက်ဆီမှ အပြင်းမောင်းလာသော ကားသံကြောင့် ဇွန်ပွင့်အမောပင် မပြေအားသေးဘဲ ကမန်းကတန်းနေရာမှထကာ ကားရှောင်ရန် ပြင်နေဆဲ...

"ကျွိ"

ကားဘရိတ်အုပ်သံနှင့်အတူ ရုန်းရှသော မီးရောင်က ဇွန်ပွင့်ကိုယ်ပေါ်သို့ ရုတ်တရက် ဖြာကျလာသဖြင့် အလန့်တကြား ခေါင်းလေးငုံ့လိုက်မိသည်။

ဇွန်ပွင့် နောက်ကျသွားပြီ ထင်ပါ၏။

"ချာတိတ်...ချာတိတ်၊ မိုက်လှချည်လားကွာ"

စိုးရိမ်စိတ်များဖြင့် တုန်ယင်နေသော အသံသင်၏။

နားထဲတွင် ယဉ်ပါးလှန်းနေသော အသံနှင့်အတူ ဇွန်ပွင့်တစ်ကိုယ်လုံး ဆွဲယူပွေ့ချီခြင်း ခံလိုက်ရသဖြင့်....

www.burmeseclassic.com

www.burmeseclassic.com



''အို....ဘယ်လိုလုပ်တာလဲ၊ လွှတ်....လွှတ်၊ ဇွန်ပွင့်ကို လွှတ်ပါ''

ဇွန်ပွင့်ဒေါသတကြီးအော်၍ ရုန်းလိုက်မိသည်။ တစ်ဆက်တည်းမှာပင် ရုန်းရင်း ကန်ရင်းနှင့် ကိုကို့ကိုလည်း ထုရိုက်မိ၏။

ကိုကိုက မဖြုံ။ ဇွန်ပွင့်ကိုလည်း လုံးဝ လွှတ်မပေး။ လွှတ်ထွက်သွားမှာကိုသာ စိုးရိမ်သည့်အလား တင်းကျပ်စွာ ပွေ့ချီရင်း ကားဆီသွားရန် လှမ်းလိုက်သဖြင့် ဇွန်ပွင့် ခေါင်းခါယမ်းလိုက်မိသည်။

''အိုး....မလိုက်ဘူး၊ မလိုက်ဘူး၊ ဇွန်ပွင့်မလိုက်ဘူး''

''မလိုက်လို့ ရမလားကွ၊ မင်းကြောင့် လူကြီးတွေ ဘယ်လောက် စိတ်ဆင်းရဲရတယ်မှတ်လဲ၊ ပျောက်ပျောက်ချင်း ပြန်တွေ့လို့ တော်သေးတာပေါ့၊ ဒေါ်သာအိပ်ရာက မနိုးလို့၊ တံခါးပွင့်နေတာ မတွေ့ရင် ရှေ့ဘာတွေ ဆက်ဖြစ်မယ်ဆိုတာ မတွေးရဲဘူး၊ အခုခေမှ အရမ်းငိုကျန်ရစ်ခဲ့တယ် သိရဲ့လား၊ မင်းသာ တို့အားအမိအဒေပါ မသနားတတ်လို့ ရက်ရက်စက်စက် လုပ်သွားရက်တာ''

''အို....မသိဘူး၊ မသိဘူး''

ကိုကို့စကားများကို နားစိုက်မထောင်အား။ ကိုကို့လက်မှ လွှတ်မြောက်ရေးသည်သာ အဓိက ဖြစ်နေသဖြင့် ဇွန်ပွင့် လွှတ်မြောက်ဖို့ပဲ ကြိုးစားပမ်းစား ရုန်းနေမိသည်။



ဒါပေမယ့်လည်းမရ။ နည်းနည်းလေးမှ မရပါချေ။

ကိုကိုသင်းကျပ်စွာ ပွေ့ချီထားသည်မို့ ကိုကို၏ လက်နှင့်ဖက်ကြားမှ အလွယ်တကူ ရုန်းမထွက်နိုင်ဘဲ ကားဆီသို့ ယက်ကန်ယက်ကန်နှင့် ပါလာရတော့သည်။

ကားထဲရောက်တော့ လက်တစ်ဖက်က ဇွန်ပွင့် ကိုယ်လေးကို ဖက်ထားရင်း၊ ကျန်တစ်ဖက်မှ ကားတံခါးကို ဆွဲပိတ်လိုက်၍....

''အို....ဘယ်လိုလုပ်လဲ၊ ဇွန်ပွင့်မလိုက်ဘူးလို့ ပြောနေတာ မကြားဘူးလား၊ ဘယ်သွားမလဲ လိုက်မယ် ပြောလို့ ဇွတ်အတင်း ခေါ်နေတာလဲ၊ ဒီမှာ....ဒီမှာ.... ရှင့်ကို ပြောနေတာရှင့်၊ မကြားဘူးလား''

ဇွန်ပွင့် ဒေါ်ပွလွန်းစွာ အော်မေးမိတော့ မီးဝင်းဝင်းတောက်နေသော မျက်ဝန်းများဖြင့် ဇွန်ပွင့်ဆေ့ဆေ့ ခုန်အောင် အော်ဟစ်နေတာကို ကြည့်ပြီး ကိုကို့လည်း ဒေါသထွက်သွားဟန် တူ၏။

ဇွန်ပွင့်ကိုယ်လေးကို ဆွဲဆောင့်ရင်း စိတ်မရှည်စွာ အော်လေသည်။

''ကြားတယ်၊ ကြားတယ်၊ တို့နားမပင်းသေးဘူး၊ အကုန်ကြားတယ် သိရဲ့လား၊ ငါ့အချိန်ဟာ ညဉ့်နက်သန်းခေါင်ကြီးဆိုကာ သတိတားဦး၊ မင်းအသံ လူကြားအောင် သိပ်အော်မနေနဲ့''

''အိုး....အော်မှာပဲ''

www.burmeseclassic.com

"သနဘာပဲလေ၊ ဒါဆို လူတွေ ဘယ်လိုဘင်မလဲ။ အော်ချင်လဲ အော်ပေါ့၊ ဒါမိန်းမကောင်းတွေ လမ်းထွက်တဲ့အချိန်မှ မဟုတ်တာ၊ မင်းအထင်ခံရဲလို့ အော်တာအော်သာအော်"

"ဒါဆို....လွှတ်ပေးလိုက်ပါသား၊ ဘာလို့သူများကို အတင်းချုပ်ထားသေးလဲ"

"ရှင်းနေတာပဲ၊ ချုပ်ထားတာ မလွှတ်ပေးချင်လို့ပေါ့ကွ၊ မင်းကိုလွှတ်ပေးလိုက်ရင်၊ မင်းကထင်ရာလျှောက်စိုင်းဦးမှာပဲ မဟုတ်လား၊ ဒီလို အချိန်မျိုးမှာ ရှယ်ရှယ် မိန်းကလေး တစ်ယောက်တည်း လျှောက်သွားနေတာ ဘယ်လောက် အန္တရာယ်ကြီး တယ်မှတ်လဲ၊ သွားရင်း လာရင်း အန္တရာယ်တွေ့ပြီး မင်းဘယ်လို မိန်းမစားမျိုး ဖြစ်သွားနိုင်တယ်ဆိုတာကော သိရဲ့လား"

"အို... မသိဘူး! မသိဘူး"

ဇွန်ပွင့် သိသိကြီးဖြင့် မျက်စိစုံမှိတ်ပြီး နားနှစ်ဖက်ပိတ်ကာ ဇွတ်အော်ပစ်လိုက်သဖြင့် နေမျိုး ပို၍ ဒေါသတကြီး ဖြစ်သွားခဲ့လေသည်။

"ဩော်....မသိဘူး ဟုတ်လား၊ အေး.... ဒါဆိုလဲ သိအောင် ပြရမှာပေါ့ကွာ၊ မင်းက သက်သေရှိမှ ကိုယ်တွေ့ကြုံမှ ယုံမယ့် မိန်းမပဲ၊ လာလာခဲ့၊ အခုပဲ သက်သေပြမယ်"

ဒီလို ကျွေးသော့လည်း ဇွန်ပွင့် ဘယ်လောက်တောင် ကြေ [illegible] သည် မသိ။ ဇွတ်ဆွဲ ခေါ်နေသော နေမျိုး [illegible] ကောင်းကုတ်ဖဲ့ ရုန်းကန်လေသည်။



"ဟင့်အင်း....မလိုက်ဘူး၊ မလိုက်ဘူး၊ ရှင်မနော်၊ မရိုင်းနဲ့"

"လမ်းပေါ်မှာ အချိန်မတော် ဇမှောင်ရိပ် ခိုချင်တဲ့ လူပါဆိုမှပဲ ယဉ်ကျေး နိုင်ပါ့မလားကွ၊ ဒီလောက်တော့ ရိုင်းမှာပေါ့၊ ဘာလဲ နမူနာတောင် မပြ ရသေး ဘူး၊ တော်တော် လန့်နေပြီလား"

ဇွန်ပွင့် စကားမပြန်နိုင်။ ကိုကို့ကို အနိုင် မပြေမို့ အံကိုသာ တင်းတင်းကြိတ်ကာ ငိုချလိုက်မိ၏။

ကို ကို လွန်မှ မလွန်ဆန်နိုင်တော့ပြီပဲလေ။

ပွင့် ကြောက်လန့်တကြားနှင့် ငိုကြွေးရင်း ငြိမ်တော့ သတော့ နေမျိုး၊ စိတ်ထိန်းချုပ်ထားသမျှ လွတ်ထွက်သွားသည်လား မသိပါ။ ဇွန်ပွင့်ကိုယ်လေးကို ရုတ်တစ်ရက် ဆွဲယူပွေ့ဖက်လိုက်ရင်း မကြမှာစွာ ရှိုက်နမ်းလာလေ၏။

"ချစ်တယ်ချာတိတ်ရယ်၊ သိပ်ချစ်တာပဲ"

ကိုကိုပြုသမျှ နုရတော့မည့် အခြေအနေတွင် ဇွန်ပွင့် တစ်ကိုယ်လုံး အေးစက်တုန်ယင်နေလေသည်။

ဒက်ပိုကလွဲလျှင် ဘယ်ယောကျ်ား၏ အငွေ့အသက် အနမ်းအရှိုက်ကိုမှ မခံခဲ့ဖူးသူပီပီ ရင်ထဲမှာ ရှက်စိတ်နှင့် အတူ ရင်နှန်သံများသာလည်း ပမ်းပတော့ဖြစ်နေ၏။

"ချာတိတ်ရယ်၊ ကိုကို့ ရင်ထဲမှာ တုန်လှုပ်လိုက်တာ"

အတန်ကြာမှ စိတ်လှုပ်ရှားမှုကြောင့် တုန်ယင်နေသော အသံများဖြင့် ကိုကို က တိုးရှိုက်ရင်း ပြောရင် ဇွန်ပွင့်ကိုယ်လေးကို အသာအယာ လွှတ်ပေးလိုက်ေ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်းထွက် လိုက်သဖြင့် ဇွန်ပွင့် ငိုကြွေး ရုံ မှ တစ်ပါး စေဒက မတက်သာတော့။

ရင်ထဲမှာသာ လှဲသေချင် လောက်အောင် စိတ်ညစ် သွားရသည်။

မေမေကြီးကို ဇွန်ပွင့်၊ ဘယ်သို့ ရင်ဆိုင်ရပါ့။

* * *

## အခန်း (၂၉)

ရန်ကုန် သီတာဂူတွင် ဇွန်ပွင့်ဦး အတွက် ဒေါ်ခင်ကြီးနှင့် ဦးဖေသက်တို့ မိသားစုအားလုံး ထပ်ဆင့် ပြဿနာတွေ ဆင့်ကဲဆင့်ကဲ ရင်မဆိုင်လိုပြီမို့ အမှန်အတိုင်း ဇာတိရေလည်အောင် ရှင်းပြနေချိန်တွင် ကျောက်မဲ သီတဂူမှာတော့ ပြဿနာ အကြီးအကျယ် တက်ပြီး ဦးကျော်ဦးတစ်ယောက် ဒေါသ ပေါက်ကွဲနေပါ၏။

ထွန်းကျော်ကို လက်သီးနှင့် ထိုးရုံမျှမက မဥမ္မာကိုပါ ပါးတွေနားတွေ ညိုမည်းလာသည်အထိ ဒေါသတကြီး ရိုက်နှက်နေ၍....

"မောင်ကျော်ဦး၊ စိတ်ကို လျှော့လိုက်ကွာ၊ ပြဿနာတစ်ခုကို စိတ်အေးအေးပဲ ဖြေရှင်းစမ်းပါ"

ဦးစိုင်းလှ ဝင်ရောက် ဟန့်တားလည်း မရ။



"ဒီလို မိန်းမယုတ်မျိုး၊ မြွေဟောက်မမျိုးကို ဒီလို နွားတို့လောက်သားလောက် ရိုက်တာတောင် တန်ရာမကျဘူး"

ဦးကျော်ဦး ဒေါသ မပြေနိုင်သဖြင့် နဖူးကြောကြီးများ ထောင်ပြီး မျက်နှာတစ်ခုလုံး ရဲတွတ်နေ၏။

ထွန်းကျော်ကတော့ မျက်စိမျက်နှာ မလှနိုင်သော အခြေအနေမို့ ခြံထဲမှ ချက်ချင်းပဲ သုတ်ခြေတင် ထွက်ခွာသွား၏။

ဦးကျော်ဦးမှာ ရှိုက်ကြီးတငင် ငိုကြွေးနေသော မဥမ္မာကို ကြည့်ပြီး မရှုနိုင် မရှိုက်နိုင် ဖြစ်နေရသည်။

ရင်ထဲမှာရှက် ခြင်း၊ ရှုံ့ခြင်း၊ အံ့သြခြင်းများဖြင့် မီးတောက်ဝါးမျိုထားသလို ခံစား နေရလေသည်။

တကယ့်ကို မယုံချင်စရာပါ။

မျက်ဝါးထင်ထင် မြင်ခွင့်မကြုံလျှင်၊ သည်မိန်းမ မိမိကို ဘယ်မျှအထိ နွားတစ်ကောင်လို သဘောထားပြီး လှည့်စားနေဦးမည် မသိ။

လူကြားလို့မှ မသင့်တော်။ ရင်ကိုခဲ့ပြီး အသည်းကို မီးကင်းခံရသည့်အဖြစ်မျိုးပါပဲ။

"ကိုကြီးလှသတိပေးကတည်းက ဒီကိစ္စ ငါ အလေးအနက် ထားခဲ့မိရင် အကောင်းသား"

နောင်တ တရားတွေနှင့် အတူ ဒေါသကို မပြေနိုင်အောင် ရှိနေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သည်နေ့ မန္တလေးဆင်းဖို့ အစီအစဉ်တွေအားလုံးအချော လုပ်ပြီးမှ မသွားဖြစ်တော့သဖြင့် အိမ်ပြန် လာခြင်းက ထွန်းကျော်နှင့် မဉမ္မာ ဖေက်ပြန် နေသမျှကို အလုံးစုံ မြင်တွေ့ခွင့် ရစေသလို ဖြစ်သွားသည်ဆိုလျှင်မမှား။

နက်ပင်းမိသည်မို့ မဉမ္မာ အခုကြိုးက်အကန် မြေင်း သာ။

ကိုကြီးလူ မှိုထဲကလူကြီးလေး လေးငါးဦးလောက် အသိမ်လက်သေ လုပ်ပေးဖို့ သွားခေါ်ခဲ့ဗျာ၊ ဒီကောင်မ ကို ကျုပ် ဘယ်လိုနည်းနဲ့မှ ဆက်မပေါင်းနိုင်တော့ဘူး၊ ဒီနေ့ပဲ လူကြီးစုံရာနဲ့ ဖြတ်မယ်၊ သင်းကြောင့် ငါ့သမီးနဲ့ လဲ ရှင်ကွဲကွဲရ''

ဦးကျော်ဦး ဒေါသတွေနှင့် မီးခိုးမဆုံး မိုးမဆုံး ရေရွတ်ဦးမှာ သေချာနေ၍ ဦးစိုင်းလူ ခေါင်းညိတ်ပြီး ချက်ချက်ချင်းပဲ လှည့်ထွက်သွားလေ၏။

သည်လိုဖြစ်စေချင်လို့ စောင့်ခဲ့ရသော အချိန်ကာလ တွေ နှင်းမှုန်းနည်းတော့ပြီပဲလေ။

မဉမ္မာမှာတော့ ကိုယ့်အပြစ်နှင့် ကိုယ်မို့ အံကြိတ်ထား ရုံမှအပ အခြားမတတ်နိုင်တော့။ စောဒကသည်း မတက် နိုင်တော့။

လူကြီးစုံရာရှေ့တွင် ငွေခန်းဆန့်ပါက မိမိသာလျှင် ငိုင် အရှက်ကွဲမှာကြိုကိစ္စမို့ ဦးကျော်ဦး၏ အလိုဆန္ဒအတိုင်း ကွာရှင်းပြတ်စဲလက္ခဏ် ကြည်ကြည်ဖြူဖြူပဲ လက်မှတ်ရေး ထိုးလိုက်ရ၏။



ငပိုင်ခွင့် အခုနေနှင့်လည်း လက်ရှိ မိမိ ကိုယ်ပေါ်ရှိ ဘစ်ကိုပဲတစ်ထည်စာမှအပ ဘာပစ္စည်းမှ ပိုင်ဆိုင်ခွင့် မရ လိုက်သဖြင့် ဆလိုကြီးခဲ့သမျှ အရာနည်းသည်ဟုပဲ မချင့်မရဲ ဖြစ်ရတော့၏။

ဦးကျော်ဦးတစ်ယောက်လည်း ဘယ်လောက်ပေါ့ပင် စိတ်နာကြည်းသွားသည် မသိ။

မဉမ္မာအိမ်ပေါ်မှ ဆင်းသွားသည့်နေ့မှစ၍ အရက်ကို သာ အားဖော်ပြုပြီး ဘယ်သူ့ကိုမှ အခွင့်မခံ၊ စိတ်လေ လွင့်ချက်တိုင်း ရှေ့လွင့်လေသည်မို့ ဦးစိုင်းလူတို့စိတ်မောရ တော့၏။

ယခင်က ရုံဖန်ရံခါမျိုးသာ သောက်လေ့ ရှိသော အရက်ကို နေ့ခရာညပါ မနားတမ်း သောက်နေ မူးနေ၍ ဦးစိုင်းလူခမျာ ဒေါ်နှန်းမြပါ ဦးကျော်ဦး၏ စိတ်ထိခိုက် ခြင်းများကို ကုစားဖြေဖျောက်နိုင်ရန်ဇွန်ပွင့်ဦးကိုအရေး တကြီး လှမ်းမှာရတော့၏။

အခုလိုအချိန်မျိုးမှာ ဦးကျော်ဦးအနီး၌ ဇွန်ပွင့်ဦး ရှိ နေဖို့ တကယ်ပဲ လိုအပ်နေပြီ မဟုတ်ပါလား။

ဒါကြောင့်လည်း မဉမ္မာနှင့် ပတ်သက်သည့် ကိစ္စအဝဝ ကို ရှင်းလင်းပြီး တစ်ပတ် ကျော်ကျော် အကြာမှာပင် ဇွန်ပွင့်ဦးကိုသွားခေါ်ရန် ရန်ကုန်ဆင်းဖို့ပြင်ဆင်နေဆဲ...

''ဦးလေးလူ...ဦးလေးလူ ဆရာကြီး ကားချင်းကိုက် သို့ အနုဆေးရုံကိုခေါ်သွားကြပြီ''

''ဟေ....''

www.burmeseclassic.com

www.burmeseclassic.com



ခြံထဲမှ အလုပ်သမား စိုင်းအောင်လေး မောကြီးပန်းကြီးလာပြောသဖြင့် ဦးစိုင်းလှရော ဒေါ်နန်းမြပါ စိုးရိမ်တကြီးနှင့် ပျာယာခတ်သွားရတော့၏။

မျှော်လင့်မထားပါပဲနှင့် ကြမ္မာဆိုးက ဝင်ရောက်လာခဲ့ပါလေပြီ၊

ဆေးရုံရောက်တော့ ဦးကျော်ဦးကို မရှုရက်မမြင်ရက်စရာ သွေးအလူးလူးနှင့်တွေ့ရ၏။

ချက်ချင်းဆိုသလိုပင် အရေးပေါ် ကုသမှု ပြုလုပ်ရန် ခွဲစိတ်ခန်းအတွင်း သွင်းသွားသဖြင့် ဦးစိုင်းလှတို့ မျက်စိမျက်နှာပျက်စွာ ဘုရားကိုသာ အာရုံပြုကြရတော့သည်။

မိသားစုစိတ်ချမ်းချမ်းမြေ့မြေ့ပျော်ပျော်ရွှင်ရွှင်နေနိုင်ဖို့ အခွင့်အလမ်း ရောင်ခြည်လေး လင်းလက် လာချိန်ကျမှ ဦးကျော်ဦးကို ရေတိမ်မနစ်စေလိုပါ၊

ချစ်လှစွာသောသမီးငယ်နှင့် ပျော်ပျော်ရွှင်ရွှင်နေတာ မြင်လိုတွေ့လိုပါသေး၏။

"ဘုရား... ဘုရား.... ဘုရားရှင် ကိုယ်တော်မြတ်ကြီး ကယ်တော်မူပါ၊ မောင်ကျော်ဦး ကျန်းမာ ချမ်းသာပါစေ"

"သမီး မဇွန်သာ သူ့ဒက်ဒီကို ဒီလိုပုံစံနဲ့ မြင်ရရင် ရင်ကျိုးလိမ့်မယ်ထင်ပါရဲ့"

ဒေါ်နန်းမြက မိန်းမသားပီပီ ဝမ်းနည်းစိတ်ကို မသိုမဝှက်နိုင်ဘဲ ဘုရားတ,လိုက်၊ ငိုကြွေးလိုက်ဖြစ်နေသဖြင့်—



"သိပ်ကြီးလဲ မစိုးရိမ်ပါနဲ့ဟာ၊ ဆရာဝန်ကြီးတွေ ကိုယ်တိုင် ကြပ်မတ်ကုသပေးနေတာပဲ၊ အသက် အန္တရာယ်တော့ လွတ်နိုင်ပါလိမ့်မယ်၊ မဇွန်ဆီလဲ ဖုန်းဆက် ထားပြီးပြီ၊ တစ်ရက်နှစ်ရက်အတွင်း သူတို့ရောက်လာနိုင်ကောင်းပါရဲ့၊ ဒီကြားထဲ မောင်ကျော်ဦးအတွက် တို့ ဝိုင်းဆုတောင်းပေးကြတာပေါ့"

ဦးစိုင်းလှကိုယ်တိုင် အားပေးနှစ်သိမ့်စကား ပြောနေရင်းမှ စိုးရိမ်စိတ်ကြောင့် မျက်နှာက ပျက်ချွင်ချွင်ဖြစ်နေသည်။

ခုထိ ခွဲစိတ်ခန်းထဲမှာ ဘာအဖြေမှ ရေရေရာရာသိခွင့်မရသေးသဖြင့် ဦးကျော်ဦး၏ ကုသိုလ်ကံ အခြေအနေကို ဘယ်သူမှ ကံသေကံမ အတပ် မပြောနိုင်သေး။ တကယ် စိတ်မောရသည့်အဖြစ်ပါ။

ထိုအချိန်တွင် ဘာဘဦးဖေသက်လာခေါ်၍သာ ဖြန်းစားကြီး ထလိုက်ခဲ့ရသော ဇွန်ပွင့် တစ်ယောက်မှာလည်း ဘာဘက အရေးကြီးသည်ဟုသာပြောပြီး အခြား ဘာအကြောင်းအရာမှ ရေရေလည်လည် တိတိကျကျမပြော၍ အူလည်လည်ဖြစ်နေရ၏။

ဖြစ်နိုင်တာကတော့ ဇွန်ပွင့် ရန်ကုန်မှာ ရှိနေသည်။ ဘာဘတို့အိမ်မှာရှိနေသည်ဆိုတာ ဒက်ဒီသိသွား၍ ပြန်ခေါ်ခြင်းမျိုးဖြစ်နိုင်သည်မို့....

"ဟိုရောက်ရင် ဘယ်လိုပြဿနာတွေ ထပ်ရှင်းနေရဦးမလဲ မသိဘူး၊ ထွန်းကျော်နဲ့ လက်ထပ်ပေးဖို့ ပြန်ခေါ်တာဆို

www.burmeseclassic.com

www.burmeseclassic.com



ရင်ခုတော့ ယူကိုမယူဘူး+ ငါမှာ ချစ်သူရှိတယ်လို့ ပြောပစ်မယ်''

ကိုယ့်အတွေးနှင့်ကိုယ် ဒက်ဒီ့ကို ရင်ဆိုင်ဖို့ အားမွေးရင်း ဟိုးရောက်လျှင်ပြောရမည့်စကားများကို စီစဉ်နေမိလေ၏။

ချစ်သူဆိုလို့ရုတ်တရက်အရေးပေါ်ကြီး ကောက်လာရခြင်းဖြစ်သဖြင့် လိုက်မလာနိုင်ဘဲ မှန်ကူနဲ့မှကျန်ရစ်ခဲ့သော ကိုကို့မျက်နှာကိုလည်း ဖျတ်ခနဲမြင်ယောင်လာ၏။

မာမီ့ မကြာခဏပြောတတ်လေသော ဇွန်ပွင့် အတွက် မာမီရည်ရွယ်ထားသူဆိုတာ လက်စသတ်တော့ ကိုကိုပေပဲလေ။

သည်လို တွေးမိတော့ ဘာရယ်မဟုတ်။ ရှက်စိတ်နှင့်အတူ ရင်ခုန်သံ မြန်ချင်သလိုလိုဖြစ်လာရ၍တစ်ကိုယ်တည်း ပြုံးမိလေသည်။

အချစ်စိတ်ကြောင့် အားအင်သတ္တိတွေကလည်း ထလိုလို ပြည့်ဝလာသလိုပါပဲ။

'အချစ်သည် ဘာ၏ဆားပင်ဖြစ်သည်' ဆိုသည့် ဂျွန်ရှိဖီးလဒ်၏စကားနှင့်'အချစ်ရှိလျှင် လိုသည့်အရာဟူ၍ မရှိတော့'ဆိုသည့်ရစ်ချတ်ပရမ်း၏ စကားတို့ကလည်း မှန်ကန်လွန်းလှစွ။

မညာဘမ်း၊ မရှက်တမ်း ဝန်ခံရပါလျှင် ဇွန်ပွင့် က ကိုကို့ကို အကြွင်းမဲ့ ချစ်ခင်မိပေပြီ။



ဘဘက စာအုပ်တစ်အုပ်ကို အာဖတ်ပြုထားသဖြင့်၊ တစ်လမ်းလုံး အားတူးအိမ်မှာသော နစ်မျောလာသော ဇွန်ပွင့်ဦးတစ်ယောက် မိမိခြောက်လနီးပါး ခွဲခွာခဲ့ရသော သီတာဂူစံအိမ်ကို ပြန်ရောက်လာမှ ကလေးတစ်ယောက်လို သွက်သွက်လက်လက် မြူးမြူးကြွကြွ ပြန်ဖြစ်လာသည်။

ဒါပေမယ့်လည်း ရယ်မောပြုံးရွှင်ချိန် က မိနစ်ပိုင်းပင်ကြာမည်မထင်လိုက်။ အိမ်ထဲရောက်လို့မှ မကြာသေး။

ရယ်ရယ်မောမော ပြုံးပြုံးရွှင်ရွှင် အနေအထားဖြင့် ဆီးကြိုနေမည်ထင်သော ဖခင်ဖြစ်သူက သက်မဲ့အနေထားဖြင့် ဆီးကြိုနေတာတွေ့လိုက်ရသဖြင့်....

''ဟင်....ဒက်ဒီ''

ဇွန်ပွင့်တစ်ကိုယ်လုံး နက်ရှိုင်းလွန်းလှသည့် ချောက်ကမ်းပါးမှ လျောကျ ပြုဆင်းသွားရသလို ဆောက်တည်ရာမရ ချာချာလည်သွားရလေ၏။

''ဒက်ဒီရယ်....''

ဆို့နင့်လာသော ဝမ်းနည်းစိတ်နှင့်အတူ ဖခင်ဖြစ်သူ၏ ခြေအောက်ပေါ် မျက်နှာအပ်ရင်း သတိလက်လွှတ် ဖြစ်သွားရ၍လည်း တစ်ပူပေါ် နှစ်ပူဆင့်ဆိုသလို အားလုံး ပျာယာခတ်သွားရ ပြန်လေသည်။

''ဇွန်ရယ်....သမီးရယ်၊ သမီးစိတ်ကိုလျှော့လိုက်စမ်း၊ ငိုချင်ရင် ငိုချပစ်လိုက်လေ''

www.burmeseclassic.com

www.burmeseclassic.com

"သမီးငိုချင်ရင် ငိုပစ်လိုက်ပါလား၊ နှုတ်ခမ်း ကိုက် မထားနဲ့လေ၊ စိတ်ကိုတင်းမထားနဲ့"

"သမီးလေး....သတိထားလေ"

အသံတွေ ဝေးသွားလိုက်၊ နီးလာလိုက်ဖြင့် ဇွန်ပွင့် အနီးနားတွင် ဝဲပျံနေသော်လည်း ဇွန်ပွင့်ဘယ်သူ့ကိုမှ ဂရုမစိုက်အား။

ဝိုင်းဝန်း ထိန်းချုပ်ထားသည့် ကြားမှ ဒက်ဒီ့ဆီ ရောက်အောင် အားခဲသွားမိသည်။

ခါတိုင်း မျက်ရည်လွယ်လွန်းသလောက် ရုတ်တရက် ဖြုန်းစားကြီး ဒက်ဒီ့ကို သည်လိုပုံစံမျိုးနှင့် ရင်ဆိုင် တွေ့လာရသည့် အခါကျတော့ ရင်ထဲမှာ အဆမတန် ပူလောင်လွန်း အားကြီး၍လားမသိ။

မျက်ရည်ကမကျ။ မျက်ရည်စတွေ ခန်းခြောက်နေ သလို ခံစားရလေသည်။

ရင်ထဲမှာ တင်းကျပ်နေ၍လည်း နှုတ်ခမ်းကိုသာ တင်း ကျပ်စွာကိုက်ရင်း ဒက်ဒီ၏ သက်မဲ့ခန္ဓာကိုယ်ကို မမှိတ် မသုန် ငေးစိုက်ကြည့်မိသည်။

ဘဘဦးဖေသက်၊ ဘလူနှင့် မေနန်းတို့၏ ဖျောင်းဖျ စကား နှစ်သိမ့်စကားများကိုလည်း ကြားတစ်ချက် မကြားတစ်ချက်။

ဇွန်ပွင့်ရင်ထဲမှာ စွဲနေအောင် သိနားလည်နေတာက တစ်ခုပဲရှိသည်။



လောကအလယ်မှာ တစ်ကောင်ကြွက် တစ်မျက်နှာ အဖြစ် ဇွန်ပွင့်တစ်ယောက်တည်းကို ဒက်ဒီ စိတ်ချလက်ချ ထားပစ်ခဲ့ပြီ။ မာမီ့နည်းတူ ဒက်ဒီ့ကိုလည်း ဇွန်ပွင့် အပြီးအပိုင် ဆုံးရှုံးလက်လွှတ်ရပြီဟူ၍ပါတည်း။

လောကကြီးထဲမှာ ဇွန်ပွင့်လောက်၊ ကံဆိုးသူတွေ ရှိနိုင် ပါဦးမည်လားမသိ။

"ဒက်ဒီရယ်....၊ ဒက်ဒီ့သမီး ဇွန်ပွင့် ဒက်ဒီ့ဆီကို ပြန်ရောက်လာပြီလေ၊ သမီးကို ဇွန်ပွင့်လို့ မခေါ်တော့ ဘူးလား၊ ဇွန်ပွင့်လို့ မခေါ်နိုင်တော့ဘူးလား ဒက်ဒီ ရယ်....

"ငါ့သမီးလေးကို ဟောဒီလက်နဲ့ ရိုက်မိလို့ ငါ အသုံးမကျလို့ ငါ့သမီးလေး အိမ်က ထွက်သွားရတာ ငါ့ကိုယ်ငါ စိတ်နာတယ်လို့ ပြောတယ်ဆို၊ ဇွန်ပွင့် မနာ ပါဘူး ဒက်ဒီရယ်၊ ဇွန်ပွင့် မနာပါဘူး၊ ဒက်ဒီ့ကို စိတ်ညစ်အောင် လုပ်ခဲ့မိတဲ့ ဇွန်ပွင့်ကို ဟောဒီ လက်နဲ့ ရိုက်ဆုံးမပါဦးလား"

ဖခင်ဖြစ်သူ၏ လက်ကိုဆွဲယူ၍ ရင်မှာအပ်လိုက် ပါးမှာ အပ်လိုက်နှင့် အရူးတစ်ယောက်လို ဆောက်တည်ရာမရ ဖြစ်နေသော ဇွန်ပွင့်ဦး တစ်ယောက်။

မျက်ရည် တွေတွေကျကာ စိတ်လျော့လိုက်ချိန်တွင် အရုပ်ကြိုးပြတ်သလို သတိလက်လွတ် ဖြစ်သွားရပြန်သဖြင့် ဖခင်ဖြစ်သူ၏ နောက်ဆုံးခရီးကိုပင် လိုက်ပါပို့ဆောင်ခွင့် မရလိုက်။

www.burmeseclassic.com



ယောကျ်ားသား နှစ်ဦးဖြစ်သော ဦးဖေသက်နှင့် ဦးစိုင်းလူတို့ အား၏ အရာရာ တာဝန်ယူဆောင်ရွက်ပေး၍ သာ၊ တော်တော့သည်။

ဇွန်ပွင့် အလိုအားဖြင့်ဆိုလျှင် ပြောသည့်အရာကိစ္စမှ ပြီးမြောက်စေတော့မည် မဟုတ်ပါ။

ဒေါ်နန်းမြခမျာလည်း ဇွန်ပွင့် နည်းတူ ငိုရလွန်းသဖြင့် မျက်ခွံများ မို့ဖောင်ကျိန်းစပ်နေ၏။

ပျော်စရာ အချိန်ဆောက်ပြီဟု ဒေါ်တူးထင် ကြည်နူးကာ ဝမ်းမြောက် ဝမ်းသာ ဖြစ်နေချိန်ကျမှ မမျှော်လင့်ပါဘဲနှင့် ရုတ်တရက် တွေ့ကြုံ ရင်ဆိုင်လိုက်ရသော ကံကြမ္မာအလှည့်အပြောင်းကြောင့် အပူမီး တောက်လောင် ကျန်ရစ်ခဲ့သော သမီးငယ် ဇွန်ပွင့်ဦးကိုလည်း သနားကရုဏာသက်၍မဆုံး။

ထမင်းမစား ဟင်းမစား တငိုတည်း ငိုနေ၍လည်း စိတ်ထိခိုက်ရသည်။

အခုလည်း ထမင်း လုံးဝ မစားချင်ဟု ဘူးခံနေသဖြင့်....

"သမီးရယ်....မေနန်းကို ကြီးတောင့် ကြီးမားကျမှ စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့လား၊ ဒီထမင်းလေး ကုန်အောင်တော့ စားလိုက်ပါ၊ မေနန်း ခွံ့ကျွေးမယ်လေနော်....

"သမီးက လိမ္မာပါတယ်ကွယ်၊ မေနန်းစကားကို နားထောင်စမ်းပါ! ကိုယ့်ကိုယ်ကို ဆင်းရဲပင်ပန်းအောင်



ညှဉ်းဆဲတဲ့ အပြုအမူကို ဗုဒ္ဓဘုရားရှင်လဲ မကြိုက်ဘူး၊ ဗုဒ္ဓတရားတော်နဲ့လဲ မညီဘူး သမီး"

ဒေါ်နန်းမြခမျာ ဇွန်ပွင့် ထမင်းစားအောင် နည်းအမျိုးမျိုးနှင့် ချော့မော့ကျွေးနေရှာ၏။

ဒါပေမယ့်လည်း အချည်းနှီးဟု ဆိုရပေမည်။

"ဇွန်ပွင့် မစားချင်ဘူး မေနန်းရယ်၊ ဇွန်ပွင့် ဘာမှ မစားချင်ဘူး၊ ဇွန်ပွင့် ငိုချင်တယ်"

ဇွန်ပွင့်က ဝမ်းနည်းပက်လက် ငိုကြွေး နေပြန်သဖြင့် ဒေါ်နန်းမြပါ ရောယောင် မျက်ရည်ဝဲပြီး စိတ်ညစ်သွားရ၏။

ကြံရာမရ ဖြစ်နေ၍လည်း ခေါင်းကို အတွင်းကုတ်နေမိဆဲ၊ အခန်းဝတွင် လူရိပ်ဆင်လာ၍ လှည့်အကြည့်....

"ဟင်...."

အခန်းဝတွင် အနုလေးဘင်မှ ရန်ကုန်က ရောက်လာသော ဒေါက်တာခနေမျိုးကို တွေ့လိုက်ရသဖြင့် ဒေါ်နန်းမြ အားတက်သွားရသလို ဝမ်းသာ အားရလေး ဖြစ်သွားလေသည်။

ခရီးဆောက်ဆိုက်ကြီး ဖြစ်ပေမယ့် ဇွန်ပွင့်ကို ချော့နိုင်မည့်သူ၊ သည်တစ်ဦးသာ ရှိတော့သည် ဆိုသည့် အသိကြောင့် အားနာချကောင်းမှန်း မသိတော့။

အိပ်ရာပေါ် မှောက်အိပ်ကာ ခေါင်းအုံးနှင့် မျက်နှာအပ်ပြီး ငိုကြွေးမဆုံး ဖြစ်နေသော ဇွန်ပွင့်ကို၊ မင်းချော့ပါဦးဟုဆိုသည့် သဘောနှင့် မေးငေါ့ပြလိုက်ပြီး၊ နေမျိုး

www.burmeseclassic.com



ခေါင်းဆတ်ပြသည်နှင့် အခန်းထဲမှ စိတ်ချလက်ချ လှည့်ထွက်သွားလေတော့၏။

နေမျိုးဆိုတာ သိတဂူအတွက် ဒေါ်နန်းမြတို့အတွက် လူစိမ်းမှ မဟုတ်တော့ပြီဘဲလေ။

နေမျိုးသည် ဒေါ်နန်းမြ အခန်းပြင် ထွက်သွားလေမှ ရက်ပိုင်းအတွင်း သိသာစွာ ပိန်ကျသွားလောက်အောင် သောကမီး တောက်လောင်နေသော ဇွန်ပွင့်ဦးကို ကြင်နာစွာ ငေးစိုက်ကြည့်ရင်း တိုးရှိုက်စွာ ခေါ်မိလေ၏။

“ချာတိတ်”

“ဟင်”

ရင်းနှီးယဉ်ပါးလွန်းသော နေမျိုးအသံကြောင့်လား မသိပါ။ မျက်ရည်များဖြင့် ဇွန်ပွင့် မျက်နှာလေး ဖျတ်ခနဲ မော့လာပြီး သိပ်မကြာလိုက်။

“ကိုကိုရယ်”

ဘာကိုမှ မစဉ်းစားနိုင်တော့ဘဲ ဇွန်ပွင့် ကိုယ်လေး နေမျိုး ရင်ခွင်ထဲသို့ ပြေးဝင် ရောက်ရှိလာလေသည်။

အားကိုးရာမဲ့နေသော ကလေးတစ်ယောက်၊ အားကိုးတကြီး ပြေးဝင်မှီခိုလာသည့် ပုံစံမျိုးပါတည်း။

နေမျိုးကို အားကိုးတကြီး ဖက်တွယ်၍ အားပါးတရ ငိုရှိုက်နေပြန်၍လည်း ဇွန်ပွင့်ကိုယ်လေးကိုဖေးမကာ၊ အိပ်ရာပေါ် ပြန်ထိုင်စေပြီး နေမျိုးယုယစွာ ချော့မော့ နှစ်သိမ့်မိသည်။



“ချာတိတ်ရယ် အဝေးကြီးက၊ လိုက်လာရတဲ့ ကိုကို့ကို စိတ်မကောင်းဖြစ်အောင် ဒီပုံစံနဲ့ ဆီးမကြိုပါနဲ့လားကွာ၊ ချာတိတ်က ဒီလိုကြီး ငိုနေတော့ ကိုကို ဘယ်လိုနေရတော့မလဲ၊ ကိုကိုတို့ အေးအေး ဆေးဆေး စကား ပြောရအောင်လေနော်....

“ကိုကို မျက်ရည်တွေ သုတ်ပေးမယ်၊ မငိုနဲ့တော့ ဟုတ်လား၊ ကြည့်စမ်းပါဦး၊ ရက်ပိုင်းအတွင်း ချာတိတ် ပိန်သွားလိုက်တာ၊ တကယ့်ကို သိသိသာသာပဲ....

“ဟာကွာ ဒီမျက်ရည်တွေက ဘာလို့ ကျလာရပြန်တာလဲ”

နေမျိုး ဇွန်ပွင့်မျက်နှာလေးကို ဆွဲမော့ကာတယုတယ မျက်ရည်သုတ် ပေးနေသည့် ကြားမှပင် မျက်ရည်များ အဆက်မပြတ် စီးဆင်းလာပြန်၍ နေမျိုး ကရုဏာသက်စွာ ဟန့်တားမိတော့ ဇွန်ပွင့်ထံမှ တုန်ယင် တိုးသက်သော အသံလေးများ ထွက်ပေါ်လာလေသည်။

“ဇွန်ပွင့် ငိုပါရစေ ကိုကိုရယ်၊ အားရအောင် ငိုပါရစေ၊ ဇွန်ပွင့်မိုက်လို့ ဒက်ဒီ သေရတာ၊ ဇွန်ပွင့် ဒက်ဒီကို ကျောခိုင်းခဲ့လို့ ဒက်ဒီ သေရတာပါ၊ ဇွန်ပွင့်မဖြေနိုင်ဘူး”

“ဟာကွာ....မဟုတ်တာ”

စကားနောက် တရားပါ ဖြစ်မည်စိုး၍ နေမျိုး ကမန်းကတန်း ကြားဖြတ်ဟန့်တား၏။

“ဘာဖြစ်လို့ အတွေးတစ်ဖက်စွန်း ရောက်ချင်ရတာလဲ ချာတိတ်ရယ်၊ သတ္တဝါတစ်ခု ကံတစ်ခုတဲ့၊ စကားပုံ

www.burmeseclassic.com

www.burmeseclassic.com



တောင် ရှိနေသေးတယ်၊ လူတိုင်းကိုယ့်ဘဝကို ကိုယ်ပိုင်ဆိုင်ကြတာမှ မဟုတ်ဘဲကွာ၊ ကံစီမံရာအတိုင်း မလွဲမသွေ ကျင်လည်လှုပ်ရှားကြရတာပဲ မဟုတ်လား၊ စိတ်ကိုဖြေပါ။

"ဆန်ကယ်ဆုံးရှုံးတာ သူ့ ကုသိုလ်ကံစားရာရဲ့စီမံဖန်တီးမှုကြောင့် ဆုံးရတာပါ၊ ချာတိတ်နဲ့မဆိုင်ပါဘူး၊ ချာတိတ်ကြောင့် သေရတာ မဟုတ်ပါဘူးကွာ၊ အတွေးအမြင်မှားတွေနဲ့ ကိုယ့်စိတ် ကိုယ် မညည်းဆဲချင်စမ်းပါနဲ့၊ ဒဏ်မခတ်ချင်စမ်းပါနဲ့၊ ဟုတ်လား....

"ကိုကိုလဲ ချာထိတ်တို့သွားပြီးနောက် ဆက်တိုက်လိုက်လာဖို့ပဲ ကွစီစဉ်ခဲ့ရောကိစ္စလေးတွေရှိနေသေးလို့နည်းနည်းနောက်ကျသွားတာ၊ မေခင်လဲ လိုက်ချင်နေတာတစ်ပိုင်းသေလုပဲ၊ သူ့ကျောင်းက စာမေးပွဲနဲ့တိုက်နေလို့ ကျန်ရစ်ခဲ့တာ"

ရောက်ကတည်းက ကိုယ်ရေးကိုယ်တာအကြောင်းအရာများကိုပါ နေမျိုးက စီစဉ်ကာ ပြောပြနေသဖြင့် ဇွန်ပွင့်စိတ်ပြောင်းသွားပြန် တူ၏။

စောစောကလို ရှိုက်ကြီး တငင်ငိုကြွေးနေခြင်းမရှိတော့။ နေမျိုးပြောသမျှကိုသာ မျက်နှာနှမ်းနှမ်းလေးနှင့် ငေးကြည့်ကာ နားထောင်နေဆဲ....

"မောင်မျိုးရေ... မေနန်း ထမင်းပွဲပြင်ပြီးပြီ"

"မစိမ်း... ဒြန်းရော တစ်ခါတည်း ပြောဘိုက်နော်၊ နောက်ပြောင်းတည်းက ဒီကလေးမ ဘာဆိုတာမှ



မစားရသေးဘူး၊ မဆာဘူးပဲ လုပ်နေတာ၊ မောင်မျိုး ကြည့်ပြောပါဦးကွယ်"

မေနန်းက နေမျိုးကို ထမင်းစား လာခေါ်ရင်းမှ တစ်ခါတည်း ဇွန်ပွင့်ကိုပါ အားမလိုအားမရ စကားဆိုသွား၍ နေမျိုး နာရီငုံ့ကြည့်ရင်း မျက်နှာချက်ချင်းမှုန်တေသွားလေ၏။

"ကြည့်စမ်း... ချာတိတ် ထမင်း မစားရသေးဘူး ဟုတ်လား၊ ဘယ်အချိန်ရှိပြီလဲ၊ ဒီမှာ ကြည့်ပါဦး၊ ညနေ သုံးနာရီ ထိုးတော့မယ်၊ ဒီလောက်တောင် ပေတေရသလားကွာ"

"ဟို...ဟို ဇွန်ပွင့် မဆာလို့ မစားတာပါကိုကို"

ဇွန်ပွင့် စောဒကတက်ပေမယ့် အချည်းနှီးပင်။

နေမျိုးက နေရာမှ ထရပ်ရင်း ဇွန်ပွင့်ကိုယ်လေးကိုပါ တစ်ဆက်တည်း ဆွဲယူလိုက်၍ ခပ်တည်တည် စကားဆိုလာ၏။

"ဆာဆာ မဆာဆာ ထမင်းစားချိန် ထမင်းစားရမှာပေါ့ကွ၊ ကဲ....လာ ကိုကိုလဲ ထမင်းမစားရသေးဘူး၊ ထမင်း အတူတူစားကြမယ်၊ ဟုတ်လား"

ဇွန်ပွင့် လက်ကလေးကိုပါ မလွှတ်တမ်းဆွဲခေါ်ရင်း ထမင်းစားခန်းဆီသို့ဦးတည်လိုက်သဖြင့် ဇွန်ပွင့်ပါနေသာ တော့။

www.burmeseclassic.com

www.burmeseclassic.com



''ဟာ....ကိုကိုကလဲ''

''ဘာ....ကိုကိုကလဲ....လဲ၊ စိတ်မရှည်အောင် မလုပ်နဲ့နော်၊ ကိုကို ထမင်းမစားရသေးဘူးကွ၊ ဆာလှပြီ၊ ဒါတောင် မနက်က ထမင်းတစ်ထုပ် စားထားပြီးသား၊ ချာတိတ်ဆို ပိုဆာမှာပေါ့''

ပြောရင်း ဇွတ်ဆွဲခေါ်နေသောကိုကို့လက်ထဲမှ ရုန်းမရတော့သဖြင့် ထမင်းစားခန်းထဲအထိ ဇွန်ပွင့်ကန့်လန့်ကန့်လန့်နှင့် ပါလာရတော့သည်။

မေနန်း မျက်နှာမှာလည်း အံ့အားသင့်ကျေနပ်ပီတိဖြစ်ဟန် လွှမ်းနေ၍ ကိုကိုက လှမ်းမေးအော်သည်။

''မေနန်းရေ.... ကျွန်တော်တို့ အဘလူတို့ အန်ကယ်တို့နဲ့ ရောမစားဘူး၊ နှစ်ယောက်တည်းပဲ သက်သက်စားမယ်၊ ချာတိတ်နဲ့ ကျွန်တော့်အတွက် သီးသန့် ထမင်းပြင်ပေးနော်''

''ကောင်းပါပြီတော်....စိတ်ချ စိတ်ချ''

''ပြောစကားနားမထောင်တဲ့လူကို ထမင်းကျွေးချင်ရင် ရိုက်ကျွေးလို့လဲရတာယ်မဟုတ်လားမေနန်း၊ စိတ်မရှည်ဖြစ်လာရင် ရိုက်ခွင့်ရှိတယ်နော်''

''ဟုတ်ပါတော်... ဟုတ်ပါ့ ဟုတ်ပါ့''

စသလိုဆိုနေ၍လည်း အတိုင်အဖောက်ညီနေသူနှစ်ဦးကို ကြည့်ကာ ဇွန်ပွင့်စိတ်မဆိုးသာတော့။



ဇွန်ပွင့်ကို မျက်နှာရွှင်လာအောင် ကြံဖန်စနေသော ကိုကို့နှင့် မေနန်းကိုသာ ငေးကြည့်မိတော့၏။

လောကကြီး အလယ်မှာ တစ်ဦးတည်း မျက်နှာငယ်နှင့်ကျန်ရစ်ခဲ့ရသည်ဆိုးပေမယ့် ကြင်နာတတ်သောမေနန်းနှင့် ကိုကိုအနားမှာရှိနေသော ဇွန်ပွင့်အတွက် တစ်အားတက်စေသလိုပါပဲလေ။

ယစ်အားတက်စေသလိုပါပဲ။

ဇွန်ပွင့်အပေါ် ထားရှိသော မေတ္တာစေတနာနက်ရှိုင်းမှုကိုလည်း အံ့မှုပို၍နားသည် သဘောပေါက်မိ၏။

ယမ္ဘာပေါ်တွင် ဇွန်ပွင့်ကို အချစ်ဆုံးဟု ထင်မြင်ယူဆထားသော လူသားတွေအများထဲတွင် မေနန်းနှင့်ကိုကိုလည်း ရှေ့ဆုံးမှပါဝင်နေသည်ပဲ မဟုတ်ပါလား။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃၀ )

ဒက်ဒီ ဆုံးပြီး လပိုင်းမျှအတွင်းမှာပင် မေမေကြီး၊ ဘဘဦးဖေသက်နှင့် အန်တီမိုနာ၊ ဘလူနှင့် မေနန်းတို့၏ ဇွတ်တိုက်တွန်းမှု၊ ကိုကို၏ ဇွတ်အတင်း အရေးဆိုမှုတို့ကြောင့် ဇွန်ပွင့် ကိုကို့ကို လက်ထပ်လိုက်ရ၏။

လူကြီးများ၏ အစီအမံမို့ ဘယ်လိုမှ ငြင်းဆန်၍မရ။

ဘလူနှင့် မေနန်းရော ဘဘဦးဖေသက်ကိုပါ လူကြီးတွေ အားလုံးကျေနပ်မဆုံး ရှိနေချိန်တွင် ဇွန်ပွင့်မျက်နှာလေးကတော့ ညှိုးယောင်ယောင် ဖြစ်နေ၍လား မသိ။ သတိထားမိသော နေမျိုးက ဇွန်ပွင့် ကိုယ်လေးကို ယုယစွာ ထွေးပွေ့ရင်း မချင့်မရဲ စကားဆိုလေသည်။



"ကိုကိုနဲ့ လက်ထပ်ရတာ မပျော်ဘူးလား ချာတိတ်ရယ်၊ မျက်နှာကလဲ ညှိုးလိုက်တာ"

"ဇွန်ပွင့် ဒက်ဒီနဲ့ မာမီကို သတိရလို့ပါ ကိုကိုရယ်"

ဇွန်ပွင့်၏ တိုးသက်စွာ ဆိုမိသော စကားကြောင့် နေမျိုးက သက်ပြင်းချ၏။

"ဟွင်း....ချာတိတ်ကလွာ၊ ဒါကိုချည်းပဲ ခဏ ခဏ တွေးနေတော့တာကိုး"

"ဒက်ဒီနဲ့ မာမီ့ကို ဇွန်ပွင့် မင်္ဂလာပွဲမှာ တူယှဉ်တွဲကန်တော့ခွင့်ရရင် ကောင်းမှာပဲလို့ တွေးမိလို့ပါ ကိုကိုရယ်၊ ဇွန်ပွင့် မင်္ဂလာပွဲမှာ ဒက်ဒီနဲ့ မာမီ ရှိမနေနိုင်တာ ဝမ်းနည်းလို့ပါ"

"လူတိုင်း ကံစီမံရာကို လိုက်နာကြရတယ်လို့ ကိုကိုပြောပြီးပြီပဲ ချာတိတ်ရာ၊ ချာတိတ် ဒက်ဒီနဲ့ မာမီအတွက် ကုသိုလ်ကောင်းမှု ပြုလုပ်ပေးရင်းနဲ့ပဲ စိတ်ဖြေသိမ့်ကြရအောင်ပါ၊ ဒီနေ့ ကိုကိုတို့ ပြုသမျှ ကုသိုလ်ဒါနတွေအတွက် ချာတိတ် မိဘနှစ်ပါးလုံးရော၊ ကိုကို့ ဖေဖေရော တမလွန်က သာဓု ခေါ်နိုင်ကြပါလိမ့်မယ်....

"ကဲ....လာ၊ အပြင်ဘက်မှာ ဧည့်သည်တွေ အားလုံးရောက်နေပြီ၊ အထဲဝင်ကြစို့၊ ဟုတ်လား"

ပြောရင်းမှ နေမျိုးကဆွဲယူလိုက်သဖြင့် ဇွန်ပွင့်ခေါင်းညိတ်ရင်း နေရာမှ ထလိုက်ရသည်။ ခြံထဲမှာ ဆိုကယ်ပဲ အေးစိမ့်စ ပြုနေပေပြီ။

www.burmeseclassic.com



အခန်းထဲရောက်တော့ နေမျိုးက ဘာစိတ်ကူးပေါက်သွားသည်မသိ။ ကောက်ကာငင်ကာ ပဒေဟဠိ စကားတစ်ခွန်း ဆိုလာ၏။

"ဟိုး....လွန်ခဲ့တဲ့ တစ်နှစ်ခွဲလောက်ကတည်းက ကိုကို့ဆီမှာ အမြတ်တနိုး သိမ်းဆည်းထားဖို့ ပစ္စည်းတစ်ခုကို အန်တီစော လက်ဆောင်ပေးခဲ့တယ်ဆိုရင် ချာတိတ် ယုံပါ့မလား ဟင်"

"မာမီပေးခဲ့တာ ဟုတ်လား"

ဇွန်ပွင့် နားမလည်သလို ပြန်မေးမိတော့ နေမျိုးက ခေါင်းညိတ်၏။

"ဟုတ်တယ်... အန်တီစောကိုယ်တိုင် ပေးခဲ့တာ၊ အဲဒါ ဘာပစ္စည်းလဲ ချာတိတ်သိလား"

"အာ....ကိုကိုကလဲ၊ ကိုကို့ကို ပေးခဲ့တဲ့ ပစ္စည်းပဲဥစ္စာ ဇွန်ပွင့်က သိပါ့မလားလို့"

"သိရမှာပေါ့ကွ၊ အဲဒီ ပစ္စည်းမှာ နာမည်ရှိတာပဲဥစ္စာ"

"ဟင့်အင်း... မသိပါဘူး"

"မသိရင် မှတ်ထား၊ အဲဒီပစ္စည်းရဲ့ နာမည်က ဇွန်ပွင့်ဦးတဲ့"

"ဟာ...ကိုကိုနော် လူလည်၊ ဒီက အကောင်းမှတ်လို့ နားထောင်နေတာကို"



ကျောချမ်း ခေါ်မာမီ ဖန်တီးပေးခဲ့တဲ့ အကြင်နာ ရပ်ခုန် အောင်ဟစ်သေသမီးရဲ့ဘဝလေး ထာဝရပျော်ရွှင်ချမ်း "ဝ ကယ်ခုနားနိုင်ပါစေကွယ်။

ပါဘူး၊ မ [illegible]

စာတ [illegible] သမီးချစ်တဲ့

လည်း၊ ဇ [illegible] မာမီ စောခင်သွဲ

"ဟင်....ဒါ....ဒ [illegible]

ယူကြည့်တုန်းက [illegible] ရယ်မှဟုတ်၏။ ပေါ့ပေါ့ဆန်ဆန် သဘောမျိုးနှင့် ပ[illegible]ကြည့်လိုက်မိခြင်း ဖြစ်ပေမယ့် တကယ် တမ်းမိခင် ဖြစ်သူ၏ လက်ရေး အစစ်အမှန် ဖြစ်နေတာ တွေ့ရတော့ အံ့ဩစိတ်ကြောင့် ဇွန်ပွင့် မျက်လုံးလေးများ ဝိုင်းဝိုင်းလည်သွားရလေ၏။

စာကိုလည်း အလျင်စလို စိတ်ဝင်စားမှု ပြင်းထန်စွာ ဖတ်ကြည့်မိသည်။

ချစ်သမီး....ဇွန်ပွင့်

သမီး ဒီစာကို ဖတ်ရှုနေရတဲ့ အချိန်ဟာ မာမီ တမလွန်ဘဝကို ရောက်ရှိပြီးချိန် ဖြစ်နေပါလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ မာမီ မသေသေးရင် သမီးလေး ဒီစာကို ဖတ်ခွင့်ရမှာ မဟုတ်လို့ပါပဲ သမီးရယ်၊ အခုတော့ စကား အချေအတင် ဆိုခွင့်မရတော့တဲ့ သမီးလေးကို မာမီ ဒီစာနဲ့ပဲ ပြောဆိုဆုံးမခဲ့ပါရစေ။

www.burmeseclassic.com



အခန်းထဲရောက်တော့ နေမျိုးက ချိန်လောက်ဆိုရင် သွားသည်မသိ။ ကောက်ကောင်းကာ ပါပြုပြီးလောက် ဗိုတ်ဒုက္ခ မခံ တစ်ခွန်း ဆိုလာ၏။

"ဟိုး....လွန်ခဲ့တဲ့ တစ်နှစ်လောက်ကတည်းက အသိ ဆီမှာ အမြတ်တနိုး သိမ်းဆည်းထားဖို့ ပစ္စည်းမရှိတော့ [illegible] လက်ဆောင်ပေးခဲ့တယ် [illegible]ကို [illegible]အကာလုံး ထိန်းသိမ်း [illegible]စောင့်ရှောက်သွားဖို့ မောင်မျိုးနဲ့ [illegible] ကြီးကို အပ်နှံခဲ့ပါတယ်၊ မောင်မျိုးနဲ့ လက်ထပ်ပါ သမီးငယ်။

မောင်မျိုးဟာ မာမီ့ကိုယ်တိုင် သမီးနဲ့ လက်ထပ်ပေးဖို့ ရွေးချယ် သဘောတူထားခဲ့တဲ့ သူပါ၊ သမီးလေးကို ကြင်ကြင်နာနာ စောင့်ရှောက်ပါလိမ့်မယ်၊ အစစ လိမ္မာရစ်ပါ သမီးရယ်၊ လင်ယောကျ်ားကို ရိုသေမြတ်နိုးတဲ့ လိမ္မာယဉ်ကျေးတဲ့ ဇနီးကောင်းတစ်ယောက်အဖြစ် သမီးကို မာမီ မြင်ပါရစေ။ မာမီမြင်ခွင့် မရသည့်တိုင် မာမီရဲ့ ဆုံးမစကားကို သမီးလေး တစ်သဝေမတိမ်းနားထောင်တယ်လို့ မာမီ ယုံကြည်သွားပါရစေ။

မာမီ မေတ္တာနဲ့ဆင်းပေးလို့ ခြောက်သေ့နေရတဲ့ သမီးဘဝလေး မောင်မျိုးရဲ့ မေတ္တာရိပ်မှာ ပြန်လည်လန်းဆန်းနိုင်ပါစေလို့၊ မာမီ ဆုတောင်းပေးခဲ့တယ်၊ မာမီ ဖန်တီးပေးခဲ့တဲ့ အကြင်နာ ရိပ်ဝန်းမှာပဲ သမီးရဲ့ဘဝလေး ထာဝရပျော်ရွှင်ချမ်းမြေ့စွာခိုနားနိုင်ပါစေကွယ်။



သမီးချစ်တဲ့

မာမီ စာခင်သွဲ့

စာဖတ်လို့ ဆုံးသွားတော့ ဇွန်ပွင့် မျက်ဝန်းအိမ်မှာ မျက်ရည်စများဖြင့် ရွှဲနစ်နေလေသည်မို့....

"ဘာဖြစ်လို့ငိုရတာလဲ ချောတီတ်ရယ်၊ မင်္ဂလာဦးနေ့မှာ မငိုကောင်းဘူးလေကွာ၊ အန်တီစာနဲ့ အနှံကယ်မရှိတော့ပေမယ့် ချောတီတ်ကို တစ်သက်လုံးချစ်ခင်ယုယသွားမယ့် ကိုကိုတစ်ယောက်လုံး အနားမှာ ရှိနေပြီပဲဥစ္စာ၊ အားမငယ်နဲ့တော့လေ"

ဇွန်ပွင့်ဦးအရိပ်အကဲကို စောင့်ကြည့်နေသော နေမျိုးက ချော့မော့စကားဆိုရင်းဇွန်ပွင့်ပါးမှ မျက်ရည်စများကို သူ့ပါးနှင့်အပ်ကာ သုတ်ပေးလေသည်။

"ကိုကို့ မိန်းမကတော့ကွာ တကယ့်ကိုစံပဲ၊ မျက်ရည်ထုတ်လုပ်စက်များ ပိုင်ထားလေရော့သလား မသိပါဘူး၊ အငိုမှာတော့ ချန်ပီယံပဲ"

စ၊ သလို ဆိုနေရှာလည်း ဇွန်ပွင့် ရှက်ရှက် နှင့် နေမျိုး ကိုယ်ကြီးကိုတွန်းထုတ်ပစ်လိုက်မိတော့ နေမျိုးကလူ[illegible]၊ ဇွန်ပွင့်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လေးကို လွှတ်မပေးဘဲ တိုးဖက်ကာ ဟက်ဟက်ပက်ပက်ရယ်လေသည်။

"ဘာဖြစ်လို့ အတင်းတွန်းထုတ်နေရတာလဲကွ၊ ကိုယ့်မိန်းမ ကိုင်ဖက်တာပဲဥစ္စာ"

"အာ...ကြည့်ပါလား၊ ကိုကိုနော်...၊ လာပြန်ပြီ၊ မိန်းမ မိန်းမနဲ့ ဘာ့မိန်းမလဲ၊ သိပ် အသားယူတာပဲ"

မျက်စောင်းထိုးမိတော့ ပိုဆိုး၏။

"ဟောဗျာ...ကိုကို့ မိန်းမမို့ မိန်းမလို့ ခေါ်တာ၊ ချာတိတ်က မကြိုက်ပြန်ဘူးလားကွ"

"ဘာ ချာတိတ်လဲ၊ ချာတိတ်လို့ မခေါ်ပါနဲ့"

"ရှော်...ခက်ပါပြီ၊ ချာတိတ်လို့ခေါ်တော့လဲမကြိုက်၊ မိန်းမလို့ခေါ်တော့လဲ မကြိုက်နဲ့၊ ကိုကိုက ဘယ်လိုခေါ်ရမှာလဲကွ၊ ယောကျ်ားရေ... ယောကျ်ားလို့ ခေါ်ရမလား"

သည်လိုကျတော့လည်း ဇွန်ပွင့်ပျော်ရွှင်အောင်နေမျိုးတမင် ပေါက်ကရတွေလျှောက်စနေမှန်းသိလာရသဖြင့် ဇွန်ပွင့် ဟန်မဆောင်နိုင်တော့။

နေမျိုးကို အပြင်းထတ်ကတ်နှင့် မျက်စောင်း ထိုးရင်း နှစ်နှစ်ခြိုက်ခြိုက် ရယ်မိလေတော့သည်။

ညအိပ်ဆောင်ခါနီး၊ အကျင့်လိုဖြစ်နေသည်မို့ ဇွန်ပွင့်ရေချိုးရန်ပြင်ရင်း တစ်ဆက်တည်း ခေါင်းလျှော်ရန် ဆိုင်များတိုပြန်ချလိုက်မိတော့သည်။ နေမျိုးက ကမန်းကတန်း လှမ်းမေးလာ၏။



"ဒါက ဘာလုပ်ဦးမလို့လဲ ချာတိတ်ရယ်၊ ညအိပ်ရာဝင်ခါနီးမှ ခေါင်းလျှော်ဦးမလို့လား"

"ခါတိုင်းလဲ လျှော်နေကျပဲလေ ကိုကိုရဲ့"

"ခါတိုင်း လျှော်နေကျပေမယ့်၊ အခုမလျှော်ပါနဲ့တော့လားကွာ၊ အဲလို ညဉ့်နက်မှ ခေါင်းလျှော်တာကိုကိုမကြိုက်ဘူးကွ၊ ဟိုတစ်ခါတုန်းက ကိုကိုဘယ်လောက်စိတ်ပူရတယ် မှတ်လဲ၊ အရင်တုန်းက မပြောသာလို့သာ ဒီအတိုင်း ကြည့်နေရတာ၊ ဒီတစ်ခါတော့ ကိုကို့စကားနားထောင်နော်"

စိတ်ပူပင်စွာ ဟန့်တားနေရှာ၍ ဇွန်ပွင့် ခေါင်းမလျှော်ဖြစ်တော့။ နေမျိုးအလိုကျ ခေါင်းညှိတ်လိုက်ရ၏။

"အား...မွှေးလိုက်တာကွာ"

ဇွန်ပွင့် ရေချိုးပြီး အခန်းထဲ ပြန်ရောက်လာတော့လည်း၊ နေမျိုးကအနမ်းများဖြင့် ဆီးကြိုထွေးပွေ့လာ၍ ရင်ထဲမှာ ကြည်နူးသလို ဖြစ်ရပြန်သည်။ တကယ် သည်းလွန်းသော ကိုကိုပါတည်း။

ဇွန်ပွင့်ကိုယ်လေးကို ရင်ခွင်ထဲမှ လွှတ်ထွက်သွားမှာ စိုးရိမ်နေသည်လား မပြောတတ်ပါ။

ည...ညဆိုသော အာသိနှင့် နံရံမြုပ်မီးလုံးအပြာရောင်များကြောင့် တစ်ခန်းလုံး ပြာလဲ့လဲ့လေး လင်းနေသော အခန်းကလေးထဲမှာ ကိုကိုနှင့်မိမိ နှစ်ဦးတည်းသာရှိသည် ဆိုသည့် အသိစိတ်ကြောင့် ဇွန်ပွင့်တုန်လှုပ်ချောက်ချားစွာ ငြိမ်တွေနေမိတော့...

www.burmeseclassic.com

www.burmeseclassic.com



"ချာတိတ်"

နေမျိုး၏အသံက တိတ်ဆိတ်ခြင်းကို ဖြိုခွင်း ကာ တိုးတိတ်ညင်သာစွာ ထွက်ပေါ်လာ၏။

"ကိုကို သိပ်ပျော်တာပဲ ချာတိတ်ရယ်၊ တကယ်ပါပဲ၊ ဒီညဟာ ကိုကိုနဲ့ ချာတိတ်ရဲ့ မင်္ဂလာ ဦး ည နော်....၊ အချစ်ကော မပျော်ဘူးလားဟင်"

နေမျိုးမျက်နှာတစ်ခုလုံး ပျော်ရွှင်ကျေနပ်ရိပ်များဖြင့် ပြုံးပန်းဖူးပွင့်နေ၍ ဇွန်ပွင့်မော့မကြည့်ရဲဘဲ ခေါင်းကိုအတွင်ငုံ့ထားမိတော့ နေမျိုးကမချင့်မရဲဖြစ်စွာ မျက်နှာလေးကို ဆွဲမော့ရင်း မျက်ဝန်းများထဲသို့ အဖြေရှာသလို စိုက်ကြည့်လာလေသည်။

မွေးမိုတ်ပစ်လိုက်သော မျက်တောင် တော့များကိုလည်း မထိတထိ နမ်းရှိုက်ရင်း တိုးရှိုက်စွာဆို၏။

"နှုတ်ကမဖြေလဲ ကိုကိုသိနေပါတယ်ကွာ၊ ချာတိတ်မျက်ဝန်းလေးတွေထဲမှာ ကိုကိုအဖြေရှာလို့ တွေ့နေတယ် ချာတိတ်ရဲ့"

"ဘာတဲ့လဲ"

ဇွန်ပွင့် မျက်လုံးလေးတွေ ဖျတ်ခနဲ ပြန်ပွင့်လာတော့ နေမျိုးက ရယ်ရွှင်ရိပ်များဖြင့် စိုက်ကြည့်ကာ ရယ်မော၍ ဖြေလာလေ၏။

"ဇွန်ပွင့်ဦးဆိုတဲ့ ချာတိတ်မလေးရဲ့ ရင်ထဲမှာ ပျော်နေတယ်၊ ကိုကိုဆိုတဲ့ နေမျိုးကိုလဲ ချစ်နေတယ်တဲ့"



"အာ...မဟုတ်တာ၊ ကိုကိုနော်....လူလည်"

"တကယ်ပြောတာ ချာတိတ်ရဲ့၊ ကိုကိုထင်တာ ကိုကိုပြောရတာပဲလေ၊ နို့-မဟုတ်ဘူးလား၊ ချာတိတ် ကိုကိုနဲ့ နေရတာ မပျော်ဘူးလား၊ ကိုကို့ကို မချစ်ဘူးလား ပြော"

"ဟင့်အင်း"

"ဘာဟင့်အင်းလဲ၊ ကောင်မလေးနော်၊ ကိုကို့ကို ဒေါသထွက်အောင် မစနဲ့၊ ဇွန်ပွင့်ဦးဆိုတဲ့ ကောင်မလေး ကိုကို့ကိုချစ်နေမှန်း ဟိုး....အရင်ကတည်းက သိထားတာကွ သိရဲ့လား၊ ကိုကိုလဲ ချာတိတ်ကို ဟိုး....အရင်ကတည်းကချစ်တာ၊ ချစ်တာမှ ဟိုး....ငယ်ငယ်ကျောင်းသူဘဝ မန္တလေးမှာ ခဏလေး မြင်လိုက်ကတည်းက ချစ်တာ"

သည်လိုကျတော့လည်း၊ နေမျိုးစကားသံများကအချစ်သံစဉ်လေးများနှင့်အတူ ရင်ထဲသို့တိုင် စိမ့်ဝင်ပျံ့နှံ့ သွားရ၍ ဇွန်ပွင့် စကား အပိုမဆိုနိုင်တော့။

"ကိုကိုရယ်...."

နွေးထွေးစွာ ကျရောက်လာသော နေမျိုး အချစ်နမ်းများကို ကြည်ဖြူ ကျေနပ်စွာ ခံယူချင်း ကမ်းလင့်သော ရင်ခွင်ထဲသို့ ကြည်နူးစွာ၊ တိုးဝင်မိလေတော့၏။

ရင်ခုန်ခြင်းများနှင့်အတူ အပျော်များစွာက ရင်အနှံ့ ရှိက်ခတ်ပျံ့နှံ့လာသလိုပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းကျတော့ ကိုကို့ အကြင်နာရပ်ဝန်းသည် သာ၊ ဇွန်ပွင့်ဦးအတွက်ထာဝရနားခိုရာ ရပ်ဝန်းပေပဲလေ။

ချစ်ခင်ကြင်နာယုယမှုများ၊ မြတ်နိုးယုယမှုများနှင့် ထုံမွမ်း တန်ဆာ ဆင်ထားအပ်သော ကိုကို့ အကြင်နာရပ်ဝန်းသည်သာဇွန်ပွင့်ဘဝလေး၏အစဉ်ထာဝရနားခိုရာ ရပ်ဝန်းဒေသဖို့၊ ဇွန်ပွင့်ဘဝလေး သက်ဆုံးတိုင် ပျော်ရွှင်ချမ်းမြေ့စွာ နားခိုရပေတော့မည်။

အချစ်ရှိတော့လည်း လောကကြီး တစ်ခုလုံး သာယာနေသလိုပါပဲ။



စာချစ်သူများ မေတ္တာရိပ်မှာ ပျော်ရွှင် ချမ်းမြေ့စွာ နားခိုနိုင်ကြပါစေ။

စာချစ်သောသူ....စာရှုသူတို့
ကောင်းခြင်းမင်္ဂလာ...ပြည့်စုံစွာဖြင့်...
ရွှင်လန်းကြစေ....တောင်းဆုခြွေသည်....
မေတ္တာခိုင်ကျည်....စိတ်ရွှယ်ရည်....
အားလုံးသို့ မေတ္တာရည်လျက်....

နှင်းနွေးလှိုင်

(A)